# မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲ

# အခြေခံအချက်အလက်များကို သုံးသပ်ခြင်း

ရောဘတ်၊ အယ်လ်၊ ဟယ်လ်ဗီ

# On Strategic Nonviolent Conflict:

## Thinking About The Fundamentals

Robert L. Helvey

The Albert Einstein Institution
အယ်လ်ဘတ် အိုင်စတိုင်း အဖွဲ့

Copyright © 2004 by Robert Helvey
မူပိုင်ခွင့်၊ ၂၀၀၄။ ရောဘတ် ဟယ်လ်ဗီ
ဘာသာပြန်ခွင့်အပါအဝင် မူပိုင်ခွင့်ဆိုင်ရာ လုပ်ပိုင်ခွင့်အားလုံးအကြုံးဝင်ပါသည်။
အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။
ပထမအကြိမ် ပုံနှိပ်ခြင်း။ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ
ပြန်လည်သန့်စင်ထားသောစက္ကူဖြင့် ပုံနှိပ်ထားသည်။

ဤစာစောင်ကို
အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးဆိုင်ရာသိပ္ပံ၏ အထောက်အပံ့ဂရန့်
United States Institute of Peace (USIF) Grant
SG-127-025, September 19, 2002
နှင့်အညီ တည်းဖြတ်ပါသည်။

ဤစာစောင်ကို ကွန်နိုင်း ဂရိုက်စ် အထိမ်းအမှတ်ရံပုံငွေအဖွဲ့ (Connie Grice Memorial Funds) ၏
အထောက်အပံ့ဖြင့် ပုံနှိပ်ထုတ်ဝေပါသည်။ ကွန်နိုင်းဂရိုက်စ်သည်
အဲလ်ဘတ်အိုင်းစတိုင်းအသင်း (Albert Einstein Institution) ၏ (၁၉၈၆–၁၉၈၈)
ကာလအတွင်း၊ အမှုဆောင်ဒါရိုက်တာအဖြစ် တာဝန်ယူခဲ့ပါသည်။
သူမသည် သူမ၏ လူမှုအခွင့်အရေးလှုပ်ရှားမှုအတွေ့အကြုံများ၊ ငြိမ်းချမ်း၍တရားမျှတသော
ကမ္ဘာလောကတစ်ခုဖြစ်ပေါ်စေရေးအတွက် နှစ်ပေါင်းများစွာ တစိုက်မတ်မတ်ဆောင်ရွက်မှုများဖြင့် အဖွဲ့အစည်း၏
ပွဲဦးထွက်ကာလတွင် အရေးပါသောအခန်းမှ ပါဝင်ခဲ့သည်။ သူမ၏ဘဝသက်တမ်းသည် တိုတောင်းလွန်းလှသော်လည်း
သူမကိုအမှတ်ရနေသောစိတ်ဖြင့်၊ အဖွဲ့အစည်း၏လုပ်ငန်းကို မိမိတို့က ဆက်လက်အကျိုးပြုနိုင်ကြောင်း သိရလျှင်
သူမအဖို့အလွန်ပင် ဝမ်းမြောက်လိမ့်မည်ကို၊ လုပ်ဖော်ကိုင်ဖက်များဖြစ်သော ကျွန်ုပ်တို့အသိပင်ဖြစ်ပါသည်။
ကွန်နိုင်းဂရိုက်စ်ရံပုံငွေအဖွဲ့ကို သူမ၏ခင်ပွန်းဖြစ်သူ ဝီလျံစပင်ဆာ (William Spencer) နှင့်
သူမ၏ညီမ မာသာဂရိုက်စ် (Martha Grice) တို့က တည်ထောင်ခဲ့ပါသည်။

The Albert Einstein Institution
427 Newbury Street
Boston. MA 02115-1801, USA
Tel: USA +617-247-4882
Fax: USA+ 617-247-4035
E-mail: einstein@igc.org
Web site: www.aeinstein.org

ISBN 1-880813-14-9

“လူမှန်သမျှ အိပ်မက် မက်ဖူးကြသည်။ သို့သော် အိပ်မက် မက်ပုံချင်းတော့ မတူညီကြပါ။ ညအခါ ဖိုးတဝါးစိတ်မှာ အိပ်မက်မက် သူတို့သည် နေ့အခါ၌၊ အိပ်မက်သည် ဘာမျှမဟုတ်တော့မှန်း သိကြရပါသည်။ သို့ရာတွင် နေ့အခါ အိပ်မက်မက်နေသူတို့ သည်ကား အလွန်ကြောက်စရာကောင်းသူများဖြစ်သည်။ အကြောင်းမှာ သူတို့သည် မျက်လုံးဖွင့်လျက်သားဖြင့်၊ သူတို့ အိပ်မက်အတိုင်းဖြစ်အောင် အကောင်အထည်ဖော်ကြသောကြောင့် ဖြစ်သည်။”

တီ၊ အီး၊ လောရင့် (T.E Lawrence )
ဉာဏ်ပညာ၏ထောက်တိုင် (၇) ခု
(Seven Pillars of Wisdom)

“မင်းဆိုးမင်းညစ်ကို အနိုင်ယူရန် နေ့ကာလ၌ အိပ်မက် မက်နေသူများသို့ ရည်ရွယ်ရေးသားပါသည်။”

## မာတိကာ


မိတ်ဆက်နိဒါန်း

အခန်း (၁) နိုင်ငံရေးအာဏာ၏ သဘောတရား

အခန်း (၂) ထောက်တိုင်များ

အခန်း (၃) နာခံမှု

အခန်း (၄) အကြမ်းမဖက်တိုက်ပွဲ၏ လုပ်ကိုင်ပုံအဆင့်များနှင့် နည်းလမ်းများ

အခန်း (၅) ပြဿနာဖြေရှင်းခြင်း

အခန်း (၆) မဟာဗျူဟာမြောက် အကဲဖြတ်တွက်ချက်မှု

အခန်း (၇) စစ်ဆင်ရေး အစီအစဉ်ချရာ၌ ထည့်သွင်းစဉ်းစားရမည့်အချက်များ

အခန်း (၈) စိတ်ဓါတ်စစ်ဆင်ရေး

အခန်း (၉) မဟာဗျူဟာမြောက် စဉ်းစားခြင်း၏ အတွင်းသဘော

အခန်း (၁၀) ကြောက်ရွံ့မှု

အခန်း (၁၁) ခေါင်းဆောင်မှု

အခန်း (၁၂) ရောထွေး ညစ်ညမ်းစေမှုများ

အခန်း (၁၃) ပြင်ပ ပုဂ္ဂိုလ်များကို ဩဇာသက်ရောက်စေခြင်း

အခန်း (၁၄) အကြံပေးဆွေးနွေးမှုများနှင့် သင်တန်းများ

အခြား နောက်ဆုံးစဉ်းစားချက်များ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) အကြမ်းမဖက် လှုပ်ရှားမှုတိုက်ပွဲ၏ အရေးပါသော ဝေါဟာရများ စာရင်း

နောက်ဆက်တွဲ (၂) အကြမ်းမဖက် လှုပ်ရှားမှုတိုက်ပွဲ၏ နည်းနာများ

နောက်ဆက်တွဲ (၃) ဦးစီးအရာရှိများ လေ့လာမှုပုံစံကိုသုံး၍ ပြဿနာဖြေရှင်းနည်း ဥပမာ

နောက်ဆက်တွဲ (၄) မဟာဗျူဟာမြောက် အကဲဖြတ်သုံးသပ်မှု ပြုလုပ်ပြင်ဆင်ရန်အတွက်၊ အကြံပြုလိုသော ပုံစံ

ပုံများ

ပုံ (၁) ကျောက်တိုင်သဖွယ် သန်မာကြံ့ခိုင်သော အာဏာတည်ဆောက်ထားပုံ ပုံစံ

ပုံ (၂) ဗဟုပုံစံ (ပြန့်ကျဲတည်ရှိနေသော) အာဏာ

ပုံ (၃) အာဏာထောက်တိုင်များ

ပုံ (၄) အာဏာထောက်တိုင်များကို တွန်းခြင်းနှင့် ဆွဲခြင်း

ပုံ (၅) သစ္စာခံမှု သဘောသဘာဝပြ စက်ဝိုင်း

ကျမ်းကိုးစာရင်း

## ကျေးဇူးတင်အသိအမှတ်ပြုလွှာ

နိုင်ငံတကာအကြမ်းမဖက် ပဋိပက္ခဖြေရှင်းရေးဌာန (International Center on Nonviolent Conflict) မှ ပီတာ အက်ကာမန်း (Peter Ackerman) နှင့် အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးသိပ္ပံ (United States Institute of Peace) မှ ဟာရီယက် ဟင့်ဂစ် (Harriet Hentges) တို့၏ အလေးအနက်နှင့် တစိုက်မတ်မတ် အားပေး တိုက်တွန်းမှု မရှိခဲ့ပါလျှင်၊ ဤစာအုပ်ကို ကျနော် ဒုက္ခခံပြီး ရေးဖြစ်လိမ့်မည် မဟုတ်ပါ။ (USIP) မှ လုပ်ငန်းအစီအစဉ်အရာရှိ မစ္စစ် ဂျူဒီ ဘာဆလူး (Ms. Judy Barsalou) ၏ စိတ်ရှည်မှုနှင့် အားပေးမှုတိုက်တွန်းမှုများကိုလည်း၊ အသိအမှတ်ပြု ကျေးဇူးရှိကြောင်း ဖော်ပြလိုပါသည်။

အဲလ်ဘတ်အိုင်းစတိုင်းအသင်း (Albert Einstein Institution) ကိုတည်ထောင်သူလည်းဖြစ်၊ အသင်း၏ လက်ရှိအကြီးတန်း ပညာရှင်လည်းဖြစ်သော ဒေါက်တာဂျင်းရှပ် (Dr.Gene Sharp) က သုံးသပ်ချက်များ၊ အကြံပြုချက်များဖြင့် အကောင်းဆုံး ကျေးဇူးပြုခဲ့ပါသည်။ သူသည် မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲဆိုင်ရာ ပညာနယ်ပယ်တွင်၊ ထူးထူးခြားခြား ဩဇာကြီးသူ ဖြစ်နေသဖြင့်၊ သူ၏စာအုပ်အတော်များများတွင်၊ သူ သည်မျှတတ်သိလိမ်မာစွာ ဆွေးနွေးထားပြီးဖြစ်သော ဘာသာရပ်နှင့် ပတ်သက်၍ စာအုပ်တစ်အုပ်ရေးထုတ်ရမည်ကို ကျနော် ချီတုံချတုံဖြစ်ခဲ့မိပါသည်။ တစ်နေ့မှာကျနော့် စာအုပ်အကြောင်း ဆွေးနွေးကြစဉ်၊ သူသည် အကြမ်းမဖက်ပဋိပက္ခဖြေရှင်းရေး မဟာဗျူဟာနှင့် ပတ်သက်၍သမ္မာကျမ်းစာသဖွယ်ဖြစ်သော၊ “အကြမ်းမဖက်လှုပ်ရှားမှုနိုင်ငံရေးနှင့် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့” (*The politics  of Nonviolent* and *From Dictatorship to Democracy*) စာအုပ်ကို ရေးသားပြီးဖြစ်နေသဖြင့်၊ ကျနော့်စိတ်ထဲတွင် ရေးရန်လက်တွန့်မတင်မကျဖြစ်နေသည်များကို သူ့အားကျနော်ပြောပြခဲ့ပါသည်။ ဤတွင်သူ၏ တုံ့ပြန်မှုမှာ “သမ္မာကျမ်းစာနဲ့ပတ်သက်လို့ စာအုပ်တွေ ဘယ်လောက်ရေးသားပြီးခဲ့ပြီလဲ” ဟူ၍ဖြစ်ပါသည်။

စာသင်ခန်းတစ်ခန်းမှာ ဆွေးနွေးခြင်း၊သို့မဟုတ် သင်ကြားပို့ချခြင်းပြုသည့် အခါမျိုးနှင့်မတူပဲ၊ စာဖတ်သူတို့၏ ထင်မြင်ချက်များကို ကြားနာခြင်း၊ မေးခွန်းများဖြေကြားခြင်း ပြုနိုင်မည်မဟုတ်သဖြင့်၊ ကျနော်၏ အစ်ကိုဖြစ်သူ ဖရင့်ဟဲလ်ဗေးက အယူခံရုံး ရှေ့နေတစ်ဦး၏ ဝေဖန်ရေးမျက်စိမျိုးဖြင့်၊ စာမူကြမ်းအဆင့်ဆင့်ကို ဖတ်ပြီး၊ တိတိကျကျရှိရမည့်အချက်များကို ဝေဖန် ထောက်ပြခဲ့ပါသည်။ ကွန်စတင့်စ် မဲဒိုးစ် (Constances Meadows) သည်၊ ပြင်ဆင်တည်းဖြတ်စရာအဓိကအချက်များကို ထောက်ပြရင်း၊ စာမူကို ကြိမ်ဖန်များစွာပြန်ပေးရာ၌ စိတ်ပျက်ဟန် တစ်ချက်ကလေးမျှ မပြခဲ့ပါ။

ကျနော့်တွေးခေါ်မှုနှင့်၊ ဖိနှိပ်သူအစိုးရများကို အကြမ်းမဖက်နည်းဖြင့် တိုက်ပွဲဆင်ခြင်းအကြောင်း ပိုမိုသိမြင်လာရေး၊ ဤတိုက်ပွဲမျိုးကို ပိုမိုကျင့်သုံးလာရေးနှင့်ပတ်သက်၍ ကျနော်၏တစိုက်မတ်မတ်ဆောင်ရွက်မှုတို့အပေါ် ဩဇာညောင်းခဲ့သူ အများအပြားရှိပါသေးသည်။ များလွန်း၍ အမည်များပင် မဖော်ပြနိုင်တော့ပါ။ ဤပုဂ္ဂိုလ်များအားလုံးကို ကျနော် ဂုဏ်ပြုပါသည်။ မည်သို့ဖြစ်စေ၊ ဤစာအုပ်တွင်ပါသော အမှားအယွင်း၊ သို့မဟုတ် လစ်ဟင်းမှုတစ်စုံတရာအတွက် ကျနော်တွင်သာ လုံးဝတာဝန်ရှိပါသည်။

## မိတ်ဆက် နိဒါန်း

၂၀–ရာစုသည်၊ မှတ်တမ်းတင်ခဲ့ပြီးသမျှသမိုင်းတွင် အကြမ်းဆုံးအရမ်းဆုံး ရာစုဖြစ်ခဲ့သည်။ ကမ္ဘာစစ်ကြီးနှစ်ခုကြောင့် စစ်သားနှင့်အရပ်သားပေါင်း သန်း (၂၀၀) ကျော် သေကြေခဲ့ရသည်။ ထို့ပြင်အကန့်အသတ်ရှိသော်လည်း အလားတူပင် ကြောက်မက်ဖွယ်ကောင်းလှသော လွတ်မြောက်ရေးစစ်ပွဲများ၊ နိုင်ငံသိမ်းပိုက် စစ်ပွဲများ၊ နိုင်ငံရေးနှင့် ဘာသာရေးယုံကြည်ချက်များကို အကြောင်းပြု၍ ပြည်သူအချင်းချင်းကြားတွင် ဖြစ်ပွါးသော ပြည်တွင်းစစ်များ ဟူ၍လည်း ရှိပါသေးသည်။ ၂၀–ရာစုအတွင်းမှာ၊ လက်နက်ကိုင်ပဋိပက္ခ တိုက်ပွဲပြတ်သောနေ့ဟူ၍ တစ်နေ့မှ ရှိမှရှိပဲ့မည်လားဟုပင် မဆိုနိုင်ပေ။

သိပ္ပံနှင့်နည်းပညာတိုးတက်မှုများက၊ လက်နက်ကိုင်ပဋိပက္ခများအဖို့ စစ်ရေးပစ်မှတ်များကို တိုး၍တိုး၍ ဖျက်ဆီးပစ်နိုင်သော ပစ္စည်းနည်းနာများဖြင့် ဖြည့်ဆည်းပေးသလို၊ သည့်ထက်ပို၍ပင်ကြီးမားသော ကျွဲကူးရေပါ အစွန်းထွက် ဖျက်ဆီးမှုများလည်း ရှိတတ်ပါသည်။ ဆိုလိုသည်မှာ အရပ်သားများ၏ အသက်နှင့် အိုးအိမ်ပစ္စည်းများကို မရည်ရွယ်ပဲ ပျက်စီးစေခြင်းပင်ဖြစ်ပါသည်။ ဤအစွန်းထွက် တွဲဖက်ဖျက်ဆီးမှုများသည် သက်ဆိုင်ရာလက်နက်များ၏ ဖျက်ဆီးနိုင်စွမ်းကြောင့်သာမကပဲ၊ အသုံးပြုသော လက်နက်အရေအတွက် အဆမတန်များပြားမှုကြောင့်လည်း ဖြစ်သည်။ နှိုင်းယှဉ်ချက်အရ အကုန်အကျသက်သာသော အဖျက်စွမ်းအားပြင်းလက်နက်များဖြစ်သည့် ဓါတုနှင့်ဇီဝလက်နက်များသည်၊ သယ်ယူပို့ဆောင်ရာတွင်သော်လည်းကောင်း၊ အသုံးပြု ပစ်ခတ်ရာတွင်သော်လည်းကောင်း၊ လွယ်ကူလွန်းလှသောကြောင့် အရပ်သားပြည်သူများအပေါ် အစွန်းထွက်၊ တွဲဖက်ဖျက်ဆီးနိုင်မှုမှာ ကြောက်ခမန်းလိလိပင် ဖြစ်စေပါသည်။ (၁၉၉၀) ခုလွန်အစောပိုင်းနှစ်များအတွင်း၊ သဲကန္တာရမုန်တိုင်း (စစ်ဆင်ရေး) တွင်၊ အသုံးပြုခဲ့သော တိကျဗုံးများ (smart bombs) အကြောင်းဖေါ်ပြသော သတင်းများကြောင့်၊ အမေရိကန်ပြည်သူများက စစ်ရေးတိုက်ခိုက်မှုများသည် လျှင်မြန်၊ တိကျ၊ သေချာသည်ဟု လွဲမှားစွာ ယုံကြည်သွားခဲ့ကြသည်။ သို့ရာတွင် (၂၀၀၃) ခုနှစ်ဆန်းပိုင်းက၊ အမေရိကန်ပြည်ထောင်စုက ကြီးမှူးသည့် မဟာမိတ်ညွန့်ပေါင်းအဖွဲ့က အီရတ်ကို တိုက်ခိုက်ရာစစ်ပွဲတွင် အကျယ်အပြန့်အသုံးပြုခဲ့သော ပစ်မှတ်အတိအကျချိန်ကိုက်ဗုံးများ (precision guided munitions) ကျဲချခဲ့ခြင်းကို ဗုံးကျဲချတိုက်ခိုက်ခြင်းအတွက်၊ စံပြုဖွယ် အဆင့်တစ်ရပ်ဟု မသတ်မှတ်သင့်ပေ။ အကြောင်းမှာ ၎င်းဗုံးများအတွက် ပံ့ပိုးပေးရသော နည်းပညာများ၊ ငွေကုန်ကြေးကျအနေအထားကို အကျယ်အပြန့်အသုံးပြုရန် တတ်နိုင်သော တိုင်းပြည် မရှိသလောက် ရှားပါးနေပါသေးသည်။ သို့ဖြစ်ရာ ပြည်တွင်းစစ်အပါအဝင်၊ ကန့်သတ်စစ်ပွဲများအတွင်းမှာပင်လျှင် ခေတ်သစ်စစ်ပွဲ၏ အဓိကဒဏ်ရာဒဏ်ချက်များကို ဆက်လက်ခံစားနေရသူများမှာ အရပ်သားများသာ ဖြစ်ပါသည်။

၂၀–ရာစု၏နောက်ဆုံးဆယ်စုနှစ်(၂) စုတွင်၊ ဆိုဗီယက်ယူနီယံနှင့် အနောက်အုပ်စုတို့၏ စစ်အေးစစ်ပွဲ ချုပ်ငြိမ်းစပြုခဲ့သဖြင့်၊ ပိုလျှံနေသောလက်နက်ငယ်များ၊ အမြောက်လက်နက်များ၊ လေယာဉ်များ၊ စစ်သုံးမော်တော်ယာဉ်များနှင့် အမျိုးပေါင်းများစွာသော ခဲယမ်းများ၊ နိုင်ငံတကာလက်နက်ဈေးကွက်သို့ လျှံကျ၍ အလွယ်တကူ ရရှိလာနိုင်ခဲ့လေသည်။ လက်နက်သစ်များထုတ်လုပ်ရာ၌ ရင်းနှီးမှုအပေါ်ရလာမည့် စီးပွါးရေးအကျိုးအမြတ် (ဆိုလိုသည်မှာ၊ ပစ္စည်းအရေအတွက်များများ ပိုထုတ်လာလေလေ၊ ပစ္စည်းတစ်ခုချင်း၏ကုန်စားရိတ်များကို လျှော့ကျလာသည့်သဘော ဖြစ်ပါသည်။) အားဖြင့်များသောကြောင့်၊

ဝယ်သူများအဖို့ လက်နက်များကို ပို၍သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်စေပါသည်။ နိုင်ငံများနှင့်စီးပွါးရေးကုမ္ပဏီတို့က မိမိတို့၏အရောင်းကိုယ်စားလှယ်များစေလွှတ်ကာ၊ လက်နက်ထုတ်ကုန်များကို အပြိုင်ကြော်ငြာ ရောင်းချစေပါသည်။ ဤသို့ လက်နက်ဈေးနှုန်းသက်သာမှုနှင့် လွယ်လွယ်ကူကူရရှိနိုင်မှုများကြောင့်၊ ကမ္ဘာနှင့်အဝှမ်း အကြမ်းဖက်ပဋိပက္ခများကို တရိပ်ရိပ် မြင့်တက်လာစေရန်၊ အကြီးအကျယ် အားပေးခဲ့ပါသည်။

ဤစစ်ရေးဆိုင်ရာ သိပ္ပံနည်းပညာများ တိုးတက်မှုနှင့် ဖျက်အားပြင်းလက်နက်များပျံ့နှံ့မှုတို့ကြောင့်၊ ပေါ်ထွက် လာစေသော မေးခွန်းတစ်ခုမှာ၊ ပဋိပက္ခအကျိုးဆက်သည် နှစ်ဖက်စလုံးအတွက် ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေနိုင်သည်ဟုဆိုပါက၊  မိမိတို့၏ အကြောင်းချင်းရာ၊ မူတစ်စုံတရာအတွက် တိုက်ခိုက်ရသည်မှာ တန်ဖိုးရှိပါတော့မည်လော။ တိုက်ခိုက်ရကျိုး နပ်ပါဦးမည်လောဟူ၍ ဖြစ်ပါသည်။ နိုင်ငံတစ်ခု၏ လူသားအရင်းအမြစ်နှင့် စီးပွါးရေးအရင်းအမြစ်များကို အကြီးအကျယ်ပျက်စီးစေပါက၊ မည်သူက အောင်နိုင်သူဟု ကြွေးကြော်နိုင်ပါတော့မည်လော။ စစ်နိုင်သူကပင်လျှင် စစ်တိုက်ရခြင်း၏ရည်မှန်းချက်ကို မရရှိစေနိုင်တော့ပါ။ ဤသို့သော ပျက်စီးဆုံးပါးမှုများကို မြင်တွေ့ရသည်၌၊ ရန်ဖက်အချင်းချင်းတို့သည် စစ်တားဆီးရေးနှင့် စေ့စပ်ဆွေးနွေးရေးမူဝါဒများဖြင့်၊ စစ်ပွဲကို ရှောင်ရှားနိုင်ရေး ပို၍ပို၍ ကြိုးပမ်းလာခဲ့ကြပါသည်။ စစ်တားဆီးရေးမူဝါဒများသည် အထူးသဖြင့် ညျူကလီယာစစ်ပွဲကို တားဆီးရာ၌ ထိရောက်ခဲ့ပါသည်။ မည်သို့ဖြစ်စေ၊ စစ်တိုက်နိုင်သောစွမ်းအားချင်း ချိန်ခွင်လျှာမျှနေအောင် မတည်ဆောက်နိုင်သေးသောနေရာများ၌၊ လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပွါးနေချေသည်။ ထို့အပြင်၊ လူမျိုးရေးနှင့် ဘာသာရေးအကြောင်းအချက်များကဲသောနေရာများ၌ ပဋိပက္ခကို စတင်သင့်၊ မစတင်သင့် တွက်ချက်ဆုံးဖြတ်ကြရာ၌၊ သူတို့၏ မူလပစ်မှတ် ရည်မှန်းချက်ကို ထည့်သွင်းစဉ်းစားခြင်းမပြုတော့သည့် အဖြစ်မျိုးလည်း ရှိတတ်သည်။

တိုက်ပွဲဝင်ရကျိုးနပ်သော မျှော်မှန်းချက်၊ စံသတ်မှတ်ချက်များရှိသကဲ့သို့  တွန်းလှန်ပစ်ကြရမည့် ဖိနှိပ်မှုများလည်း အစဉ်ရှိနေလိမ့်ဦးမည် ဖြစ်သည်။ အချို့သောပြဿနာများကို စေ့စပ်ဆွေးနွေးခြင်းနည်းသက်သက်ဖြင့် ဖြေရှင်း၍ မရနိုင်ပါ။ သို့သော်လည်း၊ ဖိနှိပ်ခံနေရသော လူမှုအဖွဲ့အစည်းတစ်ခုအဖို့ လက်နက်ကိုင်တိုက်ပွဲတစ်ခုတည်းသာ၊ ရွေးချယ်စရာ နည်းလမ်း မဟုတ်တန်ရာ။ အကြောင်းမှာ၊ အစိုးရက စစ်တပ်နှင့် အခြားသော နိုင်ငံရေးအရ အကျပ်ကိုင်ခိုင်းစေနိုင်သည့် ဖိနှိပ်မှုကရိယာများကို ချုပ်ကိုင်ထားတတ်သောကြောင့်ဖြစ်သည်။ ဤသို့ဖြင့် အဖိနှိပ်ခံပြည်သူတို့အဖို့ ခေါင်းငုံ့ခံမည်လော၊  အရေးနိမ့်ရန်သေချာသလောက်ဖြစ်နေသော လက်နက်ကိုင်တိုက်ပွဲဖြင့် ထချမည်လောဟူသော လမ်းနှစ်သွယ်အနက်မှ တစ်လမ်းကို ရွေးရန်သာ ရှိတော့သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ နိုင်ငံရေးပြောင်းလဲမှုဖြစ်စေရန်အတွက်၊ ကြိုးပမ်းရာ၌ လက်နက်ကိုင်တိုက်ပွဲနှင့်မတူခြားနားသော တတိယရွေးလမ်းတစ်ခု ရှိပါသေးသည်။ ၎င်းမှာ "မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲ" ပင်ဖြစ်သည်။ ဤစာအုပ်ထဲတွင် မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲဆိုသည်နှင့် ပတ်သက်၍၊ အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ထားပါသည်။

> "ပဋိပက္ခအနေအထားကို ခွဲခြမ်းစိတ်ဖြာသုံးသပ်မှု၊ ရင်ဆိုင်နေရသော ပြိုင်ဖက်အုပ်စုများ၏ အားကောင်းချက်၊ အားနည်းချက်များ၊ အကြမ်းမဖက်လှုပ်ရှားမှုနည်းနာ၏ သဘာဝ၊ စွမ်းဆောင်နိုင်မှုနှင့် လိုအပ်သော နည်းနာများအပြင်၊ အထူးသဖြင့် ဤ တိုက်ပွဲအမျိုးအစား၏ မဟာဗျူဟာမြောက် အခြေခံမူများအပေါ်တွင်၊ အခြေခံရေးဆွဲချမှတ်ထားသော မဟာဗျူဟာ စီမံကိန်း တစ်ရပ်နှင့်အညီ၊ ဖေါ်ဆောင်သော အကြမ်းမဖကတိုက်ပွဲပင် ဖြစ်သည်။"[၁]

မြန်မာနိုင်ငံ၊ ဘယ်လာရုစ်၊ အီရန်၊ တိဘက်နှင့် ဇင်ဘာဘွေနိုင်ငံများရှိ ဒီမိုကရေစီရေးတိုက်ပွဲများသည်၊ ဖိနှိပ်သူအစိုးရဆိုးများကို ထိုက်တန်သော ရည်မှန်းချက်များအတွက် တွန်းလှန်လှုပ်ရှားနေကြသည့် အကြမ်းမဖက်တိုက်ပွဲများ၏ စံနမူနာဖြစ်ပါသည်။ မင်းဆိုးမင်းညစ်များ၏ အုပ်စိုးမှုများ အဆုံးသတ်စေရေးနှင့် ပြည်သူတို့အတွက် တရားမျှတမှုနှင့် ငြိမ်းချမ်းရေးကို ဆောင်ကျဉ်းပေးရန်အတွက် တိုက်ပွဲဝင်နေကြပါသည်။

ဤစာအုပ်ကို၊ ဖိနှိပ်သောအစိုးရများ (သို့မဟုတ်) နိုင်ငံခြားသိမ်းပိုက်ထားမှုကို လက်နက်ကိုင်တိုက်ပွဲဆင်ရာမှနေ၍ အပြောင်းအလဲတစ်ရပ်အဖြစ် အကြမ်းမဖက်နည်းလမ်းများကိုရှာကြံနေကြသည့်၊ သို့မဟုတ် အကြမ်းမဖက်နည်းနာများကို ကိုယ်တိုင်စမ်းသပ် လုပ်ဆောင်နေကြသည့်သူများအတွက် အထောက်အကူ ဖြစ်တန်ကောင်း၏ဟူသော မျှော်လင့်ချက်ဖြင့် ရေးသားခဲ့ခြင်း

---

[1] Gene Sharp, *There Are Realistic Alternatives*, (Boston: The Albert Einstein Institution, 2003), 38.

ဖြစ်ပါသည်။ ဤစာအုပ်မှာ အကြမ်းမဖက်တိုက်ပွဲနှင့်ပတ်သက်၍ "မည်သို့လုပ်ဆောင်ရမည်ဟူသော လုပ်နည်း" စာအုပ်တစ်အုပ် မဟုတ်ပါ။ သို့သော်လည်း၊ မင်းဆိုးမင်းညစ်အစိုးရများကို ဆန့်ကျင်နေကြသော၊ မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှု၏ အခြေခံကျောရိုးဆိုင်ရာအချက်များကို အစီအစဉ်တကျပြန်လည်စဉ်းစား၍ လုပ်ဆောင်ကြည့်ရန် တိုက်တွန်းအားပေးသော လုပ်ငန်းစဉ်တစ်ရပ်သာ ပေးပါသည်။ ဤအထဲတွင် သဘောတရားရေးရာ ဖေါ်ပြချက်များ၊ မဟာဗျူဟာမြောက် စီမံကိန်းရေးဆွဲခြင်း၊ ထိရောက်မှုရှိကြောင်း ပြသပြီးဖြစ်သည့် မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲဆင်နွှဲရေးအတွက် စစ်ဆင်ရေးစီမံကိန်းများ ပါဝင်ပါသည်။ ဤစာအုပ်ကို ဖတ်သူများအနေဖြင့်၊ သင်တန်းဝန်းကျင်၌ ကြုံရသကဲ့သို့၊  ဖော်ပြပါဘာသာရပ်အကြောင်းအရာဆိုင်ရာ ဆွေးနွေးချက်များကို၊ ဖတ်ရလွယ်ကူစေရန် စီစဉ်ထားကြောင်း တွေ့ရှိရပါလိမ့်မည်။

မဟာဗျူဟာမြောက်အကြမ်းမဖက်တိုက်ပွဲသည်၊ လက်နက်ကိုင် ပဋိပက္ခမှနေ၍ အခြားအပြောင်းအလဲတစ်ရပ်အနေဖြင့် အသုံးပြု နိုင်လောက်အောင်၊ အဆင့်မြင့်ပါသည်။ အကြောင်းမှာ၊ ဤသို့အကြမ်းမဖက်တိုက်ပွဲကြောင့် အသက်ဆုံးရှုံးရမှု၊ အိုးအိမ်ပစ္စည်း ပျက်စီးစေမှုလည်း နည်းပါးသောအကြောင်း တစ်ကြောင်းကြောင့်လည်း ဖြစ်ပါသည်။ ဤသို့မဖြစ်သည့်တိုင်၊ အကြမ်းမဖက် တိုက်ပွဲသည် ဖိနှိပ်ချုပ်ချယ်သော အစိုးရများကို ဖက်ပြိုင်တိုက်ခိုက်ရာ၌ ထိရောက်သောတိုက်ပွဲတစ်ရပ်ဖြစ်ကြောင်းကို အတွေ့အကြုံများက ပြသခဲ့ပြီးဖြစ်သည်။ စစ်ရေးအရအောင်ပွဲသည် ရန်ဖက်၏ဆက်လက်တိုက်ခိုက်နိုင်စွမ်းနှင့် ဆက်လက်တိုက်လို သော ဆန္ဒကိုဖျက်ဆီးပစ်ခြင်းအားဖြင့် ရရှိခြင်း ဖြစ်ပါသည်။ ဤနေရာ၌ အကြမ်းမဖက်မဟာဗျူဟာသည်၊ လက်နက်ကိုင် တိုက်ပွဲ၏ရည်ရွယ်ချက်နှင့် ခြားနားမှု မရှိပါ။ မတူခြားနားသောလက်နက်စနစ်များကို အသုံးပြုရာ၌သာ ကွာခြားပါသည်။

ဤစာအုပ်ပါအကြောင်းအရာကို တစ်စုံတရာကျွမ်းဝင်သွားပြီးသောအခါ၌၊ စာရှုသူအချို့အနေနှင့် မှားယွင်းစွာ ကောက်ချက်ချဖွယ်ရှိသည်မှာ၊ မဟာဗျူဟာမြောက်အကြမ်းမဖက်တိုက်ပွဲ တိုက်ရေးအတွက်၊ မဟာဗျူဟာနှင့် အထောက်အကူပြုစီမံကိန်းများ ရေးဆွဲရာတွင်၊ ရုပ်ထွေးနက်နဲလွန်းရကား၊ ရှင်သန်မှုအရှိဆုံးနှင့် ဘဏ္ဍာရေး အတောင့်တင်းဆုံးအတိုက်အခံ အုပ်စုများသာလျှင် ဤလုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်လိမ့်မည်ဟု ထင်သွားနိုင်ပါသည်။ အမှန်မှာ မဟုတ်ပါ။ မဟာဗျူဟာမြောက်အကြမ်းမဖက်တိုက်ပွဲ၏အခြေခံအချက်များ အသုံးချရေးအတွက် ပွဲဦးထွက်ခြေလှမ်းမှာ၊ ဤအခြေခံအ ချက်များအကြောင်းကို စဉ်းစားကြည့်ရန်ဖြစ်ပြီး၊ ဤစာအုပ်သည် ဤအချက်များအကြောင်း ဆွေးနွေးပြရုံသာမက၊ တစ်စုံတရာသောလှုပ်ရှားမှုတွင် ဤအခြေခံအချက်များ အသုံးချရေးကိစ္စကို၊ စာရှုသူများအနေဖြင့် စဉ်းစားကြည့်နိုင်စေရန်လည်း လမ်းဖွင့်ပေးထားပါသည်။ ဤစာအုပ်သည် လေယာဉ်မောင်းလက်စွဲစာအုပ်နှင့်မတူပါ။ လိုက်နာရမည့် အသေးစိတ်စစ်ဆေးချက်များစာရင်း (check list) လည်း မပါရှိပါ။ အာဏာရှင်စနစ်မှနေ၍ ဒီမိုကရေစီသို့ ကူးပြောင်းရေးဆောင်ရွက်ရာ၌ သင်၏စဉ်းစားတွေးခေါ်မှုကို လမ်းညွှန်ပေးမည့်အယူအဆများနှင့် အကြံပြုချက်များ "စစ်ဆေးချက်စာရင်း"တစ်စောင်သာ ပါရှိပါသည်။

မဟာဗျူဟာမြောက်အကြမ်းမဖက်တိုက်ပွဲ ဘာသာရပ်နှင့်စပ်လျဉ်းသော ရေးသားမှု၊ သို့မဟုတ် ဆွေးနွေးမှုမှန်သမျှအပေါ်တွင် ကျေးဇူးရှိသည်မှာ၊ အဲလ်ဘတ်အိုင်းစတိုင်းအသင်းကြီး၏ အမြဲတန်းအကြီးတန်းပညာရှင်၊ ဒေါက်တာဂျင်းရှပ်ဖြစ်ပါသည်။ သူသည် ပဋိပက္ခများအကြောင်းကို ဆယ်စုနှစ် (၅) စုနီးပါးမျှ စမ်းသပ်စစ်ဆေး လေ့လာခဲ့ပါသည်။ ဒေါက်တာဂျင်းရှပ်သည် အောက်စဖို့တက္ကသိုလ် တက်ရောက်နေစဉ် (၁၉၆၀–၆၄) ခုနှစ်တွင် လူမှုအင်အား၏ သဘောသဘာဝနှင့် အကြမ်းမဖက်လှုပ်ရှားမှုများတွင် ၎င်း၏အခန်းကဏ္ဍဆိုင်ရာ အသိအမြင်တစ်ရပ်ကို ထူထောင်ခဲ့ပါသည်။ ဤသည်မှာ စစ်ရေးပဋိပက္ခသဘောသဘာဝနှင့်ပတ်သက်၍၊ ကလော့ဇဝစ် (Clausewiz) ၏တွေ့ရှိချက်ကဲ့သို့ပင်၊ အခြေခံသဖွယ် အရေးပါလှပါသည်။ ဤစာအုပ်၏ အခန်း (၁) မှ (၄) အထိ အခန်းများသည် အကြမ်းမဖက်တိုက်ပွဲသဘောတရားနှင့် ကျင့်သုံးမှုဆိုင်ရာ သူ၏တွေ့ရှိချက်အတော်များများအပေါ်မှ အခြေခံထားခြင်း ဖြစ်ပါသည်။ ဒေါက်တာဂျင်းရှပ်၏ မြောက်များလှစွာ ထုတ်ဝေရေးသားခဲ့သော စာအုပ်များအနက်၊ အတွဲ (၃) တွဲပါ "အကြမ်းမဖက်လှုပ်ရှားမှု၏ နိုင်ငံရေး" စာအုပ် (၁၉၇၃) နှင့် "အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့" စာအုပ် (၁၉၉၃) တို့သည်၊ မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲအကြောင်း လေ့လာရေးအတွက် အထူးအရေးပါသော အရင်းခံစာအုပ်များ ဖြစ်ပါသည်။

အမေရိကန်ခြေလျင်တပ်အရာရှိအဖြစ် လုပ်သက်နှစ် (၃၀) ပြည့်လုပြည့်ခင်ကာလ၌၊ (၁၉၈၇– ၈၈) ခုနှစ်တွင်၊ အမေရိကန်ကြည်းတပ်မတော်၊ အကြီးတန်းအရာရှိအနေနှင့်၊ ဟားဘတ်တက္ကသိုလ်၊ နိုင်ငံတကာရေးရာဗဟိုဌာန၌ ကျနော်တက်ရောက်နေစဉ်၊ အကြမ်းမဖက် အရေးယူရေးလုပ်ငန်းအစီအစဉ် (Program for Nonviolent Sanctions) နှင့်ပတ်သက်သော အစည်းအဝေးတစ်ခုတွင်၊ ဒေါက်တာဂျင်းရှပ်နှင့် ဆုံခဲ့ရပါသည်။ သူ့ဘာသာရပ်အကြောင်းကို သူက "မဟာဗျူဟာမြောက်

အကြမ်းမဖက်တိုက်ပွဲဆိုတာဟာ နိုင်ငံရေးအာဏာသိမ်းပိုက်ခြင်း၊ ဒါမှမဟုတ် အခြားသူတွေကို နိုင်ငံရေးအာဏာလက်မဲ့ဖြစ်သွားအောင် လုပ်ခြင်းပဲဖြစ်ပါတယ်။ ဒါဟာ ရွှေပြည်အေးဝါဒ (Pacifism) လည်းမဟုတ်ဖူး။ ကျင့်ဝတ်တရားဆိုင်ရာ၊ ဘာသာတရားဆိုင်ရာ ယုံကြည်ချက်လည်း မဟုတ်ဖူး။" ဟု စတင်မိတ်ဆက်ပေးခဲ့ပါသည်။ ဤစကားလုံးများက ကျနော့်ကို ဖမ်းစားခဲ့ပါသည်။ အကြောင်းမှာ၊ ကျနော်၏အာရုံခံစားသိကို ဗီယက်နမ်စစ်ပွဲခေတ်ကာလ၊ "ပန်းပွင့်ကမ်းလာကြသော ကလေးများ၊ ငြိမ်းချမ်းရေးဆန္ဒပြသူများနှင့် စစ်မှုထမ်းဥပဒေကိုဖီဆန်သူများက လွှမ်းမိုးခဲ့သောကြောင့်လည်း ဖြစ်ပါသည်။ ထိုအချိန်ကစ၍ ဂျင်းရှပ်သည် နိုင်ငံရေးအားကောင်းသော ဤတိုက်ပွဲသဏ္ဍာန်၏ မူများ၊ အင်အားစုများနှင့် ကျင့်သုံးနည်းများကို သိမြင်ရေးတွင် မိမိ၏လမ်းညွှန်ဆရာအဖြစ်၊ ဖိနှိပ်မှုဆန့်ကျင်ရေးတွင်ပါဝင်နေသူများ၏ တောင်းဆိုချက်များကို ဖြေကြားရာ၌ လုပ်ဖော်ကိုင်ဖက်အဖြစ်၊ ပုဂ္ဂိုလ်ရေးဆိုင်ရာမိတ်ဆွေကောင်းတစ်ယောက်အဖြစ် အကျိုးဆောင်ခဲ့ပါတော့သည်။

## အခန်း (၁)
## နိုင်ငံရေးအာဏာ၏ သဘောတရား

**နိုင်ငံရေးအာဏာဆိုသည်မှာ အာဏာကိုင်စွဲထားသူက ရည်မှန်းချက်များပြည့်မြောက်စေရေးအတွက်သုံးသော နည်းလမ်းများ၊ ဩဇာသက်ရောက်စေခြင်းများ၊ ဖိအားပေးတိုက်တွန်းခြင်းများ၏ အလုံးစုံအကြောင်းတရားဖြစ်ပြီး၊ (အာဏာအသုံးပြုခြင်း၊ ဆုလာဒ်များ၊ ဖိအားပေးပြစ်ဒဏ်ခတ်မှုများ) လည်း အပါအဝင်ဖြစ်ပါသည်။ အထူးသဖြင့် အစိုးရ၊ နိုင်ငံတော်နှင့် အတိုက်အခံအုပ်စုများ၏ ရည်မှန်းချက်များပေါက်မြောက်ရေးအတွက် အသုံးပြုရသောအကြောင်းတရား ဖြစ်ပါသည်။**

ဒေါက်တာဂျင်းရှပ်
"*အကြမ်းမဖက်လှုပ်ရှားမှု၏ နိုင်ငံရေး*" စာအုပ်မှ

အာဏာရှိအောင်ကြိုးပမ်းခြင်းသည် လူသားအားလုံးနှင့် လူသားအဖွဲ့အစည်းများ၏ သဘာဝ မွေးရာပါအင်္ဂါအစိတ်အပိုင်းတစ်ရပ် ဖြစ်ဟန်ရှိလေသည်။ ဤသို့ကြိုးပမ်းမှုသည် နိုင်ငံအချင်းချင်းအကြား၊ အစိုးရများအတွင်း၊ ကော်ပိုရေးရှင်းများအချင်းချင်းအကြားနှင့် ၎င်းတို့အတွင်း ဖြစ်ပွါးသည်သာမက၊ နောက်ဆုံး မိတ်ဆွေများအချင်းကြားမှာပါ ဖြစ်ပွါးတတ်ပါသည်။ [၂] သာမန်ပြည်သူတို့အကျွမ်းတဝင်အရှိဆုံးရှိနိုင်သည်မှာ၊ အခွန်ငွေခွဲဝေသတ်မှတ်ခြင်းနှင့်ပတ်သက်သော အာဏာတိုက်ပွဲများ ဖြစ်ပါသည်။ ရှေ့နေတပ်ဖွဲ့များ၊ စည်းရုံးတိုက်တွန်းသူ လော်ဘီသမားများနှင့် ပြည်သူ့ဆက်ဆံရေးကျွမ်းကျင်သူများ၏ အဖွဲ့အစည်းများသည် မိမိတို့ကိုယ်စားပြုသော ပြည်သူတို့၏ အကျိုးစီးပွါးများကို ကိုင်စွဲကာ၊ အလိုရှိသော အခွန်ငွေခွဲဝေသတ်မှတ်ချက်၊ သို့ မဟုတ် အကျိုးအမြတ်ရှိသော အစိုးရကန်ထရိုက်စာချုပ်များရရှိအောင် ကြိုးပမ်းကြပါသည်။ တစ်ခါတရံ၌ အခွန်ထမ်း ပြည်သူတို့အတွက်၊ ဤသို့သောဘဏ္ဍာခွဲဝေသတ်မှတ်မှုမျိုး၏ အကျိုးကျေးဇူးများသည် သံသယဖြစ်ဖွယ်ရာ ရှိသည်။ ဤခွဲဝေသတ်မှတ်မှုမျိုးအတွက် ဆုံးဖြတ်ချက်ကျစေနိုင်သော ဩဇာအရှိန်အဝါကိုလည်း၊ အများပြည်သူတို့အနေနှင့် မမြင်ရပဲ ရှိတတ်သည်။ ဥပမာ– အမေရိကန်ပြည်ထောင်စု၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ဘတ်ဂျက်သုံးစွဲပုံကို ဖြန်းသန်းသုံးသပ်ကြည့်လိုက်လျှင်၊ စစ်တပ်ကမလိုချင်ပါပဲလျက် (အထူးသဖြင့် ခေတ်နောက်ကျ၊ ဒီဇိုင်းပုံညံ့ဖျင်း၊ သို့မဟုတ် မလိုအပ်သောအပိုစစ်လက်နက်ပစ္စည်းများကို) ဥပဒေပြုသူလွှတ်တော်အမတ်များက ထိုးပေးနေသော ကိစ္စများကိုလည်း မတွေ့ချင်မမြင်ချင် အဆုံးဖြစ်သည်။ အစိုးရက မည်သည့်ကိစ္စအတွက်၊ ရံပုံငွေထောက်ပံ့ ရန်ရွေးချယ်ဆုံးဖြတ်သနည်း ဆိုသည်မှာ နားလည်ရခက်ပါသည်။ အထူးသဖြင့် အထူးအကျိုးစီးပွါးများကိစ္စနှင့် မိမိရည်ရွယ်ချက်အတွက် စည်းရုံးနေကြသော လော်ဘီသမားများအကြောင်း ကောင်း

---

[၂] ဒေါက်တာဂျင်းရှပ်အနေဖြင့် လူမှုရေးဆိုင်ရာအာဏာနှင့် နိုင်ငံရေးဆိုင်ရာအာဏာတို့အကြား ခြားနားကွဲပြားမှုကို ထောက်ပြခဲ့ပါသည်။ "လူမှုရေးအာဏာဆိုသည်မှာ အကျဉ်းအားဖြင့် အခြားသူများ၏ပြုမူကျင့်ကြံမှုများကို ပြောင်းလဲအောင် ဆောင်ရွက်စေနိုင်သောစွမ်းရည်ဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပြီး၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ လူအစုအဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုများဖြင့်သော်လည်းကောင်း၊ ထိုသို့လှုပ်ရှားမှုများမှ အခြားသောလူစုများအပေါ်အကျိုးသက်ရောက်စေခြင်းအားဖြင့်သော်လည်းကောင်း၊ ဆောင်ရွက်နိုင်ပါသည်။ နိုင်ငံရေးအာဏာဆိုသည်မှာ အလားတူ လူမှုရေးအာဏာမျိုးပင်ဖြစ်ပြီး၊ နိုင်ငံရေးရည်ရွယ်ချက်အတွက် အသုံးပြုကြပါသည်။ " *အကြမ်းမဖက်လှုပ်ရှားမှု၏ နိုင်ငံရေး* စာအုပ်၊ (Boston: Porter Sargent Publishers, 1973) I: 7.

ကောင်းမသိသော သာမန်ပြည်သူများအနေနှင့် ပို၍နားလည်ရန်ခက်ခဲနိုင်ပါသည်။ ကောက်ခံရရှိလာသောအခွန်တော်ငွေများကို၊ အစမှအဆုံးအထိ သုံးစွဲပုံပင်လျှင် ဒွိဟပွါးစရာ ဖြစ်သည်။ အစိုးရဌာနများက မိမိတို့ကိုယ်တိုင်ဖေါ်ဆောင်ရန်တာဝန်ရှိနေသော၊ ဥပဒေများကို အားပျော့ချိနဲ့သွားအောင် လက်တစ်လုံးခြား လုပ်ပစ်လိုက်ကြသောအခါ၌၊ ပတ်ဝန်းကျင်ထိန်းသိမ်းသိမ်းရေးသမားများက အံ့သြကြရသည်။ ကောက်ခံရရှိထားသောအခွန်တော်ငွေကို သုံးစွဲမှုသည် ဒီမိုကရေစီနိုင်ငံများ၌၊ နိုင်ငံရေးပြဿနာတစ်ရပ် အမြဲတစေဖြစ်သည်။ ၎င်းကပင်၊ အာဏာထိန်းချုပ်ရေးနှင့် အာဏာအပေါ်သြဇာသက်ရောက်ရေးအတွက်၊ လူအများ ကြိုးပမ်းကြပုံ မျက်နှာစာကို ထင်ဟပ်ပြနေပါတော့သည်။

အခွန်တော်ငွေခွဲဝေသုံးစွဲမှုနှင့်ပတ်သက်သော အကျိုးစီးပွါးပြိုင်ဆိုင်မှုထက်၊ အကျိုးဆက်များစွာ ပို၍နက်နဲသည်မှာ အစိုးရကိုထိန်းချုပ်သောနည်းဖြင့် အာဏာရယူရေးတိုက်ပွဲနှင့် ၎င်းအပေါ် အခြေခံသောအုပ်စိုးသူနှင့် အုပ်စိုးခံလူတန်းစားတို့၏ ဆက်ဆံရေးကိစ္စပင် ဖြစ်ပါသည်။ "လွတ်လပ်မှုနှင့် မင်းဆိုးမင်းညစ်အုပ်စိုးမှု"(ဆန္ဒစွဲဖြင့်သုံးစွဲလိုက်သော စကားလုံးများဖြစ်ကြောင်း ဝန်ခံပါသည်။) တို့အကြားရှိ ကာလရှည်ကြီးတစ်ခုတွင်၊ ချိန်ခွင်လျှာများဦးက မင်းဆိုးမင်းညစ်အုပ်စိုးမှုဖက်သို့ သာနေပါက၊ အဖိနှိပ်ခံတို့အနေဖြင့် ပြောင်းလဲပစ်လိုသော ဆန္ဒရှိနေမည်မှာ မုချဖြစ်သည်။ မည်ကဲ့သို့အပြောင်းအလဲ ဖြစ်စေလိုသနည်း။ မည်သို့မည်ပုံ ပြောင်းလဲပစ်မည်နည်း၊ ဆိုသည်မှာ အာဏာ၏သဘောသဘာဝနှင့် အရင်းအမြစ်များအကြောင်းတို့ကို အဖိနှိပ်ခံပြည်သူတို့ သိမြင်နားလည်ထားမှုအပေါ်တွင် မူတည်ပါသည်။ ဒေါက်တာဂျင်းရှပ်က လူမှုအဖွဲ့အစည်းရှိ အာဏာ၏ အခြေခံကို ရှင်းပြရာ၌၊ ပုံစံ (၂) မျိုးကို ဖော်ပြပါသည်။ (တစ်မျိုးမှာ ကျောက်တိုင်သဖွယ်ခိုင်မာသည့် အာဏာပုံစံဖြစ်ပြီး၊ ကျန်တစ်မျိုးမှာ ဗဟုသဘောဆန်သည့်၊ အများလက်ခံအသိအမှတ်ပြုထားသော ပုံစံဖြစ်ပါသည်။)

## ကျောက်တိုင်သဖွယ် အာဏာသဘောတရား (The Monolithic Theory of Power)

ဒေါက်တာဂျင်းရှပ် ရှင်းပြသောနိုင်ငံရေးအာဏာ၏ ပုံစံတစ်ခုမှာ၊ ကျောက်တိုင်သဖွယ် အာဏာသဘောတရား[၃] ဖြစ်သည်။ ဤသဘောတရားအရ အာဏာကို ခိုင်မာတောင့်တင်းပြီး၊ အပြောင်းအလဲမရှိသော အာဏာအဆောက်အအုံတစ်ခု၏ ထိပ်ထက်တွင်၊ ဗဟိုပြုထားသည့်ပုံစံအဖြစ် သရုပ်ဖေါ်ပြသည်။ (ပုံ ၁–ကိုကြည့်ပါ။) ဤ ကျောက်တိုင်သဖွယ်အာဏာသဘောအရ ဖော်ပြကြသည်မှာ အာဏာကိုလက်ကိုင်ပြုထားသူများ၊ အကြောင်းအမျိုးမျိုးကြောင့် အပြောင်းအလဲရှိနိုင်သော်လည်း၊ အာဏာဖွဲ့စည်းထားပုံမှာ၊ မပြောင်းမလဲ တသမတ်တည်း တည်ရှိနေမည် ဖြစ်သည်။ အာဏာသည် ပိရမစ်ပုံ ခရူချွန်သဏ္ဍာန် အထက်မှ အောက်စီးဆင်းသကဲ့သို့ တည်ရှိနေပြီး၊ ကျောက်စိုင်ကျောက်သားဖြင့် တည်ဆောက်ထားသည့်သဖွယ် ဖော်ပြကြသည်။ ဤတည်ဆောက်ပုံအတွင်းတွင် အာဏာပေါင်းဖွဲ့စည်းမှုကြောင့်သော်လည်းကောင်း၊ သို့မဟုတ် အပြင်မှနေ၍ ပြောင်းလဲပစ်လိုသောဆန္ဒ မည်သို့ပင်ရှိစေ၊ ပြောင်းလဲလိမ့်မည်မဟုတ်။ ဤအယူအဆအရ ယူဆသည်မှာ၊ ပြည်သူလူထုများသည် အာဏာလက်ကိုင်ထားသူတို့၏ စိတ်ရင်းကောင်း စေတနာ၊ ကျွေးမွေးထောက်ပံ့မှုနှင့် ဆုံးဖြတ်ချက်များ အပေါ်မှာသာ၊ မှီတင်းနေထိုင်ကြရသည်ဟု ယူဆသည်။ ဤအာဏာကို မည်သို့မည်ပုံကျင့်သုံးမည်ဆိုသည်ကို အုပ်စိုးသူကသာ ဆုံးဖြတ်မည်။ သူတို့ကလိုလားသည်မှာ၊ ဤအာဏာအဆောက်အအုံ၏ပိုင်ဆိုင်မှုကို အစီအစဉ်တကျရှိပြီး၊ တရားလည်းဝင်သောရွေးကောက်ပွဲဖြစ်စဉ်ဖြင့် အပြောင်းအလဲလုပ်ပေးလိုသည်။ သို့သော်လည်း၊ အာဏာရှင်မင်းဆိုးမင်းညစ်အစိုးရတစ်ရပ်၏ လက်အောက်၌ ရွေးကောက်ပွဲလုပ်ပေးရန် ဆုံးဖြတ်ချက်ကို၊ အုပ်စိုးသူကသာ ချမှတ်ပြီး၊ ရွေးကောက်ပွဲရလာဒ်များသည် အများအားဖြင့် ကြိုတင်သတ်မှတ်ပြီး ဖြစ်နေတတ်ပါသည်။ မြန်မာနိုင်ငံမှ ဗိုလ်ချုပ်နေဝင်းနှင့် ဇင်ဘာဘွေနိုင်ငံမှ ရောဘတ်မူဂါဘီတို့သည် ရွေးကောက်ပွဲကုလားဖန်ထိုးခြင်းကို ရွေးကောက်ပွဲ၏ဖြစ်စဉ်၏၊ မရှိမဖြစ်လုပ်ငန်းတစ်ခုအဖြစ် မြင်နေကြသော အာဏာရှင်များ၏ စံ နမူနာပုဂ္ဂိုလ်များ ဖြစ်ပါသည်။ တစ်ခါတရံ၌ အာဏာရှင်တို့သည် အတွက်အချက်မှားပြီး၊ မိမိတို့အလိုရှိသော ရွေးကောက်ပွဲရလာဒ်အတိုင်းဖြစ်မလာတတ်ပဲ ရှိတတ်သည်။ ဥပမာ– မြန်မာနိုင်ငံရှိ စစ်အစိုးရသည် (၁၉၉၀) ပြည့်နှစ်တွင် ရွေးကောက်ပွဲ ကျင်းပပေးခဲ့သော်လည်း၊ ရွေးကောက်ပွဲရှုံးနိမ့်သွားသောအခါ တုန်လှုပ်သွားခဲ့ရပါသည်။ ဤမမျှော်လင့်သော အရေးနိမ့်မှုကိုတုံ့ပြန်သည့်အနေဖြင့်ဆောင်ရွက်ချက်မှာ၊ စစ်အစိုးရသည် မဲဆန္ဒရှင်တို့၏ ဆန္ဒကိုလက်ခံရန် ငြင်းပယ်ခဲ့ပြီး၊ အတိုက်အခံနိုင်ငံရေးခေါင်းဆောင်အများအပြားကို ဖမ်းဆီးခဲ့ပါသည်။

---

[၃] ဒေါက်တာဂျင်းရှပ်၏ နိုင်ငံရေးအာဏာဆိုင်ရာ သဘောသဘာဝကို၊ အပြည့်အစုံဖတ်ရှုလိုပါက *အကြမ်းမဖက်လှုပ်ရှားမှု၏ နိုင်ငံရေး* စာအုပ်၊ အတွဲ (၁) စာ ၇–မှ ၁၀ အထိတွင် တွေ့နိုင်ပါသည်။ ဤဖော်ပြပါရှင်းလင်းချက်နိဒါန်း မိတ်ဆက်မှုအပိုင်းတွင်၊ ဒေါက်တာဂျင်းရှပ်က နိုင်ငံရေးအာဏာဖွဲ့စည်းထားပုံကို လွဲမှားသဘောပေါက်နေကြပုံကို ရှင်းလင်းပြထားပါသည်။

အာဏာရှင်အစိုးရတို့သည်၊ သူတို့၏ပြည်သူလူထုများက ဤကျောက်တိုင်သဖွယ် အာဏာတည်ဆောက်ထားမှုကို လက်ခံကြသောအခါ၊ သို့မဟုတ် ဖိအားပေးမှုကြောင့် လက်ညှိုးထောင် ခေါင်းညိတ်ခပ်မဆိတ်နေကြသောအခါ၊ သဘောခွေ့ကြပါသည်။ သူတို့သည် အာဏာကိုင်ထားသည်ဟူသော အချက်သက်သက်ကြောင့်သာ၊ အုပ်စိုးရန်အမိန့်အာဏာရရှိထားကြပြီး၊ အုပ်စိုးခံတို့၏ဆန္ဒကို ဘေးချိတ်ကာ၊ အုပ်ချုပ် အာဏာပေးခိုင်းစေကြပါသည်။ ပြည်သူတို့၏တာဝန်မှာ အုပ်ချုပ်သူတို့အလိုကျလိုက်နာနာခံရိုးကျိုးရန်သာ ဖြစ်သည်။ ဤပုံစံတွင် အကြိုးဝင်သော နိုင်ငံတော်၏အတင်းအကြပ်ခိုင်းစေမှုပြုနိုင်သောအာဏာသည်၊ အဓိကအသုံးပြုသော၊ လိုက်နာစေရန် တရားဝင်အတင်းအကြပ်တိုက်တွန်းသော ကရိယာဖြစ်သည်။ (၂၀) ရာစုတွင် ဤသို့သာဓက အများအပြားတွေ့ရပါသည်။ (၁၉၃၀) ခုနှစ်လွန်နှင့် (၁၉၄၀) ခုနှစ်လွန် နှစ်များအတွင်း၌၊ ဆိုဗီယက်ခေါင်းဆောင် ဂျိုးဇက်ဖ် စတာလင်သည် သူ၏အာဏာ လက်ကိုင်ထားမှုကို၊ အမှန်တကယ် ခြိမ်းခြောက်နေသည်၊ သို့မဟုတ် ခြိမ်းခြောက်နိုင်ချေရှိသည်ဟု ယူဆရသော၊ လူသန်းပေါင်း (၂၀) ခန့်ကို၊ သတ်ဖြတ်ခဲ့ပါသည်။ ဤပမာဏသည်၊ ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမဏီနှင့်တိုက်ရသောစစ်ပွဲအတွင်း၊ သေဆုံးခဲ့ရသော ဆိုဗီယက်နိုင်ငံသားဦးရေနှင့် အတူတူပင် ဖြစ်ပါသည်။

မင်းဆိုးမင်းညစ်ကို အကြမ်းမဖက်ပဋိပက္ခဖြေရှင်းနည်းဖြင့်၊ တွန်းလှန်ဖယ်ရှားပစ်မည်ဆိုလျှင် ကျောက်တိုင်သဖွယ် အာဏာအဆောက်အအုံပုံစံ၊ တွေးထင်ထားမှု စိတ်ခါတ်အနှောင်အဖွဲ့မှ ရုန်းကန်ထွက်ပြီးမှသာလျှင်၊ ဖြစ်နိုင်ပါသည်။ ဤကျောက်တိုင်သဖွယ် အာဏာဖွဲ့စည်းမှုသဏ္ဍာန်အားလုံးရှိ တကယ့်အာဏာခွဲဝေဖြန့်ဖြူးထားပုံကို၊ ခွဲခြမ်းလေ့လာ ဖေါ်ထုတ်အကဲဖြတ် ရပါမည်။ ကျောက်တိုင်သဖွယ် အာဏာပုံစံသည်၊ အာဏာရှင်တို့အနေဖြင့် မည်သို့မည်ပုံ အာဏာရယူပုံ၊ ကိုင်စွဲထိန်းချုပ်ကျင့်သုံးပုံနှင့် အုပ်ချုပ်ရေးကို လွှဲပြောင်းကျင့်သုံးပုံတို့ကို ခွဲခြမ်းလေ့လာရာ၌ အထူးအသုံးဝင်သော ကရိယာတစ်ခုဖြစ်ပါသည်။ အကယ်၍ ဤသို့အာဏာတည်ဆောက်ထားပုံကို လက်ကိုင်ပြု၍၊ နိုင်ငံရေးပြောင်းလဲမှုကို စဉ်းစားရာ၌ ကြီးမားသောအကန့်အသတ်ရှိနေပါလိမ့်မည်။ ရွေးချယ်ဖွယ်လမ်းများလည်း နည်းနေပါလိမ့်မည်။ "ပြောင်းလဲမှုအတွက် အိပ်မက်မက်နေသူများ"အနေဖြင့်၊ ကျောက်တိုင်သဖွယ် အာဏာဖွဲ့စည်းမှုပုံစံကို သိမြင်ရန်အရေးကြီးသော်လည်း၊ အိပ်မက်များကို အကောင်အထည်ဖေါ်ရာ၌မူ၊ အာဏာ၊ အာဏာရရှိပုံနှင့် ဆုံးရှုံးပုံတို့ကို လုံးဝမတူခြားနားသောအမြင်ဖြင့်၊ "ဗဟုဝါဒ–အများလက်ခံမှု"ကို လမ်းညွှန်အင်္ဂါရပ်အဖြစ်၊ အစားထိုးထားရှိ လုပ်ဆောင်မှသာ၊ ပို၍ အောင်မြင်မှုရဖွယ် ရှိပေမည်။

## ဗဟုသဘောဆန်သည့်၊ အများလက်ခံသောအာဏာပုံစံ **(The Pluralistic Model of Power)**

အာဏာ၏သဘောသဘာဝကို သိမြင်နားလည်ရန်၊ အထောက်အကူပေးသော နောက်ထပ်ပုံစံတစ်ခုမှာ၊ ဒေါက်တာဂျင်းရှပ်က ဗဟုသဘောဆန်သည့်၊ အများလက်ခံသောပုံစံအဖြစ် ရည်ညွှန်းဖော်ပြပါသည်။ (ပုံ ၂– ကို ကြည့်ပါ။) ဤသဘောတရားသည် အာဏာကို ထိပ်တွင်စုစည်းထားလျက် ခိုင်မာတောင့်တင်းပြီး၊ မပြောင်းလဲသော အဆောက်အအုံရှိသည့် ကျောက်တိုင်သဖွယ် အာဏာဖွဲ့စည်းမှု ပုံစံနှင့် မတူပါ။ ယခုသဘောတရားက၊ ဗဟုသဘောဆန်၊ အများကလက်ခံပြီး၊ ခိုင်ခံ့ခြင်းလည်းမရှိသော နိုင်ငံရေးအာဏာကို ဖေါ်ပြပါသည်။ အာဏာ၏အရင်းအမြစ်များသည် လူမှုအဖွဲ့အစည်းတနံတလျားရှိ ပြည်သူများထဲတွင် တည်ရှိနေကြောင်း ဖေါ်ပြပါသည်။ အာဏာကိုင်ထားသူကမူ၊ အများပြည်သူသဘောညီမှသာ၊ ခွင့်ပြုသောအာဏာကိုသာ ကျင့်သုံးနိုင်ခွင့်ရှိကြပါသည်။ **တစ်နည်းဆိုရသော် အုပ်စိုးသူများသည် ပြည်သူတို့၏ခွင့် ပြုမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အရသာလျှင် အုပ်စိုးနိုင်ပါသည်။** ထိုသို့ ခွင့်ပြုမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို လိုလိုလားလားပေးခြင်းဖြင့်သော်လည်းကောင်း၊ အတင်းအကျပ်တိုက်တွန်း၍သော်လည်းကောင်း ရရှိနိုင်ပါသည်။ ဤသို့ခွင့်ပြုမှုသည် လူမှုအဖွဲ့အစည်းအတွင်းရှိ အချို့သောသူများဖက်က၊  ဖါသိဖါသာ မသိကျိုးကျွံနေခြင်းကြောင့်သော်လည်းကောင်း၊ နာခံရိုကျိုးနွံအောင် သွန်သင်ထားသော ယဉ်ကျေးမှုဓလေ့ထုံးစံ များကြောင့်သောလည်းကောင်း ရရှိနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ဗဟုသဘော အများလက်ခံသောအာဏာစံပြပုံစံ၏ အရေး ကြီးဆုံးအချက်မှာ၊ အုပ်စိုးသူအား ပြည်သူတို့က အာဏာ၏အရင်းအမြစ်များ ပေးထားအပ်ထားကြခြင်းဖြစ်ပြီး၊ မိမိတို့ဝိုင်းဝန်းပေးထားသောအာဏာ၏ အရင်းအမြစ်များကို မပေးပဲပြန်ထိန်းသိမ်းထားခြင်းအားဖြင့်၊ အုပ်စိုးခွင့်ပေးထားမှုကို ပြန်လည် ရုပ်သိမ်းနိုင်ကြပါသည်။

ဒေါက်တာဂျင်းရှပ်၏အလိုအရ၊ ဗဟုသဘော အများလက်ခံသည့် အာဏာ၏သဘောသဘာဝကို နားလည်ရေးအတွက်၊ အခရာကျသော အာဏာ၏ အရင်းအမြစ် (၆) ခုရှိပါသည်။ ဤအချက်များကို နောက်ပိုင်းတွင် ဆက်လက်ဆွေးနွေးဖော်ပြပါမည်။ ဤအရင်းအမြစ်များကို အသုံးပြု၍ ချုပ်ကိုင်နိုင်ရေး၊ အာဏာလွှမ်းမိုးရေး၊ သို့မဟုတ် ကြားထားချေဖျက်ရေးအတွက် ကြိုးပမ်းရာ၌ အသုံးချနိုင်ကြပါသည်။ ဤအာဏာအရင်းအမြစ်များကို အဖွဲ့အစည်းများ၊ အသင်းများတွင် တွေ့ကြရပြီး၊ အခန်း (၂) တွင် ဆွေးနွေးဖော်ပြထားပါသည်။ အာဏာ၏ထောက်တိုင်များ (Pillars of Support) ဟုခေါ်ဆိုကြပါသည်။

## ၁။ အမိန့်အာဏာ

အမိန့်အာဏာသည် အုပ်စိုးခွင့်ရရေးနှင့် အုပ်စိုးခံပြည်သူတို့ နာခံအောင်လုပ်ရေးအတွက် အခြေခံဖြစ်သည်။ ရွေးကောက်ပွဲရလာဒ်များကို များသောအားဖြင့် အုပ်ချုပ်ခွင့်အမိန့်အာဏာတရားဝင်မှုဖြစ်စေအောင် လုပ်ခြင်းအဖြစ်ညွှန်းဆိုဖော်ပြလေ့ရှိသည်။ ဤအတွက်ကြောင့်ပင် တစ်ပါတီအာဏာရှင်အစိုးရ အတော်များများက ရွေးကောက်ပွဲများကျင်းပပေးပါသည်ဟု ပြောဆိုနေကြခြင်းဖြစ်ပြီး၊ မဲပုံးများကို ကိုယ့်ဖာသာဖြည့်ကြပါသည်။ မဲဆန္ဒရှင်များကို ကြောက်လန့်အောင်ပြုထားခြင်း၊ အတိုက်အခံတို့၏ မဲဆွယ်လှုပ်ရှားမှုများကို ချုပ်ချယ်ကန့်သတ်ထားခြင်း၊ မိမိဖက်က အရေးနိမ့်သောရလာဒ်ကို အသိအမှတ်ပြုရန်ငြင်းဆန်ခြင်း၊ အသိအမှတ်မပြုခြင်းများ ဆောင်ရွက်လေ့ရှိပါသည်။ တရားဝင်ဖြစ်မှုသည် အစိုးရတိုင်းအတွက်၊ အထူး အရေးကြီးလှပြီး၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရပေးအပ်ထားသော အမိန့်အာဏာကို ချိုးဖောက်ခြင်း၊ သို့မဟုတ် တရားမဝင်ရပ်တည်နေသော အစိုးရဖြစ်သည်ဟု မှတ်ယူခံကြရခြင်းသည်၊ နိုင်ငံတွင်းမှာရော၊ နိုင်ငံတကာအသိုင်းအဝိုင်းတွင်ပါ သူတို့အဖို့ ဆိုးရွားသောအကျိုးဆက်များနှင့် ကြုံရစေတတ်ပါသည်။

ပြည်တွင်း၌ အများသိတရားဝင်ဖြစ်မှု ဆုံးရှုံးခြင်းသည်၊ နိုင်ငံရေးအတိုက်အခံများဖက်က တရားဝင်မှုရှိကြောင်း ဖေါ်ပြသည့်အဓိက အကြောင်းအချက်ကြီးတစ်ရပ် ဖြစ်လာပါသည်။ နိုင်ငံရေးအတိုက်အခံများက “လူမှုပဋိညာဉ်စာတမ်း”ဆိုင်ရာ အခြေခံသဘောတရားကို ကိုင်စွဲကာ၊ ပြည်သူနှင့် အစိုးရအကြားချုပ်ဆိုထားသည့် သဘောတူညီမှုကို ချိုးဖောက်သည်။ အစိုးရအနေဖြင့် နိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို လက်ရောက်ကျူးလွန်ဖေါက်ဖျက်ပါသည်ဟု ဆိုနိုင်ကြသည်။ ဤအခြေခံသဘောကို ထောက်ပြ၍၊ အစိုးရအပေါ်နာခံရေး၊ ထောက်ခံအားပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတာဝန်များကို ငြင်းပယ်နိုင်သည်။

ပြည်ပ၌မူ အစိုးရတစ်ရပ်၏ တရားဝင်ဖြစ်မှုဆုံးရှုံးခြင်းကြောင့်၊ ထိုအစိုးရအပေါ် စီးပွါးရေးနှင့် နိုင်ငံရေးအရအရေးယူမှုများ ချမှတ်ပေးရန် တောင်းဆိုချက်များကို နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံလာစေနိုင်သည်။ စီးပွါးရေးနှင့် နိုင်ငံရေးသပိတ်မှောက်မှုများကြောင့် ဤကဲ့သို့သောအစိုးရများကို ချိနဲ့အားပျော့စေနိုင်သည်။ တောင်အာဖရိကနိုင်ငံရှိ အသားအရောင်ခွဲခြားသောအစိုးရနှင့် မြန်မာနိုင်ငံရှိ စစ်အာဏာရှင်အစိုးရတို့တွင် အလားတူဖြစ်ပျက်ခဲ့ပါသည်။ (၂၀၀၀) ခုနှစ်က ဇင်ဘာဘွေနိုင်ငံကို ဗြိတိသျှဓနသဟာရအဖွဲ့ဝင်နိုင်ငံအဖြစ်မှ ရပ်ဆိုင်းထားလိုက်ခြင်းသည်၊ မူဂါဘီအား ကိုလိုနီနိုင်ငံများ အဖြစ်မှ ဒီမိုကရေစီနိုင်ငံများအဖြစ်သို့ ကူးပြောင်းပြီးဖြစ်သော၊ ဒီမိုကရေစီအစိုးရများအကြားတွင် တစ်ပြေးတည်း ဝင်ရောက်ထိုင်ရန် ဖိတ်ခေါ်ခြင်း မပြုကြောင်းကို၊ အလေးအနက်ဖေါ်ပြလိုက်ခြင်းပင် ဖြစ်သည်။ ထို့အပြင် အာဏာရှင်အစိုးရများအဖို့ တိုင်းပြည်ကိုအုပ်ချုပ်ထားမှု ဆိုးရွားစွာတိုက်စားခံလာရသောအခါ၊ ဒီမိုကရေစီအတိုက်အခံအင်အားစုများအဖို့ ပြင်ပမှ ဘဏ္ဍာရေးနှင့်စိတ်ဓါတ်ရေးထောက်ခံအားပေးမှုများ ပို၍ရရှိလာဖွယ် ဖြစ်နိုင်ပါသည်။ သို့သော်လည်း၊ ဤသို့ နိုင်ငံတကာထောက်ခံအားပေးမှုများသက်သက်မျှဖြင့် အစိုးရတစ်ရပ်ကို အာဏာမှဖယ်ရှားပစ်ရန် မလုံလောက်ပါ။ ထို့အပြင် ဤကဲ့သို့သောဖိအားပေးအရေးယူဆောင်ရွက်မှုများသည်၊ အစိုးရထက် ပြည်သူလူထုပေါ် ပို၍ထိခိုက်နစ်နာစေမှုရှိပါက၊ ကောင်းကျိုးထက်ဆိုးကျိုးကိုဖြစ်ပေါ်စေတတ်ပါသည်။

## (၂) လူသားအရင်းအမြစ်များ

အစိုးရကိုထောက်ခံအားပေးသော၊ ပူးပေါင်းဆောင်ရွက်သော၊ လိုက်လျောခြင်းပြုသော လူအရေအတွက်သည် အစိုးရ တစ်ရပ်၏ အာဏာအတွက် အရေးတကြီးအဆုံးအဖြတ်ပေးသော အချင်းအရာတစ်ခု ဖြစ်ပါသည်။ ဤသို့ဆိုခြင်းဖြင့်၊ အကယ်၍ပြည်သူအများစုကြီးက၊ လက်ရှိအာဏာရခေါင်းဆောင်များကိုသဘောမကျပါက၊ အစိုးရအပြောင်းအလဲမုချဖြစ်ရတော့မည် ဟု ဆိုလိုခြင်း မဟုတ်ပါ။ ပြောင်းလဲရန် အလားအလာဖြစ်တန်ချေရှိနေပြီဟုသာ ဆိုလိုပါသည်။ သမိုင်းတစ်လျှောက်လုံးတွင်၊ လူနည်းစုကလေးက၊ လူများစုကြီးအပေါ် ဖိနှိပ်အုပ်ချုပ်ခဲ့မှုသာဓကများဖြင့် ပြည့်နှက်နေပါသည်။ တစ်နည်းဆိုရသော်၊ မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲသည်၊ လူထုအများစုကြီး၏ တက်ကြွသော ထောက်ခံအားပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိပါက အောင်မြင်နိုင်မည် မဟုတ်ပါ။ ဒီမိုကရေစီရေးတိုက်ပွဲတွင်၊ အရေအတွက်သည် အရေးကြီးလှပါသည်။

## (၃) ကျွမ်းကျင်မှုများနှင့် အသိအမြင်

အုပ်ချုပ်ပုံစနစ်များသည်၊ အပုံကြီးပို၍ ရှုပ်ထွေးနက်နဲလာခဲ့ပါသည်။ (၂၁) ရာစုအစ၌၊ အမေရိကန်ပြည် ထောင်စုသမတကို ကမ္ဘာပေါ်တွင် သြဇာတိက္ကမ အကြီးဆုံးပုဂ္ဂိုလ်အဖြစ် အများက လက်ခံအသိအမှတ်ပြုထားကြပါသည်။သို့ဖြစ်သည့်တိုင်၊ သြဇာအာဏာအကြီးဆုံးသော အနီအုပ်စိုးသူသည်၊ လေယာဉ်များနှင့် လေကြောင်းအစီအစဉ်များထိန်းသိမ်းခြင်း၊ ပင်လယ် ရေကြောင်းဥပဒေ ကျင့်သုံးခြင်း၊ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းလေ့လာမှုများဆောင်ရွက်ခြင်း၊ အခွန်တော်ငွေကောက်ခံခြင်း၊ စစ်ရေး စီမံကိန်းများရေးဆွဲခြင်း၊ ရိက္ခာဖြန့်ဝေခြင်း၊ ဆက်သွယ်ရေးကွန်ယက်များတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း တာဝန်များနှင့် တပြုံတမကြီးရှိနေသော အခြားကျွမ်းကျင်မှုများအကြောင်းများကို အနည်းအကျဉ်းသာ သိနိုင်သည်။ သို့ မဟုတ် လုံးဝသိရှိမည် မဟုတ်ချေ။ ဆိုလိုသည်မှာ အများပြည်သူတို့က ဖြည့်ဆီးပေးသော ကျွမ်းကျင်မှုများနှင့် အသိအမြင် များကြောင့် အစိုးရ၏လုပ်ငန်းအဆင့်ဆင့် လည်ပတ်နေခြင်း ဖြစ်သည်။ ဤသို့သော အကျိုးဆောင်ပေးမှုများမရှိလျှင် အစိုးရ တစ်ရပ် ပြိုလဲသွားပေလိမ့်မည်။

## (၄) လက်ဆုပ်လက်ကိုင်ပြ၍မရသော အကြောင်းအချက်များ

၎င်းတို့၏အရေးပါမှုကို အတိအကျတိုင်းတာဖော်ပြရန်ခက်ခဲ့သော်လည်း၊ မမြင်ရသောအကြောင်းများဖြစ်သည့် ဘာသာတရား ကိုးကွယ်ယုံကြည်မှု၊ နာခံမှုနှင့် ကျိုးနွံမှုအပေါ် လူတို့၏သဘောထားများ၊ တာဝန်သိစိတ်ဓါတ်၊ သို့မဟုတ် ယဉ်ကျေးမှုဓလေ့ထုံး တမ်းဆိုင်ရာစံ သတ် မှတ်ချက်များကဲ့သို့သော အချက်များတို့သည်၊ အစိုးရနှင့် ပြည်သူတို့၏ ဆက်ဆံရေးအပေါ် အကျိုးသက် ရောက်မှု ရှိပါသည်။ ဥပမာ– "ဘုရားသခင်ပေးအပ်သနားသော မင်းတို့၏အခွင့်အာဏာ"(divine right of kings) တည် ရာ လူ့အဖွဲ့အစည်းအချို့၌ လူအတော်များများက၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတို့သည် ကမ္ဘာမြေပေါ်တွင် ဘုရားသခင်၏ ကိုယ်စားလှယ်တော်များဖြစ်သည် ဟူသောအယူအဆကို လက်ခံထားခဲ့သော ကာလတစ်ခုပင် ရှိခဲ့ဖူးပါသည်။ အစိုးရမင်းကို မနာခံခြင်းသည် ဘုရားသခင်ကို မနာခံရာရောက်သည်ဟု ယူဆသည်။ ဂျပန်နိုင်ငံ၌ ပြည့်ရှင်အင်ပါယာကို ဘုရားလည်းဖြစ်၊ ဘုရင်လည်းဖြစ်ဟု ယုံကြည်ခဲ့ကြသည်။ ဒီမိုကရေစီသည် အနီပတ်ဝန်းကျင်အခြေအနေမျိုး၌ ရှိနေနိုင်မည်မဟုတ်ပါ။ (၂၁) ရာစု သို့ကူးပြောင်းလာသောကာလ၌ပင်၊ အချို့သောအစိုးရများထဲ၌၊ အစ္စလမ်ဘာသာနှင့် ရေးရိုးစဉ်လာနိုင်ငံရေးအာဏာတို့ ပေါင်း မိသွားသော ဖြစ်ရပ်များ ရှိခဲ့သေးသည်။ "ဆီဇာ့ပိုင်ပစ္စည်းကို ဆီဇာ့ထံပြန်လည်ပေးအပ်ရန်"ဆိုသည်မှာ လုံးဝလျော်ကန်သည့် အဆိုဟုဆိုစေဦးတော့၊ ဆီဇာ အမှန်တကယ်တမ်းပိုင်ဆိုင်သည် ဆိုသောအရာများနှင့်ပတ်သက်၍တော့၊ ပထမဦးစွာ ငြင်းခုန် ဆွေးနွေးရပေလိမ့်ဦးမည်။ တကယ်တော့ ဒီမိုကရေစီဆိုသည်မှာ အုပ်စိုးသူ၏လက်ဝယ်ရှိ မည်သည့်အာဏာမဆို၊ ပြည်သူတို့ ထံမှ "ချေးငှားထားခြင်းသာဖြစ်ပြီး"၊ ဤယုံကြည်မှုအပေါ်မှာသာ အခြေခံဆုံးဖြတ် နိုင်ပေမည်။

## (၅) ရုပ်ဝတ္ထုအရင်းအမြစ်များ

"နဲပုလွေမှုတ်သူကို ပိုက်ဆံပေးသူကသာ တေးသွားကို ရွေးချယ်ခွင့်ရှိသည်။" ဟူသောစကားသည် နိုင်ငံရေးနှင့်အမှန်သက် ဆိုင်သော စကားဖြစ်သည်။ စီးပွါးရေး၊ ရုပ်ဝတ္ထုပစ္စည်း၊ သဘာဝအရင်းအမြစ်၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့ကို ထိန်းချုပ်ထားခြင်းသည် ပြည်သူတို့အပေါ်အာဏာကျင့်သုံးနိုင်ရန်၊ အရေးကြီးသောအချက်တစ်ခု ဖြစ်သည်။ ဥပမာ–စိုက်ပျိုး မြေများကို၊ နိုင်ငံတော်ပိုင်ပြုလုပ်ထားခြင်းသည်၊ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးနေကြရသော၊ မိသားစုများ၏ ဘဝများ၏ အရေးကြီးသော ကဏ္ဍကို နိုင်ငံတော်အစိုးရက ထိထိမိမိချုပ်ကိုင်ထားလိုက်ခြင်းပင် ဖြစ်သည်။ အလားတူပင် စာပေစီစစ်တည်း ဖြတ် ဆင်ဆာဖြတ်တောက်မှု ကြီးစိုးသောနိုင်ငံများ၌၊ သတင်းစာဂျာနယ်လောကတွင် ပါဝင်ပါတ်သက်နေသူအားလုံး၏ ဘဝ များကို အစိုးရကချုပ်ကိုင်ထားလိုက်ခြင်းပင် ဖြစ်သည်။ သို့မဟုတ် သြဇာလွှမ်းမိုးထားလိုက်နိုင်သည်။ ရေနံလုပ်ငန်းကို နိုင်ငံပိုင် လုပ်ထားသော နိုင်ငံများ၌၊ ပြည်သူများထံမှ အခွန်တော်ငွေကို မှီခိုအားထားနေရန် မလိုတော့ပေ။ ပြည်သူတို့၏ အခွန်တော် ငွေအပေါ်တွင် အားထားစရာမလိုတော့သောကြောင့်၊ အစိုးရက ဘဏ္ဍာငွေသုံးစွဲခြင်းကို အိပ်ထဲမှထုတ်သုံးသည့်အတိုင်း စိတ် တိုင်းကျ အာဏာတည်စေတော့သည်။

## (၆) အပြစ်ပေး အရေးယူမှုများ

ဥပဒေနှင့် စည်းမျဉ်းများအပါအဝင်၊ အစိုးရ၏ဥပဒေများကို လိုက်နာထောက်ခံအောင် အကျပ်ကိုင်နိုင်စွမ်းသည် ပြည်သူလူထု၏ ထောက်ခံမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် လိုက်လျောမှုအပေါ် မူတည်ပါသည်။ အပြစ်ဒဏ်ပေး အရေးယူမှုကို၊ ပြစ်ဒဏ်ခတ်ရန် အတွက်နှင့် လက်မခံနိုင်ဖွယ်အပြုအမူတို့ကို တားဆီးရန်အတွက် ကျင့်သုံးပါသည်။ အရေးယူမှုများထိရောက်စေရန်အတွက်

ကွပ်မျက်ခြင်း၊သို့မဟုတ် ထောင်ဒဏ်ချမှတ်ခြင်းများကဲ့သို့ အလွန်ကြမ်းတမ်းသည့်၊ ပြင်းထန်သည့်လုပ်ရပ်မျိုး မလိုအပ်ပါ။ အလုပ်ခန့်အပ်ရန်ငြင်းပယ်ခြင်း၊ သို့မဟုတ် အလုပ်ရပ်ဆိုင်းပစ်ခြင်း၊ အနားယူပိုင်ခွင့် အခွင့်အရေးများကို ရုပ်သိမ်းခြင်း၊ ပညာသင်ကြားခွင့်နှင့် အလုပ်ရာထူးတိုးတက်မည့်အခွင့်အလမ်းများကို ငြင်းပယ်ခြင်း၊ ခရီးသွားလာမှုကို ထိန်းချုပ်ခြင်း၊ (နိုင်ငံကူးလက်မှတ် ထုတ်မပေးပဲထားခြင်း)၊ ပိုင်ဆိုင်သည့်ပစ္စည်းကို "ပြည်သူပိုင်သိမ်းမည့်စာရင်း" ထဲ ထည့်သွင်းခြင်း၊ သောက်သုံးရေဖြတ်တောက်ခြင်းနှင့် အခြားအရေးယူမှုမှန်သမျှကို ထိထိမိမိကျင့်သုံး၍ နာခံမှုရလာစေရန် ဆောင်ရွက်နိုင်ပါသည်။ တစ်ပါတီအာဏာရှင်ကြီးစိုးရာ အချို့နိုင်ငံများ၌ သတင်းပြန်ကြားရေးလောကမှပုဂ္ဂိုလ်များသည်၊  မိမိတို့ရေးသည့်စာကို မိမိကိုယ်တိုင်ဆင်ခြင်တည်းဖြတ်နေကြရပါသည်။ အကြောင်းမှာ၊ အစိုးရက စာအုပ်စာတမ်းများဖြန့်ချီမှုကို ထိန်းချုပ်ခြင်း၊ သို့မဟုတ် ရေဒီယို၊ ရုပ်မြင်သံကြားထုတ်လွှင့်မှု လိုင်စင်များကိုရုပ်သိမ်းခြင်းအားဖြင့်၊ စာအုပ်တိုက်များနှင့် သတင်းအဖွဲ့အစည်းများကို ပိတ်ပင်နိုင်စွမ်းရှိသောကြောင့် ဖြစ်ပါသည်။ ဤသို့သောအရေးယူမှုများသည် နေရာအနှံ့အပြား ဖြစ်ပွါးနေကြပါသည်။

အပြစ်ပေး အရေးယူမှုသည် အစိုးရတိုင်း၏လက်သုံးကရိယာဖြစ်ပါသည်။ အများအားဖြင့် ၎င်းတို့ကို လူမှုအဖွဲ့အစည်းကို ဆန့်ကျင်ထိခိုက်စေသော လုပ်ရပ်များနှိမ်နင်းရေးအတွက် သုံးလေ့ရှိကြပါသည်။ အခြားအချိန်များ၌မူ အစိုးရ၏နိုင်ငံရေးရည်ရွယ်ချက်အတွက် ပြည်သူလူထုကို အကြမ်းဖက်ခြိမ်းခြောက်ရန်နှင့် ဒဏ်ခတ်ရန်လက်နက်အဖြစ်သုံးကြပါသည်။ ဥပမာ၊ နာဇီဂျာမဏီသည် ဂျာမန်စစ်တပ်သိမ်းပိုက်ထားမှု ဆန့်ကျင်ရေးမြေအောက်လှုပ်ရှားမှုများ နောက်ထပ်မလုပ်အောင် တားဆီးသည့်အနေဖြင့်၊ ဝိုင်းကြီးချုပ်ဒဏ်ခတ်နည်း (collective punishment) ကိုသုံးခဲ့ပါသည်။ ဤရာစုအရောက်၌ အစ္စရေးအစိုးရက ဝိုင်းကြီးချုပ်ဒဏ်ခတ်နည်းကို၊ အကြမ်းဖက်လုပ်ရပ်များဟန့်တားရေးနည်းလမ်းအဖြစ်၊ သုံးရန် တရားမျှတကြောင်း ဖေါ်ပြခဲ့ပါသည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏လုပ်ရပ်အတွက်၊ လူအုပ်စုတစုလုံးကို အပြစ်ပေးဒဏ်ခတ်ခြင်းသည်၊ အခြေခံလူ့အခွင့်အရေးချိုးဖေါက်မှုတစ်ရပ် ဖြစ်ပါသည်။ ဤသို့နည်းလမ်းကို ထိရောက်သောဟန့်တားမှုတစ်ခုအဖြစ် အသုံးဝင်သည်ဆိုသည်မှာလည်း များစွာ သံသယဖြစ်ဖွယ် ရှိပါသည်။ ဤသို့ ဝိုင်းကြီးချုပ်ဒဏ်ခတ်ခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်းများသည်၊ မျှော်လင့်ရည်မှန်းထားသည့်ရည်မှန်းချက်နှင့် ဆန့်ကျင်ဖက်ဖြစ်သော၊ အကျိုးသက်ရောက်မှုများကိုလည်း ဖြစ်စေနိုင်ပါသည်။ ဝိုင်းကြီးချုပ်ဒဏ်ခတ်မှုသည် အကြမ်းဖက်လုပ်ရပ်များ နောက်နောင်မလုပ်အောင် ဟန့်တားရာရောက်သည်ထက်၊ လက်စားချေ လက်တုံ့ပြန်ရန်သာ သံန္နိဋ္ဌာန်ချကြသည့်အဖြစ်သို့ ရောက်သွားစေနိုင်ပါသည်။

## အကျဉ်းချုပ်

အခန်း (၁) တွင် အာဏာ၏ အခြေခံပုံစံ (၂) ခုကို စီစစ်တင်ပြထားပါသည်။ ကျောက်တိုင်သဖွယ် အာဏာတည်ဆောက်ထားသည့်ပုံစံက သရုပ်ဖေါ်ပြသည်မှာ၊ ပြည်သူတို့က အုပ်စိုးသူအပေါ် မှီတင်းနေထိုင်ရာ၊ အပြောင်းအလဲကင်းမဲ့သည့် အာဏာအဆောက်အအုံတစ်ခုထဲတွင် ကျင့်သုံးသော အာဏာဖြစ်သည်။ ဗဟုသဘော အများလက်ခံသော ပုံစံကဖေါ်ပြသည်မှာ၊ ဤအဆိုနှင့် လုံးဝမတူခြားနားစွာ၊ အုပ်စိုးသူက ပြည်သူလူထု အပေါ် မှီခိုလျက် ကျင့်သုံးသော အာဏာဖြစ်ပါသည်။ ပြည်သူတို့က အုပ်စိုးသူအား ပေးထားသောအာဏာ၏ အရင်းအမြစ်များကိုလည်း ဖေါ်ထုတ်ပြထားပါသည်။ ဤအာဏာ၏ အရင်းအမြစ်များကို အုပ်စိုးသူထံမှနေ၍ ပြန်ရုပ်သိမ်းလိုက်ပါက၊ သူတို့တွင် အုပ်စိုးနိုင်စွမ်း မရှိနိုင်တော့အောင် ဆောင်ရွက်နိုင်ပါသည်။

ပို၍ ရှင်းလင်းစွာဖော်ပြရလျှင်၊ အစိုးရတစ်ရပ်၏ နေ့တဓူဝလုပ်ဆောင်ချက်များကို ခွင့်လည်းပြု၊ ဆက်လက်၍လည်း တည်တံ့နေအောင် ထိန်းသိမ်းပေးသော တည်ဆောက်ထားပုံ၊ အဆောက်အအုံအမျိုးမျိုးကို အစိုးရ၏ "အာဏာထောက်တိုင်များ"အဖြစ် ဖော်ပြထားခဲ့ပါသည်။ သို့ဖြစ်ရာ၊ အစိုးရအတွင်းနှင့် ပြင်ပရှိ၊ အဖွဲ့အစည်းများ၊ အသင်းအပင်းများတွင်၊ အာဏာ၏ အရင်း အမြစ်များကို တွေ့ရှိနိုင်ကြပါသည်။ (ပုံ–၃၊ အာဏာ၏ ထောက်တိုင်များကို ကြည့်ပါ။) အာဏာရှင်အစိုးရအား အတိုက်အခံ ပြုနေသူများအဖို့လည်း၊ ထောက်တိုင်များ လိုအပ်ပါသည်။ အရေးကြီးသော ထောက်တိုင်များ သိသိသာသာချိနဲ့အားနည်း သွားလျှင်၊ အစိုးရဖြစ်စေ၊ အတိုက်အခံဖြစ်စေ ပြိုလဲကျသွားနိုင်ပါသည်။ အဆောက်အဦးတစ်ခုတွင် ၎င်းကိုထောက်ကူကျားကန်ထားသော အစိတ်အပိုင်းများ ချိနဲ့ယိုင်ဆင်းသွားလျှင်၊ အိမ်တစ်လုံး သူ့အလိုလို ပြိုကျသွားသကဲ့သို့ ဖြစ်ပါသည်။

## အခန်း(၂)
## ထောက်တိုင်များ

**ထိုသို့တပြီးကား၊ ဒလိုင်လက ဆမ်ဆွန်ကို ဤသို့ပြော၏။ "ငါ့ကိုပြောပါ။ ငါ သူတို့အတွက် ဆုတောင်းပေးပါမည်။ သင်၏ ခွန်အားသည် အဘယ်နေရာမှာ တည်နေပါသနည်း။ သူတို့ကို အဘယ်သို့အလဲထိုးနိုင်အံ့နည်း။"**

ဂျပ်ဂျက်စ် **(Judge.16-6)**

အဖွဲ့အစည်းများ၊ အသင်းအပင်းများတွင် ပြီးခဲ့သောအခန်းမှာဖေါ်ပြထားသည့်၊ အာဏာ၏ အရင်းအမြစ်များ ပေါင်းစပ်ပါဝင်နေပါသည်။ ဤအဖွဲ့အစည်းများကို အသုံးချဖန်တီးထားသော၊ အာဏာ၏အရင်းအမြစ်များကြောင့်၊ အစိုးရက အုပ်စိုးနိုင်နေခြင်းဖြစ်သည်။ အစိုးရများအားလုံးသည် အာဏာ၏ထောက်တိုင်များကို အားထားမှုရှိကြပြီး၊ မည်သည့် ထောက်တိုင်များကို ပို၍အားထားသနည်းဆိုသည်မှာ၊ အစိုးရတစ်ခုနှင့် ကွဲပြားခြားနားမှု ရှိပါသည်။ တချိန်တည်းမှာပင်၊ တစ်ပါတီအာဏာရှင် အစိုးရများသည် အတိုက်အခံတို့၏ ထောက်တိုင်များ တိုးချဲ့လာမှုနှင့် အင်အားတို့ကိုကန့်သတ်ရန်ကြိုးပမ်းကြပါသည်။ မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲတစ်ခုတွင်၊ ဦးစီးညွှန်ကြားသူများ အလေးထားအာရုံစိုက်သင့်သော အချက်သည်၊ အဓိကအားဖြင့် ထောက်တိုင်များနေထားတကျ စီစဉ်ခြင်းနှင့် ထောက်တိုင်များ၏ထိရောက်မှုစွမ်းပကားတို့ကို တည်ဆောက်ခြင်းဆိုသည်မှာ ထူးဆန်းသော အံ့သြဖွယ် ကိစ္စမဟုတ်ပါ။

### ထောက်တိုင်များဖေါ်ထုတ်သတ်မှတ်ခြင်း

အစိုးရတစ်ရပ်ကို အတိုက်အခံပြုသူများက၊ အကြမ်းမဖက် မဟာဗျူဟာတစ်ခုချမှတ်ရန် စတင် စဉ်းစားရာ၌၊ ထောက်တိုင်များ ဖေါ်ထုတ်သတ်မှတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းတို့သည် အခြေခံကျသော လုပ်ဆောင်ချက်ဖြစ်သည်။ အစိုးရ၏အဓိက ထောက်တိုင်များကို ချိနဲ့အားပျော့သွားအောင်၊ သို့မဟုတ် ပျက်စီးဆုံးပါးသွားအောင်မလုပ်နိုင်သ၍ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဖြစ်ရန်၊ အစိုးရအပြောင်းအလဲဖြစ်ရန် အလားအလာမရှိပါ။ သို့ဖြစ်ရာ အာဏာရှင်အစိုးရကိုအကြမ်းမ ဖက်တိုက်ပွဲဆင်နေသူများအနေဖြင့်၊ အရေးပါသော အဖွဲ့အစည်းများ၊ အသင်းအပင်းများကို အထူးအာရုံစိုက်နေကြရပေမည်။

### ရဲတပ်ဖွဲ့၊ ပုလိပ်တပ်ဖွဲ့

"ကာကွယ်စောင့်ရှောက်ပေးရန်နှင့် အလုပ်အကြွေးပြုရန်"ဟူသောဆောင်ပုဒ်သည်၊ ကမ္ဘာတလွှားရှိရဲဌာန အများစုက ပြည်သူလူထုအား ပြသရန်ကြိုးစားသောအသွင်သဏ္ဌာန် (image) ဖြစ်ပါသည်။ သို့သော်လည်း၊ အမှန်တကယ်ကာကွယ်စောင့်ရှောက်ပေးနေသော၊ အလုပ်အကြွေးပြုနေသောသူများမှာ၊ မည်သည့်အခါကမျှ ပြည်သူလူထု မဟုတ်ခဲ့ချေ။ အမှန်တကယ်တွင် အစိုးရ၏ ဤအမြင်သာဆုံးနှင့် မမြင်ချင်အဆုံးဖြစ်နေသော "မျက်နှာ"သည်၊ ခြစားပြီးဖိနှိပ်သော အစိုးရများကို ကာကွယ်စောင့်ရှောက်ပေးနေခြင်းနှင့် အလုပ်အကြွေးပြုခြင်းတာဝန်ကိုသာ ထမ်းဆောင်နေပါသည်။

ခြစားမှု စနစ်တကျ၊ အနှံ့အပြားဖြစ်နေသောနိုင်ငံ၌၊ အစိုးရအပြောင်းအလဲဖြစ်ရန်၊ မဖြစ်နိုင်ဟု မဟုတ်လျှင်သော်မှ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဖြစ်ပေါ်ရန် အလွန်ခက်ခဲတတ်သည်မှာ၊ ယေဘုယျတွေးကြည့်လျှင်ပင် သိနိုင်ပါသည်။ ဒီမိုကရေစီရှိ

သော လူ့အဖွဲ့အစည်းများ၌ပင်လျှင်၊ ရဲတပ်ဖွဲ့အတွင်း၌ ခြစားမှုအမြစ်တွယ်သွားပါက၊ ရဲတပ်ဖွဲ့ဝင်များက အစီရင်ခံနေကြရသော ပုဂ္ဂိုလ်များကို ဖယ်ရှားပစ်ခြင်းအားဖြင့်သာလျှင်၊ ပြုပြင်ပြောင်းလဲရေးကို လုပ်နိုင်ပေသည်။ နယ်မြေရဲတပ်ဖွဲ့များကို နယ်မြေဆိုင်ရာ ရွေးကောက်တင်မြှောက်ခံရသော အရာရှိများ၏ ကြီးကြပ်မှုအောက်တွင်ထားခြင်းဖြင့်၊ ကောင်းသောအချက်မှာ ပြည်သူတို့ က ရဲတပ်ဖွဲ့ဝင်များ၏လုပ်ရပ်အပေါ် တိုက်ရိုက်တာဝန်ရှိသူကို ကိုင်တွယ်နိုင်ခြင်းပင်ဖြစ်သည်။ နိုင်ငံလုံးဆိုင်ရာရဲတပ်ဖွဲ့ထားရှိသော နိုင်ငံများ၌ နယ်မြေအဆင့်မှာရှိသော ရဲတပ်ဖွဲ့ဝင်များ၏အပြုအမူအပေါ် လွှမ်းမိုးရန်ကြိုးစားရသည်မှာ ပို၍အခက်တွေ့ရပါသည်။

ပြည်သူတို့အနေနှင့်ရဲတပ်ဖွဲ့ဝင်တို့၏ သဘောထားနှင့်အပြုအမူတို့ကို ပြောင်းလဲပစ်ရန်အတွက်၊ အစိုးရအပြောင်းအလဲဖြစ်စေရန် စောင့်ဆိုင်းနေစရာ မလိုအပ်ပါ။ ရဲတို့နှင့်ပတ်သက်၍ စွဲမှတ်ထားသင့်သောအချက်အချို့ရှိပါသည်။ ပထမအချက်မှာ ရဲများသည်၊ ယေဘုယျအားဖြင့် သူတို့အမှုထမ်းရာ လူမှုအသိုင်းအဝိုင်းအတွင်း၌ပင် နေထိုင်လေ့ရှိခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သူတို့၏မိသားစုများ၊ ဆွေမျိုးများ၊ အသိအကျွမ်းနှင့် မိတ်ဆွေများသည် (ဥပမာ–ကျောင်းများ၊ စီးပွါးရေးလုပ်ငန်းများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် လူမှုရေးအုပ်စုများ) နှင့် ဆက်ဆံရေးကွန်ယက်တစ်ခုအဖြစ် ပေါင်းဖွဲ့ထားလျက်သားဖြစ်နေပါသည်။ သို့ဖြစ်ရာ အစိုးရက လူမှုအသိုင်းအဝိုင်းအတွင်းရှိ အစိုးရဆန့်ကျင်ရေးသမားများကို၊ ရာဇဝတ်ကောင်များ၊ သူလျှိုများ၊ သို့မဟုတ် အကြမ်းဖက်သမားများအဖြစ် ဝါဒဖြန့်သည် ဆိုကြပါစို့။ အစိုးရ၏ဝါဒဖြန့်ချိမှုကို အကဲဖြတ်ရာ၌ ရဲတို့က၊ မိမိတို့ဝန်းကျင်ကို ကိုးကားစရာအဖြစ် ကြည့်ရှုနိုင်ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်း၊ နော်ဝေးလူမျိုးတို့၏ ဂျာမန်သိမ်းပိုက်မှု ဆန့်ကျင်ရေးလှုပ်ရှားမှုကို သုတေသနပြုရင်း၊ နော်ဝေးနိုင်ငံတွင် နေထိုင်ခဲ့ဖူးသော ဒေါက်တာဂျင်းရှပ်က၊ ဂျာမန်အာဏာပိုင်တို့၏ အမိန့်ကို “သစ္စာရှိစွာ”ဖေါ်ဆောင်ပေးခဲ့သော၊ နယ်မြေခံရဲတို့၏အကြောင်းများကို အရသာခံ၍ ကြည်နူးစွာ ပြန်ပြောင်းပြောပြခဲ့ပါသည်။ ဖြစ်ရပ်တစ်ခု၌ နယ်မြေခံရဲများက အဖမ်းခံရမည့်သူ၏ မိသားစုများနှင့်ဆက်သွယ်ပြီး၊ ထိုသူကို ဖမ်းမည့်အရာရှိများက မည်သည့်နေ့၊ မည်သည့်နာရီ၊ မည်သည့်မိနစ်တွင် အိမ်တိုင်ရာရောက်လာရောက်ဖမ်းဆီးလိမ့်မည်ဖြစ်ကြောင်းနှင့် ထိုသူကို စောင့်ဆိုင်းတွေ့ဆုံရန် အသိပေးပါမည့်အကြောင်း မေတ္တာရပ်ခံခဲ့သည်ဟု ဆိုပါသည်။

ဒုတိယအချက်မှာ၊ ယေဘုယျအားဖြင့်ပြောရလျှင် ဖိနှိပ်သူအစိုးရတစ်ရပ်၏ အမိန့်များကို အကောင်အထည်ဖေါ်ဆောင်ပေးနေရသော ရဲတပ်ဖွဲ့ဝင်များကို ပြည်သူလူထု၏ရန်သူအဖြစ် မမြင်သင့်ပါ။ သူတို့သည် ကျဆုံးနေသောစနစ်တစ်ခုကို အလုပ်အကျွေးပြုနေကြသည့် ကျေးကျွန်များသာ ဖြစ်ပါသည်။ ဖယ်ရှားပစ်ရန် လိုအပ်သည်မှာ စနစ်သာလျှင်ဖြစ်သည်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းကို အလုပ်အကျွေးပြုရန်နှင့်ကာကွယ်စောင့်ရှောက်ပေးရန်အတွက်၊ လေ့ကျင့်မှုနှင့်ကျွမ်းကျင်မှုများရှိနေသော၊ ရိုးသားသည့် ဂုဏ်ပြုလောက်ဖွယ်ရာ ပုဂ္ဂိုလ်များ မဟုတ်ကြပါ။ တကယ်တော့ လူသတ်မှု၊ညှင်းပန်းနှိပ်စက်မှု၊ သို့မဟုတ် လုယက်မှုများဖြင့် ရာဇဝတ်မှုကြောင်းအရ တရားစွဲဆိုရမည့်သူ အချို့လည်း ၎င်းရဲတပ်ဖွဲ့အတွင်း၌ ရှိကောင်းရှိနေနိုင်ပါသည်။ ဖယ်ရှားမည်ဆိုလျှင် ဤပုဂ္ဂိုလ်များကိုသာ ကွက်၍ဖယ်ရှားသင့်ပါသည်။ ရဲတပ်ဖွဲ့အတွင်း အမှုထမ်းနေသူအားလုံးကို ဖယ်ရှားပစ်ရန် မသင့်ပါ။

## စစ်တပ်

အာဏာတည်မြဲရေးအတွက် စစ်တပ်အသုံးပြုခြင်းကို၊ အာဏာရှင်အစိုးရများက “နိုင်ဖဲ”တစ်ချပ်ဟု မြင်ကြပါသည်။ လူမှုအဖွဲ့အစည်းအတွင်း နေထိုင်လုပ်ကိုင်နေကြရသော ရဲတပ်ဖွဲ့ဝင်များနှင့်မတူပဲ၊ စစ်တပ်တပ်ဖွဲ့များကို စစ်တပ်ပိုင်အိုးအိမ်၊ ဈေးနယ်မြေ၊ ဆေးရုံနှင့် ကျောင်းများထားရှိလျက်၊ အရပ်ဖက် လူမှုအဖွဲ့အစည်းနှင့် တစ်ဦးတခြားခွဲခြားထားလေ့ရှိကြပါသည်။ အများပြည်သူနှင့် ဤသို့ခွဲခြားထားခြင်းသည်၊ စစ်တပ်နှင့်အရပ်သားမိသားစုများအကြား ပုဂ္ဂိုလ်ရေးဆက်ဆံရေး ရှိမလာရလေအောင် ဟန့်တားထားသကဲ့သို့ ဖြစ်နေပါသည်။ အတိအလင်းဖြစ်ပွါးနေသော နိုင်ငံရေးပဋိပက္ခများတွင်၊ အစိုးရက စစ်တပ်ကိုသုံးရန် ဆုံးဖြတ်လိုက်သောအခါ၌၊ စစ်တပ်တပ်ဖွဲ့များအနေဖြင့် အကြမ်းဖက်ရာ၌ ထိန်းသိမ်းလုပ်ဆောင်ရလေအောင်၊ သူတို့အဖို့ စိတ်ဝင်စားမှု၊ အကျိုးစီးပွါး မက်လုံးသိပ်မရှိလှပါ။ (၁၉၈၈) ခုနှစ်၊ မြန်မာနိုင်ငံနှင့် နောက်တနှစ်အကြာ တရုတ်နိုင်ငံတို့တွင် ဖြစ်ပွါးခဲ့သောလူထုအုံကြွမှုများ၌ အစိုးရတို့သည်၊ လောလောဆယ်အရေးအခင်းဖြစ်ပွါးသော နေရာဒေသ၏ပြင်ပမှ ခြေလျင်တပ်ဖွဲ့များကို ခေါ်ယူ၍ ချေမှုန်းစေရန် စေခိုင်းခဲ့ပါသည်။ ဤသို့သောကျင်အခြေအနေဆိုးများတွင်၊ စစ်သားများသည် နယ်မြေခံရဲတပ်ဖွဲ့များနှင့် အရပ်သားလက်နက်ကိုင်တပ်ဖွဲ့များထက်ပို၍လည်း အမိန့်နာခံတတ်သည်၊ အားကိုးရသည်ဟု အာဏာပိုင်တို့က ယူဆကြပါသည်။ ရောမဆန္ဒပြပွဲကြီးများဖြစ်လာစရာရှိသည်ဟု ကြိုတင်တွက်မိသော အချို့နိုင်ငံများ၌၊ စစ်တပ်သုံးရန်လိုအပ်မည့်အခြေအနေမျိုးဖန်တီးပေးရန်အတွက်၊ အထူးလေ့ကျင့်၊ အထူးလက်နက်ကရိယာတပ်ဆင်ထားသော အဓိကရုဏ်းနှိမ်နင်းရေးတပ်ဖွဲ့များလည်း ဖွဲ့ထားတတ်ကြပါသည်။

စစ်တပ်၏ အရပ်သားဆန္ဒပြကန့်ကွက်သူများအပေါ်နှိမ်နင်းလိုစိတ် လျော့နည်းသွားရေးအတွက်၊ စီမံကိန်းရေးဆွဲရာ၌ အခရာကျသည်မှာ စစ်သားတို့၏အသက်နှင့် ၎င်းတို့မိသားစုများ၏ အသက်အန္တရာယ်အတွက်စိုးရိမ်စရာမလိုကြောင်း၊ ဒီမိုကရေစီစိုးမိုးမှုအောက်တွင် ကျင့်ဝတ်လိုက်နာသော စစ်မှုထမ်းကောင်းများအတွက် လုံခြုံစိတ်ချရသော အနာဂတ်ရှိမည်ဖြစ်ကြောင်းတို့ကို၊ စစ်သားများယုံကြည်လာအောင် နားချပေးကြရန်ဖြစ်သည်။

စစ်တပ် တပ်ဖွဲ့များအနေဖြင့်၊ အမိန့်ကိုမည်သို့ တုံ့ပြန်သနည်းဆိုသည့်အချက်မှာ၊ တပ်မှူးများ၏သဘောထား၊ တန်ဖိုးထားမှုများနှင့် မိမိကျွမ်းကျင်မှုအပေါ် လေးစားစိတ်တို့က ဩဇာလွှမ်းမိုးထားပါသည်။ စစ်တပ်အရာရှိတို့သည် မိမိတို့ကိုယ်မိမိတို့ ပြည်ချစ်စိတ်ဓါတ်ရှိသည်၊ သစ္စာရှိသည်၊ နိုင်ငံရေးအရ ရှေးရိုးစွဲဆန်သည်ဟု မြင်လေ့ရှိကြသည်။ ရံဖန်ရံခါ၌ သူတို့၏ကျွမ်းကျင်မှုပိုင်းဆိုင်ရာကို လေးစားလိုက်နာရေးစိတ်ဓါတ်ကြောင့်၊ နိုင်ငံရေးခေါင်းဆောင်မှုကို မျက်ကန်းသဖွယ်ထောက်ခံအားပေးလိုက်နာတတ်ကြသည်။ အဒေါ့ဖ် ဟစ်တလာလက်အောက်ရှိ ဂျာမန်စစ်ဦးစီးအဖွဲ့သည်၊ ဟစ်တလာ၏ နိုင်ငံရေးရည်မှန်းချက်များကို သဘောတူခြင်းမရှိကြသော်လည်း၊ ဖူးဟားခေါင်းဆောင်ကြီး **(Fuehrer)** ၏ အလိုကို ဖြည့်ဆီးပေးမည့် စစ်ရေးစီမံကိန်းများကို ရေးဆွဲပေးခဲ့ကြဖူးသည်။ ဤနေရာ၌ အဓိကအချက်မှာ ဂျာမန်ရိုင်းစတက်လွှတ်တော် **(German Reichstag)** ရှိ အကြီးဆုံးပါတီ၏ ခေါင်းဆောင်အနေဖြင့်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အညီ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံထားရသော၊ ဟစ်တလာကို တရားဝင်အုပ်ချုပ်သူအဖြစ်သတ်မှတ်ထားကြသောကြောင့် ဖြစ်သည်။

စစ်တပ်ယဉ်ကျေးမှုထဲသို့၊ ဒီမိုကရေစီတန်ဖိုးများသွတ်သွင်းပေးခြင်းသည်၊ အရပ်သားပြည်သူတို့အပေါ် စစ်တပ်၏အင်အားကြီးလှသောစွမ်းပကားကို မသုံးစွဲနိုင်စေရန်၊ ကန့်သတ်ရာ၌ အဓိကကျသော အကြောင်းအချက်တစ်ခုဖြစ်သည်။ နောက်အချက်တစ်ခုမှာ၊ ဒီမိုကရေစီအစိုးရလက်အောက်တွင် မိမိတို့သည် အရေးပါသော အဆင့်နေရာတစ်ခုမှနေ၍ ပါဝင်ရလိမ့်မည်ဟူသော စစ်တပ်ခေါင်းဆောင်များ၏ အသိပင်ဖြစ်သည်။ ဤအကြောင်းအချက် နှစ်ခုစလုံးအတွက် အချိန်ယူရန်လိုအပ်သကဲ့သို့၊ ဤအယူအဆများ သက်ဝင်လာစေရန် မည်သို့မည်ပုံ တိုးမြှင့်ပေးမည်နည်းဟူသောအချက်များကို ချင့်ချိန်စဉ်းစားရန်လိုအပ်ပါသည်။ (၂၀၀၀) ခုနှစ်၊ အောက်တိုဘာလ၊ ကန့်ကွက်ဆန္ဒပြသူ ထောင်ပေါင်းများစွာက၊ ပါလီမန်ကိုသိမ်းပိုက်လိုက်သောအခါ၌၊ ဆားဗီးယားအကြမ်းမဖက်ရေးလှုပ်ရှားမှုအဖို့ ထိခိုက်ကျဆုံးမှုနည်းရခြင်းအကြောင်းမှာ၊ စစ်တပ်က "နိုင်ငံရေးကိစ္စ"တွင် ဝင်မပါရန် ဆုံးဖြတ်ခဲ့သောကြောင့် ဖြစ်ပါသည်။ (လူတစ်ဦး နှလုံးရောဂါကြောင့် သေဆုံးခဲ့ပြီး၊အခြားတစ်ဦးမှာ ယာဉ်မတော်တဆဖြစ်မှုကြောင့် ဆာဗီးယား အရေးတော်ပုံကာလအတွင်း၊ သေဆုံးခဲ့ပါသည်။) ဒီမိုကရေစီလှုပ်ရှားမှု၏ အောင်မြင်မှုကို မြင်သာနေရပြီး၊ စစ်မှုထမ်းများကလည်း မီလိုဆိုဗစ်လွှန်ကာလတွင်၊ မိမိတို့အတွက် အဆင့်နေရာတစ်ခုခုကို မျှော်မှန်းလိုနေကြပါသည်။ ဤအချက်များက စစ်တပ်အပေါ်လွှမ်းမိုးခဲ့သည်မှာ သံသယရှိဖွယ် မဟုတ်ချေ။

## အရပ်ဖက်ဝန်ထမ်းများ

အရပ်ဖက်ဝန်ထမ်းများအဖို့ ဖယ်ကျဉ်ထားခံရခြင်း၊ ပြစ်တင်ခံရခြင်း၊ လှောင်ပြောင်ကဲ့ရဲ့ခံရခြင်းနှင့် အနှိမ်ခံရခြင်းများကြုံရတတ်ပါသည်။ ရံဖန်ရံခါ၌ ဤအစိုးရဗျူရိုကရက်များကို ပုရွက်ဆိတ်အုံတစ်ခုအဖြစ် မြင်လေ့ရှိကြပါသည်။ (သူတို့၏အသေးအဖွဲအလုပ်များလုပ်ရင်း၊ အခန်းကျဉ်းကလေးများထဲတွင် ဟိုဟိုသည်သည်လူးလာခေါက်တုန့် သွားနေရသော အမည်မဲ့၊ မျက်နှာမဲ့၊ စဉ်းစားဆင်ခြင်မှုမဲ့ ထောင်ပေါင်းများစွာသော လုပ်သားများကို နှိုင်းယှဉ်ဖော်ပြကြခြင်း ဖြစ်ပါသည်။) သို့သော်လည်း၊ ပုရွက်အုံရှိ မှီခိုသူ "ဘုရင်မ"နှင့်အလားတူစွာ၊ နိုင်ငံရေးခေါင်းဆောင်များသည်လည်း၊ ဤသာမန်လုပ်ရိုးလုပ်စဉ်ဟု ထင်ရသော လုပ်ဆောင်မှုများကို လုပ်ဆောင်နေကြသော၊ နာခံမှုလည်းရှိ၊ကျွမ်းကျင်မှုလည်းရှိသူ အရပ်သားဝန်ထမ်းများမရှိပါက ဆက်လက်ရပ်တည်နိုင်မည် မဟုတ်ပါ။ အမိန့် များကို အကောင်အထည်ပေါ်အောင် ဆောင်ရွက်ပေးမည့်သူများမှာ၊ ဤပုဂ္ဂိုလ်များပင်ဖြစ်သည်။ သူတို့က စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ပေးကြသည်။ အခွန်တော်များ စည်းကြပ်ကောက်ခံပေးသည်။ ဘတ်ဂျက်များ ရေးဆွဲပေးသည်။ ကျောင်းများကို လည်ပတ်လှုပ်ရှားစေသည်။ အချက်အလက်ဘဏ် **(database)** ထောင်ပေါင်းများစွာထဲသို့ အချက်အလက်များ ထည့်သွင်းပေးသည်။ အစိုးရအတွက်ပစ္စည်းများ ဝယ်ယူပေးသည်။ လေကြောင်းသွားလာမှုနှင့် သင်္ဘောဆိပ်များကို ထိန်းသိမ်းကြပ်မတ်ပေးသည်။ သံရုံးများကို လည်ပတ် ဝန်ဆောင်မှုပေးသည်။ ဆက်သွယ်ရေးစနစ်များကို ထိန်းသိမ်းထားပေးသည်။ တကယ်တော့ အစိုးရ၏ယန္တယားများ လှုပ်ရှားလည်ပတ်နေစေသော လုပ်ငန်းတာဝန်မှန်သမျှကို၊ ထိုသူများက ဆောင်ရွက်ပေးနေကြသည်။ သူတို့မရှိလျှင် မည်သည့်အစိုးရမျှ မလည်ပတ် မလှုပ်ရှားနိုင်ချေ။

အစိုးရပြောင်းလဲရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက်၊ မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲဆင်နေကြသော အတိုက်အခံအုပ်စုများအနေဖြင့်၊ ဤသို့လုပ်ဆောင်နေကြသော အစိုးရဝန်ထမ်းများ၊ အလုပ်သမားများ၏ ထောက်ခံအားပေးမှု ရရှိရေး အရေးကြီးပုံကို နားလည်ထားသင့်သည်။ သို့ရာတွင်အစိုးရအလုပ်သမားများ၏ ဘဝရပ်တည်ရေးသည် ၎င်းတို့၏ အစိုးရ အလုပ်ရှင်အား နာခံနေမှုအပေါ်တွင်သာ တည်နေကြောင်းနှင့် ဤသို့ဆိုလျှင် အုပ်စိုးသူ၏ အခြားသော ထောက်တိုင်များ အကြီးအကျယ်ချိနဲ့သွားပြီ ဖြစ်ကြောင်း၊ ရှင်းလင်းစွာ မတွေ့မြင်ရသေးခင်အထိ၊ ဤအလုပ်သမားများသည် အစိုးရကို အတိအလင်း ဆန့်ကျင်ဝံ့ကြမည် မဟုတ်ပါ။ မည်သို့ပင်ဖြစ်စေ၊ အတိုက်အခံလှုပ်ရှားမှုကို၊ အစိုးရအလုပ်သမားများက (ပေါ်ပေါ်ထင်ထင်မဟုတ်သည့်တိုင်) နှစ်နှစ်ကာကာပါဝင်မှုသည် လှုပ်ရှားမှု၏တိုးတက်ရေးအတွက် အကျိုးရှိစေပါသည်။ သို့သော်လည်း ထိုအမြင်က ပြောင်ထောက်ခံမှု မပြစေရန်၊ ကန့်သတ်ထားကြပါသည်။

## သတင်းမီဒီယာ

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လူထုလှုပ်ရှားမှုအောင်မြင်ဖို့ဆိုလျှင်၊ မိမိရည်ရွယ်ထားသော ပရိသတ်ထံ မိမိ၏အသိပေးစကားများရောက်စေရန်၊ ဆက်သွယ်ပေးပို့စရာ နည်းလမ်းရှိရပါမည်။ ဤအချက်ကို အာဏာရှင်အစိုးရများကသိသဖြင့်၊ အနီနည်းလမ်းများကို ပိတ်ပင်ကန့်သတ်ရန် ကြိုးစားကြသည်။ အင်တာနက်လေလိုင်းစစ်ဆင်ရေး (cyber warfare) ဌာနများ ဖွင့်လှစ်ထားခြင်း၊ ကွန်ပြူတာ၊ ဖက်စ်ပို့စက်ပိုင်ဆိုင်မှု သို့မဟုတ် အသုံးပြုမှုကို ကန့်သတ်ချုပ်ချယ်သော ပြင်းထန်သည့် ဥပဒေများ ထုတ်ပြန်ခြင်းများ ပြုတော့သည်။ ဥပမာ၊ မြန်မာနိုင်ငံသည် "လိုင်စင်မဲ့"ဆက်သွယ်ရေးစက်များ လက်ဝယ်ထားရှိမှုအတွက် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်လေ့ရှိသော နိုင်ငံဖြစ်သည်။ ဂြိုလ်တုဖုန်းပိုင်ဆိုင်မှုနှင့် အသုံးပြုမှုကို ကန့်သတ်မှုများလုပ်သည့်အပြင်၊ အစိုးရသည် ပြည်သူလူထုထံ သတင်းအချက်အလက်များမရောက်အောင်ကြိုးစားသည့်အနေဖြင့်၊ အတိုက်အခံအုပ်စုတို့၏ ပင်လယ်ရပ်ခြားမှ ရုပ်မြင်သံကြားနှင့် ရေဒီယိုအသံလွှင့်ချက်များကိုလည်း နှောင့်ယှက်ပေးတတ်သေးသည်။

စာနယ်ဇင်းနှင့် အခြားသော ပြည်တွင်းလူထုဆက်သွယ်ရေးလုပ်ငန်းများကို၊ ဖိနှိပ်သူအစိုးရများက အလွယ်လေး ထိန်းချုပ်ကန့်သတ်ထားနိုင်သည်။ စာအုပ်၊ မဂ္ဂဇင်း၊ သတင်းစာများကို ဖြန့်ဝေခြင်းမပြုမီမှာပင်၊ တင်ပြရမည့်စီစစ်ရေးအဖွဲ့များထားရှိခြင်းသည် ဤသို့ထိန်းချုပ်ရန် အလွန်ထိရောက်လှသည်။ ပုံနှိပ်ပြီးမှ ပယ်ခံရသောကြောင့်၊ ငွေအကုန်အကျမခံရစေရန် ကိုယ်တိုင်ဆင်ခြင်ထိန်းသိမ်း ဆင်ဆာဖြတ်တောက်မှုလုပ်ကြရသည်။ စာနယ်ဇင်းများနှင့် အခြားစာအုပ်တိုက်များ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်ရေးဌာနများ လိုင်စင်ရုပ်သိမ်းခံရခြင်း၊ ပစ္စည်းကရိယာများအသိမ်းခံရခြင်း၊ ပိုင်ရှင်နှင့်စာတည်းများကို ကိုယ်ထိလက်ရောက်ခြိမ်းခြောက်ခံရခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လေ့ရှိသည်။ ဤပြည်တွင်းကန့်သတ်ချက်များကို ကျော်လွှားရာ၌ ယခုအခါ၊ ပင်လယ်ရပ်ခြားမှနေ၍ ထုတ်လွှင့်မှုများ ခေတ်စားလာပြီဖြစ်သည်။ ဥပမာ–နော်ဝေးနိုင်ငံမှနေ၍ အသံလွှင့်သော မြန်မာအသံလွှင့်ဌာနရှိပြီး၊ အီရန်အတိုက်အခံများက တီဟီရန်မြို့ရှိ ပုရိသတ်အတွက်၊ အတိုက်အခံခေါင်းဆောင်များနှင့်တွေ့ဆုံမေးမြန်းခန်းများကို ကာလီဖိုးနီးယားပြည်နယ်မှနေ၍ ရုပ်မြင်သံကြားထုတ်လွှင့်ပေးနေကြသည်။ တိုင်းပြည်တစ်ပြည်၏ ပြင်ပမှနေ၍လူထုဆက်သွယ်ရေးလုပ်ငန်းလုပ်၍ရကြောင်းကို၊ ဆားဗီးယားဒီမိုကရေစီရေးလှုပ်ရှားမှုကလည်း၊ သာဓကပြခဲ့ပါသည်။ လက်ကမ်းစာရွက် အလေးချိန်တန် (၆၀)ကျော်ကို တိုင်းပြည်ထဲသို့ ခိုးသွင်းပေးပို့ခဲ့ပြီး၊ (၂၀၀၀) ခုနှစ်ရွေးကောက်ပွဲမတိုင်မီ ရက်အနည်းငယ်အတွင်း ဖြန့်ဝေခဲ့ကြသည်။

## စီးပွါးရေးလုပ်ငန်းရှင်များအုပ်စု

ဗဟိုဦးစီးချုပ်ကိုင်မှုများလွန်းသော၊ ဆိုရှယ်လစ် တစ်ပါတီအာဏာရှင်အစိုးရများလက်အောက်မှာပင်လျှင်၊ စီးပွါးရေးလုပ်ငန်းရှင်များသည်၊ စီးပွါးရေးတွင် အရေးပါသောအခန်းကဏ္ဍမှနေ၍ ပါဝင်ခဲ့ကြသည်။ သူတို့က အစိုးရကထောက်ပံ့ပေးခြင်း မပြုနိုင်သည့်၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပြည်သူလူထုထံဖြန့်ဖြူးပေးနိုင်ခဲ့ကြသည်။ စားသုံးကုန်ပစ္စည်းများပြတ်လပ်မှုကြောင့် ပြည်သူများ၏အလိုမကျမှုများ၊ နိုင်ငံရေးသဘောဆောင်သည့် လှုပ်ရှားမှုများအဖြစ် မသက်ရောက်စေရန်၊ အစိုးရတို့က တရားမဝင်မှောင်ခိုရောင်းဝယ်မှုများကို ရံဖန်ရံခါဆိုသလို၊ မျက်စိမှိတ်၍ခွင့်ပြုထားပေးခဲ့ကြသည်။

စီးပွါးရေးလုပ်ငန်းရှင်အုပ်စုများ၊ အထူးသဖြင့်နိုင်ငံရပ်ခြားရှိအင်အားစုများ၊ နိုင်ငံစုံလုပ်ငန်းရှင်အုပ်စုများနှင့် ဆက်ဆံလုပ်ကိုင်ရာ၌ အဆိုးဖက်လည်း ရှိနိုင်သေးသည်။ ဤအချက်မှာ နိုင်ငံတကာစီးပွါးရေးလုပ်ငန်းရှင်များအနေဖြင့်၊ ပို၍ပွင့်လင်းသော၊ ဒီမိုကရေစီစနစ်ကျင့်သုံးသည့် အစိုးရများနှင့်အလုပ်လုပ်ကိုင်ရသည်ထက်၊ အာဏာရှင်အစိုးရများနှင် အလုပ်လုပ်ရသည်ကို ပို၍

သဘောကျကြသည်။ လုပ်ငန်းဆိုင်ရာသဘောတူညီမှုတစ်ခုရရန်အတွက်၊ အာဏာကိုင်ထားသူကို မက်လုံးပေးလိုက်သည်နှင့် လုပ်ပိုင်ခွင့်ရနိုင်ပြီး၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရမည့်နေရာလည်း အနည်းငယ်သာရှိသည်။ လုပ်ငန်းခွင်အခြေအနေ၊ လုပ်ခနှင့် သမဂ္ဂကိစ္စများကို၊ အာဏာကိုင်ထားသူလွှဲအပ်လိုက်ပြီး၊ သူတို့က ငြိမ်ဝပ်ပိပြားမှုရှိစွာနှင့် ကျွမ်းကျင်လိမ်မာစွာဆက်လက်ဆောင်ရွက်သွားလိမ့်မည်။ သတိပြုစရာအချက်မှာ နိုင်ငံတကာစီးပွါးရေးလုပ်ငန်းရှင်များအနေဖြင့်၊ အစိုးရတစ်ရပ်သည် ဒီမိုကရေစီအစိုးရဖြစ်သည်၊ အာဏာရှင်အစိုးရဖြစ်သည် ဆိုသည်ကိုအထူးတလည် စိတ်ဝင်စားမှုမရှိကြခြင်းပင် ဖြစ်သည်။ သူတို့အတွက်အရေးအကြီးဆုံးကိစ္စမှာ အကျိုးအမြတ်သာလျှင် ဖြစ်သည်။ ဒီမိုကရေစီလှုပ်ရှားမှုတစ်ခုအတွက်၊ ခက်ခဲသောလုပ်ငန်းတာဝန်တစ်ခုမှာ ဤစီးပွါးရေးလုပ်ငန်းရှင်များကို၊ အပြောင်းအလဲဖြစ်လာတော့မည်၊ ထိုကုမ္ပဏီများအနေဖြင့် အနာဂတ်တွင် သူတို့၏လုပ်ဆောင်ခဲ့မှုများသည် အနည်းဆုံးတော့ ဖက်လိုက်ခြင်းမဟုတ်ဟု အမြင်ခံရလေအောင် ဆောင်ရွက်လာစေရန် တိုက်တွန်းကြရမည့် ကိစ္စပင် ဖြစ်သည်။

အကောင်းဖက်ကကြည့်လျှင်၊ ပြည်တွင်းနှင့်နိုင်ငံခြားလုပ်ငန်းရှင်အုပ်စုများကြားတွင် လုပ်ငန်းချင်းဆက်စပ်နေသော ကွန်ရက်များ ရှိနေကြခြင်းပင်ဖြစ်သည်။ သူတို့အတွက်အကျိုးရှိမည်ဆိုလျှင် သူတို့သည်ဒီမိုကရေစီရေးတိုက်ပွဲအတွက် ငွေကြေး၊ ဆက်သား၊ အကြံပေးပုဂ္ဂိုလ်များအပါအဝင် အရေးကြီးသည့် အရင်းအမြစ်များ ထောက်ပံ့ပေးနိုင်ကြသည်။

## လူငယ်များ

တစ်ပါတီအာဏာရှင်အစိုးရများ၏ စိုးရိမ်ပူပန်ချက်တစ်ခုမှာ၊ အစိုးရက ကမကထပြု၊ ချုပ်ကိုင်မှုရှိသောနိုင်ငံရေးသွတ်သွင်းမှုမှအပ၊ အခြားသော နိုင်ငံရေးစည်းရုံးသွတ်သွင်းမှုများ လူငယ်ထုများအတွင်း ရောက်မလာစေရန် ပိတ်ပင်တားဆီးရေးပင် ဖြစ်သည်။ ကျောင်းသားနှင့်လူငယ်များအနေဖြင့်၊ အစိုးရ၏တည်ငြိမ်နေမှုအပေါ်ခြိမ်းခြောက်သော အင်အားစုတစ်ရပ်ဖြစ်လာခွင့်မပေးသမျှ ကာလပတ်လုံး၊ အတိုက်အခံအင်အားစုများအနေဖြင့်၊ နိုင်ငံရေးပြောင်းလဲမှုတွင် အရှိန်ကြီးမားသော၊ အစဉ်အလာအားဖြင့် ရှေ့ချီတပ်သဖွယ်ဆောင်ရွက်ခဲ့သော အင်အားစုများ ကင်းမဲ့နေပေလိမ့်မည်။ ကျောင်းသားများအနေဖြင့်၊  အတိုက်အခံနိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်မလာစေရေးအတွက်၊ အစိုးရများလုပ်လေ့လုပ်ထရှိသောနည်းလမ်းအချို့မှာ၊ အများသိကြသည့်အတိုင်းပင် ဖြစ်ပါသည်။ ဥပမာ၊ အစိုးရကိုပေါ်ပေါ်ထင်ထင်ဆန့်ကျင်သူများကို ပညာသင်ကြားခွင့်ပိတ်ပင်ခြင်းပင်ဖြစ်ပါသည်။ ထို့အပြင် ကျောင်းများကို ပိတ်ထားခြင်း၊ လူအများ မစုဝေးနိုင်အောင် တက္ကသိုလ်ကောလိပ်များကို နေရာအနှံ့အပြားခွဲဖြန့်ချထားခြင်းများ ဆောင်ရွက်ကြပါသည်။ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာစုဝေးခွင့်တို့ကို ကန့်သတ်ပိတ်ပင်သော ဥပဒေအမျိုးမျိုးချမှတ်ပြီး၊ ချိုးဖေါက်သူများကို နှစ်ရှည်ထောင်ဒဏ်များလည်း ချမှတ်နိုင်ပါသည်။အစိုးရ ကမကထပြုသော လူငယ်အစီအစဉ်များချမှတ်ပြီး၊ အတိုက်အခံနိုင်ငံရေးပါတီများကို ခြိမ်းခြောက်ပေးမှုအတွက် ထို ကျောင်းသားများကို၊  ငွေကြေး၊ ရိက္ခာ၊ အဝတ်အထည်နှင့် လက်နက်များကိုပင် ထောက်ပံ့ပေးတတ်ပါသည်။

လူငယ်များသည်၊ တော်လှန်ရေးလှုပ်ရှားမှု၏ရှေ့တန်းတွင် မည်သည့်အတွက်ကြောင့် စွန့်စွန့်စားစားပါဝင်လိုရသနည်း ဆိုသည်နှင့်ပတ်သက်၍ အချို့ပုဂ္ဂိုလ်များက ရှင်းပြရန် ကြိုးစားကြပါသည်။ အကြောင်းမှာ လူငယ်များသည်၊ “ဆုံးရှုံးစရာဘာမျှမရှိ” ကြသောကြောင့် ဖြစ်ပါသည်။ ယေဘုယျအားဖြင့် လူငယ်တို့မှာ အလုပ်အကိုင်ရရှိရေးအတွက် ပြောပလောက်သော သံယောဇဉ် အဆက်အသွယ်လည်း မရှိချေ။ ထို့အပြင် မိသားစုတာဝန်များကို အဓိကတာဝန်ယူနေကြရသူများ မဟုတ်သည်မှာလည်း အမှန်ပင်ဖြစ်သည်။ သူတို့သည် လူငယ်ပီပီ ဘဝကိုယစ်မူးခုံမင်မှုနှင့် ငါ မသေနိုင်ဖူးဟူသော၊ လူငယ်ပီပီတက်ကြွယုံကြည်စိတ်လည်း ပြင်းပြနေကြသည်။ တိုက်ပွဲတွင်း သူတို့ပါဝင်ရခြင်းအတွက် အနည်းငယ်သော အကြောင်းအချက်များသာ ရှိပါသည်။ အကြောင်းမှာ သူတို့မှာပို၍ပင် အရေးကြီးသောအရာများ (သူတို့၏ဘဝများနှင့် သူတို့အနာဂတ်များ) ဆုံးရှုံးရစရာရှိသောကြောင့် ဖြစ်ပါသည်။ ဤသည်မှာ လှုပ်ရှားမှုတွင် ပါဝင်ခြင်းဖြင့် ဆုံးရှုံးရန်အကြောင်းလည်း မရှိပါ။ လွတ်လပ်၍၊ တရားမျှတသည့် လူမှုအဖွဲ့အစည်းတွင် နေထိုင်ရခြင်းအားဖြင့်၊ လူငယ်များအတွက် ပို၍ပင် ကောင်းကျိုးရှိစေနိုင်ပါသည်။ ဤအချက်မှာ လူငယ်များ ပါဝင်လာစေရန် တွန်းအားပေးသောအချက်ဖြစ်ပါသည်။ ငယ်ရွယ်သူတို့သည် အများအားဖြင့် မင်းဆိုးမင်းညစ်အုပ်စိုးမှုအောက်က သူတို့၏အကျဉ်းစံဘဝကိုလည်း တွေးတောဖြေသိမ့်နိုင်ခြင်း မရှိကြပါ။ ထို့အပြင်၊ ပြောင်းလဲမှုမဖြစ်နိုင်ဟု ပြောလျှင်လည်း လက်မခံတတ်ကြပါ။ ဖြစ်စဉ်ရှည်ကြီးတစ်ခု၏ အဆင့်တော်တော်များများမှာ ပါဝင်ခဲ့ဖူးခြင်းမရှိပဲ၊ လူငယ် တို့မှာ အတုနှင့်အစစ်၊ အမှားနှင့်အမှန်တို့ကို ခွဲခြားသိနိုင်သော မွေးရာပါဇာတိစိတ်လည်း ရှိနေတတ်ကြပါသည်။ ဤသို့အတွေးအခေါ်အရ ရှင်းလင်းပြတ်သားနေသောကြောင့်သာ၊ သူတို့ကို စေ့ဆော်တွန်းအားပေးသည့်သဖွယ် ဖြစ်နေပါသည်။

ကျောင်းသားများနှင့် အခြားသောငယ်ရွယ်သည့် လူငယ်များကို၊ ဒီမိုကရေစီလူ့ပ်ရှားမှုထဲသို့ သွတ်သွင်းစည်းရုံးရန်စဉ်းစားတိုင်း၊ သတိပြုရမည့် အချက်တစ်ချက် ရှိပါသည်။ သူတို့မှာ အုပ်စုအမျိုးအစားအနေနှင့်ပြောရလျှင်၊ အမြဲတစေ စွန့်စားလုပ်ဆောင်လို စိတ်ပြင်းပြသူများ ဖြစ်ကြပါသည်။ တိကျရှင်းလင်းသော လမ်းညွှန်မှုနှင့် စည်းကမ်းများချမှတ်ပေးခြင်း မရှိပါက၊ သူတို့၏လုပ်ရပ်များသည် အလွန်အကျွံဖြစ်လာတတ်ကြပြီး၊ လှုံ့ဆွတိုက်တွန်းပါက၊ သူတို့သည် အာဏာရှင်အစိုးရများလက်ကိုင်ပြုသော လူဆိုး လူမိုက်အမှုအကျင့်မျိုး ပြသလာနိုင်ပါသည်။ လှုပ်ရှားမှုတစ်ခုတွင် ပါဝင်သူတိုင်းအတွက် “လိုက်နာရန်ကျင့်ဝတ်စည်းမျဉ်း” ရှိရန် အရေးကြီးပါသည်။ အထူးသဖြင့် လူငယ်အဖွဲ့အစည်းများအတွက် ပို၍ အရေးကြီးပါသည်။ အဖျက်လုပ်ငန်းများ လျော့ပါးစေရေးအတွက်၊ လေ့ကျင့်ပေးခြင်း၊ အားကောင်းသောခေါင်းဆောင်မှုပေးခြင်းဖြင့် ကျင့်ဝတ်စည်းကမ်းများလိုက်နာစေရန် လေ့ကျင့်တည်ဆောက်ပေးရန် အထူးလိုအပ်ပါသည်။

### အလုပ်သမားများ

ကမ္ဘာအနှံ့လွှမ်းခြုံရေးဖြစ်စဉ်၏ အင်အားစုများ (forces of globalization) ကြောင့်၊ နေရာအနှံ့အပြားရှိ အလုပ်သမားများ၏ ဘဝများကို ပို၍ အခက်တွေ့စေပါသည်။ ကုမ္ပဏီများက လုပ်ခဈေးသက်သာသော နေရာများသို့ ပြောင်းရွှေ့မည်ဟု ခြိမ်းခြောက်ထားသောကြောင့်၊ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် သမဂ္ဂများ အားပျော့သွားပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အစိုးရများသည် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ပြောင်းရွှေ့လာခြင်းဖြင့်၊ ရရှိနိုင်သည့် စီးပွါးရေးအကျိုးအမြတ်များကို ပို၍စိတ်ဝင်စားကြပါသည်။ ထိုအတွက်ကြောင့် အခြေခံလုပ်ငန်းခွင်လုံခြုံရေး၊ သင့်လျော်မျှတသော လုပ်ခ၊ သို့မဟုတ် အလုပ်သမားအခွင့်အရေးများ ဘေးချိတ်ထားလိုက်ကြပါတော့သည်။ ဒီမိုကရေစီစနစ်၊ တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်တို့သည်၊ အာဏာချိန်ခွင်လျှာ မညီမျှမှုကို ပြုပြင်ပေးနိုင်သည့် ခြေလှမ်းအဆင့်များဖြစ်ပြီး၊ သို့မှသာ အလုပ်သမားများအခွင့်အရေးချိုးဖောက်၊ မတရားပြုမှုများ ပေါ်ပေါက်လာစေမည် ဖြစ်သည်။

အလုပ်သမားများကိုစည်းရုံးရာ၌ အခက်အခဲရှိနိုင်ပါသည်။ သို့ရာတွင် အသင်းအဖွဲ့စလိုက်သည်နှင့် စည်းလုံးညီညွတ်မှုသည် အလျင်အမြန် ပျံ့နှံ့သွားနိုင်ပါသည်။ ပိုလန်နိုင်ငံဒီမိုကရေစီလှုပ်ရှားမှုကို ပြန်လေ့လာကြည့်ပါက၊ ဂဒန့်စ်မြို့ (Gdansk) သင်္ဘောကျင်းရှိ လျှပ်စစ်အလုပ်သမားများက၊ သပိတ်စမှောက်ပြီးနောက်ပိုင်းတွင် တမဟုတ်ချင်းအောင်ပွဲခံသွားခဲ့သည့် အကြောင်းကို တွေ့ရပေလိမ့်မည်။

မဟာဗျူဟာမြောက်အကြမ်းမဖက်တိုက်ပွဲကို ဦးစီးအစီအစဉ်ရေးဆွဲသူများအဖို့၊ အလေးထားရမည့် အလုပ်သမားအင်အားစုကဏ္ဍတစ်ခုမှာ သယ်ယူပို့ဆောင်ရေးနှင့် ၎င်းနှင့် ဆက်နွယ်နေသောလုပ်ငန်းများ ဖြစ်ပါသည်။ ကုန်စည်များ၊ လူများနှင့် ဝန်ဆောင်မှုများ၏ ကူးသန်းသွားလာမှု တစ်စုံတရာပြတ်တောက်သွားပါက၊ အစိုးရအဖို့ ချက်ချင်းဆိုသလိုပင် စီးပွါးရေးနှင့် နိုင်ငံရေး ထိခိုက်စရာအကြောင်း ဖြစ်လာနိုင်ပါသည်။ တစ်ချိန်တည်းမှာပင် မဟာဗျူဟာချမှတ်သူများအနေဖြင့် လူထုတွင်ရိက္ခာနှင့် အခြား မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းများပြတ်လပ်သွားပါက၊ ကြိုတင်ရည်ရွယ်မထားသောအကျိုးဆက်များ ဖြစ်လာတတ်သည်ကိုလည်း ထည့်သွင်းစဉ်းစားထားရန် လိုအပ်ပါသည်။

### ဘာသာရေးအဖွဲ့အစည်းများ

ဘာသာရေးအဖွဲ့အစည်းများသည်၊ သမိုင်းတလျှောက်လုံးတွင် မင်းဆိုးဆင်းညစ်ဆန့်ကျင်ရေး နိုင်ငံရေးတိုက်ပွဲများ၌ အရေးပါသော အခန်းကဏ္ဍမှနေ၍ ပါဝင်ခဲ့သည်။ (အများအားဖြင့် အပြောင်းအလဲအတွက် ကြိုးပမ်းသောဖက်တွင် ရပ်တည်ခဲ့ကြပြီး၊ တစ်ခါတရံ၌မူ ဤသို့မရပ်တည်ခဲ့ကြပါ။) သူတို့ကျင်လည်လှုပ်ရှားရာ လူမှုအဖွဲ့အစည်းအနှံ့အပြား၌၊ ဤဘာသာရေးအဖွဲ့အစည်းများသည်၊ လူကုန်ထံများမှနေ၍ အောက်ခြေအလွှာများအထိ၊ ဘာသာအယူအဆရေးရာအရ၊ ဘဏ္ဍာရေးအရပါ အဆက်အသွယ် ကွန်ရက်များ ရှိနေတတ်ပါသည်။ ထို့အပြင် ဘာသာရေးခေါင်းဆောင်များသည်၊  လောကီရေးအရရော၊ လောကုတ္တရာရေးအရပါ ပညာတတ်ထားသူများဖြစ်လေ့ရှိကြရာ၊ အများအားဖြင့် သူတို့နောက်လိုက်ကြည်ညိုသူများနှင့် သူတို့၏လုပ်ဆောင်ချက်များကိုသိရှိထားကြသူများက လေးစားမှုခံကြရပါသည်။ အခြားသူများ၏သဘောထားနှင့် အပြုအမူများအပေါ် ဩဇာလွှမ်းမိုးပြောင်းလဲစေနိုင်ကြပါသည်။ လူတို့၏ကျင့်ဝတ်တရားနှင့် ဘာသာတရားဆိုင်ရာနယ်ပယ်ထက်ပို၍ ဩဇာလွှမ်းမိုးနိုင်ကြပါသည်။ အတိုက်အခံလှုပ်ရှားမှုအတွင်းသို့၊ သူတို့ပါဝင်လာခြင်းအားဖြင့် ဘာသာရေးရှုထောင့်အမြင်ကို

ထည့်သွင်းရှင်းပြလာနိုင်စေပြီး၊ သူတို့သည် အတိုက်အခံအင်အားစုများအတွက် အဟောအပြောအကောင်းဆုံးသောသူများ ပင် ဖြစ်လာနိုင်သည်။ သို့ရာတွင်သူတို့သည်၊ အလားတူ မင်းဆိုးမင်းညစ်အစိုးရ၏ အလွန်ကျဉ်းမြောင်းသောအကျိုးစီးပွါး အတွက်လည်း ဩဇာလွှမ်းမိုးနိုင်သူ၊ အပြောအဟောကောင်းသူများ ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်ရာ လူ့ပ်ရှားမှုခေါင်းဆောင် များအနေဖြင့်၊ ဘာသာရေးခေါင်းဆောင်များ၏ ထောက်ခံအားပေးမှုရအောင်၊ လုပ်ရာ၌လည်းကောင်း၊ သူတို့၏မကောင်းသော ဩဇာလွှမ်းမိုးမှုကို ပစ်ပယ်ရာ၌လည်းကောင်း ကျွမ်းကျင်လိမ်မာရပါလိမ့်မည်။

## အစိုးရနှင့် မသက်ဆိုင်သော အဖွဲ့အစည်းများ (အဲန်ဂျီအိုများ)

အစိုးရ၏တိုက်ရိုက်ချုပ်ကိုင်မှု၊ ကွပ်ကဲမှုတို့နှင့် ကင်းလွတ်စွာလှုပ်ရှားဆောင်ရွက်နိုင်သော အုပ်စု၊ သို့မဟုတ်၊ အဖွဲ့အစည်း မှန် သမျှသည် ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်လာကောင်းသည့် အလားအလာရှိသော အင်အားစုများဖြစ်ပါသည်။ နိုင်ငံတကာရှိ အစိုးရမဟုတ်သောအဖွဲ့အစည်း (အဲန်ဂျီအို) များသည် ရန်ပုံငွေရှာဖွေပေးနိုင်ကြပါသည်။ နိုင်ငံအများအပြားရှိ ပြည်သူလူထု များတို့နှင့် ဆက်သွယ်ပေးနိုင်သည်။ လိုအပ်သောကျွမ်း ကျင်မှုဆိုင်ရာအတတ်ပညာတို့ကို အခြားတစ်ပါးမှနေ၍ ရယူပေးနိုင် သည်။ အခြားနိုင်ငံများရှိ ဒီမိုအရေစီလှုပ်ရှားမှုများမှ ရရှိသောအမြင်များကို ဖလှယ်ဝေငှပေးနိုင်သည်။ သို့သော်လည်း တစ်ခါ တရံတွင် ပြည်တွင်းရှိ (အဲန်ဂျီအို) အဖွဲ့များ ဆောင်ရွက်နိုင်သောလုပ်ငန်းများမှာ များစွာအကန့်အသတ်ရှိလှပြီး၊ ရံပုံငွေမှာ လည်း အနည်းအကျဉ်းသာရနိုင်ပါသည်။ ပြည်တွင်းမှာ ရှိနေသည်ဖြစ်စေ၊ ပြည်ပမှလာသော (အဲန်ဂျီအို) များထဲမှာဖြစ်စေ၊ ရံဖန်ရံခါ အစိုးရသတင်းပေးများ မြုပ်နှံထားတတ်ကြပါသည်။ သို့ရာတွင် အများအားဖြင့် ဤကိစ္စသည် ဖြေရှင်းရန်သိပ်မခက် ခဲလှသော ကိစ္စဖြစ်ပါသည်။ အကြမ်းမဖက်တိုက်ပွဲတစ်ခုတွင် (အဲန်ဂျီအို) တစ်ခု၏ အရေးပါသောတန်ဖိုးမှာ၊ ပြည်သူလူထုအား တိုက်ရိုက် ဝန်ဆောင်မှုပေးနိုင်ခြင်းနှင့်၊ ဤသို့ဝန်ဆောင်မှုပေးခြင်းအားဖြင့် ပြည်သူလူထုအနေဖြင့် အစိုးရအပေါ်အစစ၊ အရာ ရာတွင် မှီခိုအားထားနေရသောအနေအထား မလိုတော့ကြောင်း ပြသနိုင်ခြင်း ဖြစ်ပါသည်။ (အဲန်ဂျီအို) များ၏ ဆောင်ရွက် ချက်များသည် ပြည်သူလူထုကြီး နာခံလာအောင်လုပ်ရေးအတွက်၊ အာဏာရှင်အစိုးရတို့တွင် လိုအပ်နေသော အကျပ်ကိုင် ရေးနှောင်ကြိုးကို၊ (အနည်းငယ်ဆိုစေဦးတော့) အားပျော့သွားစေပါသည်။

တစ်ပါတီအာဏာရှင်အစိုးရအပေါ် ပြည်သူတို့မှီခိုအားထားနေရမှု လျော့ပါးသွားအောင်လုပ်ရာ၌၊ (အဲန်ဂျီအို)  တစ်ခု၏ အစွမ်း ထက်ပုံကို အထင်အရှားဖေါ်ပြသောသာဓကတစ်ခု၊ (၁၉၆၂) ခုနှစ် ဗိုလ်ချုပ်နေဝင်းအာဏာသိမ်းပြီး၊ မကြာမီကာလတွင် မြန်မာ နိုင်ငံ၌ ဖြစ်ပွါးခဲ့ပါသည်။ နိုင်ငံ၏အနောက်ဖက်ခြမ်း၊ ရခိုင်ပြည်နယ်တွင် ရေဘေးဒုက္ခနှင့် ကြုံတွေ့ခဲ့ရပါသည်။ သတင်းရသည်နှင့် ကက်သလစ်သာသနာပြုအဖွဲ့တစ်ဖွဲ့က၊ အကူအညီလိုအပ်နေကြောင်းကို တိုင်းပြည်၏အခြားနေရာများနှင့် အိန္ဒိယပြည်၌ရှိနေ သော သာသနာပြုအဖွဲ့များထံသို့ ကြေးနန်းပေးပို့ အကြောင်းကြားခဲ့ပါသည်။ တုံ့ပြန်မှုက လျှင်မြန်ပြီးထိရောက်လှသည်။ စား စရာ၊ အဝတ်အထည်နှင့် အိမ်ဆောက်ပစ္စည်းများ ရက်ပိုင်းအတွင်းမှာ ရောက်လာခဲ့သည်။ နောက်ဆုံးတွင် အပျက်အစီးများ ကို အကဲဖြတ်ကြည့်ရှုရန်အတွက်၊ အစိုးရက အဖွဲ့များစေလွှတ်လိုက်သောအခါ၌ အစိုးရ၏ အကူအညီမလိုအပ်တော့ကြောင်း နှင့်၊ ပြည်သူတို့က မိမိတို့ဖါသာဖြေရှင်းပြီးဖြစ်ကြောင်း တွေ့ကြရသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်နေဝင်းက ဒေါသူပုန်ထ ကာ၊ ခရစ်ယန်သာသနာပြုအဖွဲ့များကို မြန်မာနိုင်ငံမှ နှင်ထုတ်စရာအကြောင်း ဖြစ်လာခဲ့သည်။

မည်သို့ဖြစ်စေ၊ ဒီမိုကရေစီဖက်တော်သားများကို သတိပေးလိုသောအချက်မှာ၊ (အဲန်ဂျီအို) များသည် သူတို့ကိုယ်ပိုင် အစီအ စဉ်များ ရှိနေတတ်ခြင်းပင်။ ဤအစီအစဉ်များသည် မည်သို့သော အစီအစဉ်များဖြစ်ကြောင်း နားလည်ထားရန်လိုအပ်ပြီး၊ ဒီမို ကရေစီလှုပ်ရှားမှု၏ ပန်းတိုင်များ၊ ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိ–မရှိ စီစစ်ကြည့်ရန်လည်း အရေးကြီးပါသည်။

ထောက်ခံအားပေးမှုများရနိုင်သည့်၊ အခြားသောအရင်းအမြစ်များမှာ ကျွမ်းကျင်သူ ပညာရှင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီ များ၊ နိုင်ငံခြားစီးပွါးရေးလုပ်ငန်းများနှင့် နိုင်ငံခြားအစိုးရများ (တစ်နိုင်ငံချင်းအနေနှင့်သော်လည်းကောင်း၊  နိုင်ငံတကာအဖွဲ့ အစည်းများအနေနှင့်သော်လည်းကောင်း)၊ ဖြစ်ကြပါသည်။ ရပ်ရွာ၊ လူမှုအဖွဲ့အစည်းအတွင်း တည်ရှိနေသည့်၊  စိတ်ဝင်စားမှု အလိုက် စုစည်းတည်ထောင်ထားသည့်၊ အုပ်စုငယ်ကလေးများကိုလည်း ကွက်ချန် မထားသင့်ပါ။ ၎င်းတို့မှာ အပ်ချုပ်အသင်း၊ အမဲလိုက်နှင့်ငါးမျှားအသင်းများ၊ စာဖတ်အသင်းများ၊ ဘာသာစကားလေ့လာရေးအုပ်စုများ၊ မော်တော်ဆိုင်ကယ် အသင်းများ၊ ခြေလျင်နှင့်တောင်တက်အသင်းများ၊ ငှက်လေ့လာရေးအသင်းများ၊ ဒဂီးစုဆောင်းသူအသင်းများ၊ ဉယျာဉ်အသင်းများနှင့် အား ကစားအသင်းများကဲ့သို့သော အုပ်စုများဖြစ်သည်။ မဟာဗျူဟာမြောက် အကြမ်းမဖက်ရေးတိုက်ပွဲသည် အာဏာအရင်း အမြစ်များကို ချုပ်ကိုင်ရန်သာမက၊ လူထုကြီးက တက်ကြွစွာပါဝင် ပူးပေါင်းမှုရလာစေရန်လည်း ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်

သည်။ ဤသို့အဖွဲ့အစည်းများ၌ အာဏာအရင်းအမြစ်များ တည်ရှိနေသည့်အပြင်၊ စုပေါင်းလုပ်ဆောင်မှု လုပ်ငန်းများအတွက် ဖွဲ့စည်းပုံများလည်း အသင့်ရှိပြီး ဖြစ်နေတတ်သည်။

## အခန်း (၃)
## နာခံမှု
## "လူသည်မူလအစက လွတ်လပ်သူ ဖြစ်သည်။ ယခုတော့ နေရာအနှံ့သံကြိုးများဖြင့် တုပ်နှောင်ခံနေရသည်။ "

ယန်း ဂျက် ရှူးဆိုး (လူမှု ပဋိညာဉ် စာအုပ် ၁၊ အခန်း ၁ မှ)
Jean Jacques Rousseau
The Social Contract, Book 1, Chap 1

အထက်ဖော်ပြပါကဲ့သို့သော အဆိုအမိန့်များကို အမိပ္ပါယ်ဖွင့်ဆိုရန်၊ ကြိုးပမ်းသည့်အနေဖြင့် ဒေါက်တာဂျင်းရှပ်က အောက်ပါ မေးခွန်းများကို ထုတ်ဆင့်ခဲ့သည်။

> အုပ်စိုးသူတစ်ယောက်သည် ရောမများပြားလှသော သူ၏အုပ်စိုးခံပြည်သူများအပေါ်၊ နိုင်ငံရေးစိုးမိုးမှုရရှိနိုင်ခြင်းနှင့် ၎င်း၏ စိုးမိုးမှုကို ထိန်းထားနိုင်ခြင်းတို့မှာ အဘယ့်ကြောင့်ပါနည်း။ ဤမျှများပြားလှသော အုပ်စိုးချယ်လှယ်ခံလူများက မိမိတို့အကျိုးစီးပွါးမပါမှန်း သိပါလျက်နှင့် အဘယ်ကြောင့် အုပ်စိုးသူအား ရိုကျိုးနာခံနေရပါသနည်း။ [4]

အထက်ပါအဆိုအမိန့်နှင့် ပတ်သက်၍၊ ဒေါက်တာဂျင်းရှပ်ထုတ်ဆင့်လိုက်သော မေးခွန်းများသည်၊ လူအများနာခံရသော အကြောင်းရင်းကို၊ အတွင်းကျကျ ခွဲစိပ်သုံးသပ်မှုအတွက် သူ၏အခြေခံဖြစ်သည်။ ဤအခန်းသည်၊ ထိုခွဲခြမ်းစိပ်ဖြာသုံးသပ်မှု အကြောင်းကို အကျယ်တဝင့် ဖေါ်ပြပါသည်။ ဗဟုသဘော၊ အများလက်ခံသော အာဏာဖွဲ့စည်းမှု ပုံစံ (အခန်း– ၁)၊ အာဏာ အရင်းအမြစ်များကို ထောက်တိုင်များဖြစ်လာစေရန်၊ အံဝင်ခွင်ကျဖြစ်အောင် စီစဉ်ခြင်း (အခန်း–၂)၊ နှင့် နာခံမှုတို့သည် မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲသဘောတရားနှင့် ကျင့်သုံးပုံနည်းနာများကို နားလည်ရေးအတွက် အခြေခံ အုတ်မြစ်တြိဂံသဖွယ် အကြောင်းအချက်ကြီး (၃) ခုဖြစ်ပါသည်။ ထို့ကြောင့် အများပြည်သူတို့ မည်သည့်အတွက်ကြောင့်နာခံရသနည်း (တစ်ခါတရံ သူတို့လုံးဝမနှစ်မြို့သော အကြောင်းကိစ္စများအတွက် အသက်ပေးရသည်အထိပင် နာခံတတ်ကြပါသည်။) ဆိုသည်ကို ဂဃနဏ နားလည်ထားရန် အထူးပင်လိုအပ်ပါသည်။ နာခံမှုသည် "နိုင်ငံရေးအာဏာ၏နှလုံးသား"ပင် ဖြစ်ပါသည်။ အုပ်စိုးသူ တစ်ဦးဦးအဖို့ ပြည်သူတို့၏နာခံခြင်းမရှိပါက အုပ်စိုးနိုင်မည်မဟုတ်ပါ။ ဤအခြေခံအချက်သည်ပင် အကြမ်းမဖက် အံတုမှုတိုက်ပွဲ၊ မဟာဗျူဟာများချမှတ်ရသည့် အခြေခံပင် ဖြစ်ပါသည်။ အကယ်၍ မိမိတို့၏ရည်မှန်းချက်သည် အာဏာရှင်များ၊ အခြားသော တစ်ပါတီအာဏာရှင်အစိုးရများ၏ အုပ်စိုးခံပါမည့်အကြောင်း၊ လိုလိုလားလား ခွင့်ပြုထားမှုကို ပြည်သူများက ပြန်လည်ရုပ်သိမ်းလာအောင်၊ လှုံ့ဆော်ရန်ဆိုပါက မိမိတို့အနေဖြင့်၊ ပြည်သူတို့ မည်သည့်အတွက်ကြောင့် နာခံကြရသနည်းဆိုသည့်အကြောင်းကို ရှေးဦးစွာ နားလည်သဘောပေါက်ထား သင့်ပါသည်။

**အကျင့်ပါနေခြင်း**

---

4 *Ibid.*, 18.

လူအများ၏ နာခံရသောအကြောင်းရင်းမှာ၊ နာခံရသော အကျင့်ပါနေခြင်းကြောင့် ဖြစ်သည်။ ကျွနုပ်တို့တွင် အာဏာရှိသူများကို နာခံတတ်သော အကျင့်ပါလာခဲ့ကြသည်။ ကျွန်ုပ်တို့မွေးကင်းစကတည်းက အမိန့်အာဏာအောက်မှာ နေထိုင်ခဲ့ကြရသည်။ ကျွန်ုပ်တို့အများစုအဖို့ အမိန့်အာဏာသည် မိဘများ၊ အစ်ကိုအစ်မများ၊ အဘိုးအဘွားများ၊ အခြားဆွေမျိုးများဆီမှနေ၍ စတင်လာခဲ့သည်။ နောက်ပိုင်းတွင် ကျောင်းဆရာများ၊ ရဲများနှင့် နောက်ဆုံးအမိန့်အာဏာ၏သင်္ကေတများသင်္ကေတများဆီသို့ပင် လွှဲပြောင်းသွားကြသည်။ ဥပမာ၊ ကျွန်ုပ်တို့သည် အကျင့်ပါနေသဖြင့် (လူသူကင်းမဲ့သောလမ်းဆုံများမှာပင်လျှင်) ယာဉ်အချက်ပြမီးကို နာခံနေကြသည်။

စစ်တပ်များတွင် တပ်သားသစ်သင်တန်း၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ၊ နာခံမှုအကျင့်အသစ်များကို ဖန်တီးပေးရန်ဖြစ်သည်။ တပ်သားသစ်သည် သင်တန်းဆရာ၏ အမိန့်အတိုင်း ချက်ချင်းနှင့် ချွင်းချက်မရှိ လိုက်လုပ်ရန်အတွက် လေ့လာသင်ကြားခံကြရသည်။ နာရီပေါင်းများစွာ ထပ်တလဲလဲ အနီးကပ်အမိန့်ပေး၍ သင်တန်းမောင်းခြင်း၊ မပြတ်ခြိမ်းခြောက်၍ ကြီးကြပ်ကွပ်ကဲခြင်းတို့သည်၊ ခေတ်သစ်စစ်ဆင်ရေးအတတ်များအတွက် မလိုအပ်လှပါ။ သို့ရာတွင် အမိန့်နာ ခံတတ်သောအကျင့်ပါအောင် အနည်းနည်း အဖုံဖုံဖြင့် လေ့ကျင့်ဖွံ့ဖြိုးစေပါသည်။ ထို့အပြင် လက်နက်အသုံးပြုနည်းကဲ့သို့သော၊ အခြေခံစစ်ရေးအတတ်များသည် ထပ်ပြန်တလဲလဲလေ့ကျင့်မှုကြောင့် အလွန်ကျင့်သားရနေသဖြင့်၊ တမင်စဉ်းစားနေစရာမလိုတော့ပဲ၊ လက်နက်ကို အကျင့်ပါနေသည့်အတိုင်း အသုံးပြုနိုင်ပါသည်။

အကျင့်ပါနေခြင်းဆိုသည်မှာ အဘယ်သို့ဖြစ်ကြောင်းကို ကျွန်ုပ်တို့ဆေးလိပ်စွဲနေသူများ အသိပင်ဖြစ်ပါသည်။ ဆေးလိပ်မည်မျှများများ သောက်မိခဲ့ပြီနည်း၊ မသိပါ။ မည်သည့်အချိန်တွင် စတင်သောက်ခဲ့သနည်း။ မမှတ်မိပါ။ ဆေးလိပ်ဈေးနှုန်းမတန်တဆမြင့်နေလျှင်လည်း ဆေးလိပ်ဖြတ်ခြင်း မပြုချေ။ ဆေးလိပ်သောက်ခြင်းဖြစ်စေ၊ အမိန့်အာဏာကိုနာခံခြင်းအပါအဝင် အခြားအကျင့်တစုံတရာကိုဖြစ်စေ၊ ဖျောက်ပစ်ရန်အတွက် ကျွန်ုပ်တို့အနေနှင့် အသေအချာသံန္နိဋ္ဌာန်ချ ဆုံးဖြတ်ချက်ချရပါလိမ့်မည်။ ဆုံးဖြတ်ချက်အကြောင်း မိမိကိုယ်မိမိလည်း မပြတ်သတိပေးနေရပါမည်။ ထို့အပြင် ဤအကျင့်ကိုဖျောက်ပစ်ရန် အရေးကြီးကြောင်းကိုလည်း ထပ်ခါထပ်ခါ အကြိမ်ကြိမ် ပြန်၍သတိပေးနေရပါမည်။

### အရေးယူခံရမည်ကိုကြောက်ခြင်း

အရေးယူခံရမည်ကိုကြောက်ခြင်းသည်၊ နာခံရခြင်း၏ နောက်ထပ်အကြောင်းရင်းတစ်ခု ဖြစ်ပါသည်။ ဥပဒေကိုချိုးဖေါက်ပါက ချိုးဖေါက်သူကို နိုင်ငံတော်အစိုးရက အာဏာသုံး၍ နှိပ်ကွပ်နိုင်ပါသည်။ ငွေအမြောက်အများ ဒဏ်တပ်ခံရနိုင်သည်။ အစိုးရက ပစ္စည်းများ သိမ်းနိုင်သည်။ ထောင်သွင်းအကျဉ်းချနိုင်သည်။ ၎င်း၏ ဥပဒေကိုမနာခံသည့်အတွက် ကွပ်မျက်သတ်ဖြတ်ခြင်းပင် ပြုနိုင်ပါသည်။ အရေးယူခြင်း၏ ရည်ရွယ်ချက်မှာ ဥပဒေတစ်ခုခုချိုးဖေါက်သူကို ဒဏ်ခတ်ရန်နှင့်၊ သို့မဟုတ် ထိုဥပဒေကို ဖြစ်စေ၊ အလားတူဥပဒေကိုဖြစ်စေ၊ အခြားသူများ မနာခံပဲ မနေဝံ့အောင် လုပ်ရန်ဖြစ်သည်။ နာခံမှုရှိအောင်လုပ်ရာ၌ မင်းဆိုးမင်းညစ်တစ်ဦးသည်၊ လူထုထောက်ခံကိုလိုလားသော အစိုးရများထက်ပို၍၊ ဤသို့ကြောက်စိတ်ကိုအသုံးချ၍ အုပ်ချုပ်ခြင်းကို အသုံးပြုပါသည်။

### ကိုယ်ကျိုးစီးပွါး

တဖက်က အစိုးရကိုခါးခါးသီးသီးမုန်းသည်ဟုပြောပြီး၊ အခြားတဖက်က အစိုးရကိုတက်ကြွစွာ ဆက်လက်ထောက်ခံအားပေးနေသူများ ရှိနိုင်ပါသည်။ ထိုသူများ၏ ကိုယ်ကျိုးစီးပွါးများနှင့် ရရှိနေသော ဆုလာဒ်များအကြောင်းကို စီစစ်ကြည့်ပါက၊ ဤသို့ဒွိဟဖြစ်နေရသော အချက်ကိုကောင်းစွာ သဘောပေါက်နိုင်ပါသည်။ ဥပမာ၊ လူထုဆန့်ကျင်ရေး (သို့မဟုတ်) ရက်စက်ကြမ်းကြုတ်သောမူဝါဒများ ဖေါ် ဆောင်ပေးခြင်းအတွက် လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို၊ မည်သည့်ပုဂ္ဂိုလ်ရေးဆုလာဒ်များ ပြန်ပေးပါသနည်း။ ရာထူးတိုးမြှင့်ပေးခြင်း၊ သူရဲကောင်းဆုတံဆိပ်များပေးခြင်း၊ ဂုဏ်ပြုခြင်း၊ အထူးအခွင့်အရေးများ၊ အငြိမ်းစားလစာတို့ ဖြစ်နိုင်ပါသည်။ နိုင်ငံတော်က စီးပွါးရေးကဏ္ဍများကို ချုပ်ကိုင်သောနိုင်ငံများ၌ လူအများစုသည် အစိုးရလုပ်ငန်းများ၌ ဝင်ရောက် လုပ်ကိုင်ကြရပါသည်။ ဤနိုင်ငံများ၌ အလုပ်မပြုတ်ရေးသည် လူတစ်ယောက်၏ ကိုယ်ကျိုးစီးပွါးဖြစ်နိုင်ပါသည်။ အကြောင်းမှာ အခြားပြောင်းစရာ အလုပ်မရှိသောကြောင့်ဖြစ်ပါသည်။ အချို့သူများအနေဖြင့်၊ အာဏာရှင် အစိုးရများကို ထောက်ခံအားပေးနေမှုအတွက် သိသာသော ငွေကြေးဆုလာဒ်များ ရနိုင်ပါသည်။ လူထုမထောက်ခံသောအစိုးရကို ကိုယ်ကျိုးစီးပွါးအခွင့်အရေးများကြောင့် ထောက်ခံအားပေးနေသူတိုင်းကို ရှုတ်ချခြင်း မပြုသင့်ပါ။ ဤသို့ပြုလုပ်ရန် သူတို့အကြောင်းပြ

ချက်နှင့်သူတို့ ရှိနေနိုင်ပါသည်။ အခြားရွေးစရာမရှိဟု အတော်များများက ထင်မှတ်နေကြပါသည်။ ကျွန်ုပ်တို့၏တာဝန်မှာ မနာခံခြင်းအားဖြင့်လည်း၊ သူတို့၏ကိုယ်ကျိုးစီးပွါးများ ရရှိနိုင်ကြောင်း ပြသရန်ပင် ဖြစ်ပါသည်။ ဤအလုပ်မှာလည်း ခက်ခဲသည့်တာဝန် ဖြစ်ပါသည်။

## လူ့ကျင့်ဝတ်

ကျင့်ဝတ်အရ လိုက်နာဆောင်ရွက်ရေးအသိသည်၊ လူ့အဖွဲ့အစည်းတိုင်းမှာ ရှိနေသော ဖြစ်ရိုးဖြစ်စဉ်ကိစ္စ ဖြစ်သည်။ ဤသို့ နာခံရေးကျင့်ဝတ်သည် အောက်ပါအတိုင်းပေါ်ထွက်လာပါသည်။

> **လူ့အဖွဲ့အစည်း၏ အများကောင်းစားရေး။** ။ ဥပဒများသည် နိုင်ငံသူ နိုင်သားအားလုံးကို ကာကွယ်စောင့်ရှောက်ပေးသည်ဟု စောဒကတက်နိုင်ပါသည်။ အချို့ဥပဒေတို့သည် ကျွန်ုပ်တို့အား အခြားသောလူအချို့၏ လူမှုအဖွဲ့အစည်းကိုဆန့်ကျင်သော လုပ်ရပ်များ (anti-social behavior) (လုယက်မှု၊ လူသတ်မှု၊ မုဒိန်းမှု) မှ ကာကွယ်စောင့်ရှောက် ပေးပါသည်။ အချို့ဥပဒေများကမူ လူ့အဖွဲ့အစည်း၏ အများကောင်းကျိုးဆောင်ရွက်ခြင်း (ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ခွဲဝေပေးခြင်း၊ လူငယ်များကို စစ်မှုထမ်းရန်ဆင့်ခေါ်ခြင်း၊ အခွန်ကောက်ခံခြင်း) များအတွက် အာမခံချက်ပေးပါသည်။ တခါတရံ၌ ကျွန်ုပ်တို့သည် အပြောင်းအလဲဖြစ်လျှင်လည်း ထူးပြီးကောင်းလာမည်မဟုတ်ဟု ယုံကြည်နေသဖြင့်၊ မိမိတို့မုန်းတီးသော အစိုးရကိုနာခံခြင်းအားဖြင့်၊ အများကောင်းကျိုးလုပ်ရာရောက်လိမ့်မည်ဟုပင် ခံစားမိတတ်ကြပါသည်။ ဂျိုးဇက်ဖ် စတာလင်သည် အစစ်အမှန် အာဏာရှင်တစ်ယောက် ဖြစ်ပါသည်။ လူသန်းပေါင်းများစွာတို့က၊ သူ့ကိုနာခံသည်မှာ နာခံခြင်းသည် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ဘုံအကျိုးစီးပွါးအရ ဖြစ်သည်ဟု ထင်မြင်ယုံကြည်ကြသောကြောင့် ဖြစ်သည်။ စတာလင်သည် လူပေါင်းသန်း (၂၀) ကျော်ကို သတ်ဖြတ်ခဲ့မှုအတွက် တာဝန်ရှိသည်ဟု သိခဲ့ကြရပြီးသည့် နောက်ပိုင်းမှာပင်လျှင်၊ အချို့သော ရုရှားလူမျိုးတို့က “တချိန်က ရွှေထီးဆောင်းခဲ့ရသည့် နေ့ရက်များ”ကို တမ်းတနေချေသေးသည်။ ထို့အပြင် မိမိတို့အချင်းချင်း ဖိအားပေးတိုက်တွန်းမှုကလည်း၊ ဤလူ့ကျင့်ဝတ်ပိုင်းဆိုင်ရာကိစ္စများကို လိုက်နာမှုအတွက် ထင်ဟပ်ဖေါ်ပြနေပါသည်။ **သတိပြုရန်အချက်မှာ၊ မိမိတို့အချင်းချင်း ဖိအားပေးတိုက်တွန်းမှုသည် နှစ်ဖက်အကျိုးသက်ရောက်စေပါသည်။ ၎င်းသည် လူများ၏ အမူအကျင့်ပြောင်းလဲရေးတွင်လည်း၊ အသုံးဝင်သော နည်းနာကရိယာတစ်ခုဖြစ်ပါသည်။**

## လူသားလွန် အချက်များ

ရံဖန်ရံခါ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတို့ကို လူ့ထက်လွန် လူစွမ်းကောင်းများကဲ့သို့၊ နတ်သဖွယ် ပင့်မြှောက်ပြောဆိုသည်များ ရှိတတ်ပါသည်။ အုပ်စိုးသူတစ်ယောက်အကြောင်းနှင့် ပတ်သက်၍ ဘုန်းတံခိုးနှင့်ပြည့်စုံသည်၊ သို့မဟုတ်၊ ဘာသာတရားတစ်ခုခုက ဖန်ဆင်းထားသောပုဂ္ဂိုလ်ဖြစ်သယောင် ဆိုကြပါသည်။ ထိုအုပ်စိုးသူကို မနာခံရေးအကြောင်း လုံးဝမစဉ်းစားရဲလောက်အောင် ဖြစ်နေရပါသည်။ အဒေါ့ဖ် ဟစ်တလာ ဘုန်းမီးနေလတောက်ပချိန်၌ မည်သူက သူ့ကို မနာခံဘဲနေဝံ့မည်နည်း။ ဤသူရဲကောင်းကိုးကွယ်မှုသည် နှစ်သံမဏိရှည်ကြာသော သမိုင်းရှိခဲ့လေသည်။ ရာစုနှစ်ပေါင်းများစွာပင်၊ လူတို့သည် “နတ်သဖွယ်မင်းဘုရင်များ”(god-kings) နှင့် “ဘုရားသခင်က ပေးသနားသော မင်းတို့၏အာဏာ” (divine right of kings) ဟူသော အယူများကို လက်ခံထားခဲ့ကြပါသည်။ ဤဘုရားသခင် အုပ်စိုးမှုထူထောင်ရေးနည်းလမ်း၏ မူကွဲတစ်ခုမှာ အီရန်နိုင်ငံတွင် ဖြစ်ပွါးခဲ့သော (၂၁) ရာစု၏ ဘာသာရေးနှင့် နိုင်ငံတော်အစိုးရ ရောထွေးထားမှုပင် ဖြစ်ပါသည်။ ဤနာခံရေးအကြောင်းအချက်ကို တန်ပြန်ရာ၌၊ ကျွန်ုပ်တို့အနေဖြင့် အမှန်တရားကို ဖော်ပြရန် လိုအပ်ပါသည်။ လူသားသည် ဘုန်းတခိုးနှင့်အရာရာပြည့်စုံ၊ ဖန်ဆင်းနိုင်သူ မဟုတ်ကြောင်းနှင့် အုပ်စိုးသူသည် ဘုရားသခင်၏ ကိုယ်စားလှယ်တော်လည်း မဟုတ်ကြောင်းရှင်းလင်းစေရပါမည်။

## အုပ်စိုးသူများနှင့် တစ်စိတ်တစ်ဝမ်းတည်းအဖြစ် မှတ်ယူခြင်း

အချို့သူများက မိမိတို့၏အုပ်ချုပ်သူများကို မိမိတို့မိသားစု၏ အနွယ်ကိုယ်ပွါးများအဖြစ် မြင်ကြပါသည်။ ဘောလုံးအသင်း တစ်သင်းကို အားပေးသူများက၊ ထိုအသင်းနိုင်လျှင် ဝမ်းသာပြီး၊ ရှုံးလျှင်ဝမ်းနည်းသည့်အဖြစ်မျိုးနှင့် ခပ်ဆင်ဆင်တူပါသည်။ အုပ်စိုးသူတစ်ဦးသည်၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ကိုယ်ပွါးဖြစ်လာတတ်လေသည်။ အထူးသဖြင့် ပြည်သူတို့နှင့် အုပ်စိုးသူတို့သည် လွတ်လပ်ရေးတိုက်ပွဲကဲ့သို့သော၊ ခက်ခဲကြမ်းတမ်းသည့် အတွေ့အကြုံများကို၊ အတူတကွ လက်တွဲဖြတ်သန်းလာခဲ့လျှင် ဤသို့ခံစားချက်မျိုး ဖြစ်တတ်ကြပါသည်။ (ဤသို့လွတ်လပ်ရေးတိုက်ပွဲဝင်များအနက်၊ ထင်ရှားသူများတွင် ဟိုချီမင်း၊ ဗိုလ်ချုပ်နေဝင်းနှင့် ရောဘတ် မူဂါဘီတို့ အပါအဝင်ဖြစ်ပါသည်။) ဤသို့ မိသားစုကိုယ်ပွါးအဖြစ်မှတ်ယူခြင်းသည်၊ လူတစ်ဦး၏ နာခံရေးအကြောင်းအချက်တစ်ခုဖြစ်နေပါက၊ ဤကဲ့သို့ အာဏာရှင်သဖွယ်အုပ်စိုးသူ ဖြစ်နေသူနှင့် တစ်စိတ်တစ်ဝမ်းတည်းအဖြစ် မှတ်ယူခြင်းသည်၊ ကျိုးကြောင်းဆီလျော်မှုမရှိတော့ကြောင်း နားချပေးရပါမည်။

## ဖာသိဖာသာနေ၍ အေးချမ်းနေသောနယ်ပယ်

အချို့သူတို့သည်၊ မိမိတို့၏ နေ့စဉ်ဘဝအပေါ် ထိခိုက်လာမည်ဟု နည်းနည်းလေးမျှပင် မထင်ရသောဥပဒေများ (အားလုံးမဟုတ်သည့်တိုင်) အများစုနှင့်ပတ်သက်လျှင်၊ 'နေသာသပ၊ လေညာက' ဟု ဆိုတတ်ကြသည်။ ဥပဒေကို သူတို့လိုက်နာသည်မှာ၊ မလိုက်နာလျှင် ပို၍တန်ဖိုးကြီးကြီးပေးရဖွယ်ရှိသည်ဟု ထင်ကြသောကြောင့် ဖြစ်သည်။ ယေဘုယျအားဖြင့် ပြောရလျှင် ဥပဒေအများစုနှင့် ပတ်သက်၍၊ ဤသို့မှတ်ယူခြင်းသည် ကျိုးကြောင်းဆီလျော်သည်ဟု ဆိုနိုင်ပါသည်။သို့ဖြစ်သည့်တိုင်၊ အခြေခံ လူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်ကို ပိတ်ပင်ကန့်သတ်သောဥပဒေများက၊ ဤသို့ဖာသိဖာသာနေ၍ အေးချမ်းနေသော နေရာစည်းထဲသို့၊ ကျူးကျော်ဝင်လာသောအခါ၌ ပြဿနာဖြစ်လာပါသည်။ ဒီမိုကရေစီဖက်တော်သား အတိုက်အခံတို့၏တာဝန်မှာ၊ ဤသို့ ကျူးကျော်ချင်းနင်းဝင်လာမှုကို အရေးမစိုက်ပဲနေခြင်းသည်၊ မသင့်လျော်ကြောင်း၊ လူထုအပေါ် တိုး၍တိုး၍ ကန့်သတ်ချုပ်ချယ်လာမှုများ ချမှတ်လာမည့်အရေးကြောင့်၊ လူတစ်ဦးချင်း၏ လွတ်လပ်ခွင့်များလုံးပါးပါးလာနိုင်သောအခြေအနေ၊ လူ့အဖွဲ့အစည်းအပေါ် ကျွန်ပြုမှုကို အားပေးရာ ရောက်စေကြောင်းကို ပြည်သူလူထုကို ချပြလှုံ့ဆော်ပေးရမည်ဖြစ်ပါသည်။

## မိမိကိုယ်မိမိယုံကြည်စိတ်ကင်းမဲ့ခြင်း

အကြောင်းအမျိုးမျိုးကြောင့် အချို့သောသူတို့မှာ၊ မိမိကိုယ်မိမိ ယုံကြည်စိတ်မရှိကြပေ။ မိမိ၏ အကဲဖြတ်ချက်၊ သို့မဟုတ် မနာခံပဲနေနိုင်အောင် မိမိကိုယ်မိမိလုပ်နိုင်စွမ်း၊ တော်လှန်နိုင်စွမ်းကို ယုံကြည်စိတ် မရှိကြချေ။ အာဏာရှင်စနစ်ဖြင့် ဆယ်စုနှစ်ပေါင်းများစွာ နေလာခဲ့ကြရသောနိုင်ငံများ၌၊ လူ့အဖွဲ့အစည်းကိစ္စရပ်များနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချရသော အတွေ့အကြုံမရှိခဲ့ကြချေ။ သို့မဟုတ် မိမိတို့၏ ခေါင်းဆောင်မှုကို ဖွံ့ဖြိုးတိုးတက်စေရန် အခွင့်အလမ်းမရှိ ဖြစ်နေတတ်သည်။ မိမိတို့အပေါ် အုပ်စိုးသူက ဆုံးဖြတ်ချက်များ ချမှတ်ရာ၌၊ မိမိတို့ထက် အရည်အချင်းပိုရှိကြသည်ဟု အချို့သူများက ထင်ချင်ထင်နေကြပေလိမ့်မည်။ ခုခံရေးလှုပ်ရှားမှုအတွက် အရေးကြီးသောအချက်မှာ၊ အချို့သူများက အစိုးရကို ဖြစ်ဖြစ်မြောက်မြောက် အာခံနိုင်မည်မဟုတ်၊ သို့မဟုတ် မိမိတို့လွတ်မြောက်ရေးလှုပ်ရှားမှုမှာ ပါဝင်ဆောင်ရွက်၍ အောင်မြင်နိုင်မည် မဟုတ်ဟု အထင်ရောက်နေနိုင်သည့် အချက်ပင်ဖြစ်သည်။ အုပ်စိုးသူတို့၏လုပ်ဆောင်ချက်များနှင့် ပတ်သက်၍၊ မိမိတို့၏အကဲဖြတ်နိုင်စွမ်းအပေါ် လူထုယုံကြည်မှု ပြန်လည်တည်ဆောက်ရန်နှင့်၊ ဤအကဲဖြတ်ချက်များအပေါ် အခြေခံ၍ လှုပ်ရှားမှုများဆောင်ရွက်လာခြင်းသည်၊ အကြမ်းမဖက် တိုက်ပွဲအောင်မြင်ရေးအတွက် အလွန်အရေးကြီးလှပါသည်။ တရံတခါ၌ လူအများ ဤသို့ **"ဖာသိဖာသာနေကြခြင်း"အတွက်၊ ကျွန်ုပ်တို့ ထင်မြင်ယူဆသောကိစ္စသည် "မိမိကိုယ်မိမိ ယုံကြည်စိတ် ကင်းမဲ့နေခြင်း"ကြောင့်လည်း ဖြစ်နေတတ်ပါသည်။**

## အကျဉ်းချုပ်

ပြည်သူတို့က မိမိတို့အပေါ် အုပ်စိုးနေသူများကို၊ မည်သည့်အတွက်ကြောင့် နာခံနေရသောအကြောင်းရင်းများကို ကျွန်ုပ်တို့ စီစစ်ပြီးသွားခဲ့ပြီ ဖြစ်သည်။[၅] ဤဆန်းစစ်ချက်များအရ၊ နာခံခြင်းသည် "သဘာဝကျစွာ ဖြစ်ပျက်နေသည်" ဟူသော အဆိုကို ချေပ ထားပါသည်။ လူသားတို့သည် ဗီဇအရကိုက ရိုကျိုးရန်အဖို့ ပါလာသည် မဟုတ်ချေ။ နာခံမှုသည် အဓိကအားဖြင့်၊

---

[5] *Ibid.*, 19-25.

အကျင့်ပါနေမှု၊ ကြောက်စိတ်နှင့် အကျိုးစီးပွါးတို့၏ ပေါင်းစည်းထားမှုပင် ဖြစ်ပါသည်။ (အကျင့်ပါနေမှုနှင့် အကျိုးစီးပွါးတို့ကို ပြောင်းလဲပစ်၍ ရပါသည်။ ကြောက်စိတ်ကိုမူ ကျော်လွှား၍ ဖြစ်နိုင်ပါသည်။)

## အခန်း(၄)
## အကြမ်းမဖက်တိုက်ပွဲ၏ လုပ်နည်းအဆင့်များနှင့် နည်းလမ်းများ

**"ကျနော်ပြောနိုင်သောအချက်မှာ၊ မိမိ၏ ကိုယ်တွေ့စမ်းသပ်စစ်ဆေးမှုများ ပို၍နက်နဲလာလေလေ၊ အကြမ်းမဖက်လှုပ်ရှားမှုကို လူသား၏ အကြီးမားဆုံးအင်အားအဖြစ် ပို၍ ယုံကြည်လာလေလေ ဖြစ်သည်။"**

မဟတ္တမ၊ ကော၊ ဂန္ဒီ
M.K.Gandhi

လူ့အဖွဲ့အစည်းတစ်ရပ်ကို အာဏာရှင်စနစ်မှနေ၍၊ ဒီမိုကရေစီစနစ်သို့ကူးပြောင်းအောင် ကြိုးပမ်းရာ၌၊ မည်သည့်လမ်းကိုရွေးချယ်သည် ဖြစ်စေ၊ ခက်ခဲသည်ချည်း ဖြစ်ပါသည်။ အကယ်၍အတိုက်အခံလှုပ်ရှားမှုက ရွေးချယ်လိုက်သောလမ်းသည်၊ အကြမ်းမဖက်ရေး မဟာဗျူဟာဖြစ်ပါက၊ အကြမ်းမဖက်တိုက်ပွဲဝင်နေသူများသည်၊ အုပ်စိုးသူနှင့် အုပ်စိုးခံတို့အကြား အာဏာဆက်ဆံရေးတွင် မိမိတို့အလိုရှိသော အပြောင်းအလဲများ ဖန်တီးပေးရာနည်းလမ်းများ၊ သို့မဟုတ်၊ လုပ်ထုံးလုပ်နည်းများကို စဉ်းစားသင့်ပါသည်။ ဒေါက်တာဂျင်းရှပ်က "အာဏာဆက်ဆံရေး ပြောင်းလဲမှုအတွက် လုပ်ထုံးလုပ်နည်း (၄) ခု"ကို ဖော်ထုတ်တင်ပြခဲ့ပါသည်။ ၎င်းတို့မှာ စိတ်ပြောင်းအောင်လုပ်ခြင်း၊ လိုက်လျောစေ့စပ်ခြင်း၊ အကျပ်ကိုင်ခြင်းနှင့် ဖြိုခွဲခြင်းတို့ဖြစ်သည်။ ၎င်းတို့က အာဏာဆက်ဆံရေးရှိ ပြောင်းလဲရေးအင်အားစုများနှင့် ပတ်သက်သောအချက်အလက်များကို ကြည့်မြင်ရာ၌ အခြေခံကျောရိုးစံများအဖြစ် အထောက်အကူပေးပါသည်။ ဤအကြမ်းမဖက်လှုပ်ရှားမှုအမျိုးအစားများသည် အပြောင်းအလဲဖြစ်ပေါ်စေရေးနည်းလမ်းအနေနှင့် အသုံးဝင်သည်သာမက၊ ယခင်ကလုပ်ဆောင်ခဲ့ကြသော အကြမ်းမဖက်လှုပ်ရှားမှုများ၏ အကျိုးသက်ရောက်မှုများကို ပြန်လည်အကဲဖြတ်ရန်အတွက်လည်း အသုံးဝင်ပါသည်။

ဤအခန်းတွင် အကြမ်းမဖက်လှုပ်ရှားမှုအမျိုးအစားသစ် အများအပြား (ကန့်ကွက်ခြင်းနှင့် ဖျောင်းဖျတိုက်တွန်းခြင်း၊ ပူးပေါင်းဆောင်ရွက်မှုမပြုပဲ နေခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း) ကိုလည်း မိတ်ဆက်ပေးထားပါသည်။ ဒေါက်တာဂျင်းရှပ် ဖော်ထုတ်ပြထားသော နည်းလမ်း (၁၉၈) မျိုးကို နောက်ဆက်တွဲအခန်း (၂) တွင်ကြည့်ပါ။

### လုပ်ထုံးလုပ်နည်းများ

နိုင်ငံရေးနှင့်လူမှုရေးအပြောင်းအလဲများဖော်ဆောင်ရန်အလို့ငှာ၊ မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲအယူအဆကို သဘောတရားမှနေ၍ လက်တွေ့အဖြစ်သို့ ကူးပြောင်းပေးရပါမည်။ သဘောတရားမှနေ၍ လက်တွေ့သို့ကူးပြောင်းရေးတွင်၊ အပြောင်းအလဲတွင် အရေးကြီးသည်မှာ၊ အုပ်စိုးသူတို့၏သဘောထားနှင့် အပြုအမူများအပေါ်သြဇာသက်ရောက်ရေးအတွက်၊ အတိုက်အခံတို့က ရွေးချယ်သော စိတ်ကြိုက်လုပ်ထုံးလုပ်နည်း၊ သို့မဟုတ်၊ လုပ်ငန်းစဉ်ရွေးချယ်မှုပင် ဖြစ်ပါသည်။ ထိုမှတဖန်

ဤသို့ရွေးချယ်မှုက ပြည်သူနှင့်အစိုးရတို့အကြား တည်ရှိနေသောဆက်ဆံရေးတွင်၊ အလိုရှိသောပြောင်းလဲမှုများ ဖြစ်ပေါ်စေရေးအတွက် နည်းလမ်းများရွေးချယ်မှုအပေါ်တွင် သြဇာသက်ရောက်စေပါမည်။[၆]

## စိတ်ပြောင်းအောင်လုပ်ခြင်း

ဆန့်ကျင်ဖက်အင်အားစုတစ်ခုကို၊ အပြောင်းအလဲဖြစ်ပေါ်အောင် လုပ်ဆောင်ရာ၌၊ ကျင့်သုံးသောလုပ်ထုံးလုပ်နည်း၊ သို့မဟုတ်၊ လုပ်ငန်းစဉ်တို့သည်၊ တိုက်ပွဲအဆင့်အသီးသီးရှိ အကြမ်းမဖက်လှုပ်ရှားမှု၏ ရည်ရွယ်ချက်၊ သို့မဟုတ် အကျိုးသက်ရောက်မှုတို့နှင့် သက်ဆိုင်ပါသည်။ တိုက်ပွဲဝင်လှုပ်ရှားနေသောအုပ်စု၏ အကြံပြုတင်ပြချက်များ၊ သို့မဟုတ်၊ တောင်းဆိုချက်များကို လက်ခံလိုက်ခြင်းအားဖြင့်၊ အစိုးရအတွက် အကျိုးရှိနိုင်သည်ဟုယူဆပါက၊ နားချ၍ရသော အခြေအနေမျိုးရှိတတ်ပါသည်။ *စိတ်ပြောင်းအောင်လုပ်ခြင်းနည်း*သည် တိုက်ပွဲဝင်လှုပ်ရှားနေသောအုပ်စုအတွက် များစွာအကျိုးဖြစ်ထွန်းစေပါသည်။ အစိုးရက အပြောင်းအလဲလုပ်ပေးရန် လိုက်လျောပေးလိုက်ခြင်းအားဖြင့်၊ အတိုက်အခံခေါင်းဆောင်များ၏ ဂုဏ်သိက္ခာနှင့် တရားဝင်မှုလည်း မြင့်တက်လာနိုင်ပါသည်။ အစိုးရနှင့်ထိပ်တိုက်ရင်ဆိုင်မှုလုပ်လျှင် ကြုံတွေ့စရာရှိသည့် ဘေးအန္တရာယ်များလည်း လျော့နည်းသွားပါသည်။ ထို့အပြင် ပို၍အရေးကြီးသည်မှာ ပဋိပက္ခ၏နောက်ပိုင်းအဆင့်များတွင်၊ ဆက်လက်လုပ်ဆောင်ရမည့်ကိစ္စများအတွက်၊ မိမိအင်အားကို ထိန်းသိမ်းထားနိုင်ခြင်းပင် ဖြစ်သည်။ သို့ရာတွင် ဤအဆင့်နိမ့် ဖိအားပေးလှုပ်ရှားမှုသာရှိသော ဤလုပ်ထုံးလုပ်နည်းသည်၊ တရားမဲ့လွန်းသော၊ အာဏာရှင်အစိုးရများကို ဆန့်ကျင်ရာ၌ ထိရောက်မှုမရှိလှပါ။ မည်သို့ပင်ဆိုစေကာမူ ပြဿနာကို ရွေးချယ်အသုံးပြုခြင်း၊ ဤနည်းကို မည်သို့မြှင့်တင်ဆောင်ရွက်မည်နည်း ဟူသောနည်းလမ်းကို စနစ်တကျဆောင်ရွက်ပါက၊ အလွန်ကြမ်းကြုတ်သောအစိုးရများကိုပင်၊ ဆန့်ကျင်ရာ၌ ရံဖန်ရံခါ အောင်မြင်မှုများရတတ်ပါသည်။

မြန်မာနိုင်ငံစစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင်၊ စိတ်ပြောင်းအောင်လုပ်ခြင်းနည်းကို အောင်မြင်စွာ ကျင့်သုံးခဲ့ဖူးပါသည်။ ၎င်းကိစ္စမှာ မူလတန်းကျောင်းများတွင် အင်္ဂလိပ်စာသင်ကြားရေးကိစ္စနှင့် ပတ်သက်နေပါသည်။ (၁၉၆၂) ခုနှစ်၊ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင်၊ ဗိုလ်ချုပ်နေဝင်းက အင်္ဂလိပ်ဘာသာစကားသည် မြန်မာနိုင်ငံအတိတ်ကိုလိုနီဘဝ၏ ခြေရာလက်ရာတစ်ခု ဖြစ်သည်ဟုဆိုကာ၊ မူလတန်းအဆင့်တွင် အင်္ဂလိပ်စာသင်ကြားပေးတော့မည်မဟုတ်ကြောင်း ကြေညာခဲ့ပါသည်။ ထိုအချိန်က မြန်မာလူမျိုးအများအပြားသည် အင်္ဂလိပ်ဘာသာစကားကို သုံးစွဲနေကြပြီး၊ အဆင်ပြေနေသော၊ ဒုတိယဘာသာစကားတစ်ခုလည်း ဖြစ်ပါသည်။ စောင့်ကြည့်လေ့လာသူများကလည်း ဤသို့ပြောင်းလဲလိုက်ခြင်းသည်၊ မသင့်လျော်ကြောင်း ထောက်ပြခဲ့ကြသည်။ မြန်မာပြည်သူတို့ကို နိုင်ငံခြားအယူအဆများ၊ သြဇာအရှိန်အဝါများနှင့် အဆက်ဖြတ်ပစ်ရန်ရည်စူးပြီး၊ အင်္ဂလိပ်စာသင်ကြားရန် အခွင့်အလမ်းပိတ်ပင်လိုက်ခြင်းသည် ပြဋ္ဌာန်းထားသော၊ အကျယ်အပြန့်စာပေဆင်ဆာတည်းဖြတ်ဖြတ်တောက်ရေးဥပဒေကို ဆက်လက်တိုးချဲ့လိုက်ခြင်းသာ ဖြစ်သည်။ တက္ကသိုလ်သင်ကြားပို့ချချက်များ၌လည်း အင်္ဂလိပ်စာဖြင့် သင်ကြားနေခြင်းကို ကန့်သတ်ခဲ့သည်။ ဆယ်စုနှစ် (၂) ခုကျော်ကြာအပြီးတွင်၊ အစိုးရသည် ဤဆင်ဆာဖြတ်တောက်မှုကြောင့် ကြီးမားသော အကျိုးဆက်များပေါ်ထွက်လာကြောင်း မျက်ဝါးထင်ထင် မြင်တွေ့လာရလေသည်။အလုပ်သမားများနှင့် အလယ်တန်းအဆင့်မန်နေဂျာများက နိုင်ငံတကာဆိုင်ရာ စီးပွါးရေးလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေး ဘာသာစကားဖြင့် ဆက်သွယ်အလုပ်လုပ်ခြင်း မပြုနိုင်သောနိုင်ငံတွင်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက စက်ရုံအလုပ်ရုံများ တည်ထောင်လုပ်ကိုင်ရန် ဝန်လေးကြသည်။ အနောက်နိုင်ငံများရှိ တက္ကသိုလ်များ၌ မြန်မာနိုင်ငံတက္ကသိုလ်ကျောင်းသားများကို များများစားစား လက်မခံတော့ပေ။ ရန်ကုန်ဆေးတက္ကသိုလ်မှ ဘွဲ့ရများသည်ပင်၊ နိုင်ငံခြားတိုင်းပြည်များတွင် ဆေးကုသခွင့်မရတော့ချေ။ နိုင်ငံခြားတွင် အထူးပြုဘာသာရပ်များ သင်ကြားခွင့် မရနိုင်တော့ချေ။ စီးပွါးရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းနှင့် ဒီမိုကရေစီရေးလှုပ်ရှားသူများက အင်္ဂလိပ်ဘာသာစကားသင်ကြားခွင့် ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးအတွက်၊ နှစ်ပေါင်းများစွာ တင်ပြပြောဆိုလာခဲ့ပြီးနောက်ပိုင်းတွင်၊ စစ်အစိုးရက အလျှော့ပေးခဲ့ခြင်းမှာ၊ ဤသို့ခွင့်ပြုလိုက်ခြင်းအားဖြင့် သူတို့၏အကျိုးစီးပွါးအတွက် အထောက်အကူရမည်ဟု ကိုယ်တိုင်ယုံကြည်လာသောကြောင့် ဖြစ်သည်။

မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲသည်၊ အာဏာအရင်းအမြစ်များကိုတိုက်ခိုက်ခြင်းဖြစ်သည် ဟူသော အချက်ကို၊ ပြန်စဉ်းစားကြည့်လျှင်၊ အစိုးရအာဏာထောက်တိုင်များကို စိတ်ပြောင်းလာအောင်လုပ်ခြင်းသည် အလွန်အကျိုးရှိကြောင်း

---

[၆] ဤသို့ လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းများကို အကျယ်သိရှိလိုပါက၊ ဒေါက်တာဂျင်းရှပ်ရေးသားသော အကြမ်းမဖက်တိုက်ပွဲ၏ နိုင်ငံရေးစာအုပ် အတွဲ (၂) (၃) (*The Politics of Nonviolent Action*, Vols. II and III) ကို ကြည့်ပါ။

တွေ့ရမည် ဖြစ်သည်။ ဤဖြစ်စဉ်၏ ပထမခြေလှမ်းမှာ အစိုးရအဖွဲ့အစည်းဝင်များနှင့် ပစ်မှတ်အဖွဲ့အစည်းဝင်များအား၊ သူတို့သည် တစ်ဦးချင်းအနေဖြင့် "ပြည်သူ့ရန်သူများ"မဟုတ်ကြောင်း၊ အမှန်တွင်၊ ဒီမိုကရေစီလူ့အဖွဲ့အစည်း၌ သူတို့သည် အကျိုးပြုသူများအဖြစ် ကြိုဆိုခြင်း၊ တန်ဖိုးထားခြင်းနှင့် လေးစားခြင်းခံရမည်ဖြစ်ကြောင်း နားလည်သဘောပေါက်အောင် ကြိုးပမ်းရမည်ဖြစ်သည်။ ဤရည်မှန်းချက် ပေါက်မြောက်သွားသည်နှင့်တပြိုင်နက်၊ ပစ်မှတ်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များအနေဖြင့်၊ နိုင်ငံရေးအပြောင်းအလဲလုပ်ရန် လိုအပ်သည်ဆိုသောအချက်နှင့် နောက်လာမည့်ပြုပြင်ပြောင်းလဲရေး တောင်းဆိုချက်များကို ပို၍ လက်ခံလွယ်လာကြမည်ဖြစ်သည်။ နောက်ပိုင်းတွင် ပို၍လှုပ်ရှားပြောင်းလဲစေရန် တောင်းဆိုလာကြမည် ဖြစ်သည်။

စိတ်ပြောင်းလာအောင်လုပ်ခြင်းသည်၊ ဒီမိုကရေစီဖက်တော်သားအင်အားစုများ တိုးချဲ့ရေးနှင့် ကြံ့ခိုင်တောင့်တင်းအောင်လုပ်ရေးအတွက် အဓိကလုပ်ထုံးလုပ်နည်း ဖြစ်သည်။ ဒီမိုကရေစီအစိုးရလက်အောက်ရှိဘဝနှင့် တစ်ပါတီအာဏာရှင်အစိုးရ လက်အောက်ရှိဘဝများ၊ ကွာခြားပုံကို ဝါဒဖြန့်ချိမှုနှင့် ကမ္ဘာတလွှားရှိ အကြမ်းမဖက်လှုပ်ရှားမှုသတင်းများကို ကျွမ်းကျင်လိမ်မာစွာ အသုံးချခြင်းသည်၊ အပြောင်းအလဲဖြစ်ပေါ်ရေး ကြိုးပမ်းမှုကို များစွာ အထောက်အကူဖြစ်စေပါသည်။ ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်း၊ ကန့်ကွက်ငြင်းပယ်ခြင်း (boycott) နှင့် အခြားကန့်ကွက်ဆန္ဒပြမှုသင်္ကေတများအကြောင်းဖော်ပြသော သတင်းများသည်၊ လူထုသဘောထားကိုရိုက်ခတ်နိုင်သော သာဓကများဖြစ်ပါသည်။ အရေးအကြီးဆုံးမှာ၊ "မနက်ဖြန်အတွက် အမျှော်အမြင်"နှင့် ဤမြင်ကွင်းဖြစ်လာအောင် မည်ကဲ့သို့လုပ်၍ရနိုင်သည်ဟူသော အယူအဆကို ပြည်သူလူထုထံသို့ တင်ပြရန် ဖြစ်ပါသည်။

စိတ်ပြောင်းလာအောင်ကြိုးပမ်းမှု၏ အားအကောင်းဆုံးအချက်မှာ၊ အာဏာရှင်အစိုးရအားဆန့်ကျင်သူများ၏ ရဲစွမ်းသတ္တိကို ပြသခြင်းပင် ဖြစ်ပါသည်။ ဖိနှိပ်မှုကို ပြည်သူလူထုက ရဲရဲရင့်ရင့်ဆန့်ကျင်ပြလိုက်ခြင်းသည် အကြမ်းမဖက်ကန့်ကွက်ဆန္ဒပြသူများအား သူရဲဘောကြောင်သူများအဖြစ်ဖြင့် မြင်နေသော အစွဲကိုခွာချပစ်လိုက်နိုင်စေပါသည်။ စစ်မြေပြင်တွင်၊ စစ်သားများက ပြသသော ရဲစွမ်းသတ္တိဖြစ်စေ၊ ဖိနှိပ်သောအစိုးရကို အံတုရင်ဆိုင်သောအကြမ်းမဖက်စစ်သည်တော်များက ပြသသော ရဲစွမ်းသတ္တိပင်ဖြစ်စေ၊ ရဲစွမ်းသတ္တိကို တစ်လောကလုံးက လေးစားအသိအမှတ်ပြုသည်ပင် ဖြစ်ပါသည်။ တစ်ခါတရံ၌၊ အတိုက်အခံများနှင့် သူတို့၏မိသားစုများ ခံစားရသော၊ ကြေကွဲဖွယ်အဖြစ်ဆိုးများက ဖိနှိပ်သူများရော၊ အဖိနှိပ်ခံများ၏သဘောထားများအပေါ် မှာပါ အကြီးအကျယ်ရိုက်ခတ် ဩဇာသက်ရောက်မှု ရှိစေနိုင်ပါသည်။ ရဲစွမ်းသတ္တိကို တိုက်ပွဲဝင်သူတို့၏ သွေးထွက်သံယိုဖြစ်မှုဖြင့်သာ၊ အစဉ်တိုင်းတာလေ့ရှိသည်မဟုတ်ပါ။ မိမိလုပ်ဆောင်ချက်၏ အကျိုးဆက်များကို ရဲရဲရင်ဆိုင်လိုခြင်းသည်သာ၊ သတ္တိကို တိုင်းတာသောပေတံ အစစ်ဖြစ်ပါသည်။ ဥပမာ– (၁၇၇၆) ခုနှစ်တွင်၊ အမေရိကန်လွတ်လပ်ရေး ကြေငြာစာတမ်းကိုလက်မှတ်ရေးထိုးသူများက၊ အင်္ဂလန်ဘုရင်ကို အာခံဖီဆန်လျက် ရဲစွမ်းသတ္တိကိုပြသခဲ့ကြသလိုပင်၊ အသားအရောင်ခွဲခြားမှု ပပျောက်ရေး "ထိုင်သပိတ်"တွင် ပါဝင်ခဲ့ကြသော (၁၉၅၀) ခုလွန်နှင့် (၁၉၆၀) ခုလွန်နှစ်များက ပြည်သူ့အခွင့်အရေး လှုပ်ရှားသူများသည်လည်း ရဲစွမ်းသတ္တိကို ပြသခဲ့ကြသူများ ဖြစ်ပါသည်။ ဤသို့အာခံဖီဆန်ရေးလုပ်ဆောင်ချက်(၂) ခုစလုံးကြောင့်၊ အများပြည်သူတို့က အကြီးအကျယ် စွန့်လွှတ်စွန့်စားပါဝင်သူတို့၏ တိုက်ပွဲရည်မှန်းချက်များ တရားမျှတကြောင်းကို ချင့်ချိန်သိရှိလာနိုင်ကြပါသည်။

### လိုက်လျောစေ့စပ်ခြင်း

တစ်ခါတရံ၌၊ အစိုးရတစ်ရပ်က ဒီမိုကရေစီရေးလှုပ်ရှားမှုအင်အားစုများ၏ မေတ္တာရပ်ခံချက်၊ သို့မဟုတ်၊ တောင်းဆိုချက်များကို လိုက်လျောတတ်ပါသည်။ ဤသို့လိုက်လျောရသည်မှာ အတိုက်အခံအင်အားစုများအပေါ် လေးစားမှု၊ သို့မဟုတ် အလိုက်သိယဉ်ကျေးလာမှုကြောင့် မဟုတ်ပါ။ လူမှုရေးတင်းမာမှုကို ဖြေလျှော့လိုခြင်း၊ နိုင်ငံခြားအစိုးရများ၏ သဘောထားအပေါ် ရိုက်ခတ်မှုရှိစေလိုခြင်း၊ အများပြည်သူတို့၏ ကောင်းကျိုးချမ်းသာကိုလိုလားသည်ဟု ပြည်သူများ၏ချီးမွမ်းမှုကို ခံလိုခြင်းတို့ကြောင့်သာ ဖြစ်နိုင်ပါသည်။ သို့မဟုတ် ပြဿနာတစ်ခုကို အတိုက်အခံများက အသုံးမချခင် သူတို့၏အကျိုးစီးပွါးအတွက်၊ ပိတ်ဆို့လိုသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ အစိုးရအနေဖြင့် မလုပ်ဆောင်လျှင် မဖြစ်တော့လောက်အောင် အကျပ်ကိုင်ခံရသည့်အနေအထား မဟုတ်ပါ။ ဤပြဿနာများသည်၊ လိုက်လျောလိုက်ခြင်းအားဖြင့် မိမိအကျိုးစီးပွါးကို တိုက်ရိုက်ခြိမ်းခြောက်နေခြင်း မရှိသည့်အပြင်၊ ပြဿနာအချို့တွင် အတိုက်အခံတို့ကို အလျှော့ပေးလိုက်ခြင်းအားဖြင့်၊ မိမိအားနည်းရာပြသည် မဟုတ်ကြောင်း၊ တွက်ချက်မိ၍လည်း ဖြစ်ပါသည်။ အမှန်တွင်၊ အာဏာကို အစိုးရက၊ အကြွင်းမဲ့ချုပ်ကိုင်နိုင်စွမ်း လျော့ပါးကျဆင်းလာနေပြီး၊ ပြည်သူတို့က အစိုးရအပေါ်မုန်းတီးမှုဖြစ်စေနိုင်သောပြဿနာများကို ရင်ဆိုင်နိုင်စွမ်းလည်း မရှိတော့ချေ။ တပါတီအာဏာရှင်အစိုးရ၏ ဤစတိသဘောလိုက်လျောမှုများကို၊ သတင်းများကမှန်မှန် ဖော်ပြပေးကြပါသည်။ ရန်ကုန် စစ်အစိုးရနှင့် ကွန်မြူနစ်

တရုတ်ပြည်ခေါင်းဆောင်တို့သည်၊ အနောက်နိုင်ငံများမှ ခေါင်းဆောင်များ၊ နိုင်ငံသို့ အလည်အပတ်လာရောက်သောအခါများ၌၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးတောင်းဆိုချက်များကို တစိပ်တပိုင်းလိုက်လျောသည့်အနေနှင့်၊ အကျဉ်းသားအနည်းငယ်ကို လွှတ်ပေးလေ့ရှိကြပါသည်။ အစ္စရေးအစိုးရသည်လည်း၊ ပါလက်စတိုင်းတို့အပေါ် လူသားဆန်စွာပြုမူရန်၊ အမေရိကန်အစိုးရ၏ မေတ္တာရပ်ခံချက်ကို လိုက်လျောသည့်အနေနှင့် ဟန်ပြလုပ်ဆောင်ချက်များ မှန်မှန်လုပ်ဆောင်လေ့ရှိပါသည်။ အစိုးရက လိုက်လျောပေးရန် ရွေးချယ်လိုက်သောကိစ္စများသည်၊ ယေဘုယျအားဖြင့် ခိုးလိုးခုလုဖြစ်နေသောကိစ္စများဖြစ်ပြီး၊ ၎င်းတို့ကို လိုက်လျောဖြေရှင်းလိုက်လျှင်လည်း၊ သူတို့၏အာဏာတည်မြဲမှုကို ခြိမ်းခြောက်မည် မယူဆသောကိစ္စများ ဖြစ်ပါသည်။

လတ်တလောဥပမာများအရ၊ အတိုက်အခံတို့အား အစိုးရကလိုက်လျောပေးမှုများတွင်၊ ဟန်ပြလုပ်ဆောင်ချက်များမှနေ၍၊ လွှတ်လပ်သောရွေးကောက်ပွဲများ ကျင်းပပေးခြင်းအထိ ပါဝင်တတ်ပါသည်။ ဥပမာ– (၁၉၈၈) ခုနှစ်တွင် လစ်သူအားနီးယားနိုင်ငံရှိ ကွန်မြူနစ်အစိုးရကို၊ ပြည်သူများက တစ်နေ့တခြားတိုး၍ ကန့်ကွက်ဆန္ဒပြနေခြင်းကို တုံ့ပြန်ရာ၌၊ နိုင်ငံတော်ကောင်စီက ဒီမိုကရေစီလှုပ်ရှားမှု၏တောင်းဆိုချက်ဖြစ်သော၊ လစ်သူအားနီးယားဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ် ခွင့်ပြုရေးနှင့်၊ သမိုင်းဝင်နေရာများတွင် အမျိုးသားအလံလွှင့်ထူခွင့်ပြုရေးအတွက် အခြေခံဥပဒေကိုပြင်ဆင်ပေးရေး တောင်းဆိုချက်ကို လိုက်လျောခြင်းအားဖြင့် တင်းမာမှုများပြေလျော့သွားမည်ဟု မျှော်လင့်ခဲ့ကြပါသည်။ ဤတွင် "ပူးတွဲကော်မတီ" "ဆဂျူဒစ်" **(Sajudis)** နှင့် အခြားထောက်ခံရေးအုပ်စုများ ခေါင်းဆောင်သော၊ ဒီမိုကရေစီလှုပ်ရှားမှုသည် အလွန်ကျယ်ပြန့်လာခဲ့ပြီး၊ ပိုမိုအောင်မြင်လာပါသည်။ သို့နှင့် အစိုးရ၏ ဤသို့ဟန်ပြလိုက်လျောမှုသက်သက်မျှဖြင့် မကြေနပ်နိုင်ကြတော့ချေ။ [၇] အကျိုးရလာဒ်မှာ၊ အတိုက်အခံအင်အားစုများအပေါ် ယုံကြည်ကိုးစားမှုတိုးတက်ရရှိလာပြီး၊ ဒီမိုကရေစီပြောင်းလဲရေးအင်အားစုအဖြစ် ဖွံ့ဖြိုးလာခဲ့ခြင်း ဖြစ်သည်။

ဘာသာရေးဝတ်ပြုခွင့်ပေးရန် (၂၀၀၂) ခုနှစ်က၊ ဆက်ဒန်ဟူစိန်၏ဆုံးဖြတ်ချက်သည်လည်း၊ လိုက်လျောခြင်းနှင့်ပတ်သက်၍ ယနေ့ခေတ်၏ နောက်ထပ်သာဓကတစ်ခု ဖြစ်သည်။ ဆက်ဒန်ဟူစိန်သည် အီရတ်လူ့အဖွဲ့အစည်းကို အကြွင်းမဲ့ချုပ်ကိုင်ထားသည့်တိုင်၊ ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးရှိ ဘာသာရေးအဆောက်အဦးတစ်ခုဆီသို့၊ လူထောင်ပေါင်းများစွာ စုရုံးချီတက်ခွင့်ပေးရန်၊ ရှီးယိုက်ဘာသာဝင်များ၏ တောင်းဆိုချက်ကို လိုက်လျောပေးခဲ့ရသည်။ ဟူစိန်အနေနှင့် ဤတောင်းဆိုချက်ကို ပိတ်ပင်လိုက၊ ငြင်းပယ်၍ ရနိုင်ပါသည်။ ဤကဲ့သို့ပိတ်ပင်မှုကို အာဏာတည်စေရန်၊ သူ့တွင် စစ်တပ်နှင့်ပုလိပ်တပ်ဖွဲ့များ အမှန်ရှိနေပါသည်။ သို့ဖြစ်သည့်တိုင်၊ သူလိုက်လျောခဲ့သည်မှာ ဤအချက်ကိုအကြောင်းပြု၍ လှုံ့ဆော်မှုများ၊ သူ့၏အုပ်စိုးမှုကို အတိအလင်းနှင့် ရှုန်းရင်းဆန်ခတ် ဆန့်ကျင်မှုများ နောက်ထပ်ပေါက်ကွဲမလာအောင်၊ ရှောင်နိုင်မည်ဟု မျှော်လင့်မိသောကြောင့်ဖြစ်နိုင်ပါသည်။ [၈]

လွှတ်လပ်သောရွေးကောက်ပွဲကျင်းပပေးရန် တောင်းဆိုမှုကို လိုက်လျောခြင်းသည်၊ အာဏာရှင်အစိုးရတစ်ရပ်က လိုက်လျောပေးနိုင်သော၊ အစွမ်းကုန် လိုက်လျောမှုတစ်ရပ် ဖြစ်ပါသည်။ သို့ဖြစ်သည့်တိုင်၊ ဤကဲ့သို့သော ရွေးကောက်ပွဲအားလုံးနီးပါး၏ ရိုးဖြောင့်မှန်ကန်မှုမှာ သံသယပွါးဖွယ် ဖြစ်ပါသည်။ (၂၀) ရာစု၏နောက်ဆုံးဆယ်စုနှစ် (၂) ခုအတွင်း၌ တပါတီအာဏာရှင်အစိုးရများက၊ သူတို့၏နိုင်ငံနယ်နိမိတ်အတွင်း၊ "လွှတ်လပ်သော" ရွေးကောက်ပွဲများ ခွင့်ပြုပေးခဲ့သော၊ သာဓကအများအပြားရှိခဲ့ပါသည်။

မြန်မာနိုင်ငံ၏ (၁၉၉၀) ပြည့်နှစ် ပြည်လုံးကျွတ်ရွေးကောက်ပွဲဥပမာက၊ ပြည်သူတို့၏ရွေးချယ်မှုရလာဒ်ကို အာဏာရှင်အစိုးရတို့က မည်သို့မည်ပုံ ကလိန်ကျပုံအကြောင်း သရုပ်ဖေါ်ပြခဲ့လေသည်။ မြန်မာနိုင်ငံ၏ စစ်အာဏာရှင် ဗိုလ်ချုပ်နေဝင်း၊ အာဏာမှ ဆင်းမပေးမီ နောက်ဆုံးလုပ်ခဲ့သော တရားဝင်လုပ်ဆောင်ချက်မှာ၊ ပါတီစုံရွေးကောက်ပွဲများ ကျင်းပပေးရန် တောင်းဆိုသွားခဲ့သည်။ သူ၏ (၁၉၈၈) ခုနှစ်၊ ဇူလိုင်လအတွင်း အငြိမ်းစားမယူမီ၊ လပေါင်းများစွာအတွင်း၌ ပါတီစုံရွေးကောက်ပွဲအပါအဝင် နိုင်ငံရေးပြောင်းလဲမှုများ လုပ်ဆောင်းပေးရန်၊ တောင်းဆိုဆန္ဒပြပွဲများ ဖြစ်ပွါးနေခဲ့သည်။ ဗိုလ်ချုပ်နေဝင်း၏ ယူဆချက်မှာ၊ ပါတီစုံရွေးကောက်ပွဲကြောင့်၊ အာဏာရှင်စနစ်အား အတိအလင်း ဆန့်ကျင်နေမှုများ ပပျောက်မသွားသည့်တိုင်၊ လျော့ပါးသွားနိုင်

---

[၇] Grazina Miniotaite, *Nonviolent Resistance in Lithuania: A Story of Peaceful Liberation*, (Boston: The Albert Einstein Institution, 2002), 30.

[၈] အစီရင်ခံစာများအရ၊ ဆက်ဒမ်ဟုစိတ်က ဤချီတက်ပွဲကို မည်သည့်ဆိုင်းပုတ်၊ ခေါင်းစီးမျှ ကိုင်ဆောင်ချီတက်ခြင်း မပြုရဟူသော ကန့်သတ်ချက်ဖြင့် ခွင့်ပြုခဲ့ခြင်း ဖြစ်ပါသည်။ ချီတက်သူများက လက်ခံခဲ့ကြသည်။ သို့သော်လည်း မျက်မြင်သက်သေတစ်ဦးအပြောအရ၊ ချီတက်သူများက ခြေသံပြင်းပြင်းနင်း၍ ချီတက်ခဲ့ကြပြီး၊ သူတို့၏ခြေသံများကို နောက်ထပ်လမ်းထောင့်တစ်ခုမှတိုင် ကြားခဲ့ရသည်ဟု ဆိုပါသည်။

လိမ့်မည်ဟု ယူဆထားခဲ့သည်။ သူ၏အစိုးရက၊ ရွေးကောက်ပွဲကို ကုလားဖန်ထိုးနိုင်သောစွမ်းရည်ရှိကြောင်းလည်း၊ ပြသခဲ့ပြီး ဖြစ်သဖြင့်၊ အတိုက်အခံများ မျှော်လင့်ချက်ထားစရာမရှိလောက်အောင်၊ အကွဲကွဲအပြဲပြဲဖြစ်နေမည့် ရွေးကောက်ပွဲမျိုး၌၊ မဲ သေချာ အနိုင်ရမည်ဟု ဗိုလ်ချုပ်နေဝင်းက ယုံကြည်နေခဲ့သည်။ [၉]

အရေးကြီးသည်မှာ ဖြစ်နိုင်ဖွယ်ရှိသောလိုက်လျောမှုအတွက် အကြောင်းအရာများကို ရွေးချယ်ရာ၌၊ လိုက်လျောမှုပေးလိုက်ပါက အုပ်စိုးသူများအဖို့ အများပြည်သူများရှေ့တွင်၊ "မျက်နှာပန်းလှ"စေလောက်သောကိစ္စများကို ဖေါ်ပြရပါမည်။ တစ်ချိန်တည်းမှာပင်၊ အစိုးရ၏လိုက်လျောမှုသည် အကြမ်းမဖက်လှုပ်ရှားမှု၏ ကြီးထွားလာနေသော၊  အင်အားကိုထင်ဟပ်ပြနေကြောင်း၊ လူ့အဖွဲ့အစည်းကို တိုးတက်ကောင်းမွန်စေမည့် ပြောင်းလဲမှုများအတွက် သွေးထွက်သံယိုဖြစ်စရာမလိုပဲ ရစေနိုင်ကြောင်းကို၊ ပြည်သူလူထုအနေနှင့် နားလည်ထားစေသင့်ပါသည်။ စိတ်ပြောင်းအောင်လုပ်ခြင်းနှင့် လိုက်လျောခြင်းတို့၏ ပေါင်းစပ်အကျိုးသက်ရောက်မှုများကြောင့်၊ လူမှုအဖွဲ့အစည်းကို ပိုမိုအင်အားရှိလာစေပြီး၊ နောက်ထပ် အင်အားကောင်းသောလှုပ်ရှားမှုများအတွက်ပင်လျှင်၊ ကြိုတင်ပြင်ဆင်နိုင်ပါသည်။

တစ်ပါတီအာဏာရှင်အစိုးရတို့သည်၊ အတိုက်အခံတို့၏ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးတောင်းဆိုချက်ကို လိုက်လျောကြရာ၌၊ အများအားဖြင့် ရွေးကောက်ပွဲနည်းကို အသုံးချလေ့ရှိပါသည်။ ပြည်သူလူထုအတွက် မကောင်းသောအချက်မှာ၊ ရွေးကောက်ပွဲသည်၊ လွတ်လပ်ပြီး တရားမျှတမှုရှိလိမ့်မည်၊ ပြည်သူလူထုများသည်လည်း အစိုးရ၏ခြိမ်းခြောက်မှုကို မကြောက်ပဲ ရပ်ခံနိုင်စွမ်းရှိမည်၊ သို့မဟုတ်၊ မဲရေတွက်ခြင်းနှင့် ပတ်သက်၍ ရိုးသားမှုရှိအောင်၊ နိုင်ငံတကာစောင့်ကြည့်သူများက အာမခံနိုင်စွမ်းရှိမည်ဟူ၍၊ အတိုက်အခံခေါင်းဆောင်များက၊ ရိုးအစွာ ယူဆတတ်ကြခြင်းပင်ဖြစ်သည်။ (၂၀၀၀) ခုနှစ် ဆားဗီးယားရွေးကောက်ပွဲများနှင့် (၂၀၀၂) ခုနှစ်၊ ဇင်ဘာဘွေရွေးကောက်ပွဲတို့သည်၊ မရိုးသားသောရွေးကောက်ပွဲမှနေ၍ လိမ်ညာထားသော ရလာဒ်များ ပေါ်ထွက်လာခဲ့ပုံ သာဓကများ ဖြစ်ပါသည်။

ဆားဗီးယား၌၊ နိုင်ငံရေးအတိုက်အခံတို့က၊ မဲရုံများမှနေ၍ ဘဲလ်ဂရိတ်မြို့ရွေးကောက်ပွဲရုံးချုပ်အထိ၊ ရွေးကောက်ပွဲစောင့်ကြည့်ကြီးကြပ်ရေးစနစ်တစ်ရပ်ကို တည်ထောင်ထားနိုင်ခဲ့ပါသည်။ သူတို့သည်ကောင်းစွာလေ့ကျင့်ပြီး၊ စည်းရုံးဖွဲ့စည်းထားသော၊ "မဲပုံးလက်ရှောင်"**(GET OUT THE VOTE)** လှုပ်ရှားမှုအဖွဲ့ဝင်များ ထားရှိပြီး၊ အစိုးရက မဲခိုးရန်ကြိုးစားပါက လုပ်ဆောင်မည့် စီမံချက်တစ်ရပ်ကိုလည်း ချမှတ်ထားခဲ့ကြပါသည်။ မဲရေတွက်ရာဌာနများမှနေ၍ အတိုက်အခံအုပ်စုတို့ စောစီးစွာ ရရှိထားသော ရလာဒ်များက၊ ဒီမိုကရေစီဖက်တော်သားများ အနိုင်ရကြောင်း ပြသနေသည်။ တရားဝင်ရလာဒ်များကို စုပေါင်းမရေတွက်မီမှာပင် အရှုံးအနိုင်ကို ကြေငြာလိုက်ကြသည်။ အစိုးရက ၄င်းတို့၏မဲရေတွက်မှုအရ အတိုက်အခံအုပ်စုမဲအနိုင်မရကြောင်း၊ ကြေငြာလိုက်သောအခါ၌ ပြည်သူလူထုက လမ်းပေါ်ထွက်ပြီး၊ မိမိတို့အနိုင်ရခြင်းဖြစ်ကြောင်း ကြွေးကြော်ကြရာ ဆားဗီးယားတနိုင်ငံလုံးတွင်၊ လူထုဆန္ဒပြပွဲများ ဆက်တိုက်ဖြစ်ပွါးခဲ့လေတော့သည်။ ဆန္ဒပြပွဲများသည် အထွဋ်အထိပ်သို့ရောက်သွားပြီး၊ နောက်ဆုံး၌ ပါလီမန်သို့ ချီတက်ကြသည်။ ကြိုတင်ပြင်ဆင်မှုများက အလွန်ပင် ပြည့်စုံလုံလောက်လှသည်ဖြစ်ရာ အစိုးရသစ်ကို ဖွဲ့စည်း၊ ကြေငြာလိုက်သောအခါ၌ ရဲများနှင့်စစ်တပ်တို့က၊ ဝင်ရောက်စွက်ဖက်ခြင်း မပြုခဲ့ကြပေ။

(၂၀၀၂) ခုနှစ်တွင်၊ ကျင်းပခဲ့သော ဇင်ဘာဘွေနိုင်ငံ ရွေးကောက်ပွဲရလာဒ်ကမူ၊ ဤသည်နှင့် များစွာခြားနားပါသည်။ ဇင်ဘာဘွေနိုင်ငံ၌ အတိုက်အခံတို့၏ ဒီမိုကရေစီပြောင်းလဲရေး လှုပ်ရှားမှုအဖွဲ့ **(Movement for Democratic Change)** က၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်မြောက်ရေးအတွက် "ရွေးကောက်ပွဲလက်ရှောင်"လှုပ်ရှားမှုနှင့် နိုင်ငံတကာဖိအားတို့ကို အသုံးပြုလျက်၊ မဟာဗျူဟာတစ်ရပ် ချမှတ်ထားခဲ့ကြပါသည်။ သို့ရာတွင် အာဏာလက်ရှိဖြစ်သူ၊ မူဂါဘီက ရွေးကောက်ပွဲများတွင် မရိုးမသားလုပ်ပါက၊ ဖေါ်ဆောင်ရမည့် "အရံစီမံကိန်း– ခ"ကို အရေးမထားခဲ့မိချေ။ သည့်ကြားထဲ၊ အာဏာစွန့်ရန်ရည်ရွယ်ချက် မရှိကြောင်းကိုလည်း မူဂါဘီက၊ စောစွာကတည်းက ဖော်ထုတ်ပြသထားပြီးဖြစ်သည်။ ရိက္ခာနှင့်လစာများ ထောက်ပံ့မည်ဟု ကတိပေးလျက်၊ လူငယ်များကို တုတ်များ၊ ဓါးများကိုင်စွဲသော ပြည်သူ့စစ်အဖွဲ့များအဖြစ် ဖွဲ့စည်းပေးပြီး၊ အတိုက်အခံပါတီ၏ လုပ်သားများကို တိုက်ခိုက်ရန် ညွှန်ကြားခဲ့သည်။ ဒီမိုကရေစီပြောင်းလဲရေး လှုပ်ရှားမှုအဖွဲ့ **(MDC)** ကို ထောက်ခံအားပေးသူများနှင့် မူဂါဘီအား ကန့်ကွက်မဲပေးမည်ဟု သံသယရှိသူများကို ရိုက်နှက်၊ ခြိမ်းခြောက်

[၉] ပထမတွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများကျင်းပရေး အယူအဆကို ပယ်ချခဲ့ကြသော်လည်း၊ နောက်ဆုံး ရန်ကုန်ရှိစစ်အစိုးရက (၁၉၉၀) ပြည့်နှစ် မေလတွင် ရွေးကောက်ပွဲများကျင်းပပေးရန် သဘောတူခဲ့သည်။ အစိုးရအနေဖြင့် အငိုက်မိ အံ့အားသင့်ခဲ့ရပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က၊ မဲဆန္ဒနယ်မြေ (၈၀) ရာခိုင်နှုန်းကျော်တွင် အနိုင်ရရှိခဲ့သည်။ ထို့နောက် စစ်အစိုးရက ရွေးကောက်ပွဲရလာဒ်ကို အသိအမှတ်ပြုရန် ငြင်းဆန်ခဲ့ပြီး၊ နိုင်ငံရေးအတိုက်အခံများကို ထပ်မံချေမှုန်းခဲ့ပြန်သည်။

ခြင်းများ ပြုခဲ့ကြသည်။ (MDC) ၏သမတလောင်းကို နိုင်ငံတော်သစ္စာဖေါက်မှုဖြင့် ဖမ်းဆီးခဲ့သည်။ ပြည်သူလူထုကို ခြိမ်းခြောက်ရာ၌ ရဲတပ်ဖွဲ့ဝင်များနှင့် ထောက်လှမ်းရေးများ ပါဝင်ခဲ့ကြသည်။ ရွေးကောက်ပွဲနေ့မှာပင်လျှင်၊ မဲပေးရန် တန်းစီစောင့်နေသူများကို၊ နိုင်ငံတကာကြီးကြပ်စောင့်ကြည့်ရေးသမားများရှေ့မှောက်မှာပင်၊ ရိုက်နှက်သောသတင်းများ ပေါ်ထွက်လာခဲ့သည်။ ဥရောပနိုင်ငံအချို့မှ လာ၍ စောင့်ကြည့်သူများ နှင်ထုတ်ခံခဲ့ရသည်။ မဲရုံများကို ရွေးကောက်ပွဲနေ့မှာပင်၊ နေရာရွှေ့ပြောင်းချထားခဲ့သည်။ ဤနည်းဗျူဟာမှာ မဲပေးသူများ၊ မည်သည့်နေရာတွင် မဲပေးရမည်မှန်း မသိတော့အောင် လုပ်ဆောင်သော အစိုးရ၏ဗျူဟာတစ်ရပ်ပင် ဖြစ်သည်။ ရွေးကောက်ပွဲရလာဒ်များကို စာရင်းသွင်းချိန်၌ မရေတွက်ရသေးသော၊ မဲများထောင်နှင့်ချီ၍ ကျန်ရှိနေပေသေးသည်။ မူဂါဘီက၊ သူအနိုင်ရကြောင်း နောက်ဆုံးထုတ်ပြန် ကြေငြာခဲ့သည်။ လူထုက မဲဆန္ဒဖြင့်အပ်နှင်းထားသော အမိန့်အာဏာကို တည်စေရန်အတွက် အသေးစိတ်စီမံကိန်းမရှိသည့်အပြင်၊ စွမ်းဆောင်နိုင်မှုလည်းမရှိသဖြင့်၊ (MDC) အဖို့ရွေးကောက်ပွဲသည်၊ "တရားမျှတမှုလည်းမရှိ၊ လွတ်လပ်မှုလည်းမရှိဟု ကြေငြာခြင်းနှင့် ရွေးကောက်ပွဲပြန်လုပ်ပေးရန်တောင်းဆိုခြင်း" ပြုရုံမျှတပါး၊ အခြား ရွေးချယ်စရာလမ်း မရှိခဲ့ချေ။ သို့ရာတွင် ရွေးကောက်ပွဲအသစ်မှာ၊ မတူခြားနားသောရလာဒ် ပေါ်ထွက်လာမည်ဟု မည်သည့်နည်းနှင့်မျှ ကံသေကံမ မဆိုနိုင်ချေ။

ဤနေရာ၌ ရရှိလိုက်သောသင်ခန်းစာကား၊ ရွေးကောက်ပွဲများဆိုသည်မှာ၊ အာဏာရှင်အစိုးရအဖို့ ရှုံးနိမ့်သွားပါက ပြည်တွင်းမှာရော၊ နိုင်ငံတကာအသိုင်းအဝိုင်းမှာပါ 'တရားဝင်ဖြစ်မှု' ဆုံးရှုံးသွားစေသည့်၊ အရှုံးခံ၍မဖြစ်လောက်အောင်အရေးကြီးသည့် အချက်ပင်ဖြစ်သည်။ ထို့အတူပင်၊ ဒီမိုကရေစီအတိုက်အခံတို့အဖို့လည်း၊ ရွေးကောက်ပွဲသည် အရှုံးခံ၍ မဖြစ်လောက်အောင် အရေးကြီးပါသည်။ ရွေးကောက်ပွဲရလာဒ်နှင့်ပတ်သက်၍၊ အာဏာရှင်အစိုးရ၏ ကလိန်ခြုံကျမှုများ ပျက်ပြယ်စေရန်အတွက်၊ ဂရုတစိုက် ချမှတ်ပြင်ဆင်ထားသော စီမံချက်များဖြင့်၊ မိမိတို့၏မဲဆန္ဒကို အတည်ဖြစ်အောင်၊ လုပ်ဆောင်ကြစေရန် ပြည်သူများကို ကြိုတင်ပြင်ဆင်ထားပေးသင့်ပါသည်။

## အကျပ်ကိုင်ခြင်း

စိတ်ပြောင်းအောင်လုပ်ခြင်းနှင့် လိုက်လျောခြင်းအားဖြင့်၊ ဖိနှိပ်သူများအဖို့ အကြမ်းမဖက် အတိုက်အခံပြုသူများ၏ မေတ္တာရပ်ခံချက်၊ သို့မဟုတ်၊ တောင်းဆိုချက်များကို၊ လက်ခံခြင်းပြုနိုင်သလို၊ ပယ်ချခြင်းလည်း ပြုနိုင်ပါသည်။ ဤသို့ဆောင်ရွက်သည့်အတွက် လက်ငင်းအကျိုးဆက်များ ပေါ်ပေါက်စေရန် အကြောင်းမရှိလှပါ။ သို့ရာတွင် အကျပ်ကိုင်ခြင်းကြောင့်၊ အစိုးရသည် မိမိ၏ ရှေ့မှောက်တွင် ရောက်လာသော တောင်းဆိုချက်များကိုမပေးပဲ၊ ငြင်းဆန်နေ၍ မရနိုင်ပါ။ အကြောင်းမှာ၊ အကျပ်ကိုင်မှုကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်သောအချိန်၌၊ အစိုးရ၏အာဏာစက်မှာ သိသိသာသာယုတ်လျော့ထိခိုက်လာစေသော အချိန်ဖြစ်သည်။ အချိန်မတန်သေးပဲ အကျပ်ကိုင်ရန်ကြိုးစားခြင်းကြောင့်၊ မိမိအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုလျော့ပါးရသည့်အဖြစ်သို့ ရောက်တတ်ကြောင်း၊ အတိုက်အခံအုပ်စုများက နားလည်သဘောပေါက်ထားသင့်ပါသည်။ ဖိနှိပ်သူအစိုးရတစ်ရပ်၏ ရာဇပလ္လင်ကို ကိုင်လှုပ်သော အကျပ်ကိုင်တောင်းဆိုမှုများလုပ်မည်ဆိုလျှင်၊ ဂရုတစိုက်စီမံကိန်းရေးဆွဲခြင်း၊ နိုင်ခြေရှိ–မရှိ၊ လက်တွေ့ကျကျခွဲစိပ်သုံးသပ်ခြင်းပြုပြီးမှသာလျှင် လုပ်ဆောင်သင့်ပါသည်။ အကျပ်ကိုင်တောင်းဆိုထားသော အချက်များ ရရှိလိမ့်မည်ဟု၊ သေချာပေါက် မပြောနိုင်တော့လျှင်၊ အကျပ်ကိုင်ခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊ သို့မဟုတ်၊ တောင်းဆိုချက်များကို မွမ်းမံပြင်ဆင်ခြင်းပြုရန် စဉ်းစားသင့်ပါသည်။

နိုင်ငံရေးပါတီများနှင့် ကျောင်းသားများအုပ်စုများသည်၊ တစ်ခါတစ်ရံ၌ "မဖြစ်နိုင်သောတောင်းဆိုချက်များ" တင်တတ်ကြပါသည်။ ဤသို့လုပ်သည်ထက်၊ အဖွဲ့အစည်း၏ရည်ရွယ်ချက်များကို အစိုးရအား အသိပေးထားခြင်း၊ လူထုကိုလှုံ့ဆော်စည်းရုံးပြီးမှသာလျှင်၊ အဖွဲ့အစည်း၏ မဟာဗျူဟာမြောက် အစီအစဉ်များရေးဆွဲချမှတ်ခြင်း စွမ်းရည်ကို တည်ဆောက်ခြင်း၊ အစိုးရ၏အာဏာအရင်းအမြစ်များကို ချိနဲ့အောင်လုပ်ပစ်နိုင်ခြင်း အခြေအနေရောက်မှသာလျှင်၊ မိမိရည်မှန်းချက်များကို  တောင်းဆိုချက်များအဖြစ်သို့ တင်ပြတောင်းဆိုခြင်းက ပို၍သင့်လျော်ပါလိမ့်မည်။ ဥပမာ– "လွတ်လပ်ပြီးတရားမျှတသော" ရွေးကောက်ပွဲများကျင်းပပေးရန်၊ "တောင်းဆိုချက်"ကို တင်သည်ဆိုပါစို့။ ဤတောင်းဆိုချက်ကို အစိုးရကပယ်ချလျှင်၊  အစိုးရအပေါ် မည်သို့ အရေးယူမှုများ ချမှတ်မည်နည်း။

အစိုးရ၏အလိုနှင့်ဆန့်ကျင်စွာပင်၊ အတိုက်အခံတို့၏ တောင်းဆိုချက်များ ရရှိပါက၊ အကျပ်ကိုင်ခြင်းသည် အောင်မြင်သည်ဟု ဆိုနိုင်ပါသည်။ (၂၀၀၀) ခုနှစ်ဆားဗီးယားနိုင်ငံ၊ ရွေးကောက်ပွဲဖြစ်ရပ်၌ အတိုက်အခံအုပ်စုများက၊ အနိုင်ရကြောင်းကြေငြာနေစဉ်၊ မီလိုဆိုဗစ်အစိုးရက နောက်ထပ်ရွေးကောက်ပွဲလုပ်ရန် လိုအပ်ကြောင်း ကြေငြာခဲ့ပါသည်။ အစိုးရ၏ရွေးကောက်ပွဲအတု

အယောင်ကို ကြိုတွေးမိကြသဖြင့်၊ မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲဖြင့် အာဏာသိမ်းပိုက်ရေးဟူသော နောက်ဆက်တွဲ စီမံကိန်းကို ရွေးကောက်ပွဲမတိုင်မီမှာပင် အသေးစိတ် ကြိုတင်ဖေါ်ဆောင်ခဲ့ကြပါသည်။ ဆာ့ဗ်လူမျိုး သိန်းပေါင်းများစွာတို့သည်၊ ပါလီမန်လွှတ်တော်အဆောက်အဦးသို့ ချီတက်သိမ်းပိုက်ကြကာ၊ အာဏာရှင်ကို အာဏာမှနေ၍ အပြီးအပိုင်ဖယ်ရှားပစ်ခဲ့ကြပါသည်။ မီလိုဆိုဗစ်အနေဖြင့် သူ့ကိုဖယ်ရှားပစ်မည့်သူများအား ဆန့်ကျင်နိုင်သောအနေအထား မရှိတော့ချေ။ သူ၏ ထောက်တိုင်များ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြပြီ ဖြစ်သည်။ ဆန္ဒပြသူများ ဘဲလ်ဂရိတ်မြို့ထဲသို့ မဝင်နိုင်အောင် ချထားသော၊ လမ်းအတားအဆီးများကို ရဲတပ်ဖွဲ့များက ထိန်းသိမ်းစောင့်ရှောက်ထားပေးခြင်း မပြုကြတော့ချေ။ လက်နက်ကိုင်တပ်ဖွဲ့များကလည်း၊ ရွေးကောက်ပွဲသည် နိုင်ငံရေးကိစ္စဖြစ်ပြီး၊ စစ်တပ်က ဝင်ရောက်စွက်ဖက်ရမည့်ကိစ္စမဟုတ်ဟုဆိုကာ၊ မီလိုဆိုဗစ်အတွက် ဝင်ရောက်စွက်ဖက်ပေးရန် ငြင်းဆန်ခဲ့ကြသည်။ ဤထောက်တိုင် (၂) ခု နောက်ဆုတ်သွားရခြင်းအကြောင်းမှာ၊ စစ်တပ်၊ ရဲတပ်ဖွဲ့နှင့်အစိုးရအဖွဲ့ဝင်များကို၊ ဒီမိုကရေစီပြောင်းလဲမှုကြောင့် ၎င်းတို့၏ အရေးပါမှုများ လျော့ပါးသွားမည်မဟုတ်ကြောင်း၊ သူတို့၏ ခေါင်းဆောင်များကို ဖြုတ်ပစ်မည်မဟုတ်ကြောင်း၊ နားဝင်အောင်၊ လပေါင်းများစွာ အချိန်ယူ ကြိုးပမ်းခဲ့သောရလာဒ် ဖြစ်သည်။ မီလိုဆိုဗစ်က နောက်ဆုံး ၎င်းအာဏာလက်မဲ့ဖြစ်သွားပြီဖြစ်ကြောင်း၊ အလျင်အမြန်သဘောပေါက်သွားတော့သည်။

အကြမ်းမဖက်အကျပ်ကိုင်ခြိမ်းခြောက်မှုကြောင့် အတိုက်အခံအုပ်စုများ၊ အောင်ပွဲရခဲ့သောဖြစ်ရပ်များရှိခဲ့သကဲ့သို့၊ အမှန်တကယ်လုပ်နိုင်မည်ဟု ယုံကြည်ရလောက်သောအစွမ်းသတ္တိမရှိပဲ၊ ခြိမ်းခြောက်မှုများကြောင့် လှုပ်ရှားမှုကိုထိခိုက်စေခဲ့သောဖြစ်ရပ်များလည်း ရှိခဲ့ပါသည်။ ဤအဖြစ်အပျက်မျိုး ဇင်ဘာဘွေနိုင်ငံတွင်ဖြစ်ပွါးခဲ့ပြီး၊ (၂၀၀၂) ခုနှစ်တွင် အထွေထွေသပိတ်မှောက်ရန်ဆော်သြမှု (၂) ကြိမ်စလုံး အရာမထင်ဖြစ်ခဲ့ပါသည်။ နောက်ထပ်၍ သပိတ်တိုက်ပွဲကိုအောင်မြင်စွာမဖေါ်ဆောင်နိုင်မီ စီမံကိန်းရေးဆွဲခြင်းနှင့် ညှိနှိုင်းမှုများလုပ်ရန် လပေါင်းများစွာ အချိန်ကြာခဲ့ရလေသည်။ ခြိမ်းခြောက်ထားသည့်အတိုင်း၊ အရေးယူမှုများလုပ်နိုင်စွမ်းမရှိပဲ၊ အကျပ်ကိုင်ရန်ကြိုးစားခြင်းကြောင့်၊ ဒီမိုကရေစီရေးတိုက်ပွဲ အရှိန်ပျက်သွားနိုင်ပါသည်။ တက်ကြွသော လူထုထောက်ခံအားပေးမှုများ လျော့ပါးသွားနိုင်ပါသည်။ နိုင်ငံတကာထောက်ခံအားပေးသူများကလည်း လှုပ်ရှားမှု၏ ဆောင်ရွက်နိုင်စွမ်းကို မေးခွန်းထုတ် သံသယဝင်လာကြမည် ဖြစ်သည်။ ဤသို့မကောင်းသော အကျိုးဆက်များမဖြစ်ပွါးရလေအောင်၊ အကြမ်းမဖက်လှုပ်ရှားမှုစစ်ဆင်ရေးကြီးများကို စီမံကိန်းရေးဆွဲခြင်းဖေါ်ဆောင်ခြင်းပြုနေစဉ် ကာလအတွင်းတွင်၊ လုပ်ဆောင်နိုင်စွမ်းရည် အကဲဖြတ်ချက်များကို ပြန်လည်စီစစ်ရန် အထူးလိုအပ်ပါသည်။

## ဖြိုခွဲခြင်း

အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်းပင်၊ အုပ်စိုးသူအပေါ် အတိုက်အခံအုပ်စုက၊ အကျပ်ကိုင်နိုင်စွမ်းရှိနေပြီဆိုလျှင်၊ အာဏာကို ခွဲဝေဖြန့်ဖြူးထားမှု အရာရောက်နေပြီဟု ဆိုနိုင်ပါသည်။ ဤအခြေအနေကိုလည်း ထင်ဟပ်ဖော်ပြနေပါသည်။ အာဏာချိန်ခွင်လျှာသည်၊ မိမိဖက်သို့ အသာစီးရပြောင်းလာပြီဟုသိရလျှင်၊ ပိုမိုပြင်းထန်သည့် နည်းလမ်းများဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှုမပြုပဲနေခြင်း၊ စွက်ဖက်ခြင်းနည်းလမ်းများကို ကျင့်သုံး၍ အစိုးရကို စစ်မျက်နှာ အကျယ်အပြန့်ဖွင့်၍ တိုက်သင့်ပါသည်။ *ဤတိုက်နည်းများဖြင့် ရေရှည်တည်တံ့နေအောင် အချိန်ဆွဲသွားနိုင်ပါက၊ အစိုးရအဖို့မိမိ၏အုပ်စိုးမှုကို ဆက်ထိန်းသွားရန် လိုအပ်သောအာဏာအရင်းအမြစ်များ မရရှိနိုင်တော့သဖြင့်၊* **ပြိုကွဲ**သွားပေလိမ့်မည်။

အတိုက်အခံအုပ်စုအနေနှင့် အစိုးရတစ်ရပ်ကိုဖြိုခွဲရန် လိုအပ်သည်ဟု ယူဆထားပါလျှင်၊ အစိုးရ ဘုန်းဘုန်းလဲသွားသည်အထိ၊ အကြမ်းမဖက်လှုပ်ရှားမှု၏ ပြင်းထန်မှုအတိုင်းအဆနှင့်ကျယ်ပြန့်မှုကို လျှော့ချ၍ လုံးဝမဖြစ်ပေ။ မည်သည့်အကြောင်းကြောင့် တိုက်ပွဲအရှိန်အဟုန် ပျက်သွားသည်ဖြစ်စေ၊ အစိုးရအဖို့ အာဏာကိုဆက်၍ဖက်တွယ်ထားရန် အသက်ရှူပေါက်ရသွားပေမည်။ စစ်ဆင်ရေးတစ်ခုတွင် ရန်သူ့ခံကတုတ်များ တစ်ခုပြီးတစ်ခုကျသွားပြီး၊ ရန်သူကဆုတ်ပြေးရန်ကြိုးစားစဉ် “အခွင့်ကောင်းကို အသုံးချပြီး၊ လိုက်တိုက်”ရသော အဆင့်မှာကဲ့သို့၊ တိုက်ပွဲအမြန်အဆုံးသတ်ရန်အတွက်၊ စွန့်လွှတ်ရမှာ ဝန်မလေးသော စိတ်ဓါတ်ဖြင့် အပြင်းအထန်တိုက်ရပါမည်။ မဟာဗျူဟာစီမံကိန်းတစ်ရပ်မရှိပါက စစ်တပ်တစ်တပ်သည် ဖြစ်ပေါ်လာသော အခြေအနေအတိုင်း၊ အလျှင်အမြန်လှုပ်ရှားကာ၊ ကျိုးပေါက်သွားသောနေရာကို အားသွန်ဖိ တိုက်နိုင်မည်မဟုတ်ချေ။ အကြမ်းမဖက်တိုက်ပွဲသည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်ပါသည်။

## အကြမ်းမဖက်လှုပ်ရှာမှု နည်းလမ်းများ

အကြမ်းမဖက်လှုပ်ရှားမှုများသည်၊ အကြမ်းဖက်မှု မပါသောပြောင်းလဲမှု၏ လုပ်ထုံးလုပ်နည်းများကို အထောက်အကူ ပြုပြီး၊ ဤလုပ်နည်းအဆင့်များကို ထင်ဟပ်ခြင်းလည်း ပြုပါသည်။ အတိုက်အခံတို့ အသုံးပြု၍ရနိုင်သော အကြမ်းမဖက်လှုပ်ရှားမှု နည်းလမ်းများသည်၊ ကျယ်လည်းကျယ်ပြန့်၊ စုံလည်းစုံလင်လှပါသည်။ "အကြမ်းမဖက်လှုပ်ရှားမှု၏ နိုင်ငံရေး" (*The Politics of Nonviolent Action*) စာအုပ်၌၊ ဒေါက်တာဂျင်းရှပ်က နည်းလမ်း (၂၀၀) နီးပါး (နောက်ဆက်တွဲ ၂–တွင် ကြည့်ပါ။) ကို၊ ဖေါ်ထုတ်ခဲ့ပြီး၊ ဤစာရင်းသည် အပြီးသတ်မဟုတ်ပါဟု ဆိုထားသည်။ အမှန်တွင် သက်ဆိုင်ရာအနေ အထားများနှင့် ကိုက်ညီသော၊ နည်းလမ်းများကို တီထွင်ကြံဆအသုံးပြုရန် တိုက်တွန်းထားပါသည်။

ဖိနှိပ်သူအစိုးရကိုဆန့်ကျင်သော၊ အကြမ်းမဖက်လှုပ်ရှားမှုများသည်၊ အကြမ်းဖက် လက်တုံ့ပြန်မှုများနှင့်ကြုံတွေ့ရတတ်ပါ သည်။ ရိုက်နှက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ထောင်သွင်းအကျဉ်းချခြင်းနှင့် အခြားသောအရေးယူမှုများ (ကိုယ်ထိလက်ရောက် အကြမ်းဖက်မှု၊ စီးပွါးရေးအရ အရေးယူခြင်းနှင့် လူမှုရေးအရ အရေးယူခြင်းများ) ဖြင့် တုံ့ပြန်ခံရနိုင်သည်ကို မျှော်လင့်ထားရပေ မည်။ သို့ရာတွင် အစိုးရက ဤသို့အကြမ်းဖက်နည်းဖြင့် တုံ့ပြန်လာသောအခါ၌၊ အတိုက်အခံတို့က ဤသို့သောလုပ်ရပ်များ ကို၊ အများသိအောင်ဖွင့်ချ၍ ဒီမိုကရေစီရေးလှုပ်ရှားမှုကို လူထုပိုမိုထောက်ခံလာစေရန် ကြိုးပမ်းနိုင်ပါသည်။ အစိုးရ၏ရက်စက် ကြမ်းကြုတ်မှုများကို ဖွင့်ချခြင်းဖြင့်၊ ၎င်း၏ တရားဝင်ဖြစ်မှုကို သံသယဖြစ်လာစေပါသည်။ ဤနည်းအားဖြင့် ၎င်းကို အားနည်း သွားစေရန် ဖြစ်သည်။ ပြီးခဲ့သောရာစုနှစ်အတွင်း လှုပ်ရှားမှုများတွင်၊ အဖမ်းခံရခြင်း၊ ထောင်သွင်းအကျဉ်းချခံရခြင်းတို့ကို ဂုဏ် ပြုအမှတ်အသားများအဖြစ် ခံယူခဲ့ကြပါသည်။

အကြမ်းမဖက်လှုပ်ရှားမှုနည်းလမ်းများကိုရွေးချယ်ရာ၌၊ အသုံးပြုရခြင်း၏ရည်ရွယ်ချက်ပေါ်မူတည်၍ စဉ်းစားသင့်ပါသည်။ တစ်ခါ တစ်ရံ၌ လှုပ်ရှားမှုတစ်ခု၊ သို့မဟုတ်၊ အဖွဲ့အစည်းတစ်ခုသည် မိမိအကြိုက်အပေါ်အခြေခံ၍၊ သို့မဟုတ်၊ မိမိတို့ သိထားသော အစွမ်းသတ္တိပေါ် အခြေခံ၍ ရွေးချယ်တတ်ကြပါသည်။ သို့သော် အကြမ်းမဖက်လှုပ်ရှားမှုလုပ်ဆောင်ရခြင်း၏ ရည်မှန်းချက်ကို တော့ ရွေးချယ်ချင်မှ ရွေးချယ်မိပါလိမ့်မည်။ ဤသို့သော အစချီနည်းသည်၊ "နွားရှေ့ ထွန်ကျူးသော" နည်းသာ ဖြစ်သည်။ အကောင်းဆုံးမှာ၊ ပထမဦးစွာ ရည်မှန်းချက်များကို စီစစ်ခြင်းနှင့်၊ ထို့နောက် နည်းလမ်းစာရင်းကိုကြည့်ပြီး၊ မဟာဗျူဟာ၊ နည်း ဗျူဟာတို့အတွက် အထောက်အကူဖြစ်ရာဖြစ်ကြောင်း၊ နည်းလမ်းများကို ရွေးချယ်ခြင်းပင်ဖြစ်သည်။ စဉ်းစားရလွယ်ကူအောင် နည်းလမ်းများကို ယေဘုယျအားဖြင့် အမျိုးအစားကြီး (၃) ခုအဖြစ် ခွဲခြားနိုင်ပါသည်။ ၎င်းတို့မှာ ကန့်ကွက်ဆန္ဒပြခြင်းနှင့်နား ချ ဆွဲဆောင်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုမပြုပဲနေခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းတို့ ဖြစ်ပါသည်။

## ကန့်ကွက်ဆန္ဒပြခြင်းနှင့်နားချဆွဲဆောင်ခြင်း

ကန့်ကွက်ဆန္ဒပြခြင်းနှင့်နားချဆွဲဆောင်ခြင်းတို့သည်၊ ဒီမိုကရေစီအင်အားစုများက၊ အစိုးရ၏တစ်စုံတရာသော လုပ်ဆောင် ချက်များနှင့် မူဝါဒများအပေါ် အကြီးအကျယ်သဘောထား ကွဲလွဲကြောင်းနှင့် ကန့်ကွက်ကြောင်း၊ အချက်ပေး ပြသလိုက်ခြင်း ပင် ဖြစ်သည်။ ဤကန့်ကွက်ဆန္ဒပြမှုများသည်၊ အဓိကအားဖြင့် သင်္ကေတသဘောပြသရန်သာ ရည်ရွယ်ပါသည်။ အကြမ်း မဖက် အတိုက်အခံလှုပ်ရှားမှုက အစိုးရကိုတစ်စုံတရာသော၊ မလျော်ကန်၊ တရားမှုများအတွက် စောဒကတက်နေခြင်းဖြစ် ကြောင်း၊ ပြည်သူလူထုအား အသိပေးရန်လည်း ရည်ရွယ်ပါသည်။ အကြမ်းမဖက်ကန့်ကွက်ဆန္ဒပြခြင်းနှင့် နားချဆွဲဆောင်ရန် ကြိုးပမ်းခြင်း နည်းလမ်းများကို၊ မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုတစ်ရပ်၏ မည်သည့်အဆင့်မှာမဆို၊ အကျိုးရှိရှိ အသုံးချနိုင်သော်လည်း၊ အများအားဖြင့် တိုက်ပွဲတစ်ပွဲ၏ အစ၊ လူထုကို လှုံ့ဆော်ပေးရာတွင် သုံးလေ့ရှိပါသည်။

မည်သည့်ကန့်ကွက်ဆန္ဒပြမှုနှင့် နားချဆွဲဆောင်မှုသဏ္ဍာန်ကို သုံးသည်ဖြစ်စေ၊ ဤအကြောင်းသည် သတင်းမီဒီယာလောက တွင်၊ အကျယ်အပြန့်ဖေါ်ပြခံရသည့်အဖြစ်သို့ ရောက်စေသင့်သည်။ ဆန္ဒပြခြင်း၊ သို့မဟုတ်၊ ကန့်ကွက်စာများဖြန့်ဝေခြင်း ပြု သော်လည်း၊ ဤအကြောင်းကို မည်သူမျှ မသိလျှင်၊ မည်သည့်အကျိုးမှ သက်ရောက်မှုမျှရှိမည် မဟုတ်ပေ။ ဗီယက်နမ်တွင်၊ (၁၉၆၀) ခုလွန်နှစ်များအတွင်းက၊ တစ်ကမ္ဘာလုံးကို အာရုံစိုက်စေသော ကန့်ကွက်ဆန္ဒပြခြင်းနှင့် နားချဆွဲဆောင်ခြင်း သာဓက များအနက်၊ အထင်ရှားဆုံးတစ်ခုမှာ၊ အမေရိကန်နောက်ခံပြုပေးသော၊ ဆိုင်ဂုံအစိုးရကို ကန့်ကွက်ဆန္ဒပြသည့်အနေဖြင့်၊ ဘုန်း တော်ကြီးအများအပြားက ကိုယ့်အသက်ကိုယ်စတေးပြခြင်းပင် ဖြစ်သည်။ ဤကိုယ့်ကိုယ်ကိုယ်သတ်သေသော လုပ်ဆောင် ချက်များကြောင့်၊ မည်သည့်အတွက်ကြောင့် ဤသို့မိမိကိုယ်ကို ဤမျှနာနာကျင်ကျင် အသေခံ၍ နိုင်ငံရေးဆန္ဒပြရသနည်းဟု လူအများက မုချတွေးကြည့်ဖွယ်ရာ ဖြစ်လာခဲ့ပါသည်။ စတေးရခြင်း၏ရည်ရွယ်ချက်၊ အကြီးအကျယ် ပေါက်မြောက်ခဲ့ပါသည်။

အကြောင်းမှာ စည်းရုံးရေးမှူးများက သတင်းယူရန်နှင့် ဓါတ်ပုံရိုက်ရန်၊ နိုင်ငံတကာသတင်းဌာနများကို ဖိတ်ခေါ်ခဲ့သောကြောင့် ဖြစ်ပါသည်။

ဤနည်းလမ်းများသည်၊ အခန်း (၁) တွင် ဆွေးနွေးခဲ့သော တဖက်အင်အားစု၏ အာဏာအရင်းအမြစ်များကို တိုက်ရိုက် တိုက်ခိုက်ခြင်းနှင့် မသက်ဆိုင်လှပါ။ ပြည်သူလူထု အာရုံစိုက်လာအောင်၊ အစိုးရ၏လုပ်ရပ်များကို ဖွင့်ချရန်၊ ဤလုပ်ရပ်များကို ကန့်ကွက်ကြောင်းဖေါ်ပြရန်နှင့်၊ ပြောင်းလဲမှုလိုအပ်ကြောင်း၊ အစိုးရနှင့် အခြားပုဂ္ဂိုလ်များကို နားချဆွဲဆောင်ရန် ရည်ရွယ်သော သွယ်ဝိုက်၍ တိုက်ခိုက်မှုများသာ ဖြစ်ပါသည်။ အကြမ်းမဖက်တိုက်ပွဲသည် မကြေနပ်ကြောင်းဆန္ဒပြခြင်းများထက်၊ ပိုပါသည်။ အပုံကြီး ပိုပါသည်။

## ပူးပေါင်းဆောင်ရွက်မှု မပြုပဲနေခြင်း

ပူးပေါင်းဆောင်ရွက်မှုမပြုပဲနေခြင်းသည်၊ အတိုက်အခံလှုပ်ရှားမှုများ အသုံးပြု၍ရသော အကြမ်းမဖက်နည်းလမ်းများအနက်၊ အထိရောက်ဆုံး အမျိုးအစား ဖြစ်ပါသည်။ မဟာဗျူဟာ တစ်ခုချမှတ်ရာတွင်၊ သင့်လျော်သော ဤသို့မပူးပေါင်း မဆောင်ရွက်သည့်၊ လုပ်ငန်းအမျိုးအစားများကို ချင့်ချိန်တိုင်းဆရွေးချယ်ခြင်းနှင့် ၎င်းတို့ကို သေချာစီမံကိန်းချ အသုံးပြုခြင်းအားဖြင့်၊ အစိုးရ၏ အာဏာအရင်းအမြစ်များကို ဖယ်ရှားပစ်ရာတွင် ပို၍အောင်မြင်နိုင်ပါသည်။ အစိုးရ၏ အာဏာအရင်းအမြစ်များ (ဆိုလိုသည်မှာ အမိန့်အာဏာ၊ လူသားအရင်းအမြစ်များ၊ ကျွမ်းကျင်မှုများနှင့်အသိအမြင်၊ ရုပ်ဝတ္ထုအရင်းအမြစ်များ၊ လက်ဆုပ်လက်ကိုင်ပြ၍မရသော အကြောင်းအချက်များနှင့် အရေးယူမှုများ) ကို၊ လူထုကြီးတစ်ရပ်လုံးဖြင့် တိုက်ခိုက်နိုင်ပါသည်။ စစ်မှုထမ်းနိုင်သောအရွယ် ယောကျ်ားသားများဖြင့်သာ၊ တိုက်ပွဲဝင်နိုင်သည် မဟုတ်ပါ။ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုမရပါလျှင်၊ မည်သည့်အစိုးရမျှ ဆက်လက်မရပ်တည်နိုင်ပါ။ ပူးပေါင်းဆောင်ရွက်မှုမပြုပဲနေခြင်းလှုပ်ရှားမှု၌၊ လက်ဆင့်ကမ်းရမည့် အမှာစကားမှာ “ပြည်သူလူထုအပေါ်မှာ ဖိနှိပ်ဖို့၊ ကျွန်ုပ်တို့ပြည်သူတွေက၊ အစိုးရကို ဝိုင်းမကူကြတော့ဘူး”ဟူ၍ဖြစ်သည်။ ရည်မှန်းချက်မှာ၊ အစိုးရယန္တယားလည်ပတ်လုပ်ဆောင်ရာတွင်၊ အခက်တွေ့စေရန်ဖြစ်သည်။ ရွေးချယ်ထားသော လှုပ်ရှားမှုလုပ်ငန်းများက၊ အကြမ်းမဖက်တိုက်ပွဲ မဟာဗျူဟာကိုအထောက်အကူပေးနိုင်သည့်အခါ၊ အကြီးအကျယ် ထိခိုက်မှုရှိစေပါသည်။ သို့အတွက်ကြောင့်၊ ဖြစ်သလို မလုပ်ဆောင်သင့်ပဲ၊ စနစ်တကျစီစဉ် စည်းရုံးဆောင်ရွက်သင့်ပါသည်။

အစိုးရထောက်တိုင်များဖယ်ရှားရေးအတွက်ဆင်နွှဲသော၊ ပြည်တွင်းရှိပူးပေါင်းဆောင်ရွက်မှုမပြုပဲနေခြင်းလှုပ်ရှားမှုများနှင့် ပေါင်းစပ်ညှိနှိုင်းလျက်၊ နိုင်ငံတကာထောက်ခံ လှုပ်ရှားမှုများက အာဏာရှင်၏ ထောက်တိုင်များကို တိုက်ခိုက်သောလှုပ်ရှားမှုများရရှိအောင် ကြိုးပမ်းရပေမည်။ ဤသို့ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင်၊ ဒဏ်ခတ်ပိတ်ဆို့ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရုပ်သိမ်းရေးလှုပ်ရှားမှုများကို၊ အဓိကထား ဆောင်ရွက်စေရပါမည်။ နိုင်ငံတကာမှာရော၊ ပြည်တွင်းမှာပါ ပူးပေါင်းဆောင်ရွက်မှု မပြုပဲနေခြင်းအားဖြင့်၊ နိုင်ငံရေးအပြောင်းအလဲအတွက် လိုလားလှုပ်ရှားသူများအတွက် များစွာ အကျိုးရှိစေနိုင်ပါသည်။ နိုင်ငံတကာ ထောက်ခံအားပေးမှုရုပ်သိမ်းရေးနည်းလမ်းများတွင်၊ ရင်းနှီးမြှုပ်နှံမှု၊ သို့မဟုတ်၊ သွင်းကုန်များတင်သွင်းခြင်း မပြုအောင် တိုက်တွန်းခြင်း၊ ပိတ်ပင်ခြင်း၊ နိုင်ငံတကာဆွေးနွေးပွဲများ၌ အာဏာရှင်အစိုးရ၏ မူဝါဒများကို ကန့်ကွက်ခြင်း၊ အစိုးရအရာရှိများ၏ ပြည်ဝင်ခွင့်ဗီဇာများကို ကန့်သတ်ထားခြင်း၊ ဖိနှိပ်သောအစိုးရများရှိသည့် နိုင်ငံများထံသို့၊ မိမိနိုင်ငံသားများ သွားရောက်ခြင်းကို ကန့်သတ်ခြင်း၊ လူသားချင်းစာနာမှုအတွက် လိုအပ်ချက်များကို ကူညီပေးရာ၌၊ နိုင်ငံရပ်ခြားအကူအညီများကို အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (အဲန်ဂျီအိုများ) ထံမှသာ၊ စီမံစီးဆင်းစေရန် ကန့်သတ်ခြင်း၊ စသဖြင့် ကဲ့သို့သော လှုပ်ရှားမှုများ ပါဝင်ပါသည်။

## လူမှုရေးအရ ပူးပေါင်းဆောင်ရွက်မှု မပြုပဲနေခြင်း

နိုင်ငံအတွင်းရှိပြည်သူတိုင်းပင်၊ လူမှုရေးအရ ပူးပေါင်းဆောင်ရွက်မှု မပြုပဲနေခြင်း၊ လှုပ်ရှားမှုတွင် ပါဝင်နိုင်ပါသည်။ အာဏာရှင်အစိုးရထဲမှ ပစ်မှတ်အဖြစ် သတ်မှတ်ထားသူများနှင့် လူမှုရေးအရ အပြန်အလှန်ဆက်ဆံမှုမပြုပဲနေခြင်းသည်၊ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို တုန်လှုပ်သွားစေနိုင်ပါသည်။ လူမှုအဖွဲ့အစည်းမှ ထိပ်တန်းပုဂ္ဂိုလ်များက၊ အစိုးရအရာရှိများကို လူမှုရေး အခန်းအနားများသို့ ဖိတ်ကြားခြင်း မပြုတော့ပဲ ထားနိုင်သည်။ အရာရှိများတက်ရောက်မည်ဟု ထင်ရသော အစိုးရနှင့်ပုဂ္ဂလိကလူမှုရေးပွဲများသို့ တက်ရောက်ရန် ငြင်းပယ်နိုင်သည်။ အိမ်နီးချင်းများနှင့် အစိုးရနှင့် မသက်ဆိုင်သည့် အဖွဲ့အစည်းများမှ ကျင်းပသည့်၊ လူမှုရေးအခန်းအနားများသို့၊ အစိုးရအရာရှိများ၏ ကလေးများနှင့် အခြားဆွေမျိုးတော်စပ်သူများကို

ဖိတ်စာ စာရင်းမှ ချန်လှပ်ထားနိုင်ပါသည်။ မိဘများက မိမိတို့၏ကလေးများကို၊ အစိုးရအရာရှိသားသမီးများနှင့် တွေ့ဆုံခြင်း၊ သို့မဟုတ်၊ ချိန်းဆိုခြင်းမပြုအောင် ပိတ်ပင်တားဆီးနိုင်ပါသည်။ ဝိုင်းကျဉ်ခြင်းအားဖြင့်၊ ပြည်သူတို့က အစိုးရဖက်တော်သားများကို သည်းမခံနိုင်တော့ကြောင်း၊ အသိပေးစကားတစ်ခု ပါးလိုက်ခြင်းပင် ဖြစ်သည်။ သို့ရာတွင် ဤနည်းလမ်းကို ဂရုတစိုက်နှင့် တိကျသေချာစွာသာ ကျင့်သုံးရပါမည်။ မမှန်မကန်ကျင့်သုံးမိပါက၊ အစိုးရဖက်တော်သားများအား အတိုက်အခံဖက်သို့ ကူးပြောင်းစေရေး ကြိုးပမ်းမှုကို ထိခိုက်စေနိုင်ပါသည်။ အစိုးရအဖို့ ဂုဏ်တက်စေသော လူမှုရေးနှင့် အားကစားပွဲများကို ကန့်ကွက်သပိတ်မှောက်နိုင်ပါသည်။ အစိုးရမနှစ်မြို့သော အဝတ်များဝတ်ဆင်ခြင်းသည်ပင်လျှင်၊ ပူးပေါင်းဆောင်ရွက်မှုမပြုပဲနေသော လုပ်ဆောင်ချက် နောက်ထပ်တစ်ခု ဖြစ်ပါသည်။ ဤသို့သော ဖယ်ကျဉ်နေကြသည့်လုပ်ဆောင်ချက်က၊ မည်သည်ကို ကိုဆိုလိုကြောင်းကို၊ ပစ်မှတ်ဖြစ်လာသူများက ချက်ချင်းသဘောပေါက်ကြပါသည်။

အမေရိကန်ကိုလိုနီပြုထားစဉ်ကာလအတွင်းက၊ မက်ဆာချူးဆက်ပြည်နယ် ဘုရင်ခံချုပ်က၊ တစ်ခါတွင် သူသည် အင်္ဂလိပ်ဘုရင့်သရဖူကို၊ ကိုယ်စားပြုထားသူ ဖြစ်ပါလျက်၊ အကျဉ်းသားတစ်ယောက်ထက် ဘာမျှပိုမထူးပါဟု ငြီးတွားခဲ့ဖူးပါသည်။ မည်သူကမျှ သူ့ကိုမနာခံ၊ နယ်မြေပြည်သူ့စစ်အဖွဲ့က သူ့ကိုအရေးမလုပ်၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဘေးချိတ်ထားခဲ့ကြပါသည်။ ထို့အပြင် ဘုရားရှိခိုးကျောင်းမှာ ဝတ်ပြုသူများကပင်၊ သူ့ကို ရှောင်ဖယ်ထားခဲ့ကြပါသည်။

**စီးပွါးရေးအရပူးပေါင်းဆောင်ရွက်မှု မပြုပဲနေခြင်း**

အစိုးရမှန်သမျှသည်သူတို့ လုပ်ဆောင်ရန်ရှိသော၊ အစိုးရဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရန်၊ ကောက်ခံရရှိငွေများ လိုအပ်သည်ဟူသော၊ ထင်ရှားမြင်သာသော အချက်အပေါ် အခြေခံလျက်၊ မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှု၏နည်းလမ်းတစ်ခုအဖြစ်၊ စီးပွါးရေးအရပူးပေါင်းဆောင်ရွက်မှု မပြုပဲနေခြင်းကို လုပ်ဆောင်ကြပါသည်။ ရည်ရွယ်ချက်မှာ အစိုးရကိုထောက်ခံအားပေးနေသူများ ရရှိမည့်၊ စီးပွါးရေးမက်လုံးများကို ဖျက်ဆီးပစ်ခြင်း၊ သို့မဟုတ် ယုတ်လျော့စေခြင်းအားဖြင့် အစိုးရ၏ အထောက်အပံ့များ ယုတ်လျော့သွားစေရန် ဖြစ်သည်။ စီးပွါးရေးအရ ပူးပေါင်းဆောင်ရွက်မှုမပြုပဲနေခြင်းကြောင့် မူဝါဒများ အကောင်အထည် ဖေါ်ဆောင်စရာ ရုပ်ဝတ္ထုပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် ရရှိနိုင်သည့် အရင်းအနှီးများ ကင်းမဲ့သွားစေပါသည်။ သို့မဟုတ် ယုတ်လျော့သွားစေနိုင်ပါသည်။ ဤနည်းအားဖြင့် အစိုးရသည် ၎င်းအားထောက်ခံနေသူများ ဆက်လက်သစ္စာရှိအောင် ထိန်းသိမ်းထားနိုင်စွမ်းလျော့ပါးသွားစေပါသည်။

အခွန်မပေးပဲနေခြင်း၊ သို့မဟုတ်၊ လျော့နည်းပေးခြင်း (“အခွန်ရှောင်ခြင်း”) သည်၊ စီးပွါးရေးအရပူးပေါင်းဆောင်ရွက်မှုမပြုပဲနေခြင်း၏ ဥပမာတစ်ခု ဖြစ်ပါသည်။ အစိုးရအဖို့အခွန်ငွေရစေသော ထွက်ကုန်များနှင့် ဝန်ဆောင်မှုများကို စားသုံးသူများက ကန့်ကွက်သပိတ်မှောက်ခြင်း၊ စီးပွါးရေးမတည်ငြိမ်မှုဖြစ်အောင် ဖန်တီးရာ၌ အထောက်အကူဖြစ်စေသော သပိတ်များနှင့်၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ လျစ်လျူရှုထား၍ရမည်မဟုတ်သော၊ ဘဏ္ဍာရေးအကျပ်အတည်း ဖန်တီးရန်အတွက်၊ ဘဏ်အပ်ငွေများကို ထုတ်ယူခြင်း၊ စသည်တို့သည်လည်း အလားတူပင် ဖြစ်သည်။ ထို့အပြင်တစ်ခါတရံ ပစ်မှတ်အစိုးရများနှင့် စီးပွါးရေး ပူးပေါင်းဆောင်ရွက်မှုကို ရုပ်သိမ်းပေးရန်အတွက်၊ နိုင်ငံတကာကော်ပိုရေးရှင်းများ၊ ကုန်သွယ်ရေး အဖွဲ့အစည်းများ၊ အစိုးရပိုင်မဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများကို ဆွဲဆောင်နားချနိုင်ပါသည်။ ဤသို့ဖြင့်အစိုးရများ၏ စီးပွါးရေးအကျိုးစီးပွါးများကို ထိခိုက်စေနိုင်ပါသည်။ နိုင်ငံရေးမတည်ငြိမ်မှုသည် အစိုးရ၏ထောက်တိုင်များကို အားနည်းသွားစေရုံသာမက အတိုက်အခံတို့၏ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုမပြုပဲနေခြင်းအပေါ်၊ အစိုးရ၏တန်ပြန်မှုများကို ထိခိုက်၍၊ အကန့်အသတ်ဖြစ်စေပါသည်။ ဤသို့ ထိခိုက်စေမှုများသည်၊ အကြမ်းမဖက်တိုက်ပွဲ၏ မဟာဗျူဟာရည်မှန်းချက်တစ်စုံလုံးအတွက် မပြောပလောက်သော အကျိုး ပြုချက်မဟုတ်ပါ။ များစွာ ထိရောက်မှု ရှိပါသည်။

မဟာဗျူဟာမြောက်အကြမ်းမဖက်တိုက်ပွဲတစ်ရပ်၌၊ အစိုးရ၏ အမာခံငွေကြေး အဝင်အထွက်လမ်းကြောင်းကို၊ စုံစမ်းလေ့လာရန် အရေးကြီးပါသည်။ ရည်ရွယ်ချက်မှာ စီးပွါးရေးအရပူးပေါင်းဆောင်ရွက်မှုမပြုပဲ နေခြင်းနည်းလမ်းဖြင့်၊ တိုက်နိုင်သော ပျော့ကွက်များကို ရှာဖွေဖေါ်ထုတ်ရန်ဖြစ်သည်။ အချို့နေရာများ၌ အမာခံငွေကြေးကို သဘာဝအရင်းအမြစ်များရောင်းချခြင်း၊ လုပ်အား ဈေးသက်သာသာဖြင့် ရရှိသောကုန်စည်များ၊ ဝန်ဆောင်မှုများ ရောင်းချခြင်းအားဖြင့် ရရှိတတ်သည်။ စီးပွါးရေးအရ ပူးပေါင်းဆောင်ရွက်မှုမပြုပဲနေခြင်း နည်းလမ်းကို၊ ကျင့်သုံးရာ၌ ပို့ကုန်များကို တိုက်ခိုက်ရန်ကိစ္စတွင် ရောင်းချသောနေရာများကို ပစ်မှတ်ထားခြင်းသည်၊ အကောင်းဆုံး ဖြစ်ပါသည်။ အစိုးရဆီသို့ သွင်းကုန်များရောင်းချရာနေရာများသည်လည်း၊ တိုက်၍ အကောင်းဆုံးနေရာများ ဖြစ်ပါသည်။

## နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှု မပြုပဲနေခြင်း

မဟာဗျူဟာမြောက်အကြမ်းမဖက်လှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော၊ အစိုးရနှင့်ပူးပေါင်းဆောင်ရွက်မှုမပြုပဲနေခြင်း ကိစ္စ မှန်သမျှသည် သဘာဝအရကိုယ်က၊ "နိုင်ငံရေးသဘော" အဓိပ္ပါယ် သက်ဝင်ပါသည်။ ဒေါက်တာဂျင်းရှပ်ကသူ၏ "အကြမ်းမဲ့တိုက်နည်း ၁၉၈–နည်း" (198 Methods of Nonviolent Action) တွင်၊ နိုင်ငံရေးအရပူးပေါင်းဆောင်ရွက်မှု မပြုပဲနေခြင်း၊ လုပ်ဆောင်ချက် (၃၈) ခုကို သတ်မှတ် ဖေါ်ထုတ်တင်ပြထားခဲ့ပါသည်။ (နောက်ဆက်တွဲအခန်း –၂ တွင်ကြည့်ပါ။) ဤလုပ်ဆောင်ချက်များ၏ အဓိကရည်ရွယ်ချက်သည်၊ အစိုးရ (သို့မဟုတ်) တိုင်းတပါးမှနေ၍ လာရောက်သိမ်းပိုက်ထားသော အစိုးရတစ်ရပ်၏ အချက်အခြာ အာဏာအရင်းအမြစ်ဖြစ်သော၊ အမိန့်အာဏာကို ပယ်လှန်ရန်ဖြစ်သည်။ တွဲဖက်ရည်ရွယ် ချက်တစ်ခုမှာ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (civil society) ကို အားကောင်းလာစေရန်ဖြစ်သည်။ အဖွဲ့အစည်းများသည် တစ်ဖွဲ့ချင်းအနေနှင့်သော် လည်းကောင်း၊ အခြားသောစိတ်ဓါတ်တူအဖွဲ့အစည်းများနှင့် ဟန်ချက်ညီညီတွဲဖက်၍သော် လည်း ကောင်း၊  အစိုးရကိုဆန့်ကျင်ရာ၌ အတွေ့အကြုံနှင့် မိမိစွမ်းရည်ကို မိမိယုံကြည်စိတ် ရရှိလာကြပါသည်။

နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုမပြုပဲနေခြင်းသည်၊ အစိုးရကို တိုက်ရိုက်စစ်ဆင်တိုက်ခိုက်ခြင်းဖြစ်သည်။ ထုတ်ပြန်ကြေငြာ ချက်များ၊ အစိုးရ၏ အမိန့်အာဏာဆိုသောအရာနှင့် အစိုးရတစ်ရပ်၏ တရားဝင်ဖြစ်မှုတို့ကို ပယ်ချသောထုတ်ပြန် ကြေငြာ ချက်များ၊ ကြေငြာစာတမ်းများနှင့် အခြားစာစောင်စာတမ်းများကို အသုံးချပြီး၊ ဤအစိုးရမှာ ပြည်သူလူထုအပေါ် အမိန့် အာဏာ ကျင့်သုံးခွင့်မရှိကြောင်း၊ လူထုနားလည်အောင် ရှင်းပြနိုင်ပါသည်။ ဤသို့ကန့်ကွက်ဆန္ဒပြမှုများလုပ်ပြီးနောက်၊ အစိုးရ၏ အဖွဲ့အစည်းများကို ကန့်ကွက်သပိတ်မှောက်ခြင်း (boycotts)၊ အရပ်သားဝန်ထမ်းများက အလုပ်ကိုနှောင့်နှေး ကြံ့ကြာစေခြင်း၊ ပြည်သူလူထုကြီးတစ်ရပ်လုံးက အခွင့်သာတိုင်း၊ အစိုးရကို မနာခံပဲနေခြင်းတို့ ဖြစ်ပေါ်စေရမည်။ ဤလုပ် ဆောင်ချက်များကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စွဲမြဲစွာ ဖေါ်ဆောင်ပါက အာဏာရှင်အစိုးရ၏ အာဏာသည်ပျော့ညံ့သွားနိုင်စေ သည်သာမက၊ နောက်ဆုံးပြိုကွဲပင်သွားစေ နိုင်ပါသည်။

## ဝင်ရောက်စွက်ဖက်ခြင်း

တည်ရှိနေသော ပြုမူဆက်ဆံမှုပုံစံများ၊ မူဝါဒများ၊ ဆက်ဆံရေးစနစ်များ၊ အဖွဲ့အစည်းများကို အကြမ်းမဖက်နည်းအားဖြင့်၊ ပျက် ပြားသွားစေရန် ရည်ရွယ်သော၊ သို့မဟုတ် ပျက်ပြားသွားစေသောနည်းများသည်၊ ဝင်ရောက်စွက်ဖက်လုပ်ဆောင်ချက်များဖြစ် ပါသည်။ ဤလုပ်ဆောင်ချက်များကြောင့် အသစ်ဖြစ်သော ပြုမူဆက်ဆံမှုပုံစံများ၊ ဆက်ဆံရေးစနစ်များအပြင်၊ အဖွဲ့အစည်း သစ်များလည်း ပေါ်ပေါက်လာစေ နိုင်ပါသည်။ ဤနည်းလမ်းများသည် 'ပိုနေမြဲ ကျားနေမြဲ' အခြေအနေကို၊ ပို၍တိုက်ရိုက်ကျ စွာ စိန်ခေါ်ဆန့်ကျင်ခြင်းပြုပြီး၊ လတ်တလောပြဿနာကို ပို၍လက်ငင်းကျကျ မြင်နိုင်စေပါသည်။ အမိန့်အာဏာကို ပို၍တိုက် ရိုက်ကျစွာ ဆန့်ကျင်သည်။ ပြဿနာကို ပို၍မြန်မြန်ထက်ထက် ဖြေရှင်းစေနိုင်သည်။ အခြားတစ်ဖက်၌မူ ဝင်ရောက် စွက်ဖက် လုပ်ဆောင်မှုများသည်၊ ကန့်ကွက်ဆန္ဒပြခြင်း၊ ပူးပေါင်းဆောင်ရွက်မှုမပြုပဲနေခြင်း စသည့်၊ လုပ်ဆောင်ချက်များနှင့်စာလျှင် ပို၍ မြန်ဆန်၊ ပို၍ပြင်းထန်သော နှိပ်ကွပ်မှုများနှင့် ကြုံတွေ့ရတတ်ပါသည်။

လတ်တလော အမေရိကန်ပြည်ထောင်စု၏ သမိုင်းကိုလေ့လာကြည့်ပါက၊ တတိယအင်အားစု၏ ဝင်ရောက်စွက်ဖက်မှုသည်၊ တည်ရှိနေသော ပြုမူဆက်ဆံမှုပုံစံများနှင့် လူမှုဆက်ဆံရေးများကို ပြောင်းလဲပစ်ရာ၌ မည်မျှထိရောက်ကြောင်းကို သာဓကတွေ့ ရမည် ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စု၏ လူမှုအခွင့်အရေးလှုပ်ရှားမှုကာလအတွင်းက၊ နေ့လည်စာကောင်တာစားပွဲ များ၌၊ လူမဲများနှင့် မိတ်ဆွေလူဖြူများက ထိုင်လျက်ဆန္ဒပြကြခြင်းသည်၊ အကြီးအကျယ် ထင်သာမြင်သာလည်းရှိ၊ ထိရောက်မှု လည်းရှိသော လှုပ်ရှားမှု ဖြစ်ပါသည်။ ဤလှုပ်ရှားမှုများကြောင့်၊ စားသောက်ဆိုင်များ၌ အသားအရောင်ခွဲခြားဆက်ဆံမှုကို တိုက်ရိုက် ထိခိုက်စေပြီး၊ အလျင်အမြန် အဆုံးသတ်သွားစေခဲ့ပါသည်။ ထို့အပြင် ဤလှုပ်ရှားမှုများက ကျယ်ပြန့်သောအသား အရောင်ခွဲခြားမှုပြဿနာနှင့် စပ်လျဉ်း၍၊ ကုစားနိုင်သော ဥပဒေပြုများချမှတ်ပေးရန် အရေးပေါ်နေကြောင်း အသိအမြင်ကို လည်း ဖြစ်ပေါ်စေခဲ့ပါသည်။ ဤလှုပ်ရှားမှုများဖြစ်ပွါးခဲ့သည်မှာ ဆယ်စုနှစ်နှင့်ချီ၍ကြာခဲ့ပြီဖြစ်ရာ၊ ဤလှုပ်ရှားမှုများအတွင်းက ဖြစ်ပွါးခဲ့သော အကြမ်းဖက်မှုများအကြောင်းကို၊ တစ်ခါတရံ လူအများက မေ့နေနိုင်ပါသည်။ ထိုင်လျက်ဆန္ဒပြသူများကို အကြိမ် ကြိမ်ရိုက်နှက်ခြင်း၊ ရဲခွေးများဖြင့်ရှူးတိုက်ခြင်းနှင့် အခြားသော အကြမ်းဖက်လုပ်ရပ်များဖြင့် တုံ့ပြန်ခံခဲ့ကြရပါသည်။ အာဏာ ပိုင်များ ကျူးလွန်လေ့ရှိသော ဤအကြမ်းဖက်မှုက နိုင်ငံရေးဂျူဂျစ်ဆု (political *jiu-jitsu*) သဘောကို စတင်ဖြစ်ပေါ်စေပါ သည်။ ဤသို့ နိုင်ငံရေးဂျူဂျစ်ဆု ဖြစ်စဉ်၌၊ ငြိမ်းချမ်းစွာကန့်ကွက်ဆန္ဒပြသူများအပေါ်၊ အာဏာပိုင်များက အကြမ်းဖက်လုပ်ရပ်

သည်၊ အသားအရောင်ခွဲခြားဆက်ဆံမှုကို ဆန့်ကျင်စေမည့် ပိုမိုအင်အားကြီးမားသော တရားမျှတရေးအင်အားစုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ [၁၀] တစ်ပါတီအာဏာရှင်စနစ် ဆန့်ကျင်သော မဟာဗျူဟာမြောက်အကြမ်းမဖက်တိုက်ပွဲတစ်ရပ်၌၊ ပြည်သူကို ကိုယ်စားပြုသော တရားမျှတရေးအင်အားစုသည်၊ ထိုနိုင်ငံရှိ အစိုးရ မဖြစ်နိုင်ပါ။ နိုင်ငံတကာအသိုင်းအဝိုင်းဆီမှ အားပေးပံ့ပိုးမှုများ လိုအပ်နိုင်ပါသည်။

နိုင်ငံတကာစွက်ဖက်မှုနှင့်ပတ်သက်သော၊ ဥပမာတစ်ခုမှာ၊ (၂၀၀၂) ခုနှစ် ဒီဇင်ဘာလက၊ အင်ဒိုနီးရှားနိုင်ငံ အာချေးသို့ နိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့များ **(International Peace Brigade)** စေလွှတ် ဝင်ရောက်စေခြင်းပင် ဖြစ်ပါသည်။ သူတို့သည် အာချေး၏ နိုင်ငံရေးအခြေအနေ ပြောင်းလဲရေးလှုပ်ရှားမှုကို ဆန့်ကျင်နေသူများ၏၊ အကြမ်းဖက်တိုက်ခိုက်ခံရဖွယ်ရှိသော၊ လူ့အခွင့်အရေးစောင့်ကြည့်သူများ၊ လူသားချင်းစာနာမှု အကူအညီပေးရေးလုပ်သားများကို ကာကွယ်ပေးရန် အဖေါ်အဖြစ်လိုက်ပါစောင့်ရှောက်ပေးကြခြင်း ဖြစ်သည်။ တစ်ချိန်တည်းမှာပင်၊ ဤနိုင်ငံတကာစောင့်ကြည့်လေ့လာသူများ ရောက်ရှိနေခြင်းသည်၊ အင်ဒိုနီးရှား အစိုးရအာဏာပိုင်များက၊ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ လွတ်လပ်ရေးတောင်းဆိုနေသော အုပ်စုဝင်များအပေါ်၊ အကြမ်းမဖက်နိုင်စေရန် ဟန့်တားပေးထားသကဲ့သို့ ဖြစ်နေစေခဲ့သည်။ နိုင်ငံတကာစွက်ဖက်မှု၏ အခြားသောသာဓက တစ်ခုမှာ၊ နိုင်ငံခြားမှအကြမ်းမဖက်သော ကိုယ်ရံတပ်သားများက၊ ပါလက်စတိုင်း လယ်သမားများနှင့် အခြားအရပ်သားများကို၊ အစ္စရေး အခြေချလာသူများနှင့် အစ္စရေးနိုင်ငံကာကွယ်ရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုရန်မှ ကာကွယ်စောင့်ရှောက်ပေးရန် ဝင်ရောက်ဆောင်ရွက်ကြခြင်းမျိုး ဖြစ်ပါသည်။

ဝင်ရောက်စွက်ဖက်ခြင်းလုပ်ဆောင်ချက်များကြောင့်၊ အာဏာရှင်အစိုးရ၏ ထောက်တိုင်များအားပြောင်းသွားနိုင်သည့်အပြင်၊ ပြိုကျရန်လည်း မြန်ဆန်စေနိုင်ပါသည်။ ကောင်းစွာကြံဆထားသော မဟာဗျူဟာနှင့်အညီ၊ လတ်တလောပေါ်ပေါက်လာနိုင်သည့် အခွင့်အလမ်းများကို အသုံးချရန်အတွက်၊ အထောက်အကူပြုစီမံကိန်းများကိုလည်း အလျှင်အမြန်ချိန်ညှိယူနိုင်ပါသည်။ ချိန်ညှိယူရန် လိုအပ်ချက်များကို ကြိုတင်စဉ်းစားတွက်ချက်ထားသော၊ မဟာဗျူဟာတစ်ရပ်နှင့် စီမံကိန်းများမရှိပါက၊ လှုပ်ရှားမှု၏ အရှိန်အဟုန် ပျက်သွားတတ်ပါသည်။ ဤသို့ အရှိန်အဟုန်ပျက်သွားခြင်းကြောင့်၊ တဖက်အင်အားစုအဖို့ တုံ့ပြန်ရန်နှင့် ပြန်လည်အားဖြည့်တင်းရန် အချိန်ရသွားနိုင်ပါသည်။ တနည်းပြောရလျှင် အစိုးရအဖွဲ့အစည်းများက၊ ဝင်ရောက် စွက်ဖက်ရေး လုပ်ဆောင်ချက်များကို၊ ၎င်းတို့၏ ဆက်လက်ရပ်တည်ရေးကို တိုက်ရိုက်ခြိမ်းခြောက်နေခြင်းဖြစ်သည်ဟု မြင်သွားပါက၊ ၎င်းတို့ကို ထောက်ခံနေသူ အဖွဲ့ဝင်များက၊ ခေါင်းဆောင်လုပ်သူနောက်တွင်၊ ဝန်းရံပေးကာ၊ "လှေခွက်ချည်းကျန်၊ အလံမလှဲ"ခုခံတိုက်ပွဲဝင်သွားရန်အတွက် ပြင်ဆင်မှုများ ဖြစ်လာနိုင်ပါသည်။ အစိုးရဖက်တော်သားများအနေဖြင့်၊ ဤသို့ချောင်ပိတ်ခံနေရသည်ဟု၊ ခံစားရသောတွေးထင်မှုမျိုး၊ ဖြစ်နိုင်ချေ နည်းသွားအောင် လုပ်ရန်အတွက်၊ ဤသူများသို့ ဦးတည်သောဝါဒဖြန့်ချိမှုတစ်ရပ်ကို စောစွာကတည်းက၊ ကြိုတင်စဉ်းစား လုပ်ဆောင်ထားသင့်ပါသည်။

---

[၁၀] နိုင်ငံရေး ဂျူဂျစ်ဆုဆိုသည်မှာ၊ အတိုချုပ် အဓိပ္ပါယ်ဖွင့်ရလျှင်၊ "အကြမ်းမဖက်လှုပ်ရှားမှုတိုက်ပွဲအတွင်း၊ အာဏာချိန်ခွင်လျှာ ဆက်ဆံရေးအပြောင်းအလဲ ဖြစ်စေရန်အတွက်၊ အထူးဖြစ်စဉ်တစ်ရပ် ဖြစ်ပါသည်။ နိုင်ငံရေးဂျူဂျစ်ဆုသဘောတွင်၊ အကြမ်းမဖက်သောနည်းဖြင့် ခုခံဆန့်ကျင်နေသူများအပေါ်၊ ဆန့်ကျင်ဖက်အင်အားစုများက အကြမ်းနည်းသုံး၍ ဖြစ်ပေါ်လာရသော၊ အနုတ်သဘောတုံ့ပြန်ချက်များကို၊ ထိုဆန့်ကျင်ဖက်အင်အားစုကို ပြန်လည်ဆန့်ကျင်စေရန် နိုင်ငံရေးနည်းအရ ပြန်လည်အသုံးချခြင်း ဖြစ်ပါသည်။ သူတို့၏ အာဏာအနေအထားကို ပျော့ညံ့အားနည်းစေခြင်း၊ အကြမ်းမဖက်ခုခံဆန့်ကျင်နေသူများကို ပို၍အားကောင်းစေခြင်းဖြစ်စေအောင် အသုံးချနိုင်ပါသည်။ " ပို၍ပြည့်စုံသော အဓိပ္ပါယ်ဖွင့်ဆိုမှုများကို၊ နောက်ဆက်တွဲ (၁)၊ အကြမ်းမဖက်လှုပ်ရှားမှုဆိုင်ရာ အရေးကြီးသောဝေါဟာရများ ဖွင့်ဆိုချက်စာရင်း ၌ ကြည့်ရှုနိုင်ပါသည်။

# အခန်း(၅)
# ပြဿနာဖြေရှင်းခြင်း

**"ဦးစီးအဖွဲ့ လေ့လာရေးပုံစံကိုသုံးပြီး၊ လေ့လာသုံးသပ်လိုက်တဲ့အခါ၊ ပြဿနာတစ်ခုရဲ့ အဖြေဆိုတာ ပြေးမလွတ်ပါဘူး။"**

စောယိုရှူး (ကရင်အမျိုးသားအစည်းအရုံး)
သူ၏ နိုင်ငံရေးအံတုမှုကော်မတီဦးစီးအဖွဲ့ဝင်များအတွက်၊
ဤလေ့လာရေးပုံစံအသုံးပြုခြင်းကို မည်သည့်အတွက်ကြောင့်
သဘောကျပါသနည်းဟု မေးသောအခါ ဖြေကြားချက်။

ပဋိပက္ခတစ်ခုကိုအောင်မြင်စွာ ဖြေရှင်းနိုင်ရေးအတွက်ဆိုလျှင်၊ တိကျရှင်းလင်းသော ရည်မှန်းချက်များ၊ မဟာဗျူဟာ တစ်ရပ်နှင့် အထောက်အကူပြုမည့် အစီအစဉ်များ ရှိရပေမည်။ အကြမ်းမဖက်တိုက်ပွဲ၏ အဂ္ဂမဟာဗျူဟာ (Grand Strategy) အတွက် ရည်မှန်းချက်များနှင့် လမ်းညွှန်တို့သည်၊ အတိုက်အခံ လှုပ်ရှားမှုခေါင်းဆောင်ပိုင်း၏ မူဝါဒရေးရာဆုံးဖြတ်ချက်များမှနေ၍ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ ဤမူဝါဒရေးရာဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် ဖြစ်နိုင်ဖွယ်ရှိသော အထောက်အပံ့ပြုမည့် အစီအစဉ်များအဖြစ်သို့၊ ပြောင်းလဲပစ်လိုက်သောအခါ၊ သို့မဟုတ် မဟာဗျူဟာရည်မှန်းချက်နှင့် အထောက်အကူပြု အစီအစဉ်များအဖြစ်သို့ ရေးဆွဲလုပ်ဆောင်ရန် လိုအပ်သည့်အခါ၊ ဖြေရှင်းရန်ရှိသည့် ပြဿနာအမြောက်အများ ပေါ်ထွက်လာပါသည်။

အာဏာရှင်အစိုးရတို့က၊ လူမှုအဖွဲ့အစည်းကို တင်းကြပ်စွာချုပ်ကိုင်ထားပြီး၊ အဓိကကျသော ပြဿနာများအပေါ် ဆုံးဖြတ်ခွင့်ကို၊ အစိုးရကို အားပေးထောက်ခံသော၊ ပုဂ္ဂိုလ်လက်တစ်ဆုပ်စာလက်ထဲမှာသာထားသော နိုင်ငံများ၏ ဒီမိုကရေစီရေး လှုပ်ရှားမှုများတွင်၊ ကြုံတွေ့ကြရသည်မှာ 'ပြဿနာဖြေရှင်းရေးအတတ် (ကျွမ်းကျင်မှု) များ' သည်၊ ရှားပါးလှသော အရင်းအမြစ်တစ်ခု ဖြစ်နေချင်းပင်။ ဥပမာ၊ အလွန်ဆိုးရွားသည့်ဖြစ်ရပ်များတွင်၊ လူတစ်ယောက်ချင်း၏ ပုဂ္ဂလိကရွေးချယ်ဆုံးဖြတ်ကြရမည့် နေရေး ထိုင်ရေး၊ ကောလိပ်တွင် သင်ယူရမည့်ပညာရပ်၊ လုပ်ကိုင်ရမည့် အလုပ်အကိုင်၊ စားသုံးရမည့် အစားအစာတို့ကိုပါ အစိုးရက ဝင်ရောက်ဆုံးဖြတ်နေကြပါသည်။ အချို့နေရာများ၌ ကြောက်ရွံ့မှုကြောင့် ဖြစ်စေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာကြောင့်ဖြစ်စေ၊ လက်အောက်ငယ်သားတို့သည် အကြံပြုတင်ပြရမည်ကို ဝန်လေးနေတတ်ကြပါသည်။ သူတပါး၏ ဆုံးဖြတ်ချက်ကို ဖေါ်ဆောင်ပေးရုံသာ လုပ်တတ်ကြပါသည်။ ပြဿနာများကို အသိအမှတ်ပြုခြင်း၊ ပြဿနာ၏အကြောင်းရင်းများကို အကဲဖြတ်ခြင်း၊ ဖြစ်နိုင်ဖွယ်ရှိသောအကြံပြု တင်ပြမှုများလုပ်ခြင်း၊ တို့၌ ကျွမ်းကျင်လိမ်မာလာစေရန်အတွက်၊ ပြည်သူတို့အား ပြဿနာကြီးငယ်တို့တွင်၊ သူတို့၏ကျွမ်းကျင်မှုများကို အသုံးပြုဖွံ့ဖြိုးစေခွင့် ပေးရပါမည်။

ပြည်သူတို့အနေနှင့် သူတို့၏ဘဝအတွင်း၊ ပြဿနာဖြေရှင်းရေးအတွက် ဆုံးဖြတ်ချက်ထောင်ပေါင်းများစွာကို ချမှတ်နေကြရသည်မှာ တကယ့်အဖြစ်မှန်ပင်ဖြစ်သည်။ ဤပြဿနာအများစုမှာ၊ အမှန်တွင် အသေးအဖွဲများသာ ဖြစ်သည်။ (မည်သို့ဝတ်ဆင်မည်။ မည်သည့်ပစ္စည်း ဝယ်မည်။ သို့မဟုတ် ကလေးမွေးနေ့ပွဲအတွက် မည်သူတွေကို ဖိတ်ကြားမည်၊ စသဖြင့် ဖြစ်သည်။) အချို့ပြဿနာများက၊ သည့်ထက်ပို၍ အရေးကြီးပါသည်။ မည်သည့် အသက်မွေးဝမ်းကျောင်းမှု အလုပ်ကိုလုပ်မည်

စသည့် ပြဿနာမျိုးဖြစ်သည်။ ဤဆုံးဖြတ်ချက်အတော်များများသည်၊ သိပ်ရေးကြီးခွင်ကျယ်မဟုတ်လှသဖြင့် စိတ်ဒုံးဒုံးချ ရွေးချယ်လိုက်သမျှသည် အကြောင်းထူးလှသည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အကောင်းဆုံး ဆုံးဖြတ်ချက်မဟုတ်လျှင် လည်း ဖြစ်ပေါ်လာသမျှအကျိုးဆက်များနှင့် နေရထိုင်ရအဆင်ပြေနေသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် အခြားကိစ္စများ၌မူ ဤသို့အရေးမထားပဲ နေ၍မဖြစ်ပါ။ မည်သူ့ကိုလက်ထပ်မည်နည်း ဟူသောဆုံးဖြတ်ချက်သည်၊ ဘဝတစ်လျှောက်လုံးတွင် နေ့စဉ် အကျိုးသက်ရောက်နိုင်သော ဆုံးဖြတ်ချက်ပင် ဖြစ်သည်။

လူပုဂ္ဂိုလ်တစ်ဦးချင်းကဲ့သို့ပင်၊ အဖွဲ့အစည်းများသည်လည်း ပြဿနာကို ဖြေရှင်းနေရပါသည်။ အဖွဲ့အစည်း၏ဆုံးဖြတ်ချက် များသည်၊ အဖွဲ့အစည်းအတွင်းရော အပြင်မှာပါရှိသည့် လူအများအပေါ် အကျိုးသက်ရောက်နိုင်သည့်အပြင်၊ အဖွဲ့အစည်း၏ ဂုဏ်သိက္ခာနှင့်ပတ်သက်သော အကျိုးဆက်များလည်း ဖြစ်ပေါ်စေနိုင်သဖြင့်၊ ဆုံးဖြတ်ချက်ချသူများအနေဖြင့်၊ များနိုင်သမျှ အများဆုံး အချက်အလက်များအပေါ်တွင် အခြေခံထားပြီး၊ လက်တွေ့ကျသောအကြံပြုတင်ပြချက်များ ရရှိရန်အရေးကြီးပါ သည်။ စစ်ရေးတိုက်ပွဲနှင့် အကြမ်းမဖက်တိုက်ပွဲတို့တွင် ဆုံးဖြတ်ချက်ချရာဝန်းကျင် အနေအထားချင်းတူညီသည့်အချက်များ အတော်များများရှိနေသဖြင့်၊ စစ်ဦးစီးအဖွဲ့၏ ဆုံးဖြတ်ချက်ချပုံနည်းစနစ်သည် ဆုံးဖြတ်ချက်ချသူများအဖို့ရော၊ ဆုံးဖြတ်ချက် ချသူထံ အကြံပြုတင်ပြချက်များပေးရန် တာဝန်ရှိသူများအဖို့ပါ အတုယူလေ့လာဖွယ် ဖြစ်ပါသည်။

ဤပြဿနာဖြေရှင်းခြင်းနည်းစနစ်ကို၊ ဦးစီးကွပ်ကဲရာနှင့် စီမံခန့်ခွဲရာ အချင်းအရာအမျိုးမျိုးတွင် အကျယ်အပြန့်အသုံးပြုနိုင်ပါ သည်။ ပို၍အသေးစိတ် တိကျစေနိုင်ပါသည်။ ထို့ပြင် အောက်တွင်ဖော်ပြထားသော အစီအစဉ်တစ်ခု၏ အဆင့်တိုင်းပုံစံများ အတိုင်းလည်း လိုက်နာကျင့်သုံးရန် အရေးကြီးပါသည်။

<u>**ဦးစီးအဖွဲ့၏ လေ့လာရေးပုံစံ**</u>

(၁) ပြဿနာကိုဖေါ်ထုတ်ခြင်း
(၂) ယူဆချက်များ
(၃) ပြဿနာနှင့် ပတ်သက်သော အချက်အလက်များဖေါ်ထုတ်ခြင်း
(၄) အချက်အလက်များအကြောင်း ဆွေးနွေးခြင်း
(၅) ကောက်ချက်ချခြင်း
(၆) အကြံပြုတင်ပြချက်များ

### အပိုဒ် (၁) ပြဿနာကိုဖေါ်ထုတ်ခြင်း

ပြဿနာသည် အာရုံပြုရမည့် ဗဟိုအချက်အချာဖြစ်သဖြင့်၊ ၎င်းကို ပထမအဆင့်တွင် ထားရခြင်း ဖြစ်သည်။ ဤအပိုဒ်ထဲတွင်၊ ရေးသားဖော်ပြရမည့် စကားလုံးများကို ရှာဖွေရခြင်းသည်၊ ရုတ်တရက်အပေါ်ယံတွေးထင်ထားသလောက် မလွယ်ကူပါ။ အပိုဒ် (၁) ရှိ ပြဿနာကို၊ ပြဿနာကို အတိအကျမဖော်ပြနိုင်ပဲ၊ ဖြစ်ပွါးနေသော ရောဂါလက္ခဏာဖော်ပြချက်များအဖြစ် မှားယွင်းစွာ မှတ်ယူသွားနိုင်ဖွယ် ရှိပါသည်။ ဤသို့မှားယွင်းဆင်ခြင်ပုံကို ဥပမာအရဖော်ပြရလျှင်၊ လူတစ်ယောက်က အကြိမ်ကြိမ်ခံစားနေရ သော၊ ခေါင်းကိုက်ဝေဒနာအတွက်၊ အက်စပရင်ဆေးနှစ်လုံးကို နေ့စဉ်သောက်နေသော၊ သာမန်နေ့စဉ်အတွေ့အကြုံနှင့် ယှဉ်၍ တင်စား ဖော်ပြနိုင်ပါသည်။ သို့ရာတွင် မည်သည့်အတွက် ခေါင်းကိုက်ဝေဒနာခံစားနေရသည်ဆိုသော အကြောင်းအရင်းအမှန် ကို ပထမဦးစားပေး ဖော်ပြရမည်ဖြစ်သည်။ သို့ရာတွင် ဤပြဿနာကို ဖေါ်ပြခဲ့ခြင်း၊ အသိအမှတ်ပြု ဖော်ထုတ်နိုင်ခဲ့ခြင်းကို မတွေ့ရပါ၊ ဤသို့ မဆောင်ရွက်ခဲ့ပါ။

### အပိုဒ် (၂) ယူဆချက်များ

ဦးစီးအဖွဲ့လေ့လာရေး၌ ယူဆချက်များသည် ကျိုးကြောင်းဆီလျော်သော စဉ်းစားတွေးဆချက်များ ဖြစ်သည်။ သို့သော် ဤ ယူဆချက်များက အချက်အလက်များကို အစားထိုး ကိုယ်စားပြုဖော်ပြနေပါသည်။ အများအားဖြင့် ၎င်းတို့သည် နောင်တွင် ဖြစ်ပေါ်လာမည့် အရေးကိစ္စများ၊ အခြေအနေများ၊ ရရှိနိုင်ဖွယ်ရှိသောအရင်းအမြစ်များအကြောင်းနှင့် ပတ်သက်ပါသည်။ လက် တွေ့တွင် ယူဆချက်များသည်၊ သိရှိရင်းစွဲ အချက်အလက်များအကြားရှိ ကွက်လပ်များကို ပေါင်းကူးသဖွယ် ဆက်စပ်ဖြည့်ဆီး ပေးမည့်၊ လူဖန်တီးထားသည့် ကရိယာများ ဖြစ်ပါသည်။ မိမိယူဆချက်များပေးစရာမလိုလျှင် မပေးပဲနေပြီး၊ ဖြေရှင်းစရာရှိသော

ပြဿနာအကြောင်းကို ဆွေးနွေးရန်လိုအပ်သောအခါမှသာ၊ ဤယူဆချက်များကို ထည့်သွင်းဆွေးနွေးခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။ ထိုအကြောင်းကြောင့်၊ မိမိ၏ ထင်မြင်ယူဆချက်များကို ခိုင်လုံစေရန် ဂရုတစိုက် စူးစိုက် စဉ်းစားသင့်ပါသည်။ အရေးကြီးသော လုပ်ငန်းတာဝန်များအတွက် ထည့်သွင်းစဉ်းစားရာ၌၊ အုပ်စုများ၏ စွမ်းဆောင်နိုင်မှုများကဲ့သို့သော အကြောင်းအရာအမျိုးမျိုးနှင့်ပတ်သက်၍ ယူဆချက်များထုတ်ဖေါ်မပြမိပဲ၊ အသုံးပြုကြရသည့် အဖြစ်၊ အန္တရာယ်မျိုးလည်း ရှိတတ်ပါသည်။

## အပိုဒ် (၃) အချက်အလက်များဖေါ်ထုတ်ခြင်း

ပြဿနာများကိုအောင်မြင်စွာဖြေရှင်းရေးတွင် အရေးကြီးသောအဆင့်တစ်ဆင့်မှာ၊ ပြဿနာနှင့်ပတ်သက်သော အချက်အလက်မှန်များကို စုဆောင်းခြင်းဖြစ်သည်။ အထက်တွင် ဖေါ်ပြထားသော၊ ခေါင်းကိုက်ဝေဒနာ ခဏခဏခံစားနေရသူ ဥပမာအရ ပြောရမည်ဆိုလျှင်၊ သူနေထိုင်ပုံနှင့်ပတ်သက်သော အချက်အလက်အားလုံး (သူ၏နေ့စဉ်အစားအသောက်၊ မျက်စိအမြင်အင်အား၊ အလုပ်လုပ်ပုံ၊ ကိုယ်လက်လှုပ်ရှားကျင့်ခန်းယူခြင်း၊ စိတ်ဖိစီးမှုအဆင့်နှင့် မြောက်မြားလှစွာသော အခြားအချက်များ) ကို ဖေါ်ထုတ်ပြသင့်သည်။

## အပိုဒ် (၄) အချက်အလက်များအကြောင်းဆွေးနွေးခြင်း

ဤအပိုဒ်၌ ပြဿနာနှင့်ပတ်သက်သော ယူဆချက်များနှင့် အချက်အလက်မှန်များအကြောင်းကို ဆွေးနွေးခြင်း၊ ခွဲစိပ်သုံးသပ်ခြင်း ပြုပါသည်။ ဤဖြစ်စဉ်၌ ရွေးချယ်စရာလမ်းကြောင်းများကို ဖေါ်ထုတ်ပြီး၊ စဉ်းစားပါသည်။ ခေါင်းကိုက်ဝေဒနာရှင် ဥပမာက ဤဖြစ်စဉ်အဆင့်၏ အရေးကြီးပုံကို သရုပ်ပေါ်စေပါသည်။ ခဏခဏ ခံစားနေရသောခေါင်းကိုက်ဝေဒနာအတွက် ဖြေရှင်းနည်းရှာနေသော ဆရာဝန်တစ်ယောက်သည်၊ သိမှတ်ထားသော ခေါင်းကိုက်ဝေဒနာဖြစ်စေသည့် အကြောင်းရင်းများနှင့် ဝေဒနာရှင်က မည်သို့ပတ်သက်နေကြောင်း ကောင်းစွာစမ်းသပ်ကြည့်ဖွယ် ရှိပါသည်။ ထိုဝေဒနာရှင်သည် အိပ်မပျော်သော ရောဂါလည်းမရှိ၊ စိတ်ဖိစီးမှုကိုလည်း ကောင်းစွာဖြေလျှော့နိုင်သည်၊ ငှက်ဖျားထူပြောသောနေရာတွင်လည်း နေထိုင်ခဲ့ဖူးခြင်း မရှိ၊ တုပ်ကွေးရောဂါ လက္ခဏာလည်း မတွေ့ရ၊ စာအသည်းအသန် ဖတ်ခြင်းလည်း မရှိ၊ အသက်က (၄၀) ခန့်ရှိသည်။ သူ၏ မျက်စိစမ်းသပ်ခြင်းမပြုပဲ နေခဲ့သည်မှာ (၁၀) နှစ်ကျော်ပြီ၊ စသဖြင့် တွေးဆနိုင်သည်။

## အပိုဒ် (၅) ကောက်ချက်ချခြင်း

ပြဿနာနှင့်တိုက်ရိုက်ဆက်စပ်နေသော၊ ယူဆချက်များနှင့် ရနိုင်သမျှအချက်အလက်များအကြောင်းကို ဆွေးနွေးခြင်း၊ ခွဲစိပ်သုံးသပ်ခြင်းပြုပြီးနောက်၊ ဤအဆင့်တွင် အကောင်းဆုံးဖြေရှင်းနည်းကို ရွေးချယ်ဖေါ်ပြပါသည်။ ဥပမာ– ခေါင်းကိုက်ဝေဒနာရှင်လူနာနှင့် ပတ်သက်၍ ဆရာဝန်က ‘မျက်ကြောတင်းခြင်း’ဟု ကောက်ချက်ချ နိဂုံးချုပ်နိုင်ပါသည်။

## အဆင့် (၆) အကြံပြုတင်ပြချက်များ

ဤအပိုဒ်၌ နိဂုံးချုပ်ကောက်ချက်များကို၊ ဆုံးဖြတ်ချက်ချသူများအတွက် တိကျသော အကြံပြုတင်ပြချက်များအဖြစ်သို့ ပြောင်းလဲစေရမည် ဖြစ်သည်။ ဤတွင် ပြဿနာဖြေရှင်းရေးလုပ်ဆောင်ချက်များ ပေါ်ထွက်လာမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ဖေါ်ပြခဲ့သောဥပမာကိုပင် ညွှန်း၍ပြောရလျှင်၊ ခေါင်းကိုက်ဝေဒနာဖြေရှင်းရေးအတွက် မျက်စိစမ်းသပ်ခြင်း လုပ်ဆောင်ရပါလိမ့်မည်။

အကြံပြုတင်ပြချက်များကို အောက်ပါစံသတ်မှတ်ချက် (၃) ချက်ဖြင့် “စီစစ်”နိုင်ပါသည်။

**၁။ ဆီလျော်အပ်စပ်မှု။** ။ အကြံပြုတင်ပြချက်များသည်၊ အဆိုပါပြဿနာကို အမှန်တကယ် ပြေလည်သွားစေနိုင်မည်လား။

**၂။ ဖြစ်နိုင်ချေ။** ။ အကြံပြုတင်ပြချက်များကို အကောင်အထည်ဖေါ်၍ ဖြစ်နိုင်ပါမည်လား။

**၃။ လက်ခံနိုင်မှု။** ။ ဆုံးဖြတ်ချက်ချသူများက (နိုင်ငံရေး၊ ဘဏ္ဍာရေးအရနှင့် လူ့စွမ်းအားအရင်းအမြစ်အရ) တန်ဖိုးပေးလိုစိတ် ရှိကြပါသည်လား။ ဤဆုံးဖြတ်ချက်ချရာ၌ လက်ရှိအရင်းအမြစ်များမှနေ၍ လမ်းကြောင်းလွှဲပြောင်းသုံးရန်၊ သို့မဟုတ်၊ အရင်းအမြစ်သစ်များရှာဖွေ ရယူရန် လိုအပ်ပါလိမ့်မည်။

ဤပြဿနာဖြေရှင်းနည်းကိုအသုံးပြုရာ၌၊ ပိုမိုအကျိုးရှိစေရန် နောက်ထပ်လိုအပ်သေးသောအချက်မှာ၊  ဆုံးဖြတ်ချက်ချသူများ အနေဖြင့်၊ အကြံပြုတင်ပြချက်များဖြစ်ပေါ်လာပုံကို စီစစ်ကြည့်ခြင်းပင်ဖြစ်သည်။ ထို့အပြင် ဤအကြံပြုတင်ပြချက်များ ဖြစ်ပေါ်လာအောင် စဉ်းစားရာ၌၊ ဆုံးဖြတ်ချက်ချသူများ၌၊ သူတို့သီးသန့်သာသိနိုင်သော၊ တင်ပြသူများက ထည့်သွင်းစဉ်းစားခြင်းမပြုခဲ့သော နောက်ထပ်အချက်အလက်သစ်များ၊ ရှိကောင်း ရှိပါလိမ့်ဦးမည်။ ဤအချက်အလက်သစ်များအရ ဦးစီးအဖွဲ့လေ့လာရေးလုပ်ငန်း စီစစ်မှုကို ခိုင်လုံစေနိုင်ပါသည်။ (၁၉၉၂) ခုနှစ်လယ်၌၊ မြန်မာနိုင်ငံရှိ အတိုက်အခံအင်အားစုများ၏ တပ်ပေါင်းစုတစ်ခုက၊ နိုင်ငံရေးအံ့တုမှုကော်မတီ (PDC) ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ၎င်း၏ ဗွေဆော်ဦးချမှတ်ခဲ့သော လုပ်ငန်းတာဝန်မှာ ပြောင်းလဲနေသောပတ်ဝန်းကျင်အခြေအနေများအရ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးတိုက်ပွဲကို မည်သို့မည်ပုံ ပိုမိုကောင်းမွန်အောင်ဆင်နွှဲမည်ဆိုသည်နှင့်ပတ်သက်သော လေ့လာမှုတစ်ရပ် ပြုလုပ်ရန်ဖြစ်သည်။ ဤကော်မတီက ဦးစီးအဖွဲ့လေ့လာချက်တစ်စောင်ပြုစုခဲ့သည်။ ဤလေ့လာချက်ပါ အကြောင်းအရာများကို ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီ (National Council of the Union of Burma) ၏ အဆင့်မြင့်ခေါင်းဆောင်များအတွင်း၊  ဆွေးနွေးခဲ့ကြပြီး၊ လက်နက်ကိုင်တိုက်ပွဲကို ဆက်လက်ဦးစားပေးသွားမည်လော၊ သို့မဟုတ် အကြမ်းမဖက်တိုက်ပွဲကို ဦးစားပေး ကျင့်သုံးမည်လော ဆိုသည်ကို ဆုံးဖြတ်ခဲ့ကြပါသည်။ အများသိကြသည့်အတိုင်းပင်၊ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အကြမ်းမဖက်လှုပ်ရှားမှုနှင့် ယှဉ်တွဲလျက်၊ မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲတစ်ရပ်ကို အလေးပေးအားသာဆုံးဖြတ်ခဲ့ကြပြီး၊ ဦးဆောင်ညွှန်ကြားရန် နိုင်ငံရေးအံ့တုမှုကော်မတီ (PDC) ကို ဖွဲ့စည်းခဲ့ကြပါသည်။ သို့ရာတွင် ဆုံးဖြတ်ချက်ကို လက်တွေ့ကျစေရန်၊ ပကတိအနေအထားနှင့်ကိုက်ညီစေရန် သတိထားခဲ့ကြသည်။ ဦးစီးအဖွဲ့လေ့လာရေးပုံစံကို အသုံးပြုခဲ့သည်။ နိုင်ငံရေးအံ့တုမှုကော်မတီ (PDC) ၏ လေ့လာချက်အရ၊ မဟာဗျူဟာမြောက် မူဝါဒဆိုင်ရာပြဿနာများကို ဆွေးနွေးရာ၌၊  ဤပြဿနာဖြေရှင်းနည်းက မည်သို့အသုံးဝင်ကြောင်း သက်သေပြခဲ့သည်။ ဤလေ့လာချက်ကို နောက်ဆက်တွဲ အခန်း (၃) တွင် ဖေါ်ပြထားပါသည်။

**အကျဉ်းချုပ်**

အတွေ့အကြုံအရ၊ ဦးစီးအဖွဲ့လေ့လာရေးပုံစံသည် ပြဿနာများဖြေရှင်းရာ၌ အသုံးပြုသူ၏ နောက်ထပ် အလေ့အထဖြစ်လာပါလိမ့်မည်။ မီးခံသေတ္တာဖွင့်ရာ၌ အသုံးပြုရသော ဂဏန်းများနှင့် အလားတူစွာပင်၊ ဦးစီးအဖွဲ့လေ့လာရေးပုံစံမှာပါရှိသော အဆင့်များ၏ အစီအစဉ်များက၊ ပြဿနာဖြေရှင်းရေးကို လမ်းဖွင့်ပေးပါလိမ့်မည်။

## အခန်း (၆)
## မဟာဗျူဟာမြောက် ခန့်မှန်းတွက်ချက်ခြင်း

**"ထို့အတွက်ကြောင့် မိမိပြောသည်။ သင်၏ရန်သူကို သိပါ။ သင့်၏ကိုယ်တိုင်အကြောင်းကို သိပါ။ သင်၏အောင်ပွဲ မည်သည့်အခါမျှ ဆုံးရှုံးရန်အကြောင်းမရှိ။"**

ဆွန်ဇူး၊ The Art of War (ဘီစီ ၅၀၀) [၁၁]

မဟာဗျူဟာမြောက် ခန့်မှန်းတွက်ချက်ခြင်းသည်၊ မဟာဗျူဟာ အစီအစဉ်ချမှတ်ရေးဆွဲသူများအတွက်၊ အရေးပါသော လက်သုံး ကရိယာတစ်ခုဖြစ်သည်။ ဤနည်းအားဖြင့် မိမိ၏ဦးတည်ချက်ကို အောင်မြင်စွာပြည့်မြောက်စေရန်အတွက်၊ အကောင်းဆုံး လှုပ်ရှားမှု အစီအစဉ်များရွေးချယ်ချမှတ်ရာတွင်၊ စနစ်တကျ ချဉ်းကပ်မှုကို ဖြစ်စေသည်။ ဤသို့စနစ်တကျချဉ်းကပ်နိုင်စေရန်၊ အချက်အလက်များကို ဖော်ထုတ်သတ်မှတ်၍၊ ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုပြုစေသည်။ ဥပမာ– ဝန်းကျင် (ရုပ်ဝတ္ထုပိုင်း ဆိုင်ရာ၊ စစ်ရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ) ကို လေ့လာစစ်ဆေးနိုင်၍၊ အားသာချက်၊ အားနည်းချက်များကို နှိုင်းယှဉ်ကာ၊ မိမိ၏ လှုပ်ရှားမှု အစီအစဉ်ကို ရွေးချယ်ဖွံ့ဖြိုးစေနိုင်သည်။ ထို့နောက် အကောင်းဆုံးသော လှုပ်ရှားမှုအစီအစဉ်ကို ထပ်မံရွေးချယ်နိုင်သည်။ မဟာဗျူဟာမြောက် စစ်ဆင်ရေးအစီအမံများသည်၊ မဟာဗျူဟာမြောက် ရယူစုဆောင်းထားသော မဟာဗျူဟာမြောက်ခန့်မှန်းတွက်ချက်ထားသည့် သတင်းအချက်အလက်များ၊ သုံးသပ်နိုင်မှု အရည်အချင်း၊ အကဲဖြတ်သုံးသပ်ထားသည့် သတင်းအချက်အလက် အရေအတွက် ပမာဏများအပေါ် အခြေခံပြီး၊ အောင်မြင်မှုရရှိနိုင်သည့်အခွင့်အရေးကို ဤဖော်ပြပါအချက်များက များစွာ သြဇာသက်ရောက်မှု ရှိပါသည်။ မဟာဗျူဟာခန့်မှန်းတွက်ချက်ခြင်း လုပ်ငန်းစဉ်ကို မူဝါဒများချမှတ်ရာတွင်လည်းကောင်း၊ အကျပ်အတည်းများကို တုံ့ပြန်ဖြေရှင်းရာ၌လည်းကောင်း၊ အသုံးပြုနိုင်သည့်အပြင်၊ ဒီမိုကရေစီလှုပ်ရှားမှုအတွင်းရှိ အဖွဲ့အစည်းများသို့ ကောင်းစွာကြံဆထားသော၊ သင့်လျော်သော အကဲဖြတ်ချက်များ၊ အချက်အလက်များ ထောက်ပံ့ပေးရာ၌လည်း အသုံးပြုနိုင်ပါသည်။ ဒေသဆိုင်ရာ စစ်ဆင်ရေးလှုပ်ရှားမှုအတွက်၊ အစီအမံချမှတ်ရာ၌ ဤပုံစံကို အသုံးပြုကြသူများအဖို့၊ အကျဉ်းချုပ်၍သုံးနိုင်ပြီး၊ အကြောင်းအရာများကို မိမိနှင့်သင့်လျော်ရာ လှုပ်ရှားမှုအစီအစဉ်များချမှတ်နိုင်ရေးအတွက် အတွင်းပါအကြောင်းအရာများကို၊ လိုအပ်သလို ပြောင်းလဲနိုင်ပါသည်။

မဟာဗျူဟာခန့်မှန်းတွက်ချက်ခြင်းတွင် ပါဝင်သော၊ သတင်းအချက်အလက်များကို အမြဲတစေဆိုသလို၊ အချိန်နှင့်တပြေးညီဖြစ်စေရန်၊ ပြင်ဆင်ဖြည့်ဆီးနေသင့်ပြီး၊ အစီအမံရေးဆွဲသူများအဖို့၊ အပိုထပ်ဆောင်းလာသော ရည်မှန်းချက်များအတွက်၊ အလျင်အမြန်တုံ့ပြန် ပေးနိုင်မည် ဖြစ်ပါသည်။ စစ်ဆင်ရေးဆောင်ရွက်ရမည့် ဝန်းကျင်အခြေအနေ၊ ထူးထူးခြားခြားပြောင်းလဲမှု ဖြစ်ပေါ်လာပါကလည်း၊ စွမ်းဆောင်နိုင်ရည်များ သိသိသာသာပြောင်းလဲလာပါကလည်း၊ မိမိစစ်ဆင်ရေးအစီအစဉ်များကို ပြန်လည်ချိန်ညှိနိုင်မည် ဖြစ်သည်။ ဤလုပ်ငန်းများကို သေချာပြီးမြောက်စေရန်အတွက်၊ တစ်စုံတစ်ဦးကို သေချာသတ်မှတ်၍ ဤ မဟာဗျူဟာခန့်မှန်းတွက်ချက်ခြင်းကို ဆောင်ရွက်စေရန်၊ သီးသန့်တာဝန်ပေးရပါမည်။ ဖြစ်သင့်သည်မှာ၊ "မဟာဗျူဟာ ခန့်မှန်းအကဲဖြတ်တွက်ချက်မှု" ကို၊ တာဝန်ယူဆောင်ရွက်သောသူကပင်၊ ဤအခြေအနေ အကဲဖြတ်ခြင်းကိစ္စများကို ကြီးကြပ်တာဝန်ယူစေသင့်ပါသည်။ အခြားသူများက သတင်းစုဆောင်းရာ၌လည်းကောင်း၊ သုံးသပ်အကဲဖြတ်ရာ၌လည်းကောင်း၊ ခန့်မှန်းတွက်ချက်မှုတွင် ပါဝင်စေသင့်သော သတင်းများတင်ပြရာ၌လည်းကောင်း၊ ယခုအခါ မတိကျနိုင်တော့သော၊ မသက်ဆိုင်တော့သော သတင်းအချက်အလက်များကို ရှာဖွေဖော်ထုတ်ရာ၌လည်းကောင်း၊ အခြားသူများက ဝိုင်းဝန်းကူညီနိုင်ကြပါသည်။

လုံခြုံရေးဆိုင်ရာ သတိပြုရမည့်အချက်များကြောင့်၊ မဟာဗျူဟာမြောက် ခန့်မှန်းတွက်ချက်မှု၏ အချို့သော အစိတ်အပိုင်းများမှာ၊ နောက်ဆက်တွဲ အပိုင်းတွင်သာ ပူးတွဲဖော်ပြသင့်ပါသည်။ ဤနောက်ဆက်တွဲများကို "သိစေသင့်သူများသာ" ပေးဖတ်ရန် ဖြစ်ပါသည်။ ဥပမာအားဖြင့်– အဖွဲ့အစည်းများ၏ လူအင်အား၊ သတင်းသယ်ဆောင်လာသော လမ်းကြောင်း၊ ပြည်တွင်း

[၁၁] Samuel B. Griffith, *Sun Tzu: The Art of War*, (Oxford and New York: Oxford University Press, 1963), 129 မှ ကိုးကားပါသည်။

အဆက်အသွယ်၊ စသောအချက်အလက်များမှာ အထူးအရေးကြီးလှပြီး၊ အတိုက်အခံအဖွဲ့အစည်းများ၏ အများစုသောအဖွဲ့ဝင်များနှင့် တိုက်ရိုက်မသက်ဆိုင်သော အချက်များ ဖြစ်ပါသည်။

မဟာဗျူဟာမြောက် ခန့်မှန်းအကဲဖြတ်တွက်ချက်ခြင်း၊ အသေးစိတ်ပုံစံကို ယခုအခန်း၌ ဖော်ပြထားပါသည်။ ဤပုံစံသည်၊ "စစ်ရေးအရ အခြေအနေခန့်မှန်းအကဲဖြတ်မှု" ပုံစံမှ ပြင်ဆင်ပြုစုထားခြင်းဖြစ်ပြီး၊ အချို့သော အတိုက်အခံအဖွဲ့အစည်းများအတွက်၊ အသုံးတည့်လိမ့်မည် မဟုတ်ပါ။ သို့သော်လည်း၊ ဤသို့ စနစ်တကျချဉ်းကပ်၍ သတင်းစုဆောင်းပုံ၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ပုံ၊ ချမှတ်ထားသော မဟာဗျူဟာနှင့် ကိုက်ညီသည့်၊ ဦးတည်ချက်ကို အထောက်အကူဖြစ်စေမည့် သတင်းများကို စုစည်းတင်ပြပုံများသည်၊ မည်သို့ပင်ဖြစ်စေ အရေးကြီးလှပါသည်။ မဟာဗျူဟာ ခန့်မှန်းတွက်ချက်ခြင်း၊ သို့မဟုတ် အလားတူပုံစံမျိုးကို၊ အရေးကြီးသည့် သတင်းအချက်အလက်များ ပြည့်စုံ– မပြည့်စုံ စစ်ဆေးရန် စာရင်း (check list) အဖြစ် သုံးနိုင်ပြီး၊ သို့မဟုတ်ပါက၊ ကျွင်းကျန်ရစ်ခဲ့သည်များ ရှိတတ်ပါသည်။ (နောက်ဆက်တွဲ ၄– တွင်၊ အကြံပြုထားသော မဟာဗျူဟာခန့်မှန်းတွက်ချက်မှု ပုံစံ နမူနာကို ဖော်ပြထားပါသည်။

## ဦးတည်ချက် (Mission Statement) ကို ရေးသားရာ၌ ကျိုးကြောင်းဆင်ခြင်ခြင်းနှင့် ထည့်သွင်းစဉ်းစားရမည့် အကြောင်းများ

ဦးတည်ချက် (ဤနေရာတွင်၊ လှုပ်ရှားမှုခေါင်းဆောင်များအနေဖြင့်၊ တော်လှန်ရေးလှုပ်ရှားမှု၏ ဦးတည်ချက်များအဖြစ် ဆုံးဖြတ်ထားသောအကြောင်းများ၊ ရွေးချယ်ထားသော လှုပ်ရှားမှုနည်းလမ်း၊ ယေဘုယျအားဖြင့် ဆိုရလျှင်၊ လှုပ်ရှားမှုကို မည်ကဲ့သို့ဆက်လက်ဆောင်ရွက်ကြမည်နည်းဟု စဉ်းစားထားချက်) သည်၊ မဟာဗျူဟာ ခန့်မှန်းတွက်ချက်မှုအတွက် ကနဦးအစပျိုးရာ ဖြစ်ပါသည်။ သို့မှသာ၊ မဟာဗျူဟာမြောက်လှုပ်ရှားသော အကြမ်းမဖက်လှုပ်ရှားမှုတစ်ခု၏ ဦးတည်ချက်များကို ပြန်လည်စစ်ဆေး၍၊ ခန့်မှန်းတွက်ချက်မှုများကို ဆက်လက်ဖွံ့ဖြိုးအောင် လုပ်ဆောင်စေနိုင်မည် ဖြစ်သည်။

အကယ်၍ လှုပ်ရှားမှုတစ်ခုသည်၊ အစိုးရတစ်ရပ်၏ ဖိနှိပ်အုပ်ချုပ်နေသောလုပ်ရပ်များကြောင့် ပေါ်ပေါက်လာရပါက၊ ပန်းတိုင်နှင့်ဦးတည်ချက်သည် ဖိနှိပ်သူကို အာဏာမှ ဖယ်ရှားပစ်ရေး တောင်းဆိုချက်ကို ထင်ဟပ်ရပါလိမ့်မည်။ သို့သော် လှုပ်ရှားမှုအနေဖြင့်၊ တည်ရှိနေဆဲ အစိုးရကို မည်သို့မည်ပုံဖြုတ်ချမည်၊ မည်သို့သော အစိုးရသစ်မျိုးနှင့် အစားထိုးမည်ကို သတ်မှတ်ဖော်ပြရပါလိမ့်မည်။ အစိုးရပုံစံသည် လူထုက သဘောကြိုက်ညီရွေးချယ်ထားသော အစိုးရဖြစ်ရန်လိုပြီး၊ တော်လှန်ရေးလှုပ်ရှားမှုပြီးနောက် ပြည်သူလူထုများက တင်ထားလိုသောအစိုးရသည်၊ ထိုလှုပ်ရှားမှုအဖွဲ့အစည်း၏ သွင်ပြင်လက္ခဏာနှင့်လည်း လျော်ကန်ကိုက်ညီရပါလိမ့်မည်။ တနည်းဆိုရသော် "မနက်ဖြန်အတွက် မျှော်မြင်ချက်"ကိုပါ ဖော်ပြရပါမည်။ အကယ်၍ အစိုးရဟောင်းကို ဖယ်ရှားပြီးပါက၊ မည်သည်နှင့်အစားထိုးမည်ကို ဖော်ပြထားခြင်းမရှိပါက၊ သူတို့သည် အာဏာရှင်အစိုးရတစ်ခုကိုဖြုတ်ချဖယ်ရှားပြီးသော်လည်း၊ နောက်ထပ်အာဏာရှင် အစိုးရတစ်ခုဖြင့် အစားထိုးမိသကဲ့သို့ ဖြစ်နိုင်ပါသည်။ ပို၍ဆိုးရွားသောအစိုးရမျိုး တက်လာနိုင်ပါသည်။ ထိုအတွက်ကြောင့်၊ "မနက်ဖြန်အတွက် မျှော်မြင်ချက်"ကိုပါ ဦးတည်ချက်အတွင်း ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။ သို့မှသာ လက်တွေ့ကျသော ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာပါလိမ့်မည်။

ဥပမာအားဖြင့်၊ နိုင်ငံတော်ရဲတပ်ဖွဲ့တစ်ခုရှိနေပြီး၊ ၎င်းကလည်း ပြည်သူတို့နေ့စဉ်မြင်တွေ့နေကြရသော၊ အစိုးရ၏ "မျက်နှာ" ဖြစ်နေပါသည်။ ဒေသခံလူထုများကလည်း ရဲတပ်ဖွဲ့ကို ထိန်းချုပ်နိုင်ခွင့် မရှိကြပါ။ ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့ကို ရွေးချယ်တင်မြှောက်ခံထားရသော ပြည်သူ့ကိုယ်စားလှယ်တစ်ဦးဦး၏ ထိန်းချုပ်မှုအောက်တွင် ပြောင်းလဲထားလိုကောင်း၊ ထားလိုကြပါလိမ့်မည်။ ထို့အပြင် ပြည်သူများအနေဖြင့် ဒေသဆိုင်ရာအဆင့်တွင်၊ နိုင်ငံရေးနှင့် စီးပွါးရေးဆိုင်ရာ ဦးစားပေးလုပ်ကိုင်ရမည့်ကိစ္စများကို ဆုံးဖြတ်ချက်များချမှတ်ရာ၌ ဩဇာသက်ရောက်လိုကြပါလိမ့်မည်။ ထိုဆုံးဖြတ်ချက်များအားလုံးကို နိုင်ငံ၏မြို့တော်မှ ချမှတ်နေကြသည်ချည်းကို မလိုလားကြပါ။ အတိုချုပ်ဖော်ပြရသော်၊ အာဏာဗဟိုမှနေ၍ ဒေသဆိုင်ရာများသို့ အာဏာခွဲဝေဖြန့်ဖြူးပေးခြင်းကို၊ အများသဘောတူထားချက် ရှိကောင်းရှိရပါလိမ့်မည်။ သို့အတွက်ကြောင့် အပြောင်းအလဲဖော်ဆောင်ရန်ကြိုးပမ်းနေကြသော လှုပ်ရှားမှုအနေဖြင့်၊ ဤပြဿနာများကို ဖြေရှင်းနိုင်ရန်၊ ဖက်ဒရယ်စနစ်မျိုးတောင်းဆိုရန် လိုအပ်ကောင်းလိုအပ်ပါလိမ့်မည်။

"မနက်ဖြန်အတွက် မျှော်မြင်ချက်"တွင်၊ ဘာသာရေးအရ တင်းမာမှုများရှိနေသော ဒေသများအတွက်၊ ပြဿနာများကို ဖြေရှင်းပေးရန် ကြိုးပမ်းသင့်ပါသည်။ ဤတင်းမာမှုများသည်၊ အစိုးရများက အပြည့်အဝထောက်ခံအားပေးထားသော ခွဲခြားဆက်

ဆံမှုများကြောင့်သော်လည်းကောင်း၊ သို့မဟုတ် အုပ်စုတစ်ခုက အခြားအုပ်စုတစ်ခုကို အနိုင်ကျင့်သောကြောင့်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ ဘာသာရေးနှင့် နိုင်ငံရေးကို ရောထွေးခြင်းသည်၊ အမြဲတစေ ဒီမိုကရေစီစနစ်အတွက် အန္တရာယ်ဖြစ်ပါသည်။ ဘာသာရေးနှင့် နိုင်ငံရေး၊ တစ်ခုနှင့် တစ်ခုကို စေ့စပ်အလျှော့ပေးရသည်မျိုးလည်း မဖြစ်စေသင့်ပါ။ ဒီမိုကရေစီလိုလားသူများ၏ ဆန္ဒကို မပြည့်ဝစေပဲ၊ တစ်ဖက်တွင်လည်း ဒီမိုကရေစီအရေခြုံထားသော၊ ဘာသာရေးစနစ်ဖြင့် အုပ်ချုပ်မှု (theocr--acy) ပုံစံ ဖြစ်လာနိုင်ပါသည်။ သို့သော်လည်း အစိုးရများက၊ ၎င်း၏နိုင်ငံသားများအပေါ် ဘာသာရေးအရလိုက်နာရမည့် အချက်များ အတင်းအကျပ်ချမှတ်ခြင်း မဖြစ်စေရအောင်၊ ကြိုတင်ကာကွယ်တားဆီးနိုင်သော အခြေခံသဘောတူညီချက်များ ရှိထားပါက၊ ဖြစ်နိုင်ပါသည်။ ဤနည်းအားဖြင့် အခြားသောဘာသာကိုးကွယ်ယုံကြည်သူများက သူတို့၏ကိုးကွယ်ယုံကြည်မှုကို လိုက်လျောအလျှော့ပေး လိုက်နာရခြင်းမျိုး ခံစားမှုကင်းကြရမည် ဖြစ်ပါသည်။ ဤသို့သဘောတူညီချက်များကို လာမည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအသစ်တွင် ထည့်သွင်းရေးဆွဲစေရန် အခြေခံအဖြစ်ထားရှိနိုင်ပါသည်။

ဤသို့ အများကြိုက်ညီသော မျှော်မြင်ချက်များကို၊ လုပ်ရှားမှု၏ ပန်းတိုင်အဖြစ်၊ နိုင်ငံရေးဦးတည်ချက်များအဖြစ် ပြန်လည်ဖော်ပြရန် လိုအပ်ပါသည်။ ထို့နောက်တဖန်၊ ပို၍ တိကျသောမဟာဗျူဟာ ရည်မှန်းချက်များအဖြစ် ဖော်ပြကြရပါလိမ့်မည်။ ခေါင်းဆောင်များက ဤသို့တိကျသော ဦးတည်ချက်များကို၊ အစီအမံရေးဆွဲချမှတ်သူများထံသို့ ပေးအပ်နိုင်ပါသည်။ သို့မဟုတ် အစီအမံချမှတ်ရေးဆွဲသူများက မူဝါဒဦးတည်ချက်များနှင့် ထုတ်ပြန်ကြေငြာချက်များကို၊ ၎င်းတို့ကိုယ်တိုင် မဟာဗျူဟာအစီအစဉ်ရေးဆွဲခြင်း ဦးတည်ချက်များအဖြစ် ဘာသာပြန်ယူကြရလိမ့်မည် ဖြစ်ပါသည်။ “မျှော်မြင်ချက်”တွင်ပါသော၊ ယေဘုယျအချက်များမျှနှင့် အစီအမံများချမှတ်ရေးဆွဲရန်အတွက် ပြည့်စုံကုံလုံမှု မရှိပါ။ ဥပမာအားဖြင့်– “လူတိုင်းဘဝ ကောင်းစားတိုးတက်စေရန်”ဟု အတွေးအခေါ်မျှနှင့်၊ အတိုက်အခံလှုပ်ရှားမှုတစ်ခုအတွက်၊ ဦးတည်လှုပ်ရှားမှု ဆောင်ရွက်ရန် မလုံလောက်ပါ။ ၎င်းမှာ ကျယ်ပြန့်လှသော ပန်းတိုင်မျှော်မှန်းချက်ဖြစ်ပြီး၊ မဟာဗျူဟာစီမံကိန်းများရေးဆွဲရန်အတွက်လည်း များစွာကျယ်ဝန်းလှပါသည်။ သို့အတွက်ကြောင့်၊ အဓိကကျသောပြဿနာများကိုသာ ဦးစားပေး အလေးထားသင့်ပြီး၊ နိုင်ငံသားများ၏ “ပိုမိုကောင်းမွန်သောဘဝ”ဖြစ်စေရေးကို၊ အမှန်တကယ်ဆိုးကျိုးဖြစ်စေသော၊ သို့မဟုတ် ဆိုးကျိုးသက်ရောက်စေရန် အလားအလာရှိနေသော၊ အစိုးရ၏မူဝါဒများ၊ ဆောင်ရွက်ချက်များ၊ အုပ်ချုပ်ပုံနည်းဟန်များကိုသာ အလေးပေးကြည့်ရမည်ဖြစ်ပါသည်။ မိမိတို့ တိုက်ခိုက်ရန်လိုအပ်နေသော ပြဿနာကို ပို၍ရှင်းလင်းစွာ ဖော်ထုတ်သတ်မှတ်ရန်လိုအပ်ပြီး၊ ရရှိနိုင်သော အရင်းအမြစ်များကို ဉာဏ်ရှိစွာ ခွဲဝေချထားကြရမည် ဖြစ်ပါသည်။

ဦးတည်ချက် (Mission Statement) ရေးသားရာ၌ နောက်ထပ်အရေးကြီးသောအချက်တစ်ခုမှာ၊ တစ်စုံလုံးကို အစီအစဉ်ရေးဆွဲရေး၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့်၊ ထုတ်ပြန်ဖြန့်ချိမည့် အစီအစဉ်မှတ်တမ်းများအတွက်၊ ရှင်းလင်းပြအာမခံချက်ပေးနိုင်မည့် တာဝန်ရှိသည့်သူများကို ဖော်ထုတ်သတ်မှတ်ရန်ပင် ဖြစ်ပါသည်။ ဦးတည်ချက်ကိုဖော်ပြရာ၌၊ “မည်သူများ”က၊ နိုင်ငံလုံးကျွတ် အကြမ်းမဖက်တော်လှန်ရေးကြီးကို ဆင်နွှဲရန်၊ အစပြုဆောင်ရွက်ကြမည်ကို ဖော်ပြရမည် ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားမှုသည်၊ လက်နက်ကိုင်တော်လှန်ရေးနှင့် မတူညီသောအချက်မှာ၊ တိကျသေချာသော ထက်–အောက်ဖွဲ့စည်းမှုပုံစံများ မရှိခြင်း ဖြစ်ပါသည်။ မတူကွဲပြားသောအကျိုးစီးပွါးများ၊ စွမ်းဆောင်နိုင်ရည်များ၊ အတိုက်အခံအဖွဲ့အစည်းများ၏ မတူကွဲပြားသော သဘောသဘာဝများကို ဆက်စပ်ဆောင်ရွက်နိုင်ရန်အတွက်၊ ယေဘုယျချဉ်းကပ်ပုံနည်းတစ်ခုမှာ၊ လှုပ်ရှားမှုဆင်နွှဲရန်အတွက်၊ ထီးပေါင်းမိုးသဏ္ဍာန် တပ်ပေါင်းစု ဖွဲ့စည်းဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။ အများသဘောတူညီချက်အရ၊ အဖွဲ့တစ်ခုကို၊ အစီအစဉ်ရေးဆွဲခြင်းနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကိစ္စများ၌ ဦးဆောင်စေနိုင်ပါသည်။ အစီအစဉ်ရေးဆွဲမည့်ဌာနကို ဖွဲ့စည်းရန်၊ နောက်ထပ်နည်းလမ်းတစ်ခုမှာ တပ်ပေါင်းစုက၊ ၎င်းကိုယ်ပိုင် “အမာခံဝန်ထမ်းများ”ဖြင့် ဖွဲ့စည်းတာဝန်ပေးခြင်းဖြစ်ပါသည်။ ဤသို့တာဝန်ပေးရာ၌ အခြားအဖွဲ့များအားလုံး၏ ကိုယ်စားလှယ်များ၊ သို့မဟုတ် အဖွဲ့အချို့၏ကိုယ်စားလှယ်များ ပါဝင်စေနိုင်ပါသည်။ ကနဦးပိုင်းတွင်၊ ဆောင်ရွက်ရန်အကောင်းဆုံးမှာ အဖွဲ့အစည်းများကို ညီညွတ်မှုရစေရန် ကြိုးပမ်းမည့်အစား၊ ပြဿနာအပေါ် အခြေခံ၍ အဖွဲ့အစည်းများကို စုစည်းစေခြင်း ဖြစ်ပါသည်။ ပြည်ပရောက်အဖွဲ့အစည်းများကို ဤတပ်ပေါင်းစုတွင် ထည့်သွင်းဖွဲ့စည်းစေပါကလည်း သင့်လျော်ပါသည်။ အကြောင်းမှာ ၎င်းအဖွဲ့များက ရံပုံငွေရှာဖွေပေးခြင်းအားဖြင့်သော်လည်းကောင်း၊ ကိစ္စရပ်တစ်ခုကိုလေ့လာပေးခြင်း၊ သုတေသနပြုပေးခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများသို့ ချဉ်းကပ်စည်းရုံးပေးခြင်း၊ သတင်းမီဒီယာများ၏ ထောက်ခံမှုရစေခြင်း စသဖြင့် ကူညီပံ့ပိုးနိုင်ကြပါသည်။

အစီအစဉ်ရေးဆွဲသူများက၊ မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုတိုက်ပွဲ ဆင်နွှဲရန်၊ ဦးတည်ချက် (Mission Statement) အတွက်၊ လိုအပ်သောအချက်အလက်များ ပြည့်စုံပြီဟု ယူဆပါက၊ ဦးတည်ချက် (Mission Statement)

ဖော်ပြချက်ကို ပြုစုရေးသား၍၊ ညှိနှိုင်းဖြည့်စွက်ပြီး၊ တပ်ပေါင်းစုအဖွဲ့ဝင်များထံသို့ အတည်ပြုချက်ရယူနိုင်ရန် တင်ပြရပါမည်။ ဖော်ပြပါ ဦးတည်ချက်သည်၊ အောက်ပါအတိုင်း ဖြစ်နိုင်ပါသည်။

> (နိုင်ငံအမည်ထည့်သွင်းရန်) မှ ပြည်သူများသည်၊ ဒီမိုကရေစီမဟာမိတ်အဖွဲ့ (သို့မဟုတ် မည်သူမဆို) ၏ ဦးဆောင်မှုအောက်တွင် မဟာဗျူဟာမြောက် အကြမ်းမဖက်ထိုးစစ်ကို၊ စစ်အာဏာရှင်စနစ် (စစ်အစိုးရ၏ အမည်အတိအကျကို ဖော်ပြရန်) ကို အာဏာမှ ဖယ်ရှားဖြုတ်ချရေးအတွက်၊ ဒီမိုကရေစီနည်းကျ ရွေးချယ် တင်မြှောက်ထားသော အစိုးရတစ်ရပ်ဖြင့်၊ အစားထိုးနိုင်ရေးအတွက်၊ ဖက်ဒရယ်ပုံစံအစိုးရတစ်ရပ် တည်ထောင်ရေးအတွက်၊ နောက်တစ်ကြိမ်အာဏာပြန်သိမ်းမှုကို ကာကွယ်နိုင်ရန်အတွက်၊ ဆင်နွှဲသွားမည် ဖြစ်သည်။

မဟာဗျူဟာမြောက်ခန့်မှန်းတွက်ချက်မှုသည်၊ အထူးစီစဉ်ဆောင်ရွက်ရမည့် မှတ်တမ်းဖြစ်ပြီး၊ သေချာလေ့ကျင့်ပေးထားသောသူများကသာ ပြုစုရေးသားနိုင်စွမ်း ရှိကြပါသည်။ ဖော်ပြထားသော၊ အကြံပြုထားသည့်ပုံစံကို သုံး၍၊ မဟာဗျူဟာမြောက် ခန့်မှန်းတွက်ချက်မှု၏ အစိတ်အပိုင်း၊ ကဏ္ဍများကို ပြင်ဆင်ရေးသားရန် လူအများထံသို့၊ တာဝန်ခွဲဝေချပေးနိုင်ပါသည်။ ဤနည်းအားဖြင့် လူတိုင်းကို၊ ဤမဟာဗျူဟာခန့်မှန်းတွက်ချက်မှု ပြင်ဆင်ဖွံ့ဖြိုးစေရာ၌ ပါဝင်ဆောင်ရွက်ခွင့်ရစေပါသည်။ အစိတ်အပိုင်း၊ ကဏ္ဍများ ပို၍ ပြည့်စုံလာသည်နှင့်အမျှ၊ အစီအစဉ်ရေးဆွဲသူများအနေဖြင့်၊ "ပို၍ ပြည့်စုံသောရုပ်ပုံကားချပ်"ကို၊ ဤမှတ်တမ်းပါအသေးစိတ် အချက်အလက်များမှနေ၍၊ မြင်လာကြရမည် ဖြစ်သည်။ ပို၍ အတွေ့အကြုံကြွယ်ဝသော၊ ပို၍ လေ့ကျင့်ထားမှုရှိသော ခွဲခြမ်းစိတ်ဖြာသုံးသပ်သူများရှိပါက၊ "ပို၍ ပြည့်စုံသောရုပ်ပုံကားချပ်" ပို၍ မြန်မြန် ပေါ်ပေါက်လာမည် ဖြစ်သည်။

မဟာဗျူဟာခန့်မှန်းတွက်ချက်မှု နမူနာနှင့် ၎င်း၏တည်ဆောက်ထားပုံကို လေ့လာကြည့်ပါက၊ ၎င်း၏တန်ဖိုးကို သိနိုင်ပြီး၊ ဖွဲ့စည်းထားပုံမှာ အဖွဲ့အစည်းများအားလုံး၊ စွမ်းဆောင်နိုင်သော ဘောင်အတွင်း၌သာဖြစ်ကြောင်း၊ ဖော်ပြနေပါသည်။

အကြံပြုထားသော မဟာဗျူဟာခန့်မှန်းတွက်ချက်ခြင်းပုံစံ (နောက်ဆက်တွဲ ၄–ကို ကြည့်ပါ။) ကို အသုံးပြု၍၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအန်တုမှုကော်မတီက၊ (၁၉၉၂) ခုနှစ်တွင်၊ အောက်ဖော်ပြပါ လုပ်ငန်းဆိုင်ရာမူကြမ်းစာတမ်းတစ်ခုကို ပြင်ဆင်ရေးသားခဲ့ကြပါသည်။ ဤစာတမ်းမှာ ပြည့်စုံသည်ဟု မယူဆနိုင်ပါ။ ထို့အပြင် ဤစာတမ်းကို နိုင်ငံရေးအန်တုမှုကော်မတီအတွက်၊ ဆက်လက်ဆောင်ရွက်ရမည့်၊ တစ်ခုတည်းသော အစီအစဉ်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းသုံးကရိယာအဖြစ် ရည်ရွယ်တင်ပြထားခြင်းလည်း မဟုတ်ပါ။ ဤစာတမ်းမှာ မဟာဗျူဟာခန့်မှန်းတွက်ချက်ခြင်းကိစ္စအတွက် လိုအပ်သူများကို၊ သင်တန်းပေးရာ၌ အထောက်အကူဖြစ်စေရန်၊ ရေးသားခဲ့ခြင်းသာ ဖြစ်ပါသည်။ စာဖတ်သူများအတွက် အသုံးဝင်လိမ့်မည်ဟု ယူဆပါသည်။ အကြောင်းမှာ ဤပုံစံတွင်၊ သတင်းအချက်အလက်များ ဤမျှများများ လိုအပ်ရကြောင်းကို၊ ရှင်းလင်းချက်များ၊ ကျိုးကြောင်းဆင်ခြေများဖြင့် ဖော်ပြထားပေးပြီး၊ ဤဖော်ပြပါ ဇယားအတွင်း မည်သည့်အချက်အလက်များ ထည့်သွင်းနိုင်သည်ကိုလည်း တွေ့မြင်ကြရပါလိမ့်မည်။

## အခြေအနေခန့်မှန်း အကဲဖြတ်ချက်
(Estimate of the situation)

### ၁။ ဦးတည်ချက် (Mission)

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) သည်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) စစ်အစိုးရကို အာဏာမှဖယ်ရှားဖြုတ်ချနိုင်ရေးအတွက်၊ မဟာဗျူဟာမြောက် နိုင်ငံရေးအံတုမှုထိုးစစ်ကို ဆောင်ရွက်သွားမည်။ လွတ်လပ်စွာရွေးချယ်တင်မြှောက်သည့်၊ ဒီမိုကရေစီနည်းကျ၊ ဖယ်ဒရယ်အစိုးရတစ်ရပ် ရန်ကုန်မြို့တွင်ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်မည်။ စစ်အာဏာသိမ်းမှု မဖြစ်ပွါးစေရန် ကာကွယ်သွားမည်။

### ၂။ အခြေအနေနှင့် လှုပ်ရှားမှု အစီအစဉ် (The situation and Cources of Action)

(အခြေအနေအကဲဖြတ်ချက် ဒုတိယအပိုဒ်သည်၊ အခြေအနေတစ်စုံလုံးနှင့် သက်ဆိုင်သောသတင်းအချက်အလက်များအားလုံးပါဝင်ပြီး၊ ၎င်းတို့ကို အခြေခံ၍ ဦးတည်ချက်ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခု ဖော်ပြထားသော (မြန်မာနိုင်ငံ) အခြေအနေအကဲဖြတ်ချက်နှင့် ပတ်သက်သည့်၊ နမူနာတွင်၊ မြေပြင်အနေအထား၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးစနစ်၊ သေ

ချာဆန်းစစ်ထားသော ရာသီဥတုအခြေအနေသာမက၊ အသေးစိတ်စူးစိုက်လေ့လာမှုပြုနေသော မိတ်ဖက်အင်အားစုများနှင့် ရန်ဖက်အင်အားစုများ၏ နိုင်ငံရေးနှင့်စစ်ရေးအခြေအနေများလည်း ပါဝင်ပါသည်။ ဤနေရာတွင် ထင်မြင်ယူဆချက်များကို သေချာဖော်ထုတ်၍ သုံးသပ်မှုပြုပါသည်။ မိမိတို့၏ (နိုင်ငံရေးအံတုမှု) စစ်ဆင်ရေးအပေါ် အကျိုးသက်ရောက်နိုင်သည့်အချက်များကို သိရှိနိုင်သမျှ သိရှိထားရန် လိုပါသည်။ သတင်းအချက်အလက်များမရနိုင်မှသာလျှင်၊ ထင်မြင်ယူဆချက်များကို မပြည့်စုံသော်လည်း၊ လက်သင့်ခံစဉ်းစားရမည် ဖြစ်ပါသည်။ ထင်မြင်ယူဆချက်များသည်၊ သေချာသောအချက်အလက်များလောက် မကောင်းလှပါ။ ထို့အပြင် ထည့်သွင်းစဉ်းစားရမည့်အချက်မှာ အခြေအနေအကဲဖြတ်ချက်ကို စစ်ဆင်ရေးအဆင့်အသီးသီး၌ သေချာပြင်ဆင် ဆောင်ရွက်ရပါမည်။)

## (က) လှုပ်ရှားမှုအစီအစဉ်အပေါ် အကျိုးသက်ရောက်စေနိုင်သော ထည့်သွင်းစဉ်းစားချက်များ
## (၁) စစ်ဆင်ရေးဆောင်ရွက်မည့်ဒေသ၏ သွင်ပြင်လက္ခဏာ

(က) စစ်ရေးပထဝီဝင်

(မှတ်ချက်။ ။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) အနေဖြင့်၊ နိုင်ငံရေးအံတုမှု စစ်ဆင်ရေးလုပ်မည်ဆိုစဉ်၌၊ စစ်ရေးပထဝီဝင်ကို မည်သည့် အတွက်ကြောင့် စိတ်ဝင်စားရပါသနည်းဟု မေးဖွယ်ရှိသည်။ အကြောင်းမှာ (နဝတ) စစ်အစိုးရက စစ်ရေးအရတုံ့ပြန်မည် ဖြစ်သောကြောင့်ပင်။ စစ်ရေးပထဝီကို သိထားခြင်းအားဖြင့် ဆန့်ကျင်ဖက်အင်အားစုမှ မည်သို့တုံ့ပြန်လာမည်ကို (အဲန်စီယူဘီ) အနေဖြင့်၊ သဲလွန်စ ရနိုင်ပါသည်။ ထို့အပြင် စစ်ရေးပထဝီဝင်ကိုလေ့လာသိရှိထားခြင်းအားဖြင့်၊ (အဲန်စီယူဘီ) ၏ အင်အားစုများနှင့် လှုပ်ရှားမှုများသည် လှုပ်ရှားမှုကို ပိုမိုထိရောက်စေအောင်၊ အချိန်ကိုက်ဖြစ်စေအောင် အကျိုးသက်ရောက်စေပါသည်။)

၁။ မြေပုံ။ ။ ကွန်တိုမျဉ်းများဖြင့် ပြထားသောမြေပုံအားဖြင့်၊ မြေမျက်နှာသွင်ပြင်အပါအဝင်၊ တည်ဆောက်မှုများ၊ လမ်း၊ ရထားလမ်းဆုံ စသဖြင့်၊ ပထဝီအနေအထားကို လုံလောက်စေ့ငှစွာ သိရှိစေပါသည်။

၂။ ရေကြောင်း။ ။ (အဲန်စီယူဘီ) ၏ ရည်ရွယ်ချက်အတွက်၊ မြစ်၊ ချောင်းများဖြတ်ကူးခြင်းသည် ထည့်သွင်းစဉ်းစားထားရမည့်ကိစ္စ ဖြစ်ပါသည်။ ကျေးရွာနေလူထုများဖြင့် စကားပြောဆိုမေးမြန်းထားခြင်းအားဖြင့်၊ ချောင်းများ၊ မြစ်များ ဖြတ်ကူးရန် အကောင်းဆုံးနေရာကို သိရှိနိုင်ပါသည်။ ထို့အပြင် နှစ်တနှစ်အတွင်း ရေအနည်းအများကိုလိုက်၍ ဖြတ်ကူးရန်နေရာကိုလည်း သိနိုင်ပါသည်။ ထို့အပြင် ဒေသခံများက လူအသိနည်းသော မြစ်ချောင်ဖြတ်ကူးနိုင်သည့်နေရာများကိုလည်း ညွှန်ပြပေးနိုင်ပါသည်။

၃။ ရာသီဥတု။ ။ ဤနေရာတွင်၊ ရာသီဥတုအကြောင်းဗဟုသုတကို ယေဘုယျသိရှိထားရုံမျှဖြင့်၊ လုံလောက်ပါသည်။ ဥပမာအားဖြင့်– ယေဘုယျအသိအရ အနောက်တောင်မုတ်သုန်လေသည် ဇွန်လမှ စက်တင်ဘာလအတွင်း တိုက်ခိုက်၍၊ ဧပြီနှင့် မေလများသည် အလွန်ပူပြင်းသောလများ ဖြစ်ပါသည်။ လေထုစိုထိုင်းဆလည်းများ၍ အိုက်စပ်နေတတ်ပါသည်။ (ဤသတင်းများကြောင့် မည်သို့တန်ဖိုးရှိပါသနည်းဟု မေးဖွယ်ရှိသည်။ စီမံကိန်းရေးဆွဲသူအနေဖြင့် ကြိုတင်တွက်ဆ၍ ပြင်ဆင်မှုများလုပ်ဆောင်ထားနိုင်ပါသည်။ အပူလွန်ခြင်းကြောင့် သတိလစ်မေ့မျောခြင်း၊ အပူကြောင်း နွမ်းနယ်ခြင်းမဖြစ်ရလေအောင်၊ ပါဝင်လှုပ်ရှားသူများအတွက် သောက်သုံးရေကို ပိုမိုယူဆောင်ရဖွယ်ရှိပါသည်။ ဧပြီနှင့် မေလများတွင် လူအစုအဝေးဖြင့် ဆန္ဒပြမှုများဆောင်ရွက်ရန် ရှောင်ရှားသင့်ပါသည်။ အကယ်၍ မဖြစ်မနေ ဧပြီလနှင့်မေလများတွင် လမ်းပေါ်ဆန္ဒပြပွဲများကို လုပ်ဆောင်ရတော့မည် ဆိုပါက၊ နေ့တစ်နေ့၏ သင့်လျော်သည့် အချိန်၊ ဆန္ဒပြပွဲ၏ အချိန်အတိုင်းအတာကို ရွေးချယ်သင့်ပါသည်။ သို့မဟုတ်ပါက သောက်ရေဗူးများ များများပေးဝေခြင်းဖြင့်၊ ဆန္ဒပြသူများကို သဘာဝဒဏ်မှ သက်သာဖွယ်ရှိစေနိုင်ပါသည်။ ) သတင်းစာများမှ၊ ရာသီဥတုနှင့် ပတ်သက်သောအချက်များကို ရနိုင်ပါသည်။ *မြန်မာ့အလင်းသတင်းစာ (ယခင်လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ)* များတွင်၊ ရန်ကုန်မြို့တွင် မိုးရွာသွန်းမှု၊ မိုးရေချိန်ကို ဖော်ပြထားတတ်ကြပါသည်။ နိုင်ငံ၏အခြားသောဒေသများမှ ပြည်သူများနှင့် စကားပြောဆိုဆွေးနွေးခြင်းအားဖြင့်၊ မုတ်သုန်ရာသီက သူတို့၏လှုပ်ရှားဆောင်ရွက်မှုများကို မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိစေသည်ကို လေ့လာထားနိုင်ပြီး၊ ဤအချက်အလက်များသည် အသုံးဝင်ဖွယ် ရှိပါသည်။ မုတ်သုန်ရာသီကြောင့် မြန်မာနိုင်ငံရှိလေယာဉ်များ ပျံသန်းမှု ပြောင်းလဲတတ်ပါသလား။ (နဝတ၏ အင်တာနက်စာမျက်နှာကိုလေ့လာခြင်းအားဖြင့်၊ လေယာဉ်အချိန်များကို သိရှိနိုင်ပြီး၊ မုတ်သုန်ရာသီကြောင့် အကျိုးသက်ရောက်မှုရှိပုံကိုလည်း များစွာအချက်အလက်ရနိုင်ပါသည်။) ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ကေအဲန်အယ်လ်အေ) နှင့် ကချင်ပြည်နယ်လွတ်လပ်

ရေးတပ်မတော် (ကေအိုင်အို) တို့တွင်၊ မြန်မာစစ်တပ်၏ စစ်ဆင်ရေးဆင်နွဲပုံကို လအလိုက်မှတ်တမ်းပြုထားမှုများ ရှိပါသလား။ ရာသီဥတုအခြေအနေအပေါ် မူတည်၍၊ မည်သို့ လုပ်ဆောင်ပုံစနစ်ကို ကောက်ချက်ချယူနိုင်ပါသလား။ ရာသီဥတုကြောင့် စာပေးစာယူစနစ်များအပေါ် မည်သို့သက်ရောက်ပါသနည်း။ ကူးစက်ရောဂါများပိုမိုအဖြစ်များတတ်သည့် ထူးခြားသည့် လမျိုးရှိပါသလား။ မည်သူများက ဤအချက်အလက်များကို သိရှိနိုင်သနည်း။ ကိုယ်တိုင်ကိုယ်ကျ သိရှိထားသူများထံမှသတင်းသည် တန်ဖိုးမဖြတ်နိုင်ပါ။

(ခ) သယ်ယူပို့ဆောင်ရေး။ ။ မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍမှ သတင်းအချက်အလက်များသည်၊ နိုင်ငံရေးအံ့တုမှုနှင့် မည်သို့ ပတ်သက်နိုင်ပါသနည်း။ စာများ သယ်ယူပို့ဆောင်မှုအပေါ် သက်ရောက်မှုကြောင့် ဖြစ်ပါသည်။ ပူးပေါင်းညှိနှိုင်းရေးမှူးများနှင့် တက်ကြွလှုပ်ရှားသူများ ခရီးသွားလာကြရမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။ မြန်မာအစိုးရစစ်တပ်က လှုပ်ရှား ခရီးသွားနေသောကြောင့် ဖြစ်ပါသည်။ လူအများက ကျေးရွာတစ်ခုမှ တစ်ခုသို့၊ မြို့တစ်ခုမှ တစ်မြို့သို့ခရီးသွားနေကြသောကြောင့် ဖြစ်ပါသည်။ ထောက်ပံ့ရေးပစ္စည်းများသည် ကားလမ်းများတစ်လျှောက်၊ မြစ်ကြောင်းများတစ်လျှောက်ရွေ့လျားနေကြသောကြောင့် ဖြစ်ပါသည်။ သတ်မှတ်နေရာ (က) မှ (ခ) သို့ ရောက်ရှိစေရန် မည်မျှကြာမြင့်မည်ဆိုသည်ကို တွက်ချက်ရန်မှာ အရေးကြီးသောကိစ္စဖြစ်ပါသည်။ မိမိ၏ မိတ်ဖက်နှင့် ရန်ဖက်တပ်ဖွဲ့များအတွက်၊ မည်သည့်သယ်ယူပို့ဆောင်ရေးနည်းလမ်းများ ရရှိနိုင်သနည်း။ မြို့ကြီးများအတွင်း ပြေးဆွဲသော ဘတ်စ်ကားလိုင်းများနှင့် မြို့တစ်မြို့နှင့် တစ်မြို့ဆက်သွယ်သော၊ ဘတ်စ်ကားလိုင်း သတင်းအချက်များရှိထားပါက အသုံးဝင်ပါသည်။ ဘတ်စ်ကား၊ ရထားလိုင်း၊ တက္ကစီအငှားကားများနှင့် လှေကူးတို့မောင်းသူများကို စည်းရုံးထားနိုင်ပါသလား။ ဤသယ်ယူပို့ဆောင်ရေးနည်းလမ်းများကို ရာသီဥတုအပြောင်းအလဲကြောင့် မည်သို့အကျိုးသက်ရောက်မှု ရှိစေသနည်း။ မြို့တွင်း သွားလာလှုပ်ရှားမှုများအတွက် တက္ကစီအငှားကား ငှားရမ်းအသုံးပြုနိုင်ပါသလား။ ဤဖော်ပြခဲ့သော မေးခွန်းများအတွက် အစီအစဉ်ရေးဆွဲသူများက မည်သည့်နေရာများမှ အချက်အလက်များ ရရှိနိုင်ပါသည်နည်း။ သူတို့အနေဖြင့် ရထား၊ ဘတ်စ်ကား၊ လေယာဉ်ပျံ၊ လှေသင်္ဘော အချိန်ဇယားများကို ကြည့်ခြင်းအားဖြင့်သော်လည်းကောင်း၊ သတင်းစာနှင့် နယ်လှည့်ခရီးသွားများအတွက်ထုတ်ဝေသော စာစောင်များကိုကြည့်ခြင်းအားဖြင့် စုဆောင်းနိုင်ပါသည်။ ရထားနှင့် ဘတ်စ်ကားဂိတ်များသို့ သွားလည်ကြည့်ရှုပါ။ နယ်လှည့်ခရီးသွားများနှင့် စကားပြောဆိုပါ။ ဤနည်းဖြင့် အချက်အလက်များ စုဆောင်းနိုင်ပါသည်။

(ဂ) အဝေးပြောဆက်သွယ်ရေးစနစ်။ ။ (နဝတ) စစ်အစိုးရနှင့် ဒီမိုကရေစီအင်အားစုများအတွက်၊ မည်သည့်စက်မှုနည်းပညာများ ရရှိနိုင်သနည်း။ ဆက်သွယ်ရေးစနစ်ဆိုင်ရာ မည်သို့သော စွမ်းဆောင်မှုများ ထပ်မံရရှိနိုင်သေးသနည်း။ (ကြိုးဟ်တုဆက်သွယ်ရေးစနစ်၊ အမြန်ပို့ လိုင်းတိုစနစ်၊ ရွှေ့ပြောင်းနိုင်သော ဖက်စ်ပို့စက်၊ စသည်တို့ဖြစ်သည်။) မဟာဗျူဟာချမှတ်သူများအဖို့၊ ပို၍လုံခြုံ အန္တရာယ်ကင်းသော ဆက်သွယ်ရေးကရိယာများ ဝယ်ယူနိုင်စွမ်း ရှိပါသလား။ လူအသုံးအများသော ဘာသာစကားဖြင့်၊ အဓိက ဆက်သွယ်ရေးကွန်ယက်များတွင် အသုံးပြုပါက၊ ဖြစ်နိုင်ချေရှိပါသလား။ အစိုးရအနေဖြင့် မည်သည့်နေရာများတွင်၊ အားနည်းချက်၊ ထိခိုက်နိုင်ချေ ရှိနေပါသနည်း။ (မိုက္ကရိုဝေ့ဗ်များ၊ တယ်လီဖုန်းလိုင်းများ၊ ခလုတ်ခုံများ၊ ကြားဖြတ်နှောက်ယှက်ခြင်းများ) ဥရောပနှင့် အမေရိကန်နိုင်ငံများသို့ စာတိုက်ရိုက်ပေးပို့၊ လက်ခံနိုင်သော မိုဒမ်စက်တပ်ဆင်ထားသည့်၊ ကွန်ပြူတာစနစ်များ ဝယ်ယူရန် အခွင့်အရေးရှိပါသလား။ ဤသို့သော သတင်းအချက်အလက်များ မည်သည့်နေရာများတွင် စုဆောင်း ရရှိနိုင်ပါသနည်း။ အချို့သော အစိုးရမဟုတ်သည့် အဖွဲ့အစည်း (အဲန်ဂျီအို) များမှာ၊ ဤကဲ့သို့သော စက်မှုနည်းပညာသစ်များနှင့် ပတ်သက်၍၊ အကျွမ်းတဝင် ရှိကြပါသည်။ ရံဖန်ရံခါ၊ အစိုးရဌာနတွင် လုပ်နေသော၊ နှုတ်ဖွာအလေးမထားသူ ဆက်သွယ်ရေးဝန်ထမ်းများထံမှပင်၊ သူတို့၏လုပ်ငန်းနှင့်ပတ်သက်၍ ဤအဖြေများကို အလွယ်တကူရရှိနိုင်ပါသေးသည်။ ဆက်သွယ်ရေး စက်ကရိယာများ၏ ကြော်ငြာစာလွှာများမှနေ၍၊ စက်မှုနည်းပညာသစ်များနှင့် ပတ်သက်သောအချက်အလက်များလည်း ရရှိနိုင်ပါသေးသည်။ နိုင်ငံတကာမဂ္ဂဇင်းများတွင်လည်း ဤသတင်းများ ပါဝင်ဖော်ပြတတ်ပါသည်။ အင်တာနက်စာမျက်နှာများနှင့် သတင်းရှာဖွေနိုင်သော စက်အင်ဂျင်များ (search engines) တွင်လည်း သတင်းများစုဆောင်းရရှိနိုင်ပါသည်။

(ဃ) နိုင်ငံရေး။ ။ ဤအပိုဒ်တွင်၊ မဟာဗျူဟာချမှတ်သူအနေဖြင့်၊ သူတို့လှုပ်ရှားဆောင်ရွက်ရမည့် အထွေထွေ နိုင်ငံရေးနောက်ခံအခြေအနေများကို ဖော်ပြနိုင်ပါသည်။ စစ်အုပ်ချုပ်ရေးဥပဒေများအနေဖြင့် အသက်ဝင်ဆဲရှိနေပါသလား။ မည်သို့မည်ပုံ နိုင်ငံရေးဆုံးဖြတ်ချက်များကို ချမှတ်ပါသနည်း။ ဖော်ပြထားသော ‘ဇယားကားချပ်များ’ ရှိခေါင်းဆောင်များသည်၊ ဖော်ပြပါအတိုင်း အတိအကျ နိုင်ငံရေးအာဏာ၊ ဆက်ဆံရေးများ ရှိကြပါသလား။ နိုင်ငံရေးသည်၊ တော်လှန်ရေးလှုပ်ရှားမှုဆောင်ရွက်ရခြင်း၏ အခြေခံအကြောင်းတရားပင်ဖြစ်ပြီး၊ အစီအစဉ်ချမှတ်သူများသည်၊ ဤနိုင်ငံရေးဝန်းကျင်၌ပင် အတိအကျလုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်သည်။ သို့အတွက်ကြောင့် သူတို့အနေဖြင့် နိုင်ငံရေးဒီရေလှိုင်းအတက်အကျကို သိရပါမည်။ ဒီမိုကရေ

စီ အတိုက်အခံများသို့ (နဝတ) စစ်အစိုးရက ထားရှိသော မဟာဗျူဟာကို သုံးသပ်ဖော်ထုတ်နိုင်ပါသလား။ ဥပမာအားဖြင့်– (နဝတ) စစ်အစိုးရကျင်းပနေသော အမျိုးသားညီလာခံသည်၊ ဤမဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသလား။ ထိုင်း စစ်ဗိုလ်ချုပ်များနှင့် စီးပွါးရေးအရ အထူးဆက်ဆံရေး မည်သို့တည်ရှိနေပါသနည်း။ နိုင်ငံရေးကိစ္စများအတွက် 'ဗဟိုဆွဲအား ချက်မ' ရှိပါသလား။ မြန်မာနိုင်ငံနှင့် အေဆီယံအသင်း (အရှေ့တောင်အာရှနိုင်ငံများအသင်း) တို့ ဆက်ဆံရေးတွင် အပြန် အလှန်၊ အပေးအယူကိစ္စများ မည်သို့ ရှိနေကြပါသနည်း။ အသေးစိတ်လေ့လာမည့် သုတေသနပြုမည့်သူအတွက်၊ ဤမေးခွန်း များအတွက် အဖြေအချက်အလက်များ မည်သည့်နေရာက ရရှိနိုင်သနည်း။ သတင်းထုတ်ပြန်ချက်များ၊ သတင်းအစီရင်ခံချက် များ၊ လူပုဂ္ဂိုလ်အရ တွေ့ဆုံမေးမြန်းခန်းများ၊ လှုပ်ရှားမှုများအပေါ် သုံးသပ်ချက်များ၊ နိုင်ငံရေးအရ စစ်တမ်းကောက်ယူမေးမြန်း မှုများသည်၊ အစပျိုးရန် အကောင်းဆုံးနေရာများဖြစ်ပြီး၊ အတွေ့အကြုံများသော မြန်မာနိုင်ငံအရေးစောင့်ကြည့်လေ့လာနေသူ များ၏ သုံးသပ်ချက်များသည်လည်း၊ လေ့လာသင့်သော အချက်အလက်များ ဖြစ်ပါသည်။

## (၂) နိုင်းယှဉ်ချက်အရ တိုက်ခိုက်နိုင်စွမ်းအား

မဟာဗျူဟာ ခန့်မှန်းတွက်ချက်မှု၏ ဤအပိုဒ်ကို၊ ချက်ချင်း ခုန်ပျံကျော်လွှားမရေးသင့်ပဲ၊ သတင်းအချက်အလက်များက မည် သို့ အဓိပ္ပါယ်ရသည်ကို စတင်သုံးသပ်ရန် လိုအပ်ပါသည်။ သို့မဟုတ်ပါက၊ အလျင်စလိုသုံးသပ်မှုသည် "ပန်းသီးများနှင့် လိမ္မော်သီးများ"ဟူ၍ ကောက်ချက်ဆွဲမိစေပါလိမ့်မည်။ (စစ်ရေးလုပ်ငန်းများနှင့် နိုင်ငံရေးအံတုမှုလုပ်ငန်းများတွင် 'မတူညီ သောလက်နက်စနစ်များ'ကို သုံးကြပါသည်။) ထိုအတွက်ကြောင့် သတင်းအချက်အလက်များသည် ရှုပ်ထွေးထွေပြားဖွယ်ပင် ဖြစ်ပါသည်။ ဤအပိုဒ်တွင် လိုအပ်ချက်အရဖော်ပြရမည့် သတင်းအချက်အလက်များကိုသာ၊ ကန့်သတ်ဖော်ပြသင့်ပါသည်။

## (က) ရန်ဖက်စစ်တပ်ဖွဲ့များ

၁။ အင်အား။ ။ (အရေအတွက်၊ ပမာဏနှင့် တပ်ဖွဲ့အမျိုးအစား) (နဝတ) စစ်အစိုးရက ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့ များကို အင်အား (၅၀၀၀၀၀) အထိ၊ တိုးချဲ့ရန် လျာထားကြောင်း ဖော်ပြခဲ့ပါသည်။ ပင်မအားဖြင့် ခြေလျင်တပ်များသာ အဓိကတပ်ဖွဲ့အဖြစ် ရှိနေမည်ဖြစ်ပြီး၊ လေကြောင်းနှင့် ပင်လယ်ရေကြောင်းစွမ်းဆောင်နိုင်မှုတွင် အကန့်အသတ်ဖြင့် ရှိနေဦး မည် ဖြစ်သည်။

၂။ တိုက်ပွဲ အမိန့်စီးဆင်းပုံ။ ။ (မည်သို့ ဖွဲ့စည်းထားသည်၊ မည်သည့်တပ်ဖွဲ့များက မည်သည့်ဖွဲ့စည်းပုံတွင် ပါဝင်သည်။) ဤသို့ အမျိုးအစားခွဲခြားဖော်ပြပုံသည် အရေးကြီးပါသည်။ အထူးသဖြင့် အချို့သောဒေသများတွင် မည်သည့်တပ်ဖွဲ့များက တုံ့ပြန်နိုင်သည်ကို ဆုံးဖြတ်ရာ၌ ဖြစ်သည်။ ဤသို့ တိုက်ပွဲ အမိန့်စီးဆင်းပုံကို သိထားခြင်းအားဖြင့်၊ အစီအစဉ်ချမှတ်သူများ အနေဖြင့် အချို့သော ရွေးချယ်ကောက်နှုတ်ထားသည့် တပ်မှူးအချို့၏ လူတစ်ဦးချင်း၏ ထူးခြားမှုအလိုက် အချက်အလက် များ (personalities profile) ကို ဖော်ထုတ်စုဆောင်းနိုင်စေပါသည်။ နိုင်ငံရေးအံတုမှုကော်မတီ (Political Defiance Committee) သည် အဓိကအားဖြင့်၊ တပ်မ ဌာနချုပ်များတည်နေရာ၊ ဒေသဆိုင်ရာ အမိန့်ပေးဌာနများနှင့် အထက်အဆင့် ဌာနများကိုသာ အလေးပေးစုဆောင်းမည် ဖြစ်ပါသည်။

၃။ တည်ရာဌာနများနှင့် တပ်ချထားပုံ။ ။ (ဤတပ်ဖွဲ့များ မည်သည့်နေရာများ၌ တည်ရှိနေကြသနည်း။ မည်သို့တပ်စွဲ ထားသနည်း။ မည်သည့်လုပ်ငန်းများ ဆောင်ရွက်နေကြသနည်း။)

၄။ တပ်ကူဖြည့်ဆီးမှု။ ။ (သတ်မှတ်ထားသောတပ်ဖွဲ့များအတွက်၊ မည်သည့်တပ်ဖွဲ့များက တပ်ကူဖြည့်ဆီးပေးမည် နည်း။ လေကြောင်းချီ တပ်ကူ၊ အထူးကွန်မင်ဒိုတပ်၊ ချေမှုန်းရေးတပ်၊ လေကြောင်းပစ်ကူ စသဖြင့်)။ စစ်ဆင်ရေးများအတွက် ပုံမှန်အားဖြင့် တပ်ကူပေးရန် မည်မျှအချိန်ယူရသနည်း။ တပ်ချထားရာနေရာနှင့် (၁၀)၊ (၃၀)၊ (၅၀)၊ (၁၀၀)၊ (၂၀၀) မိုင် အကွာ၊ မည်သို့ ရှိသနည်း။ တပ်ကူဖြည့်ဆီးရန် အချိန်နှင့် အကွာအဝေးဆိုင်ရာ အကြောင်းအချက်များကြောင့်၊ နိုင်ငံရေးအံတုမှု (ပီဒီ) စစ်ဆင်ရေးများအနေဖြင့် အချိန်မည်မျှ ရနိုင်သနည်း။ မလိုလားအပ်သော အန္တရာယ်ယူ စွန့်စားလုပ်ဆောင်ချက်များ မတိုင်မီ၊ ကြိုတင်တွက်ဆထားနိုင်ပါသည်။

၅။ ထောက်ပံ့ပေးမှု။ ။ တပ်ဖွဲ့များကို မည်သို့ပြန်လည်ထောက်ပံ့မှု ဖြည့်ဆီးပေးသနည်း။ တိုက်ပွဲဖြစ်ပွါးနေသောအချိန် နှင့် တိုက်ပွဲမဖြစ်ပွါးသောအချိန်၌၊ ပြန်လည်ထောက်ပံ့မှုများကို မည်မျှအကြာတွင် ဖြည့်ဆီးပေးသနည်း။ အထမ်းသမားပေါ်တာ များ စုဆောင်းပြီး၊ မည်မျှကာလအကြာတွင် စစ်ဆင်ရေးတစ်ခုကို စတင်သနည်း။ စစ်ဆင်ရေးဆောင်ရွက်မည့်ဒေသသို့၊ မချီ

တက်မီ၊ ဖမ်းဆီးစုဆောင်းထားသော အထမ်းသမားပေါ်တာများကို ထိန်းသိမ်းထားမည့် အတည်တကျ စခန်းနေရာ ရှိပါသလား။ ပြန်လည်ထောက်ပံ့ပေးမှုလုပ်မည့် စစ်ကားတန်းကို အထူးတင်းကြပ်စွာ လုံခြုံရေးစောင့်ကြပ်ပါသလား။ မည်သည့်နေရာများတွင် အဓိကကျသည့် ဂိုဒေါင်၊ သိုလှောင်ရုံများ တည်ရှိနေသနည်း။

၆။ တိုက်ခိုက်ရေးစွမ်းရည် ထိရောက်ထက်မြက်မှု။ ။ (သင်တန်းများအပေါ် ခန့်မှန်းချက်၊ အင်အား၊ တပ်ဖွဲ့၏သမိုင်းကြောင်း၊ ဒဏ်ရာရရှိမှုနှုန်း၊ တိုက်ခိုက်ရေးစိတ်ဓါတ် ထက်သန်မှု၊ စသဖြင့်) ဤသတင်းအချက်အလက်များသည် ဝါဒဖြန့်ချိရေးဆိုင်ရာ အကြောင်းအချက်များ ပြင်ဆင်ရာ၊ ဖြန့်ဖြူးရာနည်းလမ်းများ ရွေးချယ်ရာ၌ အရေးပါလှပါသည်။ မတူညီကွဲပြားသော တပ်ဖွဲ့များတွင်၊ မတူကွဲပြားသော စွမ်းဆောင်နိုင်ရည်များ ရှိကြပါသည်။ ဖော်ပြထားချက်အရ (တပ်မ–၂၂၊ ခလရ (၁၂၁)၊ သံချပ်ကာတပ်မများ) စသဖြင့်၊ အောက်ပါတပ်ဖွဲ့များကို ကိုးကားဖော်ပြလိုပါသည်။ ဤသို့ကိုးကားဖော်ပြချက်များသည်၊ သေနင်္ဂဗျူဟာချမှတ်သူများအဖို့၊ ထုံးတမ်းစဉ်လာအလိုက် ဖြစ်ခဲ့သောအခြေအနေများအပေါ် သုံးသပ်ချက် **(pattern analysis)** ပြုစေနိုင်သကဲ့သို့၊ အထူးသတိထားဆောင်ရွက်ရမည့် အချို့သောတပ်ဖွဲ့များကို မြေပုံတွင် ‘အလံထိုးဖော်ပြခြင်း’ လည်း၊ ဆောင်ရွက်ထားနိုင်ပါသည်။ နယူးဒေလီအခြေစိုက်၊ မြန်မာနိုင်ငံ– အကြမ်းမဖက်လှုပ်ရှားမှုဆိုင်ရာ ကော်မတီ (စီအဲန်အောဘီ) မှ ပြုစုသော၊ လက်နက်ချလာသည့် စစ်သားများ၏အကြောင်း အစီရင်ခံစာအရ၊ မြန်မာ့တပ်မတော်အတွင်း မည်မျှစိတ်ဓါတ်ကျဆင်းနေကြကြောင်း ဖော်ပြထားပါသည်။ အခြားပြုစုထားသော လက်နက်ချသူများအကြောင်း အစီရင်ခံစာများ ရှိပါသလား။ သို့ဖြစ်ပါက နှိုင်းယှဉ်၍ စိတ်ဓါတ်ကျဆင်းနေမှုသည်၊ တပ်ဖွဲ့အချို့အတွင်း၌သာ ဖြစ်ပျက်နေသည့်ကိစ္စလော၊ တနိုင်ငံလုံး အနှံ့အပြားဖြစ်ပျက်နေသော ကိစ္စလောဆိုသည်ကို ကောက်ချက်ချ နိဂုံးချုပ် သုံးသပ်ယူနိုင်ပါသည်။ ဤတပ်ဖွဲ့များတွင် မည်သည့်အကြောင်းများကြောင့်၊ စိတ်ဓါတ်ကျဆင်းနေကြရပါသနည်း။

၇။ စစ်တပ်များ၏ သီးသန့်အချက်အလက်များ။ ။ ဤစာပိုဒ်တွင်၊ မြန်မာ့တပ်မတော်ကို အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းထားသော သတင်းအချက်အလက်များကို ဖော်ပြမည်ဖြစ်ပါသည်။ ပညာအရည်အချင်း၊ လူတန်းစား၊ ဘာသာရေးယုံကြည်ကိုးကွယ်မှု၊ စိတ်ဓါတ်ရေးရာတွန်းအား၊ အသက်အပိုင်းအခြား၊ စသဖြင့် ဖြစ်ပါသည်။ ရန်သူ၏တပ်ဖွဲ့များတည်နေရာနေရာကို သတင်းစာများ၊ နိုင်ငံရပ်ခြားသတင်းဖော်ပြချက်များ၊ သတင်းကြေငြာချက်များ၊ စစ်သုံ့ပန်းများကို စစ်ဆေးရရှိသော အစီရင်ခံစာများ၊ လက်နက်ချလာသူများ၊ လွတ်မြောက်ထွက်ပြေးလာသော အထမ်းသမားပေါ်တာများ[၁၂] ထံမှ ရရှိနိုင်ပါသည်။ တော်လှန်ရေးတပ်ဖွဲ့များ၏ ကိုယ်ပိုင်သတင်းပေးထောက်လှမ်းသူများ၊ လိုလားထောက်ခံသူပြည်သူများ၊ ရေဒီယိုကြားဖြတ်ဖမ်းယူရရှိသော သတင်းများ၊ တိုက်ပွဲအစီရင်ခံစာများ၊ မြန်မာစစ်တပ်နှင့် အကြိမ်ကြိမ်ဖက်ပြိုင်တိုက်ခိုက်ခဲ့ဖူးသော မဟာမိတ်တပ်ဖွဲ့တပ်မှူးများကို ကိုယ်တွေ့မေးမြန်းချက်များမှလည်း စုဆောင်းရရှိနိုင်ပါသည်။

(ခ) မိတ်ဖက်စစ်ရေးအင်အားစုများ။ ။ အောင်မြင်သော မဟာဗျူဟာမြောက်နိုင်ငံရေးအံ့တုမှုစစ်ဆင်ရေးများ ချမှတ်နိုင်ရန်အတွက်၊ စစ်တပ်တပ်ဖွဲ့များကို သူတို့သက်ဆိုင်ရာ စစ်နယ်မြေတိုက်ကွင်းများ၌၊ ကာလတစ်စုံတရာ အထီးကျန်ကန့်သတ်ထားစေရန် လိုအပ်ကောင်းလိုပါလိမ့်မည်။ သို့မဟုတ် နိုင်ငံရေးအံ့တုမှုအလုပ်အဖွဲ့များ ပြန်လည်ရောက်ရှိစေရန်၊ အာရုံလွှဲသည့်အနေဖြင့် ဟန်ပြစစ်ရေးလှုပ်ရှားမှုများ လိုအပ်ကောင်း လိုအပ်ပါလိမ့်မည်။ မဟာဗျူဟာချမှတ်သူများ၏ ကိုယ်ပိုင်စစ်တပ်ဖွဲ့များသည်၊ မြန်မာ့တပ်မတော်ကို စိတ်ဓါတ်စစ်ဆင်ရေးလှုပ်ရှားမှုများပြုလုပ်ဆောင်ရွက်ရန်အတွက် များစွာအထောက်အကူ ဖြစ်စေပါသည်။ သို့အတွက်ကြောင့် အစီအစဉ်ရေးဆွဲသူများအနေဖြင့်၊ သူတို့၏ ကိုယ်ပိုင်တပ်ဖွဲ့များနှင့် ပတ်သက်သော အချက်အလက်များကို၊ အထက်ဖော်ပြပါနည်းအတိုင်းပင် စုဆောင်းရန်လိုအပ်ပါလိမ့်မည်။ သူတို့အနေဖြင့် မိတ်ဖက်စစ်ရေးအင်အားစုများ၏ သတင်းအချက်အလက်များကို မည်သည့်နေရာများမှ ရရှိနိုင်သနည်း။ သူတို့အနေဖြင့် ထိုစစ်တပ်များ၏ ဌာနချုပ်များမှနေ၍ စတင်စုဆောင်းနိုင်ပါသည်။ ဖြစ်နိုင်သောအချက်မှာ၊ စစ်ရေးခေါင်းဆောင်တပ်မှူးများသည်၊ သူတို့၏ ကိုယ်ပိုင်အင်အားနှင့် အားနည်းချက်ဆိုင်ရာ သတင်းအချက်များကို ပေးရန်၊ တုံ့ဆိုင်းနေနိုင်ပါသည်။ ဤသတင်းအချက်အလက်များသည်၊ အရေးပါအန္တရာယ်ရှိသောကြောင့်၊ ထိန်းသိမ်းကာကွယ်ရပါမည်။ သို့အတွက်ကြောင့် သင့်လျော်သော သက်ဆိုင်ရာပုဂ္ဂိုလ်များက ဤသတင်းအချက်အလက်များ မည်သည့်အတွက်ကြောင့် ရရှိရန်လိုအပ်ကြောင်း ရှင်းလင်းပြရပါမည်။ ထို့အပြင်

---

[၁၂] မြန်မာ့တပ်မတော်အနေဖြင့် အရပ်သားများကိုသိမ်းကြုံးဖမ်းဆီး၍၊ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့များသို့၊ စစ်ရေးဆိုင်ရာထောက်ပံ့ ရေးပစ္စည်းများပို့ဆောင်စေရန် အထမ်းသမားပေါ်တာအဖြစ် အသုံးချလေ့ရှိသည်မှာ၊ လုပ်ရိုးလုပ်စဉ် ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်များ အတွင်း အကြိမ်ကြိမ်ရရှိသော အစီရင်ခံချက်များအရ၊ ဤအထမ်းသမားပေါ်တာများကို သူပုန်များထိန်းချုပ်ထားသော နယ်မြေများတွင်၊ စစ်တပ် စစ်ကြောင်းရှေ့မှ အတင်းအဓမ္မလျှောက်စေ၍၊ ‘လူသားမိုင်းရှင်းကရိယာများ’အဖြစ် အသုံးပြုလေ့ရှိပါသည်။ ဤသို့အန္တရာယ်များနှင့် စစ်သားများ၏ လူမဆန်ကြမ်းတမ်းစွာ ဆက်ဆံမှုကြောင့်၊ ပေါ်တာ အမြောက်အများက လွတ်မြောက်ထွက်ပြေးရန် ကြိုးပမ်းကြပါသည်။

ဤသတင်းများကို နိုင်ငံရေးအံတုမှုကော်မတီရုံး (PDC) တွင် မည်သို့မည်ပုံ လုံခြုံစွာထိန်းသိမ်းထားမည်ဆိုသည်ကိုလည်း ရှင်းပြရပါမည်။ **(အကြံပြုချက်။ ။ အကြမ်းမဖက်လှုပ်ရှားမှုတစ်ခုတွင်၊ စစ်ရေးဆိုင်ရာကဏ္ဍများ ပါဝင်ပတ်သက်နေမည်ဆိုပါက၊ အဓိကကျသော ဆိုးကျိုး၊ အားနည်းချက်ကို ဖြစ်စေနိုင်ပါသည်။ ၎င်းစစ်ရေးဆိုင်ရာကဏ္ဍများက၊ အကြမ်းမဖက်လှုပ်ရှားမှု၏ ရှင်သန်လည်ပတ်မှုဒိုင်းနမစ်ကို အနှောင့်အယှက်ဖြစ်စေနိုင်ပြီး၊ ဤလှုပ်ရှားမှုအတွင်း လူသစ်များပါဝင်ပူးပေါင်းစေရန် စည်းရုံးရာ၌ ပို၍အခက်အခဲရှိနိုင်ပါသည်။ လှုပ်ရှားမှုကို၊ လက်နက်ကိုင်တော်လှန်ရေးတစ်ခု၏ အကြမ်းဖက်သမားများတပ်ဖွဲ့ခွဲ သဖွယ် စွပ်စွဲပြောဆိုစေရန် လမ်းဖွင့်ပေးသကဲ့ သို့ဖြစ်စေပြီး၊ နိုင်ငံတကာထောက်ခံမှု ရရှိစေရန်လည်း ခက်ခဲတတ်ပါသည်။ ထို့အပြင် စစ်အစိုးရထံမှ ပို၍ပြင်းထန်အကြမ်းဖက်သော တုံ့ပြန်မှုကို ပြန်၍ လက်ခံရဖွယ်ရှိပါသည်။ အမှန်စင်စစ်တွင်၊ အချို့သော အတိုက်အခံအဖွဲ့များသည်၊ ဤရွေးချယ်မှုနည်းလမ်းကို စွန့်လွှတ်ရန်၊ ရံဖန်ရံခါ ငြင်းပယ်တတ်ကြသော်လည်း၊ ဤသို့ရွေးချယ်မှုကြောင့် ရရှိလာမည့်အကျိုးအမြတ်ထက်၊ ပေးဆပ်ရမည့်တန်ဖိုးက ပို၍များပြားသည်ကိုလည်း၊ အတွေ့အကြုံအရ သူတို့နားလည်သဘောပေါက်ထားကြပါသည်။ ဤအဖွဲ့များကို အကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့များအဖြစ်၊ လက်နက်ကိုင်တပ်ဖွဲ့များ မပါစေပဲ၊ အသွင်ကူးပြောင်းစေရန် တိုက်တွန်းနားချ၍ မရနိုင်သေးသောအခြေအနေတွင်၊ သူတို့ထိန်းချုပ်ထားသော သို့မဟုတ်၊ ဩဇာလွှမ်းမိုး အုပ်ချုပ်မှုအောက်ရှိ ပြည်သူလူထုများကို၊ အရေးကြီးသော အစိတ်အပိုင်းများအဖြစ် သတ်မှတ်နိုင်ပါသည်။ လက်နက်ကိုင်လှုပ်ရှားမှုများကို၊ လှုပ်ရှားမှုများမှနေ၍ ဖယ်ကျဉ်ရှောင်ခွာနေစေသင့်ပါသည်။ မဟာဗျူဟာအနေဖြင့်၊ လက်နက်ကိုင်တပ်ဖွဲ့များကို အသုံးချနေခြင်းကို၊ အချိန်ယူ၍ တစ်ဆင့်ချင်းရုပ်သိမ်းသွားစေရန်၊ စဉ်းစားစေသင့်ပါသည်။)**

(ဂ) ဆန့်ကျင်ဖက်အင်အားစုများ၏ နိုင်ငံရေးအံတုမှု။ ။ (နဝတ) စစ်အစိုးရအနေဖြင့်၊ အကြမ်းမဖက်လှုပ်ရှားမှုစစ်ဆင်ရေးဆင်နွဲရန်အတွက်၊ အတိုင်းအဆကြီးမားသော အလားအလာ၊ အင်အားများ ရှိနေပါသည်။ သို့သော် ဤအခြေအနေတွင် ဤအင်အားများကို လက်တွေ့အသုံးချခြင်း မရှိသေးပါ။ သို့သော် မိမိတို့၏ကိုယ်ပိုင် စစ်ဆင်ရေးလှုပ်ရှားမှုများကို ပြန်လှန်ထိုးစစ်ဆင်ရန်၊ ဤစွမ်းပကားများကို၊ ထုတ်သုံးရန်သံန္နိဋ္ဌာန်ချ အသုံးချလာသည့်အနေအထားကို၊ အသိအမှတ်ပြုထားရန် အရေးကြီးပါသည်။ (နဝတ) စစ်အစိုးရ၏ အရေးပါသော လုပ်ဆောင်နိုင်ရည်များကို အောက်ပါအချက်များအတိုင်း ခွဲခြားအသိအမှတ်ပြုထားသင့်ပါသည်။

၁။ အင်အားများ

(က) စာပေစီစစ်တည်းဖြတ်မှု

(ခ) ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများပိုင်ဆိုင်ထားမှု

(ဂ) ပညာရေးဆိုင်ရာကဏ္ဍအားလုံးကို ချုပ်ကိုင်ထားမှု

(ဃ) လူအများ၏ အမူအကျင့်များကို ဩဇာသက်ရောက်စေရန်အတွက် ရှိသည့် ငွေအိတ်အင်အား

(င) နိုင်ငံတကာအသိအမှတ်ပြုမှုနှင့် နိုင်ငံတကာသတင်းမီဒီယာများနှင့် အခြားအရေးကြီးသော ဆက်သွယ်ရေးကဏ္ဍများသို့ ဆက်စပ်နိုင်မှု၊

(စ) ကောင်းစွာလေ့ကျင့်ထားသော၊ အကျယ်အပြန့်ချထားသော ထောက်လှမ်းရေးကွန်ရက်၊

(ဆ) ကမ္ဘာအဆင့်မီ၊ ဆက်သွယ်ရေးယန္တယားများ၊ စွမ်းရည်များ

၂။ အားနည်းချက်များ

(က) အုပ်ချုပ်နိုင်မှု စွမ်းရည်၊ အရည်အချင်း မရှိခြင်း

(ခ) လူထုများက ထောက်ခံမှုမရခြင်း

(ဂ) သေချာလေ့ကျင့်ထားသော မဟာဗျူဟာချမှတ်ရေးသမားများ မရှိခြင်း

(ဃ) တိုင်းရင်းသားလူနည်းစုများကို လူမျိုးတုန်းသတ်ဖြတ်သုတ်သင်ရေး၊ မူဝါဒများကို အားပေးအားမြှောက် ပြုနေခြင်း

(င) အခြားအားနည်းချက်များနှင့် ထိခိုက်နစ်နာလွယ်သော အကြောင်းများ

(၃) ထောက်တိုင်များ

(က) မြန်မာ့တပ်မတော်

(ခ) စစ်တပ်ထောက်လှမ်းရေးတပ်ဖွဲ့ (Military Intelligence Service)

(ဂ) သတင်းမီဒီယာ

(ဃ) နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံသူများ

(င) စီးပွါးရေးအင်အားစုများ
(စ) အရပ်ဖက် ဝန်ထမ်းများ
(ဆ) အခြား (အေဆီယံအဖွဲ့၊ တရုပ်နိုင်ငံ စသဖြင့်)

(၄) လူဦးရေဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များ
(က) အထွေထွေ (နှစ်ဖက်စလုံးအင်အားစုများအတွက် ထည့်သွင်းတွက်ချက်သုံးသပ်ရန်)
(ခ) လူဦးရေ ၄၅၁၀၃၈၀၉ (၁၉၉၅–ခုနှစ် ခန့်မှန်း)
(ဂ) အသက် ၀–၁၄ နှစ်အရွယ်ကြား၊ (၃၆ ٪) (အမျိုးသမီး ၇၉၆၃၅၄၄၊ အမျိုးသား ၈၂၈၅၄၅၉)
(ဃ) အသက် ၁၅–၆၄ နှစ်အကြား၊ (၆၀ ٪) ၊ ၆၅–နှစ်နှင့်အထက်၊ (၄ ٪)
(င) လူဦးရေတိုးတက်မှုနှုန်း၊ (၁. ၈၄ ٪)
(စ) မွေးဖွါးမှုနှုန်း၊ လူဦးရေတစ်ထောင်လျှင် (၂၈. ၀၂) မွေးနှုန်း
(ဆ) သေဆုံးမှုနှုန်း၊ လူဦးရေတစ်ထောင်လျှင် (၉. ၆၃) သေနှုန်း
(ဇ) လူဦးရေထူထပ်မှု၊ ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့များ

(၅) ဆန့်ကျင်ဖက်အင်အားစု၏ နိုင်ငံရေးစဉ်းစားထားချက်များ
(က) သဘာဝအရ မဟာမိတ်အင်အားစုများ
(၁) မြန်မာ့တပ်မတော်
(၂) စစ်ထောက်လှမ်းရေးတပ်ဖွဲ့
(၃) အရပ်ဖက် ဝန်ထမ်းများ
(၄) စီးပွါးရေးအင်အားစုများ
(၅) တရုပ်၊ စင်္ကာပူ၊ ဂျပန်၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံများ
(၆) အခြားအချက်များ
(ခ) အသင်းအဖွဲ့များ
**(အကြံပြုချက်။ ။ အမှတ်ရစေရန်မှာ၊ အသင်းအဖွဲ့များသည် "အာဏာတည်ရာဗဟိုချက်မ" (loci of power) အခြေခံများ ဖြစ်ကြပါသည်။ တနည်းအားဖြင့် လူမှုရေးအာဏာများတည်ရာရင်းမြစ် ဖြစ်ပါသည်။ အာဏာကို ဗဟိုချက်မမှ ဖြန့်ခွဲရာလုပ်ငန်းစဉ်၌၊ ဤအသင်းအဖွဲ့များသည် အရေးကြီးပါသည်။ ထို့အပြင် နိုင်ငံရေးအံတုမှု မဟာဗျူဟာချမှတ်သူများ အနေဖြင့် အာဏာ၏ထောက်တိုင်များကို ရှာဖွေသတ်မှတ်၍၊ ကြားနေသွားစေရန်၊ သို့မဟုတ် မိမိဖက်ကူးပြောင်းလာစေရန် ဆောင်ရွက်ရာ၌ အရေးကြီးပါသည်။)**
(၁) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (USDA)
(၂) သံဃာများ (ဗုဒ္ဓဘာသာဆိုင်ရာ ဘာသာရေးဦးဆောင်မှု)
(၃) စာပေနှင့် အနုပညာရှင်များအသင်း
(၄) ဆရာများအသင်း
(၅) စစ်ပြန်စစ်မှုထမ်းဟောင်းများအသင်း
(၆) အားကစားကလပ်မျာ
(၇) အခြားအသင်းအဖွဲ့များ

(ဂ) နိုင်ငံရေးအက်ကြောင်းများ
(၁) ခြေလျင်တပ် တပ်မှူးများနှင့် စစ်ထောက်လှမ်းရေးအကြား
(၂) (နဝတ) အတွင်းရှိ သဘောထားပျော့ပြောင်းသူများနှင့် တင်းမာသူများအကြား
(၃) (နဝတ) စစ်အစိုးရနှင့် လယ်သမားများအကြား
(၄) ဝါနုနှင့် ဝါရင့် အရာရှိများအကြား
(၅) တပ်သားများနှင့် အရာရှိအဆင့်မဟုတ်သော စစ်တပ်အကြပ်ခေါင်းဆောင်များအကြား
(၆) အခြား။

(ဃ) မိတ်ဖက်အင်အားစုများ၏ နိုင်ငံရေးအံတုမှု လုပ်ဆောင်နိုင်စွမ်း
နိုင်ငံရေးအံတုမှု လုပ်ဆောင်နိုင်စွမ်း သတင်းအချက်အလက်များစွာကို၊ နိုင်ငံရေးအံတုမှုလုပ်ငန်းတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေကြသူများထံမှသော်လည်းကောင်း၊ နိုင်ငံရေးအံတုမှုကော်မတီ အဖွဲ့ဝင်များထံမှသော်လည်းကောင်း ရရှိနိုင်ပါသည်။ အဖွဲ့အစည်းဆိုင်ရာ သတင်း၊ အမိန့်ပေးစနစ် စီးဆင်းပုံ၊ တည်နေရာ၊ နိုင်ငံရေးအံတုမှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးမှုများနှင့် တက်ကြွလှုပ်ရှားသူများ ခွဲဖြန့်ချထားပုံ၊ မကြာသေးမီကာလက ဆောင်ရွက်ခဲ့သောလှုပ်ရှားမှုများနှင့် လှုပ်ရှားသူအရေအတွက်ကို နိုင်ငံရေးအံတုမှုအဖွဲ့ဝင်များထံမှ ရရှိနိုင်ပါသည်။

၁။ အာဏာ၏ထောက်တိုင်များ
**(အကြံပြုချက်။ ။ အာဏာ၏ထောက်တိုင်များသည်၊ မိမိတို့ အာရုံစိုက်လုပ်ဆောင်ရမည့်ကိစ္စဖြစ်ပါသည်။ ဆန့်ကျင်ဖက်အင်အားစုများ၏ အာဏာ၏ထောက်တိုင်များသည်၊ မိမိတို့ရည်မှန်းတိုက်ခိုက်ရမည့် ပစ်မှတ်များဖြစ်ပြီး၊ မဟာမိတ်အင်အားစုများ၏ အာဏာ၏ထောက်တိုင်များမှာ၊ မိမိတို့၏ တန်ဖိုးအကြီးဆုံးသော စစ်ဆင်ရေးရင်းမြစ်များ ဖြစ်ပါသည်။)**
(က) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်
(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီ (အဲန်စီယူဘီ)
(ဂ) ရဟန်းပျိုသမဂ္ဂများ
(ဃ) နိုင်ငံရေးအံတုမှု ကော်မတီ
၁။ တိုင်းရင်းသားအဖွဲ့အစည်းများ
၂။ နိုင်ငံတကာရှိ လူမှုအဖွဲ့အစည်းများ (ပွင့်လင်းသောလူ့ဘောင် (Open Society Institute) စသဖြင့်)
၃။ ကမ္ဘာ့ကုလသမဂ္ဂ

၂။ လူဦးရေဆိုင်ရာအချက်အလက်များကို ထည့်သွင်းစဉ်းစားချက် (မိမိရန်ဖက်ကို ထည့်သွင်းစဉ်းစားစဉ်က အချက်အလက်များနှင့် အတူတူပင် ဖြစ်သည်။)
(က) တက္ကသိုလ်ဘွဲ့ရများ ပြန့်ကွဲတည်ရှိနေပုံ (တက္ကသိုလ်ဘွဲ့ရများအနေဖြင့်၊ နိုင်ငံရေးအံတုမှုအဖွဲ့များအတွက် ကျွမ်းကျင်မှုအရည်အချင်းများနှင့် ဦးဆောင်မှုကို ပံ့ပိုးပေးနိုင်ပါသည်။ သူတို့အနေဖြင့် ဝါဒဖြန့်ဖြူးရေးတာဝန်ယူကြသူများထံမှ အဖိုးတန်သော သတင်းအချက်အလက်များကို လက်ခံရရှိပါလိမ့်မည်။ အသိပညာဆိုသည်မှာ၊ အာဏာရှင်များက ထုံးတမ်းစဉ်လာအရ မနှစ်မြို့သောကိစ္စဖြစ်ပြီး၊ ကြီးမားသောခြိမ်းခြောက်မှုဟု မြင်ကြပါသည်။ ဤသို့ယူဆသည့်အတိုင်းလည်း မှန်ကန်ပါသည်။)
(ခ) ဒေသအလိုက် စာတတ်မြောက်မှုနှုန်း
(ဂ) လူမျိုးနှင့် ဘာသာအလိုက် ကွဲပြားနေထိုင်ကြပုံ (ဤသတင်းအချက်အလက်များသည်၊ လှုပ်ရှားမည့်သူများ၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးမှုများကို ရွေးချယ်ရာ၌ အထောက်အကူဖြစ်စေပြီး၊ မတူကွဲပြားသော လူအုပ်စုများအလိုက် ဝါဒဖြန့်ချိရေးဆောင်ရွက်မည့်သူများက၊ သင့်တော်သောအချက်အလက်များ၊ ဘာသာစကား စသည်တို့ပြင်ဆင်ရာ၌ အထောက်အကူပြုပါသည်။)
(ဃ) ဒေသအလိုက် လူနေမှုအဆင့် (အကယ်၍ ကျေးရွာတစ်ခုတွင် စားရေရိက္ခာအနည်းငယ်သာရှိပါက၊ သောက်သုံးရေ မရှိပါက၊ လျှပ်စစ်မီးမရှိပါက၊ ကျန်းမာရေးကုသစောင့်ရှောက်မှု မရှိပါက၊ ငွေဖြစ် စိုက်ပျိုးသီးနှံထုတ်လုပ်နိုင်မှု မရှိပါက၊ လူငယ်အရွယ်များ ကျန်ရှိမနေပါက၊ ထိုကျေးရွာများအနေဖြင့် မိမိတို့၏လှုပ်ရှားမှုများအတွက် အထောက်အပံ့များစွာပေးနိုင်မည်ဟု မျှော်လင့်ထား၍ မဖြစ်နိုင်ပေ။ ၎င်းအစား မိမိတို့က သူတို့ကို တစ်ခုခု ပြန်ပေးရပါမည်။ တစ်ခုခုဆိုရာ၌ မြင်သာသော ပစ္စည်းတစ်ခုခုသာမက၊ ဒီမိုကရေစီ ဖက်ဒရယ်အစိုးရဖြစ်လာပြီးသည့်နောက်ပိုင်း သူတို့ မည်သို့မည်ပုံအကျိုးရှိနိုင်မည်ဟူသော အမြင်ကိုပါ ပေးရပါမည်။)

၃။ နိုင်ငံရေးဆိုင်ရာအချက်အလက်များ
(က) သဘာဝအရ မဟာမိတ်အင်အားစုများ
**(အကြံပြုချက်။ ။ မည်သူများ၏ အကျိုးကို (အဲန်စီယူဘီ) က ဖြည့်စီးပေးမည်နည်း။)**
(၁) မြန်မာနိုင်ငံနယ်စပ်တစ်လျှောက်ရှိ စီးပွါးရေးအင်အားစုများ
(၂) ကျောင်းသားများ

(၃) ဘာသာရေးအသင်းများ
(၄) တိုင်းရင်းသားအင်အားစု အများစု
(၅) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (အဲန်အယ်လ်ဒီ)
(၆) သဘာဝပတ်ဝန်းကျင်ရေးရာ အဖွဲ့များ
(၇) လူ့အခွင့်အရေးအဖွဲ့အစည်းများ
(၈) အခြား။

**(အကြံပြုချက်။ ။ အမှတ်ရစေရန်မှာ၊ အသင်းအဖွဲ့များသည် "အာဏာတည်ရာဇာဟုိချက်မ" (loci of power) အခြေခံများ ဖြစ်ကြပါသည်။ မဟာဗျူဟာဆိုင်ရာ ခန့်မှန်းတွက်ချက်မှု ဆောင်ရွက်သူသည်၊ မိမိဖက်သား ၎င်းအဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်ရည်များကို အကဲဖြတ်ရာ၌၊ လက်တွေ့ကျကျ သုံးသပ်ရပါမည်။ ထို့အပြင် ပတ်သက်မှုရှိနေသော နိုင်ငံတကာ အဖွဲ့အစည်းများကိုလည်း၊ မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ စိတ်ဝင်စားမှုရှိနေလျှင် ထည့်သွင်းရပါမည်။ )**

(၁) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (အဲန်အယ်လ်ဒီ)
(၂) ကချင်အမျိုးသား တစ်ခုလုံးဆိုင်ရာ ဖွံ့ဖြိုးရေး လူမှုအဖွဲ့အစည်း (Pan-Kachin Development Society)
(၃) (အဲန်စီယူဘီ) အဖွဲ့ဝင်အသင်းများ
(၄) ဒီမိုကရက်တစ် မြန်မာ့အသံ (ဒီဗွီဘီ)
(၅) မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (အက်ဖ်တီယူဘီ)
(၆) ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေးအဖွဲ့ (အာရ် အက်စ် အို)
(၇) ကမ္ဘာ့ကုလသမဂ္ဂ
(၈) အမျိုးသား ဒီမိုကရေစီ ထောက်ပံ့ပေးရေးအသင်းကြီး (National Endowment for Democracy)
(၉) နိုင်ငံတကာ ရီပတ်ဘလစ်ကင် အဖွဲ့ကြီး (International Republican Institute)
(၁၀) ပွင့်လင်းသောလူ့ဘောင် အဖွဲ့ (Open Society Institute)
(၁၁) အခြား

(ဂ) နိုင်ငံရေးအက်ကြောင်းများ

**(အကြံပြုချက်။ ။ နိုင်ငံရေးအရ အစိတ်စိတ်အမွှာမွှာဖြစ်နေမှုမှာ၊ ဒီမိုကရေစီ လှုပ်ရှားမှုအတွင်း၌ အကျယ်အပြန့်ဖြစ်ပွါးနေပါသည်။ ကြီးမားသော သဘောထားကွဲလွဲမှုများကိုသာ ရှာဖွေဖော်ထုတ်သတ်မှတ်ပေးသင့်ပါသည်။)**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (အဲန်စီဂျီယူဘီ) နှင့် မြန်မာနိုင်ငံ ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (ဒီအေဘီ)
(၂) (အဲန်စီယူဘီ) နှင့် ရိုဟင်ဂျာအဖွဲ့များ (ခွဲဖယ်ချန်ထားမှုအပေါ်)
(၃) (အဲန်စီယူဘီ) နှင့် (အက်ဖ်တီယူဘီ) (ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ)
(၄) (အဲန်စီဂျီယူဘီ) နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (အဲန်အယ်လ်ဒီ–အယ်လ်အေ) (နယ်စပ်ရှိ ခေါင်းဆောင်မှုအပေါ်)
(၅) အခြား

၄။ လုံခြုံရေးဆိုင်ရာ အကြောင်းအချက်များ

(က) တန်ပြန်ထောက်လှမ်းရေးလုပ်ငန်းများ၏ ထိရောက်ထက်မြက်မှု (ဤထောက်လှမ်းရေးလုပ်ငန်းများ တသမတ်တည်းထိရောက်ထက်မြက်နေပါသလား။ နိုင်ငံအံတုမှုလုပ်ငန်းများ စောစီးစွာအကောင်အထည်ပေါ်နိုင်ရေးအတွက် အခွင့်အလမ်းများ ရှိနေပါသလား။)

(ခ) လူစည်းရုံးသိမ်းသွင်းရန်အတွက် အားနည်းချက်ရှိနေသူများ

(ဂ) အဖွဲ့အစည်းအတွင်း စစ်ဆေး၊ ပြင်ဆင်စေခြင်း လုပ်ငန်းစဉ်များ

(ထောက်လှမ်းရေးသူလျှိုများ ထိုးဖောက်ခံရမှုနည်းစေရန်အတွက် အဖွဲ့အစည်းအတွင်း၊ မည်သည့်လုပ်ငန်းများ ဆောင်ရွက်ထားပြီးပြီနည်း။ လူသစ်များကို စစ်ဆေးရန်အတွက်၊ သတင်းမှားပေးမှုများကို ထောက်ပြခြင်း၊ စောင့်ကြည့်ခြင်းနှင့် ဒုတိယအဆင့်ထောက်ခံပေးမည့်သူကို ရှာဖွေခြင်း စသည့်နည်းနာများဖြင့် သုံးနိုင်ပါသည်။ )

(ဃ) ဆက်သွယ်ရေးစနစ်များ

(သတင်းများကို မည်သည့်နည်းဖြင့် ပေးပို့သနည်း။ စနစ်များက မည်မျှလုံခြုံမှု ရှိသနည်း။ ဆက်သားစနစ်၊ ရေဒီယို၊ ပုံသေ စာတိုက်ပုံး၊ လက်ခံသက်သက်ဖြင့် ပေးပို့နည်း၊ မူလက ကြိုတင်သတ်မှတ်ထားသောစကားဝှက်များ၊ ပီဂျီပီ (PGP) စာဝှက်နည်း၊ အခြားသော ကွန်ပြူတာဖြင့် ဆက်သွယ်ပေးပို့သည့်နည်းများကို ပြန်၍ သုံးသပ်စစ်ဆေးရပါမည်။)

(င) သတင်းများနှင့် စာရွက်စာတမ်းအထောက်အထားများ လုံခြုံရေး

အတိုက်အခံအဖွဲ့များအတွင်း၊ စစ်အစိုးရ၏ထိုးဖောက်ဝင်ရောက်ထားနိုင်သော စွမ်းရည်ကိုလျော့၍ မတွက်ဆသင့်ပါ။ သို့ အတွက်ကြောင့်၊ အရေးကြီးသော အထောက်အထား၊ စာရွက်စာတမ်းအားလုံးအတွက်၊ "လုံခြုံရေးစနစ်" (chain of custody) ကို ထားရှိရပါမည်။ လှုပ်ရှားမှုအနေဖြင့်၊ စာတစ်ခုကို ဖတ်ပြီးသူတိုင်း၏ ဖတ်ပြီးကြောင်းအထောက်အထားများ ကို မှတ်တမ်းတင်၍၊ ထိုမှတ်တမ်းကို သိမ်းဆည်းရပါမည်။ ထို့အပြင် အရေးကြီးလျှို့ဝှက်သတင်းများကို မည်သူသာသိသင့်သည်ဟု ကန့်သတ်မှုများကိုလည်း၊ အစဉ်သဖြင့် ပြန်လည်စစ်ဆေးနေရပါမည်။ (အကြမ်းမဖက်လှုပ်ရှားမှုတွင် အနည်းငယ်သောသတင်း များကိုသာ လျှို့ဝှက်အဖြစ်ထားစေရပါမည်။ အထူးသဖြင့် ပေါက်ကြားပါက၊ လူများကို အန္တရာယ်ကျရောက်စေနိုင်သော သတင်းများ ဖြစ်ပါသည်။)

## (၃) ထင်မြင်ယူဆချက်များ

ဦးတည်ချက် (Mission) နှင့် ရရှိထားသောသတင်းအချက်အလက်များကို ကြည့်၍၊ မဟာဗျူဟာရေးဆွဲသူတစ်ဦးအနေဖြင့်၊ လစ်ဟာနေသောကြားကွက်လပ်များကို 'ထင်မြင်ယူဆချက်များ' ဖြင့် ဖြည့်ရပါမည်။ သူတို့အနေဖြင့် ဖြစ်နိုင်ချေရှိသော လှုပ်ရှားမှုအစီအစဉ်များ (Courses of Action) ကို စဉ်းစားတွက်ချက်ရာ၌လည်း၊ 'ထင်မြင်ယူဆချက်များ'ဖြင့် ပေါင်းထည့်စဉ်း စားရန်လိုအပ်ပါသည်။ ထိရောက်သောမဟာဗျူဟာများမှာ 'ထင်မြင်ယူဆချက်များ'သက်သက်ဖြင့်၊ အခြေခံလုပ်ဆောင်၍ မရပါ။ ရရှိနိုင်သမျှသော အချက်အလက်များကို အခြေခံခြင်းဖြင့်သာ၊ အောင်မြင်သော အကြမ်းမဖက်လှုပ်ရှားမှုတစ်ခုကို ဆင်နွှဲ နိုင်မည် ဖြစ်ပါသည်။ အကယ်၍ 'ထင်မြင်ယူဆချက်များ'ကို ပြုလုပ်ရန်လိုအပ်ပါကလည်း၊ ထိုအချက်အလက်များ တတ်နိုင် သမျှ မှန်ကန်မှုရှိစေရန် ကြိုးပမ်းသင့်ပါသည်။ ဥပမာအားဖြင့်–

(က) နိုင်ငံရပ်ခြားအစိုးရများမှ၊ (အဲန်စီယူဘီ) သို့ စစ်ရေးအကူအညီများ ထောက်ပံ့ပေးလိမ့်မည် မဟုတ်။

(ခ) နိုင်ငံတကာကုမ္ပဏီများ၏ ဩဇာကြောင့်၊ အနောက်တိုင်းဒီမိုကရေစီနိုင်ငံများသည်၊ (နဝတ) စစ်အစိုးရအပေါ် ပြင်းထန် သောအရေးယူမှုများ လုပ်ဆောင်လိမ့်မည် မဟုတ်ပါ။ နှုတ်အားဖြင့် ဖိအားပေးပြောဆိုမှုများဖြင့်သာ သူတို့ရပ်တန့်နေကြပါ လိမ့်မည်။

(ဂ) အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့မှ အကျိုးစီးပွါးအရ၊ ဒီမိုကရက်တစ်ပါတီဌာနချုပ် (National Democratic Party HQs) သို့လာသော ငွေကြေးများကလည်း၊ မြန်မာနိုင်ငံအပေါ်ထားရှိသော အမေရိကန်အစိုးရ၏ မူဝါဒများကို လွှမ်းမိုး ဩဇာသက်ရောက်မှု ရှိစေပါလိမ့်မည်။

(ဃ) နိုင်ငံရပ်ခြားရင်းနှီးမြှုပ်နှံမှုများသည်၊ မြန်မာနိုင်ငံ၏ စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံရေးတည်ငြိမ်မှုအတွက် အခရာကျပါသည်။

(င) အခြားအချက်များ။

မဟာဗျူဟာခန့်မှန်းတွက်ချက်မှု၏ ဤနေရာတွင်၊ မဟာဗျူဟာရေးဆွဲသူများအနေဖြင့်၊ ရရှိထားသောသတင်းအချက်အလက် များနှင့် ထင်မြင်ယူဆချက်များကို ပေါင်းစပ်အသုံးပြုရပါမည်။ နောက်တစ်ဆင့်တွင်လုပ်ဆောင်ရန်မှာ၊ ရန်သူ၏ လုပ်ဆောင်နိုင် စွမ်းကို အကဲဖြတ်ရန်ဖြစ်ပြီး၊ မိမိ၏ နိုင်ငံရေးအံတုမှု လှုပ်ရှားမှုအစီအစဉ်များ (Courses of Action) အပေါ် သက်ရောက်မှုရှိ လာနိုင်သည့်အခြေအနေကို တွက်ဆရန်ဖြစ်သည်။ ဤသို့ အတွေးအခေါ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်းကို မဟာဗျူဟာခန့်မှန်းတွက် ချက်မှု အပိုဒ် (၂၊ ခ) တွင် စတင်ဖော်ပြထားပါသည်။

## (ခ) ဆန့်ကျင်ဖက်အင်အားစု၏ လုပ်ဆောင်နိုင်စွမ်း

မြန်မာ့တပ်မတော်ဆိုင်ရာသတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအားဖြင့်၊ အကြမ်းမဖက်လှုပ်ရှားမှုသည်၊ မိမိ၏ နိုင်ငံရေးအံတုမှု လှုပ်ရှားမှုအစီအစဉ်များ (Courses of Action) အပေါ် သက်ရောက် မှုရှိလာနိုင်သည့်၊ ရန်သူ၏ လုပ်ဆောင်နိုင်စွမ်းကို တွက်ချက်ဖော်ထုတ်နိုင်ပါသည်။ မြန်မာ့တပ်မတော်၏ လုပ်ဆောင်နိုင်စွမ်းနှင့် ပတ်သက်၍ နိဂုံးချုပ်နိုင်သောအချက်မှာ အောက်ပါအတိုင်း ဖြစ်နိုင်ပါသည်။

(၁) ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လည်ဖမ်းဆီးထိန်းသိမ်းနိုင်ခြင်း၊ သတ်ဖြတ်လုပ်ကြံနိုင်ခြင်း၊ ပြည်နှင်ခြင်း။

(၂) လွတ်မြောက်ဒေသများရှိ စစ်ဆင်ရေးစွမ်းဆောင်နိုင်မှုကို လျော့ချရန်မလိုပဲ၊ လူဦးရေထူထပ်သော မြို့ပြဇဟို ချက်မနေရာ (၃) ခုတွင်၊ လူထုအုံကြွမှုများကို အကြမ်းဖက်၍ ချေမှုန်းခြင်း၊
(၃) တရုပ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများမှ စစ်တပ်များနှင့် ထောက်လှမ်းရေးတပ်ဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူ၍၊ နယ်စပ် တလျှောက်ရှိ မြန်မာဒီမိုကရေစီအင်အားစုများ၏ စွမ်းဆောင်နိုင်ရည်များကို ကန့်သတ်ခြင်း၊ ပိတ်ပင် အထီးကျန်စေခြင်း။
(၄) နိုင်ငံရပ်ခြားအသံလွှင့်ချက်များကို ကြားဖြတ်နှောင့်ယှက်ပိတ်ဆို့ခြင်း။
(၅) (အဲန်စီယူဘီ)/(ကေအဲန်ယူ) ဌာနချုပ်ကို တိုက်ခိုက်သိမ်းပိုက်ခြင်း။

## (ဂ) မိမိ၏ကိုယ်ပိုင် လှုပ်ရှားမှုအစီအစဉ် (Courses of Action) (CA)

လှုပ်ရှားမှု၏ ဦးတည်ချက်နှင့် မိမိ၏လုပ်ဆောင်နိုင်စွမ်းကို နောက်ထပ်တစ်ကြိမ်ပြန်လည် လေ့လာဆန်းစစ်ပြီးသောအခါ၊ မဟာဗျူဟာခန့်မှန်းတွက်ချက်မှုကို ဆောင်ရွက်သောသူအနေဖြင့်၊ မိမိဦးတည်ချက်ပြည့်မြောက်အောင် ဆောင်ရွက်နိုင်မည့် မိမိကိုယ်ပိုင် လှုပ်ရှားမှုအစီအစဉ်များ (Courses of Action) ကို ချမှတ်နိုင်ပါသည်။ အမှတ်ရရန်အချက်မှာ၊ ထိရောက်ထက်မြက်သောမဟာဗျူဟာများသည်၊ ရန်သူကို အာရုံထွေပြားစေ၍၊ ဦးတည်ချက်လွဲစေသည့်အချက်ပင် ဖြစ်ပါသည်။ ထို့အတွက်ကြောင့် မိမိ၏ဦးတည်ချက်ဆီသို့ တိုက်ရိုက်မဟုတ်ပဲ သွယ်ဝိုက်သောလမ်းကြောင်း (သို့သော်လည်း လတ်တလောဦးတည်ချက်ရှိရပါမည်။) ဖြင့်သွားခြင်းကို ယေဘုယျအားဖြင့် ပို၍ဖြစ်စေသင့်ပါသည်။ ထို့အပြင် အကြမ်းမဖက်လှုပ်ရှားမှုအနေဖြင့် မိမိ၏အကောင်းဆုံးအင်အားကို စုစည်း၍၊ ရန်သူ၏ အားအနည်းဆုံးအပိုင်းကို တိုက်ခိုက်ရပါမည်။ မဟာဗျူဟာဆိုင်ရာအဆင့်တွင်၊ မဟာဗျူဟာကို ကြီးကြပ်နေသူတစ်ဦးအနေဖြင့်၊ သူတို့၏ လုပ်ဆောင်နိုင်စွမ်းများအားလုံးကို ချိန်ဆထိတွေ့နေရပါမည်။

(CA 1) နိုင်ငံရေးအံတုမှုလုပ်ငန်း၏ အားကောင်းချက်များကို မြန်မာနိုင်ငံအနှံ့အပြား ဖြန့်ချက်တည်ဆောက်မည့် မဟာဗျူဟာတွင်၊ ၎င်း၏ရည်မှန်းချက်များသည်၊

က။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံရေးမတည်ငြိမ်မှုဖြစ်စေရန်အတွက်၊ နိုင်ငံရေးအန်တုမှု လှုပ်ရှားမှုများဖော်ဆောင်ရေး။
ခ။ ဒီမိုကရေစီအင်အားစုများအတွက် အဖွဲ့ဝင်သစ်များ စုဆောင်းရေး။
ဂ။ အထွေထွေသပိတ်ကြီးတစ်ရပ်အတွက် ပြင်ဆင်ရေး။
ဃ။ (နဝတ) ကို အထွေထွေအမျိုးမျိုးသော၊ ပြန့်ကျဲနေသော ပစ်မှတ်များနှင့် ရင်ဆိုင်ရစေရေး။

(CA 2) အခြား။

## ၃။ ဆန့်ကျင်ဖက်အင်အားစု၏ လှုပ်ရှားလာမည့် အစီအစဉ်များ (Courses of Action) ကို သုံးသပ်ခြင်း။

ဤအပိုဒ်တွင်၊ ရန်သူ၏ လုပ်ဆောင်နိုင်စွမ်းတစ်ချက်ချင်းကို ဆုံးဖြတ်၍၊ မိမိ၏ လှုပ်ရှားမှုအစီအစဉ်တစ်ခုချင်းအပေါ် အကျိုးသက်ရောက်လာနိုင်စွမ်းကို နှိုင်းယှဉ်လေ့လာရန် ဖြစ်ပါသည်။ အထက်တွင်ဥပမာပေး၊ ဖော်ပြထားသော စွမ်းဆောင်နိုင်ရည်များကိုယူ၍ သုံးသပ်ရပါက၊ ဒီမိုကရေစီအင်အားစုများအနေဖြင့်၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင် မြို့ကြီး (၃) ခုတွင်၊ မြန်မာ့တပ်မတော်တပ်သားများက အမိန့်နာခံမှု ရှိ–မရှိ အခြေအနေအတိအကျမသိရပဲ၊ မိမိ၏ လှုပ်ရှားမှုအစီအစဉ် (Courses of Action) အဖြစ်၊ အဓိကလူထုအုံကြွမှုကြီး ခေါ်ယူရန် ဆုံးဖြတ်ထားပါက၊ ပြဿနာကြုံရတော့မည် ဖြစ်သည်။

## ၄။ မိမိ၏ လှုပ်ရှားမှုအစီအစဉ်များကို နှိုင်းယှဉ်ခြင်း။

ဤအပိုဒ်တွင်၊ လှုပ်ရှားမှုအစီအစဉ်တစ်ခုချင်း၏ အားသာချက်၊ အားနည်းချက်များကို (မည်သည့်အချက်က အဓိကကျသည်ကို) ချင့်ချိန်ရပါမည်။ ဥပမာအားဖြင့်၊ အဓိကကျသောအချက်မှာ လူထုထိခိုက်ကျဆုံးမှု အနည်းဆုံးဖြစ်စေရေး၊ စသည့်အချက်မျိုး ဖြစ်နိုင်ပါသည်။

## ၅။ ဆုံးဖြတ်ချက်။

ဆုံးဖြတ်ထားသော လှုပ်ရှားမှုအစီအစဉ်ကို၊ စစ်ဆင်ရေးဆိုင်ရာ ဦးတည်ချက် (operational mission statement) အဖြစ်ပြန်လည်ရေးသားခြင်း။

**အနှစ်ချုပ်**

ဤအခန်းတွင်၊ မဟာဗျူဟာခန့်မှန်းတွက်ချက်မှု တစ်ခု ပြင်ဆင်ပြုစုရာ၌၊ ပါဝင်ရမည့်အကြောင်းအရာများနှင့် လုပ်ငန်းအဆင့်များကို သုံးသပ်ပြထားပါသည်။ မဟာဗျူဟာခန့်မှန်းတွက်ချက်မှုသည်၊ မဟာဗျူဟာမြောက် စစ်ရေးအစီအစဉ်ရေးဆွဲသူများအတွက် အခရာကျသော မှတ်တမ်းဖြစ်ပါသည်။ ဤမှတ်တမ်းမှာ အလျင်အမြန်ပြုစုပြင်ဆင်နိုင်သော မှတ်တမ်းမဟုတ်ပါ။ သို့သော်လည်း၊ ဤမှတ်တမ်းရေးသားရာတွင် ကရုပြုရမည့်အချက်မှာ၊ နိုင်ငံရေးအတိုက်အခံအင်အားစုများ၏ ဆောင်ရွက်နိုင်သည့်စွမ်းရည်အတိုင်းအတာအတွင်းမှသာ၊ ရေးသားပြုစုရပါလိမ့်မည်။ သေချာစွာ ပြင်ဆင်ပြုစုရေးသားထားသော ခန့်မှန်းတွက်ချက်မှုတစ်ခုကြောင့်၊ အကောင်းဆုံး လုပ်ရှားမှုအစီအစဉ်ကို ရွေးချယ်စေနိုင်ပြီး၊ ဦးတည်ချက်ပြည့်မြောက်ကာ၊ ဆုံးရှုံးနိုင်မှုအခွင့်အလမ်းနည်းစေပါသည်။ မဟာဗျူဟာခန့်မှန်းတွက်ချက်မှုသည်၊ အသေမှတ်တမ်း မဟုတ်ပါ။ အသက်ဝင်နေသောမှတ်တမ်းဖြစ်ပြီး၊ အချိန်နှင့် တပြေးညီဖြည့်စွက် မှတ်တမ်းတင်နေရပါမည်။ ဦးစီးအရာရှိလေ့လာရေးကဲ့သို့ပင်၊ စနစ်ကျသောပုံစံနှင့် အလေးပေးအာရုံထားဆောင်ရက်မှုမှာ အထူးလိုအပ်ပါသည်။ စနစ်ကျသောပုံစံအားဖြင့် အတွေးကိုရှင်းစေပြီး၊ ဖိစီးမှုခံနေရသောအချိန်၌ပင်၊ စနစ်တကျတွေးခေါ်စေနိုင်ပါသည်။

အခန်း (၇)

## စစ်ဆင်ရေး အစီအမံရေးဆွဲခြင်းဆိုင်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အကြောင်းများ

**“အခြေခံဥပဒေသမှာ၊ လုံးဝအပြုခံသဘော လက်ဦးမှုမဲ့ဖြစ်မနေစေရေးပင် ဖြစ်သည်။”**

ကားလ် ဗွန် ကလော့ဇ်ဝစ်ဇ်၊ စစ်ပွဲဆိုင်ရာ
Carl von Clausewitiz, *On War*

အကြမ်းမဖက်လှုပ်ရှားမှု၏ မဟာဗျူဟာအဆင့်နှင့် နည်းဗျူဟာအဆင့် စစ်ဆင်ရေးအစီအမံရေးဆွဲရန်၊ လိုအပ်သောလုပ်ငန်း အထွေထွေ၌၊ မဟာဗျူဟာစီစဉ်ရေးဆွဲသူများအတွက် စိန်ခေါ်မှုအမျိုးမျိုးနှင့် ကြုံတွေ့ရနိုင်ပါသည်။ အကောင်းဆုံးဆိုသော အခြေအနေအောက်၌ပင်၊ ပွယောင်းယောင်းဖြစ်နေသော ညွန့်ပေါင်းအဖွဲ့အတွင်းရှိအဖွဲ့များ ပူးပေါင်းဆောင်ရွက်ညှိနှိုင်းရေးကိစ္စ၌ ပြဿနာကြုံရဖွယ်ရှိပါသည်။ အဖွဲ့အစည်းများ၏ လုပ်ဆောင်နိုင်စွမ်းရည်ကို ပိုင်ပိုင်နိုင်နိုင်တွက်ဆမိသည်လည်း ရှိနိုင်ပြီး၊ အဖွဲ့များ၏ မျှော်မှန်းချက်များသည်လည်း အထွေထွေအပြားပြား ဖြစ်နေတတ်ပါသည်။ ဤသို့အထွေထွေအပြားပြားဖြစ်နေသော မျှော်မှန်းချက်များကို ဘုံတူညီသောဦးတည်ချက်အဖြစ်စုစည်းရန် ဆိုသည်မှာ၊ မဟာဗျူဟာအကဲဖြတ်ခန့်မှန်းမှုနှင့် အစီအစဉ်ရေးဆွဲခြင်းကိစ္စများတွင် အတွေ့အကြုံနုနယ်သေးသော၊ လှုပ်ရှားမှုခေါင်းဆောင်များအဖို့ ရောမခက်ခဲလှသော တာဝန်ကြီးဖြစ်ပါသည်။ ဤသို့ ကွဲပြားနေသောအဖွဲ့အစည်းများအကြား ဆက်သွယ်ရေးသည်လည်း ခက်ခဲနိုင်ပါသည်။ အကြောင်းမှာ အဖွဲ့အစည်းများစွာတွင် အကြမ်းမဖက်လှုပ်ရှားမှုအတွက်၊ ၎င်းတို့ကိုယ်ပိုင်သုံးဝေါဟာရများ ရှိနေနိုင်ပြီး၊ ဤအကြမ်းမဖက်လှုပ်ရှားမှု အတွင်း အချို့အခေါ်အဝေါ်များနောက်ကွယ်တွင်ရှိနေသော သဘောတရား ဆိုလိုချက်ကို နားမလည်၊ သဘောမပေါက်သေးပဲ လည်း ဖြစ်နေနိုင်ပါသည်။[၁၃]

စစ်ရေးအရ စီမံချက်များရေးဆွဲခြင်းသည်၊ ယေဘုယျအားဖြင့် စနစ်တကျ ထက်အောက်စုဖွဲ့ထားသောအဖွဲ့အစည်း၏ ဝန်းကျင်၌ ဆောင်ရွက်ကြရခြင်းဖြစ်ပါသည်။ အကြမ်းမဖက်လှုပ်ရှားမှု၏ စုဖွဲ့မှုဝန်းကျင်သည်၊ ယေဘုယျအားဖြင့်၊ “တူညီသော” အဖွဲ့များ၏ ညွန့်ပေါင်းအဖွဲ့၊ “တူညီသောအဖွဲ့များ” အနက်မှ သူ့ထက်သူ လူစွမ်းကောင်းဖြစ်ရန် ပြိုင်ဆိုင်နေကြသောဝန်းကျင်၌ ဆောင်ရွက်ကြရခြင်း ဖြစ်ပါသည်။ အဖွဲ့အစည်းများအတွင်း၌လည်း၊ အစိုးရထောက်လှမ်းရေးများ ထိုးဖောက်ထားပြီဟူသော စွပ်စွဲချက်များဖြင့်လည်း အစဉ်လှည့်လည်စွပ်စွဲနေကြပါလိမ့်မည်။ (အဖွဲ့အစည်းများအားလုံး အနည်းနှင့်အများဆိုသလို ထိုးဖောက်ထားမှု ခံရနိုင်ချေရှိပါသည်။) ယခုဆန့်ကျင်နေကြသော အစိုးရကို မည်သို့သောအစိုးရမျိုးဖြင့် အစားထိုးမည်ဟူသော အချက်အပေါ်တွင်လည်း အမြဲတစေ သဘောကွဲလွဲငြင်းခုန်မှုများ ရှိနေနိုင်ပါသေးသည်။ ခေါင်းဆောင်အချို့ကို ကျန်သောသူများ က အာဏာရှင်သိပ်ဆန်သည်ဟုလည်း မြင်နေနိုင်ကြပါသည်။ သို့တည်းမဟုတ်၊ ဒီမိုကရေစီ လူမှုအဖွဲ့အစည်းတစ်ခုရှိ အစိုးရ၏ အာဏာလုပ်ပိုင်ခွင့်များကို မည်မျှကန့်သတ်ထားမည်ကို မဆုံးဖြတ်နိုင်၊ သဘောမတူနိုင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ (စစ်ဘုရင်များက၊ အခြားစစ်ဘုရင်များကို တွန်းလှန်ဖြုတ်ချရာ၌ ကူညီပေးခဲ့ကြသည်မှာ ယခုတစ်ကြိမ်သည် ပထမဦးဆုံးအကြိမ် မဟုတ်ပါ။ များစွာ ဖြစ်ခဲ့ဘူးပါပြီ။) အချို့သောသူများက အကြမ်းမဖက်လှုပ်ရှားမှုတွင် ပါဝင်ဆင်နွှဲကြသည်မှာ၊ လက်နက်ကိုင်တော်လှန်ရေး လက်တွေ့လှုပ်ရှားမဆောင်ရွက်နိုင်သေးခင်ကာလတိုင်အောင်သာ ဖြစ်ပြီး၊ နေသေးသပ၊ ချိုသွေးတမြမြလည်း ရှိနေနိုင်ပါသည်။ ဤသို့ အထွေထွေအပြားပြားသော ရည်ရွယ်ချက်များနှင့် တည်ရှိနေသော သံသယများကြားတွင်၊ မဟာဗျူဟာ နှင့် ၎င်းကိုပံ့ပိုးပေးမည့် အစီအစဉ်များကို ရေးဆွဲကြရလိမ့်မည် ဖြစ်ပါသည်။

### လုံခြုံရေးဆိုင်ရာ အကြောင်းအချက်များ

ထင်ရှားသောအချက်မှာ၊ အစိုးရကိုဆန့်ကျင်လှုပ်ရှားနေကြသော အတိုက်အခံအဖွဲ့အစည်းများကို၊ တစ်ချိန်မဟုတ် တစ်ချိန် ထိုးနှက်တိုက်ခိုက်ခံနေရသော အစိုးရက၊ ပစ်မှတ်ထား၊ ထိုးဖောက်ထောက်လှမ်းရန် ကြိုးပမ်းလိမ့်မည် ဖြစ်သည်။ ထိုးဖောက်ခံရခြင်းသည် ကြီးမားသောပြဿနာဖြစ်ပါသည်။ အစိုးရသတင်းပေးများကို လမ်းကြောင်းအဖြစ်သုံး၍၊ အချို့လိုအပ်သောသီးသန့် သတင်းများကို ရရှိအောင် ပေးပို့စေပါလိမ့်မည်။ လှုပ်ရှားမှုခေါင်းဆောင်များက အစိုးရထံပေးပို့လိုသော သတင်းများသည်

[၁၃] အယ်လ်ဘတ် အိန်းစတိန်းအဖွဲ့ကြီးမှ ပြုစုထားသော၊ အကြမ်းမဖက်လှုပ်ရှားမှုနှင့် ပတ်သက်သည့်၊ ဝေါဟာရများ၏ အဓိပ္ပါယ်ကို နောက်ဆက်တွဲ (၁) တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

လည်း၊ ဤသတင်းပေးများ၏ အစီရင်ခံစာထဲတွင် ပါသွားနိုင်ပါသည်။ သို့အတွက်ကြောင့် လှုပ်ရှားမှုအနေဖြင့် အကြမ်းမဖက်နည်းဖြင့်သာ ဆက်လက်လှုပ်ရှားသွားမည်ဖြစ်ကြောင်း၊ လက်စားချေလိုသောဆန္ဒမရှိကြောင်း၊ အစိုးရခေါင်းဆောင်များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးကို ရွေးလမ်းတစ်ခုအနေဖြင့် ဆက်လက်ထားရှိပါကြောင်း၊ အတိုက်အခံများက ပစ်မှတ်ထားသည်မှာ ခြစားမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ခွင့်ပြုထားသည့် “စနစ်” ကိုသာဖြစ်ကြောင်း၊ ဤစနစ်အတွင်းထမ်းဆောင်နေကြရသူများမှာ မိမိတို့နှင့်အလားတူ သားကောင်များသာဖြစ်ကြောင်း၊ ဤသတင်းပေးများမှတဆင့် အသိပေးနိုင်ပါသည်။ ထို့အပြင် အစိုးရအနေဖြင့်၊ ၎င်း၏ထောက်လှမ်းရေးများထံမှ ရရှိလာသောသတင်းများထဲမှနေ၍၊ လှုပ်ရှားမှုအနေဖြင့် စစ်တပ်မှဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အရပ်ဖက် ဝန်ထမ်းယန္တယားများမှ လူပုဂ္ဂိုလ်များကို၊ အစိုးရသစ်ကို အသိအမှတ်ပြုပါက၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်ကို ကျမ်းသစ္စာကျိမ်ဆိုပါက၊ ဒီမိုကရေစီစနစ်သစ်တွင် ထည့်သွင်းပါဝင်စေမည်ဖြစ်ကြောင်း အသိပေးနိုင်ပါက ကောင်းပါသည်။ ထို့အပြင် ဤသတင်းပေးများ၏ အစီရင်ခံစာများမှတဆင့်၊ အစိုးရကိုယ်တိုင်က နှိပ်စက်ညှဉ်းပမ်းမှုကျူးလွန်ကြသူများ၏ စာရင်းများ၊ အကျည်းရုံးသုတ်သင်သတ်ဖြတ်မှုများ ရှိနေသေးကြောင်းကို သိရှိနိုင်ပါက ကောင်းပါသည်။ ဤထောက်လှမ်းရေးသတင်းပေးများသည်ပင်၊ ပို၍တိကျစွာ လူပုဂ္ဂိုလ်များ၊ အတိအကျပြစ်မှုကျူးလွန်မှုများ၊ အခြားရာဇဝတ်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရသည့်မှတ်တမ်းပါ ကာယကံရှင်များ၏ ဓါတ်ပုံများ၊ ကျမ်းကျိမ်ထားသော မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များ၊ အပါအဝင် အစိုးရက ကမကထပြုထားသော ဖိနှိပ်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကို ဆန့်ကျင်ကြသော စစ်ဖက်နှင့်ရဲဖက်ဝန်ထမ်းများစာရင်း၊ အပါအဝင် စသဖြင့်၊ ထောက်လှမ်းရေးအစီရင်ခံစာများ ပြုစုပေးပို့နိုင်ပါက ပို၍ကောင်းပါသည်။ အလားတူ၊ လှုပ်ရှားမှုအတွင်း ဝင်ရောက်နေကြသည့် အစိုးရထောက်လှမ်းရေးများက၊ အထက်ဖော်ပြပါ စုဆောင်းထားသော အချက်အလက်များ၏ မိတ္တူကို၊ မပျောက်မပျက်စေရန် နိုင်ငံရပ်ခြားတွင် သိမ်းဆည်းထားကြောင်း၊ သတင်းကို အထက်လူကြီးများထံ ဆက်လက်သိစေသင့်ပါသည်။

အကြမ်းမဖက်လှုပ်ရှားမှု၏ အချို့သောအစိတ်အပိုင်းများသည်၊ လျှို့ဝှက်ထားရန် မလိုအပ်ပါ။ လျှို့ဝှက်လုပ်ဆောင်ရန်လည်း မဖြစ်နိုင်ပါ။ အကြောင်းမှာ ဖိနှိပ်နေသော အာဏာရှင်အစိုးရတစ်ခုကို၊ တော်လှန်မည့် အတိုက်အခံလှုပ်ရှားမှုပေါ်ပေါက်လာမည် ဆိုသည်မှာ၊ အာဏာရှင်များအတွက် မျှော်လင့်မထားသော အံ့သြဖွယ်ကိစ္စမဟုတ်ပါ။ ထို့အပြင် အဖွဲ့အစည်းများစုပေါင်း၍ တော်လှန်ခုခံကြမည်ဆိုသည်မှာလည်း၊ အံ့သြဖွယ် မဟုတ်ပါ။ ပို၍သေချာသောအချက်မှာ မကြာသေးမီနှစ်များအတွင်း၊ အကြမ်းမဖက်လှုပ်ရှားမှုများ အောင်မြင်စွာဆင်နွှဲခဲ့ကြသည်ကို အာဏာရှင်အစိုးရများက သတိပြုမိနေနိုင်ပြီး၊ မည်သို့မည်ပုံ တိုက်ပွဲဆင်ခဲ့ကြသည်ကိုလည်း သိထားနိုင်ပါသည်။[၁၇] စစ်ဆင်ရေးဆိုင်ရာ အစီအမံများအတွက်၊ အချိန်နှင့်အမျှ အရေးကြီးသည်ဆိုသည်မှာလည်း၊ အမှန်ပင် ဖြစ်ပါသည်။ သို့အတွက်ကြောင့် စစ်ဆင်ရေးလှုပ်ရှားမှုတစ်ခုဆောင်ရွက်ပြီးသည်နှင့် တစ်ပြိုင်နက်၊ ၎င်း၏တန်ဖိုးသည်လည်း ယုတ်လျော့ကျဆင်းသွားပါတော့သည်။

အစီအစဉ်များနှင့် လှုပ်ရှားမှု၏ သဘောတရားကို အစိုးရကသိထားခြင်းအားဖြင့်၊ ဒီမိုကရေစီလှုပ်ရှားမှုအတွက် အားသာချက်များဖြစ်စေသည့်အကြိမ်များ ရှိခဲ့သည်ဆိုသော်လည်း၊ မိမိဆန့်ကျင်ဖက်အင်အားစု မသိရှိအောင်ထိန်းသိမ်းထားရမည့် အချို့သောလှုပ်ရှားမှုများ ရှိပါသေးသည်။ ယေဘုယျပြောရလျှင် လုံခြုံစွာထိန်းသိမ်းထားရမည့်သတင်းများမှာ၊ အဓိကကျသောခေါင်းဆောင်များ၏ တည်နေရာနှင့် လှုပ်ရှားမှုများ၊ အဖွဲ့အစည်းတစ်ခုထက်မက၊ ပို၍ပါဝင်သည့် အစီအစဉ်များတွင်ပါသည့် လှုပ်ရှားမှုဆိုင်ရာအချက်များကို အသေးစိတ်သိထားသူများ၊ သို့မဟုတ် အစိုးရကဖမ်းဆီးရမိပါက အသက်အန္တရာယ်စိုးရိမ်ရသူများ စသဖြင့် သတင်းများကို ထိန်းသိမ်းထားရပါမည်။ ဆားဗီးယားခုခံရေးလှုပ်ရှားမှု (OTPOR) သည်၊ ၎င်း၏အဖွဲ့ဝင်အများစု မသိရှိနိုင်သော ခေါင်းဆောင်မှုစနစ်ကို ဆောင်ရွက်ထားခဲ့ကြပါသည်။ ခေါင်းဆောင်မှုအဖွဲ့ဝင်များအနေဖြင့် အဖွဲ့အလိုက်တစ်စုတစ်စည်းတည်း တွေ့ဆုံလေ့မရှိပဲ၊ လိုအပ်သလို တစ်ဦးချင်းသာ ခေတ္တခဏတွေ့ဆုံကြပါသည်။

အကျယ်အပြန့်သော လှုပ်ရှားမှုကြီးနှင့် အစီအစဉ်ရေးဆွဲသောအဖွဲ့ကို ခွဲခြားထားသည့်၊ အခြားသောနည်းတစ်ခုမှာ၊ ရန်ကုန်ရှိ စစ်အစိုးရကို ဆန့်ကျင်လှုပ်ရှားနေသော၊ အတိုက်အခံအဖွဲ့များ၏ တပ်ပေါင်းစု၊ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) က သုံးသောနည်း ဖြစ်ပါသည်။ ၎င်းက နိုင်ငံရေးအံ့တုမှုကော်မတီ (ပီဒီစီ) ကို ဖွဲ့စည်းပေးလိုက်ပြီး၊ မဟာဗျူဟာမြောက် အကဲဖြတ်ချက်များ ပြုလုပ်ရန်၊ အစီအမံများ ပြင်ဆင်ရေးဆွဲရန်၊ အဖွဲ့ဝင်အုပ်စုများ၏ အကြမ်းမဖက်လှုပ်ရှားမှုများကို ချိတ်ဆက်ချိန်ညှိရန် တာဝန်ပေးခဲ့ပါသည်။ ဤအဖွဲ့က (အဲန်စီယူဘီ) ခေါင်းဆောင်ပိုင်းသို့ တိုက်ရိုက် အစီရင်ခံတင်ပြပါသည်။

[၁၇] See Peter Ackerman and Jack Duvall, *A Force More Powerful: A Century of Nonviolent Conflict*, (New York: Palgrave, 2000).

**သတင်းများကို စနစ်တကျစုစည်းထားခြင်း၏ တန်ဖိုး**

အတွေ့အကြုံများအရ၊ အချို့သောသတင်းအမျိုးအစားများမှာ စစ်ရေးခေါင်းဆောင်တပ်မှူးများအတွက် သင့်လျော်သော ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် အစဉ် လိုအပ်နေတတ်ပါသည်။ ဤသတင်းများစုဆောင်းထားရန်မှာ စစ်ရေးဦးစီး အရာရှိများ၏ တာဝန်ဖြစ်ပြီး၊ လိုအပ်ပါက အဆင်သင့်ရစေရပါမည်။ စေခိုင်းတာဝန်ပေးပါမှ ဤသတင်းအမျိုးအစားများကို စုဆောင်းမည့် အစား၊ သင့်လျော်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်၊ လိုအပ်မည့် သတင်းအချက်အလက်များကို ဦးစီးအရာရှိများက အစဉ် ရှာဖွေနေကြရပါမည်။ ထို့နောက် ဆန်းစစ်အကဲဖြတ်ပြီး၊ သတင်းများကို အမျိုးအစားအလိုက်ခွဲခြား၍ သင့်လျော်ရာအလိုက် ဖိုင်တွဲရပါမည်။ ထိုအခါ၊ ဗိုလ်ချုပ်ဖြစ်သူက ၎င်း၏စစ်အမိန့်ပေးဌာနချုပ်သို့ ရောက်လာပြီး၊ "ရန်သူ ဘာလုပ်နေသနည်း" ဟု မေးမြန်းသည့်အခါ၊ ဦးစီးအရာရှိဖြစ်သူက အချိန်နှင့်တစ်ပြေးညီ ဖြေဆိုနိုင်လိမ့်မည် ဖြစ်ပါသည်။ ထိုအခါ၊ ဗိုလ်ချုပ်ဖြစ်သူက သူ၏အစီအစဉ်အပေါ်၊ ဆန့်ကျင်ဖက်အင်အားစု၏ လှုပ်ရှားမှုများက သက်ရောက်မှုရှိနိုင်ချေများကို တွက်ချက်၍၊ သူ၏ ဦးတည်ချက်ပြည့်မြောက်စေရေးအတွက်၊ လုပ်ဆောင်သင့်သော နောက်ထပ်ထိုးစစ်များကို လက်ဦးမှုယူ လုပ်ဆောင်ကောင်း လုပ်ဆောင်နိုင်ပါသည်။

အကြမ်းမဖက်လှုပ်ရှားမှု စစ်ဆင်ရေးများအတွက်၊ အစီအစဉ်ချမှတ်သူများသည်၊ ရာစုနှစ်နှင့်ချီ၍ ကြွယ်ဝခဲ့ပြီဖြစ်သော၊ စစ်တပ်ဖွဲ့များ၏ အစီအစဉ်ချမှတ်ပုံနှင့် စစ်ဆင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပုံများကို ပစ်ပယ်ထားရန် မသင့်ပေ။ စစ်ရေးအရ အစီအစဉ်ရေးဆွဲချမှတ်ခြင်း၏ အဓိကကျသောအပိုင်းမှာ၊ စနစ်တကျ ချဉ်းကပ်မှုပင် ဖြစ်ပါသည်။ အခြေအနေကို မဟာဗျူဟာ မြောက်ခန့်မှန်းတွက်ချက်ခြင်း၊ မိမိလှုပ်ရှားမှု အစီအစဉ်ကို ရွေးချယ်ခြင်း၊ ဦးတည်ချက်သေချာ ချမှတ်ရွေးချယ်ခြင်း၊ စစ်ဆင်ရေး စီမံကိန်းများ ပြင်ဆင်ရေးဆွဲခြင်း၊ စသဖြင့် ပါဝင်ပါသည်။ ထို့အပြင် ပုံစံများနှင့် လိုက်နာလုပ်ဆောင်ရမည့် ပုံသေလုပ်ထုံးများကို လိုက်နာကျင့်ကြံ လုပ်ဆောင်ကြပါသည်။ သတင်းအချက်အလက်များကို အစီအစဉ်မှတ်တမ်းများ အသီးသီးတွင်၊ နေသား တကျထည့်သွင်းဖော်ပြကြပါသည်။

စစ်ဆင်ရေး အစီအစဉ်ပုံစံတွင်၊ စစ်ဆင်ရေးဆောင်ရွက်မည့် ဒေသအတွင်း ရန်ဖက်အင်အားစုတပ်ဖွဲ့များနှင့် မိတ်ဖက်အင်အားစု တပ်ဖွဲ့များ မည်သို့လုပ်ဆောင်နေကြသည်၊ စသဖြင့် အရေးကြီးသည့်အချက်အလက်များအပြင်၊ ဤအစီအစဉ်၏ ရည်ရွယ်ချက်၊ ရရှိနိုင်သော အရင်းအမြစ် စသဖြင့် ပါဝင်ပါသည်။ စစ်ဆင်ရေး အစီအစဉ်ပုံစံတစ်ခုကို ဆန်းစစ်လေ့လာခြင်းအားဖြင့်၊ သတင်းအချက်အလက်များကို၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်သူများအတွက် လိုအပ်သည့်အတိုင်းရစေရန်၊ မည်ကဲ့သို့ အကောင်းဆုံး စုစည်းမည်ကို သိရှိနိုင်ပါသည်။ အောက်တွင်ဖော်ပြထားသည့် အကြမ်းဖျဉ်းခေါင်းစဉ်များအရ၊ မည်သည့် အဆင့်တွင်မဆို၊ အကြမ်းမဖက်လှုပ်ရှားမှု အစီအစဉ်ရေးဆွဲခြင်းအတွက် သင့်လျော်သလို အသုံးပြုနိုင်ပါသည်။

**စစ်ဆင်ရေးအစီအစဉ်တစ်ခု ရေးဆွဲခြင်းအတွက် ပုံစံ**

**၁။ အခြေအနေ**

အောက်တွင်ဖော်ပြထားသော ခေါင်းစဉ်ခွဲများသည်၊ စစ်ဆင်ရေးစီမံဆောင်ရွက်မည့် ပစ်မှတ်ဝန်းကျင် အခြေအနေကို သိစေပါသည်။

***(က) မိတ်ဖက်အင်အားစုများ အခြေအနေ***

ဤအပိုဒ်ခွဲတွင်၊ ပစ်မှတ်ထားသော ဧရိယာအနီးတဝိုက်တွင် လှုပ်ရှားနေကြသော၊ မိတ်ဖက်အင်အားစုများ၏ လှုပ်ရှားမှုကိုဖော်ပြထားပါသည်။ ဤသတင်းများကို အကန့်အသတ်ဖြင့်သာဖေါ်ပြပြီး၊ သတ်မှတ်ထားသောရည်မှန်းချက် (Mission) အတွက်၊ သတ်မှတ်ထားသောလုပ်ငန်းတာဝန်များကို၊ အသေးစိတ် အစီအစဉ်များ ပြင်ဆင်ရေးဆွဲရာ၌၊ သင့်လျော်မည်ယူဆသော အချက်များကိုသာ ကန့်သတ်ဖော်ပြပါသည်။

***(ခ) ရန်သူ့အခြေအနေ***

အပိုဒ်တွင်၊ ရန်ဖက်အင်အားစုများ၏ လက်ငင်းကာလတွင်၊ ပစ်မှတ်ထားသော ဧရိယာအနီးတဝိုက်၌၊  လှုပ်ရှားဆောင်ရွက်နေမှုများကို ဖော်ပြပါသည်။

**၂။ ရည်မှန်းချက် (Mission)**

အတိအကျသတ်မှတ်ဖော်ပြထားချက်တစ်ခု ဖြစ်ပြီး၊ မည်သူက၊ မည်သည့်လုပ်ငန်းကို၊ မည်သည့်နေရာ၊ မည်သည့်အချိန်တွင်၊ မည်သည့်အကြောင်းပြချက်ဖြင့် စစ်ဆင်ရေးဆောင်ရွက်မည်ကို ဖော်ပြခြင်း ဖြစ်သည်။ ဤကိစ္စတွင် ရည်မှန်းချက်ပြည့်ဝစေရေး အတွက် ဆောင်ရွက်ရာတွင်၊ မည်သူက တာဝန်ခံမည်ယူသော မေးခွန်းမျိုး ရှိမနေစေသင့်ပေ။ အလားတူ စစ်ဆင်ရေးမည်သည့် အချိန်တွင် စတင်မည်၊ မည်သည့်ရည်မှန်းချက်များ ရရှိစေရန် သတ်မှတ်ထားသည်၊ ဤစစ်ဆင်ရေးဆောင်ရွက်ရန် မည်သည့် အတွက်ကြောင့် လိုအပ်သည်ဟူသော မေးခွန်းမျိုး မရှိနေစေရန်၊ ပြည့်စုံစေရမည်။

## ၃။ အကောင်အထည်ဖော်ဆောင်ရွက်မှု (Execution)

### *(က) စစ်ဆင်ရေး၏ အခြေခံသဘောတရား*

ဤအပိုဒ်ခွဲတွင်၊ အစီအစဉ်ရေးဆွဲသူက၊ စစ်ဆင်ရေးဆောင်ရွက်ရသည့်အချိန်မှစ၍၊ ပြီးဆုံးသည့်အချိန်အထိ မျှော်မြင်ထားချက် ကို ဖော်ပြစေရမည်။ စာဖတ်သူက၊ စစ်ဆင်ရေးနောက်ကွယ်တွင်ရှိနေသော "စဉ်းစားထားချက်" ကို မြင်စေရမည်။ ထို့အပြင် မျှော်လင့်ထားချက်များကို ပိုမိုရှင်းလင်းစွာဖော်ပြနိုင်ရန်၊ "အဆင့်များခွဲ၍" လည်း ဖော်ပြပါဝင်နိုင်သည်။

၁။ အဆင့်–၁။ ပြင်ဆင်မှု

ရည်မှန်းချက်ပြည့်ဝစေရန် ဆောင်ရွက်ရန်၊ တာဝန်ပေးခံရသည့်အဖွဲ့အစည်းက၊ ပြင်ဆင်ရမည့် လုပ်ငန်းများကို ဖော်ပြသည်။

၂။ အဆင့်–၂။

လှုပ်ရှားမှုဆောင်ရွက်ချိန်မှစ၍၊ ရည်မှန်းချက်ပြီးပြည့်စုံသည်အထိ မည်သို့ဖြစ်ပျက်မည်ကို ဖော်ပြသည်။

၃။ အဆင့်–၃။

ဖြစ်နိုင်ပါက၊ ဤအပိုဒ်ခွဲနှင့် အခြားစာပိုဒ်များတွင်၊ ရည်မှန်းချက်ကို အထောက်အကူဖြစ်စေရန်၊ အားဖြည့်ပေးနိုင် သည့် လတ်တလောလုပ်ငန်းများကို ဖော်ပြ၍၊ နောက်ထပ်ဆောင်ရွက်မည့် လှုပ်ရှားမှုများကိုလည်း ဖော်ပြနိုင်သည်။ ထို့အတွက်ကြောင့် အဖွဲ့အစည်းအနေဖြင့်၊ ရှေ့လှုပ်ရှားမှုရည်ရွယ်ချက်များကို ကြိုတင်၍ စဉ်းစားထားနိုင်သည်။

### *(ခ) လုပ်ငန်းတာဝန်များ။*

ဤအပိုဒ်ခွဲတွင်၊ ပါဝင်ဆောင်ရွက်ကြသော အဖွဲ့အစည်းတစ်ခုချင်းစီအတွက်၊ သတ်မှတ်ထားသော လုပ်ငန်းတာဝန်များကို ဖော်ပြသည်။

## ၄။ အုပ်ချုပ်မှုနှင့် ထောက်ပံ့ပေးမှု (Administration and Logistics)

ဤစာပိုဒ်တွင်၊ အုပ်ချုပ်မှုနှင့် ထောက်ပံ့ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဖော်ပြထားပြီး၊ စစ်ဆင်ရေးအတွက် အထောက်အပံ့ရရှိနိုင်မည့် နေရာများကို ဖော်ပြထားသည်။

## ၅။ အမိန့်စီးဆင်းမှုနှင့် အချက်ပြသင်္ကေတများ (Command and Signal)

အကယ်၍ ဤစစ်ဆင်ရေးအတွက်၊ အထူးဆက်သွယ်ရေးစနစ်ပုံစံနှင့် အစီရင်ခံရမည့် လိုအပ်ချက်များရှိပါက၊ ဤအချက်များကို စာပိုဒ်အတွင်း ဖော်ပြနိုင်သည်။ သို့မဟုတ်ပါက၊ အတိုချုပ် 'လက်ရှိစစ်ဆင်ရေးအတွက်လုပ်ထုံးများ' per SOP (Standing Operating Procedure) အဖြစ် ဖော်ပြနိုင်သည်။ အကြမ်းမဖက်လှုပ်ရှားမှုအတွက်မူ၊ ဤစာပိုဒ်ကို "ပူးပေါင်းဆောင်ရွက်ရေး နှင့် ဆက်သွယ်ရေးစနစ်"အဖြစ် ခေါ်ဆိုဖော်ပြပါက၊ ပို၍ သင့်လျော်မည် ဖြစ်သည်။ လှုပ်ရှားမှုအတွင်း ပါဝင်ဆောင်ရွက်ကြမည့် သူများ အချင်းချင်းဆက်သွယ်ရေးနှင့် ကဏ္ဍများအားလုံးကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိသည့်သူများကိုလည်း အသိအမှတ်ပြု ဖော်ပြရာ ရောက်စေသည်။

ဤပုံစံတွင်၊ ခန့်မှန်းယူဆချက်များအတွက်၊ စာပိုဒ်တစ်ပိုဒ် မပါဝင်ပေ။ အကယ်၍ မှတ်တမ်းသည်၊ အစီအစဉ် အထားအသို တကျဖြစ်ပြီဆိုပါက၊ အစီအစဉ်ရေးဆွဲရာတွင် ဆောင်ရွက်ခဲ့သော ခန့်မှန်းတွက်ချက်မှုအပိုဒ်ကို ပယ်ဖျက်၊ ဖြုတ်လိုက်နိုင်သည်။ (ဆိုလိုသည်မှာ၊ ဤကိစ္စကို အကောင်အထည်ဖော်ရန်၊ ဆုံးဖြတ်အမိန့်ပေးပြီးနောက်၊ ဖြန့်ဝေသောအချိန်တွင် ဖြစ်သည်။) ဤ အစီအစဉ်၏ နောက်ဆက်တွဲအဖြစ်၊ (ဥပမာ– ဝါဒဖြန့်ချိရေးအတွက် အထောက်အကူပြု နောက်ဆက်တွဲ) ကို၊ မှတ်တမ်း နောက်ဆုံးတွင်၊ ပူးတွဲဖော်ပြနိုင်သည်။ ဤအစီအစဉ်များနှင့် အမိန့်များကို ဖြန့်ဝေခြင်းသည်၊ ပြန်လည်ညှိနှိုင်းရသော အန္တ ရာယ်လည်း ရှိသည်။ အကြမ်းမဖက်လှုပ်ရှားမှုကို အစီအစဉ်ချမှတ်ရေးဆွဲထားသူက၊ ခန့်မှန်းတွက်ချက်ထားမှုများသည်၊ ဆန့်

ကျင်ဖက်အစိုးရအတွက်၊ အရေးကြီးသော ထောက်လှမ်းရေးသတင်းများ ဖြစ်စေနိုင်သည်။ ခန့်မှန်းတွက်ချက်မှုအဖြစ်သာ ဖော်ပြထားသောကြောင့်၊ မသိရှိသေးသောအချက်ဟု ယူဆ၍ ရသကဲ့သို့၊ ပို၍ အရေးကြီးသည်မှာ၊ အရေးကြီးသောအချက် အဖြစ်လည်း တွက်ချက်၍ ရနိုင်သည်။ ထို့အပြင် ခန့်မှန်းတွက်ချက်မှုများကို ဖော်ပြထားခြင်းအားဖြင့်၊ အစီအစဉ်ရေးဆွဲသူ၏ ဆန်းစစ်အကဲဖြတ်နိုင်မှု အရည်အသွေးကို ဖော်ပြရာရောက်စေသည်။ နောက်ဆက်တွဲများတွင်၊ လှုပ်ရှားမှု၏ စွမ်းဆောင်နိုင်ရည်နှင့်၊ ရည်ရွယ်ချက် အသေးစိတ်အချက်အလက်များ ပါဝင်နိုင်ပြီး၊ (ဝါဒဖြန့်ချိရေးဆိုင်ရာနှင့် ဆက်သွယ်ရေးစနစ်ဆိုင်ရာ နောက်ဆက်တွဲများလည်း ပါဝင်နိုင်သည်။) အတိုက်အခံဖက်က၊ ကြိုတင်သိရှိပါက၊ ပြင်ဆင်မှုလုပ်၍ လက်ဦးမှုရစေနိုင်သည်။ အစီအစဉ် (သို့မဟုတ်) အမိန့်ကို အကောင်အထည်မဖော်ရသေးမီ၊ မဖြစ်ပေါ်လာစေရေးအတွက် ချေဖျက်နိုင်သည်။

ဤသို့ စစ်ရေးပုံစံကို အခြေပြုထားသော ပုံစံသည်၊ အစီအစဉ်ရေးဆွဲရာတွင် အသုံးပြုနိုင်သော၊ တစ်ခုတည်းသော ပုံစံမဟုတ်ပါ။ ဤပုံစံကို ဆီလျော်အောင်ပြင်ဆင်ပြီး၊ အဖွဲ့အစည်းအားလုံးနှင့် အသုံးတည့်အောင် ပြင်ဆင်နိုင်ပါသည်။ သို့မဟုတ် အသစ်ပြုစုထုတ်လုပ်နိုင်ပါသည်။ သို့သော်လည်း ဤပုံစံတွင်၊ လှုပ်ရှားမှုအတွက်၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်စေရန်အတွက် ဆောင်ရွက်နေကြသော၊ အဖွဲ့အစည်းများအတွက် လိုအပ်သည့် အရေးကြီးသတင်းအချက်အလက်အားလုံး ပါဝင်စေရပါမည်။ ဤပုံစံများကို အသုံးပြုခြင်းအားဖြင့်၊ ပြည့်စုံသော အစီအစဉ်တစ်ရပ်ကို ချမှတ်ဖော်ထုတ်နိုင်ရုံ လမ်းညွှန်အဖြစ်သာ မကစေပဲ၊ အရေးကြီးသောအချက်များ မလစ်ဟာ မကျန်ရစ်စေရေးအတွက်လည်း၊ ကာကွယ်ပေးပါသည်။ ထို့မျှမက၊ ဤပုံစံများဖြင့် အကျွမ်းတဝင်ဖြစ်သွားပါက၊ စာဖတ်သူသည်၊ လိုသောအချက်အလက်အတွက် အစီအစဉ်၏ မည်သည့်နေရာကို ဖတ်ရမည်ကိုပါ သိရှိလာလိမ့်မည် ဖြစ်သည်။

**ထိန်းချုပ်ခြင်းနည်းလမ်းများ**

အဖွဲ့အများ၏ လှုပ်ရှားဆောင်ရွက်မှုများကို ပူးပေါင်းဆောင်ရွက်ရာ၌၊ အထောက်အကူဖြစ်စေရန်အတွက်၊ စစ်ဆင်ရေးကာလတွင် အစီအစဉ်ရေးဆွဲချမှတ်သူအတွက် ထိန်းချုပ်နိုင်ရန်၊ ရွေးချယ်စရာ နည်းလမ်းများ ရှိပါသည်။ ၎င်းတို့မှာ–

***၁။ အချိန်***

အကျယ်အပြန့်သော စစ်ဆင်ရေး၏ အစိတ်အပိုင်းတစ်ခုအနေဖြင့်၊ မည်သည့်အချိန်တွင် ဖြစ်ပျက်ရမည်၊ အခြားသတ်မှတ်ထားသော လှုပ်ရှားမှုများအတွက်၊ အခြားအဖွဲ့အစည်းများထံမှ အရင်းအမြစ်များကို မည်သို့ငှားယူသုံးစွဲရမည်၊ စသဖြင့်ကို ဖော်ပြပါသည်။ သို့အတွက်ကြောင့်၊ ဖြစ်ရပ်အတွက် အချိန်ကန့်သတ်ချက်ထားပေးပြီး၊ “––ထက် မစောစေပဲ” သို့မဟုတ် “––ထက်နောက်မကျစေပဲ”ဟူ၍ ဖော်ပြပါက၊ သင့်လျော်ပါသည်။ အကယ်၍ လူထုလှုပ်ရှားမှုကြီးဖြစ်ပေါ်စေရန်၊ စစ်ဆင်ရေး၏ တစိတ်တပိုင်းဖြစ်ပါက၊ “န–နာရီ” စသဖြင့် အတိအကျသတ်မှတ်ရန် အရေးကြီးပါလိမ့်မည်။ သို့မှသာ လှုပ်ရှားမှုများအားလုံး တစ်ပြေးညီချိန်ကိုက် ဖြစ်ပေါ်စေလိမ့်မည် ဖြစ်သည်။ အကယ်၍ လှုပ်ရှားမှုကို ရက်စက်ကြမ်းကြုတ်သော ရဲများ၊ စစ်တပ်များတင်းကျပ်စွာရှိနေသည့်ကြားထဲမှ၊ ဆောင်ရွက်ရမည်ဆိုပါက၊ ရဲများနှင့် စစ်တပ်များက တုံ့ပြန်လာမည့်အချိန်ကို တွက်ချက်၍ “လျှပ်ပြက်သကဲ့သို့” (ပစ်–ပြေးပြောက်ကျား) ဆန္ဒပြပွဲမျိုး စီစဉ်နိုင်ပါသည်။ ဤအခြေအနေမျိုးတွင်၊ ရည်မှန်းချက်ပြည့်မြောက်စေရန် ဆန္ဒပြပွဲများကို မိနစ်အနည်းငယ်အတွင်းဖြစ်အောင် စီစဉ်ကြရမည် ဖြစ်ပါသည်။

***၂။ နယ်နိမိတ်များ***

မဟာဗျူဟာအရ၊ စစ်ဆင်ရေးလှုပ်ရှားမှုများကို နေရာအနှံ့အပြားတွင် ခေါ်နိုင်ပါသည်။ ဤအခြေအနေမျိုးတွင် လှုပ်ရှားမှုများကို ခွဲခြားထားရန် အရေးကြီးပါသည်။ ဥပမာအားဖြင့်– သတင်းအချက်အလက်များကို ဆန်းစစ်အကဲဖြတ်ချက်အရ၊ ခရိုင်တစ်ခုတွင်ရှိသော အာဏာ၏ထောက်တိုင်များကို အကျပ်ကိုင်တိုက်တွန်းခြင်းထက်၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းက ပို၍ကောင်းသည်ဆိုပါက၊ အချို့သောလှုပ်ရှားမှုများကို မဆောင်ရွက်ရန် ကန့်သတ်အမိန့်လိုအပ်ကောင်း လိုအပ်ပါလိမ့်မည်။ ထိုအာဏာ၏ထောက်တိုင်အပေါ် သီးသန့်ပစ်မှတ်ထားဆောင်ရွက်သော လှုပ်ရှားမှုများကိုသာ ရွေးချယ်လုပ်ဆောင်စေရပါမည်။

***၃။ ပူးပေါင်းဆောင်ရွက်ရေးဆုံချက်***

နီးစပ်ရာ ဒေသတစ်ခုအတွင်း၊ ပူးပေါင်းဆောင်ရွက်လုပ်ရမည့် လုပ်ငန်းတစ်ခုအတွက်၊ အဖွဲ့အစည်းများစွာ တည်ရှိနေပါက၊ ဆက်သွယ်ကြရမည့်၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် သတင်းဖလှယ်ရေးဆောင်ရွက်ကြရမည့် နေရာတစ်ခု သတ်သတ်မှတ်မှတ် ရှိသင့်ပါသည်။

၄။ အခြားအချက်များ

အခြားထိန်းချုပ်နိုင်သော နည်းနာများကိုလည်း စဉ်းစားထားသင့်ပါသည်။ ဥပမာ၊ (ဖြစ်ရပ်တစ်ခု မစတင်မီ) လူစုဝေးရမည့် နေရာ၊ (အကယ်၍ ဆန္ဒပြနေသောနေရာမှ ရုပ်ချည်းလူစုခွဲကြရမည်ဆိုပါက) ပြန်ဆုံရပ် စသည်ဖြင့်ကို သတ်မှတ်ထားရပါမည်။ မည်သို့သော ကိစ္စမျိုးတွင်မဆို၊ တစ်ခု သို့မဟုတ် ပိုများသောထိန်းချုပ်ရေးနည်းနာများ ချမှတ်ကျင့်သုံးခြင်းဖြင့်၊ စီစဉ်ထားသော ဖြစ်ရပ်မှ ရရှိလာမည့်ရလာဒ်အပေါ်၊ ထိန်းချုပ်နိုင်ပြီး၊ ဆုံးရှုံးရမည့် အရေးကိုတားဆီးနိုင်စေပါသည်။ အကယ်၍ ထိန်းချုပ်မှုဆုံးရှုံး ရပါက၊ ရည်မှန်းချက် ပြည့်မြောက်အောင် အကောင်အထည်ဖော်နိုင်တော့မည် မဟုတ်ပါ။ ထိခိုက်ဒဏ်ရာရမှုလည်း ပို၍များ လာနိုင်ပါသည်။ ပူးပေါင်းပါဝင်ကြသူများ အကြားတွင်လည်း ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

## အာဏာ၏ ထောက်တိုင်များကို ဆွဲပါ၊ မတွန်းထုတ်ပါနှင့်။

မဟာဗျူဟာမြောက် အစီအစဉ်ရေးဆွဲခြင်းတွင်၊ အာဏာရှင်အစိုးရ၏ အာဏာထောက်တိုင်ဖြစ်နေသော၊ အဓိကကျသည့် အရာရှိများ၏ ဆွေမျိုးများ၊ မိတ်ဆွေများကို၊ ဒီမိုကရေစီအင်အားစု အတိုက်အခံဖက်သို့ စည်းရုံးသိမ်းသွင်းရန် ကြိုးပမ်းမှုလည်း ပါဝင်ပါသည်။ သို့အတွက်ကြောင့်၊ အဓိကကျသော အာဏာ၏ထောက်တိုင်များကို အတိုက်အခံဖက်သို့ ဆွဲဆောင်သိမ်းသွင်း ရေးကို အလေးပေးဆောင်ရွက်ရန် အရေးကြီးပါသည်။ ထိုသူများကို စစ်အစိုးရ၏ အာဏာဖွဲ့စည်းပုံ အတွင်းပိုင်းနက်နက်သို့ ရောက်သွားစေအောင်၊ မတွန်းထုတ်သင့်ပါ။ (ပုံ–၄။ အာဏာ၏ထောက်တိုင်များကို တွန်းခြင်းနှင့် ဆွဲခြင်းကို ကြည့်ပါ။) အာဏာရှင်များအနေဖြင့်၊ ဆက်လက်သစ္စာခံနေသေးသောသူများကို၊ ဖမ်းဆီးထိန်းသိမ်းမည်လော၊ သူတို့ကိုယ်တိုင်၏ မိသားစုဝင် များကို ခြိမ်းခြောက်၊ နှောင့်ယှက်မည်လောဟု မေးခွန်းဖြင့် အကျပ်ရိုက်စေနိုင်ပါသည်။ အလားတူ အဓိကရုံးနှိမ်နင်းရေးတပ်ဖွဲ့ တစ်ခု၏ တပ်မှူးကလည်း၊ သူ၏ ချစ်သား၊ သမီးများက ဆန္ဒပြသူများ၏ရှေ့တန်းကပါဝင်နေပါက၊ နံပါတ်တုတ်များ၊ ဘက်နက် များဖြင့် တိုက်ခိုက်ရန် စေလွှတ်မည်လော၊ လူမူးဝေအော့အံ့စေသည့် ဓါတ်ငွေ့ဗုံးများ ပစ်သွင်းမည်လောဟု စဉ်းစားစရာဖြစ်လာ စေပါသည်။ ကျိုးကြောင်းဆီလျော်မှုအရ စဉ်းစားရလျှင်၊ ဤတပ်မှူးကို သူထက်အတွေ့အကြုံနုနယ်သူ တပ်မှူးဖြင့် အစားထိုး ခံရဖွယ် ရှိပါသည်။ ဆက်၍ စဉ်းစားလျှင် ပို၍အတွေ့အကြုံနုနယ်သော တပ်မှူးသည်လည်း၊ ဒီမိုကရေစီအတိုက်အခံများ၏ နောက်ထပ် စည်းရုံးရေးပစ်မှတ် ဖြစ်လာပါလိမ့်ဦးမည်။ အကယ်၍ အာဏာ၏ထောက်တိုင်များ တစ်ခုပြီးတစ်ခု ဖြည်းဖြည်း ချင်းတိုက်စားခံနေရပါက၊ အာဏာရှင်အစိုးရအဖို့ အခက်အခဲများ တစ်ခုပြီးတစ်ခု၊ အတောမသတ်နိုင်တွေ့နေရလိမ့်မည် ဖြစ်သည်။

## လုပ်ဆောင်နိုင်စွမ်းနှင့် ဆန္ဒ ကွာဟမှု

မဟာဗျူဟာမြောက် အစီအစဉ်ရေးဆွဲရာတွင်၊ နောက်ထပ် ထည့်သွင်းစဉ်းစားရမည့်အချက်တစ်ခုမှာ၊ လုပ်ဆောင်နိုင်စွမ်းနှင့် လုပ်ဆောင်လိုမှု (ဆန္ဒ) ကွာဟချက်ပင် ဖြစ်သည်။ အတိုက်အခံအင်အားစုများက လုပ်ဆောင်နိုင်စွမ်းမှာ ဦးဖွဆိုသလို ချက် ချင်းပြောင်းလဲသွားလိမ့်မည် မဟုတ်ပေ။ တနည်းဆိုရသော်၊ လုပ်ဆောင်လိုမှု (ဆန္ဒ) က၊ အလျင်အမြန် ပြောင်းလဲနေနိုင်သည်။ အစီအစဉ်ရေးဆွဲရာ၌၊ ထို့ကြောင့်၊ လုပ်ဆောင်နိုင်စွမ်းကိုသာ အခြေပြုရမည် ဖြစ်သည်။ ပြောင်းလဲနေသောဆန္ဒကိုသာ လိုက်၍ ပြင်ဆင်ညှိနှိုင်းရန် လိုအပ်သည်။ အကယ်၍ လုပ်ဆောင်နိုင်စွမ်းအပေါ်တွင်သာ အာရုံပြု၊ အလေးထားပါက၊ ဆန့်ကျင်ဖက်အင် အားစုများ၏ ပြောင်းလဲနေရာချလာပုံများ၊ ဖွဲ့စည်းလာပုံများကို အံ့သြဖွယ်တွေ့ကြရမည် ဖြစ်သော်လည်း၊ မိမိထိတ်လန့်သွေး ပျက်စေလောက်အောင် အံ့သြတုန်လှုပ်စေမည် မဟုတ်ပါ။ မဟာဗျူဟာ ပြင်ဆင်ချမှတ်သူအတွက်၊ မဟာဗျူဟာခန့်မှန်းတွက် ချက်မှုများဖြင့် ရန်သူကတုန့်ပြန်လာနိုင်သည့် လုပ်ဆောင်နိုင်စွမ်းများကို တွက်ချက်ခန့်မှန်းထားပြီး ဖြစ်ပါသည်။

## ဆန့်ကျင်ဖက်အင်အားစုကို အကျဉ်းအကျပ်အတွင်းကျစေရန် ဖန်တီးခြင်း

ပါးနပ်ကျွမ်းကျင်စွာ၊ စဉ်းစားချမှတ်ထားသော မဟာဗျူဟာတစ်ခုသည်၊ အာဏာရှင်အစိုးရများက ဒီမိုကရေစီလှုပ်ရှားမှုများကို မည်သို့ တုံ့ပြန်စေကာမူ၊ လူသစ်အင်အားသိမ်းသွင်းစုစည်းနိုင်သော အခွင့်အလမ်းများ ဖန်တီးနိုင်ကြပါသည်။ အကယ်၍ အာဏာရှင်အစိုးရက ဆန္ဒပြသူများကို ချေမှုန်းပါက၊ ၎င်းအနေဖြင့် လူထုနှင့် ထပ်မံကင်းကွာစေမည် ဖြစ်ပါသည်။ ထိုအခါ စည်းရုံး ရန် အခွင့်အလမ်း ပို၍လွယ်ကူစေပါမည်။ အကယ်၍ လှုပ်ရှားမှု၏ တောင်းဆိုချက်၊ မေတ္တာရပ်ခံချက်များကို အစိုးရက လိုက် လျောလာပါကလည်း၊ မည်သည့်အကြောင်းအချက်ကြောင့်ပင်ဖြစ်စေ၊ ဤသို့လိုက်လျောပြေလည်ရန် ဆောင်ရွက်လာမှုကို ‘အောင်ပွဲ’အဖြစ် ကြေငြာနိုင်ပါသည်။ လှုပ်ရှားမှုအနေဖြင့် အစိုးရက ပြည်သူများ၏ဆန္ဒအတိုင်းလိုက်လျောလာစေလောက် အောင်၊ မိမိတို့၏ အင်အားတိုးတက်လာမှုကို ပြနိုင်ပြီး၊ နောက်ထပ် လူသစ်သိမ်းသွင်းစုဆောင်းရန်အတွက် အခွင့်အလမ်းကို ပိုတိုးလာစေပါသည်။ အစီအစဉ်ချမှတ်သူများအနေဖြင့်၊ အစိုးရကို “ရှေ့တိုးလည်းထမ်းပိုး၊ နောက်ဆုတ်လည်း လှည်းတုတ်” အသွင်ကျစေမည့်၊ နိုင်ငံရေးအကျပ်အတည်းထဲသို့ ပို့နိုင်မည့်အခွင့်အရေး၊ ရလာဒ်အားဖြင့် မျက်နှာသာမရစေမည့် အခွင့်

အလမ်းကို အမြဲရှာကြံနေသင့်ပါသည်။ အစီအစဉ်ချမှတ်သူများက လူထုများ ခိုင်မာစွာယုံကြည်ထားချက်များကို ရှာဖွေဖော်ထုတ်သင့်ပြီး၊ မိမိ၏ ဆန့်ကျင်ဖက်အင်အားစုက ဤယုံကြည်မှုများကို ဆန့်ကျင်တိုက်ခိုက်လာမည့် လုပ်ရပ်များကို ကြံဆလှုံ့ဆော်ပေးရပါမည်။ လူအများစုဝေးမှုကို တားမြစ်သည့်၊ နေဝင်မီးငြိမ်းအမိန့်များနှင့် ချုပ်ချယ်ကန့်သတ်မှုများသည်၊ ဥပမာဆိုရလျှင်၊ ဘာသာရေးနှင့် ဓလေ့ထုံးတမ်း အခမ်းအနားများ၊ ပွဲလမ်းများကို အနှောင့်အယှက်ဖြစ်စေပါသည်။

အကျော်ကြားဆုံး 'အကျပ်အတည်းအတွင်းသို့ တွန်းပို့သည့်လှုပ်ရှားမှု'မှာ၊ (၁၉၃၀) ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုအတွင်း၊ မိုဟန်ဒတ်စ် ဂန္ဒီက ဦးဆောင်ခဲ့ သော၊ ဆားချက်ရန် ချီတက်ပွဲ ဖြစ်ပါသည်။ ဂန္ဒီက အိန္ဒိယနိုင်ငံ၏ လူတန်းစာပေါင်းစုံ၊ ဇာတ်စနစ်အလွှာပေါင်းစုံ စိတ်ဝင်စားလိုက်ပါနိုင်သော ပြဿနာကိုရွေးချယ်ခဲ့ပြီး၊ ဗြိတိသျှ ကိုလိုနီအစိုးရအနေဖြင့် ၎င်းကိုဖမ်းချုပ်မည်လော၊ 'အိန္ဒိယတစ်နိုင်ငံလုံးကို မီးဟုံးဟုံးတောက်သွားစေနိုင်သည့် လှုပ်ရှားမှု'ကို ခွင့်ပြုမည်လော၊ အကယ်၍ သူ့ကို (ဂန္ဒီကို) မဖမ်းဆီးပါက၊ ဤမီးပင်လယ်အပေါ်မှ မြက္ခုန်းသာယာအဖြစ် ခွင့်ပြုမည်လော၊ ဟု တစ်ခုခုရွေးချယ်ရတော့မည့် အခြေအနေဆိုက်စေခဲ့ပါသည်။[၁၅]

လွန်ခဲ့သောနှစ်တစ်ရာကျော်တွင်၊ ဗြိတိသျှအစိုးရက ဆားချက်ခွင့်ကို နိုင်ငံတော်လက်ဝါးကြီးအုပ်စနစ်ဖြင့် ချုပ်ကိုင်ထားခဲ့ပါသည်။ သို့သော်ဆားမှာ၊ အဟာရအတွက် လိုအပ်ချက်တစ်ခုဖြစ်သည်နှင့်အညီ၊ လူတိုင်းက အစိုးရထုတ်လုပ်ထားသော ဆားကို ဝယ်ယူသုံးစွဲကြရပါသည်။ ဤသို့ဆားထုတ်ရန်မှာ မည်သည့်ကျွမ်းကျင်မှုမျှ မလိုအပ်ပါ။ (ပင်လယ်ရေများကို လှောင်ထား၊ အငွေ့ပျံစေ၊ ထို့နောက် ကျန်နေသောဆားချိုးများ ကောက်ရန်သာ ဖြစ်ပါသည်။) အကယ်၍ လူအများက အမိန့်ကိုမနာခံပဲ၊ ကိုယ်တိုင်ဆားချက်ယူ သုံးစွဲကြပါက၊ လက်ဝါးကြီးအုပ်ထားသော ဥပဒေကျိုးတော့မည် ဖြစ်ပါသည်။ အကယ်၍ ဂန္ဒီကဆားချက်မည့်ကိစ္စကို မနှောင့်ယှက်၊ အရေးမယူပဲ ထားပါက၊ ဖြစ်လာမည့်အကျိုးဆက် နောက်ဆက်တွဲကိစ္စများကိုလည်း အစိုးရက ကောင်းစွာ သတိချပ်ပြီး ဖြစ်ပါသည်။ အကယ်၍ အစိုးရက အရေးယူရန်ပျက်ကွက်ပါက၊ (နောက်ဆုံး လက်ဝါးကြီးအုပ်မှုကျိုးပျက်စေအောင်၊ ဆားချက်သည့်လုပ်ငန်းကို ဆောင်ရွက်ပြီးနောက်၊ သူ့ကို ရက်သတ္တပတ်ပေါင်းအချို့ဖမ်းဆီးထိန်းသိမ်းထားခဲ့ပါသည်။) လူအများက မနာခံအာဏာဖီဆန်မှုသည်၊ ပိုမိုခိုင်မာအားကောင်းလာပြီး၊ အစိုးရ၏အာဏာအရင်းမြစ်များကို ဖြိုချစေနိုင်သည်အထိ၊ အကြမ်းမဖက်လက်နက်ကောင်းတစ်ခုအဖြစ် ထိရောက်စွာအသုံးပြုနိုင်ကြောင်း၊ အထင်အရှားပြသခဲ့ပါသည်။[၁၆]

## အကျဉ်းချုပ်

မဟာဗျူဟာမြောက် အစီအစဉ်ရေးဆွဲခြင်းသည်၊ မူဝါဒဆိုင်ရာ ဦးတည်ချက်များမှလာသော၊ ရှင်းလင်းပြတ်သားသည့် ရည်မှန်းချက်ဖြင့် စတင်ပါသည်။ အကျယ်ချဲ့ပြန့်သောအတိုင်းအတာအရ၊ ၎င်း၏ထိရောက်မှုများသည် ၎င်းအစီအစဉ်၏ အတွင်းသဘောအရ ရှင်းလင်းစွာ ရေးသားထားမှု၊ လုပ်ဆောင်နိုင်စွမ်းနှင့်အညီသာ ချမှတ်ထားသော ရည်မှန်းချက်ကို ထားခြင်း၊ အသေးစိတ်အချက်များကိုပင် အလေးပေးခြင်း၊ ဆန့်ကျင်ဖက် ရန်သူက တုံ့ပြန်လာနိုင်ချေကို တွက်ဆထားခြင်း စသည်တို့အပေါ်၌ မူတည်ပါသည်။ သတင်းအချက်အလက်များကို စနစ်တကျစုစည်းခြင်းဟူသောပုံစံဖြင့်၊ စနစ်တကျချည်းကပ်ခြင်းအားဖြင့်၊ ဤအစီအစဉ်များကို အကောင်းဆုံးရလာဒ်ပေါ်ထွက်စေရန် အသုံးပြုနိုင်ပါသည်။

---

[၁၅] *Ibid.*, 88.

[၁၆] ဂန္ဒီ၏ မဟာဗျူဟာသို့ချဉ်းကပ်ပုံကို အသေးစိတ်လေ့လာလိုပါက၊ Gene Sharp, *Gandhi as a Political Strategist*, (Boston: Porter Sargent Publishers, 1979). ကိုကြည့်ပါ။

## အခန်း (၈)
# စိတ်ဓါတ်စစ်ဆင်ရေး

**"ကလောင်သွားသည်၊ ဓါးသွားထက် ထက်သည်။"**

အက်ဒဝပ် ဂျော့ချ်၊ အားလ် လစ်တွန် ဘော်လ်ဝါ လစ်တွန် (၁၈၀၃–၁၈၇၃)

(Edward George Earl Lytton Bulwer-Lytton, 1803-1873)

စိတ်ဓါတ်စစ်ဆင်ရေး (Psychological operations) (PSYOPS) သည်၊ မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှု၏ အရေးပါသော အစိတ်အပိုင်းဖြစ်သည်။ [၁၇] ၎င်း၏ ရည်ရွယ်ချက်မှာ ပစ်မှတ်ထားသော ပုရိသတ်အများ၏ အမူအကျင့်များ၊ ခံယူချက်များကို ဩဇာလွှမ်းမိုးစေရန်ဖြစ်ပြီး၊ ဝါဒဖြန့်ချိရေးနည်းလမ်းများမှ တဆင့်ဆောင်ရွက်ရန် ဖြစ်သည်။ စိတ်ဓါတ်စစ်ဆင်ရေးလုပ်ငန်းများ၏ ထိရောက်မှုများကို အချိန်နှင့်အမျှ အကြိမ်ကြိမ်တွေ့ရှိခဲ့ကြရပြီး၊ စစ်ဆင်ရေးလုပ်ငန်းများတွင်သော်လည်းကောင်း၊ အကြမ်းမဖက်လှုပ်ရှားမှုများတွင်သော်လည်းကောင်း၊ ထိရောက်ပါသည်။ ရန်သူကို အားပျော့ချိနဲ့သွားစေရန်၊ သွေးကွဲစေရန်၊ ကြားနေသွားစေရန်၊ ရန်သူ၏ အာဏာထောက်တိုင်များပြိုလဲသွားစေရန်အတွက်၊ လက်နက်ကောင်းတစ်ခု ဖြစ်ကြောင်း တွေ့ခဲ့ကြရပါသည်။ ထို့အပြင် အတိုက်အခံအင်အားစုများအနေဖြင့် လူသစ်စုဆောင်းရေးကြိုးပမ်းမှုများတွင်လည်း၊ အထောက်အကူပြုပေးနိုင်ပါသည်။ ဤအခန်း၏ ရည်ရွယ်ချက်မှာ၊ ဝါဒဖြန့်ချိရေးတွင်ပါဝင်သော ကဏ္ဍများနှင့် အသုံးချပုံကို ချဉ်းကပ်လေ့လာနိုင်ရန် ဖြစ်ပါသည်။ [၁၈]

ဝါဒဖြန့်ချိရေးဟူသော ဝေါဟာရမှာ၊ လွန်ခဲ့သည့်နှစ်များအတွင်း၊ ငြင်းပယ်စရာ လက်မခံနိုင်ကြသည့်စကားရပ်အဖြစ် မြင်လာခဲ့ကြပါသည်။ အကြောင်းမှာ အာဏာရှင်အစိုးရများက ဝါဒဖြန့်ချိရေးကို အောင်မြင်စွာအသုံးပြုနိုင်ခဲ့ကြသောကြောင့် ဖြစ်ပါသည်။ အနောက်တိုင်းနိုင်ငံများတွင်၊ ယခုအခါ ဤဝါဒဖြန့်ချိရေးကိုပင်၊ ပို၍ ငြင်သာယဉ်ကျေးသောအသုံးဖြင့် ခေါ်ဆိုလာခဲ့ကြပါသည်။ ဥပမာ၊ "သတင်းနှင့် ပညာပေးရေး"၊ "သတင်းမီဒီယာ ဆက်ဆံရေး"၊ "သတင်းကိုကျွမ်းကျင်စွာ လှည့်ယူသုံးခြင်း" (spin doctoring)၊ "ဈေးကွက်တင်ခြင်း" (marketing) စသဖြင့် ခေါ်ဆိုလာကြပါသည်။ မည်သို့ပင် လှည့်ဖျားတံဆိပ်ကပ်ထားသည်ဖြစ်စေ၊ အခြားသူများ၏ အမူအကျင့်များနှင့် ခံယူချက်များကိုဩဇာလွှမ်းမိုးစေရန် ကြိုးပမ်းအားထုတ်ပါက၊ ၎င်းတို့သည် ဝါဒဖြန့်ချိရေးများချည်းသာ ဖြစ်ပါသည်။ [၁၉] သို့သော် ဝါဒဖြန့်ချိရေးကို၊ နိုင်ငံရေးရည်ရွယ်ချက်အတွက် သုံးခြင်းမှာ ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် မကိုက်ညီ မလျော်ကန်သောကိစ္စမဟုတ်သကဲ့သို့၊ ဆိုးရွားသောမိစ္ဆာလုပ်ရပ်လည်း မဟုတ်ပါ။ ဆေးရွက်ကြီးနှင့်၊ ဆပ်ပြာများကို ကြော်ငြာရောင်းချသလောက်ပင်၊ ဆိုးရွားမှုတိုင်းတာ၍ ရနိုင်ပါသည်။ ဝါဒဖြန့်ချိရေးဆိုသည်မှာ၊ အမတ်များ

---

[၁၇] မြောက်အတ္တလန်တိတ်စာချုပ်အဖွဲ့ (နေတိုး) က၊ စိတ်ဓါတ်စစ်ဆင်ရေးကို၊ အဓိပ္ပါယ်ဖွင့်ဆိုဖော်ပြရာ၌၊ "ရန်သူ၊ မိတ်ဆွေများနှင့် ကြားပုရိသတ်များကို ဦးတည်ရည်ရွယ်၍၊ စစ်အချိန်၌ ဖြစ် စေ၊ ငြိမ်းချမ်းနေသည့်အချိန်၌ ဖြစ်စေ၊ ဆောင်ရွက်သည့် အစီအစဉ်ရှိရှိဆောင်ရွက်သော စိတ်ဓါတ်ပိုင်းဆိုင်ရာလုပ်ငန်းများဖြစ်သည်။ ဤလုပ်ငန်းများကို စစ်ရေးနှင့် နိုင်ငံရေးရည်မှန်းချက်များ ပြည့်မြောက်စေရေးအတွက်၊ လူတို့၏ အမူအကျင့်များနှင့် ခံယူထားမှုများကို ဩဇာလွှမ်းမိုးသက်ရောက်စေရန်၊ ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။ ၎င်းလုပ်ငန်းများတွင် မဟာဗျူဟာမြောက် စိတ်ဓါတ်ရေးရာလုပ်ငန်းများ၊ စိတ်ဓါတ်စစ်ဆင်ရေးလှုပ်ရှားမှုများကို စုစည်းစေခြင်းနှင့် စစ်မြေပြင် စိတ်ဓါတ်စစ်ဆင်ရေးလုပ်ငန်းများ ပါဝင်သည်။ " အမေရိကန်ပြည်ထောင်စု၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရမူ၊ "နိုင်ငံရပ်ခြား ပုရိသတ်များသို့သာ" ဟု ကန့်သတ်ထားသည်။ (JCS Pub 1. 1987.)

[၁၈] ဝါဒဖြန့်ချိရေးနှင့် ပတ်သက်၍ ပိုမိုလေ့လာသိရှိလိုပါက၊ အောက်ပါစာအုပ်စာတမ်းများသည် အထူး အသုံးဝင်နိုင်ပါသည်။ Jacques Ellul, *Propaganda: The Formation of Men's Attitudes.* New York: Alfred A. Knopf, 1965; Department of the Army Field Manual 33-5. *Psychological Operations.* 1962; Frederick Irion, *Public Opinion and Propaganda.* New York: Thomas Crowell Company, 1950; Anthony Pratkanis and Elliot Aronson. *The Age of Propaganda: The Everyday Use and Abuses of Persuasion.* New York: W. H. Freeman and Company, 2001; Noam Chomsky and David Barsamian. *Propaganda and the Public Mind.* Cambridge, MA: South End Press, 2001.

[၁၉] သူ၏ "ဝါဒဖြန့်ချိရေး၊ လူများ၏ ခံယူချက်များကို ပြုလုပ်ခြင်း" *Propaganda: The Formation of Men's Attitudes* စာအုပ်နိဒါန်းတွင်၊ ဂျက်အဲလားက၊ ဝါဒဖြန့်ချိရေးနှင့်ပတ်သက်သောအဓိပ္ပါယ်ဖွင့်ဆိုချက်အမျိုးမျိုးကို လေ့လာဆန်းစစ်ခဲ့ပြီး၊ အားလုံးသည် မပြည့်စုံ၊ သို့မဟုတ် သူက ဖော်ပြသော 'လူမှုရေးသွင်ပြင်လက္ခဏာ'တစ်ခုအတွက်၊ တိကျစွာ ထင်ဟပ်နိုင်ခြင်းမရှိ၊ ဝေ့လည်ကြောင်ပတ်နိုင်လွန်းသည်ဟု ဆိုခဲ့ပါသည်။ မိမိအနေဖြင့် အဲလားက ကိုးကားခဲ့သော၊ ပိုမိုကျယ်ပြန့်သည့် အဓိပ္ပါယ်ကိုသာ ယူပါသည်။ ဝါဒဖြန့်ချိရေးဆိုင်ရာလေ့လာဆန်းစစ်ရေး အင်စတီကျု (Institute for Propaganda Analysis) ကဖွင့်ဆိုထားသည့်အဓိပ္ပါယ် ဖြစ်ပါသည်။ "ဝါဒဖြန့်ချိရေးဆိုသည်မှာ တစ်သီးပုဂ္ဂလများ၊ သို့မဟုတ် အုပ်စုများက၊ အခြားသောသူများ၊ အုပ်စုများ၏ ထင်မြင်ယူဆချက်များ၊ လှုပ်ရှားမှုများကို ဩဇာလွှမ်းမိုးသက်ရောက်မှု ရှိစေရန်၊ ကြိုတင်ရည်ရွယ်ထားသောရလာဒ်ရရှိအောင်၊ စိတ်ပိုင်းဆိုင်ရာ အသုံးချမှုကို လုပ်ဆောင်၍၊ ထင်မြင်ယူဆချက်များထုတ်ဖော်ခြင်း၊ လှုပ်ရှားမှုများ ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ "

ကို စည်းရုံးတိုက်တွန်းကြသည့်လုပ်ငန်းဖြင့် ကျွမ်းကျင်အသက်မွေးသူများ (lobbyists) ၏ ကုန်လှောင်၊ ကုန်ရောင်းလုပ်ငန်း တစ်မျိုးမျှသာဖြစ်ပါသည်။ မိမိဖောက်သည်များ၏ အကျိုးစီးပွါးအတွက် ကမ္ဘာတလွှားတွင် ဆုံးဖြတ်ချက်ချရသူ၊ ဥပဒေပြုသူ များနှင့် အုပ်ချုပ်ရေးအာဏာပိုင်များအကြား ဝဲပုံကူးသန်းစည်းရုံးနေကြသည့် လုပ်ငန်းမျိုးမျှသာ ဖြစ်ပါသည်။

ဝါဒဖြန့်ချိရေး၏ ပိုမိုကျယ်ပြန့်သောအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အမှီ (လူအများ၏ ခံယူချက်များနှင့် အမူအကျင့်များကိုသြဇာလွှမ်း မိုးစေခြင်း) ဟူသောအဓိပ္ပါယ်ကို၊ သမ္မာကျမ်းစာ၊ တိုရာကျမ်းနှင့် ကိုရန်ကျမ်းများတွင် တွေ့ရပါသည်။ ထို့အပြင် အစိုးရကိုမည် သို့ဖွဲ့စည်းရမည်ဟု ဆွေးနွေးထားသော ဖက်ဒရယ်ဖက်သာစာတမ်းများ (Federalist Papers) နှင့် ပို၍အဆိုးမြင်အစွဲပြည့် နေသော စာတမ်းများဟုခေါ်နိုင်သည့်၊ သိမြင်နားလည်သော ဇီယွန်အစ်ကိုတော်များ၏ ကျင့်ထုံး (The Protocols of the Learned Elders of Zion) ဟူသောစာအုပ်တို့တွင်လည်း ဝါဒဖြန့်ချိရေးကိစ္စများကို မြင်တွေ့ကြရမည် ဖြစ်ပါသည်။ ထို့မျှ မက၊ လူပျိုးမြီးကောင်ပေါက်မရောက်သေးသည့် လူငယ်များကို ပစ်မှတ်ထားသော၊ ဂျူးကမဲလ်သရုပ်ဆောင်ထားသည့် စီးက ရက်ကြော်ငြာများတွင်လည်း ဝါဒဖြန့်ချိရေးပါဝင်ပါသည်။ ဤသည်အားလုံးမှာ ဝါဒဖြန့်ချိရေးဆောင်ရွက်နေကြသည့်ဥပမာများ ပင်ဖြစ်ပြီး၊ အပြုသဘောဖြစ်စေ၊ အပျက်သဘောဖြစ်စေ ကမ္ဘာတဝှမ်းရှိ လူသန်းပေါင်းများစွာအပေါ် သြဇာသက်ရောက်လွှမ်းမိုး သက်ရောက်မှု ရှိနေကြပါသည်။ သို့အတွက်ကြောင့် မိမိတို့တွေးခေါ်နေမှု၊ လုပ်ဆောင်နေမှုကို ပြောင်းလဲရန်ရည်ရွယ်ချက်ဖြင့် ဆက်သွယ်ဆောင်ရွက်နေကြသော နည်းနာများမှာ၊ သမိုင်းနှင့်ချီကြာခဲ့ပြီဖြစ်သည်။ နည်းနာလည်း ကြွယ်ဝနေခဲ့ပြီ ဖြစ်ပါသည်။

“အချက်အလက်များက သူ့ဖာသာ အမှန်စကားဆိုလိမ့်မည်” ဟူသော၊ လူအများပြောစကားကို ကြားဖူးကြပါလိမ့်မည်။ သို့ သော်လည်း ဆန့်ကျင်ဖက်ကျစွာဖြစ်ပေါ်နေသောကိစ္စမှာ၊ အချက်အလက်များက သူ့ဖာသာစကားမဆိုတတ်ပါ။ အချက် အလက်များကို သူ့ကဏ္ဍအလိုက်ထည့်သွင်းသောအခါမှသာ အဓိပ္ပါယ်ပေါ်လာခြင်း ဖြစ်ပါသည်။ သေဒဏ်ကျခံရတော့မည့် အကျဉ်းသားအတွက်၊ နာရီခေါင်းလောင်းထိုးသံသည်၊ သူ့အတွက် နောက်ထပ် (၅) နာရီသာ အသက်ရှင်ခွင့်ရှိတော့မည်ဟု ဖော်ပြသော်လည်း၊ အလုပ်သမားတစ်ဦးအတွက်မူ၊ အလုပ်ပြီးတော့မည့် တစ်ရက်စာအနားရတော့မည့်သံချို ဖြစ်နိုင်ပါသည်။ နိုင်ငံတစ်ခုတွင် လူဦးရေ (၄၀) အလုပ်လက်မဲ့ဖြစ်နေသည်ဟူသော အချက်အလက်သတင်းပေးပို့ချက်သည်၊ လက်ရှိအလုပ် လက်မဲ့ဖြစ်နေသူများနှင့် လက်ရှိအလုပ်အကိုင်ရှိနေသေးသူများအတွက် စိုးရိမ်ဖွယ်သတိပေးချက် ဖြစ်နိုင်ပါသည်။ အတိုက်အခံ လှုပ်ရှားမှုခေါင်းဆောင်တစ်ဦးအတွက်မူ၊ အစိုးရကို အရည်အချင်းမရှိ၊ လူထုကို စာနာကြည့်ရှုမှုမရှိ၊ ခြစားယိုယွင်းနေသည်ဟု ဝေဖန်တိုက်ခိုက်ရန် အခွင့်အရေးကောင်းတစ်ခု အသစ်ပေါ်ပြီဟု မြင်နိုင်ပါသည်။ ထို့အပြင်မကျေမချမ်းဖြစ်နေသောလူထုကြီးကို စည်းရုံး၍ မိမိအောက်ခြေထုအဖွဲ့ဝင်သစ်များ စုဆောင်းရန် အခွင့်ကောင်းဟု မြင်နိုင်ပါသည်။ လွတ်လပ်သော၊ သို့မဟုတ် ထိန်း ချုပ်ထားသောသတင်းစာများအတွက် ခေါင်းကြီးပိုင်းရေးသူများကမူ၊ သူတို့၏ခေါင်းကြီးပိုင်း အယ်ဒီတာအာဘော်ဆောင်းပါး များတွင်၊ အချက်အလက်များကို ထည့်သွင်းဖော်ပြတတ်ကြပြီး၊ ဖတ်သူများသို့ မိမိပြောလိုသည့်အကြောင်းအရာကို ဖော်ပြကြ ပါသည်။ မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုတစ်ခုတွင်၊ ပြည်သူလူထုနစ်နာ နေရသည့်အကြောင်းကို “အချက်အ လက်”များကို အသုံးပြု၍၊ မိမိ၏ဆန့်ကျင်ဖက်အင်အားစုသို့၊ ဝေဖန်ပြစ်တင်သင့်ပြီး၊ ဤပြဿနာများဖြေရှင်းနိုင်ရေးအတွက် မည်သို့ဆောင်ရွက်ရမည်ကို ချပြရပါမည်။ (အံ့သြဖွယ်မဟုတ်သောအချက်မှာ၊ အမြဲတစေ လူထုများသက်သာရာလမ်းကြောင်း အဖြစ်၊ နိုင်ငံရေးပြောင်းလဲမှုများလုပ်ဆောင်ကြရမည်ဟု ထောက်ပြကြရပါလိမ့်မည်။)

## ဝါဒဖြန့်ချိရေး၏ အစိတ်အပိုင်းများ

### ပစ်မှတ်

ယေဘုယျအားဖြင့်၊ ပြည်သူလူထုကြီးတစ်ရပ်လုံးသည် ဝါဒဖြန့်ချိရေးအတွက် ပစ်မှတ်ဖြစ်နိုင်ပါသည်။ သို့သော်လည်း ပို၍ထိ ရောက်မှုရှိစေရန်အတွက်၊ ပစ်မှတ်ပုရိသတ်များကို ခွဲခြား၍၊ အုပ်စုတစ်ခုချင်းအတွက် သင့်လျော်မည့်ဝါဒဖြန့်ချိရေးများကို ပြင် ဆင်ဆောင်ရွက်နိုင်ပါသည်။ အတွေ့အကြုံများအရနှင့် သုတေသနပြုချက်များအရ၊ သီးသန့်ပစ်မှတ်ထားသော ပုရိသတ်များ အတွက် ချိန်ရွယ်ပစ်လွှတ်သည့်၊ သေချာပြင်ဆင်ထားသော ဝါဒဖြန့်ချိရေးများကို ပိုမိုထိရောက်ကြောင်း ပြသနေပါသည်။ သို့ အတွက်ကြောင့် လယ်သမားများထံသို့ပေးပို့မည့် အကြောင်းအရာသည်၊ တူစေဦးတော့၊ ကျောင်းသားများထံပေးပို့ပုံနှင့် ကွာ ခြားမည် ဖြစ်ပါသည်။ အကြမ်းမဖက် လှုပ်ရှားမှုဆောင်ရွက်မည့်အတိုက်အခံအင်အားစုများအတွက်၊ အဓိကထားရမည့်ပစ်မှတ် မှာ အုပ်ချုပ်သူများ၏ အာဏာထောက်တိုင်များဖြစ်ပါသည်။ ပစ်မှတ်ထားသောအုပ်စုများ၊ ထပ်ခွဲအုပ်စုများကို ပညာအရည် အချင်း၊ ဘာသာယုံကြည်ကိုးကွယ်မှု၊ လူမျိုး၊ မျှော်မှန်းချက်၊ ဝါဒဖြန့်ချိရေးသတင်းရနိုင်ပုံနည်းလမ်းများကို မူတည်၍ သေချာ စီမံ ဝါဒဖြန့်ကြရမည် ဖြစ်ပါသည်။

### သတင်း
ရည်ရွယ်ချက်သည် ပြည်သူလူထုကြီးတစ်ရပ်လုံး၊ သို့မဟုတ် လူထုအထဲမှ တစိတ်တပိုင်းသောအုပ်စုများကို၊ ခံယူချက်နှင့် အမူအကျင့်များပြောင်းလဲစေရန်ဆိုပါက၊ အရေးကြီးသည်မှာ မည်သို့မည်ပုံ ခံယူချက်၊ အမူအကျင့်များ ပြောင်းလဲစေမည်ဆိုသည်ကို မိမိကိုယ်တိုင်က ရည်ရွယ်ထားချက် ရှင်းလင်းနေစေရပါမည်။ ဥပမာအားဖြင့်– လူထုက ဖိနှိပ်သူအစိုးရတစ်ရပ်၏အောက်၌ နေထိုင်နေရခြင်းကို၊ သူတို့၏ ကံကြမ္မာဝဋ်ကြွေးဟု ယူဆနေပါက၊ သူတို့ကို ကျွန်များအဖြစ်နေထိုင်စေရန်၊ ဘုရားသခင်ကိုယ်တိုင်က လိုလားမည်မဟုတ်ကြောင်း၊ "ဘုရားသခင်း၏ အလိုတော်" မဟုတ်ကြောင်းကို အတွေးအခေါ်ပေးရပါမည်။ ထို့အပြင် အာဏာရှင်ထမ်းပိုးအောက်မှ လွတ်မြောက်စေရန်၊ သူတို့၏အစွမ်းဖြင့်သာ လွတ်မြောက်စေရမည်ဖြစ်ကြောင်း၊ ဤအစွမ်းကို ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း အတွေးအခေါ်ပေးကြရပါမည်။ ထို့အပြင် ပြည်သူလူထုများကို၊ ယခုအခါ စနစ်တကျစုစည်းထားပြီးသော အတိုက်အခံအင်အားစုများရှိနေပြီဖြစ်ကြောင်းနှင့် သူတို့ပူးပေါင်းလာပါက သူတို့ကို ကြိုဆိုကြလိမ့်မည်ဖြစ်ကြောင်း၊ ထောက်ခံရန်လိုအပ်ကြောင်း သိစေရပါမည်။ ပုံမှန်အားဖြင့်၊ သတင်းများတွင် "ပြန်လာရန်လိပ်စာ" လိုအပ်ပါသည်။ ဆိုလိုသည်မှာ လူထုများအနေဖြင့် မည်သူက ဤသတင်းပေးနေကြောင်း သိစေရန်ဖြစ်သည်။ သို့သော်လည်း ဤသတင်းများကို အမြဲတစေဖြန့်ဖြူးနေရန်ဆိုသည်မှာ မဖြစ်နိုင်ပါ။

### သတင်းပေးပို့သူ
သတင်းများကို မည်သို့ရောက်ရှိအောင်ပို့ဆောင်မည်နည်းဆိုသည်မှာ၊ ပို့ဆောင်ပေးမည့် ယာဉ်၊ သို့မဟုတ်ကြားခံကို ရွေးချယ်ရန် လိုအပ်ပါသည်။ ဤယာဉ်သည် လက်ကမ်းလွှာစာစောင်၊ ရေဒီယို ထုတ်လွှင့်ချက်၊ အီးမေးလ် စာပို့လွှာ၊ ရုပ်ရှင်၊ မိန့်ခွန်း၊ ပုံနှိပ်ဖော်ပြထားသော ဆောင်းပါး၊ စာအုပ်၊ သင်္ကေတတစ်ခု သို့မဟုတ် ပိုစတာ စသဖြင့် ဖြစ်နိုင်ပါသည်။ ကောလဟာလများသည်လည်း သတင်းများထိရောက်စွာ ဖြန့်ဝေနိုင်သောနည်းတစ်နည်း ဖြစ်ပါသည်။ သတင်းများကို ပို့ဆောင်ပေးရာ၌ အဓိကကျသူများကို မျက်စိလျှမ်း၍ ကျန်မနေစေသင့်ပါ။ ဥပမာအားဖြင့်၊ ဘာသာရေးခေါင်းဆောင်များ၊ အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်များ၊ ကျောင်းဆရာများ၊ ဆံပင်ညှပ်သမားများနှင့် ဆံပင်အလှပြုပြင်သူများ၊ ရိုးရာနတ်ဆရာများ၊ သတင်းထောက်များ၊ သမဂ္ဂများ၏ ပြောရေးဆိုခွင့်ရှိသူများ၊ စီးပွါးရေးအုပ်စုများနှင့် သူတို့၏ရပ်ရွာအတွင်းလေးစားခံကြရသော အခြားပုဂ္ဂိုလ်များဖြစ်ကြပါသည်။

### တုံ့ပြန်မှု
စီးပွါးရေးကြော်ငြာများသည်၊ ဝါဒဖြန့်ချိရေးကို အများဆုံးအသုံးပြုသူများ ဖြစ်နိုင်ပါသည်။ ၎င်းတို့က ကျန်းမာရေးပြဿနာ အထွေထွေဖြစ်စေသော  စီးကရက်နှင့် ဆေးရွက်ကြီးထုတ်ကုန်များကို ဝယ်ရန်တိုက်တွန်းနေသကဲ့သို့၊ သွေးကြောပိတ်ဆို့စေနိုင်သော အဆီများသည့် ဟမ်းဘာဂါနှင့် အကြော်များကို ဝယ်ယူစားသုံးရန် တိုက်တွန်းနေကြပါသည်။ နောက်ဆုံး မိမိတို့၏ မိသားစုဆရာဝန်များကို ကြော်ငြာထားသောဆေးများကိုသာ ဆေးညွှန်းရေးပေးပါရန် တောင်းပန်ခိုင်းနေကြပါသည်။ မည်သို့ပင်ဖြစ်စေ၊ ကုန်ပစ္စည်းကြော်ငြာများ အောင်မြင်မှု ရှိ–မရှိကို တိုင်းတာရန်လွယ်ကူလှပါသည်။ ၎င်းမှာ ၎င်းပစ္စည်းများအရောင်းနှုန်းပင် ဖြစ်ပါသည်။ နိုင်ငံရေးဆိုင်ရာ ဝါဒဖြန့်ချိရေးကိစ္စများအတွက်မူ၊ သတင်းထုတ်လွှင့်မှုအပေါ် တုံ့ပြန်မှုကိုတိုင်းတာရန် ရေတိုတွင် ခက်ခဲလှပါသည်။ တစ်ခုမှာ လူထုစစ်တမ်းကောက်ယူခြင်းမျိုးဖြစ်နိုင်ပြီး၊ ယုံကြည်ရလောက်သောအင်အားစုများက ကျွမ်းကျင်စွာဆောင်ရွက်ပါက၊ အချိန်ကာလတစ်ခု၊ ဖြစ်ရပ်တစ်ခုအတွက် တုံ့ပြန်မှုကို သိရှိရနိုင်ပြီး၊ အသုံးဝင်လှပါသည်။ သို့သော်လည်း၊ အခြားအချိန်များ၌မူ သတင်းအပေါ်ပြန်လည်ဖော်ပြသော တုံ့ပြန်မှုကို ၎င်းတို့၏အမူအကျင့်များ၊ ခံယူချက်များ ပြောင်းလဲလာသည့်တိုင်၊ ပေးပို့သောသတင်းများအတိုင်း အတိအကျပြုမူသည့်တိုင် အချိန်ယူစောင့်ဆိုင်းရတတ်ပါသည်။ ဤသို့တိုင်းတာချက်များသည်ပင် လှည့်စားမှုဖြစ်စေနိုင်ပြီး၊ အခြားသောအကြောင်းအချက်များက ခံယူချက်များ၊ အမူအကျင့်များ ပြောင်းလဲစေရန်အတွက် ဝင်ရောက်ဩဇာလွှမ်းတတ်သည်လည်း ရှိပါသည်။

ထိရောက်မှုကို တိုင်းတာနိုင်မည့်အချက်အလက်များ ရရှိရန်၊ နောက်ထပ်နည်းတစ်ခုမှာ၊ ၎င်းတို့၏ထင်မြင်ယူဆချက်များကို ဖိတ်ခေါ်ရန် ဖြစ်ပါသည်။ တုံ့ပြန်မှုများရရှိရန် ဖိတ်ခေါ်ရန်ဆိုသည်မှာ၊ လှုံ့ဆော်ပေးခြင်းနှင့် ကွာခြားလှပါသည်။ ဖိတ်ခေါ်ခြင်းဆိုသည်မှာ၊ တစ်ဖက်သားတုံ့ပြန်ပြောဆိုသူက မေးခွန်းတစ်ခုအတွက်အဖြေကို ဖြေဆိုပြောကြားနေကြောင်း သူကိုယ်တိုင် သတိမထားမိပဲ၊ ထုတ်ဖော်ပြောဆို၍ ရစေခြင်းမျိုး ဖြစ်ပါသည်။ လှုံ့ဆော်ပေးခြင်းဆိုသည်မှာ၊ တစ်ဖက်သားကို မေးခွန်းတစ်ခု တိတိကျကျမေး၍၊ တိကျသောအဖြေကို ပြန်လည်ရရှိခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့်– အစိုးရအပေါ်ထားရှိသောအမြင်ကို မေးပါက၊ မေးခွန်းလွှာတွင် အချို့သောမေးခွန်းများ ပါနိုင်ပါသည်။ "အတိုက်အခံများက အစိုးရပြောင်းလဲရေးအတွက်တောင်း

ဆိုနေသည်ကို သင်ထောက်ခံပါသလား။'' ''ထောက်ခံပါက မည်သည့်အတွက်ကြောင့် ထောက်ခံသနည်း။'' စသဖြင့် မေးကောင်းမေးနိုင်ပါသည်။ အချို့သော လူမှုအသိုင်းအဝိုင်းများတွင်၊ လူထုအနေဖြင့် ဤသို့တိုက်ရိုက်ကျလွန်းသောမေးခွန်းများကို ဖြေဆိုရန် ကြောက်ပါလိမ့်မည်။ ဤသို့သော သတင်းများကို ရရှိစေရန်၊ ကြိုယူသည့်အနေဖြင့်၊ လက်ရှိစီးပွါးရေးအခြေအနေကို အစတည်ကာ မေးခွန်းများ၊ ဝေဖန်မှုများ ပြု၍ စနိုင်ပါသည်။ ထို့နောက် ဤစီးပွါးရေးအခြေအနေက တုံ့ပြန်ပြောဆိုသူနှင့် ၎င်း၏မိသားစုအပေါ် မည်သို့အကျိုးသက်ရောက်စေကြောင်း၊ ပြောဆိုလာပြီးမှ၊ ဆက်စပ်၍၊ မူလက မေးခဲ့သောပစ်မှတ်မေးခွန်းမျိုးကို ပြောစေရမည် ဖြစ်သည်။ တနည်းအားဖြင့် ကြိုယူခြင်းတွင်၊ ''သွယ်ဝိုက်၍ ချဉ်းကပ်ခြင်း''သဘောဆောင်ပြီး၊ ''ဟုတ်ကဲ့၊ မဟုတ်ပါ''ဟု ဖြေရမည့် မေးခွန်းမျိုး ရှောင်ရှားသင့်ပါသည်။

## ဝါဒဖြန့်ချိရေးကို အမျိုးအစားခွဲခြားခြင်း

ရည်ရွယ်ထားသော ပစ်မှတ်အမျိုးမျိုး၊ သတင်း၊ သတင်းပေးပို့၊ လက်ခံမည့် စစ်ဆင်ရေးဆောင်ရွက်ရန် ဝန်းကျင်ကိုလိုက်၍၊ မည်သူကို သတင်းအရင်းအမြစ် (source of the information) အဖြစ်ထားမည်ကို ရွေးချယ်သတ်မှတ်နိုင်ပါသည်။ [၂၀]

### အဖြူရောင်ဝါဒဖြန့်ချိရေး

၎င်း၏သတင်းရင်းမြစ်ကို တိကျစွာဖော်ပြသည်။ ထုတ်ပြန်ကြေငြာချက်များ၊ မိန့်ခွန်းများ၊ အစီရင်ခံစာများနှင့် သတင်းများသည် ရင်းမြစ်မှန်များကို ဖော်ထုတ်ပြထားကြပြီး၊ ပစ်မှတ်ထားခံရသည့် ပြည်သူများဖက်ကလည်း ပြန်လည်စစ်ဆေးကြည့်နိုင်သည်။ ဥပမာအားဖြင့်– ''ဆောက်သ်မိုးဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဂျွန်စမစ်က၊ တက္ကသိုလ်ပါမောက္ခများအသင်းတွင်၊ ယနေ့ပြောကြားသော မိန့်ခွန်း၌၊ ပြောကြားသည်မှာ ... ... ''။ ဤသို့ဆိုလျှင် ထိုသူဖော်ပြသောမှတ်ချက်ကို ပြန်လည်စစ်ဆေး၊ သုံးသပ်နိုင်သည်။ သို့သော် ဤပြောကြားချက်အပေါ် မည်သို့မှတ်ချက်ပြုကြသည်၊ မည်သို့ ဝေဖန်သုံးသပ်ကြသည်မှာမူ လေ့လာကြည့်ရာ၌ သတိထားရန်လိုအပ်ပါသည်။ တစ်ခါတရံ၌ ရွေးချယ်ဖော်ပြထားသော ကိုးကားချက်တစ်ခုသည်ပင်၊ ပြောဆိုသူကို ရှက်ဖွယ်ဖြစ်နေစေတတ်ပြီး၊ သူက ပြောသမျှအကြောင်းအရာများမှ တစ်ပိုင်းတစ်စကို ဆွဲနှုတ်တင်ပြလာသည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း၊ ဤအကြောင်းအရာပြင်ပမှ အချက်များကို ကြိမ်ဖန်များစွာ ကိုးကားဖော်ပြလာပါက၊ ၎င်း၏ဂုဏ်သိက္ခာကို ထိခိုက်လာစေပါလိမ့်မည်။ တနည်းဆိုရသော် သတင်းရင်းမြစ်ကိုဖော်ပြခြင်းအားဖြင့်၊ ထိုပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ ပုံရိပ်ကို လူအမြင်ကောင်း၊ တိုးတက်စေပြီး၊ မိမိ၏အမြင်များ တသမတ်တည်းရှိနေကြောင်းနှင့် ပြည်သူလူထုများ၏ စိုးရိမ်ပူပန်ချက်များကို အာရုံထားပါကြောင်း ဖော်ပြနိုင်ပါသည်။

### မီးခိုးရောင်ဝါဒဖြန့်ချိရေး

၎င်း၏သတင်းရင်းမြစ်မှန်ကို တိကျစွာမဖော်ပြပါ။ သတင်းရင်းမြစ်ကို ဖော်ပြရမည့်အစား၊ တွေ့ကြရမည်မှာ ... ''ယမန်နေ့က သတင်းဖော်ပြချက်များအရ ...''၊ သို့မဟုတ် ''ယုံကြည်ရလောက်သောသတင်းများအရ၊ ဆိုကြသည်မှာ ...''၊ သို့မဟုတ် ''မျက်မြင်သက်သေများက ပြောကြသည်မှာ ...'' စသဖြင့် တွေ့ကြရပါလိမ့်မည်။ ဤသတင်းများအနေဖြင့် လက်ခံနိုင်ဖွယ် သြဇာရရှိစေရန် ကြိုးပမ်းသော်လည်း၊ ၎င်း၏ ပါတီနိုင်ငံရေးနောက်ခံ ဝါဒဖြန့်ချိရေးကိစ္စကို လျှို့ဝှက်ထိန်ချန်ထားသည်ကို တွေ့ကြရပါလိမ့်မည်။

### အနက်ရောင်ဝါဒဖြန့်ချိရေး

၎င်းမှာ ဝါဒဖြန့်ချိရေးသတင်းအချက်အလက်များဖြစ်ပြီး၊ ရည်ရွယ်ချက်ရှိရှိဖြင့် သတင်းရင်းမြစ်များကို လွှဲ၍ဖော်ပြခြင်းဖြစ်သည်။ အထူးသဖြင့် မိမိ၏ဆန့်ကျင်ဖက်အင်အားစုများကို သတင်းရင်းမြစ်အဖြစ် တမင်လွဲမှားဖော်ပြလေ့ရှိကြသည်။ ''အင်္ဂါနေ့ညနေတွင်၊ သမတ၏ အယုံကြည်ရဆုံးဖြစ်သူ၊ တပ်မတော်တပ်မှူး ဝီးလ်ဖို့ဒ် အီဂိုကို၊ သမတမကြာသေးမီက ပြုလုပ်ခဲ့သောသတင်း

---

[၂၀] အမေရိကန်ပြည်ထောင်စု တပ်မတော်အနေဖြင့်၊ အဖြူရောင်၊ မီးခိုးရောင်၊ အနက်ရောင်ဝါဒဖြန့်ချိရေးများ၊ အသုံးချပုံနှင့် ပတ်သက်၍ တင်းကျပ်စွာ အဓိပ္ပါယ်သတ်မှတ်မှုများ ထားရှိပါသည်။ Department of the Army Field Manual 33-5. *Psychological Operations.* 1962 ကြည့်ပါ။ ဂျက် အဲလား၏ ***Propaganda: The Formation of Men's Attitudes.*** တွင်မူ နှစ်မျိုးနှစ်စားသာ ဖော်ပြပါသည်။ အဖြူနှင့် အနက်ဖြစ်ပြီး၊ ၎င်းတို့ (၂) ခုကို ပူးတွဲအသုံးပြုသည်ဟု မှတ်ချက်ပြုထားပါသည်။ အဖြူရောင်ဝါဒဖြန့်ချိရေးတွင်၊ သတင်းပင်ရင်းကို သိမြင်နိုင်အောင် ပွင့်လင်းစွာဖော်ပြထားပြီး၊ ပြည်သူလူထုများ၏ အာရုံထားမှုကို လှည့်ပြောင်းစေရန်ဟု ဆိုပါသည်။ အနက်ရောင်ဝါဒဖြန့်ချိရေးမှာမူ၊ ''ရည်ရွယ်ချက်၊ မိမိ၏အကြောင်း၊ ထူးခြားချက်၊ သတင်းရင်းမြစ်များကို ဖုံးကွယ်ထားရန်'' သုံးသည်ဟု ဆိုပါသည်။ လူအများကို လျှို့ဝှက်စွာသြဇာညောင်းစေနိုင်ရန် သုံးသည်ဟုဆိုပါသည်။

စာရှင်းလင်းပွဲတွင်၊ အလွဲလွဲ အမှားမှားပြုမူခဲ့ပုံနှင့် ပတ်သက်၍ မေးမြန်းရာတွင်၊ သူက အတည်ပြုဖြေကြားရာ၌ ... ” ဤသို့သောနည်းကို ဆန့်ကျင်ဖက်အင်အားစုများအတွင်း၊ သံသယများကြီးထွားစေရန်နှင့် ရှုပ်ထွေးစေရန်အတွက်သော်လည်းကောင်း၊ စိတ်ဓါတ်ကျဆင်းစေရန်အတွက်သော်လည်းကောင်း၊ တစုံတဦး၏ အားနည်းချက်များကို ဖုံးကွယ်နိုင်ရန်၊ အာရုံလွှဲနိုင်ရန်နှင့် မူရင်းရည်ရွယ်ချက်ကို ဖုံးကွယ်ထားနိုင်ရန် အသုံးပြုလေ့ရှိပါသည်။ အနက်ရောင်ဝါဒဖြန့်ချိရေးဆောင်ရွက်ရန် ကျွမ်းကျင်မှုများစွာ ရှိရန်လိုအပ်ပြီး၊ ဆန့်ကျင်ဖက်အင်အားစု၏ သတင်းအချက်အလက်များ အမြောက်အများသိရှိထားရပါမည်။ ယေဘုယျအားဖြင့် မဟာဗျူဟာအဆင့်တွင် အသုံးပြုသင့်ပြီး၊ ဝါဒဖြန့်ချိရေးဆောင်ရွက်နေသူကို ပေါ်လွင်မသွားစေရေးအတွက်၊ သတိပြုရပါမည်။ ထို့အပြင် အဖြူရောင်ဝါဒဖြန့်ချိရေးနှင့် အနက်ရောင်ဝါဒဖြန့်ချိရေးကို တိတိလင်းလင်း ခွဲခြား၍အသုံးပြုရပါမည်။

## ဆက်သွယ်ရေး နည်းစနစ်များ

### သင်္ကေတများ

သင်္ကေတများသည်၊ မိမိ၏ အတွေးအခေါ် အယူအဆများ၊ လှုပ်ရှားမှု၏ ရည်ရွယ်ချက်များကို ဖော်ပြရန်အတွက်၊ အင်အားကောင်းသော ကရိယာများ ဖြစ်ပါသည်။ ထိရောက်သောသင်္ကေတများမှာ ရိုးရှင်းသော၊ တိုက်တွန်းလှုံ့ဆော်နိုင်သော၊ လူမှတ်မိလွယ်စေသော၊ လွယ်ကူစွာ သဘောပေါက်စေနိုင်သော သင်္ကေတများ ဖြစ်ပါသည်။ နာဇီစကြာ၊ ခရစ်ယာန်ဘာသာဝင်များ၏ လက်ဝါးကပ်တိုင်၊ ဆာဗီးယန်းခုခံရေးလှုပ်ရှားမှု၏ လက်သီးဆုပ်ထားသောပုံများမှာ သင်္ကေတနမူနာများဖြစ်ပါသည်။ ဤသင်္ကေများသည် အသံအားဖြင့်လည်း ဖြစ်နိုင်ပြီး၊ ဗုံသံများ၊ မကြာသေးမီက အသုံးပြုခဲ့သော အိုး၊ ခွက်တီးသံများလည်း ဖြစ်နိုင်ပါသည်။ ဤသင်္ကေတများကို ပေါင်းစပ်၍ လှုပ်ရှားမှုအဖြစ်လည်း သုံးနိုင်ပါသည်။ ဥပမာ– အထူးလက်ဆွဲနှုတ်ဆက်နည်း၊ အမူအယာများ စသဖြင့်လည်း သုံးနိုင်ပါသည်။ လှုပ်ရှားမှုအတွက် သင်္ကေတကိုရွေးချယ်ရာ၌၊ ယဉ်ကျေးမှုအရ အလေးထားရမည့်အရာများကို တိုက်ခိုက်စော်ကားမိသလိုမဖြစ်စေရန်အတွက်၊ အထူးသတိထားရှောင်ကျဉ်သင့်ပါသည်။

### ကြွေးကြော်သံများ

ကြွေးကြော်သံများသည်၊ တို၍ ဒေါသ၊ အမုန်းတရား၊ သတ္တိစသည့် ခံစားချက်များကို ဖော်ပြနိုင်သည့် စကားစုတိုများဖြစ်ပါသည်။ “အလာမိုကို အမှတ်ရကြလော့” ဟူသော ကြွေးကြော်သံဖြင့်၊ အမေရိကန်ပြည်သူများကို မက္ကဆီကိုနှင့် စစ်ခင်းစေရန်တွန်းပို့ခဲ့ပါသည်။ “မိန်းကို အမှတ်ရကြလော့” ဟူသော ကြွေးကြော်သံသည်၊ စပိန်–အမေရိကန်စစ်ပွဲဖြစ်ရခြင်းအကြောင်းအတွက် အမေရိကန်ပြည်သူတို့ကို အရိုးရှင်းဆုံး ရှင်းပြခဲ့ပါသည်။ “သူတော့ ပြီးသွားပြီ” ဟူသော ကြွေးကြော်သံကို ဆားဗီးယားနိုင်ငံတွင်၊ (၂၀၀၀) ခုနှစ် အာဏာရှင် မီလိုဆီဗစ်ဆန့်ကျင်ရေးကာလတုန်းက အသုံးပြုခဲ့ကြပါသည်။ ဇင်ဘာဘွေနိုင်ငံတွင်၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုက “တော်ပါပြီ၊ လုံလောက်ပါပြီ” ဟူသော ကြွေးကြော်သံကို အတိုက်အခံအင်အားစုများကို လှုံ့ဆော်ရန်နှင့် ရက်စက်ကြမ်းကြုတ်သူ ရောဘတ်မူဂါဘီအစိုးရကို ဆန့်ကျင်ရန် ချမှတ် အသုံးပြုခဲ့ကြပါသည်။

### တေးသီချင်းများ

တေးသီချင်းများကိုလည်း၊ ဝါဒဖြန့်ချိရေးအဖြစ် အသုံးပြုနိုင်ပြီး၊ ပို၍သစ်လွင်တောက်ပသောအနာဂါတ်ကို မြင်လာစေရန်၊ စိတ်ခံစားမှုကို လှုံ့ဆော်ပေးနိုင်ပါသည်။ ထို့အပြင် အတိတ်ခံစားရမှုများ၏ နာကျဉ်မှုများနှင့် အမှတ်ရစရာများကို ပြန်လည်ဖော်ထုတ်နိုင်ရန်၊ လက်ရှိ အာဏာရှင်ဆန့်ကျင်ရေး အတွေ့ထွေအခံမှုကို ပိုမိုကျစ်လစ်ညီညွတ်စေရန် တေးသီချင်းများက စွမ်းဆောင်နိုင်ကြပါသည်။ ဝါဒဖြန့်ချိရေးရည်ရွယ်ချက်ဖြင့် ဖွဲ့သီထားသော တေးသီချင်းများကို၊ လူအများက ဝိုင်းဝန်းသီဆိုနိုင်ကြပြီး တစ်ယောက်နှင့် တစ်ယောက်အပြန်အလှန်အားဖြည့်ကာ၊ ဝါဒဖြန့်ချိရေးအချက်အလက်များကို လက်ခံလာကြပါသည်။

### ပုံနှိပ် စာနယ်ဇင်း၊ မီဒီယာများ

ပုံနှိပ် စာနယ်ဇင်း၊ မီဒီယာများတွင်၊ စာအုပ်များ၊ သတင်းစာများ၊ လက်ကမ်းလွှာများ၊ စာစောင်များ၊ သင်္ကေတများနှင့် ပိုစတာများပါဝင်ပါသည်။ ဝါဒဖြန့်ချိရေးဆောင်ရွက်သူအနေဖြင့် အထွေထွေသောပုရိသတ်များထံသို့ ရောက်ရှိစေရန်၊ ရွေးချယ်ထားသော သတင်းကို နည်းလမ်းအမျိုးမျိုး ရွေးချယ်ပေးပို့နိုင်ပါသည်။ အစိုးရကဖြစ်စေ၊ အတိုက်အခံကဖြစ်စေ ထိန်းချုပ်ထားသောသတင်းစာများသည်၊ သတင်းထိုးစစ်များ၊ ခုခံချေပမှုများပြုလုပ်ရန်အတွက် အဆင့်သင့်ဖြစ်ပြီးသော စင်မြင့်များအဖြစ်အသုံးပြုနိုင်ပါသည်။ မိမိကိုယ်ကို ခုခံချေပနေရသောအနေအထားဖြင့်၊ အချိန်များစွာ ကုန်နေရသည့် ထောင်ချောက်တွင်းသို့ မသက်

ဆင်းမိစေရန်အတွက် သတိထားသင့်ပါသည်။[၂၀] ဤသို့ ပုံနှိပ် စာနယ်ဇင်း၊ မီဒီယာများ၏ အားကောင်းချက်မှာ၊ သေချာဖတ်ရှုလေ့လာရန်အတွက် အချိန်ရစေခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် ဤမှတ်တမ်းများ၏ ရင်းမြစ်ကိုလည်း ဆက်လက်ဆွေးနွေးမှုပြုနိုင်ကြပါသည်။ ရုပ်ပုံများကို အသုံးပြုသော သင်္ကေတများနှင့် ပိုစတာများ၊ သင်္ကေတများ၊ ကြွေးကြော်သံများ၊ အရောင်များကို သုံး၍ သေချာထုပ်ပိုးတင်ဆက်ထားသောသတင်းများအဖြစ် ပြင်ဆင်နိုင်ပါသည်။ ပုရိသတ်များက ပုံနှိပ် စာနယ်ဇင်း၊ မီဒီယာများကို စုဆောင်းထားနိုင်ကြပါသည်။ ထိုအတွက်ကြောင့် သတင်းများအနေဖြင့် ဝါဒဖြန့်ချိရေးဦးတည်ချက်နှင့်အညီ တသမတ်တည်းဖြစ်ရန် လိုအပ်ပြီး၊ စာဖတ်သူများအနေဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်ကြပါသည်။ တိုက်ဆိုင် စစ်ဆေးကြမည်ဖြစ်ပါသည်။ သို့အတွက်ကြောင့် ဝါဒဖြန့်ချိရေးတာဝန်ယူသူအနေဖြင့်၊ ပြောပိုင်ခွင့်အာဏာရှိသော မူဝါဒရေးရာဦးတည်ချက်များအပေါ်တွင် ရပ်တည်၍၊ ပြောဆိုရန်လိုအပ်ပြီး ဤဦးတည်ချက်များကိုလည်း သေချာစဉ်းစားရွေးချယ်ကြရပါမည်။ ဤမူဝါဒများကို စဉ်းစားဆုံးဖြတ်ရန်ဆိုသည်မှာ ဝါဒဖြန့်ချိရေးဆောင်ရွက်သူ၏ တာဝန်မဟုတ်ပါ။

## ရုပ်မြင်/သံကြား

ဝါဒဖြန့်ချိရေးသတင်းများကို ရေဒီယိုမှတဆင့်ထုတ်လွှင့်ပေးပို့ရာ၌၊ ထိရောက်စေရန် အရေးကြီးသောအချက်မှာ၊ ပုရိသတ်ကို သေချာစွာ ရွေးချယ်၍၊ ၎င်းပုရိသတ်များအတွက် သတင်းများကို သေချာစီစဉ်ပြင်ဆင်ရန်ပင် ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင်၊ မိမိသတင်းကိုနားထောင်စေရေးအတွက် ဆွဲဆောင်မှုပါ ထည့်သွင်းရန်လိုအပ်ပါသည်။ လူကြိုက်များသောသီချင်းများ၊ သတင်းများ၊ ရာသီဥတုသတင်းများ၊ အားကစားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများအပြင်၊ အကြမ်းမဖက်လှုပ်ရှားမှုနှင့်ပတ်သက်၍ နိုင်ငံရပ်ခြားတွင် ဖြစ်ပေါ်တိုးတက်မှုသတင်းများ၊ ပစ်မှတ်ထားရာနိုင်ငံတွင်းရှိ ဖြစ်ပေါ်နေသော အကြမ်းမဖက်လှုပ်ရှားမှုသတင်းများကို ထုတ်လွှင့်ရန်လိုအပ်ပါသည်။ ဤခေါင်းစဉ်များအားလုံးသည် ပစ်မှတ်ထားသောပုရိသတ်အတွက် စိတ်ဝင်စားဖွယ်အကြောင်းများ ဖြစ်ကြပါသည်။ ရုပ်မြင်သံကြားထုတ်လွှင့်မှု၊ ဗီဒီယိုတိပ်ခွေများ၊ စီဒီဓါတ်ပြားများတွင် ရုပ်ပုံများထည့်ဖော်ပြ၍ မိမိပြောလိုသောအချက်ကို ပို၍အားဖြည့်ပေးရပါမည်။ အကယ်၍ ခေါင်းဆောင်တစ်ဦးက မိန့်ခွန်းပြောဆိုပါက၊ မည်သည့်ပစ္စည်းများ၊ မည်သည့်သင်္ကေတများကိုပါ တပါတည်းမြင်စေရမည်ကို သတိပြုကြရပါမည်။ နိုင်ငံတော်အလံနောက်တွင်ထားခြင်းအားဖြင့်၊ အာဏာပိုင်စိုးမှု သဘောကို ပြသရာရောက်စေပါသည်။ လူအများကြည်ညိုလေးစားကြသော အမျိုးသားခေါင်းဆောင်၏ပုံကို နောက်တွင်ထားခြင်းအားဖြင့်၊ စကားပြောဆိုသူနှင့် နိုင်ငံ၏သမိုင်းကို တရားဝင်ဆက်သွယ်မှုရှိနေသည့်သဖွယ် ချိတ်ဆက်ပေးနိုင်ပါသည်။ မည်သို့သောဝတ်စားဆင်ယင်မှု၊ မည်သို့အဆောင်အယောင် ဆင်မည်ကိုလည်း၊ သေချာစဉ်းစားဆောင်ရွက်ပါက အထူးသင့်လျော်ပါသည်။ ဟစ်တလာသည်၊ သူ့ကိုယ်သူ ဂျာမန်ပြည်သူများ၏ ဖခင်သဖွယ်မြင်စေလိုသည့်အတွက်ကြောင့်၊ ဝတ်စုံကို စနစ်တကျဝတ်ဆင်သည့်အပြင်၊ အခြားအဝတ်အစားများ ဆင်ယင်ခြင်း၊ ရုံဖန်ရံခါ ကလေးများနှင့် ဓါတ်ပုံပူးတွဲရိုက်ခံခြင်း စသည်တို့ ဆောင်ရွက်ခဲ့ပါသည်။ သူ့ကိုယ်သူ နိုင်ငံ၏စစ်ရေးခေါင်းဆောင်အဖြစ်၊ ဂျာမန်နိုင်ငံတော်ကြီးကို အောင်ပွဲရရှိစေရန်ဦးဆောင်သွားမည်ဟု ပြသလိုသောအခါ၊ စစ်ဝတ်စုံယူနီဖောင်းဖြင့် ဝတ်ဆင်ဖော်ပြခဲ့ပါသည်။

## ကောလဟာလများ

ခြစားမှုပြည့်နေသည့်၊ အာဏာရှင်စနစ်အုပ်စိုးမှုရှိသောနိုင်ငံတစ်ခုတွင်၊ ယုံကြည်ရလောက်သောသတင်းများ ကင်းမဲ့နေပြီး၊ သတင်းများကိုလည်း ဆင်ဆာပိတ်ဆို့ဖြတ်တောက်ထားခံရသော အခြေအနေ၌၊ ကောလဟာလများသည် သတင်းပြန်ကြားရေး၏ အရေးကြီးသောကဏ္ဍတစ်ရပ်အဖြစ် တာဝန်ယူကြပါသည်။ သို့သော် ဤကောလဟာလများ၏ သတင်းရင်းမြစ်ကို မည်သည့်နေရာမှလာသည်ကို မသိရှိနိုင်ပဲ၊ သတင်းမှန်–မမှန်ကိုလည်း အတည်ပြု၍ မရနိုင်ပါ။ အကယ်၍ကောလဟာလများကို ဝါဒဖြန့်ချိရေးစစ်ဆင်ရေး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်၊ အသုံးပြုမည်ဆိုပါက၊ ဤကောလဟာလများသည် အနည်းဆုံး၊ အချက်အလက်အမှန် စိုးစဉ်းမျှအပေါ်အခြေပြုထားသင့်ပါသည်။ သို့မဟုတ် လူအများသိရှိထားပြီးသောအချက်၊ လူအများ သံသယဝင်နေကြသောအချက်ပေါ်တွင် အခြေပြုထားစေရပါမည်။ ကောလဟာလ၏ အကြောင်းအရာသည်၊ ပစ်မှတ်ထားမည့် ပုရိသတ်အတွက် အရေးကြီးသည့်သတင်းဖြစ်ရန် လိုအပ်ပြီး၊ စိတ်ဝင်စားဖွယ်လည်း ရှိရပါမည်။ သို့မှသာ အခြားသူများက ထပ်ကျော့ပြန်ပြောကြမည် ဖြစ်သည်။ ကောလဟာလများကိုသုံး၍ ပစ်မှတ်ထားသောပုရိသတ်စိတ်ဓါတ်တက်ကြွစေရန်၊ သို့မဟုတ် စိတ်ဓါတ်ကျဆင်းစေရန်အသုံးပြုနိုင်ပြီး၊ အမုန်းတရား၊ ရွံ့ရှာခြင်း၊ ကြည်ညိုခြင်း စသည့်ခံစားမှုများကိုလည်း နှိုးဆွပေးနိုင်ပါသည်။

---

[၂၀] သေချာစွာ ကရုစိုက်ပြင်ဆင်ထားသော ဝါဒဖြန့်ချိရေးများသည်၊ တန်ပြန်ဝါဒဖြန့်ချိရေးများကို ဖြေရှင်းနေရန်အတွက် ကြိုးပမ်းအားထုတ်ရမည့် အင်အားကို သက်သာစေပါသည်။ သတင်းကို ပြင်ဆင်ရေးသားစဉ်ကာလတွင်၊ တဖက်ဆန့်ကျင်ဖက်အင်အားစုက တုံ့ပြန်လာနိုင်သည့်အနေအထားကို ထည့်သွင်းတွက်ချက်ထားခြင်း မပြုပါက၊ ဝါဒဖြန့်ချိရေးအရ လက်ဦးမှုဆုံးရှုံးနိုင်ပါသည်။

### သတိပေးချက်

မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုတွင်၊ ဝါဒဖြန့်ချိရေးနည်းနာကို သူတို့ကိုဖိနှိပ်နေသော အစိုးရများကို ဆန့်ကျင်အုံကြွလာစေရန်အတွက်၊ လှုံ့ဆော်ပေးရန် အသုံးပြုနိုင်ပါသည်။ ပြည်သူအများ၏ နာခံနေသောအလေ့အထများကို၊ ပြောင်းလဲစေ၍၊ ပြည်သူများ၏ အာခံဆန့်ကျင်မှုကို ကျယ်ပြန့်လာစေရန် စွမ်းဆောင်နိုင်ပါသည်။ ထို့နောက် အာဏာရှင်အစိုးရထံမှ အာဏာပိုင်မှုနှင့် တရားဝင်မှုကို ဆွဲခွါဖယ်ရှားနိုင်ပါသည်။ ပြည်သူများကို တရားမျှတမှုမရှိသောဥပဒေများကို လျစ်လျူပြုငြင်းဆန်စေရန်အတွက် လှုံ့ဆော်ပေးနိုင်ပါသည်။ အစိုးရ၏ဖိနှိပ်ထားမှုကြောင့် ဖြစ်ပေါ်နေရသော၊ လူမှုအဖွဲ့အစည်း၏ တစစီပြိုကွဲနေသောအခြေအနေကို ပြန်လည်ပြောင်းလဲနိုင်ရန်အတွက်၊ အစိုးရက ဖျက်ဆီးထားသောအဖွဲ့အစည်းများကို အစားထိုးဖြည့်ဆီးရန် အဖွဲ့အစည်းအသစ်များကို ပြန်လည်တည်ဆောက်ကြရပါမည်။ ထို့နောက် အစိုးရက မှီခိုအားထားနေရသော အဖွဲ့အစည်းများ၊ ဌာနများ (အာဏာ၏ထောက်တိုင်များ) ကို၊ ကြားနေအောင်ချေဖျက်ကြရပါမည်။ အတိုချုပ်ပြောရလျှင်၊ အစိုးရ၏ အုပ်ချုပ်နိုင်စွမ်း ဆုံးရှုံးလာမည်ဖြစ်သည်။

ဝါဒဖြန့်ချိရေးသည် အားကောင်းသည့်လက်နက်ဖြစ်သကဲ့သို့၊ ကျွမ်းကျင်လိမ်မာစွာအသုံးမပြုနိုင်လျှင်၊ အစဉ်သဖြင့်အန္တရာယ်ရှိပါသည်။ အစွန်းထွက်အဖျက်အာဏာသင်မှာ ကြီးမားလှပါသည်။ အကယ်၍ လှုပ်ရှားမှုသည်၊ ပြည်သူများ၏ နာခံနေသောဓလေ့ပုံစံကို မနာခံအောင်၊ အစိုးရ၏ ဥပဒေ၊ စည်းမျဉ်းများကို လျစ်လျူပြု ငြင်းပယ်လာအောင်၊ ပြောင်းလဲပစ်လိုက်နိုင်ပါက၊ ဤအခြေအနေတွင် မင်းမဲ့သဘောအခြေအနေဆောင်လာသည်ကို တွေ့ရှိရပါလိမ့်မည်။ လူမှုအဖွဲ့အစည်းအတွင်းရှိ အဖွဲ့အစည်း၊ တည်ဆောက်ထားမှုများကို ဖျက်ပစ်လိုက်ပါက၊ လူမှုဝန်ဆောင်မှုလုပ်ငန်းများ၊ တရားဥပဒေစိုးမိုးရေးဆက်လက်ထိန်းသိမ်းရန်၊ လူမှုတာဝန်များဆက်လက်ထိန်းသိမ်းရန် မဖြစ်နိုင်တော့ပဲ၊ ဒီမိုကရေစီတော်လှန်ရေး စတင်စေခဲ့သောအခြေခံဖြစ်သည့် အာဏာရှင်စနစ်အုပ်ချုပ်ရေးနှင့်အလားတူပြန်သွားရန်အခြေအနေမျိုး ဖြစ်စေပါလိမ့်မည်။

ဂျက်အဲလားက၊ သူ၏ "ဝါဒဖြန့်ချိရေး၊ လူများ၏ ခံယူချက်များကိုပြုလုပ်ခြင်း"ဟူသော စာအုပ်တွင်၊ ဝါဒဖြန့်ချိရေးသမားများကြုံရသည့် အရေးကြီးသောပြဿနာများကို ဆွေးနွေးထားပါသည်။ သူက ဝါဒဖြန့်ချိရေးကို အမျိုးအစား (၂) ခု ခွဲခြားပါသည်။ ပထမတစ်ခုမှာ 'လှုံ့ဆော်သော ဝါဒဖြန့်ချိရေး'ဖြစ်ပြီး၊ လူများကို လှုပ်ရှားလာအောင်၊ မနာခံအောင် လှုံ့ဆော်ပေးရာ၌ အသုံးပြုပါသည်။ ဒုတိယတစ်ခုမှာ 'ပြန်လည်ပေါင်းစည်းစေသည့် ဝါဒဖြန့်ချိရေး'ဖြစ်ပါသည်။ ဤသို့ဝါဒဖြန့်ချိရေးမျိုးက လူမှုအဖွဲ့အစည်းအတွင်း၊ တစ်ပုံတစံတည်းဖြစ်အောင် ပြုစေ၍၊ အုပ်ချုပ်သူသစ်၏ အာဏာပိုင်ခွင့်နှင့် တန်ဖိုးများကို လက်ခံလာစေရန် ပြုပေးပါသည်။ ပြည်သူများကို ပြောင်းလဲလာသောအခြေအနေကြောင့်၊ အကျိုးဖြစ်ထွန်းလာပုံကို ဖော်ပြပေးပါသည်။ [၂၂]

အဲလား၏ အမြင်မှနေ၍ နိဂုံးချုပ်ယူပါက၊ လှုပ်ရှားမှုအတွင်း ပါဝင်ဆောင်ရွက်နေသူများအတွက် စည်းကြပ်မတ်ရန် လိုက်နာရန်ကျင့်ထုံး၊ သို့မဟုတ် ညွှန်ကြားချက်များ ပြုစုဖော်ထုတ်ရန် လိုအပ်ပါလိမ့်မည်။ အထွေထွေအားလုံးကို သိမ်းကျုံး၍ မနာခံရေးတောင်းဆိုနေမည့်အစား၊ မနာခံမှုကို တိကျသော သီးသန့်ဥပဒေအချို့အတွက်၊ စည်းမျဉ်းအချို့အတက်သာဆောင်ရွက်မည်ဆိုပါက ပို၍ သင့်လျော်ပါသည်။ ထို့အပြင်၊ ဝါဒဖြန့်ချိရေးအနေဖြင့် မကြာခဏဆိုသလို ပြည်သူများကို၊ လေးလေးနက်နက်သတိပေးနေရမည်မှာ၊ နာခံမှုကိုလက်ရှိအစိုးရထံမှ ရုပ်သိမ်း၍၊ ဒီမိုကရေစီလှုပ်ရှားမှုဖက်သို့ ပြောင်းကြရန်ပင် ဖြစ်ပါသည်။ လိုအပ်ပါက ပြည်သူလူထု၏ သစ္စာခံမှုကူးပြောင်းလာပါက၊ လက်ခံနိုင်စေရန်အတွက်၊ စင်ပြိုင် သို့မဟုတ် အခြားရွေးချယ်စရာ အဖွဲ့အစည်းများကို တည်ထောင်ထားရှိရန် လိုအပ်ကောင်း လိုအပ်ပါလိမ့်မည်။ တစ်ခါတရံ အဖွဲ့တစ်ခုလုံးက သစ္စာခံယူကူးပြောင်းလာမှုလည်း ရှိတတ်ပါသည်။

အမုန်းတရားနှင့် တင်ကူးဆုံးဖြတ်ထားသောအစွဲများမှာ၊ အပြင်းထန်ဆုံးသော ခံစားမှု (၂) ခုဖြစ်ပြီး၊ ၎င်းတို့ကို လွယ်ကူစွာလှုံ့ဆော်နှိုးဆွပေးနိုင်ပါသည်။ အချို့သော လူမှုအဖွဲ့အစည်းများတွင် ခံစားချက်များရှိနေကြပြီး၊ ပေါက်ကွဲရန်အချိန်ကို စောင့်ဆိုင်းနေတတ်ကြပါသည်။ လူအုပ်စုတစ်စု၏ ဤသို့ စိတ်ပြင်းထန်ခံစားမှုများကို မီးမြှိုက်ပေး၍၊ ရရှိမည့် ရေတိုရလာဒ်များသည်၊ ရေရှည်တည်ဆောက်ထိန်းသိမ်းကြရမည့် တည်ငြိမ်သော၊ အရပ်ဖက်လူမှုအဖွဲ့အစည်း၏ အနာဂါတ်ရေရှည်ဆိုးကျိုးများနှင့်ယှဉ်ကြည့်ပါက အသေးအမွှားမျှသာ ရှိပါသည်။ ဤသို့တည်ငြိမ်သော၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများထွန်းကားသောဝန်းကျင်၌သာလျှင်၊ ဒီမိုကရေစီအဖွဲ့အစည်းများ ရှင်သန်နိုင်ကြပါသည်။ ဒီမိုကရေစီလှုပ်ရှားမှုအတွက်၊ ဤသို့ စိတ်ခံစားမှုကို မလှုံ့ဆော် မဖောက်ခွဲပါက အကောင်းဆုံးဖြစ်ပါသည်။ အကယ်၍ မျက်နှာပြင်ပေါ်တက်လာ၍ ပေါက်ကွဲပါကလည်း၊ 'စနစ်'

---

[၂၂] Ellul, *Propaganda.* 71-79.:

ဆီသို့သာ ဦးလှည့်ပေးသင့်ပါသည်။ ဤစနစ်ကြောင့်သာ အာဏာရှင်စနစ်သက်ဆိုးရှည်နေရခြင်းဖြစ်ပြီး၊ ဤစနစ်ကြောင့် အကျိုးဖြစ်နေသူ လူတစ်စုထံသို့ ဦးမလှည့်စေသင့်ပါ။ "ရန်သူ"ဟူသော ခေါ်ဝေါ်သုံးစွဲမှုကိုလည်း၊ အာဏာဗဟိုချက်မတွင် ရှိနေသော၊ လူတစ်ဦး၊ လူတစ်စုထံသို့သာထား၍၊ ကျဉ်းမြောင်းစွာ အဓိပ္ပါယ်ဖွင့်သင့်ပါသည်။ ဖျက်ဆီးစေတတ်သော စိတ်ခံစားမှုများကြောင့်၊ အကျိုးဆက်ဖြစ်ရမည်ဆိုပါက၊ ထိုခေါင်းဆောင်များ သေဆုံးရမှု၊ ပြည်ပထွက်ပြေးရမှု၊ ထောင်ချခံရမှု စသည်တို့သာ ဖြစ်စေနိုင်ပါသည်။

## အကျဉ်းချုပ်

ဝါဒဖြန့်ချိရေးကိုအသုံးပြု၍၊ လူအများ၏ ခံယူချက်များနှင့် အမူအကျင့်များကို ဩဇာလွှမ်းမိုးရန် အသုံးချကြခြင်းကို၊ ရှေးယခင်မှ ယခုတိုင်၊ အာဏာရှင်အစိုးရများကရော၊ ဒီမိုကရေစီအင်အားစုများကပါ၊ နိုင်ငံရေးအာဏာအတွက် ရုန်းကန်လှုပ်ရှားနေကြစဉ်၌ အသုံးပြုနေကြပါသည်။ ဝါဒဖြန့်ချိရေးသည် ၎င်းကိုယ်၌က အကောင်းသဘော၊ အဆိုးသဘော မဆောင်ပါ။ ဤကရိယာကို မည်သို့မည်ပုံအသုံးပြုသည်နှင့် မည်သည့်ရည်ရွယ်ချက်ဖြင့် အသုံးပြုသည်နှင့်သာ ပို၍သက်ဆိုင်ပါသည်။ ကျင့်ဝတ်ပိုင်းဆိုင်ရာအရ ချင့်ချိန်လမ်းညွှန်၍သာ ဆောင်ရွက်သင့်ပါသည်။

# အခန်း (၈)
# မဟာဗျူဟာမြောက် စဉ်းစားခြင်း၏ အတွင်းသဘော

**“ရည်မှန်းချက်ကြီးကြီးထားလျှင်၊ ကြီးကြီးမားမားကိစ္စများကို လုပ်ရဲရမည်။”**

ကားလ် ဗွန် ကလော့စ်ဝစ်၊ *‘စစ်ပွဲ’* စာအုပ်မှ

Carl von Clausewitz, *On War*

မဟာဗျူဟာမြောက်တွေးခေါ်နည်းကို အထိရောက်ဆုံးလေ့လာရန်နည်းတစ်ရပ်မှာ၊ သွန်သင်သူ၊ ဆရာဖြစ်သူက ကြပ်မတ်သွန်သင်ပေးရာနေရာဖြစ်သည့် စစ်ရေးသင်တန်းကျောင်းများ၏ နည်းနာဥပမာများကို လိုက်နာရန်ပင်ဖြစ်သည်။ စစ်မှုရေးရာများကို ခြေရာကောက်ခြင်းသည် အရပ်သားများအဖို့အလှမ်းမမှီနိုင်သော ကိစ္စဖြစ်ပါသည်။ ထို့အပြင် အကြမ်းမဖက်တိုက်ပွဲဝင်သူများအဖို့၊ မိမိတို့၏မဟာဗျူဟာတွေးခေါ်မှုစွမ်းရည်ကို ပိုမိုထက်မြက်လာရေးအတွက် နှစ်နှင့်ချီ၍လေ့လာရလောက်အောင် အချိန်သော်လည်းကောင်း၊ အရင်းအမြစ်များသော်လည်းကောင်း ပေး၍ဆောင်ရွက်နိုင်ကြမည် မဟုတ်ပါ။ ဤအခန်း၏ရည်ရွယ်ချက်မှာ စာဖတ်သူအား “မြင်ကွင်းကျယ်”ကို ကြည့်၍စဉ်းစားပုံနှင့် ယှဉ်ပါးအောင်လုပ်ပေးရာ၌ အထောက်အကူဖြစ်စေမည့် မဟာဗျူဟာ မြောက်တွေးခေါ်ရှင်များအချို့၏အမြင်၊ အတွင်းသဘောများကို မိတ်ဆက်ပေးရန် ဖြစ်ပါသည်။ မက်ခီယာဗယ်လီ (Nicolo Machiaveli)၊ ကလော့ဇ်ဝစ် (Carl von Clausewitz)၊ ဂန္ဓီ (Gandhi) နှင့်လစ်ဒယ်လ်ဟတ် (Liddell Hart) တို့ကို အထောက်အကူဖြစ်စေရန် ရွေးချယ်ထားပါသည်။ သို့သော်လည်း အလားတူပင်အထောက်အကူဖြစ်စေနိုင်သော အခြားမဟာဗျူဟာတွေးခေါ်ရှင်များ အများအပြားရှိပါသေးသည်။

မက်ခီယာဗယ်လီ

> **အီတလီတွင် ဖြစ်ပွါးခဲ့သော များပြားလှသည့် လုပ်ရှားမှုများနှင့် လူထုအုံကြွမှုများက စစ်တပ်၏စွမ်းဆောင်နိုင်မှု ကုန်ဆုံးစပြုလာပြီဖြစ်ကြောင်း ဖေါ်ပြခဲ့သည်ဟုဆိုပါလျှင်၊ တကယ့်အကြောင်းရင်းမှာ မူလလက်ဟောင်း စစ်မှုရေးရာအတတ်များ အသုံးမဝင်တော့သည့်အပြင်၊ မည်သူတစ်ဦးတစ်ယောက်မှလည်း အသစ်တီထွင်နိုင်စွမ်း မရှိသေးသောကြောင့် ဖြစ်ပါလိမ့်မည်။ အာဏာရစပုဂ္ဂိုလ်တစ်ဦးအဖို့ စည်းမျဉ်းသစ်၊နည်းလမ်းသစ်များ ရရှိသည်ဟူသော ဂုဏ်ပုဒ်ထက် ပို၍ကြီးမြတ်သော ဂုဏ်ပုဒ်မရှိချေ။**
>
> မက်ခီယာဗယ်လီ
>
> ***The Prince***

နီကိုလို မက်ခီယာဗယ်လီ (၁၄၆၉–၁၅၂၇) သည် ဥရောပတလွှား၊ ရောမစီးပွါးရေးနှင့် လူမှုရေးပြောင်းလဲမှုကြီးများဖြစ်ပေါ်နေချိန်တွင်၊ ကြီးပြင်းခဲ့သူဖြစ်သည်။[၂၇] ကုန်ပစ္စည်းချင်းဖလှယ်သော ဘာတာစီးပွါးရေးစနစ်မှနေ၍၊ ငွေကြေးကြားခံအသုံးပြုသော စီးပွါးရေးစနစ်သို့ ကူးပြောင်းသွားခြင်းကြောင့်၊ အာဏာကို ဗဟိုမှချုပ်ကိုင်မှု ပိုများလာခဲ့သည်။ ကုန်သည်တို့နှင့် မဟာမိတ်ပြုထားသူ မင်းဧကရာဇ်များသည် ဥစ္စာဓနပို၍ကြွယ်ဝလာကြပြီး၊ ဥစ္စာဓနကြောင့် ကြေးစားတပ်များ ဖွဲ့စည်းအသုံးချလာနိုင်ခဲ့သည်။ ဤသို့ဖြင့်အုပ်စိုးသူတို့သည်၊ စိုက်ပျိုးခြင်းနှင့်ရိပ်သိမ်းခြင်းအလုပ်အားမှသာလျှင် ဆင့်ခေါ်၍ရရှိတတ်သော စစ်သားများအတွက်၊ မြေရှင်တို့အပေါ် မှီခိုအားထားစရာသိပ်မလိုတော့ချေ။ ဥစ္စာဓနလွန်စွာမချမ်းသာသူ ဘုရင်တို့၏ခံတပ်များကို ခွင်းနိုင်သည့် အတော်အသင့်ဆန်းသစ်သည်ဆိုနိုင်သော၊ အမြောက်လက်နက်များကိုလည်း ဤဥစ္စာဓနဖြင့် ဝယ်ယူနိုင်ခဲ့သည်။

အာဏာတိုက်ပွဲတွင်၊ ဖြစ်ပွါးခဲ့သော အပြောင်းအလဲများနှင့်ပတ်သက်၍၊ မက်ခီယာဗယ်လီက ကြေးစားတပ်များအသုံးပြုခြင်းနှင့် ပတ်သက်သောအဓိကပြဿနာများကို တင်ပြခဲ့သည်။ မှန်ပါသည်။ အုပ်စိုးသူတို့သည် သူရဲကောင်းများ (Knights) နှင့် မြေကျွန်များကို အားထားစရာမလိုတော့ပေ။ ကြေးစားစစ်တပ်မှာ နောက်ထပ်တစ်ပန်းသာမှု တစ်ခုရှိပါသေးသည်။ ၎င်းမှာ အုပ်စိုးသူ၏ တိုင်းနိုင်ငံနယ်နိမိတ်အတွင်းရှိ အတိုက်အခံများကို နှိပ်ကွပ်ရာ၌ အသုံးပြုနိုင်ခြင်းနှင့်၊ လယ်ယာစိုက်ပျိုးထုတ်လုပ်ရေးဝင်ငွေကို မထိခိုက်စေပဲ၊ ကာလရှည်စစ်ဆင်ရေးများ ဆင်နိုင်ခြင်းတို့ပင်ဖြစ်သည်။ သို့ရာတွင်ကြေးစားတပ်များ အသုံးပြုရာ၌ ၎င်းတို့မှာ ပင်ကိုယ်တစ်ပန်းသာမှုများရှိသည့်နည်းတူ၊ ပင်ကိုယ်အဆိုးနှင့်အားနည်းချက်များလည်းရှိကြောင်း၊ မက်ခီယာဗယ်လီက ထောက်ပြခဲ့သည်။ ကြေးစားစစ်သားတို့သည် သူတို့၏နတ်မင်းဖြစ်သော ဘုရင်အတွက်၊ သို့မဟုတ် တိုင်းပြည်

---

[၂၇] Robert Maynard Hutchins, ed., *Great Books of the Western World*, (Chicago: University of Chicago, 1952), 23: ix-x.

အတွက် တိုက်ခြင်းမဟုတ်ပဲ၊ ငွေအတွက်တိုက်ကြခြင်း ဖြစ်သည်။ အများအားဖြင့်သစ္စာမရှိ။ စစ်ပွဲမှာလည်း သတ္တိပြောင်စွာ တိုက်ခိုက်မည်ဟု မသေချာ။ ထို့အပြင် စည်းကြပ်အမိန့်ပေးရန်လည်း ခက်ခဲသည်။

အမြောက်လက်နက်ကို တန်ပြန်နိုင်မည့် ဖွဲ့စည်းပုံအသစ်၊ နည်းဗျူဟာအသစ်များလိုအပ်ကြောင်း၊ ကျေးလက်ဒေသမှနေ၍ စုဆောင်းရရှိသော နိုင်ငံသားစစ်သားများသည်၊ အုပ်စိုးသူအတွက်ပို၍ကောင်းကောင်း အမှုတော်ထမ်းမည့်အပြင် ကြေးစားများထက်ပို၍၊ ရဲစွမ်းသတ္တိရှိစွာတိုက်ပေးမည်ဖြစ်ကြောင်းကိုလည်း၊ မက်ခီယာဗယ်လီက ရေးသားခဲ့သည်။ စစ်တိုက်မည်ဆိုလျှင် ငွေကုန်ကြေးကျများသည့်အတွက်ကြောင့်၊ စစ်ကို "လျှင်လည်းလျှင်မြန်၊ ထိလည်းထိရောက်စွာ" တိုက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ အုပ်စိုးသူတို့မွဲပြာကျသွားခြင်း၊ ပြည်သူတို့အကြီးအကျယ်မကျေမချမ်းဖြစ်အောင်လုပ်မိခြင်းတို့မှ ရှောင်ကျဉ်နိုင်မည် ဖြစ်ကြောင်းကိုလည်း သူကမြင်ခဲ့သည်။ [၂၆]

အာဏာရှင်အစိုးရတို့သည် လက်စားချေမခံရစေရေးအတွက်၊ ရန်သူကိုသတ်ဖြတ်သုတ်သင်ရန် လိုအပ်ကြောင်း"မင်းသား" (*The Prince*) အမည်ရ စာအုပ်ပါအကြံပြုချက်များတွင်၊ မကြာခဏကိုးကားဖော်ပြလေ့ရှိကြသည်။ မည်သို့ဖြစ်စေ၊ ဤမဟာဗျူဟာတွေးခေါ်ရှင်ကြီးမှာ ပိုမိုပွင့်လင်းသောလူ့အဖွဲ့အစည်းပေါ်ပေါက်ရေးအတွက် တောင်းဆိုနေသူ ယနေ့ခေတ်ပုဂ္ဂိုလ်များနှင့်ပို၍ စပ်ဆိုင်သော အခြားအမြင်များလည်း ဖော်ပြခဲ့ပါသေးသည်။ ဥပမာ၊ အုပ်စိုးသူမှာ အာဏာအခြေခိုင်သွားပြီဆိုလျှင်၊ သမတနိုင်ငံအစိုးရပုံစံသည်သာ အကောင်းဆုံးဖြစ်သည်ဟု သူယုံကြည်ခဲ့သည်။ အစိုးရတစ်ရပ်လုံခြုံစွာ၊ ရေရှည်ရပ်တည်နိုင်ရေးအတွက် နိုင်ငံသားတပ်မတော် တစ်ရပ်ရှိရမည့်အပြင်၊ နိုင်ငံရေးအာဏာချိန်ခွင်လျှာထိန်းညှိမှုလည်း ရှိရလိမ့်မည်ဟု သူကဆင်ခြင်ဖော်ပြခဲ့သည်။

မက်ခီယာဗယ်လီသည် သူ့ခေတ်သူ့အခါက၊ နိုင်ငံရေးနှင့် စီးပွါးရေး၊ လူမှုရေးအခြေအနေတို့ အပြန်အလှန်ဆက်စပ်နေပုံကိုတွေ့ရှိခဲ့သည့်အပြင်၊ ပဒေသရာဇ်ခေတ်အဖွဲ့အစည်းများ ဖျက်သိမ်းပေးခဲ့သော၊ ထိုအင်အားစုများနေရာမှန်ရရှိရေးအတွက် ပြုပြင်ပြောင်းလဲမှုများလုပ်ပေးရန် အကြံပြုတင်ပြခဲ့သည်။ သူက ဤ"မြင်ကွင်းကျယ်"ကို မြင်နိုင်စွမ်းရှိသူဖြစ်ပြီး၊ ဤအမြင်ကိုလည်း တိကျစွာရှင်းပြနိုင်စွမ်း ရှိသူဖြစ်သည်။ သူသည်လက်တွေ့ကျကျဆောင်ရွက်တတ်သောဝါဒီ (pragmatist) တစ်ဦးလည်း ဖြစ်သည်။ ဤအခန်း၏အစတွင် ဖော်ပြခဲ့သောသူ့အမြင်များသည်၊ အများကမသိကျိုးကျွံပြုခဲ့သောအရာကိစ္စများ ဖြစ်သည်။ ပထမကမ္ဘာစစ်ကာလက တပ်မှူးများသည်၊ စက်သေနတ်များနှင့် ပစ်မှတ်ကိုအတိအကျ ချိန်ရွယ်ပစ်ခတ်နိုင်သော အမြောက်ကြီးများကိုတီထွင်ရေးထက်၊ မဟာဗျူဟာနှင့် နည်းဗျူဟာများ ရေးဆွဲတီထွင်ရေးကိုသာ ဦးစားပေးခဲ့ဟန်တူပါသည်။ မည်သည့်အတွက်ကြောင့်၊ အနောက်ဖက်စစ်မျက်နှာတွင် ဤမျှအတုံးအရုံးကျဆုံးခံရပြီးကာမှ၊ မဖြစ်စလောက်အကျိုးအမြတ်ကလေးသာရရှိသနည်း ဆိုသည်ကို၊ သူက လွဲ၍ အခြားမည်သူ ရှင်းပြနိုင်ပါမည်နည်း။ ဤအဆိုအမိန့်က လက်ရှိလုပ်နေသောအလုပ်သည် မထိရောက်ပါက၊ နောက်ထပ် သည်အတိုင်းလုပ်လျှင်လည်း၊ အကျိုးမထူးဟု ဆိုလိုဟန်ရှိနေပါသည်။

မက်ခီယာဗယ်လီတို့ခေတ်တွင်၊ အမြောက်လက်နက်က စစ်ပွဲ၏ သဘောလက္ခဏာကို ပြောင်းလဲခဲ့သည့်နည်းတူပင်၊ နည်းပညာတိုးတက်မှုက မိမိတို့၏ အကြမ်းမဖက်တိုက်ပွဲနည်းလမ်းကို ပြောင်းလဲပစ်ရန် အခွင့်သာစေမှုများ ပေးထားပါသည်။ ကွန်ပြူတာများ၊ အင်တာနက်လမ်းကြောင်း၊ လက်ကိုင်ဖုန်းနှင့် ဂြိုဟ်တုဖုန်းများ၊ စာဝှက်နိုင်သည့် ပရိုဂရမ်များ (encryption programs)၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့သည် အကြမ်းမဖက်တိုက်ပွဲ၏ အဓိကလက်နက်ကရိယာများ ဖြစ်လာပါသည်။

မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲဆင်နွှဲရေးအတွက်၊ ကြိုတင်ပြင်ဆင်ရာ၌ နိုင်ငံရေးအင်အားစုများနှင့် လူမှုရေး၊ စီးပွါးရေးအင်အားစုတို့ ဤသို့အပြန်အလှန်ဆက်စပ်နေပုံကို နားလည်ထားရန်မှာ အထူးအရေးကြီးပါသည်။ ယနေ့ခေတ်၌ ကမ္ဘာအနှံ့လွှမ်းခြုံရေးဖြစ်စဉ် (globalization) ကြောင့်၊ စစ်မြေပြင်ကို မက်ခီယာဗယ်လီ တွေးကြည့်နိုင်လောက်မည့် အတိုင်းအတာထက်များစွာ ကျယ်ဝန်းအောင်တိုးချဲ့နိုင်သောအခွင့်အလမ်းများရှိနေသည်ဖြစ်ရာ၊ ဤအင်အားစုများကို ပြည်တွင်းမှာသာမက၊ ပြည်ပအနှံ့အပြားမှာပါ ကြည့်ရပေလိမ့်မည်။
မဟာဗျူဟာမြောက်အကြမ်းမဖက်တိုက်ပွဲသည်၊ လွတ်မြောက်ရေးအတွက် ပြည်သူတို့ကိုယ်တိုင် ဆင်နွှဲသောတိုက်ပွဲ ဖြစ်သည်။ စစ်ပွဲဆင်နွှဲရေးနှင့် ပတ်သက်၍ မက်ခီယာဗယ်လီ အကြံပြုတင်ပြခဲ့သောအယူအဆအရဆိုလျှင်၊ ပြည်သူတို့သည်

---

[၂၆] Felix Gilbert, "The Renaissance of the Art of War," in *Makers of Modern Strategy from Machiavelli to the Nuclear Age*, Peter Paret, ed., (Princeton University Press, 1968), 11-31.

“နိုင်ငံသားတပ်မတော်”၏ စစ်သည်တော်များဖြစ်ပါသည်။ ပြည်သူတို့အနေဖြင့် ဒီမိုကရေစီရေးတိုက်ပွဲတွင် ပါဝင်ခြင်း မပြုပါက မိမိတို့၏လွတ်လပ်မှုကို၊ အဖျက်ရန်မှ ရေရှည်တည်တံ့စေရန် ကာကွယ်ထိန်းသိမ်းထားနိုင်မည် မဟုတ်ချေ။ အကြမ်းမဖက်တိုက်ပွဲဆင်နွှဲသော ဖြစ်စဉ်သည်၊ ပြည်သူတို့အဖို့ မိမိကိုယ်မိမိ ဒီမိုကရေစီချမှတ်တည်ထောင်စေသော ဖြစ်စဉ်ဖြစ်သည်။ ပြည်သူတို့သည် အောက်ခြေထုပိုင်းခေါင်းဆောင်မှု၊ အုပ်စုချင်းပူးပေါင်းဆောင်ရွက်မှု၊ ပန်းတိုင်နှင့် ရည်မှန်းချက်များ ဖေါ်ထုတ်တင်ပြမှုတို့ စသည်တို့ အရေးပါပုံကို ကိုယ်တွေ့တွေ့ကြုံသိမြင်ခွင့်ရစေသည်။

စစ်ပွဲသည် “လျှင်လည်းလျှင်မြန်၊ထိလည်းထိရောက်”ရမည်ဟူသော မက်ခီယာဗယ်လီ၏အမြင်သည်၊ အကြမ်းမဖက်တိုက်ပွဲတွင် အခါခပ်သိမ်းမှာ အသုံးတည့်နိုင်ဖွယ်မရှိချေ။ သို့ရာတွင် ၎င်း၏အခြေခံသဘောတရားကမူ အသုံးတည့်ပါသည်။ လျှင်မြန်မှုနှင့် ဆုံးဖြတ်ဆောင်ရွက်နိုင်မှု ထိရောက်မှုမြင့်မားလေ အရှိန်အဟုန်ရလေဖြစ်သည်။ တကယ်တော့ အကြမ်းမဖက်တိုက်ပွဲ ဗျူဟာချမှတ်သူများ အနေဖြင့်၊ အရင်းအမြစ်များနှင့် ပြည်သူတို့၏ခံနိုင်စွမ်းရည်သည် အကန့်အသတ်ရှိကြောင်း သိထားစေသင့်ပါသည်။ မဟာဗျူဟာအနေဖြင့်၊ သင့်တော်သောကာလတစ်ခုအတွင်းတွင်၊  လူထုကြီးကိုစည်းရုံး၊ ရန်သူ၏အာဏာအခြေအမြစ်များကိုတိုက်ခိုက်ပြီး၊ အောင်ပွဲကိုအရယူရေး မဟာဗျူဟာဖြစ်သင့်ကြောင်းစွဲမှတ်ထားရပါလိမ့်မည်။ အကောင်းဆုံးမှာ ရန်သူ၏ထောက်တိုင်များ မြန်မြန်ဆန်ဆန်ပြိုကျသွားပြီး၊ အုပ်စိုးရေးနည်းလမ်းများ လက်မဲ့ဖြစ်သွားသောအခါမျိုးတွင် အကြမ်းမဖက်ရေး လျှပ်စီးစစ်ဆင်ရေး (blitzkrieg) ကိုဆင်နွှဲခြင်း ဖြစ်သည်။ သို့ရာတွင် အစဦးကာလတွင်၊ အကြမ်းမဖက်လှုပ်ရှားမှုအဖို့ ဤသို့သောစစ်ဆင်ရေးမျိုးဆင်နွှဲရေးအတွက်၊ လိုအပ်သောညှိနှိုင်းမှု၊ အစီအမံရေးဆွဲရေးဆိုင်ရာ ကျွမ်းကျင်မှု၊ စည်းကမ်းနှင့် အရင်းအမြစ်များ အသင့်ရှိနေသည်မှာ ရှားပါးလှပါသည်။

## ကလော့ဇ်ဝစ်

ကားလ် ဗွန် ကလော့ဇဝစ် (Carl von Clausewitz) သည်၊ ပရပ်ရှင်းစစ်အရာရှိတစ်ဦး၏သားဖြစ်ပြီး၊ (၁၇၈၀) ခုနှစ်တွင် မွေးဖွားသည်။ တပ်ထဲရောက်ပြီးမကြာမီမှာပင်၊ ကလော့ဇဝစ်သည် သူ၏စွမ်းရည်ကိုအသိအမှတ်ပြုရသော၊ နောင်တွင်မိတ်ဆွေလည်းဖြစ်၊ သွန်သင်သူဆရာလည်းဖြစ်လာမည့်သူ ဗိုလ်ချုပ်ကြီးဂျာဟတ်ဗွန်ရှန်းဟော့ (Gerhard von Scharnhost) နှင့်သိကျွမ်းခွင့်ရခဲ့ပါသည်။ သူသည် စစ်သဘောတရားရော၊ လက်တွေ့ပါကျွမ်းကျင်ပိုင်နိုင်သူဖြစ်လာရန် အခွင့်သာစေမည့် တာဝန်များ ပေးအပ်ခံရအောင်လည်း စွမ်းဆောင်နိုင်ခဲ့သည်။ (၁၈၁၈) ခုနှစ်တွင် သူသည်ဗိုလ်မှူးချုပ်အဆင့်အထိ ရာထူးတက်ခဲ့ပြီးနောက်၊ သူမကွယ်လွန်မီလေးလောက်မှာပင် (၁၈၃၁) ခုနှစ်၌၊ ပရပ်ရှန်းစစ်တက္ကသိုလ် (Prussion War School) ၏ ကျောင်းအုပ်ကြီး ဖြစ်လာခဲ့သည်။ ဤကာလအတွင်း၌ **“စစ်ပွဲ”**(*On War*--Vom Kriege) အမည်ရှိ စာအုပ်ကို ရေးသားခဲ့ခြင်းဖြစ်သည်။ [၂၅]

**စစ်ပွဲ**စာအုပ်ကို စစ်ရေးစီမံရာ၌ တိုက်ဆိုက်စစ်ဆေးနိုင်သည့် လမ်းညွှန်စာအုပ်တစ်အုပ်အဖြစ် ရည်ရွယ်ခဲ့သည် မဟုတ်ချေ။ ၎င်းသည်စစ်ပွဲကို အဘိဓမ္မာရေးအရ လေ့လာတင်ပြထားသော စာအုပ်တစ်အုပ် ဖြစ်သည်။ ပြင်သစ်တော်လှန်ရေးနှင့် ၎င်း၏အမွေခံဖြစ်သော နပိုလီယန်တို့က၊ စစ်ရေးစီမံပုံကို အကြီးအကျယ်ပြောင်းလဲစေခဲ့ကြောင်း၊ ကလော့ဇဝစ်က နားလည်သဘောပေါက်ခဲ့သည်။ တပ်ဖွဲ့ငယ်များဖြင့် အကွက်စိပ်စိပ်စစ်ကစားခြင်းအားဖြင့်၊ ရောမတပ်မတော်ကြီးအချင်းချင်းဖက်ပြိုင်တိုက်ခိုက်ခါ၊ အဆုံးအဖြတ်အောင်ပွဲရအောင် တိုက်ခိုက်ကြခြင်းဖြစ်ပြီး၊ နှစ်ဖက်စလုံး အကြီးအကျယ်ထိခိုက်နစ်နာစေနိုင်သည့် အဖြစ်ကိုလည်း လက်ခံရစေနိုင်သည်။ (***စစ်သည် အစွမ်းကုန် တစ်ဖက်စွန်းရောက်အောင် အကြမ်းဖက်ရသော လုပ်ရပ်ဖြစ်သည်***။) ကလော့ဇ်ဝစ်သည် စစ်ရေးကိုစီမံတိုက်ခိုက်မည်ကို ဖော်ပြခဲ့ခြင်းမဟုတ်ပဲ၊ စစ်ပွဲနှင့်ပတ်သက်၍ မည်သို့တွေးခေါ်ယူဆရမည်ဟူသောအတွင်းသဘောကို ဖော်ပြခဲ့သည်။ သူကဖော်ပြရာတွင်၊ အဂ္ဂမဟာဗျူဟာ (Grand Strategy) တွင် (သံတမန်ရေး၊ စီးပွါးရေးနှင့် နိုင်ငံရေးလမ်းညွှန်မှုများ ပါဝင်သည်။)၊ နိုင်ငံရေးခေါင်းဆောင်မှုသည် အမြင့်ဆုံးတာဝန်ရှိသည်ဟု ရေးသားခဲ့သည်။[၂၆] ယနေ့ခေတ်တပ်မှူးများအဖို့၊ မဟာဗျူဟာရေးဆွဲရာ၌ ပေါ်လစီဆိုင်ရာရည်မှန်းချက်များနှင့် ဦးစားပေးသတ်မှတ်ချက်များအောင်မြင်ရေးအတွက်၊ ငဲ့ကွက်စဉ်းစားစရာများ ရှိနေတတ်သည်။ ၎င်းငဲ့ကွက်စဉ်းစားစရာ ကန့်သတ်ချက်များမှာ၊ အရင်း

---

[၂၅] Porter Paret, “Clausewitz” in *Makers of Modern Strategy from Machiavelli to the Nuclear Age*, Peter Paret, ed., (Princeton University Press, 1968), 186-211.

[၂၆] Hans W Gatzke, Introduction to *Principles of War* by Carl von Clausewitz, Hans Gatzke, trans. and ed. (Harrisburg: Military Service Publishing, 1952), 1-10.

အမြစ်များကို ခွဲဝေသတ်မှတ်ခြင်း၊ စစ်ဆင်ရေးနယ်မြေ သတ်မှတ်ခြင်း၊ တိုက်ပွဲစည်းမျဉ်းများ ထုတ်ပြန်ခြင်း၊ ရည်မှန်းချက်များ သတ်မှတ်အကဲဖြတ်ခြင်းကဲ့သို့သော လုပ်ဆောင်ချက်များဖြစ်သည်။

စစ်ပွဲ၏သဘောသဘာဝနှင့် ဆောင်ရွက်ပုံ အစီအမံများတွင် အပြောင်းအလဲများရှိကြောင်းကို ကလော့ဇ်ဝစ်နှင့် မက်ခီယာဗယ်လီတို့က အသိအမှတ်ပြုခဲ့ကြသည့်နည်းတူပင်၊ အကြမ်းမဖက်လုပ်ရှားမှု မဟာဗျူဟာရေးဆွဲသူများအနေဖြင့်လည်း၊ အကြမ်းမဖက်တိုက်ပွဲအစီအမံအပေါ် ဩဇာသက်ရောက်နေသော အဓိကပြောင်းလဲမှုကြီးများကို နားလည်အသိအမှတ်ပြုထားရပေမည်။ မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲအပေါ် အကျိုးသက်ရောက်နေသော အရေးအကြီးဆုံး အကြောင်းအချက်များကား သိပ္ပံနှင့်နည်းပညာတိုးတက်မှုများ ဖြစ်နိုင်ပါသည်။ ဥပမာ၊  လူ၊ ရုပ်ဝတ္ထုပစ္စည်း၊ သတင်းအချက်အလက်နှင့် အရေးကြီးဆုံးဖြစ်သော အကြံဉာဏ်တို့၏ လှုပ်ရှားမှုမြန်ဆန်ရခြင်းသည်၊ သိပ္ပံနှင့်နည်းပညာတိုးတက်မှုတို့၏ တိုက်ရိုက်အကျိုးသက်ရောက်နေမှုပင် ဖြစ်ပါသည်။

အစိုးရများသည် ပို၍ဗဟိုချုပ်ကိုင်မှုလုပ်လာကြသောအခါ၌၊ ပြည်သူတို့အား ကန့်သတ်ချုပ်ချယ်သောဥပဒေများ၊ ကြပ်မတ်စောင့်ကြည့်မှုများနှင့်၊ ပို၍ကျွမ်းကျင်လိမ်မာသောရဲတပ်ဖွဲ့များဖြင့် ပို၍ထိန်းချုပ်မှု လုပ်လာနိုင်ပါသည်။ တစ်ချိန်တည်းမှာပင်၊ အစိုးရပိုင်မဟုတ်သော အဖွဲ့အစည်း (အဲန်ဂျီအို) များ၊ အသင်းအပင်းများ၊ နိုင်ငံခြားအစိုးရများ၊ နိုင်ငံစုံကော်ပိုရေးရှင်း အဖွဲ့များ၊ စသဖြင့်အင်အားစုများက၊ အစိုးရအပေါ် တန်ပြန်ဖိအားသက်ရောက်မှုရှိနေသည်ကိုလည်း၊ များစွာမဟုတ်သော်မှ အနည်းအကျဉ်းသဘောမျိုး ကြုံတွေ့နေရပါသည်။ ဤအဖွဲ့အစည်းများထဲမှအချို့သည် သူတို့၏အကျိုးစီးပွါး (တစ်ခါတရံ၌ အလွန်ကျဉ်းမြောင်းသော အကျိုးစီးပွါး) အရ၊ အစိုးရများအပေါ် ဩဇာလွှမ်းမိုးလိုကြခြင်း ဖြစ်ပါသည်။

မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲတွင်၊ လက်နက်ကိုင်တိုက်ပွဲကဲ့သို့ပင်၊ "စစ်မျက်နှာ"ကို အခြားနိုင်ငံများအထိ တိုးချဲ့ထားရပါမည်။ နိုင်ငံတစ်ခုရှိ တစ်ပါတီအာဏာရှင်အစိုးရ၏ အာဏာအခြေအမြစ်သည်၊ အခြားနိုင်ငံတစ်ခုတွင် ဌာနချုပ်နှင့် အဓိကအစုရှယ်ယာဝင်များ အခြေစိုက်သည့်၊ နိုင်ငံစုံကော်ပိုရေးရှင်းတစ်ခု ဖြစ်နေတတ်ပါသည်။ ဤအာဏာအခြေအမြစ်ကို တိုက်ခိုက်ရာ၌ အစုရှယ်ယာဝင်များ၏ အစည်းအဝေးများ၊ တရားခံရုံးများ၊ အယ်ဒီတာအာဘော်စာမျက်နှာများ၊ တက္ကသိုလ်ပရဝုဏ်အတွင်းလှုပ်ရှားမှုများ၊ သို့မဟုတ် သပိတ်မှောက်ကန့်ကွက်မှုများ၊ လမ်းပေါ်ထွက်ကန့်ကွက်ဆန္ဒပြမှုများ ထည့်သွင်းနိုင်ပါသည်။ တိုင်းနိုင်ငံနယ်နိမိတ်၏ပြင်ပတွင်လည်း မဟာမိတ်များကို ရှာဖွေတွေ့နိုင်ပါသေးသည်။ ဥပမာ၊ ကုလသမဂ္ဂ၏ အဖွဲ့အစည်းများ၊ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International)၊ နယ်စည်းမခြားဆရာဝန်များအဖွဲ့ (Doctors without Borders) နှင့် အမျိုးသား ဒီမိုကရေစီ ထောက်ပံ့ရေးအသင်းကြီး (National Endowment for Democracy) တို့သည်၊ ဒီမိုကရေစီလှုပ်ရှားမှု၏ မဟာမိတ်များနှင့် မိတ်ဆွေများဖြစ်လာဖွယ်ရှိသော အဖွဲ့အစည်းအချို့ဖြစ်ပါသည်။

**စစ်ပွဲ** ကျမ်းစာအုပ်သည်၊ စာဖတ်သူအား စစ်ပွဲနှင့်ပတ်သက်၍ အဘိဓမ္မာရေးအရ လေ့လာတင်ပြထားသော်လည်း၊ ကလော့ဇ်ဝစ်၏ စစ်ပွဲနှင့်ပတ်သက်သောအမြင်များသည်၊ အကြမ်းမဖက်တိုက်ပွဲဆင်နေသူများအဖို့လည်း စိတ်ဝင်စားစရာလည်းကောင်း၊ တန်ဖိုးလည်း ရှိနိုင်ပါသည်။

**"နိုင်ငံရေးရည်မှန်းချက်များသည် ပန်းတိုင်ဖြစ်သည်။ စစ်သည် ပန်းတိုင်ရောက်ရေး နည်းလမ်းဖြစ်သည်။ နည်းလမ်းကို ၎င်း၏ ရည်မှန်းချက်နှင့်ကင်းကွာ၍ တစ်သီးတစ်ခြားစီထား၍ မည်သည့်အခါမျှ မစဉ်းစားသင့်ချေ။"** [၂၇]

အကြမ်းမဖက်တိုက်ပွဲရည်မှန်းချက်များသည်၊ ယေဘုယျအားဖြင့်၊ လွတ်လပ်မှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးလေးစားမှုနှင့် တရားဥပဒေစိုးမိုးရေးတို့ ပါဝင်ပါသည်။ ဤသို့ဖြင့် "နည်းလမ်းနှင့် ရည်မှန်းချက်နိဂုံး"တို့သည်၊ လိုက်ဖက်သည်သာမက၊ တစ်ခုကိုတစ်ခုလည်း အပြန်အလှန် အားဖြည့်အကျိုးပြုပေးနေပါသည်။ အကြမ်းဖက်ဝါဒ၏ရည်ရွယ်ချက်သည် အများပြည်သူထဲ၌ အကြောက်တရားသွတ်သွင်းပေးရေးကို လက်ကိုင်ထားသည်ဖြစ်ရာ၊ နည်းလမ်းအနေဖြင့် ဒီမိုကရေစီရရှိရေး ရည်မှန်းချက်နှင့် မလိုက်ဖက် ဆန့်ကျင်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဒီမိုကရေစီကိုသော်လည်းကောင်း၊ အရပ်ဖက်လူမှုအဖွဲ့

[၂၇] Carl von Clausewitz, *On War*, edited and translated by Michael Howard and Peter Paret, (Princeton: Princeton University Press, 1976), 73.

အစည်းများ ဖွံ့ဖြိုးရေးအတွက်၊ အထောက်အကူပြုသော တန်ဖိုးကိုလည်း အားပေးခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ အာဏာရှင်အစိုးရတစ်ရပ်ကို အတိုက်အခံအင်အားစုတို့က၊ သမရိုးကျစစ်ရေးလုပ်ရှားမှုဖြင့် ဆန့်ကျင်မည်ဆိုပါက၊ ဖိနှိပ်သူ၌ တွန်းလှန်သူ အရပ်သားများထက် အစဉ်သဖြင့် အဆမတန်အားသာနေနိုင်ပြီး၊ အကောင်းဆုံးစွမ်းဆောင်နိုင်ပါမှ၊ တန်ဖိုးကြီး ကြီးပေးဆပ်ပြီးခါမှ၊ အာဏာချိန်ခွင်လျှာတန်းတူရုံလောက်သာ ဖြစ်နိုင်ပါသည်။ စီးပွါးရေးသိသိသာသာ ထိခိုက်ပျက်စီးရမှု နှင့်အတူ၊ စစ်တပ်ဖက်တွင်သော်လည်းကောင်း၊ အရပ်သားများဖက်တွင်သော်လည်းကောင်း အကြီးအကျယ်ကျဆုံး၊ ဒဏ်ရာရ ထိခိုက်ခြင်းများ ဖြစ်စေနိုင်ပါသည်။ ပြောက်ကျားစစ်ရေးအားလုံးနီးပါးလောက်သည်၊ နှစ်ဖက်စစ်ခင်းသူတို့၏လက်ချက်ဖြင့် အရပ်သားပြည်သူများကို အတိဒုက္ခရောက်စေပါသည်။ ဖိနှိပ်သူအစိုးရက၊ အရပ်သားများကို သူပုန်သောင်းကျန်းသူများဟု မြင်လေ့ရှိပြီး၊ ရိက္ခာနှင့်အခြားပစ္စည်းများကို သိမ်းယူခြင်း၊ ကောက်ပဲသီးနှံပင်များကိုဖျက်ဆီးပစ်ခြင်း၊ အရပ်သားများကို အစောင့်အကြပ်ထူထဲစွာ ချထားသောနေရာများသို့ အဓမ္မပြောင်းရွှေ့စေခြင်း၊ အစဉ်မပြတ် မေးမြန်းစစ်ကြောခြင်းတို့ ပြုနိုင် သည့် အပြင်၊ ပဋိပက္ခမစတင်မီက နဂိုရှိရင်းစွဲ အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်မှုဥပဒေများသည်ပင်၊ အရေးပေါ် ဥပဒေများ ကြေငြာသည့်အခါ၌ ကွယ်ပျောက်ဆုံးရှုံးကြရတတ်ပါသည်။ အခြားတစ်ဖက်၌မူ ပြောက်ကျားတပ်ဖွဲ့များက အရပ် သားပြည်သူများအား အခွန်၊ ရိက္ခာ၊ တပ်သားသစ်နှင့် ထောက်လှမ်းရေးတပ်သားထောက်ပံ့ပေးသူများအဖြစ် သဘောထား ကြပါသည်။ ပြောက်ကျားလုပ်ရှားမှုကို မထောက်ခံသူများအား၊ သင်ခန်းစာပေးသည့်အနေဖြင့် အစိုးရသတင်းပေးဟု မသင်္ကာ ရသူများအပေါ် ကြမ်းရမ်းပြတတ်ပါသည်။ ဒုက္ခရောက်နေသော ပြည်သူတို့အဖို့ စစ်ပြိုင်နေသောနှစ်ဖက်စလုံးသည်၊ ထူးမခြားနား ဟု မြင်လာကြပေလိမ့်မည်။ (နှစ်ဖက်စလုံးကို ကြမ်းကြုတ်သော၊ လုယက်စားသောက်နေကြသော၊  ဖိနှိပ်သူများအဖြစ် မြင်ကြ ပါလိမ့်မည်။)

**နည်းဗျူဟာသည် တိုက်ပွဲတစ်ခုအတွင်း၌၊ လက်နက်ကိုင်တပ်ဖွဲ့တစ်ခုဖြင့် ဖေါ်ဆောင်နည်း သီအိုရီ သဘောတရားကို ညွှန်း သည်။ မဟာဗျူဟာသည် စစ်ပွဲ၏ရည်ရွယ်ချက်အတွက်၊ တိုက်သော တိုက်ပွဲ၏ သီအိုရီ၊ သဘောတရားကို ညွှန်းသည်။** [၂၈]

တိုက်ပွဲအရှိန်တက်နေချိန်၌၊ ဤအတွင်းသဘောကို ဂရုမထားပဲရှိနေတတ်ပြီး၊ ချမှတ်ထားသော မဟာဗျူဟာကိုပြန်မကြည့်ပဲ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်တတ်ပါသည်။ မဟာဗျူဟာက၊ မည်သည့်တိုက်ပွဲမျိုး တိုက်ရမည်ကို သတ်မှတ်ပေးပါသည်။ အကြမ်းမဖက် တိုက်ပွဲမဟာဗျူဟာသည်၊ လွန်လေပြီးသော အကြမ်းမဖက်လုပ်ရှားမှုများထဲမှနေ၍ ပေါ်ထွက်လာခြင်း ဖြစ်သည် ဟူသော အယူအဆသည်၊ မဟာဗျူဟာမြောက် တွေးခေါ်နည်းကို မသိနားမလည်ကြောင်း ဖေါ်ပြနေပါသည်။ အကြမ်းမဖက် တိုက်ပွဲအတွက် အရင်းအမြစ်များကို၊ အစဉ်မပြတ် ရရှိနိုင်လိမ့်မည် မဟုတ်ချေ။ မဟာဗျူဟာရည်မှန်းချက်မဲ့စွာ ၎င်းတို့ကိုသုံးစွဲ ခြင်းသည်၊ အကျိုးအမြတ်မရရာပဲ စွန့်စားရာရောက်စေပါသည်။

**သို့ရာတွင် မဟာဗျူဟာသည်၊ တိုက်ပွဲမရှိလျှင် အဓိပ္ပါယ်မရှိချေ။ အကြောင်းမှာ တိုက်ပွဲသည်မဟာဗျူဟာ၏ ကုန်ကြမ်း၊ မဟာဗျူဟာ၏ နည်းလမ်း (ကရိယာ) ဖြစ်သောကြောင့်ပင်တည်း။** [၂၉]

အကောင်းဆုံးဖြစ်အောင် ချမှတ်ထားသော အကြမ်းမဖက်တိုက်ပွဲ၏ မဟာဗျူဟာသည်လည်း၊ ၎င်းကိုဖေါ်ဆောင်ရေးအတွက် ဆင်နွဲသော လုပ်ရှားမှုများနှင့် ကမ်ပိန်းလှုံ့ဆော်မှုများမရှိပါက၊ အဓိပ္ပါယ် မရှိချေ။ မဟာဗျူဟာအတွက် တိုက်ပွဲသည် ကုန်ကြမ်း ဖြစ်သည် ဟုဆိုအံ့၊ အကြမ်းမဖက်တိုက်ပွဲအတွက် ကုန်ကြမ်းသည်၊ စည်းရုံးဖွဲ့စည်း၊ လေ့ကျင့်၊ ကျွမ်းကျင်လိမ်မာစွာခေါင်း ဆောင်ထားသော ပြည်သူလူထုများပင် ဖြစ်သည်။ အဖွဲ့အစည်းများသည် ရည်မှန်းချက်များနှင့်လက်ရှိစွမ်းဆောင်နိုင်မှုများ အပေါ် မူတည်လျက်၊ ရန်သူကိုကန့်ကွက်ဆန္ဒပြခြင်း၊ ပူးပေါင်းဆောင်ရွက်မှုမပြုပဲနေခြင်းနှင့်၊ ဝင်ရောက်စွက်ဖက်ခြင်းနည်းလမ်း များဖြင့် တိုက်ပွဲဆင်နိုင်စွမ်းရှိရမည်။ သတ်မှတ်ထားသော ရည်မှန်းချက်များအောင်မြင်ရေးအတွက်၊ လိုအပ်သောစွမ်းရည်များ မလုံမလောက်ဖြစ်နေပါက၊ အနိုင်တိုက်နိုင်သောစွမ်းရည်တည်ဆောက်ရေးအတွက်၊ လေ့ကျင့်မှုများ လိုအပ်နိုင်ပါသည်။ ဖိနှိပ်မှု အဆုံးသတ်၍ အောင်ပွဲခံရမည်ဖြစ်ပြီး၊ လှုပ်ရှားမှုတိုက်ပွဲများဖြင့် ရင်ဆိုင်ရပါလိမ့်မည်။

**စစ်ပွဲဆိုသည်မှာ၊ ရန်သူအား မိမိဆန္ဒအတိုင်း လုပ်ဆောင်လာစေရန်၊ အင်အားဖြင့် အတင်းအကျပ်တိုက်တွန်းသော လုပ် ဆောင်ချက်သာ ဖြစ်သည်။** [၃၀]

---

[၂၈] Quoted in Peter Paret, “Clausewitz”, *Makers of Modern Strategy*, Paret ed., 190.

[၂၉] *Ibid.*

ပုံး၊ အမြောက်၊ တင့်ကားနှင့် ခြေလျင်တပ်တို့ကို လျော်ကန်စွာ ထိရောက်အောင်နေရာချထားနိုင်ပါက၊ အောင်မြင်မှုရနိုင်ပါသည်။ အလားတူပင်၊ အကြမ်းမဖက်နည်းလမ်းများကလည်း ရန်သူအား "မိမိတို့၏အလိုကျဆန္ဒ"အတိုင်း လိုက်နာလုပ်ဆောင်လာစေရန် တိုက်တွန်းစေနိုင်ပါသည်။ စနစ်တကျသေချစွာရေးဆွဲထားသော မဟာဗျူဟာတစ်ရပ်၊ အထောက်အကူပြုစီမံကိန်းများ၊ လေ့ကျင့်ပေးထားသော အောက်ခြေအဆင့်ခေါင်းဆောင်များရှိပါက၊ အာဏာရှင်အစိုးရတစ်ရပ် ရပ်တည်နိုင်ရန်အတွက် အာဏာ၏အခြေအမြစ်များကို ဖယ်ရှားပစ်နိုင်ပါသည်။ အင်အားကြီးတစ်ရပ်ကို ဖြစ်စေပါသည်။ တစ်ခါတရံ၌ အကြမ်းမဖက်တိုက်ပွဲလုပ်ရှားမှုများသည်၊ တိုက်ပွဲရည်မှန်းချက်အဖြစ် ရန်သူနှင့် စေ့စပ်ရေးဆွေးနွေးပွဲဖြစ်ပေါ်အောင်ရည်မှန်း၍ ကြိုးပမ်းလုပ်ဆောင်သည်များလည်း ရှိတတ်ပါသည်။ ဤသို့လုပ်ခြင်းသည် အကြောင်းပြချက်အမျိုးမျိုးအရ မဟာဗျူဟာမြောက်အမှားဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အကြောင်းပေါင်းများစွာရှိသည့်အနက် အကြောင်းတစ်ခုမှာ၊ စေ့စပ်ဆွေးနွေးမှုဖြင့် အဆုံးအဖြတ်အောင်ပွဲမရနိုင်သောကြောင့် ဖြစ်ပါသည်။ စေ့စပ်ဆွေးနွေးခြင်းကို 'နည်းလမ်း'အဖြစ်သာ မြင်သင့်ပါသည်။ 'နိဂုံးပန်းတိုင်' အဖြစ် မမြင်သင့်ချေ။

တိုက်စစ်လုပ်ရှားမှုများကိုရပ်ဆိုင်းပြီး၊ စေ့စပ်ဆွေးနွေးပွဲများကို ထောက်ခံစေရန် ပြည်သူတို့အားတိုက်တွန်းလျှင်၊ အကြမ်းမဖက်လုပ်ရှားမှုကို အရှိန်အဟုန် ပျက်သွားစေနိုင်ပါသည်။ အများအားဖြင့်၊ စေ့စပ်ဆွေးနွေးပွဲပေါ်ပေါက်အောင် ကြိုးပမ်းသောဖက်သည်၊ တိုက်ပွဲကို ဆက်မတိုက်နိုင်၊ သို့မဟုတ်၊ ဆက်တိုက်လိုသောဆန္ဒမရှိ (ဤသို့ဖြင့်) တစ်ဖက်ရန်သူကို မိမိအလိုရှိသလို "တိုက်တွန်း"နိုင်မည်မဟုတ်ဟု၊ မှတ်ယူထားသူများ ဖြစ်ကြပေသည်။ ထို့ကြောင့်စေစပ်ဆွေးနွေးခြင်းကို မဟာဗျူဟာ၏လတ်တလောရည်မှန်းချက်အဖြစ် သဘောထားပါလျှင်၊ စေ့စပ်ဆွေးနွေးပွဲပေါ်ပေါက်အောင်တောင်းဆိုပေးမည့်၊ တတိယပါတီတစ်ခု ရှိကောင်းပါသည်။ သဘောတူညီချက်များရရှိအောင် မဆွေးနွေးခင်တွင်၊ အကြမ်းမဖက်လုပ်ရှားမှုခေါင်းဆောင်များနေဖြင့် စေ့စပ်ဆွေးနွေးပွဲစားပွဲမှာ သဘောတူညီမှုပြုမည်ဆိုပါက၊ ထားခဲ့သော ပဏာမသဘောတူညီချက်များ (conditions) နှင့် အညီဖြစ်အောင် အာမခံချက်ပေးနိုင်ရပါမည်။ ဤသို့အာမခံချက်ယူမထားနိုင်ပါက တိုက်ပွဲကြောင့်ရရှိသော၊ အောင်ပွဲကို ဆွေးနွေးပွဲကွန်ဖရင့်စားပွဲတွင် ဆုံးရှုံးသွားနိုင်ပါသည်။ အကြမ်းမဖက်လုပ်ရှားမှုသည် အစိုးရကိုစေ့စပ်ဆွေးနွေးရေးစားပွဲပေါ်သို့ အကြပ်ကိုင်ဆွဲခေါ်နိုင်သည်သာမက၊ သဘောတူညီချက်များအတိုင်း လိုက်နာစေနိုင်လောက်အောင်၊ အင်အားရှိလာပါက အာဏာရှင်အစိုးရသည် ချိနဲ့သည့်အဖြစ်သို့ ရောက်နေပြီ ဖြစ်သည်။

**သင့်အပေါ်သက်ညှာရန် ရန်သူကိုအသနားခံလေ၊ ရန်သူကသက်ညှာရန် မစဉ်းစားလေ၊ သက်ညှာမည် မဟုတ်လေဖြစ်သည်။ ရန်သူက ကြိုးပမ်းအားထုတ်မှုနည်းလေ၊ သင့်အဖို့လည်း ကြိုးပမ်းအားထုတ်မှု လုပ်စရာမလိုလေဖြစ်သည်။ သင့် နိုင်ငံရေး ရည်မှန်းချက်က အားပျော့လေ၊ သင်ကလည်း အရေးထားမှု နည်းလေ၊ သင့်အဖို့ ၎င်းကိုစွန့်လွှတ်စရာရှိလျှင် စွန့် လွှတ်ရမည်ကို ဝန်မလေးလေ ဖြစ်သည်။** [၃၀]

ရှေ့အခန်းများတွင် ဖော်ပြခဲ့သည့်အတိုင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးအတွက် အကြမ်းမဖက်တိုက်ပွဲ၏ အစောပိုင်းအဆင့်များတွင်၊ အစိုးရလိုက်လျောလာအောင် မိမိဖက်က တွန်းထိုးပေးနိုင်စွမ်းလည်းမရှိ၊ စေ့စပ်ဆွေးနွေး၍လည်း မရနိုင်သော တောင်းဆိုချက်များတောင်းခြင်းသည်၊ အကြမ်းမဖက်တိုက်ပွဲဝင်အုပ်စုအဖို့ အမျှော်အမြင်နည်းရာရောက်ကြောင်းကို ဖေါ်ပြခဲ့ပြီးဖြစ်သည်။ အစိုးရတစ်ရပ်အပေါ် တောင်းဆိုချက်များသည်၊ ပြောင်းလဲမှုဖြစ်ပေါ်လာအောင် မိမိဖက်က မည်မျှစွမ်းဆောင်နိုင်သနည်း ဟူသော အချက်နှင့်အညီသာ ဖြစ်သင့်ပါသည်။ မဖြစ်တန်သော တောင်းဆိုချက်ကြီးများ တောင်းဆိုပြီး၊ ဦးကျိုးခံမည့်အစား၊ ပို၍ကောင်းသော မဟာဗျူဟာမှာ၊ နိုင်ခြေများသော ကိစ္စသေးသေးလေးများကို ရွေးချယ်၍ အနိုင်ရယူရန် ဖြစ်ပါသည်။ အရှုံးပေါ်မည့် အန္တရာယ်လည်းနည်း၊ နိုင်ငံရေးသဘောမဆောင်ကြောင်းလည်း သိသာထင်ရှားသော ကိစ္စရပ်များသည်၊ ကြောက်စရာမရှိ၊ သို့မဟုတ် အသေးအဖွဲ့ဟု သဘောထားခံရဖွယ်ရှိသည့်အပြင်၊ နှိပ်ကွပ်မှုခံရဖွယ်လည်း နည်းပါသည်။ အခန်း(၄)တွင်၊ ရှင်းလင်းပြဆိုခဲ့သော လိုက်လျောစေ့စပ်ခြင်းသည် ဤအနေအထားမျိုးများတွင်၊ ကျင့်သုံးရန် အသင့်တော်ဆုံး ဖြစ်ပါသည်။ ဤကိစ္စရပ်မျိုးသည်၊ ဖြစ်လာဖွယ်ရှိသော စေ့စပ်ဆွေးနွေးပွဲများ၌ "စေ့စပ်ဆွေးနွေးပွဲအထောက်အကူများ" (bargaining chips) လည်းဖြစ်လာစရာ ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤကိစ္စများတွင် အလျှော့ပေးစေ့စပ်ခြင်းအားဖြင့် လုပ်ရှားမှုကြီးတစ်ခုလုံးကို ကြီးကြီးမားမားထိခိုက်စရာမရှိသောကြောင့်၊ ဖြစ်ပါသည်။

---

[၃၀] Carl von Clausewitz, *On War*, Edited and translated by Michael Howard and Peter Paret, (Princeton: Princeton University Press, 1976), 73.

[၃၀] *Ibid.*

တိုက်ပွဲစီမံချက်ရေးဆွဲရာ၌ စဉ်းစားရန်အဓိကအချက်တစ်ချက်မှာ၊ ရန်သူ့အလိုကျ၊ မလိုလားအပ်သောထိပ်တိုက်ရင်ဆိုင်မှုများကို ရှောင်ရန်အတွက်၊ အနိုင်ပိုင်းထားရမည့်၊ ‘အောင်ပွဲရပြီ’ဟု ကြေငြာရမည့် အချိန်အခါကို သိရေးပင်ဖြစ်ပါသည်။ လှုပ်ရှားမှုတစ်စုံတစ်ခု၏ရည်မှန်းချက်များအောင်မြင်ပြီဆိုလျှင်၊ နောက်ထပ်ရည်မှန်းချက်များအတွက် ရှေ့တိုးရန် မကြိုးစားမီ၊ ဖြစ်ပေါ်လာဖွယ်ရှိသော ဘေးအန္တရာယ်များကို သတိရှိရှိ စဉ်းစားကြည့်ရန် လိုပါသည်။ ဤအနိုင်ပိုင်းရေးမှုနှင့်ပတ်သက်၍ ပြောရမည်ဆိုပါလျှင် (၁၉၈၉) ခုနှစ်က၊ တိနဲ်အနမ်မင်းယင်ပြင်ရှိ ကျောင်းသားများသည်၊ စစ်တပ်က တင့်ကားနှင့်ခြေလျင်တပ်များသုံးပြီး မဖြိုခွင်းလာမီအချိန်တွင်၊ အောင်ပွဲကြေငြာ၊ အနိုင်ပိုင်းပြီး လူစုခွဲသွားသင့်ပါသည်။ တစ်စိတ်တစ်ဒေသသာ ပိုင်ဆိုင်အနိုင်ရသော်လည်း၊ ပြောစမှတ်ပြုလောက်သော အောင်ပွဲဟု ဆိုနိုင်ပါသည်။ ဤသို့ဖြစ်ရမည့်အစား၊ အရေးတော်ပုံရှုံးနိမ့်သွားကာ၊ ယခင်သီတင်းပတ်များ အတွင်းက ရရှိထားခဲ့သော အောင်မြင်မှုများသည်လည်း ဆုံးရှုံးခဲ့ရပါတော့သည်။

## ဂန္ဒီ (Mohandas K. Gandhi)

မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲအကြောင်း ဆွေးနွေးပြောဆိုမည်ဆိုလျှင်၊ (၂၀) ရာစုအစောပိုင်း၊ အိန္ဒိယလွတ်လပ်ရေးလှုပ်ရှားမှုခေါင်းဆောင်၏ ထိရောက်ထက်မြက်စွာစွမ်းဆောင်နိုင်ခဲ့ပုံကို ချန်လှပ်ထား၍ မဖြစ်နိုင်ပေ။ မိုဟန်ဒတ်စ် ကေ၊ ဂန္ဒီ (၁၈၆၉ –၁၉၄၈) သည်၊ အိန္ဒိယနိုင်ငံတွင် မွေးဖွားပြီး၊ ရှေ့နေအဖြစ် ပညာဆည်းပူးခဲ့သူ တစ်ဦးဖြစ်သည်။ သူသည် (၁၈၉၃) ခုနှစ်တွင်၊ တောင်အာဖရိကနိုင်ငံသို့ သွားရောက်ပြီး အသား အရောင်ခွဲခြားမှုဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ (၁၉၁၅) ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ပြန်လာပြီး၊ လွတ်လပ်ရေးအတွက် အမျိုးသားလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။

ဂန္ဒီသည်၊ ခေါင်းဆောင်တစ်ယောက်၏ အခြေခံအကျဆုံးသော ထူးခြားချက်တစ်ခုကို ဖော်ထုတ်ပြသခဲ့ပြီး၊ ၎င်းမှာ ရန်သူကိုဆန့်ကျင်ရာ၌၊ ခိုင်လုံဆီလျော်သော မဟာဗျူဟာတစ်ရပ်ကို တစ်စိုက်မတ်မတ် ကိုင်စွဲကျင့်သုံးခြင်းပင် ဖြစ်သည်။ မဟာဗျူဟာတစ်ရပ်သည်၊ ဝန်းကျင်အနေအထားကို ဂရုတစိုက် ခွဲခြမ်းသုံးသပ်ခြင်းနှင့် အင်အားစုများအချင်းချင်း အပြန်အလှန်ဆက်စပ်တည်ရှိနေပုံပေါ်တွင်၊ အခြေခံထားပါက၊ ခေါင်းဆောင်သည် တိုက်ပွဲ၏အရှုပ်အထွေးများကြားထဲတွင် တစ်စိုက်မတ်မတ်ကျင့်သုံးလာခဲ့သော မဟာဗျူဟာနှင့် ပတ်သက်၍ တွေဝေ ပြောင်းမသွားသင့်ချေ။ နည်းဗျူဟာကိုပြောင်းသင့်က ပြောင်းနိုင်ပါသည်။ ဂန္ဒီသည် ဤသို့ထက်မြက်သော ခေါင်းဆောင်မှုကို ပိုင်ဆိုင်သူဖြစ်သည်။ သူက နိုင်ငံရေးအာဏာနှင့်ပတ်သက်၍ အတွင်းသဘောကို ထွင်းဖောက်သိမြင်ခဲ့ပါသည်။ ဤအမြင်မှန်ကန်ကြောင်းကိုလည်း သူသိထားသဖြင့်၊ နောက်ရာစုနှစ်ဝက်ကျော်ကာလပတ်လုံး၊ သူသည် အမြင်ကို မယိမ်းမယိုင် ကိုင်စွဲခဲ့ပါသည်။ ဤအမှန်တရားမှာ၊ “ပြည်သူလူထုက နာခံခြင်းမရှိပါက၊ အုပ်စိုးသူများသည် အုပ်စိုး၍မရနိုင်”ဟူသော အကြောင်းတရား ဖြစ်ပါသည်။ ဤအမှန်တရားမှ အစချီလျက်၊ သူက အယူအဆတစ်ရပ်ဖော်ထုတ်ခဲ့ပြီး၊ ဖက်စုံ ကျယ်ပြန့်သည့် လုပ်ငန်းစဉ်များပါ ဆက်လက်ဖော်ထုတ်ခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များဖြင့် ဗြိတိသျှတို့အနေဖြင့် အိန္ဒိယနိုင်ငံကို ဆက်လက်အုပ်စိုးသွားနိုင်စွမ်းလည်း မရှိ၊ ဆက်လက်အုပ်စိုးသွားလိုသည့် စိတ်ဆန္ဒလည်း မရှိစေလောက်အောင် ဆောင်ရွက်ခဲ့ပါသည်။

အုပ်စိုးသူတို့သည် ပြည်သူတို့၏ ထောက်ခံအားပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိပါက၊ အစွမ်းအစမဲ့ဖြစ်သွားမည်ဟု နိဂုံးချုပ်ကောက်ချက်ချသူများအနက်၊ ဂန္ဒီသည် ပထမဦးဆုံးပုဂ္ဂိုလ် မဟုတ်သလို၊ တစ်ဦးတည်းသော ပုဂ္ဂိုလ်လည်း မဟုတ်ချေ။ ဒေါက်တာဂျင်းရှပ်က၊ သူ၏ “အကြမ်းမဖက်လှုပ်ရှားမှုနိုင်ငံရေး” စာအုပ်၌၊ (၁၅) ရာစု ပြင်သစ်တွေးခေါ်ရှင်ကြီးတစ်ဦးဖြစ်သူ အက်တီယင်းနဲ ဒီ လာ ဘိုတီး (Etienne de la Boetie) အကြောင်းကို ရည်ညွှန်းဖော်ပြထားဖူးပါသည်။

အသက် ၁၈–နှစ်အရွယ်၌ ဘိုတီးက ဤသို့ရေးသားခဲ့ပါသည်။

> “အကယ်၍ သူတို့ (မင်းဆိုးမင်းညစ်များ) ကို ဘာမျှမပေးပါက၊ သူတို့ကို မနာခံပါက၊ တိုက်ခိုက်ခြင်း၊ ထိုးနှက်ခြင်း တစ်ချက်မျှပင် မပြုရပဲနှင့် ခြေမဲ့လက်မဲ့ဖြစ်ကျန်ရစ်ကာ၊ ကြေပြုန်းသွားဖွယ် ရှိပါသည်။ သစ်မြစ်မှာ မြေဩဇာမရပါက၊ အကိုင်းအခက်များ ခြောက်သွေ့နွမ်း၊ သေသွားသကဲ့သို့ ဖြစ်သည်။” [၃၂]

(၁၉၀၈) ခုနှစ်တွင်၊ လီယိုတော်လ်စတွိုင်း (Leo Tolstoy) ကလည်း၊ ဗြိတိသျှနယ်ချဲ့စနစ်နှင့် စိတ်လိုလက်ရကျွန်ခံခြင်းတို့၏

[၃၂] Quoted in Sharp, *The Politics of Nonviolent Action*, 1:34.

ပဋိပက္ခအကြောင်းကို ရှင်းလင်းရေးသားခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၏ ထူးခြားသောပြဿနာနှင့်ပတ်သက်၍ တော်လ်စတွိုင်းက သူ၏ "ဟိန္ဒူတစ်ဦးသို့ ပေးစာ"တွင်၊ အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

> "ကုမ္ပဏီတစ်ခုက၊ လူဦးရေသန်း (၂၀၀) ရှိသော တိုင်းပြည်တစ်ပြည်ကို ကျွန်ပြုထားသည်။ ဤအကြောင်းကို အယူသည်းမှုကင်းရှင်းသူ တစ်ဦးအားပြောပြပါလေ။ သူက ဤစကားကို နားလည်မည် မဟုတ်ချေ။ လူသုံးသောင်းက ... လူပေါင်းသန်း (၂၀၀) ကို လက်အောက်ခံပြုထားသည်ဟူသော အချက်အလက်က မည်သည့် သဘောကိုဆောင်နေပါသနည်း။ ... ဤကိန်းဂဏန်းများကိုကြည့်ခြင်းအားဖြင့် အိန္ဒိယတိုင်းသားများကို ကျွန်ပြုထားသည်မှာ အင်္ဂလိပ်တို့မဟုတ်၊ စိတ်လိုလက်ရ ကျွန်ခံနေသော အိန္ဒိယတိုင်းသားများသာ ဖြစ်သည်ဟူသော အချက်က ရှင်းပါလေစ။[၃၃]

(၁၉၂၀) ခုနှစ်တွင်၊ ဂန္ဒီကလည်း အလားတူအမြင်ကို ဖော်ပြခဲ့ဖူးသည်။ "ပြည်သူများကသာ၊ အလုပ်အကျွေးမပြုတော့လျှင် မည်သည့်အစိုးရမျှ သက်ဆိုးမရှည်နိုင်ချေ (အိန္ဒိယအစိုးရဆိုလျှင် ပို၍ပင်သက်ဆိုး မရှည်နိုင်ချေ။)"[၃၄]

ဂန္ဒီက၊ ဗြိတိသျှတို့လက်အောက်သို့ အိန္ဒိယလူမျိုးများကျရောက်ရခြင်း၏ အရင်းခံအကြောင်းတရားများသည်၊ သမိုင်းဆိုင်ရာ နှင့် ယဉ်ကျေးမှုဆိုင်ရာ ဩဇာဂယက်များဖြစ်သည်ဟု ယုံကြည်ခဲ့သည်။ ဗြိတိသျှတို့လက်အောက်သို့ကျရောက်ခြင်းကြောင့် အကျိုးဆက်အဖြစ် ဖြစ်ပေါ်လာသော၊ အကျင့်ပျက်မှုများကို ပယ်ဖျောက်ရန်၊ ဂန္ဒီက "အပြုသဘောဆောင်သည့် တည်ဆောက်ရေးလုပ်ငန်းစဉ်"တစ်ရပ်ကိုချမှတ်ခဲ့သည်။ ဤလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ပါက၊ ကျွန်စိတ်ဓါတ်၊ ကျွန်အမူ အကျင့်ကို လူတစ်ဦးချင်းရော၊ အများပါ၊ မိမိကိုယ်ကိုလေးစားမှုဖြင့် အစားထိုးနိုင်မည့်အပြင်၊ တိုင်းတပါးအုပ်စိုးသူတို့ကို အာဏာဖီဆန်ကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းမပြုကြောင်း ပြသနိုင်သောစွမ်းရည်နှင့် စိတ်ဓါတ်လည်း ဖြစ်ပေါ်လာမည်ဟု ယုံကြည်ခဲ့သည်။ လုပ်ငန်းစဉ်၏ ရည်မှန်းချက် (၅) ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

- အိန္ဒိယပြည်သူတို့အနေဖြင့်၊ မိမိကိုယ်မိမိလေးစားပြီး၊ ဂုဏ်သိက္ခာရှိသော အဆင့်သို့ပြောင်းလဲမြှင့်တင်ပြောင်းလဲစေရေး။
- ဗြိတိသျှတို့အပေါ် မှီခိုအားထားမှုများ လျော့ချရေးအတွက် တိုက်တွန်းအားပေးရေး။
- လွတ်လပ်ရေးအတွက် တက်ကြွစွာတိုက်ပွဲဝင်သွားရေး။
- "လူ"(ဗြိတိသျှတို့နှင့် ၎င်းတို့၏ဖက်တော်သားများ) ကို မူဝါဒစနစ်နှင့် ခွဲခြားထားရေး။
- အိန္ဒိယလူမျိုးတို့၏ တစ်ဦးချင်းနှင့်အများဆိုင်ရာစာရိတ္တမဏ္ဍိုင်မြင့်မားစေခြင်းဖြင့် ကျင့်ဝတ်ရေးရာအရ အသာစီးရရှိရေး တို့ဖြစ်သည်။

ရည်မှန်းချက်အသီးသီးကို၊ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ဖော်ဆောင်နိုင်ပြီး၊ ထိုမှတဖန် တမျိုးသားလုံး၏ ပူးပေါင်းဆောင်ရွက်မှု မပြုပဲနေခြင်းလုပ်ရှားမှုအဖြစ်သို့ ပေါင်းစည်းသွားစေမည် ဖြစ်သည်။ ဤလုပ်ရှားမှုတွင် အိန္ဒိယလူ့အဖွဲ့အစည်း၏ လူတန်းစား အလွှာပေါင်းစုံပါဝင်ရန် အထူးလိုအပ်သည်။ ပြည်သူပြည်သားတို့သည် ရည်မှန်းချက်အသီးသီးကို ဖော်ဆောင်သွားသည်နှင့် အမျှ မိမိကိုယ်မိမိယုံကြည်စိတ်လည်း တိုးပွားလာခဲ့က၊ လုပ်ရှားမှု၏ရည်ရွယ်ချက်ကိုသာမက မိမိတို့၏အခန်းကဏ္ဍကိုပါ နားလည်သိရှိလာမည် ဖြစ်သည်။

အကြမ်းမဖက်တိုက်ပွဲဖော်ရေးအတွက် ဂန္ဒီမှန်းဆခဲ့သော၊ ယာဉ်ရထားမှာ *သစ္စာဂြဟ* (Satyagraha) (အကြမ်းဖျင်းဘာသာ ပြန်ရလျှင်၊ "သစ္စာ အမှန်တရား၏ အင်အား" ဟု အဓိပ္ပါယ်ရပါလိမ့်မည်။) ဖြစ်သည်။ မတရားသောဥပဒေများကို တစ်မျိုးသား လုံးမနာခံပဲနေရေးမှု ဖြစ်ပြီး၊ ဤမှုတွင် မည်သည့်သက်ရှိအရာကိုမှ မထိခိုက်စေရဟူသော *အဟိံသ* တရား (ahimsa) လည်း ပါဝင်သည်။

---

[၃၃] *Ibid.*, 1:13

[၃၄] Quoted in Sharp, Footnote, *Gandhi as a Political Strategist*, (Boston: Porter Sargent Publishers, 1979), 44.

ဂန္ဒီ၏ *သစ္စာဂ္ဂဟ* သည်၊ သစ္စာတရားအတွက် ခိုင်ခိုင်ကျည်ကျည်ဆောင်ရွက်ခြင်းဖြစ်သည်။ တရားသောအရေးတော်ပုံအတွက် အကြမ်းမဖက် လုပ်ဆောင်ချက်ကို ဇွဲလုံ့လရှိရှိဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ထုံပေနေ၍ ခုခံခြင်းမဟုတ်။ ဤသည်နှင့်ဆန့်ကျင်စွာပင်၊ ၎င်းသည် လုပ်ဆောင်မှု၊ လှုပ်ရှားမှုအပေါ်တွင် အခြေခံသည်။ လူအများက ပူးပေါင်းဆောင်ရွက်မှုမပြုပဲနေခြင်း၊ မနာခံခြင်း (အာဏာဖီဆန်ခြင်း)လုပ်ရှားမှုများဖြင့်၊ အာဏာအရင်းအမြစ်များကို ဖယ်ရှားပစ်ကာ၊ ဖိနှိပ်သူကို တိုက်ခိုက်ခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင်၊ မတရားမှုဒဏ်ကြောင့် ပြည်သူများထိခိုက်နစ်နာရပုံကို မြင်စေခြင်းအားဖြင့် ဖိနှိပ်သူ၏ "စိတ်နှလုံးပြောင်းလဲ"သွားစေရန်အတွက်လည်း၊ ဖက်ပြောင်းလဲရေးကြိုးပမ်းမှုများလည်း *သစ္စာဂ္ဂဟ* လုပ်ငန်းတွင် ပါဝင်သည်။ အကြမ်းမဖက်လုပ်ဆောင်ချက်ကို၊ မိမိ၏ပင်ကိုယ်အယူအဆအနေနှင့် လက်ခံယုံကြည်သူများသာလျှင်၊ *သစ္စာဂ္ဂဟ* လုပ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ သို့ရာတွင်ခြောက်ပစ်ကင်းသဲလဲစင် မဟုတ်သော ကမ္ဘာလောကကြီး၏ ပကတိဖြစ်ရပ်များကို မျက်မှောက်ပြုနေရသော၊ ဂန္ဒီသည် ဤသို့မယုံကြည်သူများကိုလည်း အကြမ်းမဖက်လုပ်ရှားမှုထဲမှ ထုတ်ပယ်ခြင်းမပြုခဲ့ချေ။ အကြမ်းဖက်မှုကိစ္စအတွက် ဟောပြောနေသူများကိုပင်လျှင်၊ အကြမ်းမဖက်တိုက်ပွဲနှင့် ကိုက်ညီအောင် မြန်မြန်ဆန်ဆန် ပြောင်းလဲပစ်၍ရကြောင်းကို ဂန္ဒီတွေ့ရှိခဲ့ရသည်။ ထို့ကြောင့် *သစ္စာဂ္ဂဟ* သည် အမျိုးသားကွန်ဂရက်၏ မူဝါဒပေါ်လစီလည်း ဖြစ်ပြီး၊ တစ်ချိန်တည်းမှာပင် လုပ်ရှားမှုထဲတွင် ပါဝင်နေကြသည့်သူအများအပြား၏ အယူအဆတစ်ခုလည်း ဖြစ်ခဲ့သည်။

## ဆာ ဘာဆီးလ် လစ်ဒယ် ဟတ် (Sir Bassil Liddell Hart)

ဆာ ဘာဆီး လစ်ဒယ်လ် ဟတ် (၁၈၉၅–၁၉၇၉) သည်၊ ဗြိတိသျှကြည်းတပ်မတော်အရာရှိတစ်ဦးအဖြစ်၊ ပထမကမ္ဘာစစ်ကို ပါဝင် တိုက်ခိုက်ခဲ့ဖူးသည်။ ကျန်းမာရေးအခြေနေကြောင့်၊ စစ်တပ်မှအနားယူပြီးနောက်ပိုင်းတွင်၊ ထိပ်တန်းဗြိတိသျှသတင်းစာကြီးများ၏ စစ်သတင်းထောက်ဖြစ်လာပြီး၊ စစ်မှုရေးရာဘာသာရပ်များနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ရေးသားခဲ့သည်။ သူ၏ မဟာဗျူဟာထိုးထွင်းသိမြင်ချက်များအနက်၊ အထူးစိတ်ဝင်စားဖွယ်ကောင်းသည်မှာ၊ သူ၏ 'ကန့်သတ်ရည်မှန်းချက်' (ခေါ်) "သွယ်ဝိုက်ချဉ်းကပ်နည်း" မှုနှင့် ပတ်သက်၍ ဖြစ်သည်။ ရန်သူ၏ အားအကောင်းဆုံးနေရာကို တိုက်မည့်အစား၊ လတ်တလောရည်မှန်းချက်အဖြစ်၊ ရန်သူကို ၎င်း၏အင်အားကောင်းသောနေရာမှနေ၍ မြှူထုတ်ပြီး၊ ၎င်း၏မူလရည်မှန်းချက်မှ သွေဖီသွားစေရန် ပစ်မှတ်ထားဆောင်ရွက်သင့်သည်ဟု ဟတ်က တိုက်တွန်းခဲ့သည်။ [၃၇]

သူက ဤသို့ရှင်းလင်းဖေါ်ပြခဲ့သည်။

> "ကန့်သတ်ရည်မှန်းချက်ထားသည့် မဟာဗျူဟာကျင့်သုံးရေးဆိုသည်မှာ၊ အင်အားချိန်ခွင်လျှာပြောင်းလဲသွားသည် အထိ စောင့်ဆိုင်းခြင်းဖြစ်သည်။ (အရဲစွန့်၍ တစ်ဟုန်ထိုးတိုက်မည့်အစား၊ ရန်သူကို တစ်တိတိဖြင့်နှဲ့စေခါ၊ ရန်သူ့အင်အားဆုတ်ယုတ်လာပြီး၊ လုံးပါးပါးစေခြင်း၊ ချိနဲ့သွားစေခြင်းအားဖြင့် အပြောင်းအလဲဖြစ်သွားအောင် ကြိုးပမ်းခြင်း ဖြစ်သည်။) ဤမဟာဗျူဟာကို ကျင့်သုံးရာ၌၊ မဖြစ် ဖြစ်အောင် လုပ်ရမည်မှာ၊ ရန်သူ့တပ်များမတန်တဆခွဲဖြန့်သွားအောင်လုပ်ခြင်းအားဖြင့်၊ နောက်ဆုံး၌၊ လူရောစိတ်ပါ ခြေကုန်လက်ပမ်းကျသွားအောင်လုပ်ခြင်းဖြစ်သည်။ ရန်သူ၏အင်အားဆုတ်ယုတ်မှုသည်၊ မိမိအင်အားဆုတ်ယုတ်မှုထက် အဆမတန်များသွားစေရန် ဖြစ်သည်။ [၃၈]

လစ်ဒယ် ဟတ်၏တင်ပြချက်များသည်၊ အာဏာအခိုင်အမာ စိုက်ထူထားသော တစ်ပါတီအာဏာရှင်အစိုးရများအား ဆန့်ကျင်နေကြသည့်၊ မဟာဗျူဟာမြောက် အကြမ်းမဖက်လုပ်ရှားမှုများအတွက် အထူးအသုံးဝင်နိုင်ပါသည်။ အထူးသဖြင့် အတိုက်အခံလုပ်ရှားမှုအဖို့၊ အစောပိုင်းကာလများတွင်၊ အာဏာရှင်အစိုးရအပေါ် လတ်တလောခြိမ်းခြောက်နိုင်မည့်၊ လောက်လောက်လားလား အင်အားပြနိုင်မည့်၊ အရင်းအမြစ်များနှင့် စည်းရုံးရေးစွမ်းရည်များ လိုအပ်သလောက်မရရှိနိုင်သေးပါ။ လစ်ဒယ် ဟတ်သည်၊ "အင်အားချိန်ခွင်လျှာပြောင်းလဲလာသည်အထိ စောင့်"ဟုဆိုရာ၌ ပြောင်းလဲလာအောင်၊ တွန်းဆော်နိုင်သည့်အားကိုလည်း အကြံပြုထားပါသည်။ အလားတူစွာပင်၊ အကြမ်းမဖက်လုပ်ရှားမှုများအဖို့လည်း "စောင့်ဆိုင်းနေခြင်း"သည်၊ မလှုပ်ရှားပဲနေခြင်းဟု အဓိပ္ပါယ် မသက်ရောက်ချေ။ ရန်သူကိုအားနည်းသွားစေပြီး၊ အကြမ်းမဖက်လုပ်ရှားမှုက အရေးသာသည့်ဖက်သို့ အင်အားချိန်ခွင်လျှာပြောင်းစေမည့် တိုက်စစ်ဆင်လုပ်ရှားမှုများ လုပ်ဆောင်နေရန် လိုအပ်ပါသည်။

---

[၃၇] "Sir Basil Liddell Hart" uInfoplease Online Encyclopedia 30 Nov. 2003 (http:?www.infoplease.com/ce6/people/A0829707.html).

[၃၈] Basil Liddell Hart, *Strategy*, (New York: Frederick A. Praeger, 1956), 335.

ရန်သူ၏အင်အားအတောင့်တင်းဆုံးနေရာတွင်၊ ထိပ်တိုက်ရင်ဆိုင်ခြင်းကိုရှောင်ရှားပြီး၊ သွယ်ဝိုက်တိုက်ခိုက်၍ အင်အား အတောင့်တင်းဆုံး အခြေအနေမှ မြှုထုတ်ရန်၊ လတ်တလောရည်မှန်းချက်များ ရွေးချယ်ချမှတ်ခြင်းအားဖြင့် ရန်သူအား၊ မူလရည်မှန်းချက်များမှနေ၍ သွေဖီသွားစေနိုင်ပါသည်။

## အကျဉ်းချုပ်

ဤအခန်း၌ မဟာဗျူဟာတွေးခေါ်ရှင်ကြီးများ၏တွေးခေါ်မှုအပေါ် ဩဇာလွှမ်းမိုးနေသောအကြောင်းအချက်များ ပေါ်လွင်စေရန်နှင့်၊ ရည်မှန်းချက်အပေါ် သူတို့အာရုံစူးစိုက်ပုံကို အလေးတင်းတင်ပြရန်၊ မဟာဗျူဟာတွေးခေါ်ရှင်ကြီး (၄) ဦး ၏လက်ရွေးစင် အမြင်၊ အတွင်းသဘောများကို စီစစ်တင်ပြထားပါသည်။ ဤအမြင်များသည် ယနေ့ခေတ် အကြမ်းမဖက်တိုက်ပွဲနှင့်ကိုက်ညီနေပုံကိုလည်း ဆွေးနွေးတင်ပြထားပါသည်။ နေရာခပ်သိမ်း၌ မဟာဗျူဟာချမှတ်သူသည် သစ်ပင်ကိုသာမက၊ သစ်တောကိုလည်း မြင်တတ်ရပါလိမ့်မည်။

## အခန်း (၁၀)
## ကြောက်ရွံ့မှု

"ကြောက်ရွံ့မှုကင်းမဲ့ခြင်းသည်၊ ထူးခြားသောပါရမီ ဖြစ်နိုင်ပါသည်။ သို့သော်လည်း ပို၍တန်ဖိုးရှိသောအရာမှာ၊ ကြိုးပမ်းအား ထုတ်မှုလုံ့လကြောင့်ရလာသော သတ္တိ၊ မိမိကို အာဏာပေးခိုင်းစေနေမှုကို၊ ကြောက်ရွံ့နေရသည်အခြေအနေမှ ငြင်းပယ်နိုင်သည့် အလေ့အထကို မွေးမြူပျိုးထောင်၍ ရလာသောသတ္တိ၊ 'ဖိအားပေးခံနေရသည့်အခြေအနေမှ ဣန္ဒြေမပျက်တည်ကြည်စွာနေနိုင်သည်'ဟု ဆိုနိုင်သော သတ္တိမျိုးသာ ဖြစ်ပါသည်။ လျော့၍မသွားသော၊ ပြင်းထန်သည့်ဖိအားများအောက်၌ အကြိမ်ကြိမ်အဖန်ဖန် အသစ်ပြန်မွေးမြူနေသည့် တည်ကြည်မှုမျိုး ဖြစ်စေရပါမည်။"

ဒေါ်အောင်ဆန်းစုကြည် [၃၇]

ကိုယ်ခန္ဓာနာကျင်မည်ကို ကြောက်ရွံ့သော ခံစားမှုမျိုးကို၊ လူသားတိုင်း ဘဝတစ်သက်တာတွင် ကြုံဖူးကြလိမ့်မည် ဖြစ်သည်။ ဤသို့ကြောက်ရွံ့ရမှုအကြိမ်ရေနှင့် ပြင်းထန်မှု သဘောသဘာဝကွာခြားနိုင်သော်လည်း၊ မိမိတို့၏ စိတ်နှင့် အပြုအမူများအပေါ် ထိခိုက်သက်ရောက်မှု ရှိကြပေသည်။ ပြည်သူလူထုများက၊ အာဏာရှင်များကို နာခံနေကြရသည့်အကြောင်းတစ်ခုမှာ၊ မနာခံခြင်းကြောင့်ရမည့် ပြစ်ဒဏ်ပေးမှုကို ကြောက်ရွံ့ခြင်း ဖြစ်ပါသည်။ ကိုယ်ခန္ဓာနာကျင်မှုကို ကြောက်ရွံ့ခြင်းအတိုင်းအဆသည်၊ လူတစ်ဦး အလုပ်ပြုတ်မည်ကို ကြောက်ရွံ့ခြင်း၊ အိမ်မင်းမစွမ်း ပင်စင်လစာဆုံးရှုံးမည်ကို ကြောက်ရွံ့ခြင်းထက် များစွာ ပိုပါသည်။ မိမိအသက်ဆုံးရှုံးမည်ကို ကြောက်ရွံ့ခြင်းသည်၊ မွေးရာပါ ကြောက်ရွံ့မှုတစ်မျိုးဖြစ်ပြီး၊ မည်သို့အန္တရာယ်ဖြစ်စေ မိမိသားငယ်ကို ကာယ်မည့် မိခင်စိတ်မျိုး၌သာ၊ ဇီဇစိတ်အရ မေ့ပျောက်သွားနိုင်ပါသည်။ အချို့သောသူများနားမလည်သောအချက်မှာ၊ ကြောက်ရွံ့မှုသည်၊ ဖြစ်ပေါ်လာမှု ခြိမ်းခြောက်မှု အန္တရာယ်အပေါ် ပုံမှန်တုံ့ပြန်မှုသာ ဖြစ်ပါသည်။ ၎င်းမှာ မိမိတို့ဦးနှောက်အတွင်း၌ မျိုးရိုးဗီဇအရ ထည့်သွင်းထားသော တုံ့ပြန်မှုဖြစ်ပါသည်။ အသက်အန္တရာယ်ခြိမ်းခြောက်လာသည့်အခြေအနေမျိုးတွင်၊ ခုခံကာကွယ်နိုင်ရန်၊ အသက်ရှင်သန်နိုင်ရန်၊ တုံ့ပြန်စေဖို့ ဖြစ်ပါသည်။ ကြောက်ရွံ့မှုဆိုသည်မှာ သတ္တလောကဝင်တိရိစ္ဆာန်အားလုံး ခြိမ်းခြောက်မှုကြုံလာပါက၊ ဇီဇအရ တုံ့ပြန်မှုပင် ဖြစ်ပါသည်။ သို့အတွက်ကြောင့် ကြောက်ရွံ့မှုနှင့် ချိတ်ဆက်ထားသည့် ကျင့်ဝတ်ဆိုင်ရာတန်ဖိုးများ မရှိပါ။ ကြောက်ရွံ့သည့်အတွက်လည်း ရှက်နေစရာ မလိုပါ။

ကြောက်ရွံ့ခြင်း၏တန်ဖိုးမှာ၊ ကြောက်ရွံ့ဖွယ်ကောင်းသော လှုံ့ဆော်မှုတစ်ခုကို ရရှိသည်နှင့် တပြိုင်နက်၊ မိမိတို့သည် ကိုယ်ခန္ဓာနာကျဉ်စေတော့မည်ဟု သတိပေးနှိုးဆော်လိုက်ပါသည်။ ထို့ကြောင့် မိမိတို့ခန္ဓာကိုယ်က ဤအခြေအနေကို အသင့်တုံ့ပြန်ရန် ပြင်ဆင်ပါတော့သည်။ ဇီဇစိတ်က မိမိတို့ကို လှုပ်ရှားမှု တစ်ခုမဟုတ်၊ တစ်ခုဆောင်ရွက်စေရန် နှိုးဆော်ပါသည်။ ပြန်ချမလား၊ ထွက်ပြေးမလား ဟူ၍ပင် ဖြစ်ပါသည်။ ထွက်ပြေးဖို့ကို ပထမဦးစားပေး ဖြစ်စေပါသည်။ ဤသို့အလားတူ တုံ့ပြန်မှုမျိုးကို သတ္တလောကဝင်တိရိစ္ဆာန်များတွင် တွေ့ရပြီး၊ အန္တရာယ်ကို မြင်သည်နှင့် တပြိုင်နက် ရှောင်ရှားရန်၊ ထွက်ပြေးပါတော့သည်။ အကယ်၍ အငိုက်မိသွားပြီး၊ ထွက်ပြေးရန် မဖြစ်နိုင်တော့ပါက၊ "ကြက်သေသေ" မလှုပ်နိုင်၊ မရှားနိုင် ဖြစ်သွားပါတော့သည်။ မလှုပ်မရှားနေ နေပြီး၊ မိမိကို အန္တရာယ်ပြုမည့်သူက မမြင်နိုင်၊ သို့မဟုတ် သူ့လမ်းသူသွားမည်ဟူသော ယူဆချက်ဖြင့်ငြိမ်နေပါတော့သည်။ နောက်ဆုံးနည်းလမ်းအဖြစ်၊ တိရိစ္ဆာန်များက မိမိကိုယ်ကို ခုခံကာကွယ်မှုအနေဖြင့် အသေအလဲတိုက်ခိုက်ပါတော့သည်။ ထိုထက်ပို၍ လတ်တလောအန္တရာယ်ထက်၊ ပို၍မျှော်မြင်တတ်သော စွမ်းရည်ပြည့်စုံသည့် လူသားများသည်၊ ဇီဇစိတ်ဖြင့် တုံ့ပြန်မှုထက်ပို၍၊ အန္တရာယ်ကို တုံ့ပြန်ရန် ကျိုးကြောင်းဆီလျော်သော စဉ်းစားတွေးခေါ်မှုများ ပြုကြပါသည်။ ကြောက်ရွံ့မှုဖြစ်စေသော အကြောင်းတရားနှင့် အကျိုးများကို သိခြင်းအားဖြင့်၊ အန္တရာယ်ဖြစ်စေနိုင်သော အရေးကို မျှော်တွေး၍ပြင်ဆင်နိုင်ပါသည်။ မိမိတို့၏ အမူအကျင့်တွင် အခြေခံကျတည်ရှိနေသော ကြောက်ရွံ့မှု၏ အကျိုးဆက်ကို လျော့ကျစေနိုင်ပါသည်။

### ကြောက်ရွံ့မှု၏ ဇီဝကမ္မဗေဒ

ကြောက်ရွံ့မှု၏ အကျိုးဆက်အဖြစ်၊ ကိုယ်ခန္ဓာတွင်ဖြစ်ပေါ်လာမှုများသည်၊ မိမိတို့၏ အာရုံကြောစနစ်ရှိ၊ (Sympathetic division) အစိတ်အပိုင်းရှိ၊ အာရုံကြောဆဲလ်များမှ စစ်ထုတ်ရည်များ ပို၍ ထုတ်ပေးသောကြောင့် ဖြစ်ပါသည်။ ဤသို့ ဦးနှောက်အာရုံကြောမှ စစ်ထုတ်ရည်များကြောင့်၊ အရေပြားနှင့် အစာလမ်းကြောင်း အူများတလျှောက်ရှိ သွေးကြောများကို ကျဉ်းစေအောင် ညှစ်ပေးပါသည်။ ဤနည်းအားဖြင့် နှလုံးနှင့် ကြွက်သားများသို့ သွေးများပိုမိုရောက်ရှိလာစေပါသည်။ (သွေး

[၃၇] Aung San Suu Kyi, *Freedom From Fear and Other Writings*, (New York: Penguin Books, 1991), 181.

ဖိအားတိုးလာစေပါသည်။) ကြောက်ရွံ့ခြင်းကြောင့် နှလုံးခုံနှုန်းကို ပို၍ မြန်ဆန်၊ ပြင်းထန်စေပြီး၊ အသက်ရှူနှုန်းလည်း မြန်လာပါသည်။ (ကြွက်သားများသို့ အောက်ဆီဂျင် ပိုမို ပို့ပေးနိုင်ရန်အတွက် ဖြစ်သည်။) ဆင်ပက်သက်တစ် လှုံ့ဆော်မှုကြောင့်၊ ဦးနှောက် အောက်ခြေရှိ ဆင်ပက်သက်တစ် မဒဲလာ (Sympathetic medulla) မှ၊ အဒရီနယ်လင်းများ ပို၍ထွက်လာစေပါသည်။ ဤစစ်ထုတ်ရည်က၊ အခြားဟော်မုန်းများနှင့်အတူ၊ အသည်းမှ သွေးကြောများထဲသို့ သကြားဓါတ် (ဂလူးကို့စ်) အမြောက်အများ ထုတ်လုပ်ပေးပါသည်။ ဤသို့သကြားဓါတ်ထုတ်လုပ်ပေးမှုကြောင့်၊ ကြွက်သားများအတွက် အပိုစွမ်းအင်ကို ထောက်ပံ့ပေးပါသည်။

ဤသို့ တိုက်ခိုက်ရန်အတွက်၊ ကိုယ်ခန္ဓာအတွင်း ပြင်ဆင်မှုများ ပြုလုပ်နေစဉ်တွင်၊ အသက်သေစေလောက်သော ဒဏ်ရာများ ရရှိခဲ့ပါက၊ အသက်ဆက်လက်ရှင်သန်စေနိုင်ရန်လည်း၊ ၎င်းကိုယ်တိုင် ပြင်ဆင်နေပါသည်။ အူတိုင်၏ အောက်ခြေရှိ ဖင်ရှုံ့ကြွက်သားနှင့် ဆီးအိမ်ကို ဖြေလျော့ပေးလိုက်ပါသည်။ သို့အတွက်ကြောင့် ရုံဖန်ရံခါ၊ အလိုအလျောက် မစင်များ၊ သေးများထွက်ကျခြင်း ဖြစ်လာပါသည်။

လူသားများသည်၊ ဤသို့ အာဏာသင်များကို ခံစားဖူးကြပါသည်။ မိမိတို့ပြောစကားများထဲတွင်ပင် ပါဝင်ပြောဆိုနေကြပါသည်။ ဥပမာအားဖြင့်–
"သူ့ ခြေထောက်တွေ အေးလာပြီ။" သွေးများက ကိုယ်ခန္ဓာ အစွန်အဖျားမှနေ၍ ဆုတ်သွားပြီး၊ အသက်ရှင်ရန် အရေးကြီးသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ရောက်ရှိသွားပါသည်။
"ငါ့လည်ပင်းနောက်က အမွေးတွေတောင် ထောင်သွားတယ်။"
"ငါလည်း ကြောက်တာနဲ့ ကြက်သေသေ တောင့်နေတယ်။"
"ငါ ဘောင်းဘီထဲ သေးထွက်ကျသွားတယ်။" သို့မဟုတ် "ငါ ချီးထွက်ကျလာတယ်။"
ရှက်စရာကောင်းသည်မှာ အမှန်ပင်။ သို့သော် မိခင်သဘာဝကပေးထားသော ဇီဝစိတ်ထုံ့ပြန်မှု၊ ကောင်းမွန်စွာ ဆောင်ရွက်နေမှုကို ရှက်စရာမလိုပါ။

## ကြောက်ရွံ့ခြင်း၏ အကျိုးဆက်များကို ကျော်လွှားခြင်း

မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုတွင်၊ လူထုများဖက်မှ ပူးပေါင်းဆောင်ရွက်သည့် လှုပ်ရှားမှုများ လိုအပ်ပါသည်။ ဆိုလိုသည်မှာ ပြည်သူလူထုများက ကြောက်ရွံ့မှု၏ အကျိုးဆက်များကို ကျော်လွှား၍၊ အာဏာရှင်အစိုးရများက တုံ့ပြန်လာနိုင်သည့် အကြမ်းဖက်အရေးယူမှုများကို ရင်ဆိုင်ကြရန် လိုပါသည်။ အကယ်၍၊ ကြောက်ရွံ့စေသော လှုံ့ဆော်မှုကို ဖယ်ရှားနိုင်ပါက၊ ကြောက်ရွံ့မှုကိုဖြစ်စေတတ်သော ဖြစ်စဉ်များ၊ ပေါ်ပေါက်လာစရာ အကြောင်းမရှိပါ။ လက်တွေ့နည်းတစ်ခုအနေဖြင့်၊ မျက်စိများကို ပိတ်ထားခြင်း၊ နားများကို ပိတ်ထားခြင်း၊ မိမိတို့၏အာရုံထုံထိုင်းအောင် ဆေးသုံးထားစေလျှင်၊ မကြောက်သော်လည်း၊ လူထုများသည် စုစည်းညီညွတ်မှုမရှိသော၊ တစ်စစီပြိုကွဲနေသော တစ်ဦးချင်းအနေအထားဖြင့် ပြုမူတုံ့ပြန်ကြလိမ့်မည် ဖြစ်ပါသည်။

စိတ်ထဲတွင် ကြောက်ရွံ့စေသည့် လှုံ့ဆော်မှုလာသည်နှင့် ထွက်ပြေးရန်ပြင်ဆင်နေခြင်း၊ မိမိ၏ ဆန့်ကျင်ဖက်ရန်သူကို သူ့စိတ်ကြိုက်တိုက်ခိုက်လာနိုင်သောအနေအထားတွင်၊ ရှောင်လွဲရန် ကြံစည်နေခြင်းအားဖြင့်၊ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရန်အတွက်၊ အစီအစဉ်ချမှတ်ပြင်ဆင်မည်ဆိုလျှင် မသင့်လျော်လှပါ။ လက်တွေ့ကျသော ချဉ်းကပ်နည်းတစ်ခုမှာ၊ အစီအစဉ်ထုတ်ရာ၌ အလွန်ထိတ်လန့်ကြောက်ရွံ့စေမည့်၊ ဖြစ်ရပ်များ ကြုံရနိုင်သည့်အခြေအနေကို လျော့ချရန်ပင် ဖြစ်သည်။ အကြမ်းမဖက်လှုပ်ရှားမှုတွင်၊ ပါဝင်လှုပ်ရှားကြသူများအကြား ဤသို့အကြောက်တရားကို လျော့ချနိုင်သည့် ဥပမာတစ်ခုမှာ၊ ဆန္ဒပြပွဲဆောင်ရွက်မည့် အချိန်နှင့် နေရာကိုရွေးချယ်ခြင်း ဖြစ်ပါသည်။ ထို့အပြင် "အောင်ပွဲရရှိပြီ"ဟု လျှင်မြန်စွာ ကြေငြာနိုင်ခြင်း၊ အာဏာရှင်အစိုးရ၏ အဓိကရုံးနှိမ်နင်းရေးတပ်ဖွဲ့များ လာရောက်မချေမှုန်းမီ လူစုခွဲနိုင်ခြင်း၊ စသည့်နည်းများ ဖြစ်ပါသည်။ အကြမ်းမဖက်လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ရန်အတွက်၊ ကြောက်ရွံ့နေမှုကို ရေဖျော့ပစ်နိုင်သော အခြားနည်းမှာ၊ နီးစပ်ရာမြို့များတွင် လှုပ်ရှားမှုအများအပြား စီစဉ်ခြင်းဖြစ်ပြီး၊ ရဲတပ်ဖွဲ့များကို နေရာအနှံ့လူပြန့်ကွဲသွားစေနိုင်ပါသည်။ ထို့အတွက်ကြောင့် ဖြစ်စဉ်တစ်ခုတွင် ရဲတပ်ဖွဲ့ဝင်အရေအတွက် အနည်းငယ်သာသုံးနိုင်တော့မည် ဖြစ်သည်။

အခွံအားသင့်ရမှုကြောင့်၊ သွေးပျက်ထိတ်လန့်သည်အထိ ဖြစ်စေပါသည်။ ဖြစ်ရပ်တစ်ခုအတွက် အကြမ်းမဖက်လှုပ်ရှားမှုကို စီစဉ်ရာတွင်၊ ကြိုတင်မျှော်လင့်မထားသော အခွံအားသင့်မှုမျိုး မဖြစ်စေရအောင်၊ ရှောင်ရှားသင့်ပါသည်။ ဤသို့ပြင်ဆင်မှုများတွင်၊ လှုပ်ရှားမှု၏ ရည်ရွယ်ချက်၊ ထို့အပြင် ရဲတပ်ဖွဲ့၊ သို့မဟုတ် စစ်တပ်များက လက်တုံ့ပြန်လာနိုင်သည့်အခြေအနေကို ဖြစ်နိုင်သမျှ အသေးစိတ်ကြိုတင်ရှင်းပြထားရန် လိုအပ်ပါသည်။ လှုပ်ရှားမှုကို ကရုတစိုက်ပြင်ဆင် စီစဉ်ရန်လိုအပ်သကဲ့သို့၊ ဖြစ်နိုင်ပါက၊ အဓိကပါဝင်ဆောင်ရွက်ရမည့်သူများကို ကြိုတင်ဇာတ်တိုက်လေ့ကျင့်ပေးထားသင့်ပါသည်။ သူတို့မည်သို့တွေ့ကြုံမြင်တွေ့ရနိုင်သည် (အစိုးရတပ်များ၏ လှုပ်ရှားမှုများ)၊ ကြားရနိုင်သည် (နံပါတုတ်များကို လက်ကိုင်ဒိုင်းများနှင့် ရိုက်၍ညာသံပေးဟန်၊ သေနတ်တွင် လုံ့စွပ်များတပ်ဆင်သံ)၊ ဆန္ဒပြသူအဖွဲ့အတွင်း မည်သို့လှုပ်ရှားမှုများဆက်လက်ဖြစ်ပေါ်လာမည်၊ စသဖြင့်ကို၊ ပါဝင်လှုပ်ရှားသူများကို ရှင်းပြထားနိုင်ပါက၊ သင့်လျော်ပါသည်။

ပါဝင်လှုပ်ရှားသူတစ်ဦးချင်းကို မည်သို့လှုပ်ရှားဆောင်ရွက်ကြရမည်ကို လမ်းညွှန်ချက်များ ပေးထားနိုင်ပါက၊ နောက်ထပ်အဓိကကျသော အဆင့်တစ်ခုဖြစ်ပါသည်။ လှုပ်ရှားမှုကို စည်းစနစ်ကျနစေပါသည်။ ဖိအားပေးမှုခံနေရသည့်အခြေအနေအောက်၌ ပူးပေါင်းဆောင်ရွက်မှု၊ ညီညွတ်စွာ တစ်ပြေးညီဆောင်ရွက်မှုများသည်၊ စည်းကမ်းတကျမဟုတ်ပါက၊ ဖြစ်နိုင်စရာအကြောင်းမရှိပါ။ ပရမ်းပတာဖြစ်နေသော လူအုပ်ကြီး၏လှုပ်ရှားမှုနှင့် အပြောင်းအလဲအတွက် လှုပ်ရှားနေသော အကြမ်းမဖက်တပ်ဖွဲ့အကြား ကွာခြားချက်ကို၊ ပါဝင်လှုပ်ရှားသူများအား သတိပေးရှင်းပြထားရန် လိုအပ်ပါသည်။ ကျောင်းတက်နေသောကျောင်းသားများအဖို့၊ ကျောင်းတွင်မီးလောင်လျှင် မည်သို့ဆောင်ရွက်ရမည်ဟူသော လေ့ကျင့်ခန်းကို အားလုံးသတိရကြပါလိမ့်မည်။ ခမ်းမအတွင်း တစ်ဦးချင်းတန်းစီ၍ထွက်ပေါက်သို့သွားပြီး၊ ဆုံရပ်တွင် ဆုံစေကြပုံလေ့ကျင့်ခန်း ဖြစ်ပါသည်။ တစ်မိနစ်၊ နှစ်မိနစ်အတွင်းမှာပင်၊ ရာနှင့်ချီသော ကျောင်းသားများကို ဤနည်းဖြင့် ဘေးလွတ်လုံခြုံရာသို့ ပို့နိုင်ပါသည်။ ဆရာကမည်သို့ဆောင်ရွက်ကြရမည်ကို သိပြီး၊ မည်သည့်ကိစ္စများ လုပ်ဆောင်ရန် လိုအပ်သည်ကို သိပါသည်။ ကျောင်းသားများကလည်း နာခံလိုက်နာကြပါသည်။ ဤသို့စည်းစနစ်ကျစွာ ဆောင်ရွက်သောလှုပ်ရှားမှုနှင့် ရုပ်ရှင်ရုံ၊ သို့မဟုတ် နိုက်ကလပ်တွင် မီးလောင်လျှင် မည်သို့ဖြစ်ပျက်နိုင်သည်ကို နှိုင်းယှဉ်ကြည့်ပါ။ လူတိုင်းက ကြောက်ရွံ့သွေးပျက်နေကြပြီး၊ တံခါးပေါက်ထံသို့ အလုအယက် တစ်ချိန်တည်း ပြုတိုးကြပါလိမ့်မည်။ ရလာဒ်မှာ လူအနည်းအကျဉ်းသာ လုံခြုံရာနေရာကို ရောက်ရှိနိုင်ခြင်းဖြစ်သည်။ ဤဖြစ်ရပ်များမှ သင်ခန်းစာမှာ ရှင်းပါသည်။ အစီအစဉ် အသေအချာရှိပါ။ ပါဝင်ဆောင်ရွက်သူများကို သိထားစေပါ။ ခေါင်းဆောင်က ဤအတိုင်းဆောင်ရွက်ပါက အလုပ်ဖြစ်နိုင်ကြောင်း သေချာစေရန်၊ အာမခံပေးရန်သာ ဖြစ်သည်။

ခေါင်းဆောင်တွင် ယုံကြည်ချက်ရှိနေခြင်းအားဖြင့်၊ အကြမ်းမဖက်လှုပ်ရှားမှုတွင် ပါဝင်သူများကိုပါ ယုံကြည်မှုရှိလာစေပြီး၊ ဤသို့ ယုံကြည်မှုခိုင်မာနေကြခြင်းကြောင့်၊ ကြောက်ရွံ့စိတ်ကို လျော့ပါးစေနိုင်ပါသည်။ အကြမ်းမဖက်လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်လာကြသူ လူသစ်များအနေဖြင့်၊ သင့်လျော်စွာ လေ့ကျင့်သင်တန်းပေးခြင်း၊ သူတို့ခေါင်းဆောင်များက၊ သူတို့အတွက် စိုးရိမ်ပူပန်ကြောင်း၊ သူတို့အတွက် သေချာစဉ်းစားနေကြောင်း၊ ဖော်ပြခြင်းအားဖြင့်၊ ယုံကြည်မှုတည်ဆောက်ပေးနိုင်ပါသည်။ ကြိုတင်၍ အာမခံချက်ပေးထားရန် လိုအပ်ပါသည်။ ဥပမာအားဖြင့်– ခေါင်းဆောင်တစ်ဦးအနေဖြင့် ဆန္ဒပြပွဲ၏ရှေ့တန်းမှ မချီတက်နိုင်ပါက၊ သူ့အနေဖြင့် မည်သည့်အတွက်ကြောင့် ဤသို့ရှေ့တန်းမှ မချီတက်နိုင်ကြောင်း၊ သူ မည်သည့်နေရာတွင် ရှိနေမည်ဖြစ်ကြောင်း ပြောပြထားရပါမည်။ "အကယ်၍၊ ကျနော် ရှေ့တန်းမှာ ရှိနေခဲ့ရင်၊ ဘာဖြစ်နေတာဆိုတာ ကျနော်စောင့်ကြည့်နေနိုင်မှာ၊ သိနိုင်မှာ မဟုတ်ဘူး။ အခြားခေါင်းဆောင်တွေနဲ့လည်း ဆက်သွယ်နိုင်မှာမဟုတ်ဘူး။ အပြောင်းအလဲတွေဖြစ်လာရင်လည်း၊ မလိုအပ်တဲ့ အထိအခိုက်နည်းပါးစေဖို့အတွက်၊ ကြိုတင်ညှိနှိုင်း ပြောင်းလဲမှုတွေလုပ်နိုင်မှာ မဟုတ်ဘူး။ သတိရထားဖို့က၊ ကျနော်က အောင်ပွဲရပြီဆိုတာ ကြေငြာပေးမယ့်သူ၊ အဲဒါမှ ကျနော်တို့ဒီအကျပ်အတည်းထဲက ထွက်နိုင်ကြလိမ့်မယ်။" ဤသို့ ရှင်းပြထားရပါလိမ့်မည်။

ခေါင်းဆောင်အနေဖြင့်၊ ဆောင်ရွက်မည့်ကိစ္စများအတွက် လှုပ်ရှားဆောင်ရွက်ပုံ၊ တွေ့ကြုံရမည့် အန္တရာယ်များကို ရှင်းပြထားရုံမျှသာမက၊ ပါဝင်ဆောင်ရွက်သူများကို မည်သည့်အတွက်ကြောင့် နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်စေရန်အတွက် ဤသို့ သံန္နိဌာန်ချ၊ အနစ်နာခံ ဆောင်ရွက်လှုပ်ရှားကြရသည်ကိုလည်း ရှင်းပြထားရပါမည်။ ယခုဆောင်ရွက်သည့် သီးသန့်လှုပ်ရှားမှုသည် မည်သို့ သက်ဆိုင်မှုရှိကြောင်း၊ မဟာဗျူဟာတစ်စုံလုံးအတွက် မည်သို့အထောက်အပံ့ဖြစ်စေကြောင်း၊ အလေးအနက်ထား ရှင်းပြရပါမည်။ ထို့အပြင် ပါဝင်ဆောင်ရွက်ကြသူများကို၊ ယခုလှုပ်ရှားဆောင်ရွက်မှုအားဖြင့်၊ လှုပ်ရှားမှု၏အင်အားကြီးထွားတိုးတက်လာနေပုံကို ဖော်ပြကြောင်း၊ အာဏာရှင်စနစ်ကို လူအများပူးပေါင်းဆန့်ကျင်လာစေရေးအတွက်၊ အခြားသူများအားကျစေမည့် စံနမူနာကောင်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်းလည်း၊ သိနေစေရပါမည်။

အစီအစဉ်ရေးဆွဲခြင်းတွင်၊ အကြမ်းမဖက်လှုပ်ရှားမှု၏ ဖြစ်စဉ်များ၌၊ ခေါင်းဆောင်အနေဖြင့် လူအများကို သူတို့တစ်ဦးတည်း အထီးကျန်အဖြစ် ခံစားမနေစေရန်၊ နည်းလမ်းများ စဉ်းစားဆောင်ရွက်ပေးရပါမည်။ ဆန္ဒပြပွဲကဲ့သို့သော၊ လူအများပါဝင်ဆောင်ရွက်ကြသည့် လှုပ်ရှားမှုများတွင်မူ၊ လူများကို တစ်ယောက်နှင့် တစ်ယောက်ထိတွေ့နေစေရန်၊ နီးနီး ပူးကပ်ထားစေရပါမည်။ အချင်းချင်းလက်များကိုင်ထားစေပြီး၊ အသံအရ (အော်ဟစ်ကြွေးကြော်သံများ၊ သီချင်းများ၊ တစ်ယောက်နှင့်တစ်ယောက်စကားပြောဆိုမှုများ) ပြောဆိုနေမှုများရှိစေပြီး၊ ၎င်းတို့အနေဖြင့် တစ်ဦးတည်းမဟုတ်ကြောင်း အမြဲမပြတ်သတိပေးနေစေရပါမည်။ ဝတ်စုံတူများ၊ တူညီသောသင်္ကေတများရှိစေခြင်းသည်၊ စိတ်ဓါတ်မြှင့်တင်အားပေးမှုတစ်ခုဖြစ်ပြီး၊ အခြားသူများနှင့် အမြင်အရ တစ်သွေးတည်းဖြစ်စေပါသည်။ အခြားသူများနှင့် ယုံကြည်ချက်တူ၊ သံန္နိဋ္ဌာန်တူသကဲ့သို့ ခံစားရစေပါသည်။

အစီအစဉ်ရေးဆွဲ ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စများတွင်၊ နောက်ထပ် အလေးပေးစဉ်းစားဆောင်ရွက်ရန်အချက်တစ်ခုမှာ၊ အကြမ်းမဖက်လှုပ်ရှားမည့်နေရာရှိ ဆန့်ကျင်ဖက်အင်အားစုတပ်ဖွဲ့များ၏ ကြောက်ရွံ့စိုးရိမ်နေမှုကို လျော့ချပေးရန်ဖြစ်ပါသည်။ ရဲတပ်ဖွဲ့ဝင်များကို သူတို့အနေဖြင့် အန္တရာယ်ပေး၊ ဒုက္ခပေးမည် မဟုတ်ကြောင်း၊ ဆန္ဒပြပွဲကို ငြိမ်းချမ်းစွာပင်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြိုတင်အသိပေးထားရပါမည်။ ပြောစကားကတိကို၊ လုပ်ရပ်ဖြင့် အားဖြည့်စေရန် လိုပါသည်။ ဥပမာအားဖြင့်၊ ခင်မင်ရင်းနှီးဖွယ် မျက်နှာထားရှိရန်၊ ၎င်းတို့နှင့် စကားပြောဆိုစေရန်၊ တိုက်တွန်းအားပေးလိုပါသည်။ သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ၊ မိတ်ဆွေများ၊ အခြားသိကျွမ်းသူများကို ရှေ့တန်းတွင်ထားရန် လိုအပ်ပါသည်။ သို့မှသာ ယခုရင်ဆိုင်နေရသည့်အဖွဲ့သည် ရုပ်ပိုင်းဆိုင်ရာအရ အန္တရာယ်ပေးမည့်အဖွဲ့မဟုတ်ကြောင်း တင်းမာခံစားနေရမှုကို လျော့ကျစေနိုင်ပါသည်။ ကြောက်ရွံ့သွေးပျက်နေသော လက်နက်ကိုင်ထားသူတစ်ဦးသည်၊ မထင်မှတ်ပဲ တုံ့ပြန်မှုအရ အကြမ်းဖက်မှုများကို စတင်ဆောင်ရွက်တတ်ပါသည်။

အကယ်၍ ဤဖြစ်ရပ်တွင်၊ အကြမ်းဖက်မှုဖြစ်ပွါးလာပါကလည်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ကြိုတင်ပြင်ဆင်ထားရပါမည်။ လေ့ကျင့်ထားသော ဆေးဖက်ဆိုင်ရာဝန်ထမ်းများနှင့် လက်ထောက်များ အရေးပေါ်ကုသမှု ပေးနိုင်ရန် အသင့်ရှိနေစေသင့်ပါသည်။ ဤသို့ စောင့်ရှောက်ပေးမှုများရှိနေခြင်းအားဖြင့် ဆန္ဒပြသူများကို ပို၍ယုံကြည်မှုအတွက် အာမခံချက်ပေးနိုင်ပါသည်။ ဤသို့ အထောက်အပံ့ရှိထားသည်ကို ဖော်ပြပြောဆိုထားမည်ဆိုပါက သင့်ပါသည်။ သို့သော်လည်း ဤသို့အရေးပေါ်ကုသရန် ပြင်ဆင်ထားခြင်း၊ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်လာနိုင်ချေကို ဖော်ပြခြင်းအားဖြင့်၊ မလိုလားအပ်သော ကြောက်ရွံ့စိုးရိမ်စိတ်လည်း ဖြစ်ပေါ်လာနိုင်ပါသေးသည်။ ဆန္ဒပြသူတိုင်းက သန့်ရှင်းစင်ကြယ်နေသော အဝတ်ဖြူတစ်ပိုင်းစီကို ဆောင်ထားသင့်ပြီး၊ လိုအပ်ပါက ကိုယ်ပိုင်ပတ်တီးအဖြစ် သုံးနိုင်ပါသည်။ ဆေးမှုးများကိုလည်း အပိုအထောက်အပံ့များသယ်ယူဆောင်ရမှုဝန် လျော့ကျစေပါသည်။ အဘယ်ကြောင့် အဖြူရောင်ပတ်တီးကို သုံးရပါသနည်း။ အကြောင်းမှာ ၎င်းတို့သည် ဓါတ်ပုံတွင် ပိုမိုထင်ရှားစေသောကြောင့် ဖြစ်ပါသည်။ ပတိတီးကဲ့သို့သော အရိုးရှင်းဆုံးကိစ္စကိုပင်၊ အကျိုးအမြတ်များစွာဖြစ်စေရန် အသုံးပြုနိုင်ပါသည်။ ဓါတ်ပုံရိုက်သူက ဆန္ဒပြပွဲ၏ဓါတ်ပုံများရိုက်ယူပြီး၊ အကယ်၍ ထိခိုက်ဒဏ်ရာရမှုများရှိလာပါကလည်း၊ နိုင်ငံတကာ သတင်းစာ၊ မီဒီယာများအတွက် ဆွဲဆောင်မှုရှိစေမည့် အကွက်အကွင်းများရှာဖွေ ဓါတ်ပုံရိုက်ရပါမည်။ ဤဓါတ်ပုံကို လူသန်းနှင့်ချီ၍ တွေ့စေမြင်စေနိုင်သည့်အတွက်ကြောင့်၊ ထိခိုက်ဒဏ်ရာရသူများသည် သူတို့ဒဏ်ရာများကို သူတို့ကိုယ်တိုင် ကုသနေပုံကို အလေးပေးဖော်ပြရမည်ဖြစ်ပြီး၊ အသေးအဖွဲကိစ္စများ၊ ပုံမှန်ဆောင်ရွက်ဖွယ်ကိစ္စများဖြင့် ရှုပ်မနေစေသင့်ပါ။ ဓါတ်ပုံတွင် သူရဲကောင်းအဖြစ်ဖော်ပြခံရတော့မည့် အရေးအတွက် ခေါင်းဖြီးနေခြင်း၊ မိတ်ကပ်လူးနေခြင်းများ မလုပ်စေသင့်ပါ။ အကြမ်းမဖက်လှုပ်ရှားမှုနှင့်ပတ်သက်၍ သတင်းပေးဖော်ပြနိုင်မည့်အခွင့်အရေးတိုင်းကို အမိအရဖမ်းဆုပ်ကိုင်ရပါမည်။

ဤဖြစ်ရပ်အတွင်း လူတိုင်းကို သီးခြားတိကျသောတာဝန်များပေးထားရပါမည်။ လူတိုင်းကို အာရုံမထွေပြားပဲ၊ သူတို့တာဝန်ဖြင့် အလုပ်ရှုပ်နေစေရပါမည်။ ခေါင်းဆောင်က ဤတာဝန်များကို လုပ်ဆောင်နိုင်ရန်အတွက် ကူညီပေးရပါမည်။ သတ်မှတ်တာဝန်ပေးထားသော လုပ်ငန်းအပေါ်တွင် အာရုံရောက်နေခြင်းအားဖြင့်၊ အနီးကပ်မြင်တွေ့ရသည့် မြင်ကွင်းများ၊ အသံများကြောင့် ကြောက်ရွံ့သွေးပျက်မှုကို လျော့ကျစေနိုင်ပါသည်။ အသေးစိတ်ဆောင်ရွက်ထားသော အလုပ်များက၊ ကြောက်ရွံ့မှုကို ထိန်းသိမ်းထားစေနိုင်ပါသည်။ အချို့သူများကို လူတန်းများတစ်ဖြောင့်တည်း ရှိနေ–မရှိနေ စစ်ဆေး၍၊ တည့်ခိုင်းနေစေရပါမည်။ အချို့သူများကို ဆိုင်းပုတ်များကို စစ်ဆေးခိုင်းရန်လိုအပ်ပြီး၊ လူအရပ်အမြင့်အတိုင်း ရှိနေစေရန် သေချာဆောင်ရွက်နေစေရပါမည်။ (ဆိုင်းပုတ်ပိုစတာများကို ဆန္ဒပြသူများ၏ ရှေ့တွင်ထားစေပြီး၊ တစ်စုံတရာအမြင့်ရှိနေစေခြင်းဖြင့် ဆန္ဒပြသူများက ရဲများကို မမြင်စေနိုင်ပါ။ ကြောက်ရွံ့မှုကို လျော့နည်းစေပါသည်။) အချို့သောသူများကို ဆန္ဒပြသည့်ဝန်းကျင်အခြေအနေကို စောင့်ကြည့်နေရန်နှင့် သတင်းပို့ရန် တာဝန်ပေးသင့်ပါသည်။ အချို့သူများကို ရေဓါတ်ဆုံးရှုံးမှုကာကွယ်နိုင်ရန် ဆန္ဒပြနေသူများသို့

ရေဖူးများဝေငှပေးစေရန် တာဝန်ပေးသင့်ပါသည်။ အချို့သူများက အော်ဟစ်ကြွေးကြော်သံများတိုင်ပေးရန်၊ သီချင်းများတိုင်ပေးရန် တာဝန်ပေးသင့်ပါသည်။ ရှင်းပါသည်။ ခေါင်းဆောင်ဖြစ်သူက လူတိုင်းလူတိုင်းကို အလုပ်များနေစေရန် ဆောင်ရွက်ပေးထားရပါမည်။

လူပုဂ္ဂိုလ်တစ်ဦးချင်းအဆင့်တွင်၊ ကြောက်ရွံ့မှုအကျိုးဆက်ကို လျော့ကျစေနိုင်ရန်အတွက်၊ ခံစားချက်အရဆောင်ရွက်နိုင်သောနည်းလမ်းများ ရှိပါသည်။ ကြောက်ရွံ့မှုကို သာမာန်သဘောသဘာဝ လက္ခဏာတစ်ခုအဖြစ် သိရှိလက်ခံထားခြင်းအားဖြင့်၊ ကြောက်ရွံ့မှုကြောင့် သူရဲဘောကြောင်သည်ဟု မယူဆတော့ပါ။ လှုပ်ရှားမှုအရေးဆောင်ရွက်ရမည့်ကိစ္စသည်၊ အန္တရာယ်ရှိသော်လည်း ထိုက်တန်သည့်ကိစ္စဟု ယုံကြည်ထားပါက၊ မိမိဆောင်ရွက်လှုပ်ရှားမှုကို ပိုမိုခိုင်မာစေရန် အားဖြည့်ပေးပါသည်။ တရားထိုင်ခြင်းနှင့် ဘာသာရေးထုံးတမ်းများက တည်ငြိမ်မှုကို ရစေနိုင်ပြီး၊ ဤလုပ်ရပ်များက လှုပ်ရှားမှုကို ပိုမိုကျယ်ပြန့်သည့်သဘောဆောင်စေပါသည်။ ဘာသာရေးအရ ယုံကြည်နေသူများအကြားသို့လည်း လှုပ်ရှားမှုကို ကျယ်ပြန့်ထိရောက်စေပါသည်။ အခြားအရေးကြီးသောအချက်မှာ၊ မိမိကို သတ်မှတ်တာဝန်ပေးထားသည့်ကိစ္စပြီးမြောက်မှုအပေါ် မှီခိုနေကြသည့် အခြားသူများအပေါ် ထားရှိရမည့် ကျင့်ဝတ်ပိုင်းဆိုင်ရာကိစ္စပင် ဖြစ်ပါသည်။ မိမိတို့နိုင်ငံ စစ်ပွဲတွင်းကျနေပြီ၊ တိုက်ခိုက်ခံနေရပြီဟူသော မျိုးချစ်စိတ်လှုပ်ဆော်ရေး အပြောအပြောများနှင့် ဆန့်ကျင်စွာပင်၊ လူအများသတ္တိပြောင်မြောက်စွာ လှုပ်ရှားခဲ့ကြခြင်းမှာ လွတ်လပ်မှု၊ ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးကို ချစ်မြတ်နိုးသည့်စိတ်များကြောင့် ဖြစ်ပါသည်။ သတ္တိပြောင်မြောက်သည့် လှုပ်ရှားဆောင်ရွက်မှု၊ စွမ်းအားအများစုမှာ သစ္စာရှိမှုနှင့် မိမိ၏အခြားရဲဖော်ရဲဖက်အပေါ် ထားရှိသည့် ခံယူချက်စိတ်ကြောင့်ပင် ဖြစ်ပါသည်။

## အကျဉ်းချုပ်

ကြောက်ရွံ့မှုဟူသည်မှာ သဘာဝအခြေအနေတစ်ရပ်ဟု သဘောပေါက်သိမြင်ထားသောကြောင့်၊ အခြားသူများကို အပြစ်မဆိုသင့်ပါ။ မိမိကိုယ်တိုင်လည်း ကြောက်ရွံ့မှုခံစားရသောကြောင့် ရှက်စရာမလိုအပ်ပါ။ တနည်းဆိုရသော်၊ လူများသည် မိမိကိုယ်မိမိ၊ အကြောက်တရားဖြင့်ချုယ်လှယ်အုပ်စိုးနေသော အာဏာရှင်အစိုးရလက်အောက်မှ လွတ်မြောက်လာအောင် စွမ်းဆောင်ကြိုးစားမည်ဆိုလျှင်၊ ဤအကြောက်တရား၏အကျိုးဆက်များကို ကျော်လွှားနိုင်မည့်နည်းနာများကို နားလည်ထားရန်လိုအပ်ပါသည်။ အဆုံးတွင်၊ အသိပညာ၊ စည်းကမ်း၊ စနစ်တကျ အစီအစဉ်ရှိထားမှုတို့ကြောင့် ထိရောက်စွာ ဆောင်ရွက်နိုင်စေပါသည်။

# အခန်း (၁၁)
# ခေါင်းဆောင်မှု

**"ခေါင်းဆောင်ကောင်းများသည်၊ လူအများအနေဖြင့် သူတို့သည် အရာကိစ္စများ၏ နှလုံးသားဗဟိုချက်တွင် ရှိနေသည်ဟု ခံစားစေရပါသည်။ ဘေးဖယ်ထားသည်ဟု မခံစားစေရပါ။ လူတိုင်းက အဖွဲ့အစည်း၏ အောင်မြင်ရာ၊ အောင်မြင်ကြောင်း အတွက်၊ ထူးကဲသာလွန်စွာ လုပ်ဆောင်နိုင်ကြသည်ဟု ခံစားစေရပါသည်။"**

ဝေါရင်၊ ဂျီ၊ ဘန်းနစ်စ်၊ *'ခေါင်းဆောင်တစ်ဦးဖြစ်လာရေး'* စာအုပ်ရေးသားသူ
Warren G. Bennis, author of *On Becoming a Leader*

အကြမ်းမဖက်လှုပ်ရှားမှု၏ သဘောတရား၊ သီအိုရီများနှင့် အသုံးချပုံများကို ထိရောက်သောလက်တွေ့လှုပ်ရှားမှုအဖြစ်၊ ပြောင်းလဲစေရာ၌၊ ကြားခံဆောင်ရွက်ပေးသည့် ဓါတ်ကူပစ္စည်းမှာ၊ ခေါင်းဆောင်မှုပင် ဖြစ်ပါသည်။ ဒီမိုကရေစီရရှိရေးလှုပ်ရှားမှုအတွင်း ခေါင်းဆောင်မှု၏အခန်းကဏ္ဍများမှာ၊ လူထုကို လှုံ့ဆော်စည်းရုံးရာတွင်လည်းကောင်း၊ လှုပ်ရှားမှုအတွင်းပါဝင်ဆောင်ရွက်နေကြသူများအတွက် စံပြအဖြစ်သော်လည်းကောင်း၊ လှုပ်ရှားမှု၏ ရလာဒ်နှင့်ပတ်သက်၍ လူအများကသံသယပွါးလာကြသောအခါ၊ ယုံကြည်မှုခိုင်မာစေရန် တိုက်တွန်းလှုံ့ဆော်ပေးရာ၌လည်းကောင်း၊ သင့်လျော်သောအချိန်တွင် သင့်လျော်သော ဆုံးဖြတ်ချက်ချပေးခြင်းအားဖြင့်လည်းကောင်း၊ အောင်ပွဲအတွက် လိုအပ်သော လူအများ၏ စိတ်ပါလက်ပါထောက်ခံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တည်တန့်နေအောင် ထိန်းသိမ်းထားပေးခြင်းအားဖြင့်လည်းကောင်း၊ တာဝန်ယူကြပါသည်။

"ရုပ်ပုံလွှာကောင်းကို တည်ဆောက်ခြင်း၊" "သတင်းကိုလှည့်ယူ ကျွမ်းကျင်စွာ အသုံးချခြင်း" ပြုနေကြသော၊ ယနေ့ခေတ်တွင်၊ ပြည်သူအများက နိုင်ငံရေးခေါင်းဆောင်များအပေါ် သံသယစိတ်ဝင်လာကြပါသည်။ သူတို့ရေဒီယို၊ ရုပ်မြင်သံကြားတွင် မြင်နေ၊ တွေ့နေကြရသော ခေါင်းဆောင်များက သူတို့ဟောပြောနေသည့်အတိုင်း၊ အမှန်တကယ်ယုံကြည်မှု ရှိ–မရှိကို မေးခွန်းထုတ်လာကြသည်မှာ ဆီလျော်မှန်ကန်သောအခွင့်အရေးဖြစ်ပါသည်။ သို့မဟုတ် ဖော်ပြထားသော ဇာတ်ကောင်ရုပ်ပုံလွှာက၊ ထိုသူ၏ အစစ်အမှန်သရုပ် ဟုတ်–မဟုတ် မေးခွန်းထုတ်လာကြပါသည်။ ဟော့ဘ်စ် (Hobbes) ၏ လူသားအမြင်ကို လက်ခံထားသူတစ်ဦးက၊ ဂျက်ဖာဆန် (Jefferson) ၏ ဒီမိုကရက်အရေခြုံနေသည်ကို သိရှိလာကြပါကလည်း၊ လူအများက အံ့သြမှု ဖြစ်ကြတော့မည် မဟုတ်ပါ။ ယေဘုယျအားဖြင့်ဆိုရလျှင်၊ လူအများက၊ ကိုယ်ကျင့်သိက္ခာမဟုတ်၊ ငွေကြေးပိုက်ဆံ၊ နိုင်ငံရေးအမြင်၊ သို့မဟုတ်၊ အုပ်ချုပ်နိုင်မှုစွမ်းရည်များကသာ ရွေးကောက်ပွဲရလာဒ်များကို အဆုံးအဖြတ်ပေးကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားကြပါသည်။ အကယ်၍ နိုင်ငံရေးသမားများကို မြင်ထားကြသောအမြင်သည်၊ လူအများက ထင်မြင်ယူဆနေကြသောအမြင်အတိုင်း ဖြစ်နေသည်ဆိုပါက၊ ခေါင်းဆောင်အနေဖြင့် တွေ့ကြုံရမည့် ပြဿနာ၊ စိန်ခေါ်မှုမှာ မသေးလှပါ။ သံသယရှိဖွယ်မလိုသောအချက်မှာ၊ အချို့သော အမျိုးသားခေါင်းဆောင်များသည်၊ လူအများက နိုင်ငံရေးသမားများအပေါ် ယေဘုယျယူဆထင်မြင်ထားချက်များနှင့် လုံးဝကွာခြားလှပါသည်။ တောင်အာဖရိကမှ နယ်လ်ဆင် မင်ဒဲလား၊ အမေရိကန်ပြည်ထောင်စုမှ မာတင်လူသာကင်း ဂျူနီယာ၊ ပိုလန်နိုင်ငံမှ လက်ချ ဘာဝင်ဆာ၊ မြန်မာနိုင်ငံမှ ဒေါ်အောင်ဆန်းစုကြည်တို့မှာ ထင်ရှားလှသော ချွင်းချက်ခေါင်းဆောင်များ ဖြစ်ကြပါသည်။ လူအများ၏ ထင်မြင်ယူဆထားသော အမျိုးသားခေါင်းဆောင်များနှင့် လုံးဝကွာခြားပါသည်။

အုပ်ချုပ်သူများနှင့် ပြည်သူများအကြား ကွာဟမှုသိပ်ကြီးလာသောအခါ၊ ပြည်သူများသည် အစိုးရများ၏လုပ်ဆောင်မှုများနှင့် မူဝါဒများအပေါ်တွင် အဓိပ္ပါယ်ရှိသောဩဇာလွှမ်းမိုးသက်ရောက်မှုရှိရန်၊ ထိန်းချုပ်နိုင်ရန်မှာ မဖြစ်နိုင်တော့ပါ။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေကြသူများအနေနှင့်၊ မကြာခဏဆိုသလို၊ နိုင်ငံတော်အစိုးရဆိုသူများက ၎င်းတို့အပေါ်ချယ်လှယ်လွှမ်းမိုးထားသည့် အမျိုးမျိုးသော အံ့သြဖွယ်အာဏာများကို တွေ့ရနိုင်ပါသည်။ ဤသို့သောအခြေအနေမျိုးတွင် ထိရောက်သောခေါင်းဆောင်မှုကသာ၊ ပြည်သူလူထုများအကြား ယုံကြည်ချက်နှင့်သတ္တိဖြစ်ပေါ်စေရန်၊ သွတ်သွင်းပေးနိုင်ပြီး၊ နိုင်ငံရေးအာဏာချိန်ခွင်လျှာမျှလာစေရေးအတွက်၊ စုပေါင်းဆောင်ရွက်ရန်၊ လူတစ်ဦးချင်း၏ လွတ်လပ်ခွင့်နှင့် တရားမျှတမှုကို မြှင့်တင်ရန် ဖြစ်စေနိုင်ပါသည်။

ထိရောက်ထက်မြက်သော ခေါင်းဆောင်များတွင်၊ နိုင်ငံအဆင့်တွင်ပင်ဖြစ်စေ၊ ဒေသဆိုင်ရာအဆင့်တွင်ပင်ဖြစ်စေ၊ လက်နက်ကိုင် ပဋိပက္ခတွင် ဖြစ်စေ၊ လက်နက်မကိုင်ထားသော ပဋိပက္ခတွင် ဖြစ်စေ၊ ယေဘုယျ အားဖြင့်တူညီသော သဘောသဘာဝ၊ လက္ခဏာများကို လေ့လာတွေ့ရှိရပါသည်။ တိုက်ပွဲများ၊ ပဋိပက္ခများကို ဦးဆောင်ရန်ခေါင်းဆောင် အစစ်အမှန်များသည်၊ မွေး

ရာပါ ပါရမီဖြင့် ခေါင်းဆောင်ရန်ဖြစ်လာသည်ဟု ထင်မြင်ယူဆထားကြသော်လည်း၊ လက်တွေ့ကျသောလုပ်ငန်းဆောင်ရွက်မှုများအတွက်၊ ခေါင်းဆောင်မှုအရည်အချင်းများကို ပညာရေး၊ လေ့ကျင့်ပေးမှုနှင့် အတွေ့အကြုံများက ဖြည့်ဆီးပေးခဲ့ကြပါသည်။ မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုတွင် ခေါင်းဆောင် သောင်းနှင့်ချီ၍မဟုတ်လျှင်သော်မှ၊ ထောင်ဂဏန်းမျှ ခေါင်းဆောင်မှုတာဝန်ယူရန် လိုအပ်နေပါသည်။ လှုပ်ရှားမှုတစ်လျှောက်လုံးတွင်၊ အာဏာရှင်အစိုးရများက ပြည်သူများ၏ဆန္ဒအတိုင်း လိုက်နာနားထောင်လာစေရန်ဆိုလျှင်၊ ဤမျှခေါင်းဆောင် အရေအတွက် လိုပါသည်။ အကြမ်းမဖက်လှုပ်ရှားမှုတွင် လှုပ်ရှားမှုအားကောင်းလာစေရေးအတွက်ဆိုလျှင်၊ ခေါင်းဆောင်များ၏ အောက်ဖော်ပြပါအရည်အချင်းများကို အကြံပြုဆွေးနွေးတင်ပြလိုပါသည်။

## ခေါင်းဆောင်မှု အရည်အချင်းများ

### *၁။ နမူနာ စံပြဖြစ်စေရန် ကြိုးစားပါ။*

အချိန်ရလာသည်နှင့်အမျှ၊ အဖွဲ့အစည်းများသည် ဦးဆောင်မှု၏ အရည်အချင်းများနှင့် ၎င်းခေါင်းဆောင်၏ ကြိုးပမ်းအားထုတ်မှုများကို ရောင်ပြန်ဟပ် ဖော်ပြလာကြပါသည်။ မိမိကိုယ်ကျိုးအတွက် အဖွဲ့အစည်းကိုအသုံးချသော ခေါင်းဆောင်များက၊ မိမိ၏ ငယ်သားများလည်း ၎င်းနည်းတူလုပ်ဆောင်နေကြသည်ကို မြင်လျှင်၊ အံ့သြမှုဖြစ်ရလိမ့်မည် မဟုတ်ပါ။ ခေါင်းဆောင်ကစ၍ ခြစားယိုယွင်းနေလျှင်၊ စနစ်တကျ ခြစားမှုကို ရှောင်လွဲ၍ရမည် မဟုတ်ပါ။ အကယ်၍ခေါင်းဆောင်က ရိုသားမှု၊ အလုပ်ကြိုးစားမှု၊ သတ္တိနှင့် အခြားသူများအပေါ် ရိုသေလေးစားမှုကို ပြသပါလျှင်၊ အခြားသူများတွင်လည်း ဤအမူအကျင့် လက္ခဏာများကို တွေ့ကြရမည် ဖြစ်ပါသည်။ အဖွဲ့အစည်းတစ်ခုတွင် ရှိစေလိုသည့် အရည်အသွေးများနှင့် စရိုက်လက္ခဏာများကို၊ ခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှု၊ အမူအကျင့်များဖြင့် ထင်ဟပ်ပြသရမည် ဖြစ်ပါသည်။

### *၂။ သင်ဦးဆောင်ရမည့် လူများအကြောင်းကို၊ သိပါ။*

ထက်မြက်ထိရောက်သော ခေါင်းဆောင်တစ်ဦးသည်၊ မိမိဦးဆောင်ရမည့်သူများအပေါ် ကရုစိုက်မှုနှင့် စိုးရိမ်ပူပန်မှုကို ထုတ်ဖော်ပြသရန် လိုအပ်ပါသည်။ နိုင်ငံအဆင့်တွင်၊ ဤသို့ဆိုလိုသည်မှာ လူဦးရေဆိုင်ရာအချက်အလက်၊ (လယ်သမား၊ အလုပ်သမား၊ ကျောင်းဆရာများ၊ ဝန်ထမ်းများ၊ စသဖြင့်) အုပ်စုအလိုက်ဝင်ငွေ၊ ပညာရေးအဆင့်အတန်း၊ ဘာသာရေး၊ လူမျိုးအရ ကွဲပြားစွာတည်ရှိနေမှု၊ ထွက်ကုန်နှင့် သွင်းကုန်၊ တိုင်းပြည် စုစုပေါင်းအမျိုးသားထုတ်ကုန်တန်ဖိုး (ဂျီဒီပီ) ၏ အရင်းမြစ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဝန်ဆောင်မှု ရနိုင်သည့် အခြေအနေ၊ စသဖြင့် ကိန်းဂဏန်းဆိုင်ရာအချက်အလက်များကို နားလည်ထားခြင်းကို ဆိုလိုပါသည်။ အခြားအရေးကြီးသောအချက်မှာ၊ “ပြည်သူများအားလုံး၊ နေ့တရှုဝ ဘာလုပ်နေကြသနည်း” ဟူသောအချက်ကို သိရန်ပင် ဖြစ်ပါသည်။ ဇင်ဘာဘွေနိုင်ငံတွင် (၂၀၀၂) ခုနှစ်က၊ ဖြစ်ပွါးခဲ့သော အတွေ့အကြုံအရ၊ သတ်မှတ်ထားသောရိက္ခာရာရှင်ကို ဝယ်ယူရန်အတွက်၊ လူများက နာရီပေါင်းများစွာကြွံကြွံခံတန်းစီ၍၊ နေကြရပါသည်။ လူဦးရေစုစုပေါင်း၏ (၂၅) ရာခိုင်နှုန်းမှာ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဝေဒနာ စွဲကပ်ခံစားနေကြရပါသည်။ ငွေကြေးဖောင်းပွမှုမှာ (၁၀၀) ရာခိုင်နှုန်းကျော်ရှိနေပြီး၊ အလုပ်လက်မဲ့ဖြစ်မှုနှုန်းမှာ (၇၀) ရာခိုင်နှုန်းကျော်နေပါသည်။ ထို့အပြင် ပြည်သူများလက်တွေ့ခံစားနေကြရသောအခြေအနေတစ်ခုမှာ၊ အခြားပြင်ပဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်းမရှိပဲ၊ လူအများစုမှာ အဟာရငတ်မွတ်ခေါင်းပါးနေကြပါသည်။ လူအများက တစ်ဖက်က နာမကျန်းဖြစ်နေသည့်၊ သေလုမျောပါးဖြစ်နေသည့် မိသားစုများကိုစောင့်ရှောက်နေရဆဲ၊ တစ်ဖက်ကလည်း အလုပ်အကိုင်နှင့် အစားအသောက်အတွက် အချိန်ပေးရှာနေရသောကြောင့် နိုင်ငံရေး လှုပ်ရှားမှုများလုပ်ဆောင်ရန်အတွက်၊ အချိန် မပေးနိုင်ကြတော့ပါ။ အကယ်၍ ဤအခြေအနေများဆိုးရွားနေရုံမျှနှင့် မလုံလောက်သေးပဲ၊ အာဏာရှင်အစိုးရက၊ နိုင်ငံရေးအတိုက်အခံများနှင့် ၎င်းတို့မိသားစုများ ငတ်မွတ်နေရစေလေအောင်၊ မူဝါဒချမှတ်၍ တမင်သက်သက်လုပ်ဆောင်နေပြီး၊ လူမိုက်အဖွဲ့များကိုစေလွှတ်၍ ရိုက်နှက်စေခြင်း၊ မုဒိန်းကျင့်ခြင်းများလည်း ကျူးလွန်နေကြပါသေးသည်။ လူထုများပါဝင်လာစေရန်ဆွဲဆောင်မေတ္တာရပ်ခံမည်ဆိုလျှင်၊ ၎င်းတို့၏ နေ့စဉ်ဘဝအခြေအနေကို ထင်ဟပ်၍ကြည့်ရပါလိမ့်မည်။

ရပ်ရွာအဆင့်ခေါင်းဆောင်များအတွက်၊ လူတိုင်းတွင် နာမည်ကောင်းတစ်ခုစီနှင့် မျက်နှာနာစရာကိစ္စများ ရှိကြပါသည်။ ခေါင်းဆောင်များက သူတို့ကိုထောက်ခံသူများကို ပုဂ္ဂိုလ်ရေးအရ ကျွမ်းဝင်အောင်ဆောင်ရွက်ထားသင့်ပြီး၊ ခြံစည်းရိုးခွထိုင်နေသူများကိုလည်း သိထားသင့်ပါသည်။ အခြေအနေပေးသည်နှင့် အမျှ၊ သူတို့အပေါ် စိုးရိမ်ပူပန်မှုရှိကြောင်း ပြသရပါလိမ့်မည်။ ဒီမိုကရေစီအစိုးရလက်အောက်တွင် သူတို့၏ဘဝများ မည်မျှတိုးတက်ကောင်းမွန်လာနိုင်ကြောင်း၊ မကြာခဏဆိုသလို၊ ဒေသခံ

ခေါင်းဆောင်များက သူတို့လူထုများကို သတိပေးရှင်းပြသင့်ပြီး၊ သူတို့၏ လက်ရှိအခက်အခဲပြဿနာများကို ဝိုင်းဝန်းဖြေရှင်းပေးသင့်ပါသည်။

### *၃။ တာဝန်ယူထားသောကိစ္စများကို ဆောင်ရွက်ရာ၌၊ ကျွမ်းကျင်ထိရောက်ပါစေ။*

အကျပ်အတည်းအခြေအနေတစ်ရပ်တွင်၊ ခေါင်းဆောင်က ၎င်း၏အလုပ်ကို မသိသည့်ဖြစ်ရပ်ကြောင့်၊ ဆုံးရှုံးမှုဖြစ်စေနိုင်သောအရာ၊ လူအများ စိတ်ဓါတ်ကျဆင်းပျက်ပြားစေသော အရာမရှိပါ။ ဆုံးဖြတ်ချက်များ ညံ့ဖျင်းမှားယွင်းခြင်းသည်၊ မလိုအပ်သောအန္တရာယ်များ၊ အထိအခိုက်များ ပို၍များပြားစေပြီး၊ ယုံကြည်အားထားမှုလည်း ကွယ်ပျောက်သွားနိုင်ပါသည်။ ကြောက်ရွံ့မှုက အနှံ့အပြားဝင်ရောက်လာနိုင်ပါသည်။ ခေါင်းဆောင်ဆိုသည်မှာ၊ ပုံမှန်စစ်ပွဲကိုဖြစ်စေ၊ အလားတူ ပို၍အနုစိတ်နိုင်လှသောအကြမ်းမဖက်တိုက်ပွဲကို နိုင်အောင် မည်သို့တိုက်ရမည်ကိုသိသူဟု ယူဆထားကြပါသည်။ တိုက်ပွဲကို မည်သို့စစ်ဆင်တိုက်ခိုက်ရမည်ကို အခြားသူတို့ထက် ပိုသိသော၊ ကျွမ်းကျင်မှုနှင့် အရည်အချင်းများ ပို၍ရနိုင်ချေရှိနေသော ခေါင်းဆောင်များအနေဖြင့်၊ လှုပ်ရှားမှု၏ ရလာဒ်ကို အကျိုးသြဇာသက်ရောက်စေနိုင်သော ခေါင်းဆောင်မှု၏ အခြားတစ်ဖက်၊ တစ်ကဏ္ဍကိုလည်း သိထားရန် လိုအပ်ပါသည်။ နိုင်ငံတစ်ခုအဆင့်တွင်၊ ဤသို့ဆိုလိုသည်မှာ ခေါင်းဆောင်က၊ လှုပ်ရှားမှု အရေးတော်ပုံ မည်သည့်အတွက်ကြောင့် ဆောင်ရွက်ကြရမည်ကို ရှင်းလင်းမြင်သာအောင် ဖော်ပြပြောဆိုနိုင်ရန် လိုအပ်ပြီး၊ တနည်းဆိုရသော် ခေါင်းဆောင်ကလူအများ လှုပ်ရှားမှုတွင် စိတ်ဝင်စားပါဝင်လာကြစေရန်အတွက် လုပ်ဆောင်နိုင်ရပါလိမ့်မည်။ အခြားအရည်အချင်းတစ်ရပ်မှာ နိုင်ငံတကာ အားပေးထောက်ခံမှုကို ရယူနိုင်သည့်အရည်အချင်းဖြစ်ပြီး၊ လှုပ်ရှားမှုအတွက် ဦးတည်အသုံးချနိုင်ရန် ဖြစ်ပါသည်။ ထို့အပြင် သေချာဆန်းစစ်အကဲဖြတ်၍၊ ထိခိုက်မှုအနည်းဆုံးဖြင့် အောင်ပွဲခံရန် ဖြစ်ပါသည်။

ရပ်ရွာဒေသအဆင့် ခေါင်းဆောင်များတွင်မူ၊ အခြေအနေကို သိရှိနားလည်ထားရန်လိုအပ်ပြီး၊ လှုပ်ရှားမှု၏ ရည်ရွယ်ချက်များအောင်မြင်စေရေးအတွက်၊ အကြမ်းမဖက်ဆောင်ရွက်နိုင်သည့် တိုက်နည်းများကို သိထားရပါမည်။ ထို့အပြင် အကြမ်းမဖက်လှုပ်ရှားမှုအတွက် အစီအစဉ်များချမှတ်တတ်ရန်လိုပြီး၊ ရွေးချယ်ထားသောနည်းနာများကို မည်သို့အောင်မြင်စွာဆောင်ရွက်နိုင်မည်ကို ပါဝင်ဆောင်ရွက်ကြမည့်သူများသို့ လေ့ကျင့်ပေးနိုင်ရန် အရည်အချင်းလိုအပ်ပါသည်။

### *၄။ တာဝန်ကို ရှာဖွေပါ။ တာဝန်ယူပါ။*

ယနေ့ခေတ် လူမှုအဖွဲ့အစည်းတွင် တာဝန်ယူမှုကိုရှောင်လွှဲနေကြခြင်းသည်၊ လူအများ၏ စရိုက်လက္ခဏာသဖွယ်ဖြစ်လာပါသည်။ မကြာခဏဆိုသလို၊ ဖောက်သည်များနှင့် ဆက်ဆံရန်တာဝန်ရှိသည့်ဌာနတာဝန်ခံနှင့် သူတို့ထံမှဝယ်ယူလာသောပစ္စည်းတစ်ခု၏ ပြဿနာနှင့်ပတ်သက်၍ စကားပြောပါက၊ ကုမ္ပဏီ၏ပထမဦးဆုံးအရေးပေးဆောင်ရွက်ကြသည့်ကိစ္စမှာ ဖြစ်သမျှပြဿနာများသည် သူတို့အမှားမဟုတ်ကြောင်း ရှင်းပြသိစေရန်သာ ဖြစ်သည်။ အလားတူပင်၊ စာမေးပွဲကျရှုံးသောကျောင်းသားတစ်ဦးကလည်း၊ ဆရာကိုပင် အပြစ်ဖို့ပါလိမ့်မည်။ နိုင်ငံရေးခေါင်းဆောင်တစ်ဦးကလည်း၊ သူ၏ဆုံးဖြတ်ချက်သည် ရနိုင်သမျှသော အကောင်းဆုံးသတင်းအချက်အလက်များအပေါ် အခြေပြုထားခြင်းဖြစ်ကြောင်း ပြောပါလိမ့်မည်။ သို့အတွက်ကြောင့် ဤသတင်းများကိုအခြေခံ၍ ထွက်ပေါ်လာသော ညံ့ဖျင်းသည့်ဆုံးဖြတ်ချက်အတွက် သူ့ကိုအပြစ်မဖို့တန်ရာဟုဆိုပါသည်။ အရေးကြီးသောအစည်းအဝေးတစ်ခုကို ပြင်ဆင်ခေါ်ဆိုရန်ပျက်ကွက်ခြင်းသည်၊ ပြင်ဆင်ရန်အချိန်မလုံလောက်သောကြောင့်၊ အခြားအရေးကြီးကိစ္စများကြောင့် (ကလေးဖျားနာနေမှု၊ ဆရာ–မိဘ အစည်းအဝေး) ဟု ဆိုပါသည်။ ဘုရားသခင်၏ဆောင်ရွက်ချက်ကြောင့် ဖြစ်ပေါ်လာရသော အောင်ပွဲ (နိုင်ဖဲ) ကြောင့်ဟု၊ ဆုံးရှုံးရသည်ကို ဆင်ခြေပေးအပြစ်ဖို့ကြပါသည်။ အကြမ်းမဖက်လှုပ်ရှားမှု၏ ခေါင်းဆောင်တစ်ဦးသည်၊ လူသာမာန်တစ်ဦး မဖြစ်နိုင်သကဲ့သို့၊ လှုပ်ရှားမှုသည်လည်း ဖြစ်တန်ချေများသော သာမာန်နေရာတစ်ခု မဟုတ်ပါ။

ထိရောက်သောခေါင်းဆောင်တစ်ဦးသည်၊ အဖွဲ့အစည်း၏ ရည်ရွယ်ချက်များ မပြည့်မြောက်ရသည့်အတွက် ဆုံးရှုံးရမှုကိုတာဝန်ခံပါသည်။ အကယ်၍ တစ်စုံတရာမှားယွင်းသွားပါက၊ တာဝန်ခံပါသည်။ ပြဿနာကို ပြုပြင်ပါသည်။ ထိုအမှားမှ သင်ခန်းစာထုတ်ယူဆင်ခြင်ပါသည်။ ရှေ့သို့ ဆက်လက်ချီတက်ပါသည်။ ငယ်သားနောက်လိုက်များက သူတို့၏အမှားများအတွက်ခေါင်းဆောင်၏တာဝန်ခံမှုကို ကျေးဇူးတင် အသိအမှတ်ပြုကြပါလိမ့်မည်။ ဤနည်းအားဖြင့် ခေါင်းဆောင်ကိုလည်း လိုအပ်သောပြုပြင်မှုများ ဆောင်ရွက်နိုင်ရန်၊ အခွင့်အလမ်းအာဏာ ရစေပါသည်။ "ကြည့်ကြပါ၊ ကိုယ့်လူတို့။ ကျနော်ကိုယ်တိုင် ဒီအမှားအတွက် တာဝန်ယူပါတယ်။ ကျနော်၏ လမ်းညွှန်မှုအတိုင်းဆောင်ရွက်မှု ရှိ–မရှိ ကြီးကြပ်ရန် မိမိပျက်ကွက်ခဲ့ပါသည်။ ဤကဲ့သို့ အလားတူအမှားမျိုးအတွက် အနာဂတ်မှာ၊ နောက်တစ်ကြိမ်အပြစ်ပြောခံရစေရန်၊ မိမိ မလိုလားပါ။ နောက်တစ်ကြိမ်မဖြစ်စေရန် မည်သို့ကာကွယ်ကြမည်နည်းဆိုသည်ကို နည်းလမ်းရှာကြဖို့ လိုပါတယ်။" မိမိ၏ လက်ဦးမှုယူဆောင်ရွက်နိုင်သည့်

ကိစ္စကို ဆုံးရှုံးပျက်ကွက်စေသောကိစ္စမှာ၊ အမှားအတွက် လက်အောက်ငယ်သားများအပေါ် အပြစ်ဖို့ခြင်း ဖြစ်ပါသည်။ အမှားများအတွက် အကောင်းဆုံးချည်းကပ်နည်းတစ်ခုမှာ၊ ယခုတိုက်ပွဲကို ဆောင်ရွက်နေသည့်ကာလတွင် အမှားများဖြစ်ပေါ်မည်ကို မျှော်လင့်ထားခြင်းပင် ဖြစ်ပါသည်။ မည်သူမျှ ပြီးပြည့်စုံသူ မရှိပါ။ ခွင့်လွှတ်ခြင်းဆိုသည်မှာ၊ အမှားများမှ သင်ခန်းစာထုတ်ယူရန် ပျက်ကွက်သူများအတွက်၊ နောက်တစ်ကြိမ်ထပ်မှားစေသူများအတွက် မထိုက်တန်ပါ။

### ၅။ အောင်မြင်မှုအတွက် အခြားသူများကို ဂုဏ်ပြုအမှတ်ပေးပါ။

အောင်မြင်သည့် ဖြစ်ရပ်တစ်ခုအကြောင်း၊ ဆွေးနွေးသောအခါ ခေါင်းဆောင်ကောင်းတစ်ဦးသည်၊ "ငါ"ဟု ပြောဆိုခြင်းကို အစဉ်သဖြင့် ရှောင်လေ့ရှိပါသည်။ "ကျနော်တို့"၊ "သူတို့"၊ "သူ"၊ "သူမ" စသဖြင့် နောက်လိုက်များကိုသာ ဂုဏ်ပြုအမှတ်ပေးချီးကျူးလေ့ ရှိပါသည်။ ထိုသူများ၏ ဖြည့်ဆီးဆောင်ရွက်မှုကြောင့်သာ အောင်မြင်မှုရစေခြင်း ဖြစ်ပါသည်။ အစိုးရတပ်ဖွဲ့များချည်းကပ်လာပြီကို ကြိုတင်သတိပေးခဲ့သောကလေးငယ်တစ်ဦး၊ ဆန္ဒပြသူများသို့ ရေတိုက်သောအဖွားအိုတစ်ဦး၊ လက်ကမ်းစာစောင်များကို ပြင်ဆင်ပေးသူမိန်းမပျိုတစ်ဦး၊ အန္တရာယ်ကို မကြောက်မရွံ့အရဲစွန့်၍ စာရွက်ဖြန့်ဝေသူတစ်ဦး၊ ဤစစ်ဆင်ရေးအတွက် အသေးစိတ် အစီအစဉ်ရေးဆွဲပေးသည့် ရပ်ရွာခေါင်းဆောင်များ၊ ပါဝင်ဆောင်ရွက်ကြသူများ စသူများသည် လှုပ်ရှားမှုအောင်မြင်မှုအတွက် ချီးကျူးအမှတ်ပေးရမည့်သူများ ဖြစ်ပါသည်။

ခေါင်းဆောင်များသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးမဟာဗျူဟာရေးဆွဲရေးသမားများ၊ နည်းဗျူဟာချမှတ်သူများ ဖြစ်နိုင်ပါသည်။ သို့သော်လည်း ဤအတွေးအခေါ်၊ အကြံအစည်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့်သူ မရှိပါက၊ အချည်းနှီးသာ ဖြစ်ပါလိမ့်မည်။ အခြားသူများကို ချီးကျူးဂုဏ်ပြုပေးသည့် ခေါင်းဆောင်မှုချည်းကပ်ပုံနည်းလမ်း၏ အားကောင်းချက်တစ်ရပ်မှာ၊ လူတိုင်းက မိမိကိုယ်မိမိ အရေးကြီးသည်ဟု ယုံကြည်ခံယူလာစေခြင်း ဖြစ်ပါသည်။ အောင်မြင်မှုသည် ၎င်း၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် တည်မှီနေပြီး၊ ပူးပေါင်းပါဝင်ဖြည့်ဆီးမှုကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ခံရပါသည်။

### ၆။ သစ္စာရှိမှု

ဒီမိုကရေစီ လူမှုအဖွဲ့အစည်းတစ်ခုတွင် သစ္စာရှိရန်ဆိုသည်မှာ မလွယ်ကူလှပါ။ ဤနည်းမှာ နှစ်လမ်းသွားဖြစ်ပြီး၊ အဖွဲ့အစည်းတစ်ခု၏အဖွဲ့ဝင်များက ခေါင်းဆောင်ကို ထောက်ခံပံ့ပိုးပေးရန် လိုအပ်သည့်အပြင်၊ ခေါင်းဆောင်ကလည်း အပြန်အလှန်အားဖြင့်၊ သူ့ကိုထောက်ခံကြသူများအပေါ် လေးစားမှုနှင့် သူတို့အကျိုးအပေါ်စာနာမှု ပြန်လည်ပြသရန် လိုအပ်ပါသည်။ သစ္စာရှိမှုဆိုသည်မှာ၊ အမြဲတစေ လက်ညှိုးထောင်၊ ခေါင်းညိမ့် "ဟုတ်ကဲ့"လိုက်နေရန် မလိုအပ်ပါ။ ခေါင်းဆောင်အကြီးအကဲပြောသမျှ မငြင်းမဆန် နာခံနေရန် မဟုတ်ပါ။ အမှန်တွင်၊ ဒီမိုကရေစီလှုပ်ရှားမှုအတွက် နစ်နာစေတော့မည့်ကိစ္စကို ခေါင်းဆောင်ကပြုလုပ်တော့မည်ကို ဆောင်ရွက်ကျူးလွန်ခွင့်ပြုထားခြင်းကသာ၊ သစ္စာမရှိခြင်း ဖြစ်ပါသည်။ ချမှတ်ထားသော အစီအစဉ်မှနေ၍ တစ်ခုခုလွဲချော် ကျန်ရစ်နေတော့မည်ဆိုလျှင်၊ နစ်နာစရာအကြောင်းရှိလျှင် ပြောရပါလိမ့်မည်။ အကယ်၍ သဘောမတူညီမှုရှိနေစေဦးတော့၊ ဤသဘောမတူညီမှုကို ခေါင်းဆောင်သိရှိစေရန် ဆောင်ရွက်ခြင်းသည်ပင်၊ သစ္စာရှိမှု ဖြစ်ပါသည်။ သို့သော်လည်း အခြားလက်အောက်ငယ်သားများရှေ့တွင် မဖော်ပြသင့်ပါ။ မိမိသဘောမတူရခြင်း၏ အကြောင်းအရင်းနှင့် ဤပြဿနာကိုပြေလည်စေရန်အတွက် အကြံပြုချက်ကိုပါ ပူးတွဲတင်ပြသင့်ပါသည်။ ခေါင်းဆောင်ဖြစ်သူကလည်း၊ အဖွဲ့အစည်းအတွင်း ဤသို့အပြန်အလှန်ညှိနှိုင်းနိုင်မည့်၊ အလားတူလုပ်ထုံးတစ်ခု စီစဉ်ဆောင်ရွက်ထားရန် တာဝန်ရှိပါသည်။ သို့မှသာ လူအများ၏ စိုးရိမ်ပူပန်ချက်များကို တရားဝင်ကြားနာဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ သဘောထားကွဲလွဲမှုသည် မပြည့်မစုံသောအချက်အလက်များကြောင့်လည်း ဖြစ်နိုင်ပါသည်။ အောက်ခြေရှိသစ္စာရှိရဲဘော်တစ်ဦးသည်၊ ကန့်သတ်အခွင့်အရေးရှိသူများသာ သိခွင့်ရှိသော၊ အချက်အလက်များ၊ ပိုမိုကျယ်ပြန့်သော မဟာဗျူဟာမြောက်ရည်မှန်းချက်များအရ ရေးဆွဲထားသော အစီအစဉ်များ၊ တစ်ပြိုင်နက်တည်းဆောင်ရွက်မည့် စစ်ဆင်ရေးလှုပ်ရှားမှုများ၊ ရန်သူ့ဖက်က လှုပ်ရှားဆောင်ရွက်မှုများကို သိရှိနိုင်ရန် အခွင့်အရေး မရှိပါ။ မည်သို့သောကိစ္စမျိုး၌မဆို၊ စစ်ဆင်ရေးဆိုင်ရာဆုံးဖြတ်ချက်ကို လှုပ်ရှားဆောင်ရွက်စေရန်အတွက် ဖြန့်ဝေပြီးပါက၊ ဤလှုပ်ရှားမှုများကို စိတ်ပါလက်ပါ ဆောင်ရွက်ကြရတော့မည် ဖြစ်ပါသည်။ ထို့အပြင် ခေါင်းဆောင်ဖြစ်သူက၊ ဤလုပ်ငန်းစဉ်များအတွင်းသို့ အကောင်းဆုံးအရည်အချင်းရှိသူများ ရွေးချယ်ထည့်သွင်းနိုင်ရန်အတွက်၊ ဆုံးဖြတ်ချက်ချနိုင်စေရန် ကူညီပေးမှုမှာလည်း သစ္စာရှိမှုပင် ဖြစ်ပါသည်။

### ၇။ မိမိ၏ ဆန့်ကျင်ဖက်အင်အားစုအကြောင်းကို သိခြင်း။

ဆိုလိုသည်မှာ ရန်သူနှင့်သက်ဆိုင်သော သတင်းတစ်စွန်းတစ်စတိုင်းကို မဆို၊ စုဆောင်းအကဲဖြတ်နေရန် ဖြစ်ပါသည်။ ဥပမာအားဖြင့်၊ ဆန့်ကျင်ဖက်အင်အားစုက မည်ကဲ့သို့စဉ်းစားနေကြောင်း၊ ပုံမှန်အားဖြင့် မည်သည့်လုပ်ငန်းများ ဆောင်ရွက်နေ

ကြောင်း၊ ဖိအားပေးခံရပါက မည်သို့တုံ့ပြန်တတ်သည်၊ သူ မည်ကဲ့သို့ယုံကြည်လက်ခံထားသည်၊ သူ့အတွက် မည်သည့်ကိစ္စများက အရေးကြီးသနည်း၊ မည်သည့်ကိစ္စများက အရေးမကြီးသနည်း၊ စသဖြင့် မေးလာပါက၊ ဖြေဆိုနိုင်ရန်အတွက်၊ အချက်အလက်မှန်သမျှကို စစ်ဆေးကြည့်နေသင့်ပါသည်။ မည်သူက အမှန်တကယ်၊ ရန်သူ ဖြစ်ပါသနည်း။ ဒီမိုကရေစီအင်အားစုများကို ချေမှုန်းရန်၊ ညွှန်ကြားအမိန့်ပေးနေသည့် အဓိကခေါင်းဆောင်က မည်သူဖြစ်သနည်း။ ရန်သူ၏အကြောင်းသိခြင်းဖြင့်၊ မဟာဗျူဟာရေးဆွဲချမှတ်သူတစ်ဦး အနေဖြင့်၊ မည်သို့ တုံ့ပြန်ရမည်ကို သိရှိနိုင်ပါသည်။

### *၈။ အတွေ့အကြုံများမှ သင်ခန်းစာထုတ်ယူခြင်း။*

တန်ဖိုးအကြီးဆုံး လေ့လာရသည့်နည်းမှာ၊ မိမိတို့၏အမှားများမှ၊ သင်ခန်းစာထုတ်ယူခြင်းပင် ဖြစ်ပါသည်။ အမှားများမှ ကိုယ်တွေ့လေ့လာခြင်းသည်၊ အခြားသူများ၏ အောင်မြင်မှုများမှ လေ့လာသည်ထက်၊ ပို၍ထိရောက်ပါသည်။ အချို့သောသူများအတွက်၊ မိမိတို့အမှားများမှ သင်ခန်းစာထုတ်ယူမတတ်ပါက၊ တိုက်ရိုက်အတွေ့အကြုံသည် ဆရာကောင်းမဟုတ်ပါ။ မကြာသေးမီနှစ်များအတွင်း၊ မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲနှင့်ပတ်သက်၍ အလွန်ထူးခြားကောင်းမွန်သော သုတေသနနှင့် လေ့လာမှုများ ပြုလုပ်၍၊ တွေ့ရှိချက်များကို ပုံနှိပ်ဖြန့်ချိခဲ့ကြပါသည်။ ဤနည်းအားဖြင့် အခြားသူများ၏ အတွေ့အကြုံများမှ သင်ခန်းစာယူလေ့လာနိုင်ပါသည်။ [၃၈] ထို့အပြင်၊ မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲနှင့် ပတ်သက်၍ မိမိတို့၏သုတေ သနနှင့် ကွင်းဆင်းလေ့လာထားသောအတွေ့အကြုံများကို မှဝေဖလှယ်ရန်၊ လိုလားသော အစိုးရမဟုတ်သည့်အဖွဲ့အစည်း (အဲန်ဂျီအို) များလည်း ရှိနေပါသေးသည်။ [၃၉] ပို၍ တိုက်ရိုက်အသုံးတည့်ရန်ဆိုလျှင်၊ စစ်ဆင်ရေးလှုပ်ရှားမှုတစ်ခုပြီးဆုံးတိုင်း "သင်ခန်းစာထုတ်ယူမှု"ဟူ၍ ပြင်ဆင်ထားရှိရန် လိုအပ်ပြီး၊ အခြားသူများက ဤအချက်အလက်များမှ လေ့လာနိုင်ပါသည်။ မဟာဗျူဟာသင်တန်းတစ်ခုမျှဖြင့်၊ မည်သူမျှ မဟာဗျူဟာရေးဆွဲသူ မဖြစ်နိုင်ပါ။ မဟာဗျူဟာမြောက်စဉ်းစားခြင်းသည်၊ မိမိ၏ ကိုယ်တွေ့ရရှိလာသော အတွေ့အကြုံများမှနေ၍၊ ရရှိလာခြင်းဖြစ်ပြီး၊ ပို၍အရေးကြီးသည်မှာ၊ အခြားသူများ၏ အတွေ့အကြုံ များကို ကိုယ်တိုင်အစားထိုးကြည့်သောစိတ်ဖြင့်၊ လေ့လာဖတ်ရှုခြင်း၊ ဆွေးနွေးဆင်ခြင်ခြင်းမှ ရရှိလာခြင်းဖြစ်ပါသည်။

### *၉။ လက်အောက်ငယ်သားများ၏ စွမ်းဆောင်နိုင်ရည်များကို တိုးမြှင့်စေခြင်း၊ စမ်းသပ်စစ်ဆေးခြင်း။*

ခေါင်းဆောင်ဖြစ်သူသည် သင့်လျော်သောသူကို သင့်လျော်သောရာထူးတာဝန်တွင် ရွေးချယ်နေရာချပေးထားနိုင်ရန် လိုအပ်ပါသည်။ ဒုတိယကမ္ဘာစစ်အကြောင်းလေ့လာခဲ့ဖူးသူများအနေဖြင့်၊ ဗိုလ်ချုပ်ပက်တွန် (General Patton) နှင့် ဗိုလ်ချုပ်အိုက်ဆင်ဟောင်းဝါး (General Eisenhower) တို့၏ အမည်ကို ရင်းနှီးနေကြပါလိမ့်မည်။ ဤဗိုလ်ချုပ်နှစ်ဦးက မဟာမိတ်တပ်ဖွဲ့များ၏ စစ်ရေးအတွက်၊ လုံးဝကွဲပြားသောကျွမ်းကျင်မှုနှင့် ပုဂ္ဂိုလ်ရေးစွမ်းဆောင်နိုင်ရည်များကို ဖြည့်ဆီးပေးခဲ့ကြပါသည်။ ဗိုလ်ချုပ်ပက်တွန်သည်၊ ရှေ့တန်းစစ်မြေပြင်ကို ကွပ်ကဲသည့်၊ တောက်ပြောင်ထင်ရှားသောတပ်မှူးတစ်ဦးဖြစ်ပြီး၊ လူအများကသူတို့၏ခံနိုင်ရည်အရ၊ ဖြစ်မည်ဟု မယူဆကြသောစစ်မြေပြင်တိုက်ပွဲများကို စွမ်းဆောင်နိုင်ခဲ့ပါသည်။ သူက ကြောက်ရွံ့လေးစားကြရသည့် စစ်ခေါင်းဆောင်ဖြစ်ပါသည်။ သူ၏ မာနကြီးမှုနှင့် အခြားသောမဟာမိတ်တပ်မှူးများအပေါ်၊ စိတ်မထင်လျှင် မထင်သလို အထင်သေးအမြင်သေး ပြောဆိုတတ်မှုကြောင့်၊ သူကသာ စစ်မြေပြင်၌ အစွမ်းမပြနိုင်ခဲ့ပါလျှင်၊ နောက်တန်းသို့ ပြန်ပို့ခံရမည်မှာ သေချာသလောက်ရှိသည်။ အခြားတစ်ဖက်တွင်မူ ဗိုလ်ချုပ်အိုက်ဆင်ဟောင်းဝါးသည်၊ အတွေ့အကြုံများသော၊ များစွာစွမ်းဆောင်နိုင်သော စစ်ဦးစီးအရာရှိဖြစ်ပြီး၊ တည်ငြိမ်အေးဆေးသော၊ ပျော်ပျော်နေတတ်သော သူတစ်ဦးအဖြစ် အများက မြင်ကြပါသည်။ အများကို ကူညီတတ်ပြီး၊ အများဖြင့်လည်း လိုလိုလားလားပူးပေါင်းဆောင်ရွက်လိုပါသည်။ ထိုအတွက်ကြောင့် သူ့ကို၊ ဥရောပစစ်မျက်နှာစစ်ဆင်ရေးများအတွက် ဦးဆောင်ကွပ်ကဲရန် တာဝန်ပေးခံရပြီး၊ ဥရောပစစ်မျက်နှာသို့ ထိုးဖောက်ဝင်ရောက်ရေးအတွက် တာဝန်ပေးခံရပါသည်။ သူက မဟာမိတ်နိုင်ငံများမှ စစ်ရေးခေါင်းဆောင်တပ်မှူးများကို စုစည်းပြီး၊ သူတို့၏ထောက်ပံ့မှု၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် နော်မန်ဒီကမ်းတက်စစ်ဆင်ရေးကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့ပါသည်။ ဤစစ်ဆင်ရေးမှာ စစ်သမိုင်းတစ်လျှောက်တွင် အဆင့်အမြင့်ဆုံး၊ အရှုပ်ထွေးဆုံးသော စစ်ဆင်ရေးတစ်ခုဖြစ်ပါသည်။ အကြောင်းမှာ ခေါင်းဆောင်လုပ်သူများအနေဖြင့်၊ လက်အောက်ငယ်သားများ၏ အားသာချက်၊ ပင်ကိုယ်စွမ်းရည်များကို သိထားသင့်ပြီး၊ အကောင်းဆုံးအကျိုးရှိအောင် အသုံးချနိုင်ရပါမည်။

---

[၃၈] ဤကဲ့သို့စာအုပ်များအတွက် ဥပမာကောင်းတစ်ခုမှာ Bertil Lintner, *Outrage: Burma's Struggle For Democracy*, (London and Bangkok: White Lotus, 1990).; နှင့် Howard Clark, *Civil Resistance in Kosovo*, (London: Pluto Press, 2000). စသဖြင့် ဖြစ်ပါသည်။

[၃၉] ဤကဲ့သို့ သတင်းအချက်အလက်များအတွက် အသုံးတည့်နိုင်သော အဲန်ဂျီအိုများမှာ၊ The Albert Einstein Institution (www.aeinstein.org) နှင့် the International Center on Nonviolent Conflict (www.nonviolent-conflict.org) တို့ ဖြစ်ကြပါသည်။

## ခေါင်းဆောင်မှု ပုံစံများ

ခေါင်းဆောင်မှုပုံစံသည်၊ အာဏာရှင်ဆန်ဆန်ပုံစံမှ၊ ဒီမိုကရေစီနည်းကျ "အများကြား ခေါင်းတစ်လုံးပိုသာ"သောပုံစံအကြား၊ ရှိနေသည့် ရောင်စဉ်တန်းတွင် အမျိုးမျိုးကွဲပြားခြားနားစွာ တည်ရှိနေကြပါသည်။ အခြေအနေက၊ ချမှတ်ထားသောခေါင်းဆောင်မှု ပုံစံကို ဩဇာသက်ရောက်လွှမ်းမိုးမှုလည်း ရှိပါသည်။ ခေါင်းဆောင်မှုပုံစံကို လွှမ်းမိုးစေသောအခြားအချက်တစ်ခုမှာ၊ မိမိ၏ ကိုယ်ရည်ကိုယ်သွေးနှင့် ကိုက်ညီစွာ၊ ချိန်ညှိကျင့်သုံးနိုင်ရေး ဖြစ်ပါသည်။

ယေဘုယျအားဖြင့်၊ အာဏာရှင်ဆန်ဆန် ခေါင်းဆောင်မှုပုံစံသည် အောက်ပါအခြေအနေများတွင် အကျိုးရှိစေနိုင်ပါသည်။

- အကျပ်အတည်းအခြေအနေဟု ယူဆစရာအကြောင်း ရှိနေပြီး၊ ချက်ချင်း အရေးယူဆောင်ရွက်ရပါတော့မည်။
- နောက်လိုက်သူများက ခေါင်းဆောင်အကြောင်းကောင်းစွာ မသိရှိကြသေးသောအခြေအနေ၊ သူကလည်း ဩဇာအာဏာထူထောင်ရန် လိုအပ်နေသော အခြေအနေမျိုးနှင့်လည်း ကိုက်ညီပါသည်။
- အဖွဲ့အနေဖြင့် ဆုံးရှုံးမှုကြုံနေရသောအချိန်၊ ထိုအချိန်တွင် ခေါင်းဆောင်က မည်သို့ဆောင်ရွက်ရမည်ကို သိသည့်သဘော၊ အားလုံးကယုံကြည်မှုရစေလိုသောအချိန်တွင် စသဖြင့်တို့တွင်လည်း ဤပုံစံကို အသုံးပြုနိုင်ပါသည်။

ဤသို့ ယေဘုယျမှတ်ချက်ပေးမှုများ အပေါ်တွင်၊ အမြဲတစေ ချွင်းချက်ရှိနေနိုင်ပါသည်။ အကျပ်အတည်းအခြေအနေတွင်၊ အခြားသူများ၏ ထင်မြင်ယူဆချက်ကို တောင်းခံရန် အချိန်မရှိတော့ပဲ၊ ဖြစ်နိုင်သောနည်းလမ်းများကို ဆွေးနွေးနေရန်လည်း မဖြစ်နိုင်ပါ။ သို့သော်လည်း ဤသို့အရေးပေါ်အခြေအနေမျိုးကို ကြိုတင်တွက်ဆ၍၊ ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ပါက၊ ထိုသို့ ဆောင်ရွက်အကောင်အထည်ဖော်မည်ဟူသော ဆုံးဖြတ်ချက်ကို လျှင်မြန်စွာချနိုင်ပါသည်။ အကျပ်အတည်းအခြေအနေတွင်၊ အောက်ခြေနည်းဗျူဟာဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်သည့်အဆင့်ကို၊ အောက်ဆုံးအဆင့်သို့ လွှဲပြောင်းတာဝန်လွှဲထားပေးနိုင်ပါသည်။ အကြောင်းမှာ သတင်းများချက်ချင်းရရှိနိုင်ပြီး၊ ဆုံးဖြတ်ချက်များကိုလည်း ချက်ချင်းအကောင်အထည်ဖော်ကြရမည့်နေရာ ဖြစ်သောကြောင့် ဖြစ်ပါသည်။

အာဏာရှင်ဆန်ဆန် ခေါင်းဆောင်မှုပုံစံ၏ အားနည်းချက်များလည်း ရှိပါသေးသည်။ နာခံမှုကို ဥပဒေစည်းမျဉ်းများဖြင့် စည်းကြပ်ထားသော စစ်တပ်နှင့်မတူသောအချက်မှာ၊ အကြမ်းမဖက်လှုပ်ရှားမှုတွင် ပြည်သူများက ပါဝင်လိုကြသောကြောင့်၊ ထောက်ခံပါဝင်ကြပြီး၊ အန္တရာယ်ကို စွန့်စားဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။ ထိုသူများကို တစ်ခုခုလုပ်ဆောင်ရန်အတွက် အတင်းအကျပ်ခိုင်းစေ၍ မဖြစ်နိုင်ပါ။ အကယ်၍ အာဏာကိုချည်းသက်သက်သာ အားထားဆောင်ရွက်ပါက၊ လက်ဦးမှုယူလုပ်ကိုင်ရန် အခြေအနေဆုံးရှုံးရပါလိမ့်မည်။ နောက်လိုက်များသည်လည်း၊ အထက်ကလာသော ညွှန်ကြားချက်များကိုသာ အကောင်အထည်ဖော်ပြီး၊ အခြားဘာမျှ မလုပ်ကြသည့် နောက်လိုက်သက်သက်များသာ ဖြစ်နေပါလိမ့်မည်။ သို့သော်၊ ပြည်သူများက သူတို့သည် ဆုံးဖြတ်ချက်ချသည့်ကဏ္ဍ၏ အစိတ်အပိုင်းတစ်ခုအဖြစ်ခံယူထားပါက၊ သူတို့၏ဂုဏ်သိက္ခာလည်း ထိခိုက်ခံရမည့် အနေအထားရှိနေသောကြောင့်၊ "သူတို့၏"အစီအစဉ်များကို ပိုမိုဆီလျော်စေရန်၊ ပို၍ ထိရောက်ထက်မြက်စွာ အကောင်အထည်ဖော်နိုင်စေရန်၊ အားကျိုးမာန်တက်လုပ်ဆောင်ကြပါလိမ့်မည်။

ဒီမိုကရေစီနည်းကျ ဦးဆောင်မှု၏ အားသာချက်များမှာ၊

- နောက်လိုက်များက ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ချက်ချသည့်နေရာတွင် ပါဝင်ဆောင်ရွက်ခွင့်ရသည်၊ သို့မဟုတ် ပါဝင်ဆောင်ရွက် ရန်အခွင့်ရှိသည်ဟု ယူဆကြသောကြောင့်၊ စိတ်လိုလက်ရ ထောက်ခံပံ့ပိုးမှုများကို မြှင့်တင်နိုင်ပါသည်။
- တီထွင်ဖန်တီး လုပ်ဆောင်မှုများကို အားပေးပါသည်။ အကယ်၍ အချိန်ပေးပါက၊ ခေါင်းဆောင်က အကြံပြုချက်များကို (ဦးနှောက်မုန်တိုင်းဆင်ခြင်း၊ သို့မဟုတ် အခြားနည်းများဖြင့်) ပြဿနာဖြေရှင်းနိုင်ရန်အတွက် ရရှိရန်တိုက်တွန်းဆောင်ရွက်နိုင်ပါသည်။
- လူတိုင်းက မည်သည့်အတွက်ကြောင့်၊ မည်သို့ ဤဆုံးဖြတ်ချက်များချမှတ်ဖြစ်ပေါ်လာရသည်ကို သိရှိစေနိုင်ပါသည်။ သို့အတွက်ကြောင့် ယုံကြည်ကိုးစားမှုကို မြင့်တက်လာစေပါသည်။
- ဒီမိုကရေစီလူမှုအဖွဲ့အစည်းတစ်ရပ်တွင်၊ အဖွဲ့ဝင်များကို ခေါင်းဆောင်မှုနေရာယူရသည့် အဖိုးမဖြတ်နိုင်သောအတွေ့အကြုံများကို သူတို့ကိုယ်တိုင် ရရှိစေပါသည်။

ဒီမိုကရေစီခေါင်းဆောင်မှုပုံစံတွင်လည်း၊ အားနည်းချက်အချို့ ပေါ်ပေါက်လာနိုင်ပါသေးသည်။ ပထမအချက်မှာ၊ ခေါင်းဆောင်တွင် မရှိမဖြစ်လိုအပ်သည့် အရည်အသွေးများ ချို့ယွင်းအားနည်းနေတတ်ပြီး၊ ဤအားနည်းချို့ယွင်းချက်များသည် အချိန်မကြာမီပင် ပေါ်ပေါက်လာနိုင်ပါသည်။ ထို့အပြင် ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် အချိန်များစွာအကုန်ခံကြရပြီး၊ မတူကွဲပြားသောအမြင်များဖြင့် ပြည့်နေနိုင်ပါသည်။

မည်သို့သော ခေါင်းဆောင်မှုပုံစံချမှတ်ကျင့်သုံးသည်မဆို၊ ခေါင်းဆောင်တွင် လက်အောက်ငယ်သားများကို လေ့ကျင့်မွေးမြူပေးရမည့် တာဝန်ဝတ္တရား ရှိပါသည်။ ဆိုလိုသည်မှာ သူတို့နှင့်အတူနေထိုင်ရင်း ဆုံးဖြတ်ချက်များကို မည်သို့ချမှတ်ရသည်၊ အချို့သတင်းများမှာ မည်သည့်အတွက်ကြောင့် ပို၍အရေးကြီးနေရသည်၊ စသဖြင့် သိရှိစေပြီး၊ အကြံပြုချက်များတောင်းခံနေရန် လိုအပ်ပါသည်။ ဤအကြံပြုချက်များကိုလည်း ပြန်၍ ဝေဖန်ပေးရပါမည်။ တနည်းဆိုရသော်၊ ကျွမ်းကျင်လိမ်မာသောခေါင်းဆောင်တစ်ဦးသည်၊ သူ၏လူများအတွက် လမ်းညွှန်ပြ ဆုံးမနေသူတစ်ဦး ဖြစ်စေရပါမည်။ သူတို့၏ အရည်အသွေးများမြင့်တက်လာသည်နှင့်အမျှ သူတို့ကို ပို၍တာဝန်ယူစေရပါမည်။ လုပ်ရှားမှုအတွင်းတွင် လက်အောက်ငယ်သားများကို အဆင့်အသီးသီး၌ လမ်းညွှန်သွန်သင်နေခြင်းသည်၊ ယုံကြည်မှု၊ မိမိကိုယ်ကိုအားကိုးမှု၊ သံန္နိဌာန်ချ စိတ်ပိုင်းဖြတ်ဆောင်ရွက်မှု တိုးမြင့်စေပါသည်။ ထိုမျှမက၊ မိမိသေဆုံးလျှင်၊ သို့မဟုတ် နာမကျန်းဖြစ်လျှင်၊ အဖမ်းဆီး အထိန်းသိမ်းခံရလျှင် နောက်ထပ်တာဝန်ယူမည့်အစားထိုးခေါင်းဆောင်ကို မွေးမြူလေ့ကျင့်ပေးခြင်းမရှိသော ခေါင်းဆောင်သည်၊ ညံ့ဖျင်းလှသော ခေါင်းဆောင်သာ ဖြစ်ပါသည်။

## အကျဉ်းချုပ်

အောင်မြင်သောခေါင်းဆောင်များတွင် တူညီသည့်လက္ခဏာအချို့ ရှိပါသည်။ အောင်မြင်မှုရရန်အတွက် ခေါင်းဆောင်အားလုံးက ဤသို့ကျွမ်းကျင်မှု အရည်အသွေးများဖော်ပြခဲ့ကြသည် မဟုတ်ပါ။ သို့သော် အောင်မြင်သောခေါင်းဆောင်အချို့တွင်မူ ဤအရည်အသွေးအချို့ ရှိနေသည်ကို မြင်တွေ့ကြရပါသည်။ ခေါင်းဆောင်မှုဆိုသည်မှာ ရံဖန်ရံခါ အခြေအနေကိုလိုက်၍ ဖြစ်ပေါ်တတ်ပြီး၊ ဖော်ပြပါ အရည်အသွေးတစ်မျိုးမျိုးထက်ပို၍ ရှိနေရန်၊ အခြားသူများထက်ပို၍ ခေါင်းဆောင်မှုပုံစံတစ်ခုရှိနေရန် လိုအပ်ပါသည်။ သို့သော်လည်း အမှတ်ရစေရန် အရေးကြီးသောအချက်မှာ၊ အရည်အချင်းရှိ၍ စွမ်းဆောင်နိုင်ခြင်းမှာ၊ ချမှတ်ကျင့်သုံးသော ခေါင်းဆောင်မှုပုံစံထက်ပို၍ အရေးကြီးပါသည်။

## အခန်း (၁၂)
# ညစ်ညမ်းရောထွေးစေခြင်း

**Contaminant** (နာမ်) အခြား ဒြပ်ထုတစ်ခုကို ရောနှောညစ်ညမ်းစေနိုင်သည့် ဒြပ်ထုတစ်ခု။
**Contaminant** (ကြိယာ) ပေါင်းစပ်ထိတွေ့ခြင်းဖြင့် ညစ်ညမ်း၊ မသန့်ရှင်း၊ သို့မဟုတ် ဂုဏ်သတ္တိကို ပျက်စီးစေခြင်း။
Webster's New Twentieth Century Dictionary, Unabridged. 1975.

မိမိတို့၏ မော်တော်ကားများတွင် အသုံးပြုသော လောင်စာဆီကို ရေက ဂုဏ်သတ္တိပျက်၊ ပြောင်းလဲစေနိုင်သကဲ့သို့၊ ရေပမာဏ အနည်းငယ်သည်ပင် စက်အင်ဂျင်ကို စက်ရပ်ဆိုင်းစေခြင်း၊ သို့မဟုတ် အင်ဂျင်ကို တအုန်းအုန်းမြည်စေခြင်း ဖြစ်နိုင်သကဲ့သို့၊ ရေပမာဏများပါကလည်း၊ အင်ဂျင်လည်ပတ်နေရာမှ လုံးဝရပ်တန့်သွားစေနိုင်ပါသည်။ ထို့အတူပင် အကြမ်းမဖက်လှုပ်ရှားမှုတွင်လည်း၊ ၎င်း၏ ဂုဏ်သတ္တိကို အာဏိသင်လျော့စေ၊ နောက်ဆုံးပျက်စီးသည်အထိ ဖြစ်စေနိုင်သော၊ ညစ်ညမ်း အရောအနှောများ ရှိပါသည်။ ယခု အခန်းတွင်၊ အကြမ်းမဖက်နည်းဖြင့် ပဋိပက္ခကို ဖြေရှင်းရန် ကြိုးစားမည့်၊ အဖွဲ့အစည်းများအတွက် ရောနှောညစ်ညမ်းစေနိုင်သော အကြောင်းအရာများကို လေ့လာသွားမည် ဖြစ်ပါသည်။

### ညစ်ညမ်းရောထွေးမှုဖြစ်စေနိုင်သော အကြမ်းဖက်မှု

အစိုးရကိုဖြစ်စေ၊ ၎င်းတို့အပေါ် ထောက်ခံသူများကိုဖြစ်စေ၊ အတိုက်အခံများ၏အကြမ်းဖက်မှုသည် (တရားဝင်ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ) အကြမ်းမဖက်လှုပ်ရှားမှု အောင်မြင်ရေးအတွက်၊ အကြီးမားဆုံးသော ညစ်ညမ်းရောထွေးမှုများ ဖြစ်ပါသည်။ အကြမ်းဖက်လုပ်ရပ်တစ်ခုတည်းဖြင့်ပင်လျှင်၊ အတိုက်အခံလှုပ်ရှားမှုအတွင်း တိုက်ရိုက်၊ သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် တာဝန်ရှိသည်ဟု ယူဆသော ပစ်မှတ်တစ်ခု၊ သို့မဟုတ် ပစ်မှတ်အများကို၊ အစိုးရဖက်က ရက်စက်စွာလက်စားချေတုံ့ပြန်ရန်အတွက် လုံလောက်သော အကြောင်းပြချက်ရစေပါသည်။ အတိုက်အခံများ၏ အကြမ်းဖက်မှုသည်၊ မရည်ရွယ်ထားပဲ လူထုယုံကြည်မှုကို ကျဆင်းစေပြီးနှင့် အကြမ်းမဖက်ရေးမဟာဗျူဟာ၊ နည်းဗျူဟာများမှတဆင့် ထိုလှုပ်ရှားမှု၏ ရည်မှန်းချက်များ အောင်မြင်ရေး အတွက် ၎င်းလူထု၏ ပူးပေါင်းပါဝင်မှု ရရှိရန်ကိုလည်း ယုတ်လျော့အားပျော့စေပါသည်။

အကြမ်းဖက်လုပ်ရပ်က လှုံ့ဆော်သောကြောင့်၊ အကြမ်းဖက်လုပ်ရပ်ဖြင့်တုံ့ပြန်ခံရသော အထင်ရှားဆုံးဥပမာကို ပါလက်စတိုင်းလှုပ်ရှားမှုတွင် ပြသနိုင်ပါသည်။ ဒုတိယအကြိမ်မြောက် အင်တီဖီဒါလှုပ်ရှားမှုအတွင်း၊ အကြမ်းဖက်အုပ်စုများဖြစ်သည့်၊ ဟာမာ့စ် **(Hamas)** နှင့် အစ္စလမ်မစ် ဂျီဟတ် **(Islamic Jihad)** စသည့်၊ ပါလက်စတိုင်းအကြမ်းဖက်အုပ်စုများက အစ္စရေးပြည်သူများကို၊ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ကြပြီး၊ အကြမ်းဖက်တုံ့ပြန်ခံခဲ့ကြရပါသည်။ ပါလက်စတိုင်း အာဏာပိုင်များကိုယ်၌က၊ ဤအကြမ်းဖက်လုပ်ရပ်များနှင့် ကင်းရှင်းကြောင်း၊ သိသိသာသာ မပြသနိုင်ဖြစ်နေသောကြောင့်၊ အစ္စရေးပြည်သူများကိုယ်၌က ပါလက်စတိုင်းပြည်သူများအတွက်၊ စေ့စပ်ဆွေးနွေးရေးနည်းဖြင့် ဖြေရှင်းပေးမည့် ကိုယ်ပိုင်နယ်မြေဆိုသည်ကို၊ မထောက်ခံနိုင်ပဲ၊ ထိုအိပ်မက်မှာလည်း၊ လေထဲတွင်ပင် ပျောက်ကွယ်သွားခဲ့ရသည်။ အစ္စရေး၏ တိုးချဲ့အခြေချရေးမူဝါဒများကို ထိန်းချုပ်ရေးနှင့် အနောက်ဖက်ကမ်းကို အစ္စရေးတို့၏ အကြမ်းဖက်သိမ်းပိုက်ထားမှုအပေါ် နိုင်ငံတကာအသိုင်းအဝိုင်း၏ ပြစ်တင်ပြောဆိုမှုများသည်လည်း၊ ကျောခိုင်းရှောင်ဖယ်သွားစေတော့သည်။ ထို့အပြင် ပါလက်စတိုင်း အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့အတွင်း၊ ခေါင်းဆောင်မှုသိသိသာသာ အပြောင်းအလဲမရှိမချင်း၊ ပဋိပက္ခအဆုံးသတ်ရေး အနာဂတ် ဆွေးနွေးပွဲများ ပြုလုပ်ရန်၊ ဆွေးနွေးဖက်အဖြစ်မှ ပယ်ချခြင်း ခံခဲ့ရတော့သည်။ အကယ်၍ ဤအကြမ်းဖက်တိုက်ခိုက်မှုများ၏ ရည်မှန်းချက်သည်၊ အစ္စရေးတို့၏ ကျူးကျော်သိမ်းပိုက်မှုအဆုံးသတ်ရေးအတွက် ဖြစ်ခဲ့ပါလျှင်၊ အစ္စရေး၏ အားအသာဆုံးအချက်ဖြစ်သော စစ်တပ်အင်အားကို ထိပ်တိုက်ရင်ဆိုင်ရမည့် အမျှော်အမြင်နှင့် ပတ်သက်၍ မေးခွန်းထုတ်စရာသာ ဖြစ်ပေတော့မည်။

အကြမ်းဖက်ဆုံးသော လှုပ်ရှားမှုများအပါအဝင်၊ မည်သို့သော နိုင်ငံရေးလှုပ်ရှားမှုများတွင်မဆို၊ အောင်မြင်မှုအတွက် အားဖြည့်ပေးနေသော ပျိုရွယ်တက်ကြွသည့် မျိုးဆက်သစ်တို့၏ စွမ်းအင်၊ စိတ်အားထက်သန်မှုနှင့် အတွေးအခေါ်တို့ကို လျော့တွက်၍ မရပေ။ အကြမ်းမဖက်မဟာဗျူဟာတစ်ခု၏ အံ့ချီးဖွယ်ရာအကောင်းဆုံး အကျိုးကျေးဇူးမှာ၊ ခေါင်းဆောင်မှုနှင့် အောက်ခြေအကြား အသက်အရွယ်နှင့် လိင်ဆိုင်ရာကွဲပြားမှု ကန့်သတ်ချက် မရှိခြင်းပင် ဖြစ်သည်။ မည်သည့်အသက်အရွယ် မရွေးပါဝင်နိုင်ပြီး၊ မည်သည့်လိင်မဆို အကြမ်းမဖက်လှုပ်ရှားမှု၌ ပူးပေါင်းပါဝင်နိုင်သည်။ ဤအချက်မှာ တန်ဖိုးတိုင်းတာမရနိုင်သောကျေးဇူးဖြစ်သည်။ အကြမ်းဖက်လှုပ်ရှားမှု၌မူ ဤသို့သော ထူးခြားချက်မျိုး မရရှိနိုင်ပေ။ အခြားတစ်ဖက်တွင်မူ၊ အကြမ်းဖက်လှုပ်ရှားမှုသည် ရုပ်ပိုင်းဆိုင်ရာသန်စွမ်းမှုနည်းသည့် အင်အားစုများကို၊ ပါဝင်နိုင်ရန် ဟန့်တားထားပြီး၊ ဤသူများမှာ တန်ဖိုးမဖြတ်နိုင်သော ထောက်ခံအားပေးသူများဖြစ်နေကြသည်။ အကြမ်းမဖက်လှုပ်ရှားဆောင်ရွက်မှုတွင် ပါဝင်နေသူများသည်၊ ငြိမ်းချမ်းရေးသမားများ၊ ဘာသာရေးအရ ယုံကြည်ဆောင်ရွက်သူများနှင့်လည်း ပူးပေါင်းလက်တွဲနိုင်ကြသည်။ သို့သော်၊ အကြမ်းဖက်လှုပ်ရှားမှုကြောင့် ဒီမိုကရေစီအရေး လှုပ်ရှားမှု

တစ်ခုအတွက် စိတ်ပိုင်းဆိုင်ရာယုံကြည်မှု (moral Authority) ဖြင့်၊ အားဖြည့်ထပ်လောင်းပေးနိုင်သော လူပုဂ္ဂိုလ်များ၊ အစုအဖွဲ့များ၏ ထောက်ခံမှုကို ဆုံရှုံးနိုင်သည်။ အကြမ်းဖက်လှုပ်ရှားမှုတစ်ခုကို ၎င်း၏ ကိုယ်ပိုင်လုပ်ဆောင်ချက်များမှတဆင့်၊ သို့မဟုတ် ကျွမ်းကျင်သော ဝါဒဖြန့်ချီရေးသမားမှတဆင့်၊ သို့မဟုတ် အတိုက်အခံများ၏ လှုံ့ဆော်ဆော်သြသူများမှတဆင့်ဖြင့်၊ တရားမျှတသည်၊ သို့မဟုတ် ကြိုးကြောင်းဆီလျော်သည်ဟု၊ ပေါ်လွင်အောင် မည်သို့ပင်လုပ်ဆောင်သည်ဖြစ်စေ၊ နိုင်ငံတကာ အသိုင်းအဝိုင်းအဖို့၊ အစိုးရတစ်ခုကို အကြမ်းဖက်ဆန့်ကျင်မှုနေသော လှုပ်ရှားမှုအား ထောက်ခံရန်၊ ထိုလှုပ်ရှားမှုကို ထောက်ပံ့ရန်အတွက် လျော်ကန်ကြောင်းပြရန်မှာ လွန်စွာပင် ခက်ခဲလှပါသည်။

## ညီညွတ်မှုကင်းမဲ့နေခြင်းအသွင်ကပြသော၊ ညစ်ညမ်းရောနှောမှု (ရှုပ်ထွေးမှု)

“ပြည်သူလူထု၏ လှုပ်ရှားမှု” တစ်ခု၏ အင်အားတွင် တက်ကြွသော “ပြည်သူလူထု”၏  ပူးပေါင်းပါဝင်မှု လိုအပ်ပါသည်။ အဖိနှိပ်ခံပြည်သူလူထုတစ်ရပ်လုံးက ထိုလှုပ်ရှားမှုများသည်၊ ၎င်းတို့ပြည်သူလူထု၏ဆန္ဒကို ထင်ဟပ်စေသည်ဟု မြင်လာပါက၊ ခေါင်းဆောင်မှုသည် အောင်ပွဲဆီသို့ ချီတက်နိုင်သည်အထိ ဦးဆောင်နိုင်မည်ဟု ထင်မှတ်ယုံကြည်ပါက၊ အပြောင်းအလဲဖြစ်စေရေးအတွက် ကြိုးပမ်းနေသော လှုပ်ရှားမှုအတွင်းသို့ ဆွဲဆောင်ပါဝင်လာကြမည် ဖြစ်သည်။ ပြည်သူများမှာ အောင်မြင်မှုအတွက် မျှော်လင့်ချက်မရှိပဲ၊ အစွန်းရောက် အသက်စွန့်ကြမည့် ဘာသာရေးအယူသီးများမဟုတ်ကြပါ။ လူများသည် ဆင်ခြင်တုံတရားရှိ စဉ်းစားတတ်ကြသူများဖြစ်ပါသည်။ ဦးတည်လမ်းညွှန်ရာမပါသည့် လေယာဉ်တစီးပေါ်သို့ မိမိတို့တက်စီးဝံ့ကြမည် မဟုတ်ပါ။ အကယ်၍ အာဏာရှင်စနစ်ကို တွန်းလှန်ဆန့်ကျင်မည့် လှုပ်ရှားမှုသည်၊ ရှင်းလင်းမြင်သာသော ရည်ရွယ်ချက်၊ အောင်ပွဲခံမည့် မဟာဗျူဟာကင်းမဲ့နေလျှင်လည်း၊ ဤသို့နိုင်ငံရေးလှုပ်ရှားမှုအတွင်းသို့၊ စဉ်းစားဆင်ခြင်တတ်သောသူများက မိမိ၏ဘဝ၊ အသက်ကိုပုံ၍ စွန့်ရဲကြမည် မဟုတ်ပါ။

မဟာမိတ်ပြုထားကြသောအဖွဲ့များအတွင်း မညီညွတ်မှုနှင့် အဖွဲ့တစ်ခုအတွင်း မညီညွတ်မှုကြောင့်၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှု၏ စွမ်းဆောင်နိုင်ရည်အပေါ် လူအများက ယုံကြည်ကိုးစားမှု ကျဆင်းစေပါသည်။ ဤသို့ယုံကြည်မှုကျဆင်းလာခြင်းကြောင့်၊ လူမှုအဖွဲ့အစည်းအတွင်း အစိတ်စိတ်အမွှာမွှာ ပြိုကွဲနေစေပါတော့သည်။ တဖန် ဤအခြေအနေကြောင့်၊ ကယ်သူမဲ့ခံစားမှုနှင့် အရှုံးပေးရေးဝါဒကို ဆက်လက်ရလာဒ်ဖြစ်ပေါ်စေပါသည်။ အာဏာရှင်အစိုးရများက လူမှုအဖွဲ့အစည်းအစိတ်စိတ်အမွှာမွှာ ဖြစ်စေအောင် လုပ်ဆောင်ကြပါသည်။ အစိုးရထိန်းချုပ်မှုပြင်ပတွင် ရှိနေသော အဖွဲ့အစည်းများကို အစားထိုးခြင်း၊ ထိုးဖောက်ဝင်ရောက်ခြင်းအားဖြင့် အချင်းချင်းမယုံသင်္ကာဖြစ်ရလေအောင် လုပ်ဆောင်ပါသည်။ ဤသို့သော အဖွဲ့အစည်းများမှာ တနည်းအားဖြင့်၊ လူတစ်ဦးချင်း၏ အချိန်နှင့် သစ္စာရှိမှု တစ်ကဏ္ဍကို ရယူထားကြပြီး၊ အစိုးရထောက်လှမ်းရေးများက ဤအဖွဲ့များအတွင်းထိုးဖောက်ဝင်ရောက်ထားမှုကြောင့်၊ ၎င်းတို့၏ လူနေမှုအခြေအနေနှင့် နိုင်ငံရေးနှင့် ပတ်သက်၍ ထင်မြင်ယူဆချက်များ ဖွင့်ဟပြောဆိုရန်နေရာဆုံးရှုံးသွားရပါတော့သည်။ (နောက်ဆက်တွဲ ၅–ရှိ သစ္စာခံမှု စက်ဝိုင်းကို ကြည့်ပါ။) ခေါင်းဆောင်များအချင်းချင်းမညီမညွတ်ဖြစ်နေမှုကြောင့်၊ ပြည်သူများအနေဖြင့် အကြောက်တရားကို ကျော်လွှားနိုင်ရေးမှာ အကန့်အသတ်ဖြစ်စေပါသည်။ နောက်ဆုံး လှုပ်ရှားမှုအတွင်း အချင်းချင်းညီညွတ်ရေးကို မတည်ဆောက်နိုင်ကြသော ဒီမိုကရေစီအဖွဲ့ခေါင်းဆောင်များနှင့်၊ ညီညွတ်ရေးကို တမင်ပြိုကွဲအောင်လုပ်ဆောင်နေသော အစိုးရထောက်လှမ်းရေးသူလျှိုများမှာ၊ အနည်းငယ်သာ ကွာခြားမှု ရှိကြပါတော့သည်။

အချို့သော လှုပ်ရှားမှုများမှာ ရေရှည်မရပ်တည်နိုင်ကြပေ။ တစ်စုံတရာသောအကြောင်းမှာ၊ ခေါင်းဆောင်များအချင်းချင်း မညီညွတ်ဖြစ်နေ၍၊ အရေးကြီးသောပြဿနာများတွင် ပူးပေါင်းဆောင်ရွက်မှု မရနိုင်လျှင်သော်မှ၊ ပူးပေါင်းဆောင်ရွက်ရန် ခက်ခဲလာသောကြောင့် ဖြစ်ပါသည်။ တစ်ချိန်က အင်အားကောင်းခဲ့သော အခြားသောလှုပ်ရှားမှုများသည်လည်း၊ လူထုက အဖွဲ့အစည်းတွင်းအချင်းချင်း၊ အတွင်းတိုက်ပွဲများကို မျက်မြင်ကိုယ်တွေ့ သိလာကြရသောအခါ၊ ၎င်းတို့ လှုပ်ရှားမှုများ၏ ထိရောက်မှုနှင့် ဆွဲဆောင်နိုင်မှုများလည်း ဆုံးရှုံးကြရပါသည်။ လူထုအများလှုပ်ရှားမှုများ ခေါ်သောအခါတွင်၊ မြင်သာသော မညီညွတ်မှုများ ပေါ်ပေါက်လာတတ်ပြီး၊ အချို့အုပ်စုများက ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်ခြင်း၊ သို့မဟုတ် ပြည်သူကတောင်းဆိုသော နိုင်ငံရေးအပြောင်းအလဲများဖြစ်ပေါ်စေရန် စုပေါင်းမဟာဗျူဟာများအတွက် ဖြည့်ဆီးထောက်ပံ့မပေးနိုင်တော့သည့် အနေအထားများကို တွေ့လာကြရပါသည်။

လှုပ်ရှားမှုအတွင်းညီညွတ်ရေးကို ထိန်းသိမ်းရန်၊ မြှင့်တင်ရန် အထိရောက်ဆုံးနည်းလမ်းတစ်ခုမှာ၊ လှုပ်ရှားမှု၏ ရည်မှန်းချက်များကို အဖြစ်နိုင်ဆုံး အနိမ့်ဆုံးပြုလုပ်ထားရန် လိုအပ်သည်။ ယင်းရည်မှန်းချက်များ အောင်မြင်မှုသည်၊ လူ့အဖွဲ့အစည်းတစ်ခုလုံးအကျိုးရှိစေမည်ဖြစ်ပြီး၊ ယခုအတိုက်အခံအင်အားစုများကို ထောက်ခံနေသောသူများအတွက်ပါ အကျိုးဖြစ်ထွန်းမှုရှိစေမည်ဟု မြင်စေရပါမည်။

## ဘေးဖယ်ထုတ်ခံရသည်ဟူသော ထင်မြင်ချက်

နိုင်ငံရေးလှုပ်ရှားမှုတစ်ခုသို့ ပူပေါင်းပါဝင်နိုင်ရန်၊ ကန့်သတ်ထားသောသဘောပါရှိသည့် မူဝါဒများ၊ ထုတ်ပြန်ကြေငြာချက်များသည်၊ ဖယ်ကျဉ်ခံထားရသူ အုပ်စုများမှ ရန်လိုမှုနှင့် ဥပက္ခာပြုမှုများကို ဖြစ်ပေါ်စေပါသည်။ ဥပမာ၊ စစ်မလိုလားသူ ငြိမ်းချမ်းရေးဝါဒီများက အကြမ်းမဖက်လှုပ်ရှားမှုသည် "သန့်ရှင်းစင်ကြယ်၍ စည်းကမ်းသေဝပ်သော လှုပ်ရှားမှုတစ်ခု" အဖြစ်ထားလိုကြပါသည်။ (လူထုအများစုက ၎င်းတို့၏စိတ်ကူးယဉ်ဆန်သည့်အမြင်များကို လက်မခံကြပါ။) ဗင်နီဇွဲလားနိုင်ငံတွင် သမတဟူဂို ချေဗက်ဇ် (Hugo Chavez) အစိုးရကို ဆန့်ကျင်တော်လှန်ကြသော၊ အကြမ်းမဖက်ပုန်ကုန်မှုကို၊ စစ်အစိုးရက ကျွမ်းကျင်လိမ်မာစွာ သရုပ်ခွဲနိုင်ခဲ့ပြီး၊ အတိုက်အခံလှုပ်ရှားမှု ထောက်ခံသူများကို၊ စီးပွါးရေးနှင့် လူမျိုးရေးအက်အကြောင်းများအရ တိုက်ခိုက်မှုများကို ဖန်တီးခဲ့ပါသည်။ ဆင်းရဲသားများနှင့် သမတကို ထောက်ခံသော အသားအရောင်ရှိသူများအကြားနှင့် လူချမ်းသာနှင့် အတိုက်အခံကို ထောက်ခံသော လူဖြူများအကြားတွင် ပဋိပက္ခ ဖန်တီးယူခဲ့ပါသည်။ တကယ့်အစစ်အမှန်ပြဿနာများဖြစ်သော ခြစားမှု၊ အရည်အချင်းကင်းမဲ့မှုနှင့် အာဏာရှင်စနစ်ဆီသို့ တဖြည်းဖြည်း ချီတက်သွားနေသော သမတ၏လုပ်ရပ်များမှာ၊ လူမျိုးရေးနှင့် လူတန်းစားဟူသော ပြောင်မြောက်သည့်စကားလုံးများအောက်တွင် ပျောက်ကွယ်နေရပါတော့သည်။

## ဒီမိုကရေစီလှုပ်ရှားမှုအတွင်း နိုင်ငံခြားသားများပါဝင်နေမှု

နိုင်ငံရေးလှုပ်ရှားမှုတစ်ခု၏ ပြည်တွင်းအခန်းကဏ္ဍတွင်၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်မှုကို အတိုက်အခံများက၊ လူသိရှင်ကြား ကိစ္စရပ်တစ်ခု ဖြစ်လာစေရန် ခွင့်မပြုသင့်ပေ။ လှုပ်ရှားမှုက ဤကဲ့သို့သော နိုင်ငံခြားသားများထောက်ပံ့ကူညီမှုမျိုးကို၊ နည်းပညာပိုင်းဆိုင်ရာအကူအညီတစ်ခုသာဖြစ်ကြောင်း ဖော်ပြသင့်ပြီး၊ လုပ်ပိုင်ခွင့်အခွင့်အာဏာလုံးဝအပ်နှင်းထားခြင်း မရှိသော၊ သူ၏ လုပ်ဆောင်မှုများကို လုံးဝတာဝန်ခံနိုင်သော ကိစ္စတစ်ခုအဖြစ်သာ ဖော်ပြသင့်သည်။ နိုင်ငံခြားတိုင်းပြည်များမှ အကူအညီများကို အချိန်လျှင်မြန်စွာနှင့် ရှင်းလင်းသိသာစွာ အသိအမှတ်ဖော်ပြခြင်းသည်၊ သင့်လျော်လှပါသည်။ သို့သော်၊ အရေးအကြီးဆုံးအချက် တစ်ခုအနေဖြင့်၊ ပထမဦးစွာ ဆောင်ရွက်သင့်သည်မှာ၊ မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှု၏ အဖွဲ့ဝင်များအားလုံးကို၊ ၎င်းတို့၏ ခေါင်းဆောင်များသည် အရည်အချင်းပြည့်ဝကြောင်း၊ ၎င်းတို့၏စွမ်းဆောင်နိုင်မှုများကို အများအကဲဖြတ်သုံးသပ်နိုင်အောင် ဖြစ်နိုင်သမျှ အဖြစ်နိုင်ဆုံး ဖြန့်ဖြူးရှင်းပြရပါမည်။ ခေါင်းဆောင်များသို့၊ နိုင်ငံခြားနည်းပညာဆိုင်ရာအကြံပေးများသည် လိုအပ်သော အထူးကိစ္စတစ်ခုအတွက်သာ ဖြစ်ကြောင်း ရှင်းပြသဘောပေါက်စေရပါမည်။ ထိုကဲ့သို့သော အကြံပေးမှု သို့မဟုတ် အထောက်အပံ့များ၏ အခြေအနေအပေါ်မူတည်၍၊ နိုင်ငံခြားမှပေးလာသော အကြံပေးမှု သို့မဟုတ် အထောက်အပံ့များကို လူသိရှင်ကြားမထုတ်ဖော်နိုင်သော အခြေအနေလည်း ရှိနိုင်ပါသည်။ သို့အတွက်ကြောင့် အတိုက်အခံခေါင်းဆောင်မှုအပိုင်းအနေဖြင့်၊ ဖော်ထုတ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများနှင့် မျှော်လင့်ထားသော အကျိုးကျေးဇူးနှစ်ခုအကြား သတိကြီးစွာ ထိန်းညှိရပါမည်။

ဒုတိယအချက်အနေဖြင့်၊ မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုအတွင်း နိုင်ငံခြားသားများမှ ပါဝင်မှုနှင့် ပတ်သက်၍ ပွင့်လင်းစွာ ထုတ်ဖော်ပြောသော ယေဘုယျမူဝါဒတစ်ခု ချမှတ်ထားခြင်းအားဖြင့် ကောင်းပါသည်။ အတိုက်အခံများ၏ အောင်မြင်မှုတိုင်းသည်၊ နိုင်ငံခြားသားများ၏ ဆုံးဖြတ်ချက်ကြောင့်ဖြစ်ရသည်ဟူသော အစိုးရ၏စွပ်စွဲချက်များကို ပယ်ဖျက်နိုင်လိမ့်မည် ဖြစ်သည်။ အစိုးရ၏ စွပ်စွဲချက်များကို အင်အားချိနဲ့စေသည်သာမက၊ အတိုက်အခံများ၏ တုံ့ပြန်ချက်များသည်လည်း၊ ရိုးစင်း၍တည့်တိုးပုံစံဖြစ်စေလိမ့်မည်။ "မိမိတို့ အကြိမ်အတော်များများတွင် ရှင်းလင်းပြတ်သားစွာ ပြောခဲ့ပြီးပြီ။ မိမိတို့၏ လှုပ်ရှားမှု ခေါင်းဆောင်ပိုင်းက၊ လွတ်လပ်မှုကို မြတ်နိုးသောနိုင်ငံများနှင့် လူတန်းစားအလွှာပေါင်းစုံမှ အရည်အချင်းပြည့်မီသောသူများအကြားမှ၊ မိမိတို့ လှုပ်ရှားမှုအတွက်ကိုက်ညီမည့်၊ အကြံဉာဏ်ပေးနိုင်သူများကို သေချာစစ်ဆေးပြီးမှ ရွေးချယ်ပါသည်။ အကြံဉာဏ်များ တောင်းခံသော အချိန်တွင်၊ မိမိတို့ ခေါင်းဆောင်ပိုင်းမှ တစုတစည်းတည်း သဘောတူဆုံးဖြတ်ချက်မျိုးရသည်အထိ ဆွေးနွေးခြင်းအားဖြင့်သာ အထောက်အကူဖြစ်စေပါသည်။ ဤနည်းအတိုင်းသာ ဆောင်ရွက်သင့်သည်ကို ဆောင်ရွက်ကြပါသည်။"

တိုက်ပွဲဝင်နေသော ဒီမိုကရေစီလှုပ်ရှားမှုတစ်ခုသို့၊ သို့မဟုတ်၊ မဟာဗျူဟာမြောက်အကြမ်းမဖက်လှုပ်ရှားမှု ဖော်ထုတ်ရန်ကြံစည်နေကြသောသူများအတွက် အသုံးဝင်နိုင်သော ဗဟုသုတနှင့် ကျွမ်းကျင်မှုများ ကြွယ်ဝသော နိုင်ငံခြားသားများ ရှိနိုင်ပါသည်။ ထိုကဲ့သို့သောသူများကို ဆက်သွယ်သင့်သည်။ သို့သော် ဤသူများ၏ သင်တန်းရယူရာတွင်နှင့် အကြံများရယူရာတွင်၊ မိမိတို့ ဆုံးဖြတ်ချက်ချရာလုပ်ငန်းများအထိ ထည့်သွင်းပါဝင်စေမည် မဟုတ်ကြောင်း၊ ရှင်းထားရပါမည်။ သို့သော် ထိုသူများ၏ အသိဉာဏ်များကို အသုံးပြု ရယူရပါမည်။

## နိုင်ငံရေးလှုပ်ရှားမှုအတွင်း စစ်တပ်များ တက်ကြွစွာပါဝင်စေမှု

နိုင်ငံတစ်ခု၏ စစ်တပ်အဖွဲ့အစည်းကို၊ နိုင်ငံရေးဆန်ဆန် အသက်သွင်းခြင်းသည် မှားယွင်းသော လုပ်ရပ်တစ်ခု ဖြစ်ပါသည်။ စစ်တပ်ဟူသော အဖွဲ့အစည်းသည်၊ ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်ခြင်း မရှိပဲ၊ ရှောင်လွဲနေရန်မှာ အတော်ခက်ခဲလှပါသည်။ အထူးသဖြင့် အစိုးရခေါင်းဆောင်ပိုင်းက၊ ရွေးကောက်ပွဲဖြင့် တရားဝင်မှု ရယူထားသည်ဟု သတ်မှတ်ထားပါက၊ အခြေခံ

ဥပဒေအရ ခွင့်ပြုထားသည်ဟု သတ်မှတ်ရည်ညွှန်းထားသော ထိုခေါင်းဆောင်မှုသည်၊ နိုင်ငံရေးအတိုက်အခံများကို စစ်အင်အားဖြင့် နှိပ်ကွပ်ရန် ကျူးလွန်ဆောင်ရွက်လာသော အခြေအနေများတွင်၊ စစ်တပ်ပါဝင်မှုသည် ဖြစ်ပေါ်လာပါသည်။ မိမိတို့မျှော်လင့်ထားရမည်မှာ၊ လုပ်ရှားမှု အားကောင်းလာသည်နှင့်အမျှ၊ အစိုးရသည် အကြမ်းမဖက်လှုပ်ရှားမှုကို နှိမ်နင်းရန်အတွက် စစ်တပ်အင်အားကို အသုံးပြုလာနိုင်ပါသည်။ အနည်းဆုံး ဤသို့တွက်ချက်စဉ်းစားထားသင့်ပါသည်။ ထို့ကြောင့် စစ်တပ်အင်အားစုများကို ၎င်းတို့၏ နိုင်ငံသားများကို ဆန့်ကျင်သည့် စစ်ပွဲတွင်၊ မပါဝင်မိကြစေရန် အတိုက်အခံများက ကနဦးပိုင်းကတည်းက ဆော်ဩထားကြရပါမည်။

ပြည်တွင်းနိုင်ငံရေးတိုက်ပွဲတစ်ခုတွင်၊ စစ်တပ်က ဖက်ပြောင်းလာပါက၊ အထူးသဖြင့် ဒီမိုကရေစီရရှိရေးအတွက် အခြေခံအကျဆုံး လှုပ်ရှားမှုတွင် ရပ်တည်လာသည့်အနေအထားတွင်ပင်၊ လူထု၏ အစိတ်အပိုင်းတစ်ခုဆီသို့ စစ်အင်အားဖြင့် ဆောင်ရွက်မှုများ ပို၍ တိုးမြင့်လာစရာ အကြောင်းရှိပါသည်။ ၎င်းအနေအထားနှင့်အတူ ပြည်တွင်းစစ်ဖြစ်လာနိုင်ပြီး၊ နောက်ဆုံးအာဏာသိမ်းမှုတစ်ခုလည်း ဖြစ်ပေါ်လာနိုင်ပါသေးသည်။ ဤဖြစ်နိုင်ချေများသည် ပြည်သူလူထုတရပ်လုံးအတွက် အကျိုးမရှိသည်သာမက၊ အကြမ်းမဖက်လှုပ်ရှားမှုတစ်ခုလုံးအတွက်လည်း အားကောင်းမှု မဖြစ်စေပါ။ အကယ်၍ အသွင်ကူပြောင်းရေးကာလတစ်ခုကို ဆောင်ရွက်ပေးမည်ဟူသောအကြောင်းပြချက်ဖြင့်၊ စစ်တပ်က အစိုးရကို ထိန်းချုပ်မှုများပြုခဲ့ပါကလည်း၊ ထိုသိမ်းပိုက်မှုကို ချက်ချင်းတိုက်ဖျက်ရပါလိမ့်မည်။ သို့မဟုတ်ပါက ထိုအသွင်ကူပြောင်းရေးကာလသည် နှစ်ဖြင့်ချီ၍သော်လည်းကောင်း၊ ဆယ်စုနှစ်ချီ၍သော်လည်းကောင်း၊ ကြာမြင့်သွားပါလိမ့်မည်။ [၆၀] အကယ်၍ ထိပ်တန်းစစ်တပ်အရာရှိများက ဖက်ပြောင်းရန် ပုဂ္ဂိုလ်တစ်ဦးချင်းအရ ဆန္ဒပြင်းပြရှိလာပါက၊ ပုဂ္ဂလိကတစ်ဦးအနေဖြင့် စစ်တပ်မှထွက်၍၊ ၎င်းတို့နှင့်သင့်တော်မည့် နိုင်ငံရေးအုပ်စုတစ်ခုအတွင်းပူးပေါင်း၍၊ ၎င်း၏ နိုင်ငံရေးအတွေးအခေါ်များကို ဆက်လက်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းသင့်ပါသည်။

## အကြမ်းမဖက်တိုက်ပွဲအတွက် မသင့်လျော်လွန်းသော အဖွဲ့အစည်းတည်ဆောက်ထားပုံ ပုံစံ

မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုတစ်ခု၏ အဓိကရည်မှန်းချက်များအပေါ်တွင်၊ ဆက်လက်အလေးထားလုပ်ဆောင်ရန် မဖြစ်နိုင်တော့သော၊ အဖွဲ့အစည်းဆိုင်ရာတည်ဆောက်မှုသည်၊ ရောထွေးညစ်ညမ်းမှုများကို ဖိတ်ခေါ်သလိုဖြစ်နေစေပါသည်။ မည်သည့် စစ်ပွဲတစ်ပွဲတွင်မဆို၊ ဆုံးဖြတ်ချက်ကို ကော်မတီတစ်ခုဖြင့် ချမှတ်မည်ဆိုပါက မသင့်တော်ပေ။ အကောင်းဆုံးအနေအထားမှာ မဟာဗျူဟာချမှတ်သည့် အဆင့်တွင်၊ တစုံတစ်ဦးသည် လှုပ်ရှားမှုများကို မည်သည့်နေရာ၊ မည်သည့်အချိန်တွင် ပြုလုပ်မည်ဆိုသည်နှင့်ပတ်သက်၍ တာဝန်ယူ ဆုံးဖြတ်ချက်ချနိုင်သူ ဖြစ်ရပါမည်။ တပြိုင်နက်အတွင်းမှာပင် အခြားသောသူများကလည်း၊  ထိုတိုက်ပွဲများနှင့် လှုပ်ရှားမှုများ ဖေါ်ဆောင်ရေးအတွက် တာဝန်ယူသူများ ဖြစ်ရပါမည်။ လှုပ်ရှားမှုတစ်ခုအတွင်းရှိ အဆင့်တိုင်းတွင်၊ လုပ်ငန်းကို မည်သို့အကောင်အထည်ဖေါ်ရမည်မသိသော လူပုဂ္ဂိုလ်အား တာဝန်မပေးသင့်ပေ။ တာဝန်ရှိမှုသည် မည်သို့သောအခါတွင်မျှ အများဆိုင်နာမ် "ကျွန်ုပ်တို့" ဟူ၍ မဖြစ်စေရပါ။ တစ်ဦးဆိုင်နာမ် "ကျွန်တော်"သာ ဖြစ်ရပါမည်။ ဤသို့ဆိုခြင်းအားဖြင့် လူအများက ပြင်ဆင်မှုအဆင့်နှင့်၊ ဆုံးဖြတ်ချက်ချသူများထံ ထောက်ခံအကြံပြုချက်များ တင်သွင်းခွင့်မပေးရဟု ဆိုခြင်း မဟုတ်ပေ။ ဤသို့ ထောက်ခံအကြံပြုချက်များကို သေချာစွာ စဉ်းစားသုံးသပ်ရမည်ဖြစ်သော်လည်း၊ လူတစ်ဦးချင်းအနေဖြင့်သာ ဆုံးဖြတ်ချက်များချမှတ်ရပါမည်။ ဆုံးဖြတ်ချက်ချသည့်အပေါ်နှင့် အကောင်အထည်ဖေါ်မှုတွင်လည်း တာဝန်ယူရမည်ဖြစ်သည်။

နိုင်ငံရေးပါတီများသည်၊ ပဋိပက္ခလွန်ကာလတွင် ၎င်းတို့၏အခန်းကဏ္ဍအတွက်၊ နေရာကောင်းရစေရန် ဆုံးဖြတ်ချက်များအပေါ်တွင် လွှမ်းမိုးလိုကြသည်မှာ အမြဲတစေ ဖြစ်လေ့ရှိပါသည်။ တစ်ခါတရံ ဤအချက်များက ပို၍အရေးပါနေတတ်ကြပါသည်။ ပဋိပက္ခလွန်ကာလကို လှမ်းမျှော်လုပ်ဆောင်တတ်ကြပါသည်။ သို့ရာတွင် လှုပ်ရှားမှုအတွင်း၌၊ အစီအစဉ်အားလုံးသည် လက်တွေ့ကျကျ လေ့လာအကဲဖြတ်မှု၊ ရည်မှန်းချက်ကို တိုက်ရိုက်အထောက်အပံ့ပြုနိုင်မှုနှင့် လှုပ်ရှားမှုအတွင်း အောင်မြင်မှုရရန် အစွမ်းဆောင်နိုင်ဆုံးဟု ယူဆသော အဖွဲ့အစည်းများကို တာဝန်ပေးအပ်ရန်၊ စသည်တို့ကို သေချာစေမည့် စနစ်၊ လုပ်ငန်းယန္တရားများ ရှိနေသင့်ပါသည်။ အကောင်းဆုံးအနေအထားအရဆိုလျှင်၊ ထိုစနစ်၊ လုပ်ငန်းယန္တရားသည် စီမံကိန်းရေးဆွဲသူ ဦးစီးအရာရှိတစ်ဦး ဖြစ်သင့်ပါသည်။ ၎င်းက အုပ်စုတစ်စုနှင့် တစ်စုအကြား မျက်နှာလိုက်ခြင်း၊ သို့မဟုတ် အခြားသော ဖိအားပေးမှုများကြောင့် အစီအစဉ်ပုံပြောင်းရမည့်အနေအထားကို၊ ရဲရဲဆန့်ကျင်၍ ရည်မှန်းချက်နှင့် လုပ်နိုင်ရည်တို့ကိုသာ၊ အခြေခံသော စီမံကိန်းကို ထိန်းကျောင်းတည့်မတ်ရပါမည်။ လှုပ်ရှားမှုအတွင်း နေရာကောင်းရရန်ကြိုးစားနေသော၊ အဖွဲ့အစည်းများသည်၊ အကောင်းဆုံး လေ့ကျင့်ထားသူများနှင့် အကောင်းဆုံးဦးဆောင်နိုင်သည့် အင်အားစုများရှိနေရန် လိုအပ်ပါသည်။

လှုပ်ရှားမှုတွင်၊ အဖွဲ့အစည်းဆိုင်ရာ ကတိကဝတ်ပြုထားချက်များကို ပြီးမြောက်ခြင်းရှိ–မရှိ သိရှိနိုင်ရန်၊ နောက်ဆက်တွဲပြန်လည်စစ်ဆေးသည့် လုပ်ငန်းစဉ်များ ရှိသင့်ပါသည်။ ရည်မှန်းချက်နှင့် မဟာဗျူဟာအပေါ်တွင် သဘောတူညီချက်ရရှိပြီးကြသည့်အခါ၊ ရှေ့လာမည့်လုပ်ငန်းများတွင်၊ လှုပ်ရှားမှုတွင်ပါဝင်နေသော အဖွဲ့အစည်းများအားလုံးက၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ  အပြည့်အဝ

---

[၆၀] ပီနိုရှေးကို ချီလီနိုင်ငံမှ မဖယ်ရှားခင်အချိန်အထိ၊ ကာလ (၁၇) နှစ် ကြာမြင့်ခဲ့ပါသည်။ ရန်ကုန်တွင်ရှိသော စစ်အာဏာရှင်မှာ နှစ်ပေါင်း (၄၀) ကျော်ခဲ့ပြီ ဖြစ်ပါသည်။

ထောက်ခံမှုများပေးလာကြလိမ့်မည်ဟု မျှော်လင့်ထားနိုင်ပါသည်။ အဖွဲ့ဝင် အဖွဲ့များမှ မဟာဗျူဟာကို အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းအစီအစဉ်များကို သဘောတူလက်ခံပြီးသည်နှင့်တပြိုင်နက်၊ ဤလုပ်ငန်းများကို "မိမိဆန္ဒအလျောက် ရွေးချယ်၍ လုပ်ချင်လုပ်– မလုပ်ချင်နေခွင့်ရှိသောကိစ္စများ"ဟူ၍ သတ်မှတ်၍ မရတော့ပေ။ အကယ်၍ အုပ်စုတစ်ခုကို၊ တာဝန်ပေးအပ်ထားရာတွင်၊ မဟာဗျူဟာ လေ့လာခန့်မှန်းတွက်ချက်မှုတွင်၊ ၎င်း၏ လုပ်နိုင်စွမ်းထက်ကျော်လွန်နေသည် ဆိုပါက ထိုလွဲမှားမှုကို အစီအစဉ်ရေးဆွဲသူများထံသို့ ချက်ချင်းတင်ပြရပါမည်၊ သို့မှသာ ပြန်လည်ချိန်ညှိပြင်ဆင်မှုများ ပြုလုပ်နိုင်မည် ဖြစ်သည်။ အဖွဲ့အစည်းကို၊ အခြားလိုအပ်သော စွမ်းရည်များ ထပ်မံဖြည့်ဆီးပေးရန် လိုအပ်ကောင်း လိုအပ်နိုင်ပြီး၊ နောက်ဆုံးကြိုးပမ်းအားထုတ်မှုတစ်ခုအနေဖြင့်၊ အခြားအဖွဲ့တစ်ခုကို လွှဲပြောင်းထပ်မံ တာဝန်ပေးအပ်ရန် လိုကောင်းလိုပါလိမ့်မည်။ "သင်ခန်းစာ ထုတ်နှုတ်ယူခြင်း"ကိစ္စကို စီစဉ်ဆောင်ရွက်ခြင်းအားဖြင့်၊ အဖွဲ့အစည်းတစ်ခုအနေဖြင့် ရည်မှန်းချက်များကို မည်မျှပြည့်မြောက်အောင် ဖော်ဆောင်နိုင်စွမ်း ရှိ–မရှိ၊ ကတိကဝတ်ပြုထားသည့်အတိုင်း လုပ်ငန်းများ မည်သည့်အတိုင်းအတာအထိ အောင်မြင်မှုရှိ–မရှိကို ပြန်လည်ဆန်းစစ်ရန်အတွက်၊ များစွာမှ အထောက်အကူဖြစ်ပါသည်။

## သူလျှို လှုံ့ဆော်ရေးသမားများ

အစိုးရသတင်းပေးများအနေဖြင့်၊ အကြမ်းမဖက်လှုပ်ရှားမှုတစ်ခုအတွင်းသို့ ထိုးဖောက်ဝင်ရောက်၍ ထိုလှုပ်ရှားမှု၏ စွမ်းဆောင်နိုင်ရည်များနှင့် ရည်ရွယ်ချက်များကို သတင်းပေးပို့ခြင်းမှာ၊ အစိုးရက ဤသို့ဆောင်ရွက်လာလိမ့်မည်ဟု လှုပ်ရှားမှုများက မျှော်မှန်းထားသော ယူဆချက်တစ်ခုပင်ဖြစ်သည်။ သတင်းပေးများထက် ပို၍ အန္တရာယ်ရှိသောသူများမှာ သူလျှိုဆူပူလှုံ့ဆော်ရေးသမားများဖြစ်သည်။ ဤသူလျှိုများသည် အကြမ်းဖက်မှုများဖြစ်ပေါ်လာစေရန် သွေးထိုးလှုံ့ဆော်ပေးခြင်း၊ လှုပ်ရှားမှုအတွင်း သဘောထားကွဲလွဲမှုများကို တိုးမြင့်စေခြင်းနှင့် အစိုးရ၏အားနည်းချက်များကို လှုပ်ရှားမှုက မတိုက်နိုင်စေရန် လမ်းလွှဲပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးကြပါသည်။ ယင်းခြိမ်းခြောက်မှုများအား တုံ့ပြန်ရာတွင်၊ အထူးစိုးရိမ်ပူပန်နေစရာမလိုပါ။ အနာဂတ်လုပ်ဆောင်ချက်များ ရွေးချယ်ဆုံးဖြတ်မှုများတွင် ဆွေးနွေးပွဲများ၌၊ လူများအပြောင်းအလဲဖြစ်ပုံကို သတိရှိစွာ စောင့်ကြည့်ရန်သာလိုအပ်ပြီး၊ ဤနည်းအားဖြင့် ပို၍နီးနီးကပ်ကပ်စောင့်ကြည့်နိုင်ရန် သတိပြုမိစေပါသည်။

## အကျဉ်းချုပ်

အကြမ်းမဖက်လှုပ်ရှားမှုတစ်ခုအတွင်းသို့ ရောထွေးညစ်ညမ်းစေမှုများ၊ လုံးဝပယ်ဖျောက်နိုင်ရန်မှာ ဖြစ်နိုင်ချေမရှိသော်လည်း၊ ကြိုတင်သတိထားခြင်း၊ ကြိုတင်ကာကွယ်ရေးနည်းနာများသုံးခြင်းနှင့်၊ ပြဿနာများပေါ်ပေါက်လာပါက ချက်ချင်းဖြေရှင်းဆောင်ရွက်ခြင်း၊ ပြုလုပ်ခြင်းဖြင့်၊ လှုပ်ရှားမှုအနေဖြင့် အဖွဲ့အစည်းနှင့် ၎င်းတို့၏ မဟာမိတ်အဖွဲ့အစည်းများအပေါ် ဆိုးကျိုးသက်ရောက်မှုများကို ကန့်သတ်နိုင်ပါသည်။ လှုပ်ရှားမှုတစ်ခုအတွင်း ရောနှောညစ်ညမ်းစေမှုကို တားမြစ်ရန်၊ အရေးပါဆုံးသော တားဆီးမှုတစ်ခုမှာ၊ ခိုင်မာ၍ ထက်မြက်သော၊ ခေါင်းဆောင်မှုပင် ဖြစ်ပါသည်။

# အခန်း ၁၃
# ပြင်ပ ပုရိသတ်ကို သြဇာလွှမ်းမိုးခြင်း

"ဝါဒဖြန့်ချိရေးသမားတစ်ဦးသည် မိမိခံယူချက်နှင့် အတွေးအမြင်များကို ရောင်းချရာတွင် အထူးကျွမ်းကျင်သူတစ်ဦး ဖြစ်သည်။"

ဟန်စ် စပီးယား

Hans Speier, economist, sociologist and political scientist

နိုင်ငံရေးအပြောင်းအလဲအတွက်၊ အကြမ်းမဖက်လှုပ်ရှားမှုတိုင်း၏ ဗဟိုမြေဆွဲအားချက်မသည်၊ ပြည်တွင်းအားသာလျှင် ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ ထောက်ပံ့အားပေးမှုသည် အရေးပါသော အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။ သံတမန်အသိုင်းအဝိုင်းနှင့် အခြားသောအကျယ်အပြန့် ပြင်ပထောက်ပံ့မှုများကြောင့်၊ မဟာဗျူဟာမြောက် အကြမ်းမဖက်တိုက်ပွဲ၏ စစ်မျက်နှာကို ချဲ့ထွင်စေနိုင်ပြီး၊ အဖွဲ့အစည်းများ၏ ခုခံနိုင်မှုအစွမ်းကိုလည်း တိုးမြင့်လာစေပါသည်။ အခြားတစ်ဖက်တွင်လည်း ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများနှင့် မိတ်ဆွေဖြစ်ပူပေါင်းနေခြင်းကြောင့်၊ မြင်သာသောတန်ဖိုးနှင့် ပုန်းလျှိုးနေသောတန်ဖိုးများလည်း ရှိနေပါသေးသည်။ ယခုအခန်း၏ ရည်ရွယ်ချက်မှာ၊ ပြင်ပပုရိသတ်ကို သြဇာလွှမ်းမိုးနိုင်ရေး စဉ်းစားရာတွင်၊ ကျယ်ပြန့်သော အခြေခံစည်းမျဉ်းဘောင်များကို ဆွေးနွေးထားပြီး၊ အချို့သော အကြံပြုချက်များကိုလည်း ဖော်ပြထားပါသည်။

## အစိုးရများ

ယေဘုယျအားဖြင့်၊ အစိုးရများသည် ဗြိတိန် အယ်လီဇဘက်ဘုရင်မ အမှတ် (၁) ၏ အမျှော်အမြင်ကြီးသော စကားတစ်ခွန်းဖြစ်သည့် " နိုင်ငံများတွင် မိတ်ဆွေဟူ၍ မရှိ၊ အကျိုးစီးပွါးသာရှိသည်"ဟူသော စကားကို ထင်ဟပ်နေကြပါသည်။ တစ်ခါတရံတွင် ဤအကျိုးစီးပွါးများသည် လုံခြုံရေး၊ စီးပွါးရေး၊ သို့မဟုတ် နိုင်ငံရေးကိစ္စများနှင့် ဆက်နွယ်ပတ်သက် နေပါသည်။ မကြာခဏဆိုသလိုပင်၊ ဤအကျိုးစီးပွါးများကို လက်တွေ့ကျကျလုပ်ကိုင်ဆောင်ရွက်ကြပြီး၊ နိုင်ငံရေးအယူအဆ၊ သဘောတရားများကို လက်ခံရမည့်ပြည်သူများ၊ ခံသာအောင် သကာအုပ်ကြပါသည်။ (၁၉) ရာစု နှင့် (၂၀) ရာစုများအတွင်းတွင်၊ အမျိုးသားရေးဝါဒသည် စစ်ပွဲများဆင်နွှဲရန်အတွက် အထိရောက်ဆုံးသော၊ ပြင်ဆင်ထုပ်ပိုးထားသည့် မဟာဗျူဟာ တစ်ခု ဖြစ်ခဲ့သည်။ ကိုလိုနီဝါဒကို "လူဖြူတို့၏ ဝန်ထုပ်ဝန်ပိုး"ဟု အကြောင်းပြ၊ ဆင်ခြေဆင်လက်ပေးခြင်းသည်၊ ၎င်းတို့၏မူရင်းဆန္ဒ၊ အမြတ်အစွန်းရရှိရေးကို အရိုးကိုအရွက်ဖြင့် ဖုံးအုပ်ထားခြင်းထက် မပိုပေ။ မည်သို့ပင်ဖြစ်စေ၊ အမျိုးသားရေးအကျိုးစီးပွါးများ ပြောင်းလဲလာသောအခါတွင်၊ မူဝါဒများသည်လည်း လိုက်၍ပြောင်းလဲလာသည်။ တစ်ခါတရံတွင် ရုတ်ချည်းပင်ပြောင်းသွားတတ်ပါသည်။ မဟာမိတ်ဖွဲ့မှု ပြောင်းလဲမှုနှင့် စစ်ပွဲဖြစ်နေစဉ်အတွင်းပင်လျှင် မဟာမိတ်များကို စွန့်ခွာသွားခဲ့သည့် သာဓကများ ရှိခဲ့ပါသည်။ (၁၉၃၆ ခုနှစ်က၊ ပြန်ကြည့်သောအခါ၊ ဆိုဗီယက်ပြည်ထောင်စုသည်၊ ၁၉၄၁ ခုနှစ်တွင်၊ အနောက်ဒီမိုကရေစီနိုင်ငံများ၏ မဟာမိတ်တစ်နိုင်ငံဖြစ်လာလိမ့်မည်ဟု မည်သူကမျှ တွက်ဆထားကြလိမ့်မည် မဟုတ်ပေ။)

ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ထောက်ခံမှုကို ရယူရန် တာဝန်ရှိသူများသည် လွန်စွာမှ အရေးကြီးသည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှ၊ နိုင်ငံရေးအပြောင်းအလဲအတွက် မိမိတို့အကြမ်းမဖက်နိုင်ငံရေးလှုပ်ရှားမှုသို့၊ ဖြစ်နိုင်ချေရှိသော ငွေကြေးထောက်ပံ့မှုများအတွက် ချဉ်းကပ်ရာ၌၊ ထိုအစိုးရများ၏ နှစ်ဖက်အကျိုးစီးပွါးကို ထည့်သွင်းတင်ပြရန် လိုအပ်ပါသည်။ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ သို့မဟုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ တန်ဖိုးများကို ထောက်ခံအားပေးသော ဒီမိုကရေစီအစိုးရ  အာဏာရနေသည်ဆိုပါစို့၊ ထိုဒီမိုကရေစီအစိုးရအနေဖြင့် မိမိတို့အရေးကို ထောက်ခံရန်၊ သို့မဟုတ် အနည်းဆုံးကြားနေရပ်တည်ရန်အတွက် အကြောင်းအချက်ကောင်း ဖြစ်နိုင်ပါသည်။ အကယ်၍ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ထပ်မံပေါင်းထည့်ပါက၊ လက်ရှိရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးမည်ဆိုပါက၊ စီးပွါးရေးအရ စည်းရုံးတိုက်တွန်းသူများသည် ဒီမိုကရေစီအရေးအတွက် စိတ်ပါဝင်စားမှု ရှိလာနိုင်ပါသည်။ လုံခြုံရေးဆိုင်ရာရှုထောင့်ဖက်ကကြည့်လျှင်၊ မိတ်ဆွေနိုင်ငံတစ်ခုရှိထားပါက၊ အကျပ်အတည်း အရေးပေါ်အခြေအနေတွင်၊ စစ်သုံးလေယာဉ်ပျံများ ဖြတ်သန်းခွင့်ပေးမည်၊ ထောက်လှမ်းရေးသတင်းများ အပြန်အလှန်ဖလှယ်ကြမည်၊ အကယ်၍ နှစ်နိုင်ငံ၏ အကျိုးတူစီးပွါးများကို ခြိမ်းခြောက်လာပါက နိုင်ငံခြားတပ်ဖွဲ့များအတွက်၊ တည်နေရာခွင့်ပေးမည်၊ စသောအချက်များမှာ တန်ဖိုးရှိလှသည့်ကိစ္စများဖြစ်ပြီး၊ ထောက်ခံလိုသူများ ရရှိလာနိုင်ပါသည်။

အစိုးရ၏ အုပ်ချုပ်ရေးအခန်းကဏ္ဍ မည်သို့လုပ်ဆောင်နေသည်၊ မည်သို့ထောက်ပံ့ပေးနေကြသည်ကို နားလည်ရန် လွန်စွာအရေးကြီးလှပါသည်။ နိုင်ငံအကြီးအကဲတစ်ဦးမှ မိမိတို့ဒီမိုကရေစီအရေးလှုပ်ရှားမှုတစ်ခုနှင့် ပါတ်သက်၍၊ တစ်စုံတရာ ဖော်ပြပြောဆိုရုံသက်သက်မျှပင်လျှင်၊ နိုင်ငံအဝှမ်းသတိပြုမိမှုရစေပြီး၊ လှုပ်ရှားမှုကို တရားဝင်အဖြစ် အသိအမှတ်ပြုမြှင့်တင်ပေးရာ ရောက်စေပါသည်။ ဤအသိအမှတ်ပြုမှုကြောင့် သတင်းမီဒီယာများမှ ပိုမိုစိတ်ဝင်စားလာစေပြီး၊ လှုပ်ရှားမှု နောက်ခံသမိုင်းကြောင်း၊ လူသားအခြေခံ စိတ်ဝင်စားဖွယ်ဇာတ်လမ်းများနှင့် ပဋိပက္ခအပေါ် အယ်ဒီတာတို့က ဝေဖန်ရေးသားချက်များ ဖော်ပြလာကြခြင်း စသဖြင့်

အကျိုးရလာဒ် ရှိနိုင်ပါသည်။ ဖြစ်ရပ်အတော်များများတွင်၊ ဒီမိုကရေစီအရေးအတွက် တောင်းဆိုတိုက်ပွဲဝင်နေသော အကြမ်းမဖက်လှုပ်ရှားမှုများသည်၊ နိုင်ငံတကာမျက်နှာစာတွင် ကျင့်ဝတ်သိက္ခာအရ အထက်စီးအနေအထားရစေပြီး၊ တစ်ဖက်ပြိုင်ဖက်ကို ခံစစ်အနေထားတွင် ကျစေပါသည်။

နိုင်ငံတိုင်း၏ လွှတ်တော်များသည်၊ အစိုးရ၏ အုပ်ချုပ်ရေးအခန်းကဏ္ဍကို တရားဝင်သောနည်းလမ်းဖြင့်ဖြစ်စေ၊ အခြားတရားမဝင်နည်းလမ်းများဖြင့် ဖြစ်စေ၊ ဩဇာလွှမ်းမိုးနိုင်သည့် နည်းလမ်းများ ရှိကြပါသည်။ ဥပမာ၊ အမေရိကန်ပြည်ထောင်စုတွင် ကွန်ဂရက်လွှတ်တော်ကြားနာပွဲများသည်၊ ဒီမိုကရေစီပြောင်းလဲမှုအတွက် တိုက်ပွဲဝင်နေကြသော လှုပ်ရှားမှုတစ်ခုနှင့် ပတ်သက်၍ လူသိများလာစေပါသည်။ ပို၍ ထိရောက်လာစေပါသည်။ ၎င်းကြားနာပွဲများမှတဆင့် မိန့်ခွန်းများ၊ နောက်ဆက်တွဲ ဆုံးဖြတ်ချက်များနှင့် မိမိတို့ဖက်ကို အလေးသာစေသော ဥပဒေများ ပေါ်ထွက်လာနိုင်ပါသည်။

## အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO)

လူအများစိတ်ဝင်စားသော ကိစ္စတစ်ရပ်ကို၊ ပြဿနာတစ်ခု ဖြစ်လာစေရန်၊ ထို့နောက် အစိုးရတစ်ရပ်၏ နိုင်ငံတော် အကျိုးစီးပွါးဆိုင်ရာကိစ္စတစ်ခု ဖြစ်လာစေရန်၊ လုပ်ဆောင်ရမည့်တာဝန်မှာ ရှုပ်ထွေး၍ ခက်ခဲသော လုပ်ငန်းစဉ်ဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်တွင် ဖက်ပေါင်းစုံ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများ လိုအပ်သည့်အပြင်၊ နိုင်ငံတစ်ခုစီတွင် လုပ်ဆောင်ကြရမည့်လုပ်ငန်းစဉ်များ ကွဲပြားခြားနားကြပါသည်။ ကံကောင်းထောက်မစွာဖြင့်ပင် ဒီမိုကရေစီနိုင်ငံအတော်များများတွင်၊ ဒီမိုကရေစီလှုပ်ရှားမှုများကို ထောက်ခံရေး၊ ပိုမိုမြင်သာသိရှိလာစေရေးအတွက် လုပ်ဆောင်ပေးနေသော၊ အဖွဲ့အစည်းများလည်း ရှိနေကြပါသည်။ အစိုးရမဟုတ်သောအဖွဲ့အစည်း (အဲန်ဂျီအို) များ၊ ရှိနေကြပြီး၊ ၎င်းတို့၏အသိုက်အဝန်းအတွင်းတွင်၊ အစိုးရကို လွှမ်းမိုးနိုင်သော အတွင်းလူအနည်းစုသာ လုပ်ဆောင်နိုင်သော၊ နေရာများတွင် ထိရောက်စွာလုပ်ကိုင်နိုင်သော အစွမ်းအစရှိနေတတ်ကြပါသည်။ အလုပ်သမားအခွင့်အရေးမြှင့်တင်ပေးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တိုက်ပွဲဝင်နေသော အဖွဲ့အစည်းများ၊ နှိပ်စက်ခံရသူများကိုယ်စား ဆော်ဩပေးနေသော အဖွဲ့အစည်းများ၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ပေါ်ပေါက်ရေးအတက် ထောက်ပံ့ပေးနေသော အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားတွင် ဒီမိုကရေစီတန်ဖိုးများ ပြန့်ပွါးရေးဆောင်ရွက်နေသူများ၊ သို့မဟုတ် ပဋိပက္ခများအတွင်း ကြားဝင်ဖြေရှင်း၍၊ ငြိမ်းချမ်းသောနည်းဖြင့် ပြန်လည်ရင်ကြားစေ့ရေး ကြိုးပမ်းနေကြသော အဖွဲ့အစည်းများဟူ၍ ရှိနေကြပါသည်။ အကယ်၍ (အဲန်ဂျီအို) တစ်ခု၊ သို့မဟုတ် အများစုက လှုပ်ရှားမှုတစ်ခုကို ဦးစားပေးစိတ်ဝင်စားစရာအဖြစ် သတ်မှတ်ပါက၊ တန်ဖိုးမဖြတ်နိုင်သော အထောက်အပံ့များရနိုင်ပါသည်။ ချဉ်းကပ်စည်းရုံးရေး မဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းကိစ္စများ၊ ပြင်ပလူတစ်ဦးအနေဖြင့် မသိနိုင်သော ရုံးခန်းများ၊ အစည်းအဝေးကွန်ယက်များကို တိုးရိုပေါက်သွားစေနိုင်သော လမ်းပြမြေပုံများ၊ စသဖြင့် အကူအညီများ ပေးနိုင်ကြပါသည်။

အစိုးရများနည်းတူ (အဲန်ဂျီအို) များတွင်လည်း၊ အကျိုးစီးပွါး ရှိကြပါသည်။ ဖြစ်နိုင်ချေရှိသော အထောက်အပံ့များအတွက် ၎င်းတို့ထံ မချဉ်းကပ်မီ၊ ၎င်းတို့၏ စိတ်ဝင်စားမှုရေိယာနှင့် လုပ်ငန်းဆောင်ရွက်ပုံ ထုံးနည်းနာများကို သတင်းအချက်အလက် ရနိုင်သမျှ အရနိုင်ဆုံး စုဆောင်းထားခြင်းမှာ အမျှော်အမြင်ကြီးသော လုပ်ရပ်တစ်ခုဖြစ်ပါသည်။ လှုပ်ရှားမှုတစ်ခုသည်၊ (အဲန်ဂျီအို) တစ်ခု၏ပေးကမ်းလာသမျှယူမည့်၊ အိပ်တစ်အိပ် မဖြစ်စေရန်မှာ အထူးအရေးကြီးလှပါသည်။ အကြောင်းမှာ လှုပ်ရှားမှုအတွင်းသဘောထားကွဲလွဲစေနိုင်သည်သာမက၊ ပြည်သူများအတွက် အကောင်းဆုံးအကျိုးစီးပွါးနှင့်လည်း ကိုက်ညီမှု အစဉ်မဖြစ်နိုင်ပေ။ အဆုံးစွန် ဥပမာပေးရလျှင်၊ (အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်) နှုန်းလည်းမြင့်မား၊ လူဦးရေလည်း များပြားနှင့် ဆင်းရဲမွဲတေမှု ခံစားနေရသော လူမှုအဖွဲ့အစည်းကို၊ ကိုယ်စားပြုနေသောလှုပ်ရှားမှုတစ်ခုက၊ ကလေးမွေးဖွားနှုန်း ထိန်းချုပ်ခြင်းကို ဆန့်ကျင်နေသော (အဲန်ဂျီအို) တစ်ခုထံမှ အထောက်အပံ့တောင်းခံသလို အမှားမျိုး ဖြစ်နိုင်ပါသည်။

ထိရောက်အကျိုးရှိစေရန်မှာ၊ ၎င်း (အဲန်ဂျီအို) များနှင့် ဒီမိုကရေစီလှုပ်ရှားမှုတို့အကြား အကျိုးစီးပွါးတိုက်ဆိုင် တူညီမှု၊ အပြန်အလှန်လေးစားမှုနှင့် ရိုးသားမှုတို့အပေါ်တွင် အခြေခံ၍ ပူးပေါင်းလုပ်ဆောင်ကြခြင်းပင် ဖြစ်သည်။ အထောက်အပံ့များတောင်းခံသော အဖွဲ့အစည်းဖက်မှ၊ အပြန်အလှန်လေးစားမှုပြသရာတွင်၊ (အဲန်ဂျီအို) တစ်ခုအတွက် အချိန်သည် တန်ဖိုးဖြတ်မနိုင်သော အရင်းအမြစ်ဖြစ်ပါသည်။ အစည်းအဝေးအတွက် သေချာပြင်ဆင်တင်ပြရန် လိုအပ်ပြီး၊ ဆွေးနွေးမည့်အကြောင်းအရာများအတွက် စာရွက်စာတမ်းများ၊ အခြားသတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက အချိန်မှီ ပြန်ကြားဖြည့်ဆီးပေးခြင်း၊ မိမိ၏ အတတ်ပညာဆိုင်ရာကျွမ်းကျင်မှုနှင့် လေးစားမှုကို ပြသခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ ရိုးသားမှုသည်လည်း မရှိမဖြစ် လိုအပ်သော အရာတစ်ခုဖြစ်သည်။ အကြမ်းမဖက်နှလုံးရည်နည်းဖြင့် တိုက်ပွဲဝင်နေပါသည်ဟု ကိုယ့်ကိုကိုယ်ကိုယ်စားပြုထားသော်လည်း၊ နောက်ကွယ်တွင် ထိုလှုပ်ရှားမှုက၊ လက်နက်ကိုင်တပ်ဖွဲ့ကို ခိုးကြောင်ခိုးဝှက်ထားပါက၊ တွေ့ရှိသွားသည့်အခါ (အဲန်ဂျီအို) နှင့် လှုပ်ရှားမှုအကြားတွင် အရှက်ရစရာ ဖြစ်နိုင်ပါသည်။

လုပ်ရှားမှုအတွင်းရှိ အဖွဲ့အစည်းများကို၊ ၎င်းတို့၏ ရည်မှန်းချက်များကို ထင်ဟပ်စေသော အကျိုးစီးပွါးရှိနေကြသည့်၊ (အဲန်ဂျီအို) များကို ရှာဖွေဆက်သွယ်ရန် အားပေးသင့်ပါသည်။ ဥပမာ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများ၊ နိုင်ငံရေးပါတီများ၊ သတင်းထောက်အသင်းများနှင့် အခြားသော ပညာရပ်ဆိုင်ရာကျွမ်းကျင်သူအဖွဲ့အစည်းများသည်၊ နိုင်ငံရပ်ခြားရှိ ၎င်းတို့၏ လုပ်ငန်းတူ အဖွဲ့အစည်းများမှတဆင့် လုပ်ဆောင်ခြင်းဖြင့် ပိုမို၍ ခိုင်မာအားကောင်းစေပြီး၊ ပို၍လည်း ထိရောက်နိုင်ပါသည်။ အဖွဲ့ဝင်အဖွဲ့များမှတဆင့် လှုပ်ရှား၏အားကို ထုတ်ဖေါ်ပြသနိုင်ပါသည်။ လှုပ်ရှားမှု၏ ခေါင်းဆောင်ပိုင်းသည် သင့်တော်သောအချိန်တွင် သဘောတူညီချက်ပေးခြင်း၊ ဦးဆောင်မှုပေးခြင်းမှလွဲ၍၊ အလားအလာရှိသော အလှူရှင်များနှင့် အဖွဲ့အစည်းဆိုင်ရာ ဆက်ဆံရေးများ တည်ဆောက်ရာတွင် တိုက်ရိုက်ပါဝင်ရန်မှာ မလိုလည်း မလိုအပ်၊ အထောက်အကူပြုရာလည်း မရောက်ပေ။

အလှူရှင်များမှ ကြုံတွေ့ရလေ့ရှိသော ပြဿနာတစ်ခုမှာ၊ အလှူရှင်မှ ၎င်းတို၏ အထောက်အပံ့၏ ထိရောက်မှုကို တိုင်းတာသော အခါ ရည်မှန်းချက်နှင့် ရလဒ်ကွာဟချက်ပင် ဖြစ်သည်။ အလွန်အမင်းချို့တဲ့ဆင်းရဲသောနေရာတွင်၊ အထောက်အပံ့၏ တစိတ်တပိုင်းကို ရပ်တည်ရေးအတွက် ရိက္ခာအစားသောက်၊ အိုးအိမ်နေရာနှင့် နေ့တဓူဝသွားလာရေးကိစ္စများအတွက် လွှဲပြောင်းအသုံးပြုကြသည်မှာ နားလည်မှုပေးနိုင်ဖွယ် ဖြစ်ပါသည်။ သို့သော်၊ အဖွဲ့အစည်းများက နည်းလည်ရန်လိုအပ်သည်မှာ၊ ယင်းအကူအညီများသည် မည်သည့်အရာမျှ ပြန်ပေးရန်လိုသည့်၊ အလှူအတန်းမဟုတ်ပါ။ ယင်းလက်ခံရရှိသော အထောက်အပံ့များကို သဘောတူထားသော အဆိုပြုလွှာတစ်ခု၏ လုပ်ငန်းစာချုပ်တစ်ခုအဖြစ် သဘောပေါက်ထားရပေမည်။ ယင်းလုပ်ငန်းဆိုင်ရာစာချုပ်ဆိုသည်မှာ ငွေကြေးထောက်ပံ့ပေးသော အလှူရှင်ကို၊ လက်ခံသူအနေဖြင့် ယင်းငွေကြေးထောက်ပံ့မှု၏ ရည်ရွယ်ချက်သို့ ရောက်ရှိစေသည့် “လွှဲအပ်နိုင်သောအရာများ” ပြန်ပေးရမည် ဖြစ်ပါသည်။ မိမိ အဖွဲ့ဝင်များတိုးပွါးလာခြင်း၊ စာပို့ဆောင်ရေးစနစ်များ တိုးတက်လာခြင်း၊ သင်တန်း အစီအစဉ်၊ စာရွက်စာတမ်းများ ပုံနှိပ်ထုတ်လုပ်မှု၊ ဖြန့်ဝေမှု စသည်ဖြင့်၊ ဂရန့်၏ ရည်ရွယ်ချက်များပြည့်မီစေရန် လိုအပ်သောအရာကိစ္စများကို ပြန်လည်ဖြည့်ဆည်းပေးရန် တာဝန်ရှိပါသည်။ ငွေကြေးထောက်ပံမှု အသစ်တဖန်ပြန်လည်ရရှိရန်အတွက်၊ အဖွဲ့အစည်း တစ်ခုအနေဖြင့် လုပ်ငန်းစာချုပ်ကို ပြည့်မီစေရန်၊ သို့မဟုတ် ပိုလုပ်ဆောင်ထားရန် လိုအပ်ပြီး၊ အကယ်၍ မဆောင်ရွက်နိုင်ပါက အလှူရှင်က ဆက်ဆံရေး ရုပ်သိမ်းသွားလိမ့်မည် ဖြစ်သည်။ (အဲန်ဂျီအို) အသိုက်အဝန်းအတွင်းတွင် တောင်းဆိုနေမှုများသည်၊ ပေးနိုင်သော အရင်းအမြစ်များထက်၊ အဆမတန်ပိုမို၍ နေပါသည်။ ဆုံးရှုံးပျက်ကွက်မှုကို ထပ်၍ထောက်ပံ့ပေးနေလောက်အောင် (အဲန်ဂျီအို) များက စည်းစိမ်ကြွယ်ဝမှု မရှိကြပါ။

**သတင်းမီဒီယာ**

နိုင်ငံခြားအစိုးရများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း (အဲန်ဂျီအို) များ၏ ထောက်ပံ့မှုများကို မွေးမြူရယူရမည့်အပြင်၊ သတင်းစာနယ်ဇင်း၊ မီဒီယာများ ထောက်ပံ့မှုမပါရှိပါက၊ မဲဆန္ဒရှင်ပြည်သူများကို လက်လှမ်းမီရန်မှာ မဖြစ်နိုင်ပေ။ ဒီမိုကရေစီတိုက်ပွဲတစ်ခုကို လူအများသိရှိမှုနှင့် ထောက်ခံမှုများ ကျယ်ကျယ်ပြန့်ပြန့်ရရှိခြင်းအားဖြင့်၊ အခြား နိုင်ငံတကာထောက်ပံ့မှုများ ဆက်လက်ရရှိစေရန် ကြိုးပမ်းမှုများအတွက် အရှိန်အဟုန်နှင့် ပံ့ပိုးမှု ဖြစ်စေပါလိမ့်မည်။

သတင်းမီဒီယာဆက်ဆံရေးလုပ်ငန်းသည်၊ ကျွမ်းကျင်သူများ၏ အကြံပေးမှုများ လိုအပ်ပြီး၊ သတင်းမီဒီယာ မဟာဗျူဟာတစ်ခုချမှတ်လုပ်ဆောင်နိုင်ရေးအတွက်၊ သတင်းထောက်များ၊ အယ်ဒီတာများနှင့် အခြားအရေးပါသော ပုံနှိပ်မီဒီယာ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုဌာနများ၏ လိုအပ်ချက်များကို သိရှိရေးအတွက်၊ အကြံဉာဏ်များ အထူး လိုအပ်ပါသည်။ သတင်းဌာနတစ်ခု၏ အခြေခံ ပုရိသသတ်ကိုလည်း သိရှိထားရန် လိုအပ်ပါသည်။ ဥပမာ – ဝါရှင်တန်ပို့စ် (Washington Post) နှင့် ဝါရှင်တန်တိုင်းမ်စ် (Washington Times) တို့တွင် မတူကွဲပြားသော သတင်းပုရိသတ်များရှိသကဲ့သို့၊ နယူးယောက်တိုင်းမ် (New York Times) နှင့် ဝေါစထရိတ်ဂျာနယ် (Wall Street Journal) တို့တွင်လည်း အလားတူ သီးသန့်စာဖတ်သူ ပုရိသတ်များ ရှိနေပါသည်။

ဒီမိုကရေစီလှုပ်ရှားမှုနှင့် ပတ်သက်သော၊ သတင်းအသေးစိတ်ကို စုံစမ်းနေသော သတင်းထောက်များနှင့် ပတ်သက်၍ သိရှိထားပါက အထောက်အကူ ဖြစ်စေပါသည်။ နိုင်ငံအတော်များများတွင်၊ နိုင်ငံရပ်ခြားသတင်းထောက်ကလပ်များ ရှိတတ်ကြပြီး၊ အဓိကသတင်းဌာနများနှင့် အခြားသော သတင်းစာစောင်များ၊ အလွတ်သတင်းထောက်များ၊ သတင်းပေးပို့သူများနှင့် ဆက်စပ်နေတတ်ကြပါသည်။ အင်တာနက်တွင် ၎င်းသတင်းထောက်တို့၏ အမည်များ၊ လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ရှာဖွေစုံစမ်းခြင်းများ အပါအဝင်၊ ၎င်းသတင်းထောက်များ၏ အချက်အလက်များကို လက်ဝယ်ရရှိထားခြင်းဖြင့်၊ သူတို့နှင့်နီးစပ်သော လုပ်ငန်းပိုင်းဆိုင်ရာ ဆက်ဆံရေးတည်ဆောက်ပြီး၊ မိမိလှုပ်ရှားမှုအတွက် အကျိုးဖြစ်စေနိုင်ပါသည်။

သတင်းထောက်များသည် သတင်းများကို စိတ်ဝင်စားလိုက်နေလေ့ရှိပါသည်။ အထူးသဖြင့် မည်သူမျှမသိသေးသော၊ သီးသန့် မူပိုင်သတင်းများကို ပို၍ စိတ်ဝင်စားပါသည်။ တန်ဖိုးရှိသော သတင်းတစ်ခုအဖြစ် တည်ဆောက်ရန်အတွက်၊ သူတို့တွင် ရည်ညွှန်းကိုး

ကားရန် နောက်ခံအချက်အလက်နှင့် သတင်းထုတ်ပြန်ချက်များ ရရှိရန် လိုအပ်ပါသည်။ အရေးကြီးသည့်အချက်မှာ အဖြစ်အပျက်မတိုင်မီ၊ သတင်းထောက်များကို ကြိုတင်အသိပေးထားခြင်းပင် ဖြစ်ပါသည်။ ထိုသို့ ဖြစ်စေရန်အတွက်၊ အပြန်အလှန် ယုံကြည်မှုကို ရှိနေရန် လိုအပ်ပါသည်။ ထိုဆက်ဆံရေးတည်ဆောက်ရန်အတွက် အခက်အခဲမှာ အဖွဲ့အစည်း၊ သို့မဟုတ် လှုပ်ရှားမှု၏ ပြင်ပဆက်ဆံရေးပေါ်တွင် မှီတည်နေပါသည်။ သဘာရင့်သတင်းထောက်များသည်၊ လူများက ၎င်းတို့၏အကျိုးစီးပွါးအတွက် သူတို့ကို အသုံးချရန် ကြိုးစားနေသည်ဟု ပုံမှန်အားဖြင့် အဆိုးမြင်၊ ကောက်ချက်ချထားတတ်ကြပါသည်။ အသုံးချခံရသည်ဟူသော ထင်မြင်ချက်ဖြင့် ချည်းကပ်မှုကို မပယ်ချသင့်ပေ။ သို့သော် သတင်းထောက်အတွက် လှုပ်ရှားမှုနှင့် ပတ်သက်၍ သတင်းရေးသားရန် သေချာသော အခွင့်အလမ်းများမရှိပါက၊ ထုတ်ပြန်ထားသောသတင်းထုတ်ပြန်ချက်ကိုကျော်လွန်၍၊ သတင်းထောက်တစ်ဦး၏ အချိန်အကုန်ခံရန်၊ လုပ်ဆောင်ကြလိမ့်မည် မဟုတ်ပေ။

ပြည်သူလူထုသည်၊ သတင်းများအတွက် ရုပ်မြင်သံကြားအပေါ်တွင် ပို၍ အားထားလာနေကြပါသည်။ ထို့ကြောင့် ဓါတ်ပုံနှင့် ဗီဒီယို သတင်းထောက်များသည် ပို၍ အရေးကြီးလာပါသည်။ သဘာရင့် ရုပ်မြင်သံကြားသတင်းထောက်/ထုတ်လုပ်သူတစ်ဦးက အီလက်ထရွန်းနစ်၊ လျှပ်စစ်မီဒီယာ၏ အားသာချက်များကို၊ အမြင့်မားဆုံး အသုံးချနိုင်စေရန် အောက်ဖော်ပြပါ အကြံဥာဏ်ကောင်းများ ပေးခဲ့ပါသည်။ [၄၁]

## ဥပဒေသ အမှတ် (၁)

ပုံနှိပ်သတင်းမီဒီယာများကို မပစ်ပယ်၊ လျစ်လျူမပြုသည့် တစ်ချိန်တည်းမှာပင်၊ ရေရှည်ဆက်ဆံရေးတည်ဆောက်ရန်တွက် ထူးကဲစွာ တွေးခေါ်တတ်သော၊ အမြင်ကျယ်လက်ခံတတ်သော၊ သို့မဟုတ် ချဉ်းကပ်၍ရနိုင်သော သတင်းထောက်များ/ထုတ်လုပ်သူများ (၁) ဦး သို့မဟုတ် (၂) ဦးကို သတ်မှတ်ရွေးချယ် ပေါင်းသင်းထားရန် လိုပါသည်။ ၎င်းတို့ကို ဘီယာတခွက်၊ ကော်ဖီတခွက်မျှ ကျွေး၍ ပေါင်းထားနိုင်ပါသည်။ သို့မဟုတ် သူတို့က နေ့လည်စာခေါ်ကျွေးလျှင်လည်း လက်ခံလိုက်ပါ။

## ဥပဒေသ အမှတ် (၂)

သင်ရွေးချယ်ပေါင်းသင်းမည်ဟု ဆုံးဖြတ်ထားသော သတင်းထောက် (၁) ဦး၊ သို့မဟုတ် (၂) ဦးထံသို့၊ အမှန်တကယ် အသုံးဝင်သောသတင်းများကို ပေးပို့ခြင်းဖြင့် မျက်နှာလုပ်ပါ။ အကယ်၍ သင်၏ ရည်ရွယ်ချက်နှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိလျှင်သော်မှ သတင်းပေး၍ ဆက်ဆံရေးထူထောင်ထားပါ။ ရည်ရွယ်ချက်မှာ သင့်၏ယုံကြည်ကိုးစားရမှု၊ "သတင်းတန်ဖိုး သုံးသပ်နိုင်စွမ်း"ကို ပြသလိုခြင်းဖြစ်ပြီး၊ ထိုသူများ၏ အကျိုးစီးပွါးသည် သင်၏ခေါင်းထဲတွင်ရှိနေကြောင်း၊ သင်သည် အဆက်အသွယ်ကောင်းကြောင်း ပြသရန်ပင် ဖြစ်ပါသည်။ ပုံမှန်ဆက်သွယ်မှု မပြတ် ပြုလုပ်ပါ။ သို့သော် သင့်တွင် သတင်းပြုလုပ်ရန် တစုံတရာအသစ် သို့မဟုတ် စိတ်ဝင်စားစရာ မရှိပါက သတင်းဌာနများကို မနှောင့်ယှက်ပါနှင့်။

## ဥပဒေသ အမှတ် (၃)

သင့်ကိုယ်တိုင်က အမြဲအဆင့်ရှိပါစေ။ သတင်းဌာနများက သင့်ကို ဆက်သွယ်စေရန် အားပေးပါ။ သင့်၏ ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာတို့ကို ပေးထားပါ။ ၎င်းတို့ဖုန်းခေါ် (ဆက်သွယ်ပါက) ချက်ချင်း တုံ့ပြန်ပါ။ အကယ်၍ သင်သည် ဥပဒေသ အမှတ် (၂) ကို လိုက်နာထားပြီးဖြစ်ပါက၊ သင်ထံသို့ သတင်းဌာနများမှ ဖုန်းများ စတင်ဝင်လာပြီ ဖြစ်သည်။ တစ်စုံတရာ သင့်သိထားသောကိစ္စအပေါ်တွင် မေးမြန်းခြင်း၊ အကြံဉာဏ်တောင်းခြင်းများ ပြုလုပ်လာပါလိမ့်မည်။ သင်ထုတ်ဖော်ပြောဆိုသော အချက်များနှင့် ပတ်သက်၍ သတိရှိရပါမည်။ သတင်းဌာနများမှ သင့်ထံမှ အချက်အလက် အစ်အောက်ထုတ်ရှာဖွေနေသည်ဆိုပါက၊ သတင်းခေါင်းစီးအပေါ် မိမိသြဇာလွှမ်းမိုးနိုင်ရန်အတွက် အခွင့်အလမ်းကောင်း ဖြစ်ပါသည်။

## ဥပဒေသ အမှတ် (၄)

သတင်းများကို ဖန်တီးမပြုလုပ်ပါနှင့်။ သင့်တွင် အစစ်အမှန်အရေးကြီးသော သတင်းမရှိပါက၊ သတင်းဌာများကို မခေါ်ပါနှင့်။ ဤလိုအပ်များ ပြည့်စုံနေပြီဆိုပါက၊ သတင်းထုတ်ပြန်မည့် အချိန်နှင့် ပွဲအတွက် စီစဉ်နိုင်ပါသည်။ ဤသတင်းထုတ်ပြန်မှုကို မြင်ကွင်းနှင့် လူအများ၏ စိတ်ခံစားမှုများ ဖြစ်ပေါ်စေရန်၊ အတတ်နိုင်ဆုံး စီစဉ်သင့်ပါသည်။ အချိန်နှင့် နေရာကို သတင်းထုတ်လုပ်သူများအတွက်၊ နောက်ဆုံးသတင်းပို့ရမည့်အချိန်အရ သက်တောင့်သက်သာဖြစ်စေရန်၊ ရွေးချယ်စီစဉ်နိုင်ပါသည်။

## ဥပဒေသ အမှတ် (၅)

သတင်းအရ အရေးပါမှုနှင့် အရေးကြီးသည်ဟု သင်ယူဆထားသော၊ သင်၏လှုပ်ရှားမှု၊ အဖြစ်အပျက်များကို ဖြစ်နိုင်သမျှ အဖြစ်နိုင်ဆုံး၊ သတင်းဌာနများသို့ တင်ကြို၍ အကြောင်းကြားထားပါ။ မျှော်လင့်ချက် လိုသည်ထက် ပို၍မပေးပါနှင့်။ စာဖြင့် အသိပေး အကြောင်းကြားမှုအပေါ်တွင်သာ အားကိုးမှီခို မနေပါနှင့်။ ဖြစ်နိုင်သမျှ လူသားချင်းထိတွေ့ဆက်ဆံမှု လိုအပ်ပါသည်။ လူကိုယ်တိုင်

---

[၄၁] ဤဥပဒေသများရေးသားသူက အမည်မဖော်လိုပါ။

တယ်လီဖုန်းဖြင့်ဆက်သွယ်၍၊ ဘာဖြစ်မည်၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘာကြောင့်၊ ဘယ်သူပါဝင်မည် စသည်ဖြင့် တိကျ၊ ကျစ်လစ်၊ ပြည့်စုံသော အသေးစိတ်၊ အချက်အလက်များကို ပေးပါ။ အထူးသဖြင့် ရုပ်မြင်သံကြားရိုက်ကူးသူများအတွက် အရေးကြီးနိုင်သော ပုံမှန် စီစဉ်မှုများနှင့် စက်မှုပိုင်းဆိုင်ရာ သတင်းအချက်အလက်များပေးရန် မမေ့ပါနှင့်။ သင့်လျော်ပါက လမ်းညွှန်ချက်၊ နောက်ခံဖြစ်စဉ်အကျဉ်းနှင့် အဓိကခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းခန်းများ စီစဉ်ပေးပါ။

## ဉပဒေသ အမှတ် (၆)

အမှတ်ရရန်မှာ၊ သင်တို့၏ လှုပ်ရှားမှုနှင့် အောင်မြင်မှုများကိုသာ သတင်းဌာနများက စိတ်ဝင်စားဖော်ပြပါက၊ သင်၏အရေးပေါက်မြောက်သည်မဟုတ်ပဲ၊ သင့်၏ ရန်ဖက်အင်အားစုက လုပ်ဆောင်နေသည့်အရာများကို သတင်းများက စိတ်ဝင်စားသည်ကို သတိချပ်ပါ။ သင့်၏လှုပ်ရှားမှုက၊ စစ်အစိုးရ လုပ်ဆောင်နေသော၊ သို့မဟုတ် ကြံစည်ပြင်ဆင်နေသော အရာကိစ္စများကို ကြိုတင်သတင်းရထားနိုင်ပြီး၊ သတင်းဌာနများက စိတ်ဝင်စားနေနိုင်ပါသည်။ ဖြစ်နိုင်ပါက ထိုသတင်းအချက်အလက်များကို ဝေမျှလှယ်ပါ။ သင့်၏ လုံခြုံရေးကို ကာကွယ်ရန်နှင့် သတင်းအရင်းအမြစ်ကို ထိန်ချန်ထားရန် မမေ့ပါနှင့်။

## ဉပဒေသ အမှတ် (၇)

သတင်းထောက်များနှင့် ထုတ်လုပ်သူများသည်၊ ၎င်းတို့၏ သတင်းများကို အကြီးအကဲများထံသို့ တဆင့်ထပ်မံ“ရောင်းချ”ရမည်ကို သတိပြုရန် လိုပါသည်။ ဤလုပ်ငန်းကို ကူညီသည့်အနေဖြင့်၊ သတင်းများကို ပိုမိုဆွဲဆောင်မှုရှိစေရန်၊ ၎င်းတို့သတိမထားမိလိုက်သည့် နောက်ခံသမိုင်းကြောင်း၊ အကြောင်းအရာ၊ ဆက်စပ်မှုများ၊ သို့မဟုတ် နောက်ဆက်တွဲဖြစ်နိုင်ချေများကို ရှင်းပြရန် လိုပါသည်။ သင့်အနေဖြင့်၊ အဓိကခေါင်းဆောင်များ၏ အသေးစိတ်ကိုယ်ရေးအချက်များနှင့် ခေါင်းဆောင်များအကြားရှိ ဆက်ဆံရေးကို သိနေနိုင်ပါသည်။ ထို့အပြင် ခေါင်းဆောင်များ၏ ငွေကြေးဆိုင်ရာနှင့် စီးပွါးရေးဆိုင်ရာ ဆက်စပ်နေမှုများကို သတင်းပေးခြင်းဖြင့်၊ သတင်းကို ပို၍ ထူးခြားစေပါသည်။ အကယ်၍ ဖြစ်နိုင်ပါက၊ သတင်းကို ပိုမို ရုပ်လုံးကြွစေနိုင်သော ဗွီဒီယိုမှတ်တမ်းတင် အခွေများကိုလည်း ပေးနိုင်ပါသည်။

## ဉပဒေသ အမှတ် (၈)

သတင်းထောက်ထံ သင်ပေးလိုက်သော ဗွီဒီယိုမှတ်တမ်းများတွင်၊ မှားယွင်းစွာ ကိုယ်စားပြု မဖော်ပြမိစေရန် သတိပြုပါ။ သင်ပေးလိုက်သော ပြကွက်များနှင့် ပတ်သက်၍ အကြောင်းအရာ၊ နေ့ရက်၊ နေရာတို့ကို၊ တိကျစွာ အသေးစိတ် ဖော်ပြပေးပါ။ ထိုပစ္စည်းများကို ပေးနိုင်သော တရားဝင်အခွင့်အာဏာ သင့်ထံတွင် ရှိ–မရှိကို သေချာစေပါ။ ဤသို့ ရုပ်မြင်သံကြားတွင် ပြသခြင်းဖြင့်၊  ပါဝင်နေသော မည်သူမဆို နစ်နာ၊ထိခိုက်စေမှုမရှိစေရပဲ၊ သို့မဟုတ် သင့်အား တရားစွဲဆိုခြင်းများ ဖြစ်မလာစေရန်အတွက် သေချာစေပါ။

## ဉပဒေသ အမှတ် (၉)

သတင်းထောက်တစ်ဦးကို မည်သည့်အခါမျှ မလှည့်စားပါနှင့်။ သို့မဟုတ် မမှန်ကန်သော၊ လမ်းကြောင်းမှားလိုက်စေသော သတင်းများ မပေးမိပါစေနှင့်။ ဤသို့ဆောင်ရွက်ခြင်းသည် ရေတိုတွင်သင့်အားအကျိုးဖြစ်စေနိုင်သော်လည်း၊ ရေရှည်ပျက်စီးမှုနှင့်စာလျှင် မထိုက်တန်ပါ။

## ဉပဒေသ အမှတ် (၁၀)

မတူညီသော သတင်းကွန်ယက်၊ မီဒီယာကုမ္ပဏီများနှင့် သတင်းဝန်ဆောင်မှုဌာနများသည်၊ မတူညီသော ပုရိသတ်ကို သတင်းပေးပို့နေကြသည်ကို သတိချပ်ပါ။ သို့အတွက်ကြောင့် ၎င်းတို့တွင် မတူညီသော သတင်းအစဉ်များ၊ တင်ပြပုံများနှင့် မတူညီသော နည်းပညာလိုအပ်ချက်များ ရှိကြပါသည်။ သာမန်မဟုတ်သော၊ သို့မဟုတ် အထူးအရေးပေါ် အခြေအနေများမှလွဲ၍၊ ၎င်းတို့နှင့် သင်ဆက်ဆံသောအခါတွင်၊ ဤအချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ ရုပ်မြင်သံကြားအတွက် အထူး စက်ရပ်သတင်းတိုကို ဆောင်ရွက်ပေးသော သတင်းထောက်တစ်ယောက်သည်၊ စာလုံးရေ (၁၅၀၀) ပါသည့် သတင်းဇာတ်လမ်းတစ်ပုဒ်ပေးပို့ရသော ပုံနှိပ်သတင်းထောက်တစ်ယောက်နှင့် လိုအပ်ချက် တူညီမှုရှိမည် မဟုတ်ပေ။

## အကျဉ်းချုပ်

(အဲန်ဂျီအို) များ၏ ထောက်ပံ့ပေးမှု၊ သို့မဟုတ် သတင်းစာနယ်ဇင်း၊ မီဒီယာများကို ကျွမ်းကျင်စွာ အသုံးချခြင်းမှတဆင့်၊ ပြင်ပ ပုရိသတ်ကို လွှမ်းမိုးနိုင်ခြင်းသည်  အကြမ်းမဖက်လှုပ်ရှားမှုတစ်ခု အောင်မြင်ရန်အတွက် အရေးကြီးပါသည်။ ပြင်ပအင်အားများနှင့် လုပ်ငန်းတူ မဟာမိတ်ဖွဲ့ခြင်းအားဖြင့် တရားဝင်မှုရရှိစေပြီး၊ ခွန်အား၊ အရင်းအမြစ်နှင့် အကြမ်းမဖက်လှုပ်ရှားမှုအတွက် လူသိများစေရန် သတင်းဖော်ပြမှုများ ရစေနိုင်ပါသည်။ သို့သော် ယင်းလုပ်ငန်းတူ မဟာမိတ်ဖွဲ့သည့်ကိစ္စများသည်၊ စာချုပ်စာတမ်းဖြင့် ဆောင်ရွက်သင့်သောကိစ္စများဖြစ်ပြီး၊ တာဝန်အရဖြည့်ဆီးရမည့် ဝတ္တရားများကို ပြည့်မီအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## အခန်း (၁၄)
# အကြံပြုပံ့ပိုးခြင်းနှင့် သင်တန်း

ကံမကောင်းအကြောင်းမလှသည့် ဖြစ်ရပ်မှန်တစ်ခုမှာ၊ လက်နက်ကိုင်တော်လှန်ရေးကျရှုံးသွားပြီးနောက်ပိုင်း၊ သို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးသည် အောင်ပွဲအတွက် ဖြစ်နိုင်ချေမရှိသော နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့်စမ်းသပ်လုပ်ကိုင်ပြီးသည့်နောက်မှ၊ အခြားရွေးချယ်စရာလမ်းတစ်ခုအဖြစ်၊ မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုကို ကိုင်စွဲရန် စိတ်ဝင်စားလာကြခြင်းဖြစ်သည်။ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ၊ သို့မဟုတ် ဆယ်စုနှစ်ပေါင်းများစွာ လက်နက်ကိုင်တော်လှန်ရေးအတွင်း မြှုပ်နှံပေးဆပ်ခဲ့မှုများသည်၊ အလဟဿဆုံးရှုံးသွားခဲ့ရသည့် တန်ဖိုးဖြစ်သည်။ သို့တိုင်အောင် အကြမ်းဖက်လှုပ်ရှားမှုသည် ဖြစ်နိုင်ချေမရှိသော၊ သို့မဟုတ် မည်သည့်အခါကမျှ အလုပ်မဖြစ်ခဲ့သော နည်းလမ်းတစ်ခုဟု သတ်မှတ်ရန်၊ ဝန်လေးနေကြသေးသည်မှာ နားလည်နိုင်စရာ အခြေအနေရှိပါသည်။ ဤသို့ကျရှုံးရမှုသည်၊ လုပ်နိုင်စွမ်းရှိနိုင်သော ပါဝင်လုပ်ဆောင်ခဲ့ကြသူများ၏ အမှားကြောင့် မဟုတ်ပါ၊ ၎င်းတို့ ထိန်းချုပ်နိုင်မှုပြင်ပတွင် ပို၍ကြီးမားသော အင်အားစုများရှိနေကြပါသည်။

အာဏာရှင်အစိုးရကို လက်နက်ဆွဲကိုင်တော်လှန်နေသော တော်လှန်ရေးအင်အားစုများ၏ ယနေ့ကျရှုံးရမှုသည် အံ့အားသင့်စရာ မဟုတ်ပေ။ စစ်အေးခေတ်ပြီးဆုံးသည်နှင့်အတူ၊ အင်အားကြီးနိုင်ငံများသည် ဆန့်ကျင်ဖက်နိုင်ငံအုပ်စု၏ရန်မှ ၎င်းတို့၏ အကျိုးစီးပွါးကို ကာကွယ်ပေးရန်၊ "လက်ဝေခံ" နိုင်ငံများတွင် ပဋိပက္ခများ ဆက်လက်ဆင်နွှဲရန် မလိုအပ်တော့ပါ။ ယခုအချိန်တွင် နိုင်ငံများသည် နိုင်ငံရေးအရ တည်ငြိမ်မှုရှိသော၊ ပတ်ဝန်းကျင်တွင်၊ စီးပွါးရေးအကျိုးအမြတ်များ ပိုမိုထိရောက်စွာရနိုင်ရေးကိုသာလျှင် ပို၍အလေးထားနေကြပြီ ဖြစ်သည်။

အစိုးရများတွင် အာဏာကို ဗဟိုချက်မသို့ စုစည်းချုပ်ကိုင်မှု တစစများပြားလာပြီး၊ စက်မှုနည်းပညာ ပိုမိုရှေ့တန်းရောက်လာခြင်းနှင့်အတူ၊ အတိုက်အခံအုပ်စုများကို နှိပ်ကွပ်ရာ၊ ထိန်းချုပ်ရာတွင် ပိုမို၍ အစွမ်းထက်လာပါသည်။ ဥပမာ၊ ဆက်သွယ်ရေးလမ်းကြောင်းများ၊ လူစုလူဝေး အဓိကရုံးများ ထိန်းချုပ်ခြင်း၊ ထောက်လှမ်းရေးသတင်းများ စုစည်းခြင်းနှင့် အခြားသော ဖိအားသုံးနည်းနာများ ထိရောက်စွာ လုပ်ဆောင်လာနိုင်ကြပြီး၊ လက်နက်ကိုင်အဖွဲ့များ၏ သင်တန်းများ၊ လှုပ်ရှားမှုများနှင့် နေရာချထားမှုများသည် ပို၍ခက်ခဲလာစေပါသည်။ ဒီမိုကရေစီကျသော လူမှုအဖွဲ့အစည်းများတွင်ပင်လျှင်၊ "အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး စစ်ပွဲ"သည်၊ လူတစ်ဦးချင်းစီအဖို့၊ ယခင်က မျှော်လင့်ထားခဲ့ခြင်းမရှိသည့် ထိန်းချုပ်မှု၊ စောင့်ကြည့်မှုများကို ဖြစ်ပေါ်လာစေခဲ့ပါသည်။ ဤဖြစ်ရပ်များမှာ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက၊ တွေးတောချ၍ပင် မရနိုင်ခဲ့ပေ။ အာဏာရှင်အစိုးရများအတွက်မူ  အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး စစ်ပွဲများသည် ဖိနှိပ်မှုများ ပိုမိုလုပ်ဆောင်နိုင်ရန်၊ အခွင့်အလမ်း တံခါးဖွင့်ပေးလိုက်သလို ဖြစ်စေပါသည်။ အကြမ်းဖက်သမားများဟု တံဆိပ်တပ်ခံရသော၊ ဒီမိုကရေစီလိုလားသည့် အုပ်စုများကို၊ အစိုးရက အကြမ်းဖက်ချေမှုန်းနိုင်ပြီး၊ ဒီမိုကရေစီနိုင်ငံများက ဆန့်ကျင်ပြောဆိုသံပင် ကြားကြရမည် မဟုတ်ပါ။

ဤအချက်များကြောင့်၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်၊ လက်နက်ကိုင်လှုပ်ရှားမှုသည် မဖြစ်နိုင်သည့် အခြေအနေနီးပါးသို့ ဆိုက်ရောက်နေသည့်အချိန်တွင်၊ အကြမ်းမဖက်လှုပ်ရှားမှုနည်းလမ်းသို့ ပြောင်းလဲလိုက်ပြီး၊ ၎င်းတို့၏ မဟာဗျူဟာများကို  မည်ကဲ့သို့ အကောင်အထည်ဖေါ်ရမည်ကို စဉ်းစားရန် လိုအပ်လာပါသည်။ ဥပမာတစ်ခုမှာ၊ တယ်လီဖုန်းများ အသုံးပြုခြင်းဖြစ်သည်။ ယနေ့ကာလတွင် တယ်လီဖုန်းပေါ်တွင် စကားပြောခြင်းများကို အချိန်တိုင်း၊ ကြားဖြတ်နားထောင်ရန်မှာ ဖြစ်နိုင်သော ကိစ္စဖြစ်သည်။ ယခုအချိန်တွင်၊ လက်ကိုင်ဖုန်းများသည်ပင် ဘက်ထရီဖြုတ်လိုက်သောအခါတွင်မှသာ လုံခြုံမှု ရှိတော့သည်။ ကမ္ဘာ့အဝှမ်း အသုံးပြုနေသော၊ ကွန်ပြူတာများအတွက် အမာထည်မှတ်ဉာဏ် (hard drive) ပေါ်တွင် ရှိနေသော၊ အချက်အလက်များကို လုံးဝဖျက်ဆီးပစ်ရန် ဆိုသည်မှာ၊ ၎င်းကို မီးရှို့ပစ်ခြင်း၊ သို့မဟုတ် အားကောင်းသော လျှပ်စစ်–သံလိုက်လှိုင်းဖြင့် တွေ့စေခြင်းဖြင့်သာ ဖျက်ဆီးပစ်ရန် ဖြစ်နိုင်တော့သည်။ တူကြီးဖြင့် ကွန်ပြူတာကို ပေါက်ခွဲခြင်းပင်လျှင်၊ အချက်အလက်များ ကျန်နေနိုင်သေးသည်။ ကွန်ပြူတာပညာရှင်များက အချက်အလက်များ ထုတ်ယူနိုင်သေးသည်။ "ဖျက်" (delete) ခလုတ်ကို နှိပ်လိုက်ခြင်းသည်၊ ကွန်ပြူတာသုံးစွဲသူ၏ မြင်ကွင်းမှ ပျောက်ကွယ်သွားခြင်းသာ ဖြစ်သည်။ အစိုးရ ထောက်လှမ်းရေးအေဂျင်စီများ၏ မြင်ကွင်းမှ ပျောက်ကွယ်သွားခြင်း မဟုတ်ပါ။ ကူကီး "Cookies" များကို အလုပ်မှ ရပ်ဆိုင်းလိုက်ခြင်းသည်လည်း၊ ယင်း "Cookies" များကို ကွန်ပြူတာတွင်တမင် ထည့်သွင်းထားသူ၏ စိတ်ဝင်စားမှုကို ဆွဲဆောင်စေသည်။ စကားဝှက် ပရိုဂရမ်များ (encryption programs) ကို အသုံးပြုခြင်းသည်ပင်လျှင်၊ အချက်အလက်များကို အချိန်မီ မဖော်ထုတ်နိုင်ရုံသာရှိသော်လည်း၊ ယင်းပရိုဂရမ်များကို အသုံးပြုသောသူများကို အထူးစိတ်ဝင်စားမှု ဖြစ်ပေါ်လာစေသည်။

အကြမ်းမဖက်ရေး လှုပ်ရှားမှုနှင့် ပတ်သက်၍ ရေးသားထားသော စာအုပ်အများအပြား ရှိပါသည်။ ဤစာအုပ်များနှင့်အတူ ရုပ်ရှင်များ၊ သတင်းဆောင်းပါးများနှင့် လက်ကမ်းစာစောင်များသည်၊ အကြမ်းမဖက်ရေးလှုပ်ရှားမှု ဆောင်ရွက်လိုသူများအတွက်၊  အကြမ်းမဖက်ပဋိပက္ခထဲတွင် ဆောင်ရွက်တိုက်ပွဲဝင်နေပြီး နည်းနာရှာဖွေနေသူများအတွက်၊ အသုံး ဝင်စေနိုင်သော အဖိုးမဖြတ်နိုင်သည့် ရင်း

မြစ်များ ဖြစ်ပါသည်။ သို့သော် ဤအရင်းအမြစ်များသည် လုံလောက်မှု မရှိသေးပေ။ အချိန်ကအရေးပါသည်နှင့်အမျှ အသိပညာနှင့် ကျွမ်းကျင်မှုဆိုသည့်အရာများကို အလျင်အမြန် လွှဲပြောင်းပေးနိုင်ရန်လည်း လိုအပ်ပါသည်။ သို့အတွက်ကြောင့် အတွေ့အကြုံများသော အကြံပေးသူများနှင့် သမ္မာရင့် သင်တန်းဆရာများများ လိုအပ်နိုင်ပါသည်။ ဤသို့အကူအညီ တောင်းခံမှုတစ်ခုကို လက်ခံရန်မှာ၊ မယုံနိုင်လောက်အောင် ကြီးလေးသောတာဝန်တစ်ခု ဖြစ်ပါသည်။

### ထိရောက်သောသင်တန်းများအတွက်၊ လူသားအရင်းအမြစ်ကို အမြင့်ဆုံးတိုးပွါးစေခြင်း

"ပို၍ကြီးမားသော အင်အားတရပ်" (A force More Powerful) ရုပ်ရှင်က၊ မဟာဗျူဟာမြောက် အကြမ်းမဖက် လှုပ်ရှားမှုများအတွက်၊ ဖြည့်ဆီးပေးခဲ့သော လက်ဆောင်မွန်များအနက်မှ တစ်ခုမှာ၊ သန်းပေါင်းများစွာသော ပြည်သူများသည် နှစ်ပေါင်းများစွာ တိုက်တွန်းပြောဆိုခဲ့သော ဤလှုပ်ရှားမှုများနှင့်ပတ်သက်၍ ရှင်းလင်း၊ ပြတ်သားစွာ သတင်းစကားများကို မြင်တွေ့၊ ကြားနာခွင့်ရရှိခဲ့ခြင်းပင် ဖြစ်သည်။ အာဏာပြဿနာတွင်၊ လူအများ ထင်မြင်နေကြသည့် အကန့်အသတ်သဖွယ် ရွေးချယ်စရာဖြစ်နေသော၊ အကြမ်းဖက်မည်လော၊ အောက်ကျို့ နာခံမည်လောဟူသည့် ရွေးချယ်စရာလမ်း (၂) ခုအပြင်၊ ထိရောက်သော အခြားရွေးချယ်စရာလမ်းရှိနေသေးသည်ကိုလည်း ညွှန်ပြခဲ့ပါသည်။

ယေဘုယျအားဖြင့် အကြမ်းမဖက်နည်းဖြင့် ပဋိပက္ခဖြေရှင်းရေးကို၊ အများပြည်သူတို့ စိတ်ဝင်စားမှုတိုးတက်လာနေသည်နှင့်အညီ၊ ဖိနှိပ်သောအစိုးရများကို၊ အကြမ်းမဖက်လှုပ်ရှားမှုနည်းနှင့် ဆန့်ကျင်ရန်အတွက်၊ သင်တန်းများ၊ သတင်းအချက်အလက်များ တောင်းခံမှု တစစပိုမိုများပြားလာသည်ကို တွေ့နေရပါသည်။ မည်သို့သော အဖွဲ့အစည်းမျိုးကမှ၊ အကြမ်းမဖက်လှုပ်ရှားမှုဆိုင်ရာ ရှုထောင့်ကဏ္ဍစုံကို ပို့ချနိုင်ရန် မစွမ်းနိုင်ပေ။ အချို့အဖွဲ့အစည်းများသည်၊ နိုင်ငံအဝှမ်းလှုပ်ရှားမှုများတွက် မဟာဗျူဟာလိုအပ်ချက်များ ဖြေရှင်းရာတွင်၊ ကျွမ်းကျင်သကဲ့သို့၊ အခြားအဖွဲ့အစည်းများမှာ နည်းဗျူဟာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် နည်းနာများကို အာရုံစိုက် လေ့လာထားကြပါသည်။ သို့သော် အခြားအဖွဲ့အစည်းများမှာ နိုင်ငံရေးလုပ်ငန်းစဉ်များ၌ ကိုယ်စားပြုမှုနည်းပါးသူများအတွက် အခွင့်အာဏာအပ်နှင်းပေးရန်၊ အကြမ်းမဖက်ရေးလှုပ်ရှားမှုများ၌ အောက်ခြေလူထုအဆင့် စုစည်းမှု အရည်အသွေးများ တတ်သိနားလည်ကြပါသည်။ အကြမ်းမဖက်လှုပ်ရှားမှုများကို ထောက်ခံအားပေးနေသော မည်သည့်အဖွဲ့တိုင်းကိုမဆို၊ ထိုဘာသာရပ်နှင့် ပတ်သက်၍ သင်တန်းများပေးစေခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပေးခြင်းနှင့် နှီးနှောဖလှယ်ပွဲများ ပြုလုပ်ပေးရန် ဖိတ်ခေါ်သင့်ပါသည်။

### အခြေခံကျောရိုး အသိများကို၊ တစ်မူတည်းဖြစ်စေရန် စံသတ်မှတ်ခြင်း

မေးစရာတစ်ခု ရှိလာသည်မှာ၊ အကြမ်းမဖက်လှုပ်ရှားမှု၏ သီအိုရီ နှင့် အသုံးချမှုများဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုများကို တစ်မူတည်းဖြစ်စေရန်၊ စံသတ်မှတ်၍ ဆောင်ရွက်သင့်ပါသလား ဟူသော မေးခွန်းဖြစ်သည်။ ဥပမာ၊ အကြမ်းမဖက်လှုပ်ရှားမှုများနှင့် ပတ်သက်၍ သဘောတရားများ၊ အခြေခံမှုများအရ မိမိတို့သိထားကြသည်မှာ၊ လုပ်ခ လစာတိုးမြှင့်ရေးအတွက် သပိတ်တိုက်ပွဲ စီစဉ်နေသောအချိန်တွင်သော်လည်းကောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ဆန္ဒပြပွဲများကိုသော်လည်းကောင်း၊ သို့မဟုတ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်စေရန် နိုင်ငံအဝှမ်းအကြမ်းမဖက်လှုပ်ရှားမှုပြုလုပ်ရန် စီစဉ်နေမှုများတွင်သော်လည်းကောင်း၊ အသုံးချ၍ရနိုင်သော သဘောတရား၊ အခြေခံမှုများ ရှိပါသည်။ ယင်းသဘောတရားများနှင့် အခြေခံမှုများသည် မည်သည့်ယဉ်ကျေးမှုတိုင်းတွင်မဆို၊ မည်သည့်နိုင်ငံတိုင်းမဆိုတွင် အသုံးပြု၍ရပါသည်။ စစ်ပွဲ၏ စစ်မက်ရေးရာ အခြေခံသဘောတရားများကို တစ်ကမ္ဘာလုံး အသုံးပြုနိုင်သကဲ့သို့ပင် ဖြစ်သည်။ သို့သော် ဤသဘောတရားများကို အသုံးချကြရာ၌၊ ထူခြားသောပဋိပက္ခအနေအထားနှင့်အညီ လက်တွေ့ဖြစ်အောင် ကြံဆောင်ကြရပါသည်။ သို့သော်လည်း အချို့သော သီအိုရီများသည် မှန်ကန်နေဆဲ၊ တရားဝင်နေဆဲ ဖြစ်ပါသည်။ အကယ်၍၊ 'ပင်မ ကျောရိုးစာစု' တစ်ခုသည်၊ အကြမ်းမဖက်နည်းဖြင့်ဖြေရှင်းသော ပဋိပက္ခ အများစုနှင့် ဆက်စပ်နေသည့်၊ စံသတ်မှတ်ချက်လုပ်ငန်း ကျောရိုးဘောင်တစ်ခုဖော်ထုတ်ပေးနိုင်ပါက၊ များစွာ အထောက်အကူပြုဖွယ် ရှိပါသည်။

ဤပင်မကျောရိုး အသိတွင်၊ ပါဝင်စေနိုင်သော ခေါင်းစဉ်အချို့မှာ၊

> **၁။ လှုပ်ရှားမှုအတွက် နောက်ဆုံးနှင့် ကြားကာလ ရည်မှန်းချက်များကို ရွေးချယ်ရာတွင် အရေးပါမှု**
> ရှင်းလင်းသော ရည်ရွယ်ချက်ရှိနေခြင်းအားဖြင့်၊ အရင်းအမြစ်များကို ပိုမိုကောင်းမွန်စွာ ခွဲဝေသုံးစွဲနိုင်ပြီး၊ ဦးစားပေး လုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ရာတွင်လည်း အထောက်အကူ ဖြစ်စေပါသည်။ ဤသို့ ရည်ရွယ်ချက်ရှိထားခြင်းအားဖြင့် ပြည်သူလူထုကို ထောက်ခံရန်၊ ပါဝင်ပူးပေါင်းဆောင်ရွက်ရန် အကြောင်းပြချက်ခိုင်လုံစေသည်သာမက၊ လှုပ်ရှားမှု စတင်ဆောင်ရွက်လာသည် နှင့်၊ ခေါင်းဆောင်မှု၏ ထိရောက်စွာဦးဆောင်နိုင်မှုကို တိုင်းတာနိုင်သည့် နည်းလမ်းများအဖြစ်လည်း သုံးနိုင်ပါသည်။

**၂။ အာဏာ၏ ဗဟုသဘောဆန်၊ ပြန့်ကျဲတည်ရှိနေမှု၊ ၎င်း၏ရင်းမြစ်များနှင့် ‘ထောက်တိုင်’ များအဖြစ်ခေါ်ဆိုသော အသင်းအဖွဲ့များ၊ နှင့် ဖွဲ့စည်းမှုများတွင် အာဏာတည်ရှိနေပုံ**

ဗဟုသဘော၊ အာဏာပြန့်ကျဲတည်ရှိနေပုံ၊ ၎င်း၏ရင်းမြစ်များနှင့် ထောက်တိုင်များတွင် အာဏာတည်ရှိနေပုံကို ရှင်းလင်းပြတ်သား စွာ၊ နားမလည်ပါက၊ လူတစ်ဦးချင်းအနေဖြင့် အကြမ်းမဖက်နည်းတိုက်ပွဲအကြောင်းကို၊ မဟာဗျူဟာကျကျ စဉ်းစားရန် မဖြစ်နိုင်ပေ။ ထောက်တိုင်အထောက်အပံ့များ၏ အားသာချက်၊ အားနည်းချက်တို့နှင့် ပတ်သက်၍ “လျှပ်တပြက် မြင်သာသောရှင်းပြချက်” များ နှင့်၊ စစ်ဆင်ရေးစီမံချက်လုပ်ငန်းစဉ်များဆွဲရာတွင် အသေးစိတ်အကဲဖြတ်ခြင်းဆိုင်ရာကိစ္စများကို၊ လာမည့် သင်တန်း သင်ခန်းစာများ၊ သို့မဟုတ် အကြံပေးချက်များတွင် တင်ပြနိုင်ပါသည်။ (အခန်း ၁ နှင့် ၂ ကို ကြည့်ပါ။)

**၃။ အကြမ်းမဖက် ဆောင်ရွက်နိုင်သော လက်နက်များ၊ နည်းနာများနှင့် ပတ်သက်၍ လက်နက်တိုက်ကြီးကို ဖွင့်ပြခြင်း။**

ဤအချက်သည် လှုပ်ရှားမှုနေသော အုပ်စုများကို၊ ဖြစ်နိုင်ချေရှိသော နည်းလမ်းများစာရင်းကို ညွှန်ပြပေးသည်သာမက၊ ၎င်းအုပ်စုများ၏ အဖွဲ့ဝင်များကိုလည်း၊ အကြမ်းမဖက်လှုပ်ရှားမှုဆိုသည်မှာ ဆန္ဒပြပွဲများသက်သက်မျှထက်၊ များစွာသာ လွန်ကြောင်း အထင်ကြီးလာစေနိုင်ပါသည်။ (အခန်း ၄၊ **လုပ်ကိုင်ပုံအဆင့်များနှင့် နည်းလမ်းများ**ကို ကြည့်ပါ။)

**၄။ ကြောက်ရွံ့မှုနှင့် ၎င်းကိုကျော်လွှားရန် နည်းနာများ**

ပြည်သူလူထုကို ကြောက်ရွံ့နေစေရန် ခြောက်လှန့်ထားခြင်းသည်၊ အာဏာရှင်များ တည်မြဲနေစေရန် လွန်စွာအသုံးဝင်လှသော နည်းလမ်းတစ်ခုဖြစ်ပါသည်။ ဤသို့ ကြောက်ရွံ့နေစေခြင်းဖြင့် လူမှုအဖွဲ့အစည်းအား ချိန့်လေငန်းဖမ်း၊ ကြောက်ရွံ့တုန်လှုပ်၍၊ တစစီပြိုကွဲနေစေပါသည်။ အချို့နည်းနာများက ကြောက်ရွံ့မှု၏အကျိုးသက်ရောက်မှုများကို ကျော်လွှားချေဖျက်နိုင်ကြောင်း ပြသခဲ့ကြပြီး ဖြစ်ပါသည်။ ဤနည်းများ၏ ရည်မှန်းချက်မှာ လူများကို မကြောက်ရွံ့စေရန်ဆောင်ရွက်ပေးခြင်းမဟုတ်ပဲ၊ ကြောက်ရွံ့နေလျက်က ၎င်းတို့အလုပ်ဖြစ်စေရန်၊ ကူညီပေးရန်သာ ဖြစ်ပါသည်။ (အခန်း ၁၀၊ ကြောက်ရွံ့ခြင်းကို ကြည့်ပါ။)

**၅။ ဝါဒဖြန့်ချိရေးဆိုင်ရာ အခြေခံသဘောတရားများကို သိမြင်စေခြင်း။**

သိစေရမည့် သတင်း၊ ပစ်မှတ်၊ သတင်းပို့ဆောင်သူနှင့် တုံ့ပြန်မှုဆိုင်ရာ သဘောတရားများကို ရှင်းလင်းဖွင့်ဆိုပြခြင်းအားဖြင့်၊ အရေးကြီးလှသော ဤအကြောင်းအရာ၏ ကျောရိုးကို သိမြင်လာစေနိုင်ပါသည်။ (အခန်း ၉၊ စိတ်ဓါတ်စစ်ဆင်ရေးကို ကြည့်ပါ။)

**၆။ အကြမ်းမဖက်လှုပ်ရှားမှုတွင် ညစ်ညမ်းရောထွေးလာခြင်း။**

အကြမ်းမဖက်လှုပ်ရှားမှုကို အန္တရာယ်ဖြစ်စေသော၊ ခြိမ်းခြောက်မှုတစ်ခုမှာ အကြမ်းဖက်လုပ်ရပ်များ ရောထွေးလာခြင်းဖြစ်သည်။ သီးခြားဖြစ်ပေါ်သော အကြမ်းဖက်မှုသည်ပင်၊ ဆိုးကျိုးရှိစေပါသည်။ ယင်းကဲ့သို့သော အကြမ်းဖက်လုပ်ရပ်များကို ခေါင်းဆောင်မှုအပိုင်းက သိရှိ၊ စီမံထားခြင်းဖြစ်ပြီး၊ သိသာသည့် အဆင့်တစ်ခုကို ရောက်ရှိလာပါက၊ လှုပ်ရှားမှုကို ဖျက်ဆီးစေပါတော့မည်။ “လူထုလှုပ်ရှားမှုတစ်ခု” လုပ်ဆောင်ခြင်းတွင်၊ လူ့အဖွဲ့အစည်း၏ အလွှာစုံမှ ထောက်ခံအားပေးမှုရရှိရန် ရည်မှန်းချက်၊ ဦးတည်ချက်များကို ထပ်မံ၊ ထပ်မံထည့်သွင်းရန်၊ အမြဲတစေ ဖိအားပေးမှုများ ရှိနေတတ်ပါသည်။ သို့သော်လည်း လှုပ်ရှားတစ်ခုအနေဖြင့် သယ်ဆောင်နိုင်သော ဝန်ပမာဏ အကန့်အသတ် ရှိပါသည်။ မဟာဗျူဟာဆိုင်ရာဦးတည်ချက်များကို အမြဲတစေ ထပ်ချဲ့နေ၍ မဖြစ်ပါ။ မဟာဗျူဟာ ဦးတည်ချက်တွင် အကန့်အသတ်ရှိရန် အရေးကြီးပါသည်။ “နိုင်ငံခြားအကူအညီ” များသည် အစဉ်သဖြင့်၊ အန္တရာယ်ရှိပါသည်။ ဂိုဏ်းဂဏအချင်းချင်း အတွင်း တိုက်ပွဲများဖြင့် အားကုန်စေပြီး၊ စစ်အစိုးရကိုလည်း လှုပ်ရှားမှုအား ဖြိုခွဲစည်းရုံးရာတွင် အထောက်အကူ ဖြစ်စေပါသည်။ လှုပ်ရှားမှုများ ကျဆုံးရခြင်း၏ အခြေခံအကြောင်းရင်းတစ်ခုမှာ၊ ခေါင်းဆောင်များသည် အာဏာကို တကယ်တမ်းခွဲဝေရမည့် အချိန်မတိုင်မီကပင်၊ ၎င်းတို့အကြား အာဏာကို မည်သို့မည်ပုံ ခွဲဝေရမည်နှင့် ပတ်သက်၍ ပို၍စိုးရိမ်လှုပ်ရှားနေကြသောကြောင့် ဖြစ်ပါသည်။ အခြားသော ညစ်ညမ်းရောထွေးမှုပုံစံ (Contaminant) တစ်ခုမှာ၊ ဒီမိုကရေစီလှုပ်ရှားမှုတွင် တိုက်ပွဲဆင်နွှဲနေစဉ်ကာလ၌၊ ဒီမိုကရေစီကျသော အဖွဲ့အစည်းဆိုင်ရာပုံစံတစ်ခုလိုအပ်သည်ဟု မှာယွင်းစွာယူဆကြခြင်းဖြစ်ပါသည်။ ယခုစစ်ပွဲသည်၊ အကြမ်းမဖက်နည်းဖြင့် တိုက်ခိုက်သော စစ်ပွဲတစ်ပွဲဖြစ်သော်လည်း၊ အနည်းဆုံး စစ်ပွဲတော့

ဖြစ်နေပါသေးသည်။ ထို့အတွက်ကြောင့် ၎င်းတိုက်ပွဲတွင် ခိုင်မာသောခေါင်းဆောင်မှု နှင့် စည်းကမ်းသေဝပ်မှုရှိရန် လိုအပ်ပါသည်။ ယင်းခေါင်းဆောင်မှုနှင့် စည်းကမ်းသေဝပ်မှုဆိုသည်မှာ "အလိုအလျောက် ဖြစ်လာခြင်း"မဟုတ်ပဲ၊ အာဏာရှင်စနစ်ကို ဖြိုဖျက်ပစ်ရန် ကောင်းမွန်သော စီမံမှုနှင့် ပြည့်စုံသောမဟာဗျူဟာများမှ ပေါ်ထွက်လာခြင်းသာ ဖြစ်ပါသည်။ (အခန်း ၁၂၊ အကြမ်းမဖက်လှုပ်ရှားမှုတွင် ညစ်ညမ်းရောထွေးမှုများကို ကြည့်ပါ။)

## အသိပညာနှင့် ကျွမ်းကျင်မှုများကို အရင်းအမြစ်များဖြန့်ခွဲ၍ ရယူခြင်း

အကြမ်းမဖက်လှုပ်ရှားမှုတွင် ပါဝင်နေကြသူများ၊ သို့မဟုတ်၊ ၎င်းနည်းကို အသုံးပြုရန် စဉ်းစားနေသူများသည်၊ အသိပညာနှင့် ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းများကို နေရာပေါင်းစုံမှ အထောက်အပံ့ဖြန့်ခွဲရယူရန် တိုက်တွန်းပါသည်။ ဥပမာ၊ လက်ရှိပြင်ဆင် အစီအစဉ်ရေးဆွဲနေသော လှုပ်ရှားမှုများကို၊ ထောက်ခံပံ့ပိုးရန် အလုပ်သမားထုကို စည်းရုံးသိမ်းသွင်းမည်ဆိုပါက၊ ဝါရင့်အလုပ်သမား သမဂ္ဂစည်းရုံးရေးမှူးများသည်သာ၊ အသင့်တော်ဆုံးသော သင်တန်းပေးနိုင်သည့်သူ အရင်းအမြစ်ဖြစ်သည်ကို၊ မဟာဗျူဟာချမှတ်သူများက သိရှိ၍ ရှာဖွေကောင်း ရှာဖွေနိုင်ပါသည်။ ဤကိစ္စရပ်မျိုးတွင် ၎င်းဝါရင့်သမဂ္ဂစည်းရုံးရေးမှူးများသည်၊ ၎င်းတို့ စည်းရုံးရမည့် ကဏ္ဍတစ်ခုချင်းစီ၌ ကျွမ်းကျင်သူများ ဖြစ်သင့်ပါသည်။ ဥပမာ – စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြား လုပ်ငန်းများ၊ စသည်တို့ ဖြစ်သည်။

အလားတူ၊ ဝါဒဖြန့်ချိရေးလုပ်ငန်း၊ တနည်း ပိုမို၍ ယဉ်ကျေးသိမ်မွေ့သော စကားအသုံးအနှုန်းနှင့်ဆိုရလျှင်၊ သတင်းပြန် ကြားရေးနှင့် မီဒီယာလုပ်ငန်းသည်၊ အကြမ်းမဖက်တိုက်ပွဲအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ထိုလုပ်ငန်းမျိုးအတွက်၊ အတွေ့အကြုံရင့်၊ အောင်မြင်သော လူထုဆက်ဆံရေးအကြံပေးများ၏ ကျွမ်းကျင်မှုနည်းပညာကို ရယူရန် ရှာဖွေသင့်ပါသည်။

လူသားအရင်းအမြစ်၏ ထက်ဝက်နီးပါးမျှရှိသော၊ အမျိုးသမီးများကို အကြမ်းမဖက်လှုပ်ရှားမှုအတွက် လူသစ်စုဆောင်းရရှိနိုင်ပါသည်။ အချို့လူမှုအဖွဲ့အစည်းများတွင်၊ အမျိုးသမီးများသည် လုပ်သားအင်အားစုကြီး၏ အရေးကြီးသော အစိတ်အပိုင်းမဟုတ်ကြပါ။ အကြမ်းမဖက်လှုပ်ရှားမှုအတွင်း အမျိုးသမီးများ ပါဝင်လာရန် စုစည်းခြင်းနှင့် လှုပ်ရှားမှုအတွင်း အမျိုးသမီးများအတွက် အရေးပါသော အခန်းကဏ္ဍများ သတ်မှတ်ပေးရေးအတွက်၊ အတွေ့အကြုံရှိသည့်၊ယဉ်ကျေးမှုတူ၊ အခြေအနေတူ အခြားနိုင်ငံများမှ စည်းရုံးလှုပ်ရှားခဲ့သူများကို၊ အဆင်သင့် ရရှိကောင်း ရရှိနိုင်သည်။

လူငယ်ထုကဏ္ဍကိုလည်း အထူးအလေးပေးစည်းရုံးရပါမည်။ အကြမ်းမဖက်တိုက်ပွဲတွင်၊ စစ်ရေးတိုက်ပွဲကဲ့သို့ပင်၊ လူငယ်ထုသည် ရှေ့တန်းမှ အမြဲပါဝင်လေ့ ရှိပါသည်။ လူငယ်များသည် လူမှုရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ လှုပ်ရှားမှုများ တပ်ဦးမှ ဦးဆောင်သူများဖြစ်ပြီး၊ အမှန်တကယ် ဖြစ်သင့်သောသူများလည်း ဖြစ်ပါသည်။ သို့သော်လည်း လှုပ်ရှားမှုထဲတွင် ၎င်းတို့သိသင့်သော အကြောင်းအရာများစွာ ရှိပါသေးသည်။ လေ့လာစရာ စာအုပ်စာတမ်းများ ထောက်ပံ့ပေးရုံ၊ နည်းဗျူဟာနှင့်ခေါင်းဆောင်မှုဆိုင်ရာ ဘာသာရပ်များနှင့် ပတ်သက်သောသင်တန်း၊ ဆွေးနွေးပွဲများပြုပေးရုံနှင့် မလုံလောက်သေးပါ။ အခြားသော လှုပ်ရှားမှုများမှ လူငယ်အုပ်စုများ၏ ဝါရင့် ရဲဘော်ဟောင်းများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ အောင်မြင်မှု၊ ကျဆုံးမှုများကိုလည်း လေ့လာစေသင့်ပါသည်။ ပုဂ္ဂိုလ်ရေးအတွေ့အကြုံသည် ဆရာကောင်းတစ်ဦး ဖြစ်သကဲ့သို့၊ အခြားသူများ၏ အတွေ့အကြုံကို လေ့လာခြင်းသည်၊ ပေးဆပ်ရသည့်တန်ဖိုး ပို၍ နည်းပါသည်။

တစ်ချက်ခြင်းစီအတွက်၊ လိုအပ်မှုရှိ၍ တောင်းဆိုသော ကျွမ်းကျင်မှု၊ အသိပညာနှင့် ပတ်သက်၍ အကောင်းဆုံးသော သင်တန်း အရင်းအမြစ်များရရှိရန်၊ ဦးစားပေး အစီအစဉ်များသတ်မှတ်၍ ရွေးချယ်တောင်းဆိုနိုင်ကြပါသည်။ ဆိုလိုသည်မှာ၊ အကြမ်းမဖက်တိုက်ပွဲများတွင် ပါဝင်လှုပ်ရှားခဲ့ဖူးသူ ရဲဘော်ဟောင်းတိုင်း၊ သင်တန်းပေးရန်၊ အကြံဉာဏ်ရယူရန်အတွက် အကောင်းဆုံး မဟုတ်ပါ။

## ထိရောက်သော သင်တန်းဆရာများနှင့် အကြံပေးများဖြစ်အောင် မည်သို့ စွမ်းဆောင်မည်နည်း။

အကြံဉာဏ်များနှင့် သင်တန်းအထောက်အပံ့များအတွက် တောင်းခံရပ်များကို ကူညီပေးရန်၊ အသိပညာနှင့် ကျွမ်းကျင်မှုများ အဆင်သင့်ရှိနေသည့်တိုင်၊ ထိရောက်စွာ ပို့ချပေးနိုင်ရန်၊ ကျွန်ုပ်တို့၏ သင်တန်းဆရာများတွင် မည်သို့သော ကျွမ်းကျင်မှုများနှင့် အရည်အချင်းများ ရှိနေသင့်သည်ကို ကျွန်ုပ်တို့ စဉ်းစားရပါလိမ့်မည်။ ၎င်းသင်တန်းဆရာများအတွက် လိုအပ်သော အချို့အရည်အချင်းနှင့် ကျွမ်းကျင်မှုများမှာ၊

**၁။ ကောင်းမွန်စွာ နားထောင်တတ်သူ၊ လေ့လာတတ်သူဖြစ်ခြင်း၊**

သတင်းလက်ခံယူခြင်းသည်၊ သတင်းပေးခြင်းနည်းတူ အရေးကြီးလှပါသည်။ သင်တန်းသားများ ယခင်က တင်ကြိုသိထား မှုများ၊ အုပ်စုအလိုက် မျှော်မှန်းချက်များကို သိခြင်း၊ လက်ရှိတင်ပြနေသော ဘာသာရပ်၏ အောင်မြင်မှုနှင့် ပတ်သက်၍ ပြန်လည်တုံ့ပြန်ချက်များကို ရယူခြင်း၊ စသည်အားဖြင့် တန်ဖိုးရှိသော အချိန်များ အလေအလွင့် မဖြစ်ရန်ကာကွယ်နိုင်ပါ သည်။ အတွေ့အကြုံရှိသော သင်တန်းဆရာများနှင့် အကြံပေးများသည်၊ ၎င်းတို့ ပုဂ္ဂိုလ်ရေး၏ မျက်လုံးချင်း ဆက်သွယ်မှု များနှင့် ကိုယ်ဟန်ပြဘာသာစကားများကို အရေးပါကြောင်းကို သဘောပေါက်ကြပါသည်။ သင်ခန်းစာ ခေတ္တနားနေစဉ် အချိန်အတွင်း၊ လက်ထောက်တစ်ယောက်ထား၍၊ ၎င်းက တင်ပြမှုပုံစံကို ပြင်ဆင်ရန်အတွက် အုပ်စုများထံမှ ထင်မြင် ယူဆချက်များကို စုဆောင်းရန်၊ သေချာနားမလည်ခဲ့သော ခေါင်းစဉ်များကို ပြန်လည်ရှင်းပြရန်၊ လတ်တလော ထိုအုပ်စု က စိတ်ဝင်စားနေသော ခေါင်းစဉ်သို့ ကျော်၍ ရှင်းပြရန်သိနိုင်လျှင်၊ လွန်စွာ အကျိုးရှိပါသည်။ အကြံပေးနှင့် သင်တန်း ဆရာတို့သည်၊ အချိန်တိုင်းလိုလို စကားပြောနေရန် မလိုအပ်ပေ။ ခေတ္တ အခိုက်အတန့် ဆိတ်ဆိတ်နေလိုက်ခြင်းသည် အခြားသူများ စကားပြောနိုင်ရန် အခွင့်အလမ်း ဖွင့်ပေးသည့်နည်း ဖြစ်နိုင်ပါသည်။ သင်တန်းသားများက ပြောဆိုချက်များ သည် အရေးပါသည့်အကြောင်း ဖြစ်နိုင်ပါသည်။ သို့မဟုတ် အကြံပေး သို့မဟုတ် သင်တန်းဆရာများ ပြောကြားမည့် အကြောင်း ဖြစ်နေနိုင်ပါသည်။

သင်တန်းသားများ၊ တင်ကြိုသိရှိလေ့လာထားချက်နှင့် ပတ်သက်၍၊ (၁၉၉၂) ခုနှစ်၊ နှောင်းပိုင်းတွင် ဒေါက်တာဂျင်းရှပ် သည်၊ မြန်မာအတိုက်အခံအုပ်စုများ၏ တောတွင်းဌာနချုပ်ဖြစ်သော၊ မာနယ်ပလောသို့ သွားရောက်လည်ပတ်ခဲ့ပါသည်။ ယင်းအုပ်စုသည် မကြာသေးမီကပင်၊ မဟာဇျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုနှင့်ပတ်သက်သော သဘောတရား များကို မိတ်ဆက်ထားခဲ့ပြီး ဖြစ်သည်။ ကောလိပ်ပါမောက္ခတစ်ယောက်ဖြစ်သူ သင်တန်းသားတစ်ဦးနှင့် ဒေါက်တာဂျင်းရှပ် ကို မိတ်ဆက်ပေးသောအခါ၊ အာလာပသလာပ ပြောဆိုရမည့်အစား၊ ထိုပါမောက္ခသည် ဂျင်းရှပ်၏ ''*အကြမ်းမဖက် လှုပ်ရှားမှု၏ နိုင်ငံရေး*'' သုံးအုပ်တွဲစာအုပ်တွင် ပါဝင်သော၊ အသေးစိတ်အချက်အလက်များကို ရုတ်တရက်ကြီး ဆွေးနွေး လာခဲ့သည်။ ယင်းစာအုပ်များကို ပါမောက္ခက လွန်ခဲ့သည့် တစ်နှစ်ထက်မက အချိန်က ဖတ်ထားခဲ့ပြီး ဖြစ်သည်။

အကြံပေးတစ်ဦးတောင်းခံထားသည့် အချိန်နှင့် အကြံပေးမှုလက်တွေ့လုပ်ဆောင်သည့်အချိန်ကြားတွင်၊ ဖြစ်ရပ်များစွာ ဖြစ်ပေါ်တိုးတက်ပြီး ဖြစ်နေနိုင်ပါသည်။ ထို့ကြောင့် ပထမဦးဆုံးသော ဆွေးနွေးရမည့် အကြောင်းအရာသည်၊ အကြံဉာဏ် ရယူရန် စီစဉ်ထားသည့် အုပ်စုကဖြစ်စေ၊ အခြားအုပ်စုများထံမှဖြစ်စေ လက်ရှိအခြေအနေဆိုင်ရာ အကျဉ်းချုပ်ကို ရှင်းပြ မိတ်ဆက်ပေးရန် ဖြစ်သည်။ အကြံပေးမှုအနေဖြင့် အဓိကအာရုံစူးစိုက်ရမည့်အကြောင်းသည်၊ 'ဖြစ်စဉ်များမှ ထုတ်နုတ်ယူ ခြင်း'(OBE = overtaken by event) နှင့် နောက်ထပ် ဦးစားပေးမှုအသစ်များ ရှာဖွေသတ်မှတ်ခြင်းပင် ဖြစ်ပါသည်။ ခေါင်းစဉ်များကို ပြန်လည်သုံးသပ်ခြင်းနှင့် အကြံပေးများက မည်သို့သော အချက်အလက်များကို ကျွမ်းကျင်သေချာစွာ ရှင်းလင်းနိုင်မည်ဟု ဆုံးဖြတ်ပြီးသောအခါ၊ အကြံပေးခြင်းကိစ္စအတွက် ဆွေးနွေးရမည့် ခေါင်းစဉ်များကို ပြန်လည်ပြင်ဆင် အချောသတ်ခြင်း ပြီးပြီ ဖြစ်ပါသည်။ မူလတောင်းခံထားမှုနှင့် ဆက်နွယ်သော ခေါင်းစဉ်များအတွက် ပြင်ဆင်လာခဲ့သော မှတ်စုများကို ထိုအဖွဲ့များလက်တွင် ချန်ထားရစ်နိုင်ပါသည်။ အကယ်၍ မတူညီသော အကြံပေးများ လိုအပ်ပါကလည်း၊ ထိုကိစ္စနှင့် ပတ်သက်၍ ကျွမ်းကျင်သူများကို မည်သည့်နေရာတွင် ရရှိနိုင်သည်ဟူသော အကြံပေးချက်ဖြင့်သာ၊ ဖြေရှင်း အကြံပေးသင့်ပါသည်။

## ၂။ မတူညီသော ယဉ်ကျေးမှုများအကြား ဆက်ဆံရေးကိစ္စများကို ပါးနပ်စွာ သိရှိနားလည်ခြင်း။

သင်တန်းဆရာများအားလုံးလိုက်နာရမည့် အခြေခံအချက် အချို့ရှိပါသည်။ ဥပမာ၊ သင်တန်းသားများသည် ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံများနှင့် ဝန်းကျင်အရ တင်ပြနေစဉ်တွင်၊ သတင်းအချက်အလက်များ ထွက်ပေါ်လာတတ်ပါသည်။ အကယ်၍ ဥပမာပေးမှုများသည် သင်တန်းဆရာအသုံးပြုမည့် အချက်အလက်များနှင့် ဆက်နွယ်မှုရှိနေပါက၊ သင်တန်း ဆရာက ယင်းသို့ပြောဆိုမှုကို အချိန်မြင့်ပေးရမည် ဖြစ်သည်။ တစ်ခါတရံတွင် စကားပြန်သူသည် မဆိုသလောက်သာ သိသော ဘာသာရပ်အတွက်၊ ခေါ်ယူအသုံးပြုခြင်း ဖြစ်တတ်သည်။ ထို့ကြောင့် စကားပြန်သူက ယင်းသင်ခန်းစာကို ''ပို့ချနေခြင်း'' ပုံစံ မဖြစ်စေရန် တိကျသော အခြေခံစည်းကမ်းသတ်မှတ်ချက်များ ထားရမည်။ အဖြစ်အပျက်တစ်ခုတွင် သင်တန်းသားများပြောသော ဘာသာစကားကို အထိုက်အလျောက် ကျွမ်းကျင်သော သင်တန်းဆရာရှိခဲ့ပြီး၊ ၎င်း၏ ဘာသာစကားကျွမ်းကျင်မှုကို စကားပြန်သို့ အသိမပေးပဲ ထားခဲ့သည်။ ဘာသာရပ်နှင့် အကျွမ်းတဝင်ရှိပုံပေါ်သော ထိုစကားပြန်သည် ဘာသာရပ်ပေါ်တွင် သင်တန်းဆရာ၏ အမြင်ကို ပြောရမည့်အစား၊ သူ့၏ ကိုယ်ပိုင်အမြင်များကို ထည့်၍ စတင်ပြောလာခဲ့သည်။ ထိုစကားပြန်ကို ချက်ချင်းဆိုသလိုပင် ဖယ်ရှားစေခဲ့သည်။

## ၃၊ ပြင်ဆင်ထားသော သင်ရိုးညွှန်းတန်းထက်ပို၍၊ ဘာသာရပ်ကို လေ့လာသိရှိထားခြင်း။

သင်တန်းဆရာများက မေးခွန်းများကို ဖြေဆိုခြင်းနှင့် သင်ကြားမှု၏ ရည်မှန်းချက်များ အောင်မြင်ရန် ထပ်မံအားဖြည့် ဆောင်ရွက်ခြင်းသည် အရေးကြီးပါသည်။ "ဆရာဖြစ်သင်တန်း" အစီအစဉ်တွင် အရေးကြီးသော အားနည်းချက်တစ်ခု ရှိနေပါသည်။ (၂) ကြိမ်၊ (၃) ကြိမ် ထပ်ကျော့ပြီးသည့် နောက်ပိုင်းတွင်၊ အတွေ့အကြုံအရ၊ သင်တန်းဆရာများသည် ၎င်းတို့ပြင်ဆင်ထားသော သင်ရိုးညွှန်းတမ်းထက်ပို၍၊ မေးခွန်းများကို ပြည့်ပြည့်ဝဝ မဖြေနိုင်ကြပေ။ သို့အတွက်ကြောင့်၊ သင်တန်းဆရာများသည် ပညာရှင်အဆင့်ဖြင့် ဘာသာပြန်ထားသော၊ စမ်းသပ်စစ်ဆေးမှုခံပြီးသော၊ စာအုပ်စာတမ်းများကို ရရှိလေ့လာနိုင်ခြင်း ရှိသင့်သည်။ တစ်ချိန်တည်းမှာပင် မည်ကဲ့သို့သော ကျွမ်းကျင်မှုပညာရှင် နယ်ပယ်တိုင်းတွင်မဆို၊ ပြောစမှတ် တစ်ခုရှိပါသည်။ "ကျနော်တော့ ဒီအမေးကို မဖြေနိုင်ပါ။ ကျနော်စဉ်းစား ပါရစေဦး၊ ပြီးတော့ ခင်ဗျားကို ကျနော် အဖြေ ပြန်ပေးပါ့မယ်။" ဟူ၍ ဖြစ်သည်။

### ၄။ သင်ကြားလေ့လာမှု မည်ကဲ့သို့ ဖြစ်ပေါ်ဖွံ့ဖြိုးလာသည်ကို နားလည်ခြင်း။

စာဖတ်ခြင်း၊ နားထောင်ခြင်းနှင့် ကိုယ်တိုင်ပြုလုပ်ခြင်း (သို့မဟုတ် အားလုံးကို ရောထွေးဆောင်ရွက်ခြင်း) တို့မှတဆင့် ရရှိသော သတင်းအချက်အလက်များ ထိန်းသိမ်းထားနိုင်ခြင်းကို၊ အသေးစိတ်အချက်အလက်များဖြင့် သက်သေပြ၍မရသော်လည်း၊ လူအများယေဘုယျသိမြင်မှုအရ လူအများပါဝင်ဆောင်ရွက်စေခြင်းအားဖြင့်၊ စာအုပ်များနှင့် သင်ခန်းစာများမှ သူရရှိသော အသိဉာဏ်ကို ပို၍အားဖြည့် မှတ်မိစေပါသည်။ ထို့ကြောင့် ဖြစ်နိုင်ပါက သင်တန်းဆရာတစ်ဦးသည် သူ၏တင်ပြဆွေးနွေးချက်များကို၊ ဖြစ်နိုင်သော အခြေအနေတိုင်းတွင် မျက်စိဖြင့်မြင်နိုင်သောအကူ၊ သို့မဟုတ် လက်တွေ့လေ့ကျင့်ခန်းများထည့်သွင်း၍ ပိုမှတ်မိစေရန် လုပ်ဆောင်ပေးရန်၊ လိုအပ်ပါသည်။ စစ်သင်တန်းနည်းပြဟောင်းတစ်ဦးတွင် သင်ပြနည်းကောင်းတစ်ခုရှိပြီး၊ ၎င်းကို သင်တန်းဆရာများအားလုံး လိုက်နာကျင့်သုံးနိုင်ပါသည်။ "သူတို့ကို ခင်ဗျား ဘာပြောတော့မယ့်အကြောင်းကို အရင်ပြောပါ။ ပြီးတော့ သူတို့ကို ပြောပြပါ။ ပြီးတော့ ခင်ဗျား ခင်ဗျားပြောခဲ့တဲ့အကြောင်းတွေကို သူတို့ကို ပြန်ပြောခိုင်းပါ။" ဟူ၍ ဖြစ်သည်။

အကြံပေးသူတစ်ဦးသည်၊ အကြံဉာဏ်တောင်းခံလာသည့် အုပ်စု၏အကြောင်းကို သိထားသင့်သည်သာမကပဲ၊ ထိုအုပ်စုသည် လှုပ်ရှားမှုအတွင်း မည်သည့်ကဏ္ဍနေရာတွင် ရှိနေသည်ကိုလည်း သိသင့်ပါသည်။ တနည်းဆိုပါလျှင်၊ ဤအကြံပေးမှုသည် သင်းကွဲအုပ်စု တစ်ခုအတွက်လား၊ သို့မဟုတ်၊ ပင်မရေစီးကြောင်းရှိ အတိုက်အခံလှုပ်ရှားမှုအတွက်လား ဟူသည်ကို ရှင်းနေရပါမည်။ အကယ်၍ လှုပ်ရှားမှု၏ ထိပ်ပိုင်းခေါင်းဆောင်များ၏ သဘောတူညီချက်၊ ထောက်ခံအားပေးမှုများဖြင့် ဤသင်တန်းကိုစီစဉ်သည်ဆိုလျှင်အတိုင်းအထက်အလွန် ဖြစ်ပါသည်။ အစည်းအဝေးတစ်ခု စီစဉ်နိုင်ပါက၊ အကြံပေးသူသည် အကြမ်းမဖက်လှုပ်ရှားမှု၏ သဘောသဘာဝ အကျဉ်းကို တင်ပြနိုင်၍၊ ဤသီအိုရီကို အခြားသော အကြမ်းမဖက်တိုက်ပွဲများတွင် အသုံးပြုခဲ့ပုံကို မိတ်ဆက်ပေးနိုင်ပါသည်။ အကယ်၍ အကြမ်းမဖက်လှုပ်ရှားမှုနှင့် ပတ်သက်၍ ဖြစ်နိုင်ချေများကို အချို့က သံသယရှိနေသေးပါက၊ "ကနဦးလုပ်ငန်းစမ်းသပ်စီမံချက်" တစ်ခု ပြုလုပ်ရန် အကြံပေးသင့်ပါသည်။ သို့မှသာလျှင် လှုပ်ရှားမှုခေါင်းဆောင်များက လေးစားမှုရှိသော၊ လှုပ်ရှားဆောင်ရွက်သူများ၏ အကဲဖြတ်ချက်ကို အခြားခေါင်းဆောင်များ ကြားနိုင်ကြမည် ဖြစ်သည်။ ရိုးရှင်းလှပါသည်။ အကယ်၍ ခေါင်းဆောင်ပိုင်းက အကြမ်းမဖက်လှုပ်ရှားမှုသည် ဖြစ်နိုင်ချေရှိသော ရွေးချယ်မှုတစ်ခုဖြစ်သည်ဟူ၍၊ လက်မခံပါက၊ ထိုလှုပ်ရှားမှုသည် ၎င်း၏ ရည်မှန်းချက်များ အထမြောက်အောင်မြင်စေရန်၊ လိုအပ်ချက်များဖြစ်သော ငွေကြေးဆိုင်ရာနှင့် အရည်အချင်းရှိသော လူပုဂ္ဂိုလ်များ၊ စသည့် အရင်းအမြစ်များ ရရှိလိမ့်မည် မဟုတ်ပေ။

အတိုက်အခံခေါင်းဆောင်များက အသိအမှတ်မပြုခင် အချိန်တွင်ပင်လျှင်၊ အာဏာရှင်အစိုးရများသည် အကြမ်းမဖက်လှုပ်ရှားမှု၏ ကိုင်လှုပ်နိုင်သော ခြိမ်းခြောက်မှုအန္တရာယ် အတိုင်းအတာကို အသိအမှတ်ပြုထားကြပါသည်။ ပထမဦးပိုင်း ကေဒါများအတွက် သင်တန်းပေးခြင်းကို လူသိရှင်ကြား ထုတ်ဖော်ခြင်းမပြုရန် သတိထားရလိမ့်မည်။ သင်တန်းနည်းပြများသည် သင်တန်းလာရောက်တက်သော သင်တန်းသားများအားလုံး၏ အမည်ကို သိရန် မလိုအပ်ပါ။ ၎င်းအစား၊ အချို့အခြေအနေများတွင် သင်တန်းကိုရောက်ရှိသည်နှင့် 'အမည်ဝှက်'များသာ ဖော်ပြ၍မိတ်ဆက်စေသင့်သည်။ အမည်ရင်းများကို သင်တန်းနည်းပြများက မသိနိုင်ပေ။ သို့မဟုတ် ယခင်က မဆုံခဲ့ဖူးကြသော ကျောင်းသားများအချင်းချင်းလည်း ခြေရာကောက်၍ ရနိုင်တော့မည် မဟုတ်ပေ။ [၉၂]

အခြေအနေခွင့်ပြုပါက၊ သင်တန်းဆရာများနှင့် အကြံပေးသူများသည်၊ သင်တန်းသားအုပ်စုနှင့် အတူတကွနေထိုင်စေသင့်ပါသည်။ သို့မှသာ သင်တန်းခန်းမအပြင်ဖက်၊ အားလပ်ချိန်များတွင် လူမှုရေးအရ ပေါင်းသင်းထိတွေ့မှုများ ပြုလုပ်နိုင်မည် ဖြစ်သည်။ တနည်း

[၉၂] စာရေးသူက အဝေးမြေတစ်နေရာတွင် ဆောင်ရွက်ခဲ့ဖူးသောသင်တန်းများမှ၊ ကျောင်းသားများ၏ အမည်များကို မှတ်တမိနေပါသေးသည်။ သို့သော် 'အိုသဲလို'၊ 'ဘရိုက်'၊ 'ဖူးလူး'၊ 'ရိုမီယို'၊ 'ဂျွန် ကနေဒီ' စသဖြင့်သာ နာမည်ဝှက်များဖြင့် မှတ်မိနေခြင်း ဖြစ်ပါသည်။ ဤအချက်နှင့် မဆိုင်ပဲ၊ ထိုနေရာတွင် 'မြွေသတ်သမား' တစ်ဦးလည်း ရှိပါသေးသည်။ သူ၏ မှတ်တမ်းအရ၊ တစ်နေ့တည်းတွင် မြွေ (၆) ကောင် သတ်ခဲ့ပါသည်။

ဆိုရသော်၊ သင်တန်းဆရာများကို အလွယ်တကူ ချည်းကပ်နိုင်သည်။ တစ်ခါတရံတွင် အသိပညာဖလှယ်ခြင်းသည် “အလုပ်နားချိန်” အတွင်း၌ ပို၍ ထိရောက်မှု ရှိတတ်ပါသည်။

# အခြား နောက်ဆုံး စဉ်းစားရမည့်အချက်များ

မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုတစ်ခုကို ဆင်နွဲရန်ကိစ္စနှင့်၊ ၎င်းကို အကောင်အထည်ဖော်ဆောင်မှု နောက်ကွယ်တွင် ဖြစ် ပေါ်လာသော လူထုအာဏာ သီအိုရီများကို၊ သီးသန့် လက်ရွေးစင် လူတစ်စုအတွက်သာဟု ကျဉ်းမြောင်းစွာ မစဉ်းစားသင့်ပါ။ မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုကို၊ အစိုးရ၏ ဖိနှိပ်မှုထွန်တုံးအောက်မှ လွတ်မြောက်လိုသူ အားလုံးက အသုံးချနိုင် သော၊ နားလည်နိုင်သော ဘာသာရပ်တစ်ခုအဖြစ် အသိအမှတ် ပြုရပါလိမ့်မည်။ အာဏာရှင်မှ ၎င်းတို့ကို ဖိနှိပ်ရာတွင် အသုံးပြု ထားသော အာဏာအရင်းအမြစ်အားလုံးကို၊ ပြည်သူများက ပိုင်ဆိုင်ထားသည်ကို၊ ပြည်သူများက ရှင်းရှင်းလင်းလင်း သိမြင် သဘောပေါက်ထားရန် လိုအပ်ပါသည်။ ထိုပြည်သူများကပင် စုပေါင်းညီညာစွာဖြင့် အုပ်ချုပ်သူများထံသို့ပေးအပ်နေသော အာဏာ အရင်းအမြစ်များကို ဖြတ်တောက်နိုင်ပြီး၊ လွတ်မြောက်ရေးကို ဖော်ဆောင်နိုင်ကြမည် ဖြစ်သည်။

ယခုစာအုပ်၏ ပင်မရည်ရွယ်ချက်မှာ၊ စာဖတ်သူများအား မဟာဗျူဟာမြောက် အကြမ်းမဖက်လှုပ်ရှားမှုအခြေခံ သဘောတရားနှင့် ၎င်းတို့ကို လက်တွေ့ကျင့်သုံးပုံများကို အကျဉ်းချုပ်ဆွေးနွေးတွင် မိတ်ဆက်တင်ပြနိုင်ရန် ဖြစ်ပါသည်။ အတိအကျလိုက်နာရန် လမ်း ညွှန်မျိုး မဟုတ်ပါ။ သို့သော် ဖိနှိပ်မှုများကို အဆုံးသတ်စေနိုင်ရန်၊ ရောမအင်အားကြီးမားလှသော ပြည်သူလူထု၏အာဏာကို မည် ကဲ့သို့ ထိန်းကျောင်းအသုံးချနိုင်မည်ဟူသော စဉ်းစားသော ချဉ်းကပ်မှုတစ်ခုဆိုလျှင် ပို၍ မှန်ကန်ပါသည်။ လက်နက်ကိုင်တိုက်ပွဲနှင့် လက်နက်မဲ့တိုက်ပွဲအကြား တူညီချက်များရှိနေသည်ကို တွေ့ခဲ့ကြရပါသည်။ သို့သော် ရည်ရွယ်ချက်ရှိရှိဖြင့် အာရုံပိုစိုက်ထားသော အပိုင်းမှာ၊ လုံးဝလက်မခံနိုင်စရာ တူညီမှုတစ်ခု ဖြစ်ကောင်းဖြစ်နိုင်သော၊ ဆုံးဖြတ်ချက်ချသောအပိုင်းနှင့် စီမံကိန်းရေးဆွဲသောအပိုင်း တွင် စနစ်တကျချဉ်းကပ်မှုများကို ချမှတ်ကျင့်သုံးရန်ပင် ဖြစ်ပါသည်။ သင့်လျော်ကောင်းမွန်သော မဟာဗျူဟာတစ်ခုသည် လှုပ်ရှား မှုတစ်ခုအတွက် ရည်မှန်းချက်များ ထမြောက်အောင်မြင်စေရန်၊ ဦးတည်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စများကို ဖော် ထုတ်ပေးပြီး၊ အခွင့်အလမ်းအသစ်များ၊ သို့မဟုတ်၊ စိန်ခေါ်မှုအသစ်များကို ကျော်လွှားနိုင်ရန်အတွက် အစီအစဉ်များကို ထိန်းညှိရာ တွင်လည်း ပြုလွယ်ပြင်လွယ်မှုကို ဖြစ်စေပါသည်။ လက်ငင်းအခြေအနေပေါ်တွင်မူတည်၍၊ ကြိုတင်ပြင်ဆင်ထားသော အစီအစဉ်တွင်၊ အပြောင်းအလဲများ လုပ်ရန်လိုအပ်နေသောအခြေအနေတွင်၊ မူလ အစီအစဉ်အတိုင်း အထက်ကညွှန်ကြားချက်ကို လိုက်နာရမည် ဟူသော အမိန့်ပေးမှုသည် မှားယွင်းပါသည်။ ဤသို့ ပြောင်းလဲလုပ်ဆောင်ရန်မှာ သဘာဝကျပါသည်။ သို့သော် သင့်လျော်ကောင်း မွန်သော မဟာဗျူဟာ၊ အမျှော်အမြင်ကြီးမားသော စီမံကိန်းတစ်ရပ်နှင့် ခိုင်မာသော ခေါင်းဆောင်မှုသည် အကြမ်းမဖက်လှုပ်ရှားမှု တစ်ခုကို၊ ထိုကဲ့သို့သော ထိန်းညှိမှုများ လျင်လျင်မြန်မြန် ဆောင်ရွက်စေနိုင်ပြီး၊ တစ်ဖက်ရန်သူကိုလည်း ကိုယ့်အလိုကျစစ်မြေပြင်၊ တိုက်နည်းဖြင့် ရွေးချယ်တိုက်နိုင်စေပါသည်။ ထိုကဲ့သို့သော ခေါင်းဆောင်မှုနှင့် မဟာဗျူဟာသည်၊ မည်သို့သော အကြမ်းမဖက်လှုပ် ရှားမှုမျိုးတွင်မဆို၊ တမူထူးခြားသောရလဒ်များထွက်ပေါ်စေအောင်၊ ဆုံးဖြတ်ဆောင်ရွက်နိုင်ပါသည်။

နောက်ဆက်တွဲ
အခန်း ၁

# အကြမ်းမဖက်လှုပ်ရှားမှုမှ အရေးပါသော၊ စကားလုံးများ၏ ခက်ဆစ်အနက်အဓိပ္ပါယ်

## Accomodation

လိုက်လျောစေ့စပ်ခြင်း။ ။ အကြမ်းမဖက်လှုပ်ရှားမှု၏ ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစဉ် ယန္တရားတစ်ခု ဖြစ်သည်။ ဆန့်ကျင်ဖက်အင်အားစုများက ပြဿနာကိုဖြေရှင်းကြရာတွင်၊ အကြမ်းမဖက်ခုခံသူများ၏ တောင်းဆိုမှု တစ်စုံတရာကို လက်ခံ လိုက်လျောရန်၊ အပေးအယူပြုလုပ်ရန် ၎င်းတို့၌ ရွေးချယ်နိုင်ခွင့် ရှိနေသေးသောအချိန်တွင်၊ ဖြေရှင်းပုံဖြစ်သည်။ ဆန့်ကျင်ဖက်အင်အားစုများ အနေဖြင့်၊ ၎င်းတို့၏ အမြင်ကို ပြောင်းလဲခြင်းမရှိပဲ၊ သို့မဟုတ် အကြမ်းမဖက်သောနည်းများဖြင့် အကျပ်ကိုင်ဖိအားပေးခြင်းခံမနေရသည့် အချိန်တွင်လည်း လိုက်လျောစေ့စပ်ခြင်း ဖြစ်ပေါ်တတ်သည်။ သို့သော် ၎င်းတို့က အပေးအယူပြု၍ ဖြေရှင်းခြင်းသည်၊ လိုလားသည့် ရလာဒ်ဖြစ်ပေါ်နိုင်သည်ဟု ဆုံးဖြတ်သည့်အချိန်တွင် လိုက်လျောစေ့စပ်ခြင်း ဖြစ်ပေါ်နိုင်သည်။ လိုက်လျောစေ့စပ်ခြင်းသည် ဩဇာတစ်စုံတရာကြောင့်ဖြစ်နိုင်ပြီး၊ အကယ်၍ ဆက်လက်ပြောင်းလဲပါက၊ စိတ်ပြောင်းလာ၍ ပြောင်းလဲမှု၊ အကြမ်းမဖက်နည်းအရ အကျပ်ကိုင်ဖိအားပေးခြင်း၊ သို့မဟုတ် ဆန့်ကျင်ဖက်အင်အားစုများ၏ စနစ်ဆိုင်ရာ၊ သို့မဟုတ် အစိုးရကို ပြိုကွဲစေခြင်းများကိုလည်း၊ ဦးတည်ကောင်းဦးတည်လာနိုင်စေသည်။

## Authority

ဩဇာအာဏာ။ ။ လူပုဂ္ဂိုလ်အချို့၊ သို့မဟုတ် အဖွဲ့အစည်းများ၏ တရားမျှတမှုဆိုင်ရာဆုံးဖြတ်ချက်များ၊ ဆုံးဖြတ်ချက်များ၊ အကြံပြုချက်များနှင့် အမိန့်ပေးမှုများနှင့်ဆိုင်သည့် အရည်အသွေးဖြစ်သည်။ အခြားသူများက အခွင့်အရေးတစ်ခုကဲ့သို့ ဆန္ဒအလျောက် ဤသို့အရည်အသွေးတည်ရှိနေသည်ကို လက်ခံကြပြီး၊ နာခံမှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ပေါ်စေအောင် ဆောင်ရွက်ပေးကြသည်။ အာဏာရှိခြင်းသည် နိုင်ငံရေးအာဏာ၏ အဓိက အရင်းအမြစ်တစ်ခုဖြစ်သည်။ သို့သော်လည်း၊ တထပ်တည်း မကျပေ။

## Boycott

သပိတ်မှောက်ခြင်း။ ။ လူမှုရေးအရသော်လည်းကောင်း၊ စီးပွါးရေးအရသော်လည်းကောင်း၊ သို့မဟုတ် နိုင်ငံရေးအရသော်လည်းကောင်း ပူပေါင်းဆောင်ရွက်မှု မပြုခြင်း၊

## Civic abstention

နိုင်ငံသားများက မဲမပေးခြင်း။ ။ နိုင်ငံရေးအရ ပူပေါင်းဆောင်ရွက်မှု မပြုသော လုပ်ရပ်များကဲ့သို့၊ အဓိပ္ပါယ်တူစကားရပ်ဖြစ်သည်။

## Civic action

နိုင်ငံသားများ၏ လှုပ်ရှားမှု။ ။ နိုင်ငံရေးရည်မှန်းချက်များအတွက် လုပ်ဆောင်သော အကြမ်းမဖက်လှုပ်ရှားမှုကဲ့သို့သော လှုပ်ရှားမှုများအတွက်၊ အဓိပ္ပါယ်တူစကားရပ် ဖြစ်သည်။

## Civic defiance

နိုင်ငံသားများ၏ အာဏာဖီဆန်မှု။ ။ နိုင်ငံရေးရည်မှန်းချက်များအတွက်လုပ်ဆောင်သော၊ အကြမ်းမဖက်ဆန္ဒပြခြင်း၊ ခုခံခြင်း၊ သို့မဟုတ် ဝင်ရောက်စွက်ဖက်ခြင်းတို့ကဲ့သို့သော တက်ကြွစွာဆောင်ရွက်ကြသည့် လှုပ်ရှားမှုဖြစ်သည်။

## Civic resistance

နိုင်ငံသားများ၏ ခုခံမှု။ ။ နိုင်ငံရေးရည်မှန်းချက်များအတွက် ဆောင်ရွက်သောအကြမ်းမဖက်သည့်တော်လှန်ရေးနှင့် အလားတူစကားရပ်ဖြစ်သည်။

## Civic strike

နိုင်ငံသားများ၏ သပိတ်။ ။ နိုင်ငံရေးအကြောင်းပြချက်အရ စီးပွါးရေးရပ်ဆိုင်းခြင်းကဲ့သို့သော လှုပ်ရှားမှုဖြစ်သည်။ ဤလှုပ်ရှားမှုတွင် အလုပ်သမားများသပိတ်တွင် ပါဝင်ဆင်နွှဲသည်သာမက၊ ကျောင်းသားများ၊ ပညာရှင်များ၊ ဈေးသည်များ၊ ဝန်ထမ်းများ (အစိုးရဝန်ထမ်းများ အပါအဝင်) နှင့် လူ့အဖွဲ့အစည်းအထက်လွှာများပါ ပါဝင်နိုင်သည်။

## Civil disobedience

လူထုအာဏာဖီဆန်မှု။ ။ ဥပဒေများ၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များ၊ စည်းမျဉ်းစည်းကမ်းများ၊ စစ်တပ် သို့မဟုတ် ရဲတပ်ဖွဲ့များကပေးသော အမိန့်များနှင့် အလားတူကိစ္စများကို၊ ငြိမ်းချမ်းသောနည်းဖြင့် ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ခြင်းဖြစ်သည်။ ယင်းဥပဒေများသည် ပုံမှန်အားဖြင့် ကျင့်ဝတ်နှင့်မကိုက်ညီသော၊ တရားမျှတမှုမရှိသော၊ သို့မဟုတ် ဖိနှိပ်သောအရာများအဖြစ် သတ်မှတ်ထားကြသည့် ဥပဒေများဖြစ်သည်။ သို့သော် တစ်ခါတရံတွင်၊ ပိုမိုကျယ်ပြန့်သော အစိုးရ၏မူဝါဒများကို ကန့်ကွက်ကြောင်းပြသသည့်အနေဖြင့်၊ ယေဘုယျအားဖြင့် စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာဥပဒေများ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာအရ သင့်တင့်မျှတသောဥပဒေများကိုလည်း၊ သင်္ကေတသဘောဆောင်၍ မနာခံငြင်းပယ်ခြင်း ပြုကြသည်။

## Conversion

စိတ်ပြောင်းလဲမှု။ ။ အကြမ်းမဖက်လှုပ်ရှားမှု ဆင်နွှဲနေသောသူများအပေါ်၊ ဆန့်ကျင်ဖက်အင်အားစုများက သဘောထားအမြင်ပြောင်းလဲလာခြင်း ဖြစ်သည်။ ၎င်းတို့က အကြမ်းမဖက်ရေးလှုပ်ရှားသူ အုပ်စုများ၏ ရည်မှန်းချက်များကို လက်ခံသင့်သည်ဟု ယုံကြည်လာကြခြင်း ဖြစ်သည်။ ဤအချက်သည် အကြမ်းမဖက်လှုပ်ရှားမှု၏ ပြောင်းလဲခြင်းနည်းနာ (၄) ခုအထဲမှ တစ်ခုဖြစ်သည်။

## Disintegration

ပြိုကွဲခြင်း။ ။ အကြမ်းမဖက်လှုပ်ရှားမှု၏ (၄) ခုသော၊ ပြောင်းလဲခြင်းနည်းနာအနက် တစ်ခုဖြစ်သည်။ ဆန့်ကျင်ဖက်အင်အားစုသည် အကျပ်ကိုင် ဖိအားပေးခြင်း ခံနေရရုံသက်သက်မဟုတ်ပဲ၊ ၎င်းတို့၏ စနစ် သို့မဟုတ် အစိုးရသည်လည်း၊ လူအများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုမပြုလုပ်ခြင်း၊ အာခံခြင်းတို့ကြောင့် တစစီပြိုကွဲ ပျက်စီးသွားစေခြင်း ဖြစ်သည်။ အာဏာအရင်းအမြစ်များကို မပူးပေါင်းမဆောင်ရွက်ခြင်းနည်းဖြင့် ကန့်သတ်ပိတ်ဆို့ထားလိုက်ပြီး၊ အမြင့်ဆုံးအခြေအနေတွင် ဆန့်ကျင်ဖက်အင်အားစု၏ စနစ် သို့မဟုတ် အစိုးရကိုလည်း ပြိုလဲသွားစေတော့သည်။

## Economic shut-down

စီးပွါးရေးအရ ရပ်ဆိုင်းထားခြင်း။ ။ မြို့တစ်မြို့၊ ဒေသတစ်ခု နှင့် တိုင်းပြည်တစ်ခုအတွင်း စီးပွါးရေးအရ လုပ်ဆောင်ချက်များ၊ လုံလောက်သောအတိုင်းအတာတစ်ခုအထိ အကျောသေရပ်ဆိုင်းသွားစေရန်၊ စီးပွါးရေးအရလုပ်ငန်းများ ဆိုင်းငံ့ပိတ်ထားခြင်း ဖြစ်သည်။ ဤသို့သော လှုပ်ရှားမှုကို နိုင်ငံရေးရည်ရွယ်ချက်အတွက် ဆောင်ရွက်လေ့ရှိသည်။

ဤရလာဒ်မျိုးကို အလုပ်သမားများ၏ အထွေထွေသပိတ်များကြောင့် ဖြစ်ပေါ်စေနိုင်ပြီး၊ စီမံခန့်ခွဲမှု၊ စီးပွါးရေးနှင့် ကူးသန်းရောင်းဝယ်ရေးအဖွဲ့အစည်းများ၊ ဈေးဆိုင်ငယ်များက ၎င်းတို့၏ လုပ်ငန်းများကို ပိတ်ထားနိုင်သည်။ စီးပွါးရေးဆောင်ရွက်ချက်များကို ရပ်ဆိုင်းထားနိုင်သည်။

## Freedom (political)

လွတ်လပ်မှု (နိုင်ငံရေးအရ)။ ။ လူတစ်ဦးချင်းအရသော်လည်းကောင်း၊ အုပ်စုတစ်စုချင်းအရသော်လည်းကောင်း၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံရေးစနစ်၏ လုပ်ဆောင်ချက်များအပေါ် ဆုံးဖြတ်ချက်ချရာ၌ ပါဝင်လာနိုင်စေရန်၊ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်နှင့် လုပ်ဆောင်နိုင်ခွင့်ကို ခွင့်ပြုသော နိုင်ငံရေးအခြေအနေတစ်ခု ဖြစ်သည်။

## Grand Strategy

အဂ္ဂဗျူဟာ။ ။ ပဋိပက္ခတစ်ခုအတွင်း၊ ရွေးချယ်ထားသော လှုပ်ရှားမှုများဖြင့်၊ ရည်မှန်းချက်ကို မည်ကဲ့သို့ အရယူမည်ဟူသော ကျယ်ပြန့်သည့် သဘောတရားပင် ဖြစ်သည်။ ဤအဂ္ဂမဟာဗျူဟာက၊ ပဋိပက္ခတစ်ခုအတွင်း ရည်မှန်းချက်များကို အောင်မြင်စေရန် အဖွဲ့အစည်း၏ သင့်လျော်သော၊ အဆင့်သင့်ရရှိနိုင်သော အရင်းအမြစ်များအားလုံး (လူသား၊ နိုင်ငံရေး၊ စီးပွါးရေး၊ ကျင့်ဝတ်ရေးရာ၊ စသည်ဖြင့်) ကို ပူးပေါင်းဆက်စပ်၊ ထိန်းညှိကွပ်ကဲခြင်းကို လုပ်ဆောင်သည်။ လှုပ်ရှားမှုကြီးတစ်ခုလုံး အောင်မြင်စေရန်အတွက်၊ လက်အောက်ခံအဆင့်များ၌၊ အဂ္ဂဗျူဟာအတွင်း၊ လျော်ကန်သောရည်ရွယ်ချက်များ အတွက် အကန့်အသတ်ဖြင့်အသီးသီးသော မဟာဗျူဟာများကို ထည့်သွင်းအသုံးပြုနိုင်သည်။

## Grievance group

နစ်နာရသောအုပ်စု။ ။ ယေဘုယျပြည်သူလူထု၏အုပ်စုများဖြစ်ပြီး၊ ၎င်းတို့၏ နစ်နာချက်များကို ပဋိပက္ခတစ်ခုအတွင်း၊ ပြဿနာများအဖြစ် အသုံးပြုနိုင်ပြီး၊ အကြမ်းမဖက်ရေးလှုပ်ရှားသူများက ကျွမ်းကျင်လိမ်မာစွာ တိုက်ပွဲအတွက် အသုံးပြုနိုင်သည်။

## Human Resources

လူသားအရင်းအမြစ်။ ။ ဤနေရာတွင် ၎င်းစကားရပ်သည်၊ “ အုပ်စိုးသူ ” (နိုင်ငံတော်အာဏာကို ထိန်းချုပ်ညွှန်ကြားနေသော အုပ်စု) များကို နာခံနေသော လူပုဂ္ဂိုလ်များနှင့် အုပ်စုများ အရေအတွက်ကို ဆိုလိုခြင်းဖြစ်သည်။ ထိုသူများသည် အုပ်စိုးသူတို့၏ ဆန္ဒများ အကောင်အထည်ပေါ်ရန်အတွက်၊ ပူပေါင်းပါဝင်ခြင်း၊ အထောက်အကူပြုခြင်းများ ပြုလုပ်ပေးကြသည်။ ယေဘုယျ ပြည်သူလူထုအတွင်း၊ ထိုကဲ့သို့သော လူဦးရေနှင့် အုပ်စုများ၏ အချိုးအစားလည်း ပါဝင်သည်။ ထို့အပြင် ၎င်းတို့အဖွဲ့အစည်းများ၏ အတိုင်းအဆ၊ ဖွဲ့စည်းထားပုံ၊ ၎င်းတို့၏လွတ်လပ်တည်ရှိနေမှုလည်း ပါဝင်သည်။ အုပ်စိုးသူ၏ အာဏာသည် ထိုကဲ့သို့သော လူသားအရင်းအမြစ်များ၏ လက်ဝယ်ရရှိနေမှုနှင့် သက်ဆိုင်နေသည်။ ဤအချက်သည် နိုင်ငံရေးအာဏာ အရင်းအမြစ်များအထဲမှ တစ်ခုဖြစ်သည်။

## Material Resources

ရုပ်ဝတ္ထုအရင်းအမြစ်။ ။ ဤအချက်သည်လည်း နိုင်ငံရေးအာဏာ အရင်းအမြစ်များအထဲမှ အချက်တစ်ချက်ဖြစ်သည်။ ၎င်းဝေါဟာရသည် ပိုင်ဆိုင်မှု၊ သဘာဝအရင်းအမြစ်များ၊ ငွေကြေးဆိုင်ရာ အရင်းအမြစ်များ၊ စီးပွါးရေးစနစ်၊ ဆက်သွယ်ရေးလမ်းကြောင်းများနှင့် လမ်းပန်းဆက်သွယ်ရေးစနစ်များကိုလည်း ရည်ညွှန်းသည်။ အုပ်စိုးသူ ထိန်းချုပ်နိုင်ခြင်း၊ မထိန်းချုပ်နိုင်ခြင်း အတိုင်းအတာကို ဖေါ်ပြနေပြီး၊ အုပ်စိုးသူအာဏာ၏ ပမာဏ သို့မဟုတ် အကန့်အသတ်ကို ဆုံးဖြတ်ပေးသည်။

## Mechanisms of Change

ပြောင်းလဲခြင်း ဖြစ်စဉ်ယန္တရား။ ။ အောင်မြင်သော အကြမ်းမဖက်လှုပ်ရှားမှုဖြစ်ရပ်များမှ၊ အပြောင်းအလဲကို ဖြစ်ပေါ်စေခဲ့သော ပြောင်းလဲပုံ ဖြစ်စဉ်များဖြစ်သည်။ ဤသို့ပြောင်းလဲခြင်းဖြစ်စဉ်ယန္တရား (၄) ခုမှာ စိတ်ပြောင်းလဲခြင်း၊ လိုက်လျောစေ့စပ်ခြင်း၊ အကြမ်းမဲ့ အကျပ်ကိုင်ဖိအားပေးခြင်း နှင့် ပြိုကွဲခြင်းတို့ဖြစ်သည်။

## Methods

နည်းနာများ။ ။ အကြမ်းမဖက်လှုပ်ရှားမှု၏ နည်းလမ်းများအတွင်းမှ၊ အတိအကျ လှုပ်ရှားဆောင်ရွက်မှုများ ဖြစ်သည်။ ယခုအချိန်ထိ နည်းနာပေါင်း (၂၀၀) နီးပါးကို သတ်မှတ်ဖော်ထုတ်နိုင်ခဲ့ပြီး ဖြစ်သည်။ အဓိက အမျိုးအစား (၃) ခု ခွဲခြားနိုင်သည်။ ၎င်းတို့မှာ– အကြမ်းမဖက်ဆန္ဒပြခြင်းနှင့် ဆွဲဆောင်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုမပြုခြင်း (လူမှုရေး၊ စီးပွါးရေးနှင့် နိုင်ငံရေးကိစ္စများတွင်)၊ နှင့် အကြမ်းမဖက် ဝင်ရောက်စွက်ဖက်ခြင်တို့ ဖြစ်သည်။

## Noncooperation

ပူးပေါင်းဆောင်ရွက်မှုမပြုလုပ်ခြင်း။ ။ အကြမ်းမဖက်လှုပ်ရှားမှု၏ နည်းနာများ၊ အများစုတွင် ပါဝင်ပြီး၊ မိမိထောက်ခံမှုမရှိသော လူပုဂ္ဂိုလ်၊ လုပ်ဆောင်ချက်များ၊ အဖွဲ့အစည်းများ၊ သို့မဟုတ် အစိုးရများကို၊ တမင်တကာ ရည်ရွယ်ချက်ရှိရှိ ကန့်သတ်ချက်များ ပြုလုပ်ခြင်း၊ အဆက်အဆံ ဖြတ်တောက်ခြင်းနှင့် လူမှုရေး၊ စီးပွါးရေး သို့မဟုတ် နိုင်ငံရေးအရ ပူပေါင်းဆောင်ရွက်မှုများ (အားလုံးကို ရောနှော၍လည်း အသုံးပြုနိုင်သည်။) များကို ရပ်ဆိုင်းထားခြင်း စသည်တို့ပါဝင်သည်။

ပူးပေါင်းဆောင်ရွက်မှု မပြုလုပ်ခြင်းကို၊ နောက်ထပ်အမျိုးအစားငယ် (၃) ခု ခွဲခြားဖော်ပြနိုင်ပြီး၊ လူမှုရေးအရ ပူပေါင်းဆောင်ရွက်မှု မပြုလုပ်ခြင်း၊ စီးပွါးရေးအရ ပူးပေါင်းဆောင်ရွက်မှုမပြုလုပ်ခြင်း (စီးပွါးရေးသပိတ် နှင့် အလုပ်သမားသပိတ်များ) နှင့် နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှု မပြုလုပ်ခြင်း စသည်တို့ ပါဝင်သည်။

## Nonviolence (religious or ethical)

(ဘာသာရေးအရ သို့မဟုတ် ကျင့်ဝတ်ရေးရာအရ) အကြမ်းမဖက်မှု။ ။ ဘာသာရေးအရ သို့မဟုတ်၊ ကျင့်ဝတ်ရေးရာအခြေခံများအရ၊ အကြမ်းဖက်လုပ်ဆောင်မှုများကို တားမြစ်ပိတ်ပင်သော၊ ယုံကြည်ကိုးကွယ်မှုနှင့် ပြုမူကျင့်ကြံပုံအချို့ ရှိကြသည်။ အချို့သော ကိုးကွယ်ယုံကြည်မှု စနစ်များတွင်၊ ရုပ်ပိုင်းဆိုင်ရာအရ အကြမ်းဖက်မှုကိုသာမက၊ ရန်လိုသော စဉ်းစားကြံဆချက်နှင့် စကားလုံးများကိုပင် တားမြစ်ထားကြသည်။ အချို့ကိုးကွယ်ယုံကြည်ရာစနစ်များက ဆန့်ကျင်ဖက်အင်အားစုအပေါ်တွင် အကောင်းမြင်မေတ္တာထားရမည့် သဘောထားများ၊ အပြုအမူများ ထားရှိစေရန် သွန်သင်ကြပြီး၊ ရန်သူ (သို့မဟုတ်) ဆန့်ကျင်ဖက်ဟူသော အယူအဆကိုပင် ငြင်းပယ်ကြသည်။ ထိုကဲ့သို့သော ယုံကြည်သူများသည် လက်တွေ့ကျသော အကြောင်းအချက်များအတွက်၊ ပြည်သူများပါဝင်နေသော အကြမ်းမဖက်လှုပ်ရှားမှုတွင် ရံဖန်ရံခါ ပါဝင်လာနိုင်သည်။ သို့မဟုတ် မပါဝင်ပဲလည်း နေနိုင်သည်။

## Nonviolent action

အကြမ်းမဖက် လှုပ်ရှားမှု။ ။ ရုပ်ပိုင်းဆိုင်ရာ အကြမ်းမဖက်မှုမပါပဲ၊ ဆန္ဒပြပွဲများ၊ ခုခံတွန်းလှန်မှုများ၊ ကြားဝင်စွက်ဖက်မှုများကို ဆောင်ရွက်ကြသော ယေဘုယျနည်းနာတစ်ခု ဖြစ်သည်။ ဤကဲ့သို့သော လှုပ်ရှားမှုများတွင်၊

(က) ပယ်ချခြင်း – ဆိုလိုသည်မှာ လှုပ် ရှားသူများက ၎င်းတို့ အစဉ်အမြဲပြုလုပ်နေသော၊ လုပ်ဆောင်ချက်များကို ပြုလုပ်ရန် ငြင်းဆိုခြင်း၊ ဓလေ့ထုံးတန်းအရ ပြုလုပ်ရန် ရှိ သည်များကို မပြုလုပ်ခြင်း၊ သို့မဟုတ် ဥပဒေအရ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်းအရ လိုက်နာရန်လိုအပ်သည်များကို ငြင်းဆန်ခြင်း။ သို့မဟုတ်၊

(ခ) အခွင့်အာဏာရယူခြင်း – ဆိုလိုသည်မှာ လှုပ်ရှားသူများက ၎င်းတို့ အစဉ်အမြဲပြုလုပ်ခြင်းမရှိသော လုပ်ဆောင်ချက်များကို ပြုလုပ်ခြင်း၊ ဓလေ့ထုံးတန်းအရ မပြုလုပ်ရသည်များကို ပြုလုပ်ခြင်း၊ သို့မဟုတ် ဥပဒေအရ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်းအရ တားမြစ်ထားသည်များကို လုပ်ဆောင်ခြင်း၊ သို့မဟုတ်၊

(ဂ) ထိုအရာကိစ္စနှစ်ခုစလုံး ရောနှောအသုံးပြုခြင်း။ စသည်တို့ ပါဝင်သည်။

ဤနည်းစနစ်များတွင်၊ အသေးစိတ်လုပ်ဆောင်ကျရသော နည်းနာအများအပြား ပါဝင်ပြီး၊ အကြမ်းမဖက်ဆန္ဒပြခြင်းနှင့် ဆွဲဆောင်စည်းရုံးခြင်း၊ ပူးပေါင်းဆောင်ရွက်မှုမပြုလုပ်ခြင်း (လူမှုရေး၊ စီးပွါးရေးနှင့် နိုင်ငံရေးအရ) နှင့်၊ အကြမ်းမဖက်ဝင်ရောက်စွက်ဖက်ခြင်း နည်းနာများ ပါဝင်သည်။

## Nonviolent Coercion
အကြမ်းမဖက် ဖိအားပေးခြင်း။ ။ အကြမ်းမဖက်လှုပ်ရှားမှုအတွင်း၊ အပြောင်းအလဲဖြစ်ပေါ်စေသော ဖြစ်စဉ် ယန္တယားတစ်ခု ဖြစ်သည်။ ဤအပြောင်းအလဲဖြစ်စဉ်ကို၊ ကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုများ မပြုလုပ်ခြင်း၊ အာခံခြင်းတို့ဖြင့်၊ အခြေအနေကိုထိရောက်စွာ ထိန်းချုပ်ထားနိုင်ပြီး၊ ဆန့်ကျင်ဖက်အင်အားစု၏ ဆန္ဒမပါရှိပဲ၊ မိမိတောင်းဆိုမှုများကို အောင်မြင်စွာ ရယူခြင်းပင် ဖြစ်သည်။ သို့သော်လည်း ဆန့်ကျင်ဖက်အင်အားစုများသည်၊ ၎င်းတို့၏ တရားဝင်ရာထူးဌာနများတွင်သာ ဆက်လက်ရှိနေဆဲဖြစ်ပြီး၊ ၎င်းတို့၏ စနစ်သည်လည်း ပြိုကွဲမှု မဖြစ်ပေါ်သေးပေ။

## Nonviolent insurrection
အကြမ်းမဖက်ပုန်ကန်မှု။ ။ တည်ရှိနေဆဲ ဖိနှိပ်အုပ်စိုးနေသည်ဟု ယူဆနိုင်သည့် အစိုးရတစ်ရပ်ကို၊ လူအများက ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်မှု မပြုလုပ်ခြင်းနှင့် အာဏာဖီဆန်ခြင်းတို့ဖြင့်၊ တခဲနက် နိုင်ငံရေးအရဆန့်ကျင်အုံကြွမှု၊ ဖြစ်သည်။

## Nonviolent intervention
အကြမ်းမဖက် ကြားဝင်ဆောင်ရွက်မှု။ ။ အကြမ်းမဖက်လှုပ်ရှားမှု၏ နည်းနာများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နေသည့် အမျိုးအစားတစ်ခုဖြစ်သည်။ ဤနည်းလမ်းများဖြင့် ပဋိပက္ခဖြစ်နေသော အခြေအနေတွင်၊ ဆန့်ကျင်ဖက်အင်အားစုများ၏ စနစ်လည်ပတ်မှုအတွင်း၊ လှုပ်ရှားမှုများအတွင်း၊ အကြမ်းမဖက် တိုက်ရိုက်ဝင်ရောက်စွက်ဖက်ခြင်း ဖြစ်သည်။ ဤနည်းလမ်းသည် သင်္ကေတသဘောဆောင်သော ဆန္ဒပြမှု၊ ပူးပေါင်းဆောင်ရွက်မှု မပြုလုပ်ခြင်း၊ ပုံစံ (၂) ခုစလုံးနှင့် ခြားနားသော နည်းနာဖြစ်သည်။ အနှောက်ယှက်ပေးသော ကြားဝင်စွက်ဖက်ဆောင်ရွက်ခြင်းတွင်၊ ရုပ်ပိုင်းဆိုင်ရာ (ထိုင်သပိတ်မှောက်ခြင်း) လှုပ်ရှားမှုများပါဝင်နိုင်ပြီး၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွါးရေးဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအရ ဝင်ရောက်စွက်ဖက်ကြခြင်းလည်း ဖြစ်နိုင်သည်။

## Nonviolent protest and persuasion
အကြမ်းမဖက် ဆန္ဒပြခြင်းနှင့် ဆွဲဆောင်ခြင်း။ ။ အကြမ်းမဖက်လှုပ်ရှားမှု၏ နည်းနာများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နေသည့် အမျိုးအစားတစ်ခု ဖြစ်သည်။ ဤနည်းနာများမှာ သင်္ကေတသဘောဆောင်ပြီး၊ ကန့်ကွက်ဆန့်ကျင်သော သဘောထားကိုဖော်ပြသည့်၊ သို့မဟုတ် ဆွဲဆောင်တိုက်တွန်းသည့်၊ (နိုးကြားစေရန် လှုံ့ဆော်မှုများ၊ ချီတက်ပွဲများ၊ စီတန်းလှည့်လည်ပွဲများ) ပါဝင်သည်။ ဤလှုပ်ရှားမှုများသည် နှုတ်အရ အမြင်များကို ထုတ်ဖော်ပြောဆိုခြင်းထက်ပိုပြီး၊ မပူးပေါင်း မဆောင်ရွက်ခြင်း (သပိတ်များ) နှင့် အကြမ်းမဖက် ကြားဝင်စွက်ဖက်ခြင်း (ဥပမာ– ထိုင်သပိတ်) စသည်တို့အထိလည်း မရောက်ပေ။

## Nonviolent struggle
အကြမ်းမဖက် လှုပ်ရှားမှု။ ။ အကြမ်းမဖက်သော်လည်း ပြင်းထန်သော နည်းလမ်း၊ ဆောင်ရွက်ချက်ပုံစံများနှင့် ပဋိပက္ခကို သံန္နိဌာန်ပိုင်းဖြတ် ဆင်နွှဲခြင်း။ အထူးသဖြင့် အကြမ်းဖက်ဖိနှိပ်မှုဖြင့် တုံ့ပြန်လာနိုင်ချေရှိနေသော၊ ခိုင်မာအားကောင်း၍ အရင်းအမြစ်များလည်း ကောင်းမွန်နေသော၊ ဆန့်ကျင်ဖက်အင်အားစုများကို တော်လှန်ရာတွင် အသုံးပြုသည်။

## Nonviolent weapons
အကြမ်းမဖက် လက်နက်များ။ ။ အကြမ်းမဖက်လှုပ်ရှားမှု၏ တိကျသောအသေးစိတ်နည်းနာများ။

## Pillars of support

ဒေါက်တိုင်များ။ ။ ၎င်း၏ အာဏာစွမ်းကို အရှည်သဖြင့် ထိန်းသိမ်းနိုင်ရန်၊ ချဲ့ထွင်နိုင်ရန်အတွက်၊ အာဏာအရင်းအမြစ်များ လိုအပ်နေသော လက်ရှိအစိုးရကို ထောက်ပံ့ပေးသော၊ လူမှုအဖွဲ့အစည်းအတွင်းရှိ အဖွဲ့အစည်းများ၊ အစိတ်အပိုင်းများကို ဆိုလိုခြင်းဖြစ်သည်။

ဥပမာအားဖြင့်– အရေးယူဒဏ်ခတ်မှုကို ထောက်ပံ့အားဖြည့်ပေးသော ရဲတပ်ဖွဲ့၊ အကျဉ်းထောင်များ၊ စစ်တပ်များ၊ အာဏာပိုင်စိုးမှုကို အားဖြည့်ပေးသော ကျင့်ဝတ်ရေးရာနှင့် ဘာသာရေးခေါင်းဆောင်များ (တရားဝင်မှုကို ဖြစ်စေသည်။)၊ စီးပွါးရေးအရင်းအမြစ်များကို ဖြည့်ဆီးပေးသော အလုပ်သမားများ၊ ကုန်သည်များနှင့် ရင်းနှီးမြှုပ်နှံသူများ၊ စသည်တို့နှင့် အာဏာအရင်းအမြစ်အဖြစ် သတ်မှတ်ဖော်ပြနိုင်သော အလားတူ အင်အားစုများ ဖြစ်သည်။

## Political defiance

နိုင်ငံရေးအန်တုမှု။ ။ အာဏာရှင်စနစ်ကို ပြိုလဲကျဆုံးသွားစေပြီး၊ ဒီမိုကရေစီစနစ်သစ်ဖြင့် ပြန်လည် အစားထိုးနိုင်စေရန်အတွက်၊ အကြမ်းမဖက်လှုပ်ရှားမှုကို မဟာဗျူဟာမြောက်အသုံးချမှု ဖြစ်သည်။

တော်လှန်ရေးအင်အားစုများက၊ ပူးပေါင်းဆောင်ရွက်မှု မပြုလုပ်ခြင်းနှင့် အာဏာဖီဆန်ခြင်းများဖြင့်၊ အဖိနှိပ်ခံ ပြည်သူလူထု၏ အာဏာကို ပြန်လည်အားကောင်းဖွံ့ဖြိုးလာစေရန် လှုံ့ဆော်ပေးပြီး၊ အာဏာရှင်စနစ်၏ အာဏာအရင်းအမြစ်များကို ဖြတ်တောက်ပစ်ရန်နှင့် ကန့်သတ်ထိန်းချုပ်ရန်အတွက် ရည်ရွယ်သည်။ ဤသို့အာဏာ၏ အရင်းအမြစ်များကို အုပ်စုများ၊ အဖွဲ့အစည်းများက ထောက်ပံ့ပေးနေပြီး၊ ၎င်းတို့ကို "ထောက်တိုင်"ဟုခေါ်သည်။ နိုင်ငံရေးအန်တုမှုကို အောင်မြင်စွာ အသုံးချနိုင်သောအခါတွင်၊ လက်ရှိအစိုးရက ဆက်လက်အုပ်ချုပ်ရန်မဖြစ်နိုင်တော့သည့်အပြင်၊ အနာဂါတ်တွင်လည်း အာဏာရှင်များက တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်ထားရန် မဖြစ်နိုင်တော့ပါ။ ထိုအတွက်ကြောင့် ဤလှုပ်ရှားမှုက ဒီမိုကရေစီစနစ်တစ်ခုကို ကာကွယ်စောင့်ရှောက်ပေးပြီး၊ ဖြစ်နိုင်ချေရှိသော အနာဂါတ် ခြိမ်းခြောက်မှုများကိုလည်း ကာကွယ်ပေးနိုင်သည်။

## Political *jiu-jitsu*

နိုင်ငံရေး သိုင်းပြောင်းပြန် (ဂျူဂျစ်ဆု)။ ။ အကြမ်းမဖက်လှုပ်ရှားမှုအတွင်း၊ အာဏာဆက်ဆံရေး (ချိန်ခွင်လျှာ) ကို ပြောင်းလဲစေရန်၊ ဆောင်ရွက်လှုပ်ရှားနိုင်သော အထူးလုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ နိုင်ငံရေးဂျူဂျစ်ဆုနည်းတွင်၊ အကြမ်းမဖက်ဆန့်ကျင်သူများကို ဆန့်ကျင်ဖက်အင်အားစုများက၊ အကြမ်းဖက်ချေမှုန်းဖိနှိပ်မှုများကို နိုင်ငံရေးအရ တန်ပြန်ဆိုးကျိုး ပြန်လည်ဖြစ်ပေါ်စေရန်၊ ထိုးနှက်အသုံးချသော နည်းဖြစ်သည်။ ဤနည်းအားဖြင့် ဆန့်ကျင်ဖက်အင်အားစုများ၏ နိုင်ငံရေးရပ်တည်ချက်ကို ချိနဲ့စေပြီး၊ အကြမ်းမဖက်ဆန့်ကျင်သူများကို ပိုမိုအားကောင်းစေသည်။ အကြမ်းဖက်နှိမ်နင်းမှုများကို၊ အကြမ်းဖက်နည်းဖြင့် မတုံ့ပြန်ခြင်း၊ လက်မြှောက်အရှုံးမပေးပဲ၊ အကြမ်းမဖက်နည်းဖြင့် ပြန်လည်တုံ့ပြန်သောအခါတွင်မှသာ၊ ဤနည်းကို အသုံးပြုနိုင်သည်။ ဆန့်ကျင်ဖက်အင်အားစုများ၏ ဖိနှိပ်မှုများကို အဆိုးဝါးဆုံးအနေအထားအဖြစ် မီးမောင်းထိုးပြနိုင်သည်။ သို့အတွက်ကြောင့် တတိယအင်အားစုများ၊ နစ်နာမှုခံစားနေကြရသော သာမန်ပြည်သူလူထုအုပ်စုများတွင်သာမက၊ ဆန့်ကျင်ဖက်အင်အားစု၏ ပုံမှန် ထောက်ခံသူများအတွင်း၌ပင် သဘောထားအမြင်များ ပြောင်းလဲသွားစေနိုင်သည်။ ဤသို့ပြောင်းလဲမှုများကြောင့်၊ ဆန့်ကျင်ဖက်အင်အားစုအတွက် ထောက်ခံနေမှုများ ယုတ်လျော့စေပြီး၊ အကြမ်းမဖက်တွန်းလှန်နေသူများအတွက် ထောက်ခံမှုကို ပိုမိုရရှိစေနိုင်သည်။ ဤနည်းအားဖြင့် ရလာဒ်သည်၊ ဆန့်ကျင်ဖက်အင်အားစုများအပေါ် အကျယ်အပြန့်ရှုံ့ချမှုများဖြစ်စေနိုင်ပြီး၊ ဆန့်ကျင်ဖက်အင်အားစုများအကြား အတိုက်အခံများ ပေါ်ပေါက်လာစေခြင်းနှင့်၊ ခုခံမှုများ ပိုမိုကြီးထွားလာစေခြင်း စသည့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်သည်။ တစ်ချိန်တွင် အကြမ်းမဖက်လှုပ်ရှားမှု အုပ်စုများအပေါ်တွင် အလေးသာသော အာဏာဆက်ဆံရေး (ချိန်ခွင်လျှာ) ကို ဤပြောင်းလဲမှုများက ဖြစ်ပေါ်စေနိုင်သည်။ နိုင်ငံရေးဂျူဂျစ်ဆုနည်းကို အကြမ်းမဖက်တိုက်ပွဲများ အားလုံးတွင် အသုံးပြုခြင်း မရှိကြပေ။ ၎င်းနည်းကို အသုံးပြုခြင်း မရှိပါက အာဏာဆက်ဆံရေး (ချိန်ခွင်လျှာ) အပြောင်းအလဲဖြစ်ပေါ်စေရန်အတွက်၊ မပူးပေါင်းမဆောင်ရွက်ခြင်း အတိုင်းအဆ၊ ကျယ်ပြန့်မှုအပေါ်တွင်သာ ကြီးကြီးမားမား မှီခိုနေရပေလိမ့်မည်။

## Political power

နိုင်ငံရေးအာဏာ။ ။ လူမှုအဖွဲ့အစည်းတစ်ခုအတွက် တရားဝင်မူဝါဒများကို အကောင်အထည်ဖော်ရန်၊ ဆုံးဖြတ်ချက်ချရန်အတွက်၊ ရရှိနိုင်သော ဩဇာသက်ရောက်မှုများနှင့် ဖိအားများ အလုံးစုံကို အသုံးပြုကြရသည်။ နိုင်ငံရေးအာဏာကို အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အသုံးပြုနိုင်ကြသကဲ့သို့၊ အတိုက်အခံအင်အားစုများ၊ အစိုးရကို ဆန့်ကျင်နေသောအုပ်စုများနှင့် အဖွဲ့အစည်းများကလည်း နိုင်ငံရေးအာဏာကို အသုံးပြုနိုင်ကြသည်။ ပဋိပက္ခတစ်ခုတွင် နိုင်ငံရေးအာဏာကို၊ တိုက်ရိုက်အသုံးပြုနိုင်ကြသည်။ သို့မဟုတ် နောင်တွင်အသုံးပြုရန်အတွက်၊ အရံစွမ်းအားတစ်ခုအဖြစ် ထိန်းသိမ်းကောင်းလည်း ထိန်းသိမ်းထားနိုင်သည်။

## Sanctions

အပြစ်ပေး အရေးယူမှုများ။ ။ မျှော်လင့်ထားသည့်အတိုင်း၊ သို့မဟုတ် ဖြစ်စေလိုသောအတိုင်း လူများက လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသည့် အတွက်ကြောင့်၊ သို့မဟုတ် မျှော်လင့်ထားခြင်းမရှိသည့်၊ တားမြစ်ပိတ်ပင်ထားသည့် ကိစ္စများကို ဆောင်ရွက်ကြသည့် အတွက်ကြောင့် ချမှတ်သော၊ အပြစ်ပေးမှု၊ သို့မဟုတ် ဒဏ်ခတ်မှုဖြစ်သည်။ ဤအပြစ်ပေး၊ အရေးယူမှုသည် အကြမ်းဖက်၍ဖြစ်နိုင်သကဲ့သို့၊ အကြမ်းမဖက်ပဲလည်း ဖြစ်နိုင်သည်။ အမိန့်မနာခံခြင်းအပေါ် ပြစ်ဒဏ်ခတ်ခြင်းကို၊ အကြမ်းဖက်သောနည်းဖြင့် အရေးယူကြသည်ကို ပိုမိုရှင်းလင်းမြင်သာ တွေ့ရပြီး၊ အကြမ်းမဖက်သောနည်းကို၊ သတ်မှတ်ထားသော ရည်ရွယ်ချက်တစ်ခုရရှိအောင် ဆောင်ရွက်ခြင်းကိစ္စများအတွက် ပို၍ဖြစ်နိုင်ပါသည်။ အပြစ်ပေး၊ အရေးယူမှုသည် နိုင်ငံရေးအာဏာ၏ အရင်းအမြစ်တစ်ခုပင် ဖြစ်ပါသည်။

## Self reliance

ကိုယ်ထူကိုယ်ထ။ ။မိမိ၏ ကိုယ်ပိုင်အရေးကိစ္စများကို မိမိကိုယ်တိုင်စီမံခန့်ခွဲနိုင်သော၊ မိမိ၏ ဆုံးဖြတ်ချက်များကို ကိုယ်တိုင် ချမှတ်နိုင်သော အရည်အချင်း၊ မိမိအတွက်၊ မိမိအုပ်စုအတွက်၊ သို့မဟုတ် မိမိအဖွဲ့အစည်းအတွက် ကိုယ်တိုင်ထောက်ပံ့ရပ်တည်နိုင်သော အရည်အချင်း၊ လွတ်လပ်မှု၊ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်နှင့် မိမိဖာသာဖူလုံရပ်တည်နိုင်သော အခြေအနေ ဖြစ်သည်။

## Skills and knowledge

ကျွမ်းကျင်မှုနှင့် အသိပညာ။ ။ နိုင်ငံရေးအာဏာ၏ အရင်းအမြစ်တစ်ခု ဖြစ်သည်။ အုပ်စိုးသူ၏ အာဏာကို လူမှုအဖွဲ့အစည်း အတွင်းရှိ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ ကျွမ်းကျင်မှုများ၊ အသိ ပညာနှင့် စွမ်းဆောင်နိုင်မှုများ (လူသားအရင်းအမြစ်) က ထောက်ပံ့ပေးထားခြင်း ဖြစ်သည်။ တနည်း အုပ်ချုပ်သူများက အလိုရှိသည့်အခါ ရနိုင်သော၊ ကျွမ်းကျင်မှုများ၊ အသိပညာနှင့် စွမ်းဆောင်နိုင်မှုများနှင့် အုပ်စိုးသူတို့၏ဆက်ဆံရေးကိစ္စ ဖြစ်သည်။

## Sources of power

အာဏာ၏ အရင်းအမြစ်များ။ ။ နိုင်ငံရေးအာဏာ၏ မူလရင်းမြစ် အခြေခံများ ရှိပါသည်။ ၎င်းတို့တွင်– အာဏာကျင့်သုံးပိုင်ခွင့်၊ လူသားအရင်းအမြစ်၊ ကျွမ်းကျင်မှုနှင့် အသိပညာ၊ လက်ဆုပ်လက်ကိုင်မပြနိုင်သော အချက်အလက်များ၊ ရုပ်ဝတ္ထုအရင်းအမြစ်များ၊ အပြစ်ပေး အရေးယူမှုများ၊ စသည့်အချက်များ ပါဝင်ပါသည်။ ဤရင်းမြစ်များသည် လူမှုအဖွဲ့အစည်းအတွင်းမှ ဆင်းသက်လာသော အရာများ ဖြစ်ပါသည်။ ၎င်းအရင်းအမြစ်များ တစ်ခုစီသည်၊ လူမှုအဖွဲ့အစည်းအတွင်းရှိ အဖွဲ့အစည်းများနှင့် ပြည်သူများ၏ လက်ခံမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် လိုက်နာမှုတို့အပေါ်တွင် နီးကပ်စွာ ဆက်နွယ်တည်မှီနေကြပါသည်။ ၎င်းအရင်းအမြစ်များကို ခိုင်မာစွာ ပံ့ပိုးပေးထားပါက၊ အုပ်စိုးသူသည် တန်ခိုးအာဏာကြီးနေမည် ဖြစ်သည်။ ထောက်ပံ့မှု ချိနဲ့လာသည်နှင့်အမျှ သို့မဟုတ် ဖြတ်တောက်ခံရသည်နှင့်အမျှ အုပ်စိုးသူ၏ အာဏာသည် အားပျော့ချိနဲ့လာပြီး၊ ပြိုကျပျက်စီးရမည် ဖြစ်သည်။

## Strategic nonviolent struggle

မဟာဗျူဟာမြောက် နလုံးရည်တိုက်ပွဲ ။ ။ မဟာဗျူဟာမြောက်ရေးဆွဲထားသော အစီအမံအတိုင်း ဆောင်ရွက်သော အကြမ်းမဖက်လှုပ်ရှားမှု ဖြစ်ပါသည်။ ၎င်းမဟာဗျူဟာမြောက်အစီအမံများကို၊ ပဋိပက္ခတစ်ခုလုံး၏ အခြေအနေကို သုံးသပ်ဆင်ခြင်၍ ပြုစုထားခြင်းဖြစ်ပြီး၊ ဆန့်ကျင်ဖက်အင်အားစုများ၏ အားနည်းချက်၊ အားသာချက်၊ ဆန့်ကျင်ဖက်အင်အားစု၏ သဘော သဘာဝ၊ စွမ်းဆောင်နိုင်ရည်၊ အကြမ်းမဖက်လှုပ်ရှားမှုအတွက် နည်းနာလိုအပ်ချက်များနှင့်၊ အထူးသဖြင့် ဤကဲ့သို့သော လှုပ်ရှားမှုအတွက် မဟာဗျူဟာမြောက် အခြေခံစံသတ်မှတ်ချက်များကို၊ တွက်ဆ ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။ (အဂ္ဂဗျူဟာ၊ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် နည်းနာများကိုလည်း ကြည့်ပါ။ )

## Strategy

မဟာဗျူဟာ။ ။ ပဋိပက္ခတစ်ခုလုံးကို လွှမ်းခြုံသော၊ အဂ္ဂဗျူဟာ (Grand strategy) အတွင်း၊ အဓိကအဆင့်တစ်ခု၊ သို့မဟုတ် စစ်ဆင်ရေးတစ်ခုကို ဖော်ဆောင်ရန်အတွက် ချမှတ်စီစဉ်သော စီမံကိန်းတစ်ခုဖြစ်သည်။ မဟာဗျူဟာတစ်ခုသည် အသေးစိတ် စစ်ဆင်ရေးတစ်ခု၏ လှုပ်ရှားမှုကို၊ မည်ကဲ့သို့ဖေါ်ဆောင် ဖွံ့ဖြိုးစေမည်နည်းဟူသော၊ အခြေခံစဉ်းစားတွေးခေါ်ချက်ဖြစ်ပြီး၊ ဤစီမံချက်အားဖြင့် မတူကွဲပြားသောအစိတ်အပိုင်းများကို၊ ပေါင်းစည်း၍၊ အားသာမှု အရှိဆုံးဖြစ်စေပြီး၊ ရည်ရွယ်ချက်ပြည့်ဝစေရေးအတွက် မည်သို့မည်ပုံ အကောင်အထည်ဖေါ်မည်နည်းဟူသော အခြေခံ သဘောတရားလည်း ဖြစ်သည်။ မဟာဗျူဟာသည်၊ အဂ္ဂမဟာဗျူဟာ၏ ရှုမြင်ချက်ဘောင်အတွင်း၌သာ လုပ်ဆောင်သည်။ နည်းဗျူဟာနှင့် အသေးစိတ်နည်းနာများကို၊ စစ်ဆင်ရေးတစ်ခု၏ ပိုမိုသေးငယ်သော အစိတ်အပိုင်း၊ တိုက်ပွဲငယ်များတွင် အသုံးပြုပြီး၊ မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရေးအတွက် အထောက်အပံ့ဖြစ်စေသည်။

## Strike

သပိတ်။   ။ စီးပွါးရေးအရ ရည်မှန်းချက်များအောင်မြင်စေရန်၊ သို့မဟုတ် တစ်ခါတရံတွင် နိုင်ငံရေး ရည်မှန်းချက်များ အောင်မြင်စေရန်အတွက်၊ အလုပ်ရှင်များ၊ အစိုးရများကို ဖိအားပေးသောအနေဖြင့်၊ လုပ်ငန်းများကို ရည်ရွယ်ချက်ရှိရှိ ရပ်ဆိုင်းထားခြင်း၊ သို့မဟုတ် တားမြစ်ကန့်သတ်ထားခြင်း ဖြစ်သည်။ ယေဘုယျအားဖြင့် ယာယီသဘောသာ ဆောင်ရွက်ကြသည်။

## Tactic

နည်းဗျူဟာ။   ။ ပဋိပက္ခ၏ အကန့်အသတ်ရှိသော အဆင့်တစ်ခုတွင်၊ အကန့်အသတ်ရှိသော ရည်ရွယ်ချက်များအောင်မြင်စေရန်၊ ရရှိနိုင်သောနည်းနာ၊ လှုပ်ရှားမှုများကို မည်ကဲ့သို့ ထိရောက်စွာ အသုံးပြုမည်ဆိုသော၊ သဘောတရားကို အခြေခံ၍၊ လုပ်ငန်း အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း ဖြစ်သည်။ ပဋိပက္ခတစ်ခုလုံး၏ အဆင့်တစ်ဆင့်တွင်၊ ပိုမိုကျယ်ပြန့်သော မဟာဗျူဟာကိုအထောက်အကူပြုဖေါ်ဆောင်ရေးအတွက်၊ နည်းဗျူဟာများကို အသုံးပြုသည်။

## Violence

အကြမ်းဖက်မှု။   ။ အခြားသော လူသားများအပေါ်တွင် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြင့်၊ ထိခိုက်နာကျင်စေခြင်း သို့မဟုတ် သေဆုံးသေခြင်း၊ ယင်းကဲ့သို့ အကြမ်းဖက်မှုမျိုးကိုသုံးမည်ဟု ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် ယင်းကဲ့သို့ နာကျဉ်စေမှု၊ ခြိမ်းခြောက်မှု အပေါ်အမှီပြုထားသော လုပ်ဆောင်မှုများကို၊ အကြမ်းဖက်မှုဟု ခေါ်ဆိုနိုင်သည်။

အချို့သော ဘာသာရေးယုံကြည်မှုများနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာကိစ္စများတွင်၊ အကြမ်းဖက်မှုနှင့် ပတ်သက်၍ ပို၍ကျယ်ပြန့်စွာ အဓိပ္ပါယ် ဖွင့်ဆိုထားကြသည်။ ပို၍ကျဉ်းမြောင်းသော အဓိပ္ပါယ်ဖွင့်ဆိုချက်အရ၊ အခြားသူများ၊ အုပ်စုများ၏ ပူးပေါင်းဆောင်ရွက်မှု ရရှိစေရန် ဤသို့အကြမ်းဖက်နည်းလမ်းကို အသုံးပြုရမည်ဟု ယုံကြည်နေသူများရှိနေသည့်အချက်အပေါ် မူတည်၍၊ အကြမ်းမဖက်လှုပ်ရှားမှုကို ကျင့်သုံးရန်၊ လက်တွေ့ဖြစ်နိုင်ချေရှိသောအခြေခံများကို ရှာဖွေပြင်ဆင်ကြသည်။

နောက်ဆက်တွဲ
အခန်း (၂)

# အကြမ်းမဲ့ တိုက်နည်းများ

## အကြမ်းမဲ့ကန့်ကွက်ဆန္ဒပြခြင်းနှင့် မိမိဖက်ပါအောင် စည်းရုံးဆွဲဆောင်သောနည်းလမ်းများ

### စည်းကမ်းတကျ ကြေငြာထုတ်ပြန်ချက်များ

၁။ လူထုဟောပြောပွဲများ
၂။ ကန့်ကွက်စာများ၊ ထောက်ခံစာများ
၃။ အသင်းအဖွဲ့များ၏ ထုတ်ပြန်ကြေငြာချက်များ
၄။ ပြည်သူလူထုက လက်မှတ်ရေးထိုးထားသော စာတမ်းများ
၅။ အရေးယူမည်၊ တရားစွဲမည်ဟု ကြေငြာချက်များ
၆။ လူစုလူအုပ်နှင့်ချီပြီး တင်သွင်းသော အသနားခံစာ၊ ပန်ကြားလွှာများ

### လူအများကြားရောက်အောင် ဆက်သွယ်ရေးများပြုလုပ်ခြင်း

၇။ သံချပ်၊ ရုပ်ပြောင်နှင့် သင်္ကေတအမှတ်အသားများ
၈။ အလံများ၊ ပိုစတာများနှင့် လူအများမြင်လောက်အောင် စာတမ်းများပြသထားခြင်း၊
၉။ စာရွက်စာတမ်းများ၊ လက်ကမ်းစာစောင်များ၊ စာရွက်များ၊
၁၀။ စာနယ်ဇင်းများ၊ သတင်းစာများ၊
၁၁။ ဓါတ်ပြားများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား၊
၁၂။ ကောင်းကင်စာတန်းရေးသောမိုးပျံကြော်ငြာနှင့် မြေပြင်ကြော်ငြာများ၊

### အဖွဲ့အစည်းများအလိုက် ကိုယ်စားပြုခြင်း

၁၃။ ကိုယ်စားလှယ်လွှတ်ခြင်း၊
၁၄။ ပျက်ရယ်ပြုဆုပေးပွဲများ၊
၁၅။ အဖွဲ့နှင့်မဲဆွယ်ခြင်း၊
၁၆။ သပိတ်တားခြင်း၊
၁၇။ ပျက်ရယ်ပြုရွေးကောက်ပွဲများ

### လူထုအကြား ဟန်အမူအယာများနှင့် သရုပ်ဖော်ခြင်းများ

၁၈။ အလံများထူခြင်း၊ အရောင်အသွေးများနှင့် ပြသခြင်း၊
၁၉။ အဝတ်အစားနှင့် လက္ခဏာများပြသခြင်း၊
၂၀။ ဆုတောင်းဝတ်ပြုမှုများ၊
၂၁။ သင်္ကေတ အမှတ်အသားများပါသည့်၊ ပစ္စည်းများကို ဖြန့်ဝေခြင်း၊
၂၂။ သက်န်းချွတ် ဆန္ဒပြပွဲများ၊
၂၃။ ကိုယ်ပိုင်ပစ္စည်းများကို ဖျက်ဆီးခြင်း၊
၂၄။ မီးထွန်း၍ အထိမ်းအမှတ်ပြသခြင်း၊
၂၅။ ရုပ်ပုံကားချပ်များ ခင်းကျင်းပြသခြင်း၊
၂၆။ ဆေးသုတ်ပြီး ကန့်ကွက်ဆန္ဒပြခြင်း၊
၂၇။ အမှတ်အသားသစ်များနှင့် နာမည်အသစ်များထုတ်ပြန်ခြင်း၊
၂၈။ သင်္ကေတပါသည့် အသံများ လုပ်ခြင်း၊
၂၉။ ပြန်လည်သိမ်းပိုက်မှုပြသည့် လက္ခဏာများ၊

၃၀။ ရိုင်းပြသည့် ခြေဟန်လက်ဟန်များ၊

**လူပုဂ္ဂိုလ်အလိုက် အနှောက်အယှက်ပေးခြင်း**

၃၁။ အစိုးရအရာရှိများကို စိတ်ခြောက်ခြားလာအောင် လုပ်ခြင်း၊
၃၂။ အစိုးရအရာရှိများကို မခံချိမခံသာဖြစ်အောင် လုပ်ခြင်း၊
၃၃။ ရင်းနှီးစွာ အပေါင်းအသင်းလုပ်ခြင်း၊
၃၄။ နိုးကြားစွာ စောင့်ကြည့်နေခြင်း၊

**ပြဇာတ်နှင့် အဆိုအတီး**

၃၅။ ဟာသပြဇာတ်နှင့် အပြောင်အပျက်ပွဲများ၊
၃၆။ ပြဇာတ်နှင့် တီးလုံးများ၊
၃၇။ သီချင်းသီဆိုမှုများ၊

**စီတန်းလှည့်လည်မှုများ**

၃၈။ ချီတက်လမ်းလျှောက်ပွဲများ၊
၃၉။ စီတန်းလှည့်လည်ပွဲများ၊
၄၀။ ဘာသာရေး စီတန်းလှည့်လည်ပွဲများ၊
၄၁။ ဘုရားဖူးသွားခြင်း၊
၄၂။ မော်တော်ကားများနှင့်၊ စီတန်းလှည့်လည်မောင်းနှင်ခြင်း၊

**ကွယ်လွန်သူများအား ဂုဏ်ပြုခြင်း**

၄၃။ နိုင်ငံရေး ဝမ်းနည်းကြေကွဲမှုပြသခြင်း၊
၄၄။ ပျက်ရယ်ပြု အသုဘများ၊
၄၅။ ဆန္ဒပြသည့် အသုဘများ၊
၄၆။ သုသာန်သို့ သွားရောက်၍ အလေးပြုခြင်း၊

**လူမြင်ကွင်းများတွင် စုရုံးခြင်း**

၄၇။ ကန့်ကွက်မှုအတွက် သို့မဟုတ် ထောက်ခံမှုအတွက် စုဝေးခြင်း၊
၄၈။ ကန့်ကွက်ရေးစည်းဝေးပွဲများ၊
၄၉။ ရုပ်ဖျက်၍ ဆန့်ကျင်ဆန္ဒပြစည်းဝေးပွဲများ၊
၅၀။ သင်တန်းများပေးခြင်း၊

**နောက်ဆုတ်ခြင်းနှင့် စွန့်လွှတ်ခြင်းများ**

၅၁။ ထွက်ခွါဆန္ဒပြခြင်းများ၊
၅၂။ တုံဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းများ၊
၅၃။ ဂုဏ်ထူးဘွဲ့တံဆိပ်များ ပြန်လည်အပ်နှံခြင်း၊ စွန့်လွှတ်ခြင်း၊
၅၄။ နောက်ကျောခိုင်းထားခြင်း၊

**လူမှုရေးအရ ကူညီရိုင်းပင်းမှုမလုပ်ပဲ၊ ထားနိုင်သည့်နည်းများ**

**မလိုလား မနှစ်သက်သူများကို ဝိုင်းပယ်ခြင်း**

၅၅။ သာရေးနာရေး သပိတ်၊
၅၆။ ကွက်ကျား လူမှုရေးသပိတ်၊
၅၇။ အဖျက်သမားများကို လက်ပိုက်ကြည့်နေခြင်း၊
၅၈။ အဆက်အသွယ်ဖြတ်တောက်ခြင်း၊
၅၉။ ဘာသာရေးကိစ္စများကို ကျောခိုင်းခြင်း၊

**ရပ်ရွာကိစ္စ၊ လူမှုရေးကိစ္စ၊ ဘုရားပွဲ၊ တရားပွဲ၊ ဓလေ့ထုံးစံနှင့် အဖွဲ့အစည်းစသည်တို့ကို အကူအညီမပေးပဲ၊ ထားလိုက်ခြင်း နည်းများ**

၆၀။ ရပ်ရွာတွင်းပျော်ပွဲရွှင်ပွဲများနှင့် အားကစားပွဲများကို ရပ်ဆိုင်းထားလိုက်ခြင်း၊
၆၁။ ရပ်ရွာကိစ္စများကို သပိတ်မှောက်ထားခြင်း၊
၆၂။ ကျောင်းသားသပိတ်၊
၆၃။ လူမှုရေးရာနှင့် ပတ်သက်သည့်စည်းကမ်းများကို ချိုးဖောက်ခြင်း၊
၆၄။ အပျော်တမ်းအဖွဲ့အစည်းများမှ နုတ်ထွက်ခြင်း၊

**လူမှုရေးပုံစံမှ ထွက်ခြင်း**

၆၅။ ကိုယ့်အိမ်ထဲမှာ ကိုယ်နေခြင်း၊
၆၆။ ကိုယ်ထိလက်ရောက် ဘာမျှအကူအညီပေးမှု မပြုခြင်း၊
၆၇။ အလုပ်သမားများ အုပ်စုလိုက် အလုပ်မှထွက်ခွါခြင်း၊
၆၈။ ဘေးမဲ့ခိုလှုံခြင်း၊
၆၉။ အစုလိုက် အပြုံလိုက် ကိုယ်ယောင်ဖျောက်ခြင်း၊
၇၀။ ဆန္ဒပြ၍ ပြည်ပြေးလုပ်လိုက်ခြင်း၊ (Hijrat)

**စီးပွားရေးအရ ကူညီရိုင်းပင်းမှုမပြုသည့် နည်းလမ်းများ**
**(၁) စီးပွားရေးသပိတ်**

**စားသုံးသူများက လုပ်ဆောင်နိုင်သောအရာများ**

၇၁။ စားသုံးသူသပိတ်၊
၇၂။ သပိတ်မှောက်ထားသည့် ပစ္စည်းများကို မသုံးပဲနေခြင်း၊
၇၃။ ခြိုးခြံချွေတာခြင်း၊
၇၄။ အိမ်လခမပေးပဲထားခြင်း၊
၇၅။ အိမ်မငှားပဲ နေခြင်း၊
၇၆။ တိုင်းပြည်တဝှမ်းလုံး စားသုံးသူသပိတ်၊
၇၇။ နိုင်ငံတကာ စားသုံးသူများသပိတ်၊

**အလုပ်သမားများနှင့် ကုန်ထုတ်လုပ်သူများ၏ လှုပ်ရှားမှု**

၇၈။ အလုပ်သမားသပိတ်၊
၇၉။ ကုန်ထုတ်လုပ်သူများသပိတ်၊

**ပွဲစားများ၏ လှုပ်ရှားမှု**

၈၀။ ကုန်ပေးသွင်းသူများနှင့် ကုန်တင်ကုန်ချလုပ်သူများသပိတ်၊

**ပိုင်ရှင်များနှင့် အုပ်ချုပ်မှုတို့၏ လှုပ်ရှားမှု**
၈၁။ ကုန်သည်သပိတ်၊

၈၂။ ဈေးမရောင်းပဲထားခြင်း၊ ပစ္စည်းများ၊ အိမ်များ မရောင်းခြင်း၊
၈၃။ ဆိုင်သော့ပိတ်ထားခြင်း၊
၈၄။ စက်မှုလက်မှု အကူအညီများ မပေးခြင်း၊
၈၅။ ဈေးသည်များ၏ အထွေထွေသပိတ်၊

**ဘဏ္ဍာငွေ အရင်းအနှီးထောက်ပံ့သူများ၏ လှုပ်ရှားမှု**

၈၆။ ဘဏ်၌ သွင်းထားသောငွေများကို ထုတ်ယူခြင်း၊
၈၇။ အဖိုးအခများ၊ အကြွေးများ၊ တန်ရာတန်ဖိုးများ မပေးပဲထားခြင်း၊
၈၈။ အကြွေးမဆပ်ပဲနေ၊ အတိုးမပေးပဲနေခြင်း၊
၈၉။ ထောက်ပံ့ကြေးများရပ်စဲ၊ အကြွေးမပေးပဲနေခြင်း၊
၉၀။ အခွန်အကောက်ပေးရန် ငြင်းဆန်ခြင်း၊
၉၁။ အစိုးရငွေများကို လက်မခံခြင်း၊

**အစိုးရများ၏ လှုပ်ရှားမှု**

၉၂။ ပြည်တွင်းကုန်သွယ်ရေးများ ရပ်စဲခြင်း၊
၉၃။ ကုန်သည်များအား နာမည်ပျက်စာရင်းသွင်းခြင်း၊
၉၄။ နိုင်ငံတကာမှ ရောင်းချသူများက အရောင်းအဝယ်ရပ်ဆိုင်းခြင်း၊
၉၅။ နိုင်ငံတကာမှ ဝယ်ယူသူများက အရောင်းအဝယ်ရပ်ဆိုင်းခြင်း၊
၉၆။ နိုင်ငံတကာမှ ကုန်သွယ်မှု ရပ်ဆိုင်းခြင်း၊

## (၂) သပိတ်

**အထိမ်းအမှတ်သပိတ်များ၊**

၉၇။ ကန့်ကွက်ဆန္ဒပြပွဲများ၊
၉၈။ တမဟုတ်ချင်း ဆန္ဒပြ၊ အလုပ်ခွင်မှ ထွက်သွားခြင်း၊

**လယ်ယာစိုက်ပျိုးရေး သပိတ်များ**

၉၉။ လယ်သမားများ သပိတ်၊ ရွာသူရွာသားများသပိတ်
၁၀၀။ လယ်ယာစိုက်ပျိုးသူများ သပိတ်

**သီးသန့်အုပ်စုများ၏ သပိတ်**

၁၀၁။ အလုပ်ကျွမ်းကျင်သူများ၏ သပိတ်၊
၁၀၂။ အကျဉ်းသား သပိတ်၊
၁၀၃။ လက်မှုပညာရှင်များ သပိတ်၊
၁၀၄။ ပညာရှိလုပ်သားများ သပိတ်၊

**သာမန် စက်မှုလက်မှုလုပ်ငန်းများ သပိတ်**

၁၀၅။ အလုပ်ရှင်သပိတ်၊
၁၀၆။ စက်မှုလက်မှုသပိတ်၊
၁၀၇။ ဆန္ဒပြမှုအား စာနာထောက်ခံအားပေးသည့်အနေဖြင့် သပိတ်မှောက်ခြင်း၊

### အကန့်အသတ်ထားပြီး မှောက်သည့်သပိတ်များ

၁၀၈။ တိတိကျကျမှောက်သော သပိတ်၊ အသေးစိတ်စဉ်းစားပြီး မှောက်သောသပိတ်၊
၁၀၉။ အနှောက်အယှက်ဖြစ်ရုံ မှောက်သောသပိတ်၊
၁၁၀။ အလုပ်နှောင့်နှေးအောင် မှောက်သောသပိတ်၊
၁၁၁။ ပြောရေးဆိုခွင့်ရရှိအောင် အလုပ်ဝင်နေကြောင်း ပြသခြင်း၊
၁၁၂။ နေမကောင်း၍ အလုပ်မလာဟု ပြောဆိုခြင်း၊
၁၁၃။ အလုပ်ထွက်စာတင်ခြင်း၊
၁၁၄။ အကန့်အသတ်ထားပြီး၊ သပိတ်မှောက်ခြင်း၊
၁၁၅။ ကိုယ့်စိတ်ကြိုက်အလိုက်ကြည့်ပြီး၊ မှောက်သည့် သပိတ်၊

### အထွေထွေ စက်မှုလက်မှုလုပ်ငန်းသပိတ်များ

၁၁၆။ ချွင်းချက်ထားပြီး မှောက်ခြင်း၊
၁၁၇။ ပြည်လုံးကျွတ် အထွေထွေသပိတ်၊

### သပိတ်မှောက်ခြင်းနှင့် စီးပွားရေးတံခါးပိတ်ခြင်း နှစ်ခုပေါင်းလှုပ်ရှားခြင်း

၁၁၈။ အလုပ်ရပ်စဲခြင်း၊
၁၁၉။ စီးပွားရေး ကားလိပ်ချခြင်း၊

### နိုင်ငံရေးအရ အကူအညီမပေးပဲ ထားခြင်းနည်းများ
### ဩဇာအာဏာကို ငြင်းပယ်လိုက်ခြင်း

၁၂၀။ သစ္စာခံ မလုပ်ပဲ နေခြင်း၊ သစ္စာခံအဖြစ်မှ နှုတ်ထွက်ခြင်း၊
၁၂၁။ လူထုထောက်ခံမှုကို ငြင်းပယ်ထားခြင်း၊
၁၂၂။ အတိုက်အခံဖက်မှ ရေးနေလိုက်သည့် စာရွက်စာတမ်းများ၊ ဟောပြောပွဲများ၊

### ပြည်သူတို့က အစိုးရကို အကူအညီမပေးပဲနေခြင်း

၁၂၃။ ဥပဒေပြုအဖွဲ့ကို သပိတ်မှောက်ခြင်း၊
၁၂၄။ ရွေးကောက်ပွဲများကို သပိတ်မှောက်ခြင်း၊
၁၂၅။ အစိုးရအလုပ်၊ အစိုးရရာထူးများကို သပိတ်မှောက်ခြင်း၊
၁၂၆။ အစိုးရဌာနများ၊ ဌာနခွဲများ၊ အဖွဲ့အစည်းများကို သပိတ်မှောက်ခြင်း၊
၁၂၇။ အစိုးရ ပညာရေး၊ ကျောင်းများ၊ အဖွဲ့အစည်းများမှ နှုတ်ထွက်ခြင်း၊
၁၂၈။ အစိုးရအထောက်အပံ့ခံ အသင်းအဖွဲ့များကို သပိတ်မှောက်ခြင်း၊
၁၂၉။ ဥပဒေကို ခိုင်လုံတင်းကျပ်အောင်လုပ်နေသည့် ရုံးများကို အကူအညီမပေးပဲ ထားခြင်း၊
၁၃၀။ ကိုယ့်ရာထူးအမှတ်အသား၊ နေရာအမှတ်အသားများကို ပယ်ဖျက်ပစ်ခြင်း၊
၁၃၁။ ခန့်အပ်လိုက်သည့် အရာရှိများကို လက်မခံဟု ငြင်းဆန်ခြင်း၊
၁၃၂။ လက်ရှိဌာန အသင်းအဖွဲ့စသည်တို့ကို ရုပ်သိမ်းခိုင်းလျှင် ငြင်းဆန်ခြင်း၊

### ပြည်သူတို့က တစ်မျိုးတစ်မည် အမိန့်ကိုဖီဆန်ခြင်း

၁၃၃။ အလုပ်ကို မလုပ်ချင် လုပ်ချင် လုပ်ခြင်း၊ ဖြည်းဖြည်းလုပ်ခြင်း၊
၁၃၄။ တိုက်ရိုက်ကြီးကြပ်မည့်သူ မရှိသောအခါ အမိန့်ကိုမနာခံပဲ နေခြင်း၊
၁၃၅။ အများနှင့်ရောပြီး အမိန့်ကိုဆန့်ကျင်ခြင်း၊
၁၃၆။ စကားနားမထောင်ချင်ဟန် ဆောင်ခြင်း၊

၁၃၇။ စုရုံးစည်းဝေးပွဲများကို လူစုခွဲခိုင်းလျှင် နားမထောင်ပဲ နေခြင်း၊
၁၃၈။ ထိုင်သပိတ်မှောက်ခြင်း၊
၁၃၉။ ခွေးတပ်ဆွဲလျှင် မလိုက်ခြင်း၊ ပြည်နှင်ဒဏ်ပေးလျှင် အရေးမစိုက်ခြင်း၊
၁၄၀။ ပုန်းအောင်းနေခြင်း၊ ထွက်ပြေးခြင်း၊ နာမည်ပြောင်း၊ လိပ်စာပြောင်း၊ အမှန်များ မပေးပဲ နေခြင်း၊
၁၄၁။ တရားမဝင်သည့် ဥပဒေများကို ဖီဆန်ခြင်း၊

**အစိုးရအလုပ်သမားများ၏ လှုပ်ရှားမှုများ**

၁၄၂။ အစိုးရကပေးသည့် ထောက်ပံ့ချက်အချို့ကို ငြင်းပယ်ခြင်း၊
၁၄၃။ အထက်ကချမှတ်သည့် အမိန့်၊ သတင်း ... စသည်တို့ကို ပိတ်ဆို့ထားခြင်း၊
၁၄၄။ အလုပ်များကို တန့်ထားခြင်း၊ နှောင့်နှေးအောင်လုပ်ထားခြင်း၊
၁၄၅။ အထွေထွေအုပ်ချုပ်ရေးကိုလည်း ဝင်ရောက်မကူညီခြင်း၊
၁၄၆။ အလုပ်ကြီးကြပ်သူများက တမင်သက်သက် အလုပ်မလုပ်တတ်သည့်ဟန်ဆောင်နေခြင်း၊ အကူအညီမပေးပဲ နေသင့်သည့် ကိစ္စများကို မျက်နှာလွှဲခြင်း၊
၁၄၇။ ပုန်ကန်ခြင်း၊

**ပြည်တွင်း အစိုးရလှုပ်ရှားမှု**

၁၄၈။ အာပတ်လွတ်သည့်နည်းဖြင့် အလုပ်ကိုရှောင်ခြင်း၊ အလုပ်အချိန်ဆွဲထားခြင်း၊
၁၄၉။ အစိုးရဌာနခွဲများက အကူအညီရပ်စဲခြင်း၊

**နိုင်ငံတကာ အစိုးရ၏ လှုပ်ရှားမှုများ**

၁၅၀။ သံတမန်၊ ကိုယ်စားလှယ် စသည်တို့ကို ပြောင်းလဲခြင်း၊
၁၅၁။ သံတမန်အခမ်းအနားများကို ဆိုင်းထားခြင်း၊ ဖျက်ပစ်လိုက်ခြင်း၊
၁၅၂။ သံတမန် အသိအမှတ်မပြုခြင်း၊
၁၅၃။ သံတမန်ဆက်သွယ်ရေး ဖြတ်ခြင်း၊
၁၅၄။ နိုင်ငံတကာအဖွဲ့အစည်းများမှ ထွက်ခြင်း၊
၁၅၅။ နိုင်ငံတကာအဖွဲ့အစည်းများသို့ ဝင်ရောက်ခွင့်ကို ငြင်းပယ်ခြင်း၊
၁၅၆။ နိုင်ငံတကာအဖွဲ့အစည်းများမှ ထုတ်ပယ်ပစ်ခြင်း၊

**အကြမ်းမဲ့ဝင်ရောက်စွက်ဖက်နိုင်သည့် နည်းများ**

**စိတ်ဓါတ်အားဖြင့် အနှောင့်အယှက်ပေးပြီး စွက်ဖက်ခြင်း**

၁၅၇။ နေပူထဲရပ်၊ မိုးရွာထဲနေ၊ အအေးခံ ဆန္ဒပြခြင်း၊
၁၅၈။ သီလဆောက်တည်ခြင်း
ကျ။ စိတ်အလို မလိုက်ပဲနေခြင်း၊
ခ။ အစာအငတ်ခံ ဆန္ဒပြခြင်း၊
ဂ။ အမှန်တရားလက်ကိုင်ထားပြီး၊ သီလဆောက်တည်ခြင်း၊
၁၅၉။ ပြောင်းပြန် စစ်ဆေးစမ်းသပ်ခြင်း၊
၁၆၀။ အကြမ်းမဲ့ အနှောင့်အယှက်ပေးခြင်း၊

**ကိုယ်ထိလက်ရောက် စွက်ဖက်ခြင်း**

၁၆၁။ ထိုင်သပိတ်
၁၆၂။ ရပ်သပိတ်၊

၁၆၃။ အတင်းကားဝင်စီးခြင်း၊
၁၆၄။ တိုးပြီး ဝင်ရောက်ခြင်း၊
၁၆၅။ အပေါင်းအဖော်တစ်စုနှင့် အတင်းဝင်ရောက်ခြင်း၊
၁၆၆။ ဝင်ရောက်ဆုတောင်းခြင်း၊
၁၆၇။ အကြမ်းမဖက်ပဲ ဝင်ရောက်စီးနင်းခြင်း၊
၁၆၈။ အကြမ်းမဖက်ပဲ လေယာဉ်ပျံဖြင့် ဝင်ရောက်ခြိမ်းခြောက်ခြင်း၊
၁၆၉။ အကြမ်းမဖက်ပဲ ကျူးကျော်ဝင်ရောက်ခြင်း၊
၁၇၀။ အကြမ်းမဖက်ပဲ ကျူးကျော်စီးနင်းခြင်း၊
၁၇၁။ အကြမ်းမဖက်ပဲ အော်ဟစ်ခြင်း၊
၁၇၂။ အကြမ်းမဖက်ပဲ ပိတ်ပင်တားမြစ်ခြင်း၊
၁၇၃။ အကြမ်းမဖက်ပဲ သိမ်းပိုက်အပိုင်စီးထားခြင်း၊

## လူမှုရေးရာအရ ဝင်ရောက်စွက်ဖက်မှုများ

၁၇၄။ ပေါင်းသင်းဆက်ဆံရေး ပုံစံသစ်ကို တည်ထောင်ခြင်း၊
၁၇၅။ ရေး၊ မီး စသည့်အများသုံး ပစ္စည်းများ အဆမတန်သုံးခြင်း၊
၁၇၆။ အတင်းဝင်ရောက် ပိတ်ဆို့ခြင်း၊
၁၇၇။ အတင်းစကားဝင်ပြောခြင်း၊
၁၇၈။ ပြောက်ကျားဇာတ်ပွဲ ကျင်းပခြင်း၊
၁၇၉။ အဖွဲ့အစည်းသစ်တစ်မျိုး ထူထောင်ခြင်း၊
၁၈၀။ ဆက်သွယ်ရေးစနစ် တစ်မျိုးထွင်ခြင်း၊

## စီးပွားရေးရာအရ ဝင်ရောက်စွက်ဖက်ခြင်း

၁၈၁။ တန်ပြန်သပိတ်၊
၁၈၂။ အလုပ်ခွင်အတွင်း ထိုင်သပိတ်၊
၁၈၃။ အကြမ်းမဖက်သည့် မြေယာသိမ်းယူခြင်း၊
၁၈၄။ ပိတ်ဆို့ထားသည်များကို ဖယ်ပစ်ခြင်း၊
၁၈၅။ နိုင်ငံရေးအရ လုပ်ဆောင်ရသည်များကို အတုအယောင်ပြုလုပ်ခြင်း၊
၁၈၆။ ပစ္စည်းများကို ကြိုတင်ဝယ်ယူ သိုလှောင်ထားခြင်း၊
၁၈၇။ ရပိုင်ခွင့် ပစ္စည်းများကို သိမ်းဆည်းခြင်း၊
၁၈၈။ လွှင့်ပစ်ခြင်း၊
၁၈၉။ အပိုင်စီးသင့်သည်တို့ကို အပိုင်စီးခြင်း၊
၁၉၀။ ဈေးကွက်တစ်မျိုးထွင်ခြင်း၊
၁၉၁။ သယ်ယူပို့ဆောင်ရေးစနစ်တစ်မျိုး တည်ထောင်ခြင်း၊
၁၉၂။ စီးပွားရေးအဖွဲ့အစည်းတစ်မျိုး ပြောင်းပြီး ထားခြင်း၊

## နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှု

၁၉၃။ အုပ်ချုပ်ရေး စီမံခန့်ခွဲမှုစနစ်ကို မနိုင်မနင်းဖြစ်လာအောင် လုပ်ပေးခြင်း၊
၁၉၄။ လျှို့ဝှက် ထောက်လှမ်းရေး အေးဂျင့်များ မည်သူမည်ဝါများဖြစ်ကြောင်း၊ ဖော်ထုတ်ပြသခြင်း၊
၁၉၅။ ထောင်ကျခံခြင်း၊
၁၉၆။ ဘက်မလိုက်သည့် ဥပဒေများကို ဖီဆန်ခြင်း၊
၁၉၇။ လုပ်ခိုင်းသည်များကို မလုပ်ပဲ၊ ကိုယ်လုပ်ချင်ရာများကိုသာ ဆက်လုပ်ခြင်း၊
၁၉၈။ စင်ပြိုင်အစိုးရထောင်ခြင်း၊ စင်ပြိုင်ဘုရင်အား နန်းထိုင်စေခြင်း၊

မကြာခဏဆိုသလိုပင်၊ ဒီမိုကရေစီရရှိရေးနှင့် တရားမျှတမှုအရေးအတွက် တိုက်ပွဲဝင်လှုပ်ရှားနေကြသူများသည်၊ အကြမ်းမဲ့တိုက်နည်း အပြည့်အစုံကို၊ ကျယ်ပြန့်ကုံလုံစွာ သတိမပြုမိကြပါ။ ပါးနပ်လိမ်မာစွာစွာချမှတ်ထားသော မဟာဗျူဟာ၊ အကြမ်းမဖက်တိုက်ပွဲ၏ လှုပ်ရှားမှုအတက်အကျ၊ တိုက်နည်းများကို ကရုတစိုက်သေချာရွေးချယ် အသုံးပြုခြင်းအားဖြင့်၊ အောင်မြင်မည့် အခွင့်အလမ်းကို ပို၍များပြားတိုးတက်စေနိုင်ပါသည်။ ဒေါက်တာဂျင်းရှပ်က သုတေသနပြု၍၊ ဤနည်း လမ်း (၁၉၈) ခုကို စုစည်းထားပါသည်။ သူ၏ပညာရပ်ပိုင်းဆိုင်ရာ ကြွယ်ဝသော၊ ကြိုးပမ်းအားထုတ်မှုများမှ နမူနာပြုရွေး ထုတ်ထားခြင်းဖြစ်ပါသည်။

*The Politics of Nonviolent Action* (3 Vols.) Boston: Porter Sargent Publishers, 1973.

နောက်ဆက်တွဲ
အခန်း ၃

# ဦးစီးအရာရှိများလေ့လာရေးပုံစံ (Staff Study Format) ကို အသုံးပြု၍ ပြဿနာဖြေရှင်းခြင်း နမူနာ

(၁၉၉၂) နှစ်လယ်ပိုင်းခန့်တွင်၊ မြန်မာအတိုက်အခံအုပ်စုများ၏ တပ်ပေါင်းစုတစ်ခုက၊ နိုင်ငံရေးအန်တုမှုကော်မတီ (PDC) ကို ဖွဲ့စည်းခဲ့ပါသည်။ ၎င်းကော်မတီ၏ ပထမဦးဆုံးတာဝန်များထဲမှ တစ်ခုမှာ၊ ပြောင်းလဲဖြစ်ပေါ်နေသောအခြေအနေများအရ၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီရရှိရေးအတွက်၊ မည်ကဲ့သို့ လှုပ်ရှားတိုက်ပွဲဆင်ရန် အကောင်းဆုံးဖြစ်သည်ကို လေ့လာတင်ပြရန် ပြင်ဆင်ခဲ့ရခြင်း ဖြစ်သည်။ ကော်မတီက ဦးစီးအရာရှိများလေ့လာရေးပုံစံတစ်ခုကို ပြင်ဆင်တင်ပြခဲ့ပြီး၊ ပြည် ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) ၏ ထိပ်ပိုင်းခေါင်းဆောင်မှုအတွင်း၊ အကြေအလည်ဆွေးနွေးခဲ့ကြပါ သည်။ လက်နက်ကိုင်တော်လှန်ရေးကို ဆက်လက်ကိုင်စွဲရန် ဦးစားပေးသင့်–မသင့်၊ သို့မဟုတ်၊ အကြမ်းမဲ့နှလုံးရည်တိုက် ပွဲကို လုပ်ဆောင်ရန် သင့်–မသင့်သည်နှင့် ပတ်သက်၍၊ အဆင့်မြင့်ဆွေးနွေးပွဲများတွင်၊ ၎င်းအချက်အလက်များကို အသုံး ပြုခဲ့ကြပါသည်။ သိသာထင်ရှားသောအချက်မှာ၊ ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးချယ် ထားခဲ့သော၊ အကြမ်းမဲ့ကြိုး ပမ်းအားထုတ်မှုများနှင့် အလားတူ၊ ယှဉ်ပြိုင်အားဖြည့်နိုင်သော မဟာဗျူဟာမြောက် အကြမ်းမဲ့တိုက်ပွဲတစ်ခုကို ဦးဆောင်လမ်းညွှန်ရန်၊ နိုင်ငံရေးအန်တုမှုကော်မတီ (PDC) ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး၊ လက်တွေ့ကျစွာ ဆောင်ရွက်မှုများလုပ်ဆောင်စေရန်၊ သတိထားခဲ့ကြပါသည်။ ဦးစီးအရာရှိလေ့လာရေးပုံစံကို ဤပြဿနာ ဖြေရှင်း နိုင်ရန် အသုံးပြုခဲ့ကြပါသည်။ နိုင်ငံရေးအန်တုမှုကော်မတီ (PDC) ၏ ဦးစီးအရာရှိများလေ့လာရေး ပုံစံသည်၊ မဟာ ဗျူဟာမြောက် မေးခွန်းများကို ဖြေဆိုနိုင်ရန်အတွက် အသုံးပြုနိုင်သော၊ ပြဿနာအဖြေရှာရေးအကောင်းဆုံးဥပမာတစ်ခု ဖြစ်ပါသည်။

## နိုင်ငံရေးအန်တုမှုကော်မတီ ဦးစီးအရာရှိလေ့လာရေးပုံစံ

**၁။ ပြဿနာ။** ။ မြန်မာနိုင်ငံ၊ ဒီမိုကရေစီတော်လှန်ရေးအတွင်း အောင်ပွဲအရယူနိုင်ရန်၊ လှုပ်ရှားမှုအတွင်းသို့ ပြည်သူအများပါဝင်လာစေရေးကို အားပေးအားမြှောက်ပြုနိုင်ရန်အတွက်၊ အထိရောက်ဆုံးသော နည်းလမ်းများကို သတ်မှတ် ဖော်ထုတ်ရန်။

**၂။ ယူဆချက်များ။** ။ မြန်မာနိုင်ငံသား အများစုကြီးသည်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) ၏ အုပ်ချုပ်နေမှုကို ဆန့်ကျင်ကြပါသည်။

**၃။ ဤပြဿနာအပေါ် အခြေခံသော အချက်အလက်များ**

(က) မြန်မာနိုင်ငံတွင် ခန့်မှန်းချေအားဖြင့် နိုင်ငံသားစုစုပေါင်း (၄၄) သန်းခန့် နေထိုင်လျက်ရှိပါသည်။
(ခ) မြန်မာ့တပ်မတော် လက်နက်ကိုင်တပ်ဖွဲ့အင်အားသည် (၄) သိန်းခန့်ရှိပြီး၊ နိုင်းယှဉ်ချက်အရ ဒီမိုကရေစီအရေး ထောက်ခံသော၊ အင်အားစုများ၏ စစ်ရေးအင်အားသည် (၁) သောင်းခန့်ရှိပါသည်။ **(မှတ်ချက်။ ။ ယခုဆိုလျှင် (၄၀၀၀) အောက်တွင်ပင် လျော့နည်း၍ ရှိနိုင်ပါသည်။)**
(ဂ) (နဝတ) စစ်အစိုးရက၊ မြန်မာနိုင်ငံအတွင်းရှိ အရပ်သားဒီမိုကရေစီလှုပ်ရှားမှု၏ ခေါင်းဆောင်ပိုင်း များကို ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ ပြည်ပသို့မောင်းထုတ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သို့မဟုတ်၊ အဆုံး စီရင်ခြင်းတို့ဖြင့် ထိထိရောက်ရောက် ဖယ်ရှားနိုင်ခဲ့ပြီး ဖြစ်ပါသည်။
(ဃ) လက်နက်ကိုင်တော်လှန်ရေးအတွက်၊ အရပ်သားလူထုများကို လက်နက်တပ်ဆင်ပေးရန်၊ လေ့ကျင့်ပေးရန်အတွက် အရင်းအမြစ်ရရှိနိုင်သောအခြေအနေ မရှိပါ။
(င) ပြည်ထောင်စု မြန်မာနိုင်ငံ၊ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) သည်၊ တစ်ဖွဲ့တည်းအနေဖြင့်၊ မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီထွန်းကားရေး လှုပ်ရှားမှုကို မမြှင့်တင်နိုင်ပါ။ ၎င်းတွင် မဟာဗျူဟာအစီအစဉ်ရေးဆွဲရန်၊ စည်းရုံးလှုပ် ရှားရန်နှင့်၊ မဟာဗျူဟာမြောက် ကြိုးပမ်းမှုများကိုအကောင်အထည်ဖော်ရန်အတွက်၊ စုဖွဲ့မှု (သို့မဟုတ်) စနစ်တကျ လေ့ကျင့်သင်တန်းပေးထားသော လူပုဂ္ဂိုလ် အင်အားများ မရှိပါ။

(စ) (နဝတ) စစ်အစိုးရက၊ မြန်မာနိုင်ငံတွင်းရှိ ပြည်သူများကို ဆန့်ကျင်သော ၎င်း၏လှုပ်ရှားမှုအတွင်း စစ်ရေး၊ နိုင်ငံရေးအရ နှစ်ခုစလုံးကို လက်ဦးမှုရသည့်အနေအထားကို ထိန်းသိမ်းထား နိုင်ပါသည်။

(ဆ) လွန်ခဲ့သော (၁၀) နှစ်အတွင်း၊ နိုင်ငံရေးအန်တုမှု တိုက်ပွဲကို နိုင်ငံအတော်များများတွင် အောင်မြင်စွာ ဆင်နွဲနိုင်ခဲ့ကြပါ သည်။ (အဇာဘိုင်ဂျန်၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ ရုရှား၊ ပိုလန်၊ အရှေ့ဂျာမဏီ၊ ဂျော်ဂျီယာ၊ လစ်သူအားနီးယား၊ အက်စတိုးနီးယား၊ လတ်ဗီးယား၊ ဟေတီနှင့် ထိုင်းနိုင်ငံ) တို့တွင် ဆင်နွဲအောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။

(ဇ) နိုင်ငံတကာအသိုက်အဝန်းက၊ လူထုလူတန်းစား အများအပြားက တက်ကြွစွာပါဝင်ဆင်နွဲကြသော နိုင်ငံရေးပဋိပက္ခ လှုပ်ရှားမှုကို ပိုမိုစိတ်ဝင်စား၍၊ တုံ့ပြန်ဆောင်ရွက်လာကြမည် ဖြစ်ပါ သည်။

## ၄။ ဆွေးနွေးချက်များ

က။ ရာစုနှစ်တဝက်နီးပါးတွင်၊ မြန်မာနိုင်ငံ၊ လူဦးရေ၏ သုံးပုံ–တစ်ပုံရှိသော တိုင်းရင်းသားလူနည်းစုများသည်၊ အစိုးရက ဦးဆောင် ဆင်နွဲနေသော များပြားလှသည့်၊ စစ်ရေး–နိုင်ငံရေးထိုးစစ်များကို ခံစားနေကြရပါသည်။ ဤသို့ဆောင်ရွက်ချက်များသည်၊ မတူကွဲပြားသော တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုများကို လုံးဝဖျက်ဆီးပစ်ရန် ရည်ရွယ်ချက်နှင့် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ လူနည်းစုတိုင်းရင်းသားများအပေါ် ယင်းကဲ့သို့သော အကြမ်းဖက်မှု အတိုင်းအတာပမာဏကို သာမန်မြန်မာပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် မသိရှိကြပါ။ (၁၉၈၈) ခုနှစ်မှစ၍ မြန်မာစစ်တပ် က၊ ၎င်းတို့အပေါ် ရက်ရက်စက်စက် သတ်ဖြတ်မှု ကျူးလွန်သောအခါတွင်မှ၊ သာမန်ပြည်သူများသည် ဆယ်စုနှစ်ပေါင်း များစွာ တိုင်းရင်းသားလူနည်းစုများ ခံစားတွေ့ကြုံနေကြရသည့်အပေါ် နားလည် သိရှိလာခဲ့ခြင်း ဖြစ်ပါသည်။ ယင်းကဲ့သို့ သော တစစတိုးပွားသိရှိလာမှုများကြောင့်၊ ဗမာလူမျိုးများနှင့် တိုင်းရင်းသားအုပ်စုများအကြားတွင် တူညီသော ဘုံရန်သူ တစ်ဦးတည်း ရှိနေသည်ကို သိမြင်လာကြပါသည်။ ဤရန်သူမှာ ရန်ကုန်ရှိ စစ်အာဏာရှင်အစိုးရပင် ဖြစ်သည်။

ခ။ (၄၄) သန်းသော မြန်မာပြည်သူများ **(မှတ်ချက်။ ။ (၂၀၀၃) ခုနှစ်တွင် သန်း (၅၀) ရှိသည်။)** သည်၊ အရေအတွက်အားဖြင့် (၄) သိန်းသော စစ်တပ်၊ ရဲတပ်ဖွဲ့များ၏ ခြိမ်းခြောက်မှု၊ ဖိနှိပ်နှောင်တည်းမှုကို ခံနေကြရပါသည်။ တစ်နည်းဆိုရပါက၊ မြန်မာနိုင်ငံ တည်းဟူသော အကျဉ်းထောင်တွင်၊ ပြည်သူဦးရေ (၁၀၀) ကို ထိန်းသိမ်းထားရန်အတွက် ထောင်ကြပ် (၁) ယောက်သာ ထားရှိရသည့် သဘောဖြစ်သည်။ အကျဉ်းသား (၁၀၀)၊ ထောင်စောင့် (၁) ယောက် **(မှတ်ချက်။ ။၂၀၀၃ ခုနှစ်တွင် (၁၂၅) ယောက်၊ (၁) ယောက်ဖြစ်သည်)** ဟူသော အချိုးသည် စစ်အစိုးရ၏ အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ အကြောက်တရားဖြင့် အုပ်ချုပ်ခြင်းကို ကျွမ်းကျင်စွာ ပြုလုပ်နိုင်သည်ကို ပြသည့်အတိုင်းအတာဖြစ်သည်။ ဒီမိုကရေစီဖက် တော်သားများ၏ မညီညွတ် ပြိုကွဲနေခြင်းကိုလည်း ပြသရာရောက်နေသည်။ ဤအချက်က ခေါင်းဆောင်မှုမဲ့နေခြင်းနှင့် ပြည်သူများဖက်တွင်၊ မဟာဗျူဟာမြောက် အစီအမံမဲ့နေခြင်းကိုလည်း ရည်ညွှန်းသည်။

ဂ။ အာဏာရှင်က အကြောက်တရားနှင့် အခြားသော ဖိနှိပ်မှုပုံစံများကို အသုံးပြုသောကြောင့် ပထမအဆင့်၊ ဒုတိယ အဆင့်နှင့် တတိယအဆင့် ဒီမိုကရေစီခေါင်းဆောင်များ မြန်မာ့လူ့အဖွဲ့အစည်းမှ ဖယ်ရှားခံခဲ့ကြရသည်။ ဒီမိုကရေစီဖက်တော်သား အင်အားစုများက မြန်မာနိုင်ငံရှိခေါင်းဆောင်မှုများအတွင်း ပြန်လည်သွတ်သွင်းရန်လိုအပ်ပြီး၊ လှုပ်ရှားမှုအတွင်း တာဝန်များကိုထမ်းဆောင်ရန် ခေါင်းဆောင်သစ်များကိုလည်း လေ့ကျင့်မွေးမြူပေးရန် လိုအပ်နေသည်။

ဃ။ နယ်စပ်တလျှောက်၊ အဓိက နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကို မြန်မာစစ်တပ်က သိမ်းပိုက်ထားပြီးဖြစ်သည်။ ယင်းသို့ သိမ်းပိုက်မှုများက၊ လက်နက်နှင့် အခြားအထောက်အပံ့များ ဝယ်ယူရေးအတွက် ဘဏ္ဍာငွေများ အဆမတန် လျော့ကျသွားစေသည်။ ထို့အပြင် နိုင်ငံခြားစစ်ရေး အထောက်အပံ့များလည်း ရရှိနေခြင်း မရှိပေ။ ထို့ကြောင့် ဒီမိုကရေစီ အရေးလှုပ်ရှားမှုအတွက် စစ်ရေးအရ တိုးချဲ့ရန်အတွက် အရင်းအမြစ် လက်ဝယ်မရှိပေ။ ထို့အပြင် ပို၍ အရေးကြီးသော အချက်မှာ၊ အကယ်၍ ငွေကြေးအဆင်သင့်ရှိသည်ဆိုပါကလည်း စနစ်တကျလေ့ကျင့်ထားပြီး၊ လက်နက်ကောင်းစွာတပ်ဆင်ထားသော၊ အင်အားကြီးမားလှသည့်၊ (န၀တ) စစ်တပ်ကြီးကို ချေမှုန်းနိုင်မည့် တပ်တစ်ခုအဖြစ် တည်ဆောက်ကြရန် မှာ၊ စိတ်ကူး၍ပင် မရနိုင်ပေ။

င။ ပြည်ထောင်စု မြန်မာနိုင်ငံ၊ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) သည်၊ (၁၉၉၀) မေလတွင် ရွေးကောက်တင်မြှောက်ခံထားရသော၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ စံတန်ဖိုးများကို လက်ဆင့်ကမ်းသယ်ဆောင်လာသူဖြစ်သည်။ မဲပေးခွင့်မရသော နေရာများ၌ပင်လျှင်၊ ဒေါ်အောင်ဆန်းစုကြည်၏ ခေါင်းဆောင်မှုကို ပြည်သူများက လက်ခံကြသည်။ ထို့ကြောင့် (NCGUB) သည်၊ မြန်မာပြည်သူများ အသိအမှတ်ပြုထားသော ခေါင်းဆောင်မှုကို ကိုယ်စားပြုနေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) ၏ ထောက်ခံပံ့ပိုးမှု မရရှိပဲ၊ (NCGUB) သည် စစ်မှန်သော စင်ပြိုင်အစိုးအရတစ်ခုအဖြစ်၊ ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်လိမ့်မည် မဟုတ်ပေ။

စ။ စစ်ရေးအရ အသားစီးရနေမှုနှင့် ဆန့်ကျင်ဖက်အတိုက်အခံအင်အားစုများ၏ ညီညွတ်ရေးပြိုကွဲနေမှုများကြောင့်၊ (နဝတ) စစ်အစိုးရသည်၊ ၎င်းနှစ်သက်ရာ အချိန်၊ လိုသောနေရာတွင် စစ်ရေး၊ နိုင်ငံရေး ထိုးစစ်များကို လက်ဦးမှုယူ ဆင်နွှဲ နေနိုင်ခြင်း ဖြစ်သည်။ အကယ်၍ အတိုက်အခံများအကြား တိုးတက်ဖြစ်ပေါ်လာနေသော နိုင်ငံရေးညီညွတ်ရေးကို၊ ဆက်လက်တိုးတက်တည်ဆောက်နိုင်ပါက၊ ဒီမိုကရေစီဖက်တော်သား အင်အားစုများသည် နိုင်ငံရေးထိုးစစ်များကို လက်ဦးမှုယူ လုပ်ဆောင်နိုင်မည်မှာ မုချဖြစ်သည်။

ဆ။ ပြည်သူအများပါဝင်သော၊ အင်အားကြီးမားသည့် အကြမ်းမဲ့လှုပ်ရှားမှု၏သမိုင်းကြောင်းသည်၊ အထူးသဖြင့် လွန်ခဲ့သောဆယ်စုနှစ်တွင်၊ အရပ်သားပြည်သူများကို ဖိနှိပ်ရန်အတွက် အင်အားကောင်းသော စစ်တပ်များကိုအသုံးပြုနေသော၊ အခြေအနေအောက်တွင်၊ ၎င်းအကြမ်းမဲ့လှုပ်ရှားမှုတိုက်နည်းကို အသုံးပြုမှုသည်၊ အသုံးဝင်အလုပ်ဖြစ်သော စစ်ဆင်ရေး ပုံစံတစ်ခုဖြစ်ကြောင်း၊ လက်တွေ့ပြသခဲ့သည်။ “ နိုင်ငံရေးအန်တုမှု” စွမ်းပကားသည်၊ စစ်ရေးဆိုင်ရာ ကျွမ်းကျင်မှုကဲ့သို့ပင် လူမျိုးမရွေး၊ ယဉ်ကျေးမှုအုပ်စုမရွေး၊ သို့မဟုတ် မည်သည့်ဖိနှိပ်မှုအတိုင်းအဆ၌မဆို အသုံးပြုနိုင်ပါသည်။

ဇ။ (၁၉၈၈) ခုနှစ် အရေးတော်ပုံကြီး၏ နောက်ဆုံးအဆင့်များနှင့် မြန်မာစစ်တပ်၏ ကနဦးပိုင်း ဖြိုခွင်းမှုများကို ကမ္ဘာ့ သတင်းစာများက တုံ့ပြန်အစီရင်ခံခဲ့ကြပါသည်။ အကြောင်းမှာ မြန်မာနိုင်ငံတွင်းမှ ကြီးမားသော လူထုကြီး၏ လုပ်ဆောင်ချက်များကြောင့် သာလျှင် ဖြစ်ပြီး၊ အစိုးရများက စစ်အာဏာရှင်အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများဖြင့် တုံ့ပြန်ခဲ့ကြပါသည်။ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုမရှိလျှင်၊ နိုင်ငံတကာဖိအားသည်လည်း ဖြစ်လာစရာအကြောင်း မရှိပေ။

## ၅။ သုံးသပ်ချက်

က။ ရန်ကုန်စစ်အစိုးရကို ချေမှုန်းအနိုင်ယူရန်အတွက်၊ မြန်မာပြည်သူများသည် (၁၉၈၈) ခုနှစ်က၊ စိန်ခေါ်အန်တုခဲ့သလိုမျိုး (နဝတ) စစ်အစိုးရကို၊ စိန်ခေါ်ရဲသည့် စွမ်းရည်ရှိရပေမည်။ နိုင်ငံတကာ အသိုက်အဝန်း၊ ဒီမိုကရေစီဖက်တော်သား စစ်တပ်များနှင့် ပြည်သူလူထုများ၏ စွမ်းဆောင်မှုများ ချိတ်ဆက်ရှိရှိ ပူးပေါင်းစေရန် လိုအပ်ပြီး၊ ၎င်းတို့လက်ဝယ်တွင်ရှိသော အရင်းအမြစ်များကို စုစည်း၊ ညီညွတ်စေနိုင်သော မဟာဗျူဟာမြောက် အစီအမံများကို ရေးဆွဲဖေါ်ထုတ်ရန်လိုအပ်နေပါ သည်။

ခ။ အကယ်၍ ပြည်သူများက၊ (နဝတ) စစ်အစိုးရကို ထိထိရောက်ရောက်ဆန့်ကျင်သော လှုပ်ရှားမှုများလုပ်ဆောင်လာပါက၊ အာဏာချိန်ခွင်လျှာပြောင်းသွားနိုင်ပြီး၊ ပြည်သူများဖက်သို့ အလေးသာလာနိုင်ပါသည်။

ဂ။ အကယ်၍ နိုင်ငံရေး ညီညွတ်မှု ထိန်းသိမ်းထားလိုပါက၊ (NCUB) နှင့် (NCGUB) တို့အကြား၊ အပြန်အလှန် အပေးအယူ ထောက်ခံပံ့ပိုးမှုများ ရှိရပါမည်။

ဃ။ နိုင်ငံရေးအန်တုမှုနည်းလမ်းသည်သာလျှင်၊ စစ်အာဏာရှင်ကို ဆန့်ကျင်သော မဟာဗျူဟာမြောက် နိုင်ငံရေးထိုးစစ်များ လက်ဦးမှုယူ ဆင်နွှဲနိုင်ရန်အတွက်၊ ဖြစ်တန်စွမ်းများ ပေးနေပါသည်။

## ၆။ အကြံပြုချက်များ

က။ နိုင်ငံရေးအန်တုမှု ရုံးတစ်ခု တည်ထောင်ရန်လိုအပ်ပြီး၊ ၎င်းက ပြည်ထောင်စုမြန်မာနိုင်ငံ၊ အမျိုးသားကောင်စီ (အဲန်စီယူဘီ) ၏ သဘာပတိအဖွဲ့သို့ တိုက်ရိုက်အစီရင်ခံရပါမည်။ ၎င်းရုံးက မဟာဗျူဟာစီမံကိန်းများ ဖေါ်ထုတ်ခြင်း၊ လိုအပ်သော အရင်းအမြစ်များကို သတ်မှတ်ဖော်ထုတ်ခြင်း၊ နိုင်ငံရေးအန်တုမှုပညာပေးရေးလုပ်ငန်းများနှင့် သင်တန်းများကို ကြီးကြပ် ခြင်းနှင့် မဟာဗျူဟာမြောက် စီမံကိန်း အစီအမံများကို ချိတ်ဆက်ညှိနှိုင်းမှုများ ဆောင်ရွက်ခြင်း၊ စသဖြင့်လုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ပေးရပါမည်။

ခ။ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအန်တုမှု ထိုးစစ်များပြုလုပ်ရန်အတွက် လူသစ်စုဆောင်းခြင်း၊ လေ့ကျင့်ပေးခြင်းနှင့် စုစည်းမှုများပြုလုပ်ရန်၊ မြန်မာပြည်အတွင်း စောစီးစွာပြန်လည်ဝင်ရောက်ရန်၊ ရွေးချယ်ထားသူများအတွက် နိုင်ငံရေးအန်တုမှု သင်တန်းများ ချက်ချင်း အကောင်အထည်ဖေါ်ရပါမည်။

ဂ၊ နိုင်ငံရေးအန်တုမှု ယူနစ်များ၏ လုပ်ငန်းစဉ်များကို ကူညီထောက်ပံ့ရန်၊ လက်ရှိတည်ရှိနေသော မြေအောက် အရင်းအမြစ် အဆက်အသွယ်များကို တာဝန်ပေးရပါမည်။

နောက်ဆက်တွဲ (၄)

# မဟာဗျူဟာ ခန့်မှန်းတွက်ချက်မှုပြင်ဆင်ပြုစုရန်အတွက် အကြံပြုလိုသော ပုံစံ

## အခြေအနေခန့်မှန်း အကဲဖြတ်ချက်

၁။ ဦးတည်ချက်

၂။ အခြေအနေနှင့် လှုပ်ရှားမှုအစီအစဉ် **(Courses of Action)**

(က) လှုပ်ရှားမှု အစီအစဉ်အပေါ် အကျိုးသက်ရောက်နိုင်သည်များကို ထည့်သွင်းစဉ်းစားချက်များ။

**(၁) စစ်ဆင်ရေးများ ဆောင်ရွက်မည့်နေရာ၏ သွင်ပြင်လက္ခဏာ**

က။ စစ်ရေးပထဝီဝင်

၁။ မြေပုံ– မြေပြင်အနေအထား

၂။ ရေကြောင်း

၃။ ရာသီဥတု

ခ။ သယ်ယူပို့ဆောင်ရေး

ဂ။ အဝေးပြောဆက်သွယ်ရေးစနစ်

ဃ။ နိုင်ငံရေး

**(၂) နှိုင်းယှဉ်ချက်အရ တိုက်ခိုက်နိုင်စွမ်းအား**

က။ ရန်ဖက် စစ်တပ်ဖွဲ့များ

၁။ အင်အား

၂။ တိုက်ပွဲ အမိန့်စီးဆင်းပုံ

၃။ တည်နေရာဌာနများနှင့် တပ်ချထားပုံ

၄။ စစ်ကူဖြည့်စီးပေးမှု

၅။ ထောက်ပံ့ပေးမှု

၆။ တိုက်ခိုက်ရေးစွမ်းရည် ထိရောက်ထက်မြက်မှု

၇။ စစ်တပ်များ၏ သီးသန့်အချက်အလက်များ

(ခ) မိတ်ဖက် စစ်ရေးအင်အားစုများ (အထက်ဖော်ပြပါအတိုင်း)

(ဂ) ဆန့်ကျင်ဖက်အင်အားစုများ၏ နိုင်ငံရေးအံတုမှု

က။ အင်အား

ခ။ အားနည်းချက်

ဂ။ အာဏာထောက်တိုင်များ

၄။ လူဦးရေဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များ

က။ လူဦးရေအစိပ်အကျဲ

ခ။ တက္ကသိုလ်ဘွဲ့ရများ ပြန့်ကျဲတည်ရှိနေမှု

ဂ။ ထောက်ခံသူများအကြားရှိ စာတတ်မြောက်မှုနှုန်း

ဃ။ လူမျိုးနှင့် ဘာသာရေးအရ ကွဲပြားတည်ရှိနေမှု

င။ လူနေမှုအဆင့်အတန်း (ထောက်ခံသူများ)

၅။ နိုင်ငံရေးအရ ထည့်သွင်းစဉ်းစားရမည့် အကြောင်းများ

က။ "သဘာဝအရ မိတ်ဖက်အင်အားစုများ"

ခ။ အသင်းအဖွဲ့များ

ဂ။ နိုင်ငံရေးအက်ကြောင်းများ

၆။ လုံခြုံရေးအရ ထည့်သွင်းစဉ်းစားရမည့် အကြောင်းများ

က။ တန်ပြန်ထောက်လှမ်းရေးစနစ်၏ ထိရောက်မှု
ခ။ လူစုဆောင်းခံရမည့် အန္တရာယ်၊ အားပျော့နေသော အခြေအနေ
ဂ။ အဖွဲ့အစည်းအရ စစ်ဆေးရေးလုပ်ထုံးလုပ်နည်းများ
ဃ။ ဆက်သွယ်ရေးစနစ်
င။ သတင်းနှင့် စာရွက်စာတမ်းများ လုံခြုံမှု

(ဃ) မိတ်ဖက်အင်အားစုများ၏ နိုင်ငံရေးအံတုမှု (အထက်ဖော်ပြပါအတိုင်း)

**(၃) ထင်မြင်ယူဆချက်များ**

(ခ) ဆန့်ကျင်ဖက်အင်အားစုများ၏ လုပ်ဆောင်နိုင်စွမ်း
(ဂ) မိမိရွေးချယ်ထားသော လှုပ်ရှားမှုအစီအစဉ်

**၃။ ဆန့်ကျင်ဖက်အင်အားစုများက ရွေးချယ်လုပ်ဆောင်လာနိုင်သော လှုပ်ရှားမှုအစီအစဉ်အပေါ် သုံးသပ်ချက်**
**၄။ မိမိ၏ လုပ်ဆောင်နိုင်သော လှုပ်ရှားမှုအစီအစဉ် နှင့် နှိုင်းယှဉ်ချက်**
**၅။ ဆုံးဖြတ်ချက်**

ပုံ (၁)
ကျောက်တိုင်သဖွယ် သန့်မာကြံ့ခိုင်သော အာဏာတည်ဆောက်ထားပုံ ပုံစံ


အာဏာအားလုံး အထက်၌တည်သည်။

ဖွဲ့စည်းပုံ ပြောင်းလဲမှု မရှိ။

ပြည်သူများက ပါဝင်အကြံပေးဖြည့်ဆည်းခွင့် မရှိ။

ပြည်သူများက လိုက်နာရန်သာ။

ပြည်သူများက အုပ်ချုပ်သူအပေါ်
မှီခိုကြရသည်။




All power resides at the top


Structure is unchanging

People have no input

People must obey


People dependent on ruler

ပုံ (၂)
ဗဟုပုံစံ (ပြန့်ကျဲတည်ရှိနေသော) အာဏာ




| | |
|---|---|
| **Legitimacy** | တရားဝင်မှု |
| **Numbers** | အရေအတွက်များ |
| **Skills and Knowledge** | ကျွမ်းကျင်မှုအရည်အချင်းနှင့် ပညာ |
| **Intangible Factors** | လက်ဆုပ်လက်ကိုင် ဖော်ပြမရနိုင်သော အချက်များ |
| **Material Wealth** | ရုပ်ဝတ္ထုကြွယ်ဝချမ်းသာမှု |
| **Sanctions** | ဖိအားပေး အရေးယူမှုများ |

ပုံ (၃)
အာဏာ၏ ထောက်တိုင်များ



Government
Pillars of Support
အစိုးရ အာဏာ၏ ထောက်တိုင်များ
Police
Workers' Organizations
Military
Media
Other
Political Party
Civil Servants

### ပုံ (၄)
### အာဏာ၏ ထောက်တိုင်များကို
### တွန်းခြင်းနှင့် ဆွဲခြင်း




မဟာဗျူဟာမြောက် အကြမ်းမဲ့မဟာဗျူဟာများသည်၊ အာဏာရှင်များထံမှ ထောက်တိုင်များကို အဝေးသို့ဆွဲဖယ်ရှားရန် ကြိုးပမ်းကြသည်။ သို့အတွက်ကြောင့် အာဏာရှင်အနေဖြင့် အာဏာအရင်းအမြစ်များမှနေ၍ ကွဲကာအထီးကျန်ဖြစ်စေမည် ဖြစ်သည်။

ပုံ (၅)
သစ္စာခံမှု သဘောသဘာဝပြ စက်ဝိုင်း



## ကျမ်းကိုးစာရင်း
## BIBLIOGRAPHY


Adler, Glenn and Eddie Webster, eds. *Trade Union and Democratization in South Africa, 1985-1997*. New York: St. Martin's Press, 2000.
Ackerman, Peter and Jack Duvall. *A Force More Powerful: A Century of Nonviolent Conflict.* New York: Palgrave, 2000.
Ackerman, Peter and Christopher Kruegler. *Strategic Nonviolent Conflict: The Dynamics of People Power in the Twentieth Century.* Westport, Connecticut and London: Praeger, 1994.
Aung San Suu Kyi. *Freedom From Fear and Other Writings.* Edited by Michael Aris. New York: Penguin Books, 1991.
Chomsky, Noam and David Barsamian. *Propaganda and the Public Mind.* Cambridge, MA: South End Press, 2001.
Clark, Howard. *Civil Resistance in Kosovo.* London: Pluto Press, 2000.
Clausewitz, Carl von. *On War.* Edited and translated by Michael Howard and Peter Paret. Princeton: Princeton University Press, 1994.
-----------. *Principles of War.* Edited and translated by Hans W. Gatzke. Harrisburg: Military Publishing Company, 1952.
Dajani, Souad. *Eyes Without a Country: Searching for A Palestinian Strategy of Liberation.* Philadelphia: Temple University Press.
Department of the Army Field Manual 33-5. *Psychological Operations.* 1962.
Ellul, Jacques. *Propaganda: The Formation of Men's Attitudes.* New York: Alfred A. Knopf, 1965.
Fink, Christina: *Living Silence: Burma Under Military Rule.* London: Zed Books, 2001.
Griffith, Samuel B. *Sun Tzu: The Art of War.* Oxford and New York: Oxford University Press, 1963.
Hutchins, Robert Maynard in Introduction of *Great Books of the Western World.* Vol. 23 Edited by Robert Hutchins, ix-x. Chicago: University of Chicago Press, 1952.
Irion, Frederick. *Public Opinion and Propaganda.* New York: Thomas Crowell Company, 1950.
Liddell, Hart, Basil. *Stretagy.* New York: Frederick A. Praeger, 1956.
Lintner, Bertil. *Outrage: Burma's Struggle for Democracy.* London and Bangkok: White Lotus, 1990.
Miniotaite, Grazina. *Nonviolent Resistance in Lithuania: A Story of Peaceful Liberation.* Boston: Albert Einstein Institution, 2002.
Paret, Peter, ed. *Makers of Modern Strategy From Machiavelli to the Nuclear Age.* Princeton: Princeton University Press, 1968.
Pratkanis, Anthony and Elliot Aronson. *The Age of Propaganda: The Everyday Use and Abuses of Persuasion.* New York: W. H. Freeman and Company, 2001.
Sharp, Gene. *The Politics of Nonviolent Action* (available in 3 vols., *Power and Struggle* [I], *The Methods of Nonviolent Actions* [II], and *The Dynamics of Nonviolent Action* [III]. Boston: Porter Sargent Publishers, 1973.
-----------. *Gandhi as a Political Strategist.* Boston: Porter Sargent Publishers, 1979.
------------. *There Are Realistic Alternatives.* Boston: Albert Einstein Institution, 2003.